# ဘုမ်ကျူဦးဝိပဿနှဝနှညိး



ဦးကုမာရ

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ

ပရိယတ္တိ သဒ္ဓမ္မပါလ ဓမ္မာစရိယ

ရွှေပရိယတ္တိ စာသင်တိုက်၊ မော်လမြိုင်မြို့။

၁၅၉၆၉

မှန်သည်—ပြန်သည်—မြဲသည်
သုံးချက်ညီ ကောင်းကျိုးပေးသော

ညောင်လွန့် ဝိပဿနာကျင့်စဉ်နည်း

ခေါ်

# ဘုမ်ကျဉ်းဝိပဿနာနည်း

ဦးကုမာရ (ဓမ္မာစရိယ)
ရွှေပရိယတ္တိ စာသင်တိုက်၊
မော်လမြိုင်မြို့။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေး ဦးစီးဌာန

သာသနာ ၂၅၂၅ ကောဇာ ၁၃၄၃ ဩဂုတ် ၁၉၈၁

ပထမအကြိမ်

---

အုပ်ရေ—၄၅၀၀

---

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေး ဦးစီးဌာနအတွက်
ဦးစံလှ(၀၂၂၀၉) စိုးမိုးမိတ်ဆက် ပုံနှိပ်တိုက်၊
၁၄၆/၃၃ လမ်းတွင် ရိုက်နှိပ်၍—
ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၅၂၇)က ထုတ်ဝေသည်။

ဘုမ်ကျဉ်း ဝိပဿနာ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မြတ်ဗုဒ္ဓကို ပူဇော်ရှိခိုးခြင်း | ၆ |
| **ဗုဒ္ဓဘာသာ သိစရာ** | **၇** |
| (က) ဗုဒ္ဓဘာသာရဲ့ အခြေခံဝါဒ | ၇ |
| ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် | ၈ |
| လောကကြီး ချုပ်ငြိမ်းပုံ | ၉ |
| စက်ဝိုင်းလှည့်ဖို့ မလိုပါ | ၁၁ |
| အခြေခံအုတ်မြစ် လိုရင်းချုပ်အစစ် | ၁၁ |
| ပဋိစ္စသမုပ္ပါဒ်ရဲ့ တန်ဖိုး | ၁၂ |
| ကြောင်း+ကျိုးဆက် လေးမျိုး | ၁၂ |
| (ခ) ဗုဒ္ဓဘာသာရဲ့ အလယ်ပိုင်း | ၁၃ |
| (ဂ) ဗုဒ္ဓဘာသာရဲ့ ထိပ်ဆုံးပိုင်း | ၁၃ |
| ငြိမ်းအေးမှု ဖြစ်နိုင်သလား | ၁၄ |
| မြတ်ဗုဒ္ဓရဲ့ ဖိတ်ခေါ်ချက် | ၁၅ |
| မြတ်ဗုဒ္ဓရဲ့ ကြွေးကြော်သံ | ၁၆ |
| **ဗုဒ္ဓအကြောင်း သိကောင်းစရာများ** | **၁၉** |
| ဗုဒ္ဓလောင်းလျာရဲ့ မဟာကရုဏာ | ၁၉ |
| ဗုဒ္ဓလောင်းလျာရဲ့ မေတ္တာတော် | ၂၀ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဒုက္ခရစရိယ အခမ်ပွာယ် | ၂၁ |
| ဗုဒ္ဓလောင်းလျာ တရားကျင့်ပုံ | ၂၁ |
| မဟာဗောဓိ ညောင်ပင်အောက်မှာ | ၂၃ |
| မဂ္ဂင်အကျင့်မြတ် | ၂၄ |
| နိဗ္ဗာန်ကို ကေန်ရှုဖို့ | ၂၄ |
| တင်ပလ္လင်ခွေ သုံးမျိုး | ၂၅ |
| အမတ(ခေါ်)မသေဆေးတော် | ၂၆ |
| ဗုဒ္ဓနှင့်ဆက် ဝေဖန်ချက် | ၂၆ |
| ဝေဖန်သူလဲ အယူလွဲ | ၂၇ |
| ကယ်တင်ရှင်ဟာ သဘာဝနဲ့မညီပါ | ၂၇ |
| ကယ်တင်ရှင် ဘုရားမရှိ | ၂၀ |
| မြတ်ဗုဒ္ဓသည် ကယ်တင်ရှင်မဟုတ် | ၂၀ |
| မြတ်ဗုဒ္ဓဟာ တာဝန်ကျေသလား | ၂၀ |
| တာဝန်ကျေလှ မြတ်ဗုဒ္ဓ | ၂၉ |
| **ဝါသ်ဆိုသက်န်းအကြောင်း** | **၃၁** |
| ဝါသ်ဆိုသက်န်းအခမ်ပွာယ် | ၃၂ |
| လှူဒါန်းနည်း နှစ်မျိုး | ၃၃ |
| ရယူပိုင်ခွင့် | ၃၃ |
| သံဃာ့ တာဝန် | ၃၅ |
| အလှူရှင်များ စဉ်းစားစရာ | ၃၆ |
| နှလုံးသွင်းမှန်ဖို့ | ၃၆ |
| အတုယူစရာ သင်ခန်းစာ | ၃၆ |
| ဇာတ်ထုပ်နှင့်ဆက် စိစစ်ချက် | ၃၉ |
| မြတ်ဗုဒ္ဓနှင့် ဆက်သွယ်လိုသော် | ၄၁ |
| ပူဇော်မှုဟူသည် | ၄၃ |
| မြင့်မြတ်ပူဇာ | ၄၄ |
| တန်ဖိုးနဲ့ တန်ကြေး ညီမျှပါစေ | ၄၅ |
| တရက်မှာ တမိနစ်ထည်း | ၄၅ |

## မာတိကာ —

အကြောင်းအရာ　　　　　　　　　　စာမျက်နှာ

ဝါဆိုလပြည့်ကျော် (၈) ရက်


ဘာသာနဲ့စပ် သိမှတ်စရာများ　၄

(၁) ဆင်းရဲဆိုတာ ဘယ်ဟာလဲ　၄

ရုပ် နာမ်ဆင်းရဲ　၄

(၂) ဘာကြောင့် ဆင်းရဲဖြစ်သလဲ　၄

၁။ ဖန်ဆင်းရှင်ဝါဒ　၅

ညင်ညင်သာသာ ပူးသတ်တာ　၅

အယူဝါဒတူမှ ဘုရားတူတယ်　၅

ဗြဟ္မဏဝါဒကို ဗုဒ္ဓသိမြင်ပုံ　၅

ဝါဆိုလကွယ်နေ

၂။ အဖျင်းဝါဒ　၅

၃။ အပျင်းထူဝါဒ　၅

၄။ ဘာသာမဲ့ဝါဒ　၅

၅။ န ဝါဒ　၅

၆။ တဘက်ကန်း ဝါဒ (၁)　၆၀

၇။ တဘက်ကန်း ဝါဒ (၂)　၆၁

၈။ ဒဏ်ခံဝါဒ　၆၂

၉။ သက်သတ်လွတ်ဝါဒ　၆၃

၁၀။ မြတ်ဗုဒ္ဓဝါဒ　၆

ဆင်းရဲဖြစ်ကြောင်း အခြင်　၆

ကွဲပြားချက်ကို သိဖို့လို　၆

ကောင်းကမ်ရှိတိုင်း အကျိုးမပြမ်　

ဝါခေါင်လဆန်း (၈) ရက်

အဖြစ်မြင်ယာင် မဟိုချပ်　

မတရားတဲ့နည်း　၇၂

တရားတဲ့နည်း　၇

— မာတိကာ —


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| **အပြစ်ရှာ လုပ်ငန်းစဉ်များ** | ၇၃ |
| ၁။ ကိုယ်ကျင့်တရားကောင်း ရှိဖို့ | ၇၃ |
| သီလဟူသည် | ၇၄ |
| ဘယ်သီလက နိဗ္ဗာန်ပို့မလဲ | ၇၆ |
| သီလဝိသုဒ္ဓိဖြစ်အောင် ကုသနည်း | ၇၇ |
| ကုသလို့မရတဲ့ အပြစ်ကြီးများ | ၇၈ |
| ချီးမွမ်းမှု အပြစ်ကြီး | ၇၉ |
| ၂။ စိတ်အေးအေး ဖြစ်ဖို့ | ၈၁ |
| ၃။ ခံယူချက် ခိုင်မြဲဖို့ | ၈၃ |
| ၄။ ယုံကြည်ချက် ခိုင်မြဲဖို့ | ၈၃ |
| တရားအားထုတ်ယင် ရူးတတ်သလား | ၈၄ |
| ပါရမီ မလိုသေး | ၈၅ |
| နည်းပြဆရာ တာဝန် | ၈၆ |
| ယောဂီတာဝန် | ၈၆ |
| ပါရမီဆိုင်လှာချိန် | ၈၆ |
| ၅။ မျက်စိအမြင် သန့်ဖို့ | ၈၇ |
| သမာဓိကို သိဖို့လို | ၈၇ |
| ဈာန်မဟုတ်တဲ့ သမာဓိ | ၈၈ |
| ဈာန်သမာဓိ | ၈၈ |
| ဝိပဿနာကူးရန် စနစ်မှန် | ၈၉ |
| ဈာန် | ၉၁ |
| လောကုတ္တရ သမာဓိ | ၉၁ |
| စစ်တမ်းထုတ်ကြည့် | ၉၂ |
| ရုပ်နာမ်မခွဲပဲ တရားကျင့်နည်း | ၉၅ |
| ပရိယတ် ပဋိပတ် အကြားမပြတ် | ၉၅ |
| တရားပြစနစ် မှန် ကောင်း ဟောင်း | ၉၆ |
| နိဗ္ဗာန်စစ်တမ်း | ၉၆ |

# — မာတိကာ —

| အကြောင်းအရာ | စာမျက်နှာ |
|---|---|

**ဝါခေါင်လပြည့်**


| | |
|---|---|
| ပညာမျက်စိ နှစ်မျိုး | ၉၉ |
| ရုပ်နာမ် မြင်သိ သမာဓိမျက်စိ | ၁၀၁ |
| စိတ် တွေဝေမှုများ | ၁၀၁ |
| စိတ်မြင်၊ ဉာဏ်မြင်၊ သမာဓိမြင် | ၁၀၄ |
| သမာဓိမျက်မှန် လှန်ဖိုးတန် | ၁၀၄ |
| ဝိပဿနာမျက်စိ | ၁၀၅ |
| သဘာဝလက္ခဏာ | ၁၀၆ |
| သာမည လက္ခဏာ | ၁၀၆ |
| **ပရမတ်စစ်စစ်ကို မြင် သိပုံ** | **၁၀၈** |
| မတွေမဝေ မြင် သိ | ၁၀၈ |
| ထိုးထွင်း မြင် သိ | ၁၀၈ |
| ငြိမ်းချမ်း မြင် သိ | ၁၀၉ |
| ဝိပဿနာအစ သမ္မသနဉာဏ်က | ၁၁၀ |
| သွယ်ဝိုက် ဝိပဿနာဉာဏ် | ၁၁၁ |
| ဝိပဿနာ အတု | ၁၁၂ |
| နှောင်းခေတ်ဆရာတွေ စကားရှုပ်ပွေ | ၁၁၃ |
| ၇။ အယူမသည်းနဲ့ မခက်ထန်နဲ့ | ၁၁၆ |
| မှန်ပါလျက်နဲ့ အယူမသည်းခဲ့ | ၁၁၇ |
| တန်ဖိုးကြီးလှ ဩဝါဒတော် | ၁၁၈ |
| ဩဝါဒမြတ် ခံယူတတ်စေ | ၁၁၈ |
| အကောင်းဆုံးစနစ် | ၁၂၀ |


**ဝါခေါင်လပြည့်ကျော် (၈) ရက်**


| | |
|---|---|
| အသိဉာဏ်ရကြောင်း နည်းမှန်ကောင်း | ၁၂၁ |
| တရားနာတိုင်း အသိဉာဏ်ကောင်းမရ | ၁၂၁ |
| အေးချမ်းမှုနဲ့ ငြိမ်းချမ်းမှု | ၁၂၄ |
| ပဿဒ္ဓိနဲ့ နိဗ္ဗာန် ကွဲ ခြားပုံ | ၁၂၅ |

## — မာတိကာ —

**အကြောင်းအရာ** | **စာမျက်နှာ**


| | |
|---|---|
| ဝေဒနာချုပ်တိုင်း နိဗ္ဗာန်မဟုတ် | ၁၂၆ |
| ဝေဒနာလိုက်နည်းမှန် | ၁၂၇ |
| ဝေဒနာခွာနည်း | ၁၂၉ |
| **ပရိညာသုံးရပ် ခွဲခြားမှတ်** | **၁၂၉** |
| ဉာတပရိညာ နှစ်မျိုး | ၁၂၉ |
| လောကီသစ္စာ လေးချက် | ၁၂၉ |
| အကုသိုလ်ယုတ် ပယ်ဖြုတ်ဖို့လမ်းစဉ် | ၁၃၁ |
| ၈။ မြတ်ဗုဒ္ဓည္သန် ကျင့်စဉ်မှန်များ | ၁၃၃ |
| ဝိပဿနာနည်းနှစ်ဖြာ | ၁၃၄ |
| ဘုမ်ကျယ်နည်း၊ ဘုမ်ကျဉ်းနည်း | ၁၃၆ |
| ဝိပဿနာဘုမ် (၆) ရပ် | ၁၃၆ |
| ဗုဒ္ဓနည်း စစ်စစ် | ၁၄၀ |
| **ညောင်လွှန့် ဝိပဿနာကျင့်စဉ်** | **၁၄၀** |
| ရှေးဦးပြုရမည့် လုပ်ငန်း (၉) ရပ် | ၁၄၁ မှ ၁၄၅ |
| ရှေးဟောင်း ထုံးကောင်းတရပ် | ၁၄၅ |
| ညောင်လွှန့် နည်းပြဆရာ | ၁၄၆ |


ဝါခေါင်လကွယ်


| | |
|---|---|
| **အာနာပါန ကျင့်စဉ်မှန်** | **၁၅၂** |
| ဘဝင်္ဂပညာ | ၁၅၄ |
| မှတ်သား ထွက် ဝင်လေ | ၁၅၆ |
| အာနာပါန ဝိပဿနာ | ၁၅၇ |
| အာနာပါန သမထ | ၁၅၉ |
| အလွဲအမှား ကျင့်စဉ်များ | ၁၅၉ |
| ရှုရှိုက်နည်းမှန် လေးမျိုး | ၁၆၀ |
| စ၊ လယ်၊ ဆုံး | ၁၆၂ |
| ထိ သိ တန်ဖိုးပြည့် | ၁၆၄ |

အကြောင်းအရာ　　　　　　　　　　　　　　　　　　စာမျက်နှာ

ထိသိကို တန်ဖိုးမထား ၁၆၄
လိုရင်းချုပ် ၁၆၆

စော်သလင်းလဆန်း (၈) ရက်

နိမိတ်ပေါ်လာချိန် ၁၇၀
သမထနိမိတ်မျိုးစုံ ၁၇၀
သမထနိမိတ် ထင်ရှားပုံ ၁၇၁
သမာဓိအဆင့် မြင့်တင်နည်း ၁၇၃
သံမဏိစည်းမျဉ်း ၁၇၅
ဥပစာရရချိန် ရချိန် ၁၇၅
နိဗ္ဗာန်သို့ လမ်းခွဲ ၁၇၆
စိတ်ကူးမြင် မဟုတ် ၁၇၇
ပညတ်ရုပ် မရှိ ၁၇၈
ဝိပဿနာလမ်းနှစ်သွယ် ၁၇၉
''ဝါ'' တွေက စဉ်းစားရ ၁၈၀
ဩောင်လွန့် ထေရ်ရှင် ကျင့်စတွင် ၁၈၁
တပည့်ကြီး ငယ် ကျင့်နည်းလွယ် ၁၈၂
ဝိပဿနာဘက် ကူးနည်းမှန် ၁၈၃
အနိစ္စဖြစ်ပုံ ၁၈၅
အနိစ္စကို မြင်ရပုံ ၁၈၆
အနိစ္စဟူသည် ၁၈၆
ရုပ်အနိစ္စ (၆) ရပ် ၁၈၇
ဝိပဿနာဘက် ဆက်တက်နည်း ၁၈၈
ကြည့်+ရှု လုပ်ခိုက် ဂရုစိုက်ဖို့ ၁၈၉
ကြည့်တိုင်းမြင် ရှုတိုင်းပျက် ၁၉၂
'မ' လေးလုံး ကပ်နိုင်ပြီ ၁၉၂

စော်သလင်းလပြည့်

ပြီးသည့်အလုပ် စာရင်းချုပ် ၁၉၄
ဝိပဿနာ အားသန်လှာဖို့ ၁၉၄

# — မာတိကာ —

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| လုပ်—နား—စ | ၁၉၅ |
| ဟဒယဝတ္ထု ဘုရားဟောဟုတ်သလား | ၁၉၆ |
| အကန်းယုံမဟုတ် | ၁၉၇ |
| ညောင်လွန့် ကျေးဇူး | ၁၉၉ |
| ဝေဒနာခွာနည်းတမျိုး | ၂၀၀ |
| ဝိပဿနာ ဘေးရန်များ | ၂၀၁ |
| **ဗဟိဒ္ဓဘက် ကူးတက်နည်း** | **၂၀၄** |
| သမာဓိစွမ်းဟုန် | ၂၀၅ |
| ဉာဏ်စွမ်းဟုန် | ၂၀၅ |
| အဝတ်စည်းဖြုတ်ချိန် | ၂၀၆ |
| ဖြစ်ပျက်ရှုဉာဏ် စွမ်းဟုန်သန်အောင် | ၂၀၇ |
| နေ+လ ကြည့်တာ ဗုဒ္ဓနည်းမှန်ပါ | ၂၀၇ |
| ရုပ်ပျက်စီးတာ မျက်မြင်ဖြစ်နိုင်တယ် | ၂၀၈ |
| စူဠသောတာပန် | ၂၀၉ |
| မြတ်ဗုဒ္ဓ ကျေးဇူးတော် | ၂၁၀ |
| ဝိပဿနာကူးဆက် တပိုင်းစီပျက်သော် | ၂၁၀ |
| **အဇ္ဈတ္တရုပ်ဖော်နည်း** | **၂၁၂** |
| (၁) အလင်းရောင်နှင့်ကပ်ပြီး ဖော်နည်း | ၂၁၃ |
| (၂) အလင်းရောင်မှ ကူးဆက်ဖော်နည်း | ၂၁၄ |
| (၃) ရုပ်ဝေဒနာမှ ကူးဆက်ဖော်နည်း | ၂၁၅ |
| (၄) ဗဟိဒ္ဓရုပ်မှ ကူးဆက်ဖော်နည်း | ၂၁၇ |
| လူးပါလျက်နှင့် မဆန်း | ၂၁၈ |
| မိတ်ဆွေအလင်းရောင် | ၂၁၈ |
| ဝိပဿနာ ဘယဆေးဆိုင်ကြီး | ၂၂၀ |
| တော်သလင်းလပြည့်ကျော် (၈) ရက် | |
| **ဒုတိယဆင့်တက်နည်း** | **၂၂၂** |
| နာမ်တရားရဲ့ သဘာဝမှန် | ၂၂၂ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အကန်းယုံသူ မဟုတ်ပြီ | ၂၂၃ |
| ဓမ္မအဓိဋ္ဌာန်ပြုရန် | ၂၂၄ |
| ပါရမီအရှိန် တက်လှာချိန် | ၂၂၅ |
| ဝိပဿနာဉာဏ် ဆုံးချိန် | ၂၂၇ |
| ဗဟုသုတ ရကြရုံမျှ | ၂၂၈ |
| အရိယာဂေဇက် မထုတ်ခဲ့ပါ | ၂၂၉ |
| ညောင်လွန့်ထေရ်မြတ် အမိန့်တော်မှတ်သည် | ၂၃၀ |
| ဆရာ့စကား လွန်လေးစားကြ | ၂၃၀ |
| **တတိယဆင့်ကျင့်နည်း** | **၂၃၁** |
| အသံ အနိစ္စ | ၂၃၁ |
| အသံပျောက်ယင် | ၂၃၂ |
| ကျင့်နည်းစဉ် သုံးရပ် | ၂၃၃ |
| နိဗ္ဗာန်တံခါးဝ ရောက်ပြီ | ၂၃၄ |
| အဓိဋ္ဌာန်ဝင် စာတမ်း | ၂၃၅ |
| အထက်မဂ်+ဖိုလ် ရရှိလိုသော် | ၂၃၆ |
| တော်သလင်းလကွယ် | |
| အသင်္ခတခေတ် နိဗ္ဗာန်မြတ် | ၂၃၉ |
| **နောက်ဆက်တွဲ** | |
| ယောဂီထူး တဦး | ၂၄၂ |
| မဟာစည်ကျေးဇူး မထိန်မြူးနဲ့ | ၂၄၃ |
| သေမှာမကြောက်ဘူး | ၂၄၃ |
| အရမ်းကောင်းတာပဲ | ၂၄၅ |

မာတိကာစဉ် ပြီး၏။

# ပြင်ဆင်ဖတ်ရှုပါရန်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
| --- | --- | --- | --- |
| ၇၅ | ၄ | ရဟန်းသီလ | ရဟန်းသီလကို ရကြတယ်။ |
| ။ | ၇ | အမိဋ္ဌာန် | အမိဋ္ဌာန်ပြုပြီးယင် |
| ။ | ၂၀ | ဖော်ကြတာကြောင့် | ဖော်ပြတာကြောင့် |
| ၈၈ | ၁၄ | (က)စိတ်တည်မြဲမှု | (က)စိတ်တည်ကြည်မှု |
| ၉၁ | ၉ | ဝိပဿနာချာန် | ဝိပဿနာ အပ္ပနာချာန်လို့ |
| ၉၁ | ၉ | ဝိပဿနာချာန်လို့ | ဝိပဿနာ အပ္ပနာချာန်လို့ |
| ၁၀၁ | ၂၂ | ဖြစ်စဲ့အခြား | ဖြစ်တဲ့အခါ အခြား |
| ၁၀၂ | ၂၁ | (၁) အတ္တိသ | (၁) အသတ္တိ |
| ၁၂၉ | ၂၀ | မှရှုတ် | ရှုမှတ် |
| ၁၃၀ | ၁၇ | သာရကတ္ထန | သာရကတ္ထေန |
| ၁၄၅ | ၂၀ | အရှင်ဗမ္မိက | အရှင်ဓမ္မိက |
| ၁၅၃ | ၉ | ကြတာကော | ကြတာကြောင့် |
| ၁၅၆ | ၁၄ | လုပ်ငန်းခက်လှတယ် | လုပ်ငန်းလွယ်လှတယ် |
| ၁၅၉ | ၅ | ထိုနည်းတွေမှာ | ထိုထိုနည်းတွေမှာ |
| ၂၀၁ | ၁၂ | အားထုတ်ယင်လဲ | အားမထုတ်ယင်လဲ |
| ၂၁၂ | ၅ | စာမျက်နှာမှာ | စာမျက်နှာ ၁၁၈ မှာ |
| ၂၄၀ | ၂ | ထိုအရပ်၌ နောက်မှ အောက်ပါစာပိုဒ် ထည့်ဖတ်ရန် | |

သုဏ္ဍာ ကောင်းကင်ပြာမှ ဖြူနီစိမ်းပြာ ရောင်စုံဖြာသား ရွှေ့လျားရှာကြ နက္ခတ္တဘာရာ ကြယ်တကာတို့သည်၊ နဇောတန္တိ အရောင်ကွယ်ပျောက် မထွန်းတောက်ကြချေ။ အာဒိစ္စော အဓိတိ နတ်သမီးရဲ့သား တန်ခိုးရှင်တပါးဟု ပြောကြားဂုဏ်တင် နေဘုရင်သည် (ဝါ) ကပ္ပာဦးဝယ် လရောင်ကွယ်ပ မှောင်ကြီးကျ၍ ကြောက်လှသူတွေ ရှိကြစေဟု

# ဘူမိကာ

## နမော    သမ္ဗုဒ္ဓေရဿ    သဗ္ဗသံဃဿ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပန်းပဲတန်းရပ်ရှိ ရွှေကျောင်းသည် မြန်မာနိုင်ငံတော်ဝယ် "ဘုန်းကြီး–ဘိုး လျှာပွတ်ဆေး" ဟူ၍ စတင်အမည်တွင်စေခဲ့သော ဘုန်းကြီး ဘိုး (ခေါ်) ဆရာတော် ဦးဥတ္တမသာရ (၁၂၄၇–ခုနှစ်၊ တပို့တွဲလတွင် လွန်တော်မူသည့်)၏ လက်ထက်မတိုင်မီက တည်ထားခဲ့သော လူတဖက်ခန့်နီးနီး လုံးချောတိုင်ကြီးများ၏ ဆယ်ပေခန်းဖွင့် (၇) ပင်ပတ်လည်တွင် စာမြင်ဆောင် သုံးဘက်လှည့်ကပ်ထားကာ ကျောင်းအလယ်မှ ပတ်ချာလည်မော်ကြည့်ပါလျှင် ယနေ့တိုင်အောင်ပင် ရွှေရောင်ဝင်းဝင်း ပြောင်နေသေးသည့် ကျွန်းသား ကျောင်းတော်ကြီး ဖြစ်သည်။ မူလ ကျောင်းဒါယကာ အဆက်အနွယ်များကို နာမည်မျှပင် မသိရတော့ပြီ။

ထိုကျောင်းနေ သံဃာများ၏ သဘောတူ တောင်းပန်ချက်ကို အကြောင်းပြု၍ ကျောင်းပေါင်း(၂၇၀) ကျော် ပါဝင်သော မော်လမြိုင်မြို့လုံးဆိုင်ရာ သုဓမ္မာဂိုဏ်းဝင် ကျောင်းပေါင်း(၂၃) ကျောင်း၏ အုပ်စု သံဃာတော်များက စာတွဲ့သော သံဃိက ဖြစ်သည့် ထိုရွှေးဟောင်း ကျောင်းအိုပျက်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ရန် ပေးအပ်သော သာသနာတော်ဆိုင်ရာ တာဝန်ကို ထမ်းဆောင်ဖို့ သက္ကရာဇ် ၁၃၃၀ပြည့်နှစ်၊ တပေါင်းလဆန်း (၁၀)ရက်နေ့တွင် ရွှေကျောင်းသို့ ဒုတိယအကြိမ် ပဓာန နာယက အဖြစ်ဖြင့် ထပ်မံ ရောက်ခဲ့ရပြန်သည်။

# — ဘူမိကာ —

စာပေပို့ချနေယင်း ကျောင်းဟောင်း အိုပျက်ကြီးကို တဖြည်းဖြည်း တနေ့နေ့ တနိုင့်နိုင့် ပြင်ဆင်နေလျက် ဝါတွင်း သီတင်းနေ့ နံနက်တိုင်း ဒကာ ဒကာမတို့အား ကျေးဇူး တုံ့ပြန်သော သဘောဖြင့် ဗဟုသုတ ဖြစ်ပွားကြအောင် တစ်နာရီမျှ ပြောဟော နေခဲ့သည်။ ရွှေကျောင်းကိုလည်း ရွှေ—ပရိယတ္တိ စာသင်တိုက်ဟု အမည်တွင်စေခဲ့သည်။

မော်လမြိုင်မြို့၊ ပန်းပဲတန်း၊ မင်းကျောင်း စာသင်တိုက်၌ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆင္ဃသံဃနာယက ဝန်ဆောင် အဖွဲ့ဝင် ဆရာတော် အရှင်မြတ်၏ ခြေတော်ရင်းတွင် စာသင်သား အသွင် မပျောက် စာချ သရာဇယ်အဖြစ်သို့လည်း ရောက်နေသည့် ရဟန်း (၆) ဝါသိ ရစဉ်ကပင် ရမည်းသင်းခရိုင်၊ တပ်ကုန်းမြို့နယ်၊ ပျော်ရွာအနီး မဟာဓမ္မဒီပိကာ အမည်ရှိသော "ညောင်လွန့် တောကျောင်းကြီး"၏ ဂုဏ်သတင်းကောင်း တွေကို ကြားရသဖြင့် တနေ့တွင် ညောင်လွန့် တောရ တရားကျင့်စဉ်နှင့် အဆင်သင့်အောင် ကြိုးစားမည်ဟု မျှော်မှန်းခဲ့ပါသည်။

ထိုမျှော်မှန်းထားချက်သည် ရဟန်းသိက္ခာ ဝါသိ (၄၀) ပြည့်မှပင် အောင်မြင်ပါတော့သည်။ စား+ဝတ်+နေရေး အပူသေးလှတဲ့ ရဟန်းတပါးဟာ ၃၄—နှစ်လွန်မှ ညောင်လွန့်တောရ ဝိပဿနာကျင့်စဉ်ကောင်းနှင့် ဆုံတွေ့ခွင့်ရသည်၊ စား+ဝတ်+နေရေး အပူမသေးကြတဲ့ ဒကာ ဒကာမတွေကား များစွာ ခဲယဉ်းကြမည် ကေန်ဟု အမြင်မှန်ကိုလည်း ရခဲ့ပေသည်။

ကျောင်းထိုင်ဘုန်းကြီးအားလုံးဟာ ဒကာ ဒကာမတွေကို ဒါနသီလ ကုသိုလ်မျှနှင့် ပစ်မထားသင့်၊ ပစ်ထားယင် တာဝန် မကျေဟု ကျောင်းထိုင်ဘုန်းကြီး မဖြစ်ခင်ကပင် စွဲမြဲစွာထားခဲ့သော ခံယူချက်သည် အချိန်အဟုန် ပိုမိုတက်လာကာ ဝိပဿနာတရားပြစခန်း ဖွင့်လှစ်ဖြစ်အောင် ကောင်းကျိုးဆောင်ခဲ့ပေသည်။

ကျေးဇူးရှင် ညောင်လွန့်တောရ (တဘိယမြောက်) ဆရာတော် ဦးနာယက မဟာထေရ်မြတ်သည် တောရကျောင်းဆရာတော်ကောင်းပီပီ တိုတိုပြတ်ပြတ် မိန့်ဆိုလေ့ ရှိတော်မူသည်။

# — ဘူမိကာ —

သို့သော် “ပဋိပတ်တရားပြ လုပ်ငန်းကြောင့် သာသနာတော်ကြီးပွားရေး ဖြစ်သော ပရိယတ်လုပ်ငန်း ရပ်စဲအောင် မလုပ်သင့်” ဟု အခွင့်သင့်တိုင်း အကျယ်တဝင့် မိန့်ကြားကာ မိမိကိုယ်တိုင် အသက် ၆၈–နှစ် ရှိပြီဖြစ်ပေမယ့် တနေ့မှာ သုံးကြိမ် စာပို့ချကာ ခွတ်လတ်ချိန်မှာ ပဋိပတ်လုပ်ငန်းကို ညွှန်ပြနေပုံ၊ ရှေးဆရာတော်ကြီးများ ပရိယတ်လုပ်ငန်းကို ဦးစားပေး ဇောက်ချလုပ်ကြပြီး ပဋိပတ်ကျင့်စဉ်ပြ လုပ်ငန်းကိုလည်း မပျက်အောင် ဆောင်ရွက်တော်မူကြပုံ၊ မိန့်ကြားတော် မူကြပုံ အဖုံဖုံ အစုံစုံနှင့်တကွ ဩဝါဒ ပေးတော်မူပါသည်။

ထိုဩဝါဒတော်ကို လေးစားမြတ်နိုးကာ ပြုနေမြဲဖြစ်သည့် ပရိယတ္တိ သာသနာရေးလုပ်ငန်းကို မဆုတ်ယုတ်စေပဲ ပဋိပတ် တရားပြမှုကိုလည်း စွမ်းနိုင်သမျှ ပြုလုပ်နေခဲ့သည်။ ပဋိပတ်လုပ်ငန်းတွင် သက်ဆောင့်သက်သာ ဟောပြောရေးထက် ပင်ပန်းကြီးခံကာ တရားပြရေးဘက်မှာ စိတ်အားသန်နေခဲ့သည်။

ကိုယ်တွေ့နှင့်မျက်မြင် ပြောသံကြားပါ ထည့်တွက်လျှင်လည်း ယခုခေတ်မှာ ပရိယတ်ဟာ ဝိပဿနာဟောပြောခြင်းကြောင့် တရားနာသူတွေမှာ အလွန်ဆုံး ရိပ်သာဝတံခါး ရောက်ရုံမျှသာ၊ မရောက်သူတွေက များလှပါသည်။ ဝိပဿနာဉာဏ်ကို ပိုင်ပိုင်နိုင်နိုင် ရရှိကြဖို့ မျှော်လင့်စရာ မရှိပါဟု မြင်နေပါသည်။

ဘုမ်ကျယ်နည်း မဟုတ်၊ ဘုမ်ကျဉ်း နည်းမျှသာ ဖြစ်သည့် ဤညောင်လွန့်တောရ ဝိပဿနာ တရားအားထုတ်စဉ်သည်ပင်လျှင် ပင်ပန်းကြီးခံကာ လက်တွေ့ပြရတာထက် အကျိုးထက်အောင် ဟောရခက်လွန်းလှသည်။

ယင်းသို့ဖြစ်သော်လည်း ကျောင်းအရောက်လာပြီး တရားကျင့်ခွင့် မရကြသူများအတွက် ကောင်းကျိုးသက်ရောက်နိုင်အောင် စွမ်းနိုင်သမျှ ဟောချက်ထုတ်ခဲ့ပါသည်။

ဤစာအုပ်ကြောင့် တဦးတယောက်မျှ ဝိပဿနာဉာဏ် တဆင့်ဆင့်သို့ ရောက်လျှင် အမောပြေပါပြီ။ ဝိပဿနာဉာဏ် ဆိုလျှင်ကား ပြောဖွယ်မရှိပြီ။

## — ဘူမိကာ —

ဤစာအုပ်ကို ၁၃၄၁–ခုနှစ်၊ တပေါင်းလတွင် ပုံနှိပ်ပြီးရန် ရည်မှန်းသော်လည်း ပရိယတ်သင်ပြရေး ကိစ္စ၊ ပရိယတ် စာမေးပွဲများ ကိစ္စ၊ ယောဂီတို့အား တရားပြရေး ကိစ္စ၊ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ကိစ္စ၊ နိုင်ငံတော် ဗဟို သံဃာဝန်ဆောင် အဖြစ်ဖြင့် တာဝန် ထမ်းဆောင်နေရသည့် ကိစ္စ၊ မော်လမြိုင်မြို့ ပရိယတ္တိ သဒ္ဓမ္မပါလအသင်းကြီး၏ နှစ်ငါးဆယ်ပြည့် ရွှေရတု ပူဇော်ပွဲသဘင် ကိစ္စ အစရှိသော သာသနာရေးကိစ္စ အဖုံဖုံတို့ကြောင့် ယခုအချိန်မှပင် ပုံနှိပ် ဖြန့်ဝေနိုင်ပေတော့သည်။

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီကြသူတို့အား များစွာ ကျေးဇူးတင်ပါသည်။ အထူးအားဖြင့် ဝါတွင်း သီတင်းနေ့တိုင်း ဟောပြောထားသော တိပ်ခွေများမှ လက်ရေးမူချော ဖြစ်လာအောင် ပင်ပန်းခံ ကူညီကုသိုလ်ပြုသူ မောင်အောင်မြင့်အား များစွာ ကျေးဇူး အထူးတင်ရှိပါသတည်း။ ။

**ဦးကုမာရ**

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ

ပရိယတ္တိ သဒ္ဓမ္မပါလ ဓမ္မာစရိယ

၁၃၁၁–ခုနှစ်။

ရွှေ–ပရိယတ္တိ စာသင်တိုက်၊

မော်လမြိုင်မြို့

# ညောင်လွန့်တောရ ဝိပဿနာကျင့်စဉ်

## (ခေါ)

## ဘုမ်ကျဉ်း ဝိပဿနာနည်း

ဒီနေ့ဟာ ဗုဒ္ဓသာသနာတော်ဆိုင်ရာ သက္ကရာဇ် ၂၅၂၃-ခုနှစ်၊ မြန်မာနိုင်ငံတော်ဆိုင်ရာ သကရာဇ် ၁၃၄၁-နှစ်၊ ဝါဆိုလပြည့်နေ့ ဖြစ်ပါတယ်။

မော်လမြိုင်၊ ပန်းပဲတန်းရပ်၊ ရွှေ ပရိယတ္တိစာသင်တိုက်သို့ သီလ ခံယူဖို့ တရားနာယူဖို့ဆိုတဲ့ ရည်ရွယ်ချက်ကောင်း နှစ်ရပ်နဲ့ နံနက် ၈-နာရီ အချိန်မှာ ရောက်လာကြတဲ့ ဒကာ ဒကာမတွေကို မြတ်ဗုဒ္ဓ ဟောညွှန်ပြတော်မူထားတဲ့ တရားတော်တွေထဲက သင့်ရာ တော်ရာ တရားတော်တွေကို ထုတ်နုတ်ပြီး တဆင့် မဟောကြားခင် တရားပိုင်ရှင် မြတ်ဗုဒ္ဓကို ရိုသေမြတ်နိုး ပူဇော်ရှိခိုး ဦးညွှတ်ပါမယ်။

မြတ်ဗုဒ္ဓရဲ့ မရေမတွက်နိုင်အောင် ထူးခြားများပြားလှတဲ့ ဂုဏ်တော်တွေကို ထုတ်ဖော်ချီးကျူး ပူဇော်ရှိခိုးမယ်ဆိုယင် လူ့သက်တမ်း ပေါင်းများစွာ ကုန်လွန်တာတောင်မှ ကုန်ဆုံးမှာ မဟုတ်ပါဘူး။ ဒါကြောင့် အချိန်အခါကို ထောက်မျှော်၊ လုပ်ငန်းနဲ့လဲ ထိုက်လျော်တဲ့ ဂုဏ်တော်တွေကို ရွတ်ဆို ချီးကျူး ပူဇော်ယင် အကောင်းဆုံး ဖြစ်ပါတယ်။

အချိန်အခါအလိုက် လုပ်ငန်းနဲ့လဲ ထိုက်လျော်တဲ့ ဂုဏ်တော်ကို စဉ်းစားတော့ ဗုဒ္ဓ ပရိနိဗ္ဗာန် စံတော်မူပြီး သက္ကရာဇ် (၂၃၅)နှစ်မှာ ဗုဒ္ဓသာသနာတော်ရဲ့ အင်မတန်ထူးခြားလှတဲ့ မှတ်တမ်းဝင် ဂုဏ်တော်

အဖြစ်နဲ့ တခေတ်လွှမ်းခဲ့ လျှမ်းလျှမ်းတောက်ပခဲ့တဲ့ ဂုဏ်တော်ထူးနဲ့ ချီးကျူးပူဇော် ရှိခိုးယင် သင့်လျော်ဆုံးပဲလို့ ဆိုးဖြတ်ပါတယ်။

ဒီဂုဏ်တော်ထူးရဲ့ အကြောင်းကို အနည်းငယ် ပြောပါမယ်။

သက္ကရာဇ် (၂၁၈)နှစ်လောက် အချိန်တုန်းက မဂဓနိုင်ငံမှာ (ယနေ့ အိန္ဒိယနိုင်ငံ ဗိဟာပြည်နယ်မှာ) သား တစ်ရာ့တယောက်ရှိတဲ့ ဗိန္ဒုသာရမင်းကြီး နတ်ရွာစံတော့ မင်းသား (၁၀၁)ယောက်တို့ဟာ ဘုရင့်အာဏာရရေးအတွက် ညီအစ်ကိုချင်း ပြည်တွင်းစစ်ပွဲ နွှဲလိုက်ကြတာ ၁၄-နှစ်တိုင်တိုင် ကြာခဲ့တယ်။ အပြင်းအထန် တိုက်ကြတာက ဆယ်နှစ်၊ နောက်ဆက် အသေးအဖွဲ့တိုက်ကြတာက လေးနှစ်ကြာတယ်။

မင်းသား ၉၉-ယောက်နဲ့တကွ နောက်လိုက်နောက်ပါ များစွာတို့ အသတ်ခံကြရပြီး မင်းသားနောင်ညီ နှစ်ဦးထဲ အောင်ပွဲခံဖို့ ကျန်ပါတယ်။

၁၄-နှစ်တိုင်တိုင် တိုက်ခဲ့တဲ့ ပြည်တွင်းစစ်ပွဲ ပြီးဆုံး အေးငြိမ်းချိန်မှာ နောင်တော် အသောကမင်းသားဟာ သိရိဓမ္မာသောကာ ရာဇာဘိသိက် အောင်ပွဲကြီး ကျင်းပပြီး ဧကရာဇ်ဘုရင် ဖြစ်လာပါတယ်။ ညီတော် တိဿ မင်းသားကတော့ အိမ်ရှေ့စံရာထူး၊ စစ်သူကြီးရာထူး၊ ပြည်ထဲရေးဝန်ကြီး ရာထူးတွေကို ရသူဖြစ်လာပါတယ်။

အသောကမင်းကြီးဟာ ဘုရင်ဖြစ်လာပြီးနောက်မှ ဗုဒ္ဓသာသနာတော်ကို အလွန် ကြည်ညိုလေးစားကာ ဗုဒ္ဓဘာသာ ရဟန်းတော်များအတွက် အသောကာရာမ်ကျောင်းကြီးကို ဆောက်လုပ် လှူဒါန်းပြီး ပစ္စည်းလေးပါး ပြည့်ဖြိုးအောင်လဲ လှူဒါန်းပါတယ်။

ဘုရင့်ညီတော် အိမ်ရှေ့စံ တိဿ မင်းသားဟာလဲ မကြာမီနှစ်အတွင်းမှာ သံဃေဂဉာဏ်ရပြီး ရဟန်းပြုကာ ရဟန္တာ ဖြစ်ပြီးတော့ အသောကာရုံကျောင်း အာရာမ်မှာပဲ သီတင်းသုံးနေပါတယ်။

ဒီအချိန်မှာ ဗုဒ္ဓဘာသာဝင် မဟုတ်ကြတဲ့ ပရဗိုဇ်ရသေ့တွေဟာ စားဝတ်နေရေးကျပ်တည်း လူတွေနဲ့ဆက်ဆံမှုမှာလဲ အောက်တန်းကျလန်းကြတာကြောင့် ဗုဒ္ဓဘာသာ ရဟန်းတွေယောင် ဆောင်ကြတယ်။ သိမ်ဝင်ကာ ရဟန်းစစ်စစ်ဖြစ်အောင် သိက္ခာတင်မှုကို မခံယူကြပဲ

စား ဝတ် နေရေး ချောင်ချိမျှသာ ရည်ရွယ်ကြပြီး မိမိတို့သဘောအတိုင်း သက်န်းဝတ်ကြကာ ဗုဒ္ဓဘာသာ ရဟန်းတော်တွေထဲကို ရောယောင် ဝင်ပေါင်းနေကြပါတယ်။

တရားဟောကြတဲ့ အခါမှာလဲ ဗုဒ္ဓတရားတော်ကို ဘာမျှ မသိကြတော့ မိမိတို့ ဘာသာရေးဆိုင်ရာ ဝါဒတွေကို ဟောပြောကြပြီး "ဒါဟာ ဂေါတမဗုဒ္ဓရဲ့ တရားတော် ဖြစ်တယ်" လို့ မဟုတ်မဟတ် ကပျစ်ကညစ် ပြောကြတယ်။

ဗုဒ္ဓသာသနာတော်မှာ ရဟန်းစစ်တွေနဲ့ ရဟန်းတု ရဟန်းညစ်တွေ အရောရောဖြစ်၊ ဗုဒ္ဓရဲ့ တရားမှန် တရားစစ်နဲ့ တရားလွဲ တရားတုတွေ အရောရောဖြစ်ပြီး သာသနာတော်ကြီး အညစ်အကြေးတွေ ထူလှန်းတာကြောင့် မင်းနေပြည် မြို့တော်ဖြစ်တဲ့ ပါဋလိပုတ်မြို့တော်ကြီးမှာတောင်မှ သံဃာ့အစည်းအဝေးတွေ ပြတ်စဲ၊ ဝိနည်းတော်အရ သံဃာတော်တွေ ဥပုသ်ပြုမှု၊ ပဝါရဏာပြုမှုတွေပါ ရပ်စဲနေတာ (၇) နှစ်တိုင်တိုင် ကြာခဲ့ပါတယ်။

နိုင်ငံတော် လူတွေရဲ့ ကိုးကွယ် ဆည်းကပ်မှုကို ခံယူနေကြတဲ့ သံဃာတော်တွေ ကွဲပြားမှု အားကြီးလာယင် လူတွေလဲ ပူညံပူညံနဲ့ ကွဲပြားလာကြပြီး လူထုကြီးမငြိမ်မသက်၊အုပ်ချုပ်ရေးလဲ ခက်လာတယ်။

သံဃာတော်တွေ ညီညွတ်အောင် ဆောင်ရွက်ချေလို့ အသောက မင်းကြီးက တာဝန်ပေးအပ်ခံရတဲ့ ဗြဟ္မဏဝါဒီ အမတ်တယောက်က အသောကာရာမ် ကျောင်းကို သွားပြီးတော့ "သံဃာတွေအားလုံး တညီတညွတ်ထဲ သိမ်ဝင် ဥပုသ်ပြုကြရမယ်၊ ဘုရင့်အမိန့်" လို့ လျှောက်ထားတယ်။

ရဟန်းတု ရဟန်းယောင်တွေဟာ ဝိနည်းတော်ကိုလဲ မသိကြ၊ ကျင့်စဥ်ကောင်းလဲ မရှိကြတော့ ဘုရင့်အမိန့်ကို ကြောက်ရွံ့ကြလို့ သိမ်ထဲ ဝင်ကြပါတယ်။

ရဟန်းစစ် ရဟန်းကောင်းတွေက "ရဟန်းတုတွေနဲ့ အတူတူ ငါတို့ သိမ်ဝင်ကာ ဥပုသ်မပြုနိုင်ဘူး၊ ဝိနည်းတော်က ခွင့်မပြုဘူး။ ရဟန်းတုတွေနဲ့ ငါတို့ အတူတူသိမ်ဝင်ယင် ဝိနည်းတော်ပျက်စီး၊ သာသနာတော်ကြီး အညစ်အကြေးတွေ တိုးတက်လာမယ်" လို့ ပြောကြတယ်။

ဒီလိုပြောပြီး သိမ်ထဲမဝင်ကြတဲ့ ရဟန်းစစ် ရဟန်းကောင်းတွေကို ဘုရင့်အမိန့် မနာခံသူတွေဆိုပြီး တာဝန်ဆောင် ပုဏ္ဏားအမတ်က တပါးပြီးတပါး ဓားနဲ့ ခုတ်သတ်တာပဲ။

ဘုရင့်ညီတော် အိမ်ရှေ့စံမင်းသား အဖြစ်မှ ရဟန်းစစ် ရဟန်းကောင်း ဖြစ်လာတဲ့ အရှင်တိဿ မထေရ်က အမတ်မိုက်ရဲ့ ဓားချက်ကြောင့် ရဟန်းစစ် ရဟန်းကောင်း ၄-၅ ပါး ပျံလွန်တော်မူကြတာကို မြင်ရတော့ ဘုရင့် အမိန့်တော်ကို အလွဲလုပ်တဲ့ အမတ်ပဲလို့ ဆုံးဖြတ်ကာ အမတ်မိုက်ရဲ့ အနားကို ခပ်သွက်သွက် လှမ်းသွားပြီး ဘာမျှ မပြောပဲ မတ်တတ်ရပ်နေတယ်။

အမတ်မိုက်ဟာ ဘုရင့်ညီတော် အရှင်တိဿ မထေရ်ကို မသတ်ရဲတော့ ဘုရင့်ထံပြေးပြီး အရှင်မင်းကြီးရဲ့ အမိန့်တော်ကို မနာယူကြတဲ့ ရဟန်းတွေကို ကျွန်တော်မျိုး ကွပ်မျက်ပါတယ်၊ ယခု အရှင့်ညီတော်ကို ကွပ်မျက်ဖို့ အလှည့်ကြုံလာပါပြီ၊ ကျွန်တော်မျိုး ဆက်လက်ပြီး ဘယ်လို ဆောင်ရွက်ရပါမလဲ ဘုရားလို့ သံတော်ဦးတင်တယ်။

ဟယ် အမတ်မိုက် ရဟန်းတွေကို သတ်ဖို့ နင့်ကို ငါခိုင်းတာ မဟုတ်ဘူး၊ နင့် အလုပ်မှားတွေကို ရပ်လိုက်တော့လို့ အသောကမင်းကြီးက မိန့်ကြားတယ်။

သာသနာတော် သန့်ရှင်းအောင် ဦးဆောင်နိုင်မယ့် ပုဂ္ဂိုလ်ကို စုံစမ်းတော့ သံဃာတော်တွေရဲ့ ညွှန်ကြားချက်အရ အဘိညာဏ် ၆-ပါး၊ သမာပတ်ရှစ်ပါး၊ ပဋိသမ္ဘိဒါ လေးပါးတို့ကို ရတော်မူပြီးတဲ့ အရှင်တိဿ ရဟန္တာ မထေရ်မြတ်ကြီးကို ဂင်္ဂါမြစ်ဖျား အဟောဂင်္ဂါ အရပ်မှာ သီတင်းသုံးနေရာက ပင့်ဆောင်ပြီး သာသနာတော် သန့်ရှင်းရေး လုပ်ငန်းအတွက် အရှင်တိဿ ရဟန္တာ မထေရ်မြတ်ကြီးကို ဦးဆောင်ထားပြီး အသောကမင်းကြီးကိုယ်တိုင် တွဲဘက် ပါဝင် ဆောင်ရွက်ပါတယ်။

အရှင်တိဿ ရဟန္တာ မထေရ်မြတ်ကြီးရဲ့ ညွှန်ကြားချက်အရ အသောကမင်းကြီးကိုယ်တိုင် အဝတ်ကန့်လန့်ကာတွင်းမှာနေပြီး ရဟန်းအမည်ခံသူ အားလုံးကို တပါးစီ တပါးစီ ပင့်ဆောင်ကာ “ဂေါတမ

မြတ်ဗုဒ္ဓဟာ ဘယ်ဝါဒကို ဟောပြောသူ ဖြစ်ပါသလဲ'' လို့ စစ်တမ်း ထုတ်ပါတယ်။

ဗုဒ္ဓဘာသာဝင် အစစ်မဟုတ်ကြတဲ့ ရဟန်းအတုတွေက ဂေါတမ ဗုဒ္ဓဟာ သဿတဝါဒီ ဖြစ်ပါတယ်၊ ဉစ္ဆေဒဝါဒီ ဖြစ်ပါတယ်၊ နိဗ္ဗာနဝါဒီ ဖြစ်ပါတယ်၊ အနန္တဝါဒီ ဖြစ်ပါတယ် စသည် စသည် ကိုယ်ထင်ရာကို ဖြေကြပါတယ်။

ရဟန်းအစစ်တွေ အားလုံးက ''ဂေါတမ မြတ်ဗုဒ္ဓဟာ ဝိဘဇ္ဇ ဝါဒီ ဖြစ်တော်မူပါတယ်''လို့ တညီထဲ ဖြေကြပါတယ်။

ရဟန်းတွေကို အဖြေစကား တူရာ တူရာ တခုစီ တခုစီ ခွဲခြား ထားပြီးနောက် မြတ်စွာဘုရားဟာ အဘယ်ဝါဒကို ဟောပြောသူ ဖြစ်ပါသလဲ ဘုရားလို့ အရှင်တိဿ ရဟန္တာ မထေရ်မြတ်ကို မေး လျှောက်ပါတယ်။ မြတ်ဗုဒ္ဓဟာ ဝိဘဇ္ဇဝါဒီ ဖြစ်တော်မူပါတယ် မင်း ကြီးလို့ အရှင်တိဿ မထေရ်မြတ်ကြီးက ဖြေတော်မူပါတယ်။

ဒီစကားအရ ရဟန်းစစ်နဲ့ ရဟန်းတုကို ခွဲခြား သိနိုင်ပြီးဖြစ် သောကြောင့် ဂေါတမ မြတ်ဗုဒ္ဓဟာ ဝိဘဇ္ဇဝါဒီ ဖြစ်တော်မူပါတယ်လို့ ဖြေကြတဲ့ ရဟန်းစစ် ရဟန်းကောင်းတွေကို သာသနာတော်တွင်းမှာ ဆက်လက် နေခွင့်ပေးပြီး ကျန်တဲ့ အစု အစု သက်န်းဝတ်တွေကိုတော့ မြတ်ဗုဒ္ဓရဲ့ ဝါဒမှန်ကို မသိကြတဲ့ ရဟန်းတု ရဟန်းယောင် အချောင် သမားတွေပဲလို့ အမှန်အတိုင်း ဆုံးဖြတ်ကာ လူဝတ်လဲခိုင်းပြီး ဆင် တင်းကုပ် မြင်းတင်းကုပ်တွေမှာ အလုပ်လုပ်ကြရမယ်လို့ ဘုရင့် အမိန့်တရပ် ချမှတ်ပေးပါတယ်။

ရဟန်းတုတွေကို ပယ်ရှားပြီးတဲ့ အခါ သံဃာတော်တွေက တရားတု တရားလွဲတွေကို ပယ်ထုတ်ကြပြီး ဗုဒ္ဓရဲ့ တရားစစ် တရားမှန် တော်တွေကို မှတ်တမ်းတင်ကြတဲ့ တတိယ သံဂါယနာ သာသနာပြု လုပ်ငန်းကြီးနဲ့ သာသနာတော် ပြန့်ပွားအောင် ကိုးတိုင်း ကိုးဌာနကို ရဟန်းတော်များ ''သာသနာပြု'' စေလွှတ်တဲ့ လုပ်ငန်းကြီးကိုပါ ဆောင်ရွက်တော်မူကြပါတယ်။

ဒီ သံဂါယနာ အစည်းအဝေးမှာ အရှင်တိဿ ရဟန္တာ မထေရ် မြတ်ကြီးဟာ ဗုဒ္ဓဝါဒ အမာခံ စစ်တမ်းဖြစ်တဲ့ ကထာဝတ္ထုကျမ်းကြီးကို ဟောတော်မူခဲ့ပါတယ်။

ဗုဒ္ဓရဲ့ အကျဉ်းချုပ်မျှ ဟောတော်မူချက်ကို အရှင်တိဿ ရဟန္တာ အရှင်မြတ်က အကျယ်တဝင့် ခွဲပြီး ဗုဒ္ဓဝါဒ အမာခံ စစ်တမ်းကြီး အဖြစ်နဲ့ ဟောတော်မူထားတဲ့ ကထာဝတ္ထုကျမ်းဟာ ယနေ့တိုင်အောင် သာသနာကောင်းကျိုးကို ဆောင်နေပါတယ်။ နောင်ကိုလဲ နှစ်ပေါင်း များစွာ ကြာအောင် သာသနာတော်ကောင်းကျိုးကို အထူး ဆောင် နေမှာ ဖြစ်ပါတယ်။

**“ဝိဘဇ္ဇဝါဒီ ဘုရားရှင်”** ဆိုတဲ့ ဂုဏ်တော်ဟာ တတိယ သံဂါယနာတင်ခါနီးချိန်မှာ သာသနာတော် သန့်ရှင်းရေးအတွက် အကျိုး ထူးကြီးကို ဖြစ်စေခဲ့တဲ့ အထူး မှတ်တမ်းဝင်အစစ် ဂုဏ်တော်ထူးကြီး ဖြစ်ပါတယ်။

မြတ်ဗုဒ္ဓကို ချီးကျူး ပူဇော် ရှိခိုးပြီးယင် ယခုနှစ် ဝါတွင်း သီတင်းနေ့ နံနက်တိုင်းမှာ ဆက်လက် ဟောပြမယ့် ဝိပဿနာဘုမ်ကျဉ်း- ဘုမ်ကျယ် နည်းနှစ်သွယ်ကို ခွဲခြားဟောတော်မူတဲ့ မြတ်ဗုဒ္ဓလို့ ချီးကျူး ပူဇော်ခွင့်ဟာလဲ လုပ်ငန်းနဲ့ တိုက်လျှော်အောင် တိုက်ဆိုင်နေပါတယ်။

ဒါကြောင့် တရားပိုင်ရှင် မြတ်ဗုဒ္ဓကို ဝိဘဇ္ဇဝါဒီဆိုတဲ့ အထူး မှတ်တမ်းဝင် ဂုဏ်တော်ကြီး တပုဒ်ထဲနဲ့ ချီးကျူး ပူဇော်ကာ ရှိခိုး ဦးညွှတ်ပါမယ်။

ဂုဏ်တော် တပုဒ်ထဲမို့ နည်းလှတယ်လို့ မထင်ကြပါနဲ့။ အထူး မှတ်တမ်းဝင် ဂုဏ်တော်ထူးကြီး ဖြစ်ပါတယ်။

ပြောခဲ့ပြီးဖြစ်တဲ့ အထူး မှတ်တမ်းဝင် ဂုဏ်တော်ကို ပါဠိ-ဗမာ နှစ်ဘာသာနဲ့ ရွတ်ဆို ချီးကျူးကာ မြတ်ဗုဒ္ဓကို ပူဇော် ရှိခိုးပါမယ်။

တရားနာကြသူ ပရိသတ်တွေက ရွတ်ဆို ချီးကျူး ပူဇော်သံကို လေးလေး စားစား နားထောင်ကြကာ မြတ်ဗုဒ္ဓရဲ့ ဂုဏ်တော်ထူးကို မြူးကြွ ရွှင်လန်းတဲ့ စိတ်နဲ့ အာရုံပြုကြပြီး ကုသိုလ်ထူး ယူကြပါ။

နမော ဝိဘဇ္ဇဝါဒိနော။

ဝိဘဇ္ဇဝါဒိနော၊ ကြောင်း-ကျိုး နှစ်မျိုး ဆက်နွယ်ရိုးကျ သဘာဝကို တိကျ သိမြင် ဉာဏ်ပိုင်ရှင်စစ် ဖြစ်သည့် မှန်လျဉ်း ဘုမ်ကျဉ်း- ဘုမ်ကျယ် နှစ်သွယ် ခွဲခြား နည်းမှန်ထား၍ ဟောကြားသမျှ အစဉ် ပြုကာ ခပင်းများစွာ သတ္တဝါကို ထိုထိုဆင်းရဲ ဩဃဝဲမှ ခေမကမ်းသို့

ဆောင်ပို့ကယ်တင် မြတ်ရှင်ပင်ကို။ နမော၊ ရှိသေမြတ်နိုး ဦးညွှတ်ချီးကာ ရှိခိုးပါသည် ဘုရား။

ဒီနေ့ဟာ ဗုဒ္ဓဘာသာ စတင် ပေါ်ထွန်းလာတဲ့ နေ့ထူး နေ့မြတ်လို့ ဂုဏ်ထူးတင်အပ်တဲ့ မှတ်တမ်းဝင်နေ့ ဖြစ်ပါတယ်။

သိဒ္ဓတ္ထမင်းသားဟာ သိစရာအားလုံးကို သိနိုင်တဲ့ စွမ်းရည်စုံညီ ပြည့်ဖြိုးလှတဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရပြီးလို့ မြတ်ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပြီးတဲ့နောက် ရက်ပေါင်း (၆၀) လွန်မြောက်တဲ့ ဒီနေ့ ဒီရက်မျိုးမှာ တရားထူး တရားဦးဖြစ်တဲ့ ဓမ္မစကြာ တရားတော်ကို ဟောတော်မူခဲ့ပါတယ်။

ဓမ္မစကြာ တရားတော်ကို စတင်ဟောတော်မူချိန်က စပြီး ဗုဒ္ဓဘာသိတ(ခေါ်) ဗုဒ္ဓဘာသာဟာ လောကကြီးမှာ ပေါ်ထွန်းလာပါတယ်။

ဒါကြောင့် ဝါဆိုလပြည့်ဖြစ်တဲ့ ဒီနေ့ကို ဓမ္မစကြာအခါတော်နေ့လို့ ခေါ်နိုင်တဲ့အပြင် ဗုဒ္ဓဘာသာ စတင်ပေါ်ထွန်းရာနေ့လို့လဲ ဂုဏ်ထူးတင်ပြီး ပြောဆို မှတ်သားနိုင်ပါသေးတယ်။

## ဗုဒ္ဓဘာသာ သိစရာ

ဗုဒ္ဓဘာသာ စတင်ပေါ်ထွန်းရာဖြစ်တဲ့ ဝါဆိုလပြည့်နေ့မှာ ဗုဒ္ဓဘာသာရဲ့ အကြောင်းအရာကို အောက်ထစ်ဆုံး အနည်းဆုံးဆိုပါတော့ အစ-အလယ်-အဆုံးလို့ သုံးပိုင်းခွဲပြီး အခြေခံလောက် ပြောသင့်ပါတယ်။

## ဗုဒ္ဓဘာသာရဲ့ အခြေခံဝါဒ

ဗုဒ္ဓဘာသာဟာ ကမ်ကို ယုံကြည်အားကိုးတဲ့ ဝါဒပါလို့ အများပြောနေကြတဲ့ စကားဟာ မမှားပေမယ့် တိမ်တဲ့စကား၊ မနက်ရှိုင်းတဲ့စကား၊ မရေရာတဲ့စကား ဖြစ်နေပါတယ်။

မဟာဗိရအမည်ရှိတဲ့ သဗ္ဗညုဘွဲ့ခံ ဂျိန်းဘုရားအစရှိတဲ့ ထိုထို ကမ္မဝါဒီတွေရဲ့ ဝါဒနဲ့ မကွဲမခြား ရောနှောထားတဲ့ စကားလဲ ဖြစ်နေပါတယ်။

သေချာတိကျ နက်နက်နဲနဲ ပြောချင်ကြယင် **အကြောင်းနဲ့ အကျိုး ဆက်နွယ်ကာ လောကကြီးဟာ ဖြစ်-ပျက်နေပါတယ်လို့** သိမြင်ယုံကြည်တဲ့ဝါဒဟာ ဗုဒ္ဓဘာသာပါပဲလို့ အစပိုင်းအနေ အခြေခံအဖြစ်နဲ့ သိမှတ်ပြောဆိုတတ်ဖို့ လိုအပ်ပါတယ်။ အတိုကောက် ပြောချင်ယင် ပါဠိလိုဆိုက 'ပဋိစ္စ သမုပ္ပါဒ' ဝါဒပါ။ ဗမာလိုဆိုက 'ကြောင်း-ကျိုးဆက်ဝါဒ'ပါလို့ ပြောကြရပါမယ်။

## အမှားအလွဲ သတိမြဲကြစေ

ပဋိစ္စသမုပ္ပါဒ်လို့ ပြောသံကြားရတော့ တရားနာ ပရိသတ်ရဲ့ စိတ်ထဲမှာ ပဋိစ္စသမုပ္ပါဒ်ဆိုတာ အဝိဇ္ဇာ သင်္ခါရ ဝိညာဉ် နာမ် ရုပ် ဘာညာနဲ့ အလွဲတွေ ပေါ်ထင်လာကြပြီ။ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးငယ် တွေကို တရေးရေး မြင်သူတွေလဲ မြင်ကုန်ကြပြီလို့ ထင်ပါတယ်။

မြတ်ဗုဒ္ဓရဲ့ ပဋိစ္စသမုပ္ပါဒ် တရားတော်အစ ပါဠိဟာ အဝိဇ္ဇာပစ္စယာ သင်္ခါရာ မဟုတ်ဘူးလို့ မသိကြလို့သာ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း လှည့်ပြကြ၊ တပည့်တွေက လိုက်မှတ်ကြ၊ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းပါ အခြင်းအရာတွေကို မသိယင် နိဗ္ဗာန်ကို မသိနိုင် မမြင်နိုင် မရနိုင်ဘူးလို့ ထင်မှတ်ကြ၊ တယူသန် ပြောဆိုကြ စသည် စသည် လွဲလက်စ မသတ်နိုင်ပြီ ဖြစ်နေကြတာပါပဲ။

ဒါကြောင့် လွဲလက်စပြတ်အောင် စွဲမြဲသေချာ သိမှတ်ထားစရာဟာ တခုထဲ တချက်ထဲ ဖြစ်ပါတယ်။ "မြတ်ဗုဒ္ဓရဲ့ ပဋိစ္စသမုပ္ပါဒ် တရားတော်အစ ပါဠိဟာ အဝိဇ္ဇာပစ္စယာ သင်္ခါရာ မဟုတ်ဘူး"လို့ သိမှတ်ထားဖို့ပဲ။

## ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်

ဉာတိ ဉာမသ္မိံ သတိ ဉာဒံ ဟောတိ ဆိုတဲ့ ပါဠိငါးပုဒ် စာလုံး (၁၁)လုံးရှိတဲ့ ပါဠိဝါကျဟာ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ရဲ့ အစဖြစ်တယ်လို့ သေချာစွဲမြဲအောင် မှတ်ထားကြပါ။

ဇာတိ၊ လောကကြီးရဲ့ ဖြစ်ပုံအလုံးစုံကို အကုန်အစင် ငါသိမြင်သမျှ ခြုံငုံကာ ပြောရယင်။ ဇာမသ္မိ၊ ဒီဟာသည် သတိဖြစ်ခဲ့ယင် ရှိခဲ့ယင်။ ဇာဒံ၊ ဒီဟာသည်။ ဟောတိ၊ နောက်ဆက်နွယ်ကာ ဖြစ်လာပါသည်။

ဒီဟာဖြစ်လို့သာ ဒီဟာ နောက်ဆက်ဖြစ်လာတာကိုပဲ လောကကြီး ဖြစ်နေတယ်လို့ ပြောနေကြတာပါလို့ မြတ်ဗုဒ္ဓက လောကကြီးဖြစ်ပုံ အခြင်းအရာကို မိန့်တော်မူပါတယ်။

ဒီလိုပြောနိုင်တဲ့အကြောင်းကို ဇာမဿုပ္ပါဒါ ဇာဒံ ဥပ္ပဇ္ဇတိ လို့ မြတ်ဗုဒ္ဓက ဆက်လက် မိန့်ကြားတော်မူပါတယ်။

ဇာမဿ၊ ဒီဟာ၏။ ဥပ္ပါဒါ၊ ဖြစ်ခြင်းကြောင့်။ ဇာဒံ၊ ဒီဟာသည်။ ဥပ္ပဇ္ဇတိ၊ နောက်ဆက်နွယ်ကာ ဖြစ်ပေါ်လာ၏။

ဒီဟာဖြစ်တာကြောင့် ဒီဟာက နောက်ဆက်တွဲဖြစ်လာတယ်လို့ အမှန်ကို ငါသိမြင်တာကြောင့် ဒီဟာဖြစ်လို့သာ ဒီဟာ ဖြစ်တာပါလို့ လောကကြီးဖြစ်လာပုံ အခြင်းအရာကို မှန်ကန်အောင် ငါပြောနိုင်တယ်လို့ မြတ်ဗုဒ္ဓက မိန့်ကြားတော်မူလိုရင်း ဖြစ်ပါတယ်။

## လောကကြီး ချုပ်ငြိမ်းပုံ

လောကကြီး ပျက်စီးချုပ်ငြိမ်းပုံကို မြတ်ဗုဒ္ဓမိန့်ကြားခဲ့တဲ့ ပဋိစ္စသမုပ္ပါဒ်တရားတော်က ဇာတိ ဇာမသ္မိ အသတိ ဇာဒံ န ဟောတိ (အကျဉ်းပြ) ဝါကျနဲ့ ဇာမဿ နိရောဓာ ဇာဒံ နိရုဇ္ဈတိ (အကြောင်းပြ) ဝါကျတို့ ဖြစ်ပါတယ်။

ဇာတိ၊ လောကကြီး ပျက်စီးချုပ်ငြိမ်းပုံ အလုံးစုံကို အကုန်အစင် ငါသိမြင်သမျှ ခြုံငုံကာပြောရယင်။ ဇာမသ္မိ၊ ဒီဟာသည်။ အသတိ၊ မဖြစ်ယင်။ ဇာဒံ၊ ဒီဟာသည်။ န ဟောတိ၊ နောက်ဆက်နွယ်ကာ မဖြစ်ပေါ်လာချေ။

ဘာကြောင့် ဒီလို ပြောနိုင်သလဲဆိုတော့....

ဇာမဿ၊ ဒီဟာ၏။ နိရောဓာ၊ ပျက်စီးချုပ်ငြိမ်းခြင်းကြောင့်။ ဇာဒံ၊ ဒီဟာသည်။ နိရုဇ္ဈတိ၊ နောက်ဆက်နွယ်ကာ မဖြစ်လာပဲ ပြတ်စဲ ချုပ်ငြိမ်းပါသည်။

ယခုပြောခဲ့တဲ့ မြန်မာဘာသာပြန်ချက်ဟာ ဘုရားဟော ပါဠိဘာသာစကားတော်ကို အပိုမစွက်ပဲ တိတိကျကျ မြန်မာဘာသာ ပြန်ချက် ဖြစ်ပါတယ်။

## ဒီဟာဆိုတာ ဘာလဲ

ဗုဒ္ဓ ပိဋက ပါဠိတော်တွေကို အဓိပ္ပာယ်မှန်အောင် သိချင်ယင် ဖော်ချင်ယင် (၁) ရှေ့နောက် ထောက်ကာ၊ (၂) ကြောင်းကျိုး ထောက်ကာ ကြည့်ရပါတယ်၊ ဖော်ရပါတယ်။

မြတ်ဗုဒ္ဓ ဟောတော်မူခဲ့တဲ့ "ဒီဟာ–ဒီဟာ" ဆိုတဲ့ စကားကို ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်လို့ ဆိုထားပါတယ်။ ပဋိစ္စ–ပါဠိအရ အကြောင်းတရားကို ယူရပါတယ်။ သမုပ္ပါဒ–ပါဠိအရ အကျိုးတရားကို ယူရပါတယ်။ ဒီ ပါဠိ နှစ်ရပ်ကို ပေါင်းစပ်ထားတဲ့ ပဋိစ္စသမုပ္ပါဒ ဆိုတာဟာ ကြောင်း+ကျိုးဆက် တရားတော်လို့ အဓိပ္ပာယ်မှန်အောင် ဖော်ရပါတယ်။ ဒါကြောင့်....

ဣမသ္မိံ သတိ ဣဒံ ဟောတိ "အကြောင်းတရားဖြစ်ယင် ရှိယင်၊ အကျိုးတရားဟာ နောက် ဆက်နွယ်ကာ ဖြစ်ပေါ်လာတယ်" လို့ လောကကြီး ဖြစ်ပုံကို မြတ်ဗုဒ္ဓက ညွှန်ပြတော်မူခဲ့ပါတယ်။

ဣမသ္မိံ အသတိ ဣဒံ န ဟောတိ "အကြောင်းတရား မဖြစ်ယင် မရှိယင် အကျိုးတရားလဲ မဖြစ်လာတော့ဘူး၊ ချုပ်ငြိမ်းတယ်" လို့ လောကကြီး ပျက်စီး ချုပ်ငြိမ်းပုံကို မြတ်ဗုဒ္ဓက ညွှန်ပြတော်မူပါတယ်။

လောကကြီး ဖြစ်လာပုံကို ညွှန်ပြတဲ့ **အကြောင်းဖြစ်လို့သာ အကျိုးဖြစ်ထာဆိုတဲ့** မြတ်ဗုဒ္ဓရဲ့ စကားတော်တခွန်း၊ လောကကြီး ပျက်စီး ချုပ်ငြိမ်းပုံကို ညွှန်ပြတဲ့ **အကြောင်း မဖြစ်ယင် အကျိုး မဖြစ်ဘူး** ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ စကားတော်တခွန်း၊ ဒီစကားတော် နှစ်ခွန်းဟာ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ အဓိက ပဓာနဖြစ်ကြတဲ့ လိုရင်းချုပ် စကားတော်တွေ ဖြစ်ကြပါတယ်။

ဒီ ကြောင်းကျိုးဆက်ကိုမှ မသိကြယင် လောကလို့ ပြောဆိုနေကြတဲ့ ဆင်းရဲတွေဟာ ကြောင်း+ကျိုးဆက်ကာ ဖြစ်နေကြမယ်၊

လည်နေကြမယ်လို့ လည်နေတဲ့ သံသရာကို သိကြစေဖို့ ယဒိဒံ။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ အစရှိတဲ့ ပတ်ပတ်ချာ လည်နေပုံကို ညွှန်ပြတဲ့ နောက်ဆက်တွဲ စကားရပ်ကို မြတ်ဗုဒ္ဓက ဟော တော်မူခဲ့ပါတယ်။

## စက်ဝိုင်းလှည့်ဖို့ မလိုပါ

မြတ်ဗုဒ္ဓရဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ လိုရင်းချုပ်ဖြစ်တဲ့ စကားတော်နှစ်ခွန်းကို အဟုတ်အမှန် သိထားပြီးယင် ဆင်းရဲအားလုံး ပြတ်စဲရေးဖြစ်တဲ့ ဝိပဿနာကို ကြိုးပမ်းအားထုတ်ဖို့ ရည်ရွယ်ချက်နဲ့ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းလှည့်နေစရာ မလိုတာ အမှန်ပါ။ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းလှည့်ကာ နိဗ္ဗာန်လမ်းကို ပြနေကြတဲ့ ယိုးယိုးအရာတွေ ပြောနေကြမြဲ စကားဖြစ်တဲ့ ဆုံလည်နွားပမာ စက်ဝိုင်းထဲမှာ လည်နေစရာ မလိုတော့ပါဘူး။

ဆီကြိုတ်ဆုံမှာ ဆီကြိုတ်ကျည်ပွေ့ကြီးကို နွားနဲ့လှည့်ကာ ဆီ ကြိုတ်တဲ့အခါ နွားချည်းသက်သက် လည်နေတာ မဟုတ်ဘူး၊ နွား မောင်းတဲ့လူပါ ပတ်ချာချာ လည်နေတာကို သတိပြုကြပါ။

## အခြေခံအုတ်မြစ် လိုရင်းချုပ်အစစ်

အကြောင်းဖြစ်ယင် နောက်ဆက်နွယ်ကာ အကျိုးထင်လာပြီး လောကကြီး ဖြစ်နေတယ်၊ အကြောင်း မဖြစ်ယင် အကျိုးမဖြစ်ပဲ လောကကြီး ပြတ်စဲ ချုပ်ငြိမ်းတယ်ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် လိုရင်းချုပ် စကားနှစ်ခွန်းဟာ ဗုဒ္ဓလိုက်တော်တိုင် ၄၅–နှစ်ပတ်လုံး ဟောကြားထားခဲ့တဲ့ တရားတော်ပေါင်း ရှစ်သောင်း လေးထောင်တို့ရဲ့ အခြေခံအုတ်မြစ် လိုရင်းချုပ်အစစ်လို့ စွဲမြဲအောင် မှတ်ထားကြပါ။

**ဆောင်ပုဒ်**။ ။အကြောင်းဖြစ်လို့သာ အကျိုးဖြစ်တာ။
အကြောင်းမဖြစ်ယင် အကျိုးမဖြစ်ဘူး။
ပဋိစ္စသမုပ္ပါဒ် တရားထူး။ ။

## ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ရဲ့ တန်ဖိုး

ပိဋကသုံးပုံ နိကာယ်စုံငါးဖြာ ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင်လို့ နည်းပေါင်းစုံခဲ့ကာ သိမှတ်ထားကြတဲ့ မြတ်ဗုဒ္ဓရဲ့ တရားတော် အားလုံးနဲ့တကွ လောကစီးပွားရေး ကျန်းမာရေး ပညာရေး လင်ယူ မယားယူ သားမွေး သမီးမွေး အစရှိတဲ့ ရေတွက်ပြမကုန်နိုင် အခြင်းအရာတွေပေါင်းစုံကို အမှန်သိချင် ပြောချင်ယင် ပဋိစ္စသမုပ္ပါဒ် (ခေါ်) ကြောင်း+ကျိုးဆက် တရားတော်ကို သတိစွဲစေ၊ လက်မလွှတ်လေနဲ့။

ပဋိစ္စသမုပ္ပါဒ်ကို သတိလွှတ် လက်လွှတ်ယင် အောက်ခြေလွှတ် အလွဲဝါဒစစ်စစ်ပဲလို့သာ မှတ်ကြပါ။

## ကြောင်း+ကျိုးဆက် လေးမျိုး

လောကမှာ ကြောင်း+ကျိုးဆက်ပုံဟာ လေးမျိုးရှိပါတယ်။

(၁) အကြောင်းတခုကြောင့် အကျိုးတခု ဖြစ်တယ်။

(၂) အကြောင်းတခုကြောင့် အကျိုးအများ ဖြစ်တယ်။

(၃) အကြောင်းအများကြောင့် အကျိုးတခု ဖြစ်တယ်။

ဒီသုံးမျိုးဟာ ကြောင်း+ကျိုးဆက် ဖြစ်ပေမယ့် လောကရဲ့ သဘာဝမှန်နဲ့ မညီတာကြောင့် ငါ့ဝါဒ မဟုတ်ဘူးလို့ မြတ်ဗုဒ္ဓက ပယ်ခဲ့ပါတယ်။

(၄) အကြောင်းအများကြောင့် အကျိုးအများဖြစ်တယ်ဆိုတဲ့ ကြောင်း+ကျိုးဆက်ဝါဒသာ လောကရဲ့ သဘာဝမှန်နဲ့ ညီတာကြောင့် ငါဘုရားရဲ့ ကြောင်း+ကျိုးဆက်ဝါဒ ပဋိစ္စသမုပ္ပါဒ် စစ်မှန်တယ်လို့ မြတ်ဗုဒ္ဓကိုယ်တော်တိုင် စီစစ်ထားပါတယ်လို့လဲ စွဲမြဲသေချာ မှတ်ထားကြပါ။

ဗုဒ္ဓဘာသာရဲ့ အခြေခံ အရင်းခံ အစပိုင်းကို ပရိသတ်တွေ သိလောက်ပြီဖြစ်လို့ အလယ်ပိုင်းနဲ့ ပတ်သက်တဲ့ ဟောပြောချက်ကို ဆက်ကြပါစို့။

## ဗုဒ္ဓဘာသာရဲ့ အလယ်ပိုင်း

ဗုဒ္ဓဘာသာရဲ့ အလယ်ပိုင်းကို တိုတိုကျဉ်းကျဉ်း လိုရင်းချုပ်မျှ ပြောပါမယ်။

လောကရဲ့ သဘာဝမှန်စစ်စစ် ဆက်နွယ်ဖြစ်ကြတဲ့ အကြောင်းတရားတွေနဲ့ အကျိုးတရားတွေ အားလုံးဟာ ခဏတဖြုတ်သာ တည်ကြပါတယ်။ ကာလကြာရှည် မတည်မြဲကြဘူးလို့ မြတ်ဗုဒ္ဓက သိမြင်ဟောညွှန်တော်မူခဲ့ပါတယ်။ ဒါကြောင့် **ဗုဒ္ဓဘာသာရဲ့ အလယ်ပိုင်းဟာ ခဏိကဝါဒလို့** သိမှတ်ကြပါ။

လောကကြီးမှာ အရာဝတ္ထုတွေ အားလုံးဟာ သဘာဝအတိုင်း ခဏတဖြုတ်သာ တည်ကြပါတယ်။ စက္ကန့်မလပ် တရစပ် ပျက်စီးနေကြတာကြောင့် အပျက်လောကကြီးပဲလို့ မြတ်ဗုဒ္ဓက သိမြင်ညွှန်ပြတော်မူခဲ့ပါတယ်။

လုဇ္ဇတိ ပ လုဇ္ဇတီတိ လောကော။

လုဇ္ဇတိ၊ ပျက်စီး၏။ ပလုဇ္ဇတိ၊ ပျက်လိုက်ထာမှ ဆယ်(ဆည်)လို့ မရအောင် ပျက်စီး၏။ ဣတိ၊ ဒါကြောင့်။ လောကော၊ လောကလို့ ပြောကြရ ဆိုကြရ၏။

(**မှတ်ချက်**။ ။ပလုဇ္ဇတိ=ဖြစ်၏ဟူသော ဘာသာပြန်ချက်သည် ပါဠိမတတ်သူတို့၏ ယွင်းမှားလွန်းသည့် ဘာသာပြန်ချက်တည်း။)

သမာဓိလုပ်ငန်းကို ဗုဒ္ဓနည်းကျကျ စနစ်မှန် အားထုတ်လို့ ဥဒယဗ္ဗယ(ခေါ်) ဖြစ်+ပျက်ကို သိမြင်မှသာ ဗုဒ္ဓဘာသာရဲ့အလယ်ပိုင်း ခဏိကဖြစ်ပုံ စစ်မှန်ပုံကို တကယ် သိနိုင်တာကြောင့် ဒီအချိန်မှာ ဒီလောက်သာ ပြောခွင့်ကြုံပါတယ်။

## ဗုဒ္ဓဘာသာရဲ့ ထိပ်ဆုံးပိုင်း

ဗုဒ္ဓဘာသာရဲ့ ထိပ်ဆုံးပိုင်းကို တိုတိုပဲ ပြောပါမယ်။

ဗုဒ္ဓဘာသာရဲ့ အပြီးသတ် ထိပ်ဆုံးအကျိုးဟာ ဘာလဲဆိုတဲ့ မေးခွန်းကို ဆင်းရဲအားလုံး ငြိမ်းအေးမှုလို့ မြတ်ဗုဒ္ဓက ဖြေတော်မူခဲ့ပါတယ်။

ဒါကြောင့် ဗုဒ္ဓဘာသာရဲ့ ထိပ်ဆုံးပိုင်းဟာ ပါဠိလို သန္တိ၊ ဗမာလို ငြိမ်းအေးမှုလို့ စွဲမြဲသေချာ မှတ်ထားကြပါ။

## ငြိမ်းအေးမှု ဖြစ်နိုင်သလား

အပျက်လောကကြီးလို့ သိမြင်ဟောကြားနေတဲ့ ဗုဒ္ဓဟာ ဒီ အပျက်လောကကြီးထဲက သန္တိ(ခေါ်) ငြိမ်းအေးမှုချမ်းသာ ထွက်လှာအောင် ပြုလုပ်နိုင်တယ်ဆိုတာ ဖြစ်နိုင်ပါသလားလို့ မေးစရာ တွေးစရာ ဖြစ်နေပါတယ်။

ဗုဒ္ဓဘာသာရဲ့ ထိပ်ဆုံးကောင်းကျိုး သန္တိဝါဒ မှန် မမှန်ကို လောကရဲ့ သဘာဝမှန်နဲ့ ညှိနှိုင်း စဉ်းစား ဆုံးဖြတ်မှသာ ပညာရှင်များ ယုံကြည်လက်ခံသင့်တဲ့ ဆုံးဖြတ်ချက်တရပ် ဖြစ်ပါမယ်။ ဒါကြောင့် လောကရဲ့ သဘာဝမှန်နဲ့ ညှိနှိုင်းကြရအောင်။

လောကရဲ့ သဘာဝမှန်စစ် ဗုဒ္ဓဘာသာရဲ့ အခြေခံဝါဒလဲဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ် (ခေါ်) ကြောင်း+ကျိုးဆက် ဝါဒအရ စဉ်းစားယင် လောကမှာ မိမိက မဖြစ်စေချင် မရှိစေချင်တဲ့အရာဝတ္ထု(သို့) အခြင်း အရာ ဖြစ်နေ ရှိနေယင် စိတ်ဆင်းရဲပါတယ်။

စိတ်ဆင်းရဲယင် စိတ်မှာ အပူဓာတ် ဝင်လှာတာပါပဲ။ နဲနဲ ဆင်းရဲယင် အပူနဲနဲ ဝင်တာပဲ။ များများဆင်းရဲယင် အပူများများ ဝင်တာပဲ။

စိတ်ဆင်းရဲမှု ဖြစ်နေ ရှိနေတာကြောင့် စိတ်ပူပန်မှု ဖြစ်လှာ တယ်။ ဒါကြောင့် စိတ်ဆင်းရဲမှုဟာ စိတ်ပူပန်မှုရဲ့ အကြောင်းဖြစ် တယ်။

မိမိက မဖြစ်စေချင် မရှိစေချင်တဲ့ အရာဝတ္ထု (သို့) အခြင်း အရာ ဖြစ်နေ ရှိနေတာကြောင့် စိတ်ဆင်းရဲမှု ဖြစ်လှာတယ်။ ဒါကြောင့် စိတ်ဆင်းရဲမှုရဲ့ အကြောင်းဟာ မိမိက မဖြစ်ချင် မရှိစေချင်တဲ့ အရာ ဝတ္ထု (သို့) အခြင်းအရာရဲ့ ဖြစ်နေမှု ရှိနေမှုပဲ။

မိမိက မဖြစ်စေချင် မရှိစေချင်တဲ့ အရာဝတ္ထု (သို့) အခြင်း အရာကို ဖြစ်နေအောင် ရှိနေအောင်လုပ်တဲ့ အရာဝတ္ထု(သို့) အခြင်း

အရာ ဖြစ်နေ ရှိနေတာကြောင့် မိမိက မဖြစ်စေချင် မရှိစေချင်တဲ့ အရာဝတ္ထု (သို့) အခြင်းအရာ ဖြစ်လာတယ်။

ဒါကြောင့် မိမိက မဖြစ်စေချင် မရှိစေချင်တဲ့ အရာဝတ္ထု (သို့) အခြင်းအရာရဲ့ အကြောင်းဟာ ဒါတွေ ဖြစ်လာအောင် ရှိလာအောင် လုပ်တဲ့ အရာဝတ္ထု (သို့) အခြင်းအရာပဲ။

အရင်းအမြစ်ထိအောင် အစီစဉ် မှန်မှန်နဲ့ စစ်ယင် အတိုကောက် စကားလုံးစိစစ်ယင် ရှိအောင် ဖြစ်အောင်လုပ်တဲ့ အရာဝတ္ထု (သို့) အခြင်းအရာ ဖြစ်နေမှု ရှိနေမှုက ကြောင်း+ကျိုး ဆက်နွယ်ကာ နောက်ဆုံးမှာ စိတ်ပူပန်မှု မကောင်းကျိုး ဖြစ်တာကို သိမြင်လာပါ တယ်။

အကြောင်းရင်း ဇာစ်မြစ်ဖြစ်တဲ့ အရာဝတ္ထု (သို့)အခြင်းအရာကို မဖြစ်အောင် မရှိအောင် လုပ်နိုင်ဖို့ နည်းမှန်ကို သိရလို့ မဖြစ်အောင် မရှိအောင်လုပ်ပြီးယင် အကျိုး အဆက်ဆက် မဖြစ်တော့ မရှိတော့ပဲ နောက်ဆုံး မကောင်းကျိုးဖြစ်တဲ့ စိတ်ပူပန်မှုလဲ မဖြစ်တော့ဘူး။ မရှိ တော့ဘူး။ အားလုံး ငြိမ်းအေးကုန်ပြီ။ ပါဠိဘာသာနဲ့ ပြောယင် သန္တိဖြစ်ပြီ။

လောကရဲ့ ပြောခဲ့ပြီး သဘာဝမှန်အရ သန္တိ (ခေါ်) ငြိမ်း အေးမှု ဖြစ်တာကို ပညာဉာဏ် အတော်အသင့်ရှိသူတွေတောင်မှ ယုံကြည် လက်ခံကြတာပါပဲ။ ပညာဉာဏ်ကြီးသူတွေ အတွက်တော့ ပြောစရာ မရှိ၊ ချွင်းချက် မရှိ ယုံကြည် လက်ခံကြတယ်ဆိုတာ မြေကြီးလက်ခတ် မလွဲပါဘူး။

ဒီလောကရဲ့ ပြောခဲ့တဲ့ သဘာဝမှန်ကို လက်ခံနိုင်ယင် ဗုဒ္ဓ ဘာသာရဲ့ ထိပ်ဆုံး ကောင်းကျိုးဖြစ်တဲ့ သန္တိ (ခေါ်) ငြိမ်အေးမှုကိုလဲ ယုံကြည် လက်ခံနိုင်ပါတယ်။

## မြတ်ဗုဒ္ဓရဲ့ မိတ်ခေါ်ချက်

ပူပန်မှုတွေရဲ့ အကြောင်းရင်း ဇာစ်မြစ် ပြုတ်ပြုတ်ပြုန်းအောင် မဖြစ်တော့အောင် မရှိတော့အောင် လောကရဲ့ သဘာဝမှန်နဲ့ အညီ ပြုလုပ်နိုင်စွမ်း ပြည့်ဖြိုး ဝေဆာနေတဲ့ နည်းမှန်ကောင်းဟာ ဗုဒ္ဓဘာသာ မှာ ရှိပါတယ်။ ပြည့်စုံလဲ ပြည့်စုံပါတယ်။

ငြိမ်းအေးအောင် လုပ်ချင်တဲ့ စိတ်ဓာတ် ပြင်းထန်ဖို့ကတော့ ငြိမ်းအေးချင်သူတွေရဲ့ တာဝန်ပိုင်း ဖြစ်ပါတယ်။

မြတ်ဗုဒ္ဓက **မကောင်းကျိုး မဖြစ်အောင် မရှိအောင် ရည်ရွယ်ပြီး အကြောင်းတွေ မဖြစ်အောင် မရှိအောင် လုပ်ပါတယ်။**

ရည်ရွယ်တာက မကောင်းကျိုး မဖြစ်ဖို့ မရှိဖို့၊ ပြုလုပ်တာက အကြောင်းတွေ မဖြစ်ရအောင် မရှိရအောင် ပြုတ်ပြုတ်ပြုန်းကုန်အောင် ဖြစ်နေတော့ မြတ်ဗုဒ္ဓရဲ့ ရည်ရွယ်ချက်နဲ့ လုပ်ငန်းကို သဘော မရှင်းကြဘူး။

သဘောမရှင်းကြပေတော့ မြတ်ဗုဒ္ဓရဲ့ သန္တိ (ခေါ်) ငြိမ်းအေးမှု ဝါဒဟာ ဟုတ်မှန်ရဲ့လားလို့ သံသယဝင်သူတွေ၊ မဖြစ်နိုင်ဘူး မမှန်ဘူးလို့ ငြင်းချက်ထုတ်သူတွေ ပေါ်နေကြတာပါပဲ။

မကောင်းကျိုး မဖြစ်အောင် မရှိအောင် ရည်ရွယ်ပြီး အကြောင်းတွေ မဖြစ်အောင် မရှိအောင် ပြုလုပ်တာကြောင့် အကြောင်းရော အကျိုးပါ နှစ်မျိုးလုံး ချုပ်ငြိမ်း ဇာတ်သိမ်းပြီး မြတ်ဗုဒ္ဓဟာ တကယ် အောင်မြင်မှုကို ရတော်မူပါတယ်။

တကယ် အောင်မြင်မှုကို ရတော်မူပြီးမှ ဧယတိက္ခဝေါ သွာက္ခာတော ဓမ္မော၊ စရထ ဗြဟ္မ စရိယံ သမ္မာ ဒုက္ခဿ အန္တ ကိရိယာယ။ ငြိမ်းအေးချင်သူတွေ လာကြ၊ နည်းမှန်ကောင်း တရားတော်ကို ငါ ဟောထားပြီးပြီ၊ ဆင်းရဲအားလုံး ငြိမ်းအေးဖို့ ကျင့်နည်းမှန်ကို ကျင့်ကြလို့ မြတ်ဗုဒ္ဓက ဖိတ်ခေါ်တော်မူခဲ့ပါတယ်။

## မြတ်ဗုဒ္ဓရဲ့ ကြွေးကြော်သံ

သတ္တဝါ အားလုံးရဲ့ အကြောက်ဆုံး မလိုချင်ဆုံးဟာ ဒုက္ခလို့ ခေါ်ကြတဲ့ ဆင်းရဲမှု ဖြစ်ပါတယ်။ ဒါကြောင့် မြတ်ဗုဒ္ဓဟာ ဆင်းရဲမှု နည်းပါးရုံ သက်သာရုံလောက်သာ မကြံစည်ဘူး၊ မကြိုးပမ်းဘူး။ ဘာကြောင့်လဲဆိုတော့ ဆင်းရဲ နည်းနည်းရှိသေးယင် နည်းနည်း မကောင်းတာပဲ။ အကောင်းစစ်စစ် မဖြစ်သေးဘူး၊ မဟုတ်သေးဘူး။

မြတ်ဗုဒ္ဓဟာ လောက ချမ်းသာရေးကိုလဲ မကြိုးပမ်းခဲ့ဘူး။ ချမ်းသာမှုဟာ လောကမှာ အဟုတ်မရှိဘူး၊ တကယ် မရှိဘူးလို့ သိမြင်တော်မူတာကြောင့်ပါပဲ။

သတ္တဝါတွေ အားလုံးရဲ့ အကြောက်ဆုံး မလိုချင်ဆုံးဖြစ်တဲ့ ဆင်းရဲမှုတွေ အကုန်အစင် ကင်းပျောက် ချုပ်ငြိမ်း ဇာတ်သိမ်းဖို့သာ ကြံစည်တော်မူပါတယ်။ ကြိုးပမ်းတော်မူပါတယ်။ ကြံစည် ကြိုးပမ်းတဲ့ အတိုင်းလဲ တကယ် အောင်မြင်တော်မူပါတယ်။

အောင်မြင်တော်မူတဲ့ အကြောင်းကိုလဲ တရားဦး ဓမ္မစကြာကို ဟောတော်မူဖို့ ဗုဒ္ဓဂယာမှ ဗာရာဏသီမြို့နဲ့ (၆) မိုင်ကွာ မိဂဒါဝုန်ကို ကြွလှမ်းတော်မူတဲ့အခါ ယနေ့ မြန်မာနိုင်ငံမှာ ဘိုးအို ဘွားအိုကြီးတွေနဲ့တကွ ၁၂ နှစ်အရွယ် သားငယ် သမီးငယ်တွေအထိ အားလုံး သိနေကြတဲ့ ဥပကကြီး မစာပါနဲ့ မညားသေးခင် ပရိဗိုဇ် သူတော်စင် ဖြစ်နေခိုက်မှာ နိဗ္ဗာန်ရထိုက်သူမို့ ဆုံတွေ့ဖို့ အခွင့်အရေးကို မြတ်ဗုဒ္ဓက ပေးတော်မူလို့ တွေ့ဆုံကာ စကားပြောကြတော့ ဥပက မေးတာကြောင့်—

တသ္မာဟ မုပက ဇိနော

ငါဟာ ဆင်းရဲဖြစ်ကြောင်း မကောင်းတဲ့ ကိလေသာတွေကို အောင်မြင်သူအစစ် ဖြစ်တာကြောင့် ဇိနဘွဲ့ထူး ရသူဖြစ်တယ် ဥပကလို့ ဝန်ခံ ကြွေးကြော်တော်မူခဲ့ပါတယ်။

အောင်မြင်တော်မူတဲ့ နည်းမှန်ကောင်းကိုလဲ ၄၅—နှစ် လုံးလုံး နေ့ရော ညဉ့်ပါ ဟောပြတော်မူခဲ့ပါတယ်။

ယနေ့ တရားနာကြတဲ့ ပရိသတ်တွေနဲ့ ဟိုက်ဆိုင်နေတဲ့ အချက် တခု ရှိပါတယ်။ ဘာလဲဆိုတော့ ဒကာ ဒကာမတွေ သီလယူ ဥပုသ် စောင့် တရားနာ စတဲ့ ကုသိုလ်ကောင်းတွေကို ပြုကြတဲ့ ဒီနေ့ဟာ သကရာဇ် ၁၃၄၁—ခုနှစ်၊ သက္ကရာဇ် ၂၅၂၃—ခုနှစ်၊ ဗုဒ္ဓဘာသာ စတင် ပေါ်ထွန်းရာနေ့လို့ ဂုဏ်ထူးတင်အပ်တဲ့ ဝါဆိုလပြည့်နေ့ ဖြစ်နေပါတယ်။

ငါဟာ အောင်မြင်သူ ဖြစ်တယ်လို့ မြတ်ဗုဒ္ဓ ကြွေးကြော်တော်မူတဲ့ နေ့ဟာလဲ ကပိလဝတ် သကရာဇ် ၁၀၃–ခုနှစ်၊ သက္ကရာဇ် မပေါ်သေးခင် ၄၅–နှစ်၊ ယနေ့က နောက်ပြန် ရေတွက်ယင် လွန်ခဲ့ပြီး ၂၅၆၈–နှစ်မှာ ဗုဒ္ဓဘာသာ စတင် ပေါ်ထွန်းတဲ့ ဝါဆို လပြည့်နေ့ပဲ ဖြစ်ခဲ့ပါတယ်။

## နိဂုံးစကား

ဗုဒ္ဓဘာသာဆိုတာ မြတ်ဗုဒ္ဓရဲ့ ဟောညွှန်တော်မူချက် ဖြစ်ပါတယ်။ တသန့်စီခွဲယင် အစပိုင်းအနေ အခြေခံမှာ ပဋိစ္စသမုပ္ပါဒ်(ခေါ်) ကြောင်း+ကျိုးဆက်ဝါဒ၊ အလယ်ပိုင်းမှာတော့ လောကမှာ အရာရာ တိုင်းဟာ ခဏတဖြုတ်သာ တည်ရှိတယ်လို့ သိမြင်တဲ့ ခဏိကဝါဒ၊ အဆုံးပိုင်းမှာတော့ ဆင်းရဲအားလုံး ငြိမ်းအေးမှု သန္တိဝါဒ ဖြစ်ပါတယ်။

တသန့်စီမခွဲယင် မြတ်ဗုဒ္ဓရဲ့ ဟောညွှန်တော်မူချက် "ကြောင်း+ကျိုးဆက် ခဏိကသန္တိဝါဒဟာ ဗုဒ္ဓဘာသာ ဖြစ်ပါတယ်"လို့ သိမှတ်ပြောဆိုကြပါ။

ဗုဒ္ဓဘာသာအကြောင်း သိကောင်းစရာတွေကို အကျဉ်းချုပ် အဆီညှစ်ထုတ်ကာ ဟောပြမှု ပြီးဆုံးပါပြီ။

# ဗုဒ္ဓအကြောင်း သိကောင်းစရာ

ဗုဒ္ဓဆိုတဲ့ စကားလုံးနဲ့ ဘာသာဆိုတဲ့ စကားလုံးနှစ်ခုကို ပေါင်းစပ်ပြီး ဗုဒ္ဓဘာသာလို့ ပြောနေကြတာ ဖြစ်ပါတယ်။ ဒီစကားလုံးတွဲကို ဗုဒ္ဓရယ်+ဘာသာရယ်လို့ တသန့်စီ ခွဲခြားပြီး အကျယ်တဝင့် ပြောဖို့ လိုအပ်ပေမယ့် အချိန်အခါနဲ့ချင့်ယင် ဗုဒ္ဓအကြောင်းကို အကျယ်တဝင့် ပြောချိန် မသင့်သေးဘူး။ ဒါကြောင့် ဗုဒ္ဓအကြောင်း သိကောင်းစရာကို အကျဉ်းချုပ်မျှ ပြောပါမယ်။

## ဗုဒ္ဓလောင်းလျာရဲ့ မဟာကရုဏာ

ဂေါတမ ဗုဒ္ဓလောင်းလျာ သူတော်ကောင်း သုမေဓာဟာ ဒီပင်္ကရာ မြတ်ဗုဒ္ဓရဲ့ ခြေတော်ရင်းမှာ ဝပ်စင်းကာ ဘုရားဆုပန်ဖို့ ကြံစည်ချိန်မှာ—

ကိံ မေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ။ ။

ကိုယ်အား ဉာဏ်အား စွမ်းပကား ပြည့်ဖြိုးတဲ့ ယောကျ်ားမျိုးကောင်း ငါဟာ တယောက်တည်းသာ နိဗ္ဗာန်ရောက် ကူးမြောက်လို့ ဘာလောက်မျှ တန်ဖိုးမပြည့် အကျိုးမရှိဘူး။ ငါကိုယ်တိုင် သဗ္ဗညုအစစ် ဗုဒ္ဓဖြစ်ပြီးမှ ဗြဟ္မာတွေပါ မကျန်စေရ (သဒေဝက)သတ္တဝါ မှန်သမျှကို နိဗ္ဗာန်ပေါက် ကူးရောက်စေမယ်လို့ ကြုံး ဝါး ခဲ့တဲ့ အကြောင်းကို ဗုဒ္ဓဖြစ်ပြီးချိန်မှာ ကိုယ်တော်တိုင်က ပြန်ပြောပြတော်မူပါတယ်။

ဘုရားဖြစ်မည့် နေ့ရက်ကို ချင့်တွက် မျှော်ကွေးလို့လဲ မသိသေး၊ ကပ္ပကုဋ္ဋေ လေးသင်္ချေ တသိန်းတာ လွန်တဲ့ခါမှာ ကေန်မုချ ဗုဒ္ဓ

ဖြစ်မယ်လို့ မိန့်ကြားတော်မူတဲ့ ဒီပင်္ကရာ မြတ်ဗုဒ္ဓရဲ့ ဗျာဒိတ်သံတော်ကိုလဲ မကြားရသေးခင်ကတည်းက သတ္တဝါတွေပေါ်မှာ ဗုဒ္ဓလောင်းလျာ ထားခဲ့တဲ့ မဟာကရုဏာ ဂုဏ်တော်ထူးကို အာရုံမြူးကာ ကုသိုလ်ယူကြပါ ပရိသတ်တို့။

## ဗုဒ္ဓလောင်းလျာရဲ့ မေတ္တာတော်

လောကမှာ သွေးမစပ်တဲ့သူတွေ ကျေးဇူးခံ ကျေးဇူးစား မဟုတ်သူတွေအတွက် အခမဲ့ ဆင်းရဲခံရတာ တရက်ကြာယင် တကပ္ပါလောက် ကြာတယ်လို့ ထင်သူတွေ များပါတယ်။ တရက်ကို တကပ္ပါလောက် ကြာတယ်လို့ထင်တာ ဘာကြောင့်လဲလို့ ဆိုယင် မေတ္တာစေတ်မရှိကြလို့ပါပဲ။

သား သမီး မြေး မြစ်တွေအတွက် တသက်ပတ်လုံး ဆင်းရဲကြီး ခံနေကြရသေမယ့် ခဏကလေးလို့ထင်သူတွေ ပေါများနေကြတာဟာ မေတ္တာစေတ်ခံ ပြည့်ကြလို့ပါပဲ။

ဗုဒ္ဓလောင်းလျာ ပါရမီဖြည့်ရတဲ့ လေးသင်္ချေနဲ့ ကပ္ပါတသိန်းတာ အချိန်ဟာ တစ်ကပ္ပါ နှစ်ကပ္ပါ သုံးကပ္ပါ စသည် ခု ဂဏန်းရာ ထောင် သောင်း သိန်း သန်းဂဏန်းနဲ့ ရေတွက်တာမျိုး မဟုတ်ဘူး။ ကပ္ပါတကုဋေ၊ ကပ္ပါနှစ်ကုဋေ၊ ကပ္ပါသုံးကုဋေ စသည် ကုဋေဂဏန်းနဲ့ အစချီပြီး ရေတွက်တာပါ။

ကပ္ပါတစ်ကုဋေ ကပ္ပါနှစ်ကုဋေ စသည် ရေတွက်လို့ ဂဏန်းစဉ်ပေါင်း တစ်တလုံး နောက်မှာ သုည တစ်ရာ့လေးဆယ် ပြည့်ယင် တစ်သင်္ချေလို့ ခေါ်ပါတယ်။

ဒီနည်းနဲ့ ရေတွက်ရတဲ့ ကပ္ပါကုဋေ လေးသင်္ချေနဲ့ အပိုအလျှံ ကပ္ပါတစ်သိန်းတာ အလွန်ရှည်လျားလွန်းတဲ့ အချိန်ဟာ သာမန်လူတွေအတွက် အင်မတန် ကြောက်စရာ လန့်စရာ ရှည်လျားလွန်းပေမယ့် ဘုရားလောင်း သုမေဓာအတွက်တော့ တရက်စာမျှ တိုလွန်းလှတယ် ထင်မှတ်ပြီး နက်ဖြန်မှာ ဘုရားဖြစ်ရတော့မလောက် အင်မတန် ဝမ်းမြောက် ဝမ်းသာ ဖြစ်ခဲ့ပါတယ်။ ဒီလိုဖြစ်တာဟာ အာဇာနည်ပုဂ္ဂိုလ်

ဖြစ်လို့ပါလို့ အထင်မလွဲကြပါနဲ့။ သတ္တဝါတွေအပေါ်မှာ မေတ္တာ ဓာတ် ကြီးမားလွန်ကဲလွန်းလို့သာ ဖြစ်ပါတယ်။

ဘုရားလောင်းရဲ့ ဒီမေတ္တာ ဂုဏ်တော်ထူးကို အာရုံပြုကာ ကုသိုလ်ယူကြပါ။

## ပြောချိန် မရှိ

ကပ္ပါကုဋေ လေးသင်္ချေနဲ့ တသိန်းတာ အလွန်ရှည်ကြာအောင် ဆင်းရဲကြီး အစုံစုံခံကာ ပါရမီတွေ ဖြည့်ကျင့်ခဲ့ပုံ အစထား ဘုရား ဖြစ်မည့်ဘဝမှာ သိဒ္ဓတ္ထမင်းသားအဖြစ်နဲ့ ရရှိထားတဲ့ စည်းစိမ်တွေ အဖုံဖုံကို အကုန်စွန့်ပစ်ကာ တောထွက်တော်မူပြီးတဲ့နောက် လူသာမန် တွေ တွေးရုံမျှ မတွေးဝံ့စရာ ဒုက္ကရစရိယ (ခေါ်) အလွန်မတန် ပင်ပန်းခံကျင့်မှုကြီးကို ၆-နှစ်တာလုံးလုံး ဘုံးဘုံးလဲတဲ့အထိ ကျင့်တော် မူတာတွေကိုပါ အကုန်လုံးကို ပြောပြနေဖို့ အချိန်မရှိဘူး။ ဒါကြောင့် အချိန်ကိုချင့်ကာ အတိုချုပ်မျှသာ သိမှတ်စရာတွေကို ပြောပြပါမယ်။

## ဒုက္ကရစရိယရဲ့ အဓိပ္ပာယ်

ဒုက္ကရစရိယဆိုတာဟာ ဘယ်လိုအကျင့်လဲလို့ သိဖို့လိုပါတယ်။ ဒုက္ကရစရိယပါဠိဟာ ဒုရယ်+ကရရယ်+စရိယရယ် သုံးပုဒ်တွဲထားတဲ့ စကားဖြစ်ပါဘယ်။

ဒု=လူသာမန်တွေ စိတ်ကူးရုံမျှ မရဲဝံ့ကြ ဇွဲသန်သူတွေတောင်မှ ပြုနိုင်ဖို့ ခက်ခဲတဲ့ အလွန်မတန် ပင်ပန်းကြီးစွာ၊ +ကရ=ပြုကျင့်အားထုတ် တဲ့၊ +စရိယ=ကျင့်မှု (သို့) ကျင့်စဉ်လို့ မြန်မာဘာသာပြန်ရပါတယ်။

**ဗုဒ္ဓလောင်းလျာ တရားကျင့်ပုံ။** ။ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထ မင်းသားအဖြစ်မှ တောထွက်တော် မူလှာပြီးနောက် ဥရုဝေလာတော မှာ ပြင်းပြင်းထန်ထန် တရားကျင့်တဲ့နေရာက နှစ်နေရာ ဖြစ်ပါတယ်။ တရားကျင့်နည်း ကျင့်စဉ်ကလဲ နှစ်မျိုးဖြစ်ပါတယ်။

ဥရုဝေလာတောထဲမှာ ပေတစ်ထောင်ကျော်လောက် မြင့်တဲ့ တောင်တန်းရှည် ရှိပါတယ်။ ဒီတောင်တန်းရှည်ရဲ့ တနေရာမှာ ပေ သုံးရာလောက် တက်သွားယင် ရှေးဟောင်း သဘာဝလှိုဏ်ဂူတခုကို

၁၅၉၄၉

တွေ့ရပါတယ်။ ဒီကျောက်ဂူဟာ ပေ ၅၀–ပတ်လည်လောက် ကျယ်တယ်။ နှင်းပြင်က အမိုးထိ အမြင့် ပေ ၂၀–လောက် ရှိပါတယ်။ ဒီဂူကို ယနေ့ အိန္ဒိယနိုင်ငံသားတွေက **ဒုန်ကာကျရီ** လို့ ခေါ်ကြပါတယ်။ ဂေါတမဗုဒ္ဓ တရားကျင့်သွားတဲ့ နေရာဖြစ်လို့ ဒုန်ကာကျရီ ခေါ်တယ်လို့ ပြောကြပါတယ်။ ဒီနေရာမှာ ဘုရားလောင်းဟာ (၆) နှစ်တိုင်တိုင် တရားကျင့်ပါတယ်။

အသက် သေချင် သေပါစေ၊ ဘုရားမဖြစ်ယင် ငါမနေဘူးလို့ စိတ်ခါတ် ပြင်းပြင်းထန်ထန်ထားပြီး ဝင်လေ ထွက်လေကို ပြင်းပြင်းထန်ထန် ရှူရှိုက်မှု၊ ဝင်လေကို ချက်ရောက်အောင် ရှည်ရှည်ရှူသွင်းပြီးယင် လေမထွက်ရအောင် နှုတ်ခမ်းတွေကို အံကြိတ်ကာပိတ် နားပေါက်နဲ့ နှာခေါင်းပေါက်တွေကို လက်ချောင်းနဲ့ တအားပိတ်ထားပြီး ကျင့်မှု၊ တနေ့မှာ ဆီးသီးတလုံးမျှသာစားပြီး ကျင့်မှု အစရှိတဲ့ တကယ့် အလွဲအမှား ကျင့်မှုတွေကို အားပြတ်လို့ ဘုံးဘုံးလဲကာ မေ့မြောနေတဲ့ အထိ မလျှော့တမ်း ကျင့်ခဲ့ပါတယ်။

ဒီအချိန်မှာ အားပြတ်ကာ ဘုံးဘုံးလဲတဲ့အထိ အလွဲအမှား ကျင့်စဉ်တွေကို ကျင့်မှုဟာ ဒုက္ကရစရိယ ကျင့်မှုစစ်စစ် ဖြစ်ပါတယ်လို့ အားလုံးက လက်ခံကြပါတယ်။

အားပြတ်ကာ ဘုံးဘုံးလဲတဲ့အထိ ၆–နှစ်တာလုံးလုံး မနားတမ်း ကျင့်ပါယူက်နဲ့ ဘာကြောင့် ဘုရားမဖြစ်လဲဆိုယင် ကျင့်နည်းကျင့်စဉ် လွဲမှားတာကြောင့်သာ သဗ္ဗညုတဉာဏ်တော်ကို မရလို့ ဘုရား မဖြစ်တာပါ။ ပါရမီ မရှိလို့၊ ပါရမီ မပြည့်သေးလို့ ဘုရားမဖြစ်တာ မဟုတ်ပါဘူး။

ပါရမီတော်ကြောင့်သာ ဘုရားဖြစ်တာပါဆိုတဲ့စကား မှန်ခဲ့ယင် ဘုရားဖြစ်ဖို့ ပါရမီတွေရှိပြီး ပါရမီတွေ ပြည့်ပြီးဖြစ်ထာကြောင့် ကျင့်နည်း ကျင့်စဉ် လွဲမှားပေမယ့် ဧကန်မုချ ဘုရားဖြစ်သင့်ပါတယ်။

ငင်စစ်တော့ ကျင့်နည်းကျင့်စဉ် လွဲမှားတာကြောင့်သာ ဘုရားမဖြစ်တာပါ။ ပါရမီတွေက ရှိနေပြီး ပြည့်နေပြီး ဖြစ်ကြပါတယ်။

ဒါကြောင့် ဘုရားမဖြစ်တာဟာ ပါရမီနဲ့ ဘာမျှ မသက်ဆိုင်ဘူး၊ ကျင့်နည်းကျင့်စဉ် လွဲမှားမှုနဲ့သာ သက်ဆိုင်ပါတယ်။ ဒီအချက်ကို ပညာရှင်တွေအားလုံး ယုံကြည်လက်ခံကြပါတယ်။

ဝေဖန်ချက်တွေကို ခေတ္တရပ်ထားပြီး ဘုရားလောင်းရဲ့ ပြုကျင့်ပုံတွေကို ပြောပါမယ်။

ဘုရားလောင်းဟာ အားပြတ်ကာ ဘုံးဘုံးလဲ မေ့မြောရာက သတိပြန်ရလှာချိန်မှာ ငါ ကျင့်ခဲ့တာတွေ အားလုံးဟာ အလွဲအမှားတွေပဲလို့ အမှန်ကို သိမြင် ဆုံးဖြတ်ပြီး အစာကို ဝမ်းပြည့်အောင် စားကာ ကိုယ်အင်အား ပြန်ပြည့်လှာအောင် ပြုလုပ်တော်မူပါတယ်။

ကိုယ်အင်အား ပြန်ပြည့်လှာအောင် ပြုလုပ်တဲ့ နေရာဟာ ဘုံးဘုံးလဲအောင် အလွဲအမှား တရားကျင့်ခဲ့တဲ့ နေရာသာ ဖြစ်ပါတယ်။ မဟာဗောဓိပင်အောက်ကို မရောက်သေးပါဘူး။ ယခု အိန္ဒိယနိုင်ငံသားတွေ ပြောကြတဲ့အတိုင်း ပြောယင် ဒုန်ကာကျေရိဂ္ဂူပဲ ဖြစ်ပါတယ်။

ခန္ဓာကိုယ်အင်အားလဲ ပြည့်စုံ၊ အလိုရှိတဲ့အချိန်မှာ အလျင်အမြန် ဝင်စားနိုင်စွမ်းရှိအောင် ဈာန်တွေကိုလဲ ရတော်မူပြီးမှ ကပိလဝတ် သကရာဇ် ၁၀၃—ခုနှစ်၊ ကဆုန်လပြည့် ညနေဆည်းဆာ နေဝင်လုနီးချိန်မှာ ဘုရားလောင်းဟာ ဥရုဝေလာ တောတွင်းမှာ ပါဝင်တဲ့ မဟာဗောဓိ ညောင်ပင်အနီးကို ကြွသွားတော်မူပါတယ်။

## မဟာဗောဓိ ညောင်ပင်အောက်မှာ

မဟာဗောဓိ ညောင်ပင်အနီး ရောက်ပေမယ့် မဟာဗောဓိ ညောင်ပင်အောက်ရှိ မဟာဗောဓိအောင်မြေ ရောက်အောင် မဝင်နိုင်သေးတာကြောင့် မဟာဗောဓိ အောင်မြေအရပ်ကို လက်ယာရစ် လှည့်ပတ်နေတဲ့အခါ မဟာဗောဓိ ညောင်ပင်နဲ့ ၃၂—သံကွာတဲ့ ဆိတ်ကျောင်း ညောင်ပင်အနီး ရောက်ခိုက်မှာ မြေဇာမြက်ရိတ်နေတဲ့ ဆိတ်ကျောင်းသမား မောင်သုဒ္ဓိယက ခင်းထိုင်ဖို့ရာ လှူဒါန်းလိုက်တဲ့ မြေဇာမြက် လက်ဆုပ်စည်း ရှစ်စည်းကို မဟာဗောဓိ ညောင်ပင်အောက်မှာ ထိုင်ဖို့ သင့်တော်အောင် ဖြန့်ခင်းပြီး ရတနာပလ္လင်လို့ ဂုဏ်တင် ပြောဆိုနေကြတဲ့ မြေဇာမြက်အခင်းပေါ်မှာ **မဟာ တင်ပလ္လင်ခွေ** ထိုင်တော်မူကာ အသက်သေချင် သေပါစေ၊ သဗ္ဗညုတ ဉာဏ်တော်ကို မရယင် ဒီ တင်ပလ္လင်ခွေကို ငါ မဖျက်ဘူးလို့ အထူး စိတ်ဓာတ် ပြင်းပြင်း ထန်ထန် အဓိဋ္ဌာန်ကောင်းပြုပြီး တရားကျင့်တော်မူပါတယ်။

ကျင့်နည်း ကျင့်စဉ် မှန်တာကြောင့် နေအရုဏ်တက်ချိန်မှာ သဗ္ဗညုတ ဉာဏ်တော်ကို ရပြီး မြတ်ဗုဒ္ဓ ဖြစ်တော်မူပါတယ်။

ဒီဖြစ်ရပ်မှာ စဉ်းစား ဆုံးဖြတ်စရာက မဟာဗောဓိ ညောင်ပင် အောက်မှာ မဟာ တင်ပလ္လင်ခွေထိုင်ပြီး တည္ခ်လုံး ပြင်းပြင်း ထန် ထန် တရားကျင့်တော်မူတာကို ဒုက္ကရစရိယကျင့်မှုလို့ ဆိုသင့်သလား၊ မဆိုသင့်ဖူးလားဆိုတဲ့ အချက်ဟာ လိုရင်းချုပ် ဖြစ်ပါတယ်။

မဟာဗောဓိ ညောင်ပင်အောက်မှာ အသက်သေချင် သေပါစေ၊ သဗ္ဗညုတ ဉာဏ်တော်ကို မရယင် ဒီ တင်ပလ္လင်ခွေကို ငါ မဖျက်ဘူးလို့ စိတ်ဓာတ် အထူး ပြင်းပြင်း ထန်ထန် အဓိဋ္ဌာန်ပြုပြီး တရားကျင့်တာ ဟာလဲ လူသာမန်တွေ စိတ်ကူးရုံမျှ မရဲကြ၊ ဇွဲသန်သူတွေတောင်မှ ကျင့် နိုင်ဖို့ ခက်ခဲစွာ ကျင့်တော်မူတာ ဖြစ်ထာကြောင့် ဒုက္ကရစရိယ စစ်စစ် ဖြစ်ပါတယ်လို့ ဆုံးဖြတ်ပါတယ်။

မဟာဗောဓိ အောင်မြေမှာ တရားကျင့်တာဟာလဲ ဒုက္ကရစရိယ ဖြစ်ပါတယ်။ ကျင့်နည်း ကျင့်စဉ် မှန်တာကြောင့် မဂ္ဂင် အကျင့်မြတ်နဲ့ ဆက်စပ်မိလို့ ဘုရားဖြစ်လာတာပါ။

ဒုက္ကရ စရိယ ကျင့်မှုဟာ ပွင့်လုနီး ဘုရားလောင်း အားလုံးရဲ့ မလွဲမရှောင်နိုင်တဲ့ ဓမ္မတာ သဘာဝ ဖြစ်တယ်လို့ဆိုတဲ့ ကျမ်းဂန်ကြီး စကားနဲ့လဲ နှိုင်းချိန်နိုင်ပါသေးတယ်။

ပြောခဲ့ပြီး စိစစ်ချက်တွေအရ (၁) ပါရမီပြည့်မှု (၂) ဒုက္ကရ စရိယ (ခေါ်) ပြင်းပြင်း ထန်ထန် စိတ်ဓာတ် သန်သန်နဲ့ ကျင့်မှု၊ (၃) ကျင့်နည်း ကျင့်စဉ် မှန်မှုတွေကြောင့် ဘုရား ဖြစ်တယ်။ ပါရမီ တမျိုးထဲကြောင့် ဘုရားဖြစ်တာ မဟုတ်ဘူးလို့ သိမှတ်သင့်ပါပြီ။

## နိဗ္ဗာန်ကို ကောန်ရဖို့

အကြောင်း ဟိုက်ဆိုင်နေတာကြောင့် နိဗ္ဗာန်ကို ကောန်ရဖို့ မရှိ ယင် မဖြစ်တဲ့ အချက်တွေကို အနည်းဆုံးအဖြစ်နဲ့ ပြောပြရယင်—

(၁) ထက်သန်တဲ့ ပါရမီ ပြည့်နေခြင်း၊

(၂) တရားကျင့်နိုင်လောက်အောင် ခန္ဓာကိုယ် အင်အား ပြည့်စုံခြင်း၊

(၃) ဒိဘဝမှာ တရားကျင့်မှု (ပစ္စုပ္ပန်ကမ်) ကို ပြုခြင်း၊
(၄) ကျင့်နည်း ကျင့်စဉ် မှန်ခြင်း၊
(၅) သဒ္ဓါစတဲ့ ဣန္ဒြေငါးဖြာ ထက်သန်လာအောင် ကျင့်ပုံ ကျင့်ဟန် မှန်ခြင်း။

ဒီ ငါးလီ ညီတာကြောင့် သိဒ္ဓတ္ထမင်းသားဟာ အသက် ၃၅—နှစ်မှာ သဗ္ဗညုစစ်စစ် မြတ်ဗုဒ္ဓ ဖြစ်လာပါတယ်။

## မဟာ တင်ပလ္လင်

ဘုရားလောင်းဟာ မဟာဗောဓိ ညောင်ပင်အောက် မဟာဗောဓိ အောင်မြေ ရောက်တော့ မြေဇာမြက် လက်ဆုပ်စည်း ရှစ်စည်းကို ထိုင်ဖို့ သင့်တော်အောင် ဖြန့်ခင်းပြီး မြေဇာမြက် အခင်းပေါ်မှာ **မဟာ တင်ပလ္လင်ခွေထိုင်ကာ** တရားကျင့်ပါတယ်လို့ ပြောခဲ့ပါတယ်။ ပြောခဲ့ပြီး စကားတွေထဲက **မဟာ တင်ပလ္လင်ကို** ရှင်းပြပါမယ်။

တင်ပလ္လင်ခွေ ထိုင်နည်းဟာ (၁) **မဟာ တင်ပလ္လင်**၊ (၂) **တင်ပလ္လင်**၊ (၃) **တင်ကလိမ်ချိတ်**လို့ သုံးမျိုး ကွဲပြားပါတယ်။

မြန်မာ့ ယဉ်ကျေးမှု ပီပီသသ ပန်းချီရေး၊ ပန်းပုထု၊ ပန်းတဉ်းသွန်း၊ ပန်းရံတွေ တည်ထားတဲ့ ဗုဒ္ဓ ရုပ်ပွားတော်များ ထိုင်နေပုံကို ကြည့်ယင် **မဟာ တင်ပလ္လင်ခွေကို** မြင်ကြရပါမယ်။

သံဃာတော်များ၊ ဒကာ—ဒကာမများ သေသေ သပ်သပ် တင်ပလ္လင်ခွေ ထိုင်ပုံကိုတော့ **တင်ပလ္လင်ခွေလို့**သာ ခေါ်ကြပါတယ်။

တင်ပလ္လင်ခွေနည်းအတိုင်း ခွေထားပြီး ခြေဖဝါးမိုး (ခြေဖမိုး) တဘက်ကို ဒူးတဘက်ပေါ်မှာ တင်ထားကာ ထိုင်ပုံကို **တင်ကလိမ်ချိတ်**လို့ ခေါ်ပါတယ်။ တင်ပလ္လင်ချိတ်လို့လဲ ခေါ်ကြ ပြောကြပါတယ်။ ကွေးထား၊ ခွေထားတဲ့ ဝဲဘက် (ဗယ်) ဒူးပေါ်မှာ ယာဘက် (ညာ) ခြေဖဝါးမိုးကို တင်ပြီး ထိုင်ယင် **ညာ တင်ကလိမ်ချိတ်**လို့ ခေါ်ပါတယ်။ ကွေးထား၊ ခွေထားတဲ့ ယာဘက် (ညာ) ဒူးပေါ်မှာ ဝဲဘက် (ဗယ်) ခြေဖဝါးမိုးကို တင်ပြီး ထိုင်ယင် **ဘယ် တင်ကလိမ်ချိတ်**လို့ ခေါ်ပါတယ်။

မြတ်ဗုဒ္ဓများနဲ့ ပွင့်လန်း ဘုရားလောင်းတွေဟာ အမြင့်မြတ်ဆုံး ပုဂ္ဂိုလ်တွေ ဖြစ်ကြတာကြောင့် မဟာတင်ပလ္လင်ခွေပြီး ထိုင်သင့်ကြပါတယ်။

ဗုဒ္ဓဘာသာ သံဃာတော်များနဲ့ အောက်လမ်းဆရာ မဟုတ်ကြတဲ့ လူတွေဟာ အလတ်တန်းပုဂ္ဂိုလ်တွေ ဖြစ်ကြတာကြောင့် တင်ပလ္လင်ခွေ ထိုင်သင့်ကြပါတယ်။ ထိုင်ခွင့် ရှိကြပါတယ်။

ယဉ်ကျေးမှု ခေါင်းပါး မာန်မာန ကြီးမား အသိဉာဏ် ပါးရှားကြတဲ့ အောက်လမ်းဆရာတွေဟာ တင်ကလိမ်ချိတ် ထိုင်လေ့ရှိကြပါတယ်။

## အမတ ခေါ် မသေဆေးတော်

မြတ်ဗုဒ္ဓအကြောင်း သိကောင်းစရာတွေကို ဆက်ကြပါစို့။

မြတ်ဗုဒ္ဓ မဖြစ်ခင် ကျင့်ခဲ့တဲ့ ဒုက္ကရစရိယ ဒဏ်ချက်ကြီးက ဗုဒ္ဓဖြစ်ပြီးချိန်မှာလဲ ပြင်းပြင်းထန်ထန် ဖိစီး နှိပ်စက်လာပြန်တာကြောင့် မြတ်ဗုဒ္ဓရဲ့ သက်တော်ဟာ ဆက်လက်တည်ကာ ရှည်ဖို့ရာအတွက် မျှော်လင့်ချက် မရှိနိုင်တော့ပါဘူး။

အေးငြိမ်းရာ နိဗ္ဗာန်ကို ရတော်မူပြီးတဲ့ မြတ်ဗုဒ္ဓဟာ အေးငြိမ်းရာ နိဗ္ဗာန်မှာ တစ်ဦးတည်း ဝင်မစံသေးပဲ သတ္တဝါတွေကို သနားမှုပိုလွန်းတာကြောင့် အသက်တော် ရှည်ရအောင် မကြာခဏ ဖိုလ်ဝင်စားကာ အေးငြိမ်းရာ နိဗ္ဗာန်အာရုံ ဆိုတဲ့ **မသေဆေးတော်**နဲ့ ကိုယ်ခန္ဓာကို ဆေးကုတော်မူနေခဲ့ပါတယ်။

ယခု ပြောပြီးတဲ့အတိုင်း အသက်တော်ရှည်အောင် နိဗ္ဗာန်ကို အာရုံပြုကာ မကြာခဏ ဆေးကုတော်မူနေတာကို အာယုသင်္ခါရပြုနေတယ်လို့ ကျမ်းဂန်တွေမှာ ဆိုထားပါတယ်။

## ဗုဒ္ဓနဲ့ဆက် ဝေဖန်ချက်

ဂေါတမ မြတ်ဗုဒ္ဓနဲ့ပတ်သက်ပြီး ဆက်နွယ်ဖြစ်ပေါ်နေတဲ့ ဝေဖန်ချက်တချို့ကို ရှင်းပြပါမယ်၊ ဗဟုသုတ ဖြစ်ပွားကြဖို့ပါပဲ။

သတ္တဝါတွေဟာ ဘုရားရဲ့လက်အောက် ရောက်နေသူတွေ ဖြစ်ကြလို့ ကောင်းတာကိုပဲလုပ်လုပ်၊ မကောင်းတာကိုပဲလုပ်လုပ် လက်အောက်ခံ သတ္တဝါတွေ ဒုက္ခမရောက်အောင် ဘုရားရှင်က တာဝန်ခံရမယ်၊ ဒဏ်ခံရမယ်၊ ကယ်တင်ရမယ်။

ဒီတော့မှ အားထားထိုက်တဲ့ ဘုရား၊ ကိုးကွယ်ထိုက်တဲ့ ဘုရား၊ ဆည်းကပ်ထိုက်တဲ့ဘုရား၊ ရှိခိုးထိုက်တဲ့ဘုရား၊ လေးစားထိုက်တဲ့ဘုရား၊ ပူဇော်ထိုက်တဲ့ဘုရား၊ ရိုသေထိုက်တဲ့ဘုရား ဖြစ်နိုင်မှာပေါ့တဲ့။

ဂေါတမဗုဒ္ဓဟာ သဗ္ဗေသတ္တာ ကမ္မဿကာ သတ္တဝါမှန်သမျှ ကံမိမိတာကို ခံကြရ- စံကြရတယ်လို့ ဟောပြောကာ သတ္တဝါတွေ ဆင်းရဲမှုကလွတ်အောင် ဘာမျှ တာဝန်မခံဘူး၊ ဒဏ်မခံဘူး၊ ကယ်တင်မှု မပြုဘူး။ ဒါကြောင့် ဂေါတမ ဗုဒ္ဓဟာ ဘုရားအရည်အချင်းနဲ့ မပြည့်စုံဘူးလို့ ပြောကြသူတွေ ပေါ်နေပါတယ်။

## ဝေဖန်သူလဲ အယူလွဲ

အဖေမရှိ အမေမရှိ မွေးဖွားရာအရင်မရှိ ကျင့်စဉ်တရားမရှိ ကျင့်ပုံကျင့်ဟန်မရှိကြတဲ့ တမန်တော်တွေနဲ့ ကောင်းကင်ဘုံစံ ဘုရားတွေဟာ သတ္တဝါတွေ မကောင်းတာလုပ်ကြပေမယ့် ဆင်းရဲကလွတ်အောင် တာဝန်ခံသူ ဒဏ်ခံသူ ကယ်တင်ရှင်တွေပဲလို့ အများအလွဲယူစွဲနေသူတွေက ပြောကြတဲ့ ဝေဖန်ချက် ဖြစ်ပါတယ်။ ဒါကြောင့် ဝေဖန်သူလဲ လွဲမှား၊ ဝေဖန်ချက်လဲ လွဲမှားနေပါတယ်။

## ကယ်တင်ရှင်ဟာ သဘာဝနဲ့ မညီပါ

လောကမှာ ရာဇဝတ်မှုကျူးလွန်တဲ့သားကို ပြစ်ဒဏ်မခံရအောင် ကယ်တင်ချင်လွန်းလို့ မိဘတွေက ထောင်ဒဏ်ခံ ကြိုးဒဏ်ခံယင် တရားဥပဒေက ခွင့်ပြုပါသလား။

သားသမီးတွေ ငှက်ဖျားတက်ပြီး သေလုနီးဖြစ်နေကြတဲ့အခါ မိဘတွေက သားသမီးတွေရဲ့ကိုယ်စား ငှက်ဖျားဒဏ်ခံကြကာ သားသမီးတွေကို ကယ်တင်ကြယင် သဘာဝ တရားက ခွင့်ပြုပါသလား၊ ဖြစ်နိုင်ပါသလား။ ဒါကြောင့် ကယ်တင်ရှင် ဘုရားဟာ လောကရဲ့ သဘာဝ မှန်နဲ့ မညီပါဘူး။

## ကယ်တင်ရှင်ဘုရား မရှိ

ကယ်တင်ရှင် ဘုရားတွေဟာ လောကရဲ့ သဘာဝမှန်နဲ့ မညီကြတာကြောင့် လောကနဲ့ ဘယ်တုန်းကမျှ မသက်ဆိုင်ကြပါဘူး၊ ဘာမျှ မသက်ဆိုင်ကြပါဘူး။

ဘယ်တုန်းကမျှ မသက်ဆိုင်ကြယင် ဘယ်တုန်းကမျှ မရှိကြတဲ့ ဘုရားတွေပဲ။ ဘာမျှ မသက်ဆိုင်ကြယင် ဘာမျှမရှိကြတဲ့ ဘုရားတွေပဲ။

ကယ်တင်ရှင်ဘုရားတွေဟာ ဘယ်တုန်းကမျှ မရှိကြ၊ ဘာမျှမရှိကြတာကြောင့် လောကမှာ ရိုးလွန်းသူတွေရဲ့ စိတ်ကူးယဉ်သက်သက်မျှ ဖြစ်ကြတဲ့ ဘုရားတွေပဲ။

## မြတ်ဗုဒ္ဓသည် ကယ်တင်ရှင်မဟုတ်

ဂေါတမမြတ်ဗုဒ္ဓဟာ အဖေလဲရှိ အမေလဲရှိ မွေးဖွားရာအရပ်လဲရှိ ကျင့်စဉ်တရားလဲ ရှိ ကျင့်ပုံ ကျင့်ဟန်လဲ ရှိ လောက သဘာဝမှန်နဲ့လဲ ညီတဲ့ ဘုရားဖြစ်တာကြောင့် ကယ်တင်ရှင် မဟုတ်ဘူး။ ကယ်တင်ရှင် မဟုတ်လို့ပဲ မကောင်းတာကို ရှောင်ကြ၊ ကောင်းတာကို လုပ်ကြလို့ လောကကို နည်းမှန်ကောင်းညွှန်ကြားကာ လောကနဲ့ သက်ဆိုင်အောင် ပြုလုပ်နေပါတယ်။ ဒါကြောင့် လောကနဲ့ ဘယ်တုန်းကမျှ မသက်ဆိုင်တဲ့ ဘုရားမဟုတ်ဘူး၊ ဘယ်တုန်းကမျှ မရှိတဲ့ ဘုရားလဲ မဟုတ်ပါဘူး၊ လောကကို နည်းမှန်ကောင်း ညွှန်ကြားသူအဖြစ်နဲ့ သက်ဆိုင်နေတယ်၊ ဒါကြောင့် ဘာမျှမရှိတဲ့ ဘုရားလဲ မဟုတ်ဘူး၊ ဒါကြောင့် ရိုးလွန်းသူတွေရဲ့ စိတ်ကူးယဉ် သက်သက်မျှဖြစ်တဲ့ ဘုရားလဲ မဟုတ်ပါဘူး။

## မြတ်ဗုဒ္ဓဟာ တာဝန်ကျေသလား

ကယ်တင်စရာ သတ္တဝါတွေ မရေတွက်နိုင်အောင် ရှိနေကြသေး ကျန်နေကြသေးတယ်လို့ မြတ်ဗုဒ္ဓကိုယ်တိုင် သိပါလျက်နဲ့ ပရိနိဗ္ဗာန် စံတော်မူတာကြောင့် မြတ်ဗုဒ္ဓဟာ တာဝန်မကျေပါဘူးလို့ တွေးဆ ပြောကြသူတွေလဲ ပေါ်ပေါက်နေပါတယ်။ ဒါဟာ ကြံစည်တွေးဆသင့်တဲ့ အချက်ဖြစ်တာကြောင့် စိတ်ဆိုးစရာ မဟုတ်ပါဘူး။

မြတ်ဗုဒ္ဓလောင်းလျာ သုမေဓာရသေ့ဟာ ဘုရားဆုပန်ခါနီးမှာ နိဗ္ဗာန်သို့ ကူးရောက်စေမယ်လို့ ကြိုးဝါးခဲ့တဲ့ ပါဠိသန္တာရေသံကို သန္တာရေသံလို့ အသံထွက်လွဲချော်ပြီး ကယ်တင်မယ်လို့ ဘာသာပြန် လွဲကာ ဒီဝေဖန်ချက်ကို ထုတ်ဖော်တယ်လို့ ထင်ပါတယ်။ ဆန့်ကျင် ဘက် ဝေဖန်ချက်ထွက်လာယင် စွမ်းနိုင်သမျှ ဖြေရှင်းကြရမှာပါပဲ။

## တာဝန်ကျေလှ မြတ်ဗုဒ္ဓ

(၁) ဒုက္ကရစရိယဒဏ်ချက်ကြီး ပြင်းပြင်းထန်ထန် ဖိစီးနှိပ်စက် နေတဲ့ နာတာရှည်ရောဂါကြီးကို ဗုဒ္ဓဖြစ်ပြီးချိန်မှာ ဖိုလ်ဝင်စားပြီး ဆေးကုကာ အသက်ရှည်အောင် အာယုသင်္ခါရ ပြုနေရတယ်လို့ ပြောခဲ့ ပြီးပါပြီ။

(၂) အသက်ထွက်လုနီးနီး ဖိစီးနှိပ်စက်နေတဲ့ ဒုက္ကရစရိယ ဒဏ်ချက်ကြီး သက်သာအောင် ဆေးကုခွင့်ကို အချိန်ပြည့်မယူပဲ တရား ဟောနေတုန်း ပရိသတ်က ကြားဖြတ် သာဓုခေါ်နေခိုက် တခဏမျှ အားလပ်ချိန်မှာ ဖိုလ်ဝင်စားကာ ဆေးကုရရှာပါတယ်။ ပရိသတ်ရဲ့ သာဓုခေါ်သံ ပြတ်တာနဲ့တပြိုင်နက် တရား ဆက်ဟောပါတယ်။ ဒါ ကြောင့် သာဓုခေါ်ကြခိုက်မှာ ဖိုလ်ဝင်စားကာ ဆေးကုတာကို ပရိသတ်က မသိပါဘူး။

မြတ်ဗုဒ္ဓဟာ ပြောခဲ့ပြီးအတိုင်း အချိန်ပြည့် ဆေးကုခွင့်ကို မယူပဲ တရားဟောနေယင်း အားလပ်ခွင့်ရခိုက်မှာ ဖိုလ်ဝင်စားကာ ဆေးကုပြီး သတ္တဝါတွေရဲ့ ကောင်းကျိုးအထွေထွေ ဖြစ်ထွန်းဖို့ နည်းအဖုံဖုံ ပြည့်စုံ အောင် ထမ်းဆောင်နေခဲ့ပါတယ်။

(၃) မြတ်ဗုဒ္ဓ ဆွမ်းခံမကြွယင်လဲ ဆွမ်းပို့သူတွေ များကြပေ မယ့် သတ္တဝါတွေ ကောင်းကျိုး တိုးတက်ဖို့ ဆွမ်းခံကြွနေရ ခရီးသွား နေရ ရဟန်းတွေ တရားနာချိန် လူဝတ်ကြောင်တွေ တရားနာချိန် နတ်ဗြဟ္မာတွေ တရားနာချိန် တရားကျင့်နေကြတဲ့ တပည့်တွေ ကျင့်ပုံကျင့်ဟန် မှန်အောင် စောင့်ကြပ်ပြောနေရချိန် စသည်တွေမှာ အချိန်ပြည့်တာဝန်ထမ်းဆောင်နေရတာကြောင့် နေ့မှာ တနာရီလောက်

ညဉ့်အရုဏ်တက်ခါနီးမှာ တနာရီလောက်သာ အနားယူချိန်ရတော်မူပါတယ်။

(၄) မြတ်ဗုဒ္ဓဟာ တရားဟောတော်မူတဲ့အခါ တရားနာသူနဲတာ များတာကို ဂရုမစိုက်ဘူး၊ တရားနာသူအတွက် ကောင်းကျိုးထွက်ဖို့ ကောင်းကျိုးတက်ဖို့သာ ဂရုစိုက်ပါတယ်။

ဆရာလက်ကျန် မချန်ပဲ ခေတ်သစ်စကားနဲ့ပြောရင် ဆရာစား မချန်ပဲ ဖာမှောက်အိတ်သွန် ဝန်ကုန် ဟောတော်မူပါတယ်။

ကျဉ်းကျဉ်းတိုတို ဟောသင့်တဲ့ တရားနာသူကို ကျဉ်းကျဉ်းတိုတို ဟောပါတယ်။ အကျယ်ချဲ့ကာ ရှည်ရှည်ဟောသင့်တဲ့ တရားနာသူကို တရားရှည်ရှည် ဟောပါတယ်။

သစ္စက ပရိဗိုဇ်ဟာ တပည့်ငါးရာ ခြံရံပြီး ဝေသာလီ မြို့သူ မြို့သား လူထုကြီးကို နောက်ပါပြုကာ ဘုရားရှင်ထံမှောက် ရောက်လာပြီးတော့ ဝါဒပြိုင်ပွဲ နွှဲလိုက်တာ သွက်သွက်လည်အောင် ရှုံးပြီးတဲ့နောက် သုံးရက်လောက် အလွန်မှာ စိတ်မကျေပွဲ နွှဲဖို့ ရည်ရွယ်ပြီး အညောင်းပြေ လမ်းလျှောက်သလိုလို လုပ်ကာ ဘုရားရှင်ထံမှောက်ကို တယောက်တည်း ရောက်လာပါသေးတယ်။

ဒီအချိန်မှာ တရားနာသူ သစ္စက ပရိဗိုဇ် တယောက်ထည်း ရှိနေပေမယ့် တောထွက်တော်မူချိန်က စပြီး ဗုဒ္ဓဖြစ်ပြီးချိန်ထိ စိတ်ကူးပုံ တရားရှာပုံ တရားကျင့်ပုံ ပင်ပန်းကြီးစွာ ကြုံခဲ့ပုံ စိတ်ဓာတ် ထက်သန်ခဲ့ပုံ တရားထူးရပုံ အားလုံးစုံအောင် တရားရှည်ရှည် ဟောတော်မူပါတယ်။

(၅) နိဗ္ဗာန်ရောက်ကြောင်း နည်းမှန်ကောင်း တရားတော် မကွယ်ပျောက်အောင် ပြန့်နှံ့လွယ်အောင် ဟောပြောနိုင်စွမ်း ပြည့်ကြကဲ့ တပည့်တွေ များလှာအောင်လဲ ပင်ပန်းခံပြီး အားထုတ်တော်မူပါတယ်။

(၆) တပည့်တွေ တရားဟောတာ တရားပြတာ တရားကျင့်တာ နည်းစနစ်မှန်အောင် ကျွမ်းကျင်အောင် ဗုဒ္ဓကိုယ်တော်တိုင် နည်းမျိုးစုံ ညွှန်ကြားကာ သင်တန်းများကိုလဲ မကြာခဏ ပေးတော်မူခဲ့ပါတယ်။

(၇) တပည့်တို့ နိဗ္ဗာန်ရောက်ကြောင်း နည်းကောင်းမှန် တရားတော် မပျောက်ကွယ်အောင် ပွံ့နှံ့အောင် အထူး တာဝန်ဆောင်ကြလို့ တပည့်တွေကို တာဝန်အပ်ခဲ့ပါတယ်။

သတ္တဝါတွေ ဆင်းရဲ ငြိမ်းအေးရေးအတွက် မြတ်ဗုဒ္ဓ ဆောင်ရွက်တော်မူခဲ့ပုံတွေကို ဆက်လက်ပြောယင် အချိန်များစွာ ကုန်မှာဖြစ်လို့ ပရိသတ် သိရုံမျှ ခြုံငုံပြီး ပြောပြတာပါပဲ။

ခြုံငုံပြီး ပြောခဲ့တဲ့ အခြင်းအရာမျှနဲ့ပဲ မြတ်ဗုဒ္ဓရဲ့ ကြီးပမ်းမှုဆောင်ရွက်မှုတွေဟာ ဗုဒ္ဓလောင်းလျာ သုမေဓာဘဝ ဘုရားဆုပန်ခါနီးချိန်မှာ ထာမဒဿိနာ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသလောက် ကောင်းကျိုးဆောင်မယ်လို့ ကြုံးဝါးခဲ့တဲ့ စကားတော်နဲ့ တထပ်ထည်း တသားထည်း ညီညွတ်နေကြပါတယ်လို့ သိနိုင်လောက်ပါပြီ။

ဒါကြောင့် မြတ်ဗုဒ္ဓကို **တာဝန်ကျေလှ မြတ်ဗုဒ္ဓ** လို့ ချီးကျူးသင့် ဂုဏ်တင်သင့် ကြည်ညိုသင့် လေးစားသင့် ရှိခိုးသင့် ပူဇော်သင့်ကြပါတယ်။

ဗုဒ္ဓဘာသာဆိုတဲ့ စကားလုံးတဲ့ကို ဗုဒ္ဓတသန့်—ဘာသာတသန့်စီ ခွဲခြားပြီး ဗုဒ္ဓအကြောင်း သိကောင်းစရာ လိုရင်းချုပ် ပြောပြတာကို ဝါသ်ဆို သက်န်းကပ်လှူချိန် ရောက်လှာလို့ ရပ်တန့်ကြပါစို့။ ။

## ဝါသ်ဆိုသက်န်း

ဝါသ်ဆိုသက်န်း ကပ်လှူချိန် ရောက်လာတော့ ဝါသ်ဆိုသက်န်း အကြောင်း သိကောင်းစရာတွေကို ပြောပါမယ်။

ဒီ ရွှေ ပရိယတ္တိ စာသင်တိုက်မှာ လိုအပ်တဲ့ ပစ္စည်းလေးပါး ပြည့်စုံအောင် တာဝန်ယူ ဆောင်ရွက်နေကြတဲ့အပြင် နေ့စဉ်မပြတ် ဆွမ်းဝတ်ပြုနေကြတဲ့ သာသနာ့ဒါယကာအသင်း အမှုဆောင်များက နီးစပ်ရာ လက်လှမ်းမီရာ ဓမ္မမိတ်ဆွေတွေနဲ့ စုပေါင်းပြီး လှူဒါန်းမြဲဖြစ်တဲ့ ဝါသ်ဆိုသက်န်း ပူဇော်ပွဲ ဖြစ်ပါတယ်။ ဝါသ်ဆိုသက်န်း လှူဒါန်းခဲ့တဲ့နှစ်တွေ များလှပါပြီ၊ ဒီက ဟောပြောခဲ့တာလဲ များလှပါပြီ။

ဒီစာသင်တိုက်ကို ထောက်ပံ့ရေးအတွက် ဖွဲ့ထားတဲ့ အသင်းက ဒီကျောင်း သံဃာတွေ ချမ်းသာဖို့ လှူဒါန်းတာဖြစ်လို့ လှူပုံ လှူနည်းကို ကျဉ်းကျဉ်း တိုတိုပြောပြီး သဒ္ဓါတရား ဖြစ်ပွားကြဖို့သာ အကျယ်တဝင့် ပြောခဲ့ပါတယ်။

ဒီနှစ်တော့ အလှူရှင်တွေဘက်က လှူပုံ လှူနည်း၊ သံဃာတွေဘက်က တာဝန်ထမ်းရပုံတွေကို ဗဟုသုတ တိုးပွားကြရအောင် ပြောပြပါမယ်။

## ဝါဆိုသင်္ကန်း အဓိပ္ပာယ်မှန်

ဝါဆိုလမှာ လှူတဲ့သင်္ကန်းမို့ ဝါဆိုသင်္ကန်း ခေါ်တယ်လို့ အမှတ်မလွဲကြဖို့ "ဝါဆို သံဃာတွေကို လှူတဲ့ သင်္ကန်းဖြစ်ထာကြောင့် ဝါဆိုသင်္ကန်း ခေါ်တယ်" လို့ သိမှတ်ကြဖို့ နှစ်စဉ်ပဲ အကျဉ်းချုပ် ပြောခဲ့ပါတယ်။

အကျယ်ပြောယင် လှူတဲ့ အချိန်အခါနဲ့ ဆက်စပ်ပြီးတော့ ဝါဆိုသင်္ကန်းရဲ့ အဓိပ္ပာယ်ဟာ သုံးမျိုး ကွဲပြားပါတယ်။ ဝါဆိုသင်္ကန်းကို အနှစ်တာ (၃၆၅) ရက်လုံးမှာ လှူခွင့် ရပါတယ်။ ဒါကြောင့်—

(၁) ဝါမဆိုသေးခင် အချိန်မှာ လှူယင် ဝါဆိုမယ့် သံဃာတွေကို လှူတဲ့ သင်္ကန်း၊

(၂) ဝါတွင်းချိန်မှာ လှူယင် ဝါဆိုနေတဲ့ သံဃာတွေကို လှူတဲ့ သင်္ကန်း၊

(၃) ဝါကျွတ်ပြီးချိန်မှာ နောက်ကြောင်း ပြန်လှူယင် ဝါဆိုခဲ့တဲ့ သံဃာတွေကို လှူတဲ့သင်္ကန်း ဖြစ်ထာကြောင့် ဝါဆိုသင်္ကန်းလို့ ခေါ်ရပါတယ်။

**ဝါဆိုသင်္ကန်း လှူတဲ့ နေရာ**ဟာ ဘုန်းကြီးကျောင်းဝင်း အတွင်းနဲ့ ဘုန်းကြီးကျောင်းဝင်း အပြင်လို့ နှစ်မျိုးကွဲပါတယ်။

ဘုန်းကြီးကျောင်းဝင်း အတွင်းဘက်ရောက်အောင် ဝင်ပြီးတော့ ယနေ့ လှူသလို လှူနိုင်ပါတယ်။

ဘုန်းကြီးကျောင်းဝင်း အပြင်ဘက်မှာလဲ လှူနိုင်ပါတယ်။ အစိုးရ စာသင်ကျောင်းတွေ အိမ်တွေ ဇရပ်တွေမှာ လှူကြသလိုပေါ့။

## လှူဒါန်းနည်း နှစ်မျိုး

အလှူခံ ပုဂ္ဂိုလ်နဲ့ ဆက်စပ်ပြီး လှူဒါန်းနည်း နှစ်မျိုး ကွဲပါတယ်။

(၁) ရဟန်းတော် တပါးထည်းကို လှူနိုင်ပါတယ်၊ ပုဂ္ဂလိက လှူနည်း ဖြစ်တယ်။

(၂) သံဃာတော် အားလုံးကို လှူနိုင်ပါတယ်၊ သံဃိက လှူနည်း ဖြစ်တယ်။

ရဟန်းနှစ်ပါးကို၊ သုံးပါးကို၊ သတ္တန်ဆောင် ရဟန်းတွေကို၊ တိပိဋကဓရ ကိုယ်တော်တွေကို လှူကြယင် ဂဏိကလှူနည်း (ရဟန်းတော် တစုကို လှူနည်း) လို့ ဆိုကြပါတယ်။ ဒီဂဏိက လှူနည်းတွေဟာ သံဃိကမစစ် ပုဂ္ဂလိကရဲ့ စကား ပရိယာယ် တမျိုးသာ ဖြစ်ထာကြောင့် ဒီလှူနည်းတွေကို သီးသန့် မရေတွက်ပါဘူး။

## ရယူပိုင်ခွင့်

ဘုန်းကြီးကျောင်းဝင်းအတွင်းမှာ (သို့မဟုတ်) အပြင်ဘက်မှာ ရဟန်းတပါးထည်းကို လှူယင် ဒီကိုယ်တော် တပါးတည်း ယူပိုင်ခွင့် ရှိတယ်။ နှစ်ပါး၊ သုံးပါး၊ တိပိဋကဓရ ကိုယ်တော်တို့အား လှူပါတယ် ဆိုယင် ဒီကိုယ်တော်တွေသာ ယူပိုင်ခွင့်ရှိကြပါတယ်။ ပုဂ္ဂလိကလှူနည်း ဖြစ်လို့ပါပဲ။

သံဃာတော်အား လှူပါတယ်ဆိုယင် သံဃိက လှူနည်းဖြစ်လို့ လှူတဲ့နေရာအလိုက် ရယူပိုင်ခွင့် ကွဲပြားပါတယ်။

(၁) ဘုန်းကြီးကျောင်းဝင်းထဲ လာပြီး သံဃာတော်အား လှူပါတယ်ဆိုယင် ဒီကျောင်းဝင်းတွင်းမှာ ဝါသ်ဆိုတဲ့ ကိုယ်တော်တွေ အားလုံး ရယူပိုင်ခွင့်ရှိတယ်။ ကျောင်းဘုန်းကြီး တပါးတည်း မယူရဘူး၊ ယူပိုင်ခွင့်မရှိလို့ ယူယင် အင်မတန်အပြစ်ကြီးတယ်။ ဒီကျောင်းဝင်းမှာ ဝါသ်မဆိုတဲ့ ကိုယ်တော်တွေလဲ ယူပိုင်ခွင့် မရှိကြဘူး။

ဘုန်းကြီးကျောင်းဝင်း ပြင်ဘက်မှာ သံဃိကလှူယင် လှူနည်း နှစ်မျိုး သံဃာများ ရယူပိုင်ခွင့်လဲ နှစ်မျိုးကွဲပြားပါတယ်။

(၁) ကျောင်းဝင်း ပြင်ဘက်မှာ အလှူပွဲကျင်းပကာ ဘယ်ကျောင်းတိုက် သံဃာများအား ဝါသ်ဆိုသင်္ကန်း လှူပါတယ်ဆိုယင် နာမည်ဖော်ပြထားတဲ့ ကျောင်းဝင်းမှာ ဝါသ်ဆိုတဲ့ သံဃာတွေသာ ခွဲဝေရယူပိုင်ခွင့် ရှိကြတယ်။ အမည်ဖော်ပြထားတဲ့ ကျောင်းဝင်းမှာ ဝါသ်မဆိုကြတဲ့ သံဃာတွေ ရယူပိုင်ခွင့် မရှိကြဘူး။ အလှူပွဲကို ရောက်တဲ့သံဃာ မရောက်တဲ့သံဃာလို့ ခွဲခြားစရာ မလိုဘူး။

(၂) ကျောင်းဝင်း ပြင်ဘက်မှာ အလှူပွဲကျင်းပကာ သံဃာတော်အား ဝါသ်ဆိုသင်္ကန်း လှူပါတယ်ဆိုယင် ကျောင်းနာမည် မတပ်ထားတာကြောင့် ဒီအလှူပွဲမှာရှိနေတဲ့ သံဃာရယ်၊ ဒီသံဃာတွေရဲ့ ၁၂-တောင်ကွာ ပတ်လည်မှာရှိနေတဲ့ သံဃာတွေရယ် သတောတူ ခွဲဝေယူပိုင်ခွင့် ရှိကြတယ်။ ခွဲဝေယူချိန်မှာ အဝေးရောက်နေတဲ့ သံဃာတွေ ရယူပိုင်ခွင့် မရှိကြဘူး။

ပြောခဲ့တဲ့ ဗဟုသုတကို မြဲအောင် မှတ်သားကြပြီး ဒကာတွေ စိတ်ဆန္ဒရှိသလို လှူကြပါ။ ဒီ ဗဟုသုတ ရှိမထားယင် အလှူရှင်ရဲ့ စိတ်ရည်မှန်းချက်နဲ့ အလှူရှင်လျှောက်ထားတဲ့စကား မညီပဲ ဖြစ်တတ်ပါယ်။ သံဃာတွေ ဝါသ်ဆိုသင်္ကန်းကို ခွဲဝေယူကြပြီးမှ ဒကာရဲ့ဆန္ဒနဲ့ မညီလို့ မလိုအပ်တဲ့ အရှုပ်တွေ ဖြစ်တတ်တယ်။

တပျားဟောတဲ့ကိုယ်တော်က ရှေ့ဆောင်တိုင်ပေးလို့သာ လိုက်ဆိုလိုက်ရတယ်၊ ဒကာစိတ်ရည်မှန်းချက်က ဒီအတိုင်း မဟုတ်ပါဘူးဆိုတဲ့ စကားကို အလှူပွဲပြီးတဲ့နောက် သံဃာတွေ ဝေစု ခွဲယူကြပြီးချိန်မှ ဒကာ စိတ်အလိုမကျလို့ ပြောကြတာတွေ ရှိတယ်၊ ကျောင်းဆောက်လှူပြီးမှ ဒီလိုပြောကြတာလဲ ရှိတာပဲ။

သံဃာတော်တွေ လိုက်နာရတဲ့ ဗုဒ္ဓရဲ့ ဝိနည်းတော်အရ အလှူရှင်ရဲ့စကားသာ လိုရင်းပမာဏ ဖြစ်တယ်။ အလှူရှင်ရဲ့ စိတ်ထဲမှာရှိတဲ့ ဆန္ဒဟာ လိုရင်းမဟုတ်ဘူး။

အဘိဓမ္မာနည်းအရ စေတနာမရောက်ယင် အလှူမမြောက်ဘူးလို့ အလွဲဆုပ်ယူပြီး ဆင်ခြေတက်ကြသေးတယ်။ စေတနာ ရောက် ရောက်

မရောက်ရောက် ပေးပြီး၊ လျှုပြီးယင် အလှူမြောက်ထာပဲ။ စေတနာ မရောက်ယင် အလှူဒကာ ကုသိုလ်မရဘူး၊ စေတနာရောက်မှ အလှူဒကာ ကုသိုလ်ရတယ်။

## သံဃာ့တာဝန်

ဝါသ်ဆိုသက်န်းကို ရယူတဲ့ ရဟန်းတော်တွေရဲ့တာဝန်ကို ပြော ပါမယ်။

ရဟန်းစစ်မှန်သူတိုင်း ဝါသ်ဆိုရမယ်၊ ဝါသ်တွင်းသုံးလလုံးလုံး ဝါသ် မကျိုးမပျက်ရအောင် ထိန်းသိမ်းနေရမယ်ဆိုတဲ့ ဝိနည်းသီလ တော်ကို သံဃာတော်တွေ လိုက်နာကျင့်ဆောင်မှုကို အကြောင်းပြုပြီး အလှူရှင်တွေက ဝါသ်ဆိုသက်န်း လှူဒါန်းကြတာ ဖြစ်ပါတယ်။

ဒါကြောင့် ဝါသ်ဆိုသက်န်းကို ရယူပြီးတဲ့ ရဟန်းတော်တိုင်း ဟာ ဝါသ်ဆိုမှုနဲ့ ပတ်သက်တဲ့ သိက္ခာပုဒ် သီလတော်ကို ပြည့်စုံအောင် ထိန်းရမယ့်တာဝန် အပြည့်ရှိတယ်။

ဝါသ်ဆိုသက်န်းကို လက်ခံ ရယူထားပြီးနောက် (၁) ဝါသ်မဆို ယင် (၂) ဝါသ်ဆိုပြီးပေမယ့် ဝါသ် မကျိုးမပျက်ရအောင် မထိန်း သိမ်း မစောင့်စည်းယင် တာဝန်ပျက်ကွက်သူ၊ ဝန်ခံချက် ပျက်ကွက်သူ ဖြစ်ထာကြောင့် ပုဂ္ဂလိက လှူထားတဲ့ ဝါသ်ဆိုသက်န်းကို အလှူရှင်ထံ ပြန်အပ်ရမယ်။ သံဃိက ဝါသ်ဆိုသက်န်းထဲက ဝေစုခွဲ ရယူထားတဲ့ သက်န်းကို သံဃာတွေထံ ပြန်အပ်ရမယ်။

သတိမေ့လျော့နေလို့ သက်န်းကို ပြန်မအပ်မိယင် ကိစ္စမကြီးလှ သေးဘူး။ သတိမေ့လျော့လို့သာ ပြန်မအပ်မိတာမို့ ရဟန်းလိမ် ရဟန်း ညာ မဖြစ်သေးဘူး။

ငါ့ကို လှူပြီးတဲ့ သက်န်းဖြစ်လို့ ငါပိုင်တယ်၊ သံဃာထံက ငါ ဝေစုရတဲ့ သက်န်းဖြစ်လို့ ငါပိုင်တယ်၊ ပြန်မအပ်ပေးတော့ဘူးလို့ ဆုံး ဖြတ်ပြီး သက်န်းကို ပြန်မအပ်ယင် ကိစ္စကြီးလှာပြီ၊ ရဟန်းလိမ် ရဟန်း ညာဖြစ်ပြီ၊ ပါရာဇိကကျပြီး ရဟန်း မဟုတ်သူ ဖြစ်တဲ့အထိ ပြစ်ဒဏ် ရောက်မယ့် အခြေအနေရှိတယ်။

## အလှူရှင်များ စဉ်းစားစရာ

ဒါဖြစ်ယင် ကိုယ်လှူလိုက်တဲ့ ဝါသိဆိုသင်္ကန်းကို အကြောင်းပြုပြီး ရဟန်းတော်တွေမှာ ဒီလောက်တောင် တာဝန်ကြီးနေတယ်၊ အပြစ်ဒဏ်ကြီးနေမယ်ဆိုတော့ ဝါသိဆိုသင်္ကန်းလှူဒါန်းဖို့ ကောင်းပါတော့မလားလို့ ဒကာ ဒကာမတွေဘက်က စဉ်းစားစရာ ဖြစ်ပါတယ်။

## နှလုံးသွင်းမှန်ဖို့

နှလုံးသွင်းကောင်းယင် ကုသိုလ်ဖြစ်တယ်၊ နှလုံးသွင်းမကောင်းယင် အကုသိုလ်ဖြစ်တယ်၊ ဒါဟာ ဓမ္မသဘာဝ အမှန်ပဲ။

ဝါသိဆိုသင်္ကန်းကို မလှူကြယင်လဲ ရဟန်းတော်တွေဟာ ဝါသိဆိုမှုနဲ့ သက်ဆိုင်တဲ့ ဝိနည်းသိက္ခာတော်ကို စောင့်ထိန်း ကြရတာပါပဲ။

ဒါကြောင့် ဝါသိဆိုသင်္ကန်း လှူဒါန်းမှုဟာ (၁) ရဟန်းတော်တိုင်း ကောန်မှုချ ကျင့်ဆောင်ရမယ့် ဝါသိဆိုမှု ဝိနည်းသိက္ခာပုဒ် သီလတော်ကို ထိန်းသိမ်းဖို့ ရဟန်းတော်တွေ စိတ်ဆန္ဒ ပိုမိုထက်သန်ကြအောင် (၂) ဒီဝါသိဆိုသင်္ကန်းကို အကြောင်းပြုပြီး ဝိနည်းသီလတော်ကို ထိန်းသိမ်းကြတဲ့ ရဟန်းတော်တွေ ကုသိုလ်ဖြစ်ပွားအောင် လှူဒါန်းရပါ ရောက်တယ်လို့ နှလုံးသွင်းကြပေတော့။

## အတုယူစရာ သင်ခန်းစာ

အတုယူစရာ သင်ခန်းစာယူစရာ ဇာတ်ကြောင်းတခုကို ပြောပါမယ်။

အနာထပိဏ် သူဌေးကြီးဟာ ပေတိပေတောနဲ့ ယစ်ထုပ်ကြီးသားငယ်တယောက်ကို ငါ့သား ဇေတဝန်ကျောင်းကို သွားပြီး ဥပုသ်စောင့်ပါ၊ တနေ့ဟာ ဥပုသ်စောင့်ယင် ငွေတစ်ထောင်ပေးမယ်လို့ ပြောတယ်။ သားတော်မောင် ယစ်ထုပ်ကြီးဟာ ငွေလိုချင်တာနဲ့ ကျောင်းသွား သီလယူ စားသောက်ပြီးယင် ဥပုသ်မပျက်၊ သီလကျိုးအောင် အကောင်းဆုံး လုပ်ငန်းအဖြစ်နဲ့ ကျောင်းမှာ ချောင်

ကိုးပြီး တနေကုန်အောင် အိပ်ထာပဲ။ ညနေကျတော့ အဖေဆီက ငွေ တစ်ထောင်ယူပြီး အရက်ဆိုင်ကို တန်းပြေးတာပဲ။

ဒီသားဆိုးမှာ ငွေလိုချင်တဲ့ လောဘဇော အကုသိုလ်ဖြစ်လာက တချိန်၊ ကျောင်းသွား ဥပုသ်စောင့်လို့ ကုသိုလ်ဖြစ်လာက တချိန်ပဲ။

သားဆိုးယစ်ထုပ် ဥပုသ်မစောင့်ယင်လဲ အနာထပိဏ် သဌေးဟာ ငွေပေးရမှာပဲ၊ တစ်ထောင် မပေးတောင်မှ ငါးဆယ်လောက်တော့ ကျန် ပေးရမှာပေါ့။ သား ဖြစ်နေတာကိုး။

အရင်တုန်းက သားဆိုးယစ်ထုပ်ဟာ ကုသိုလ် နံနံမှ မရဘူး။ ငွေတစ်ထောင်နဲ့ မျှားပြီး ဥပုသ်စောင့်ခိုင်းလိုက်တော့ ဥပုသ်စောင့်တဲ့ ကုသိုလ်ကို ရသွားတယ်။ ကုသိုလ်လဲရ၊ အရက်လဲ ဝ၊ ကစားဝိုင်းမှာလဲ ကောနေတာပေါ့။

အဖေနဲ့သား ကိုယ်စီ ရည်မှန်းချက် အောင်မြင်ကြတာမို့ နှစ်ဦးလုံး စိတ်ချမ်းသာလို့ ပြုံးနေကြတာပေါ့။

ငါ့သား ဥပုသ်စောင့်ယင်း တရားနာယင် နောက်ထပ် ငွေ တစ်ထောင် ပိုပေးမယ်လို့ အနာထပိဏ် သဌေးက ပြောပြန်ဘယ်။ သားကလဲ ငွေတစ်ထောင် ပိုလိုချင်တာနဲ့ တရားနာတယ်။ ဒါပေမယ့် မှတ်မိအောင် စိတ်ပါ လက်ပါ နာတာတော့ မဟုတ်ဘူး၊ ငွေတစ်ထောင် ရချင်ဇောနဲ့ တရားနာသူတွေကြားထဲ ဝင်ထိုင်နေတာပဲ ဖြစ်တယ်။ ယခုခေတ်မှာ အလှူပွဲက ဖိတ်ထားလို့ ရောက်လာပြီး လူကြားထဲ ဝင်ထိုင်နေပေမယ့် တရားနာချင်စိတ် မရှိ၊ ထမင်းစားဖို့သာ အာရုံပြုကာ တရားနာကြတဲ့ လူတွေနဲ့ သဘာဝချင်း တူတယ်။

ငါ့သား တရားနာပြီးတော့ ဂါထာတပုဒ်လောက် ပြန်ပြော ပြနိုင်ယင် နောက်ထပ် ငွေတစ်ထောင် ပိုပေးအုံးမယ်လို့ အနာထပိဏ် သဌေးက ပြောပြန်တယ်။

သားမောင် ယစ်ထုပ်က "ဂါထာတပုဒ်တဲ့၊ စာလုံး ၃၂–လုံးထဲ ရှိတာ ငါမှတ်လိုက်ယင် ခဏအတွင်း ရမှာ သေချာတယ်။ ဒီ ငွေ တစ် ထောင်က ပိုပြီး အရချောင်တယ်" လို့ ဆုံးဖြတ်ပြီး စိတ်ချပါ အဖေ၊ ညနေကျယင် ကျွန်တော် ပြန်ရွတ်ပြမယ်လို့ ဝန်ခံတယ်။

ဘုရားရှင် ကိုယ်တော်တိုင်ဟောတဲ့ တရားတော်ကို သဒ္ဓေးသား ယစ်ထုပ်ဟာ ဂါထာတပုဒ် မှတ်မိရေးအတွက် စိတ်ဝင်စားပြီး နာကြားတာကြောင့် တရားသဘောပေါက်ပြီး သောတာပန် ဖြစ်သွားပါတယ်။ အရက်တွေလဲ ပြတ်ရော။ ဥပုသ်စောင့်ခ တရားနာခ ငွေတွေကိုလဲမလိုချင်တော့ဘူး၊ မယူတော့ဘူး။

သဒ္ဓေးသားယစ်ထုပ် တရားနာယင်း သောတာပန် ဖြစ်ထာဟာ ပါရမီထူးလို့ပါလို့တော့ အတွေးမချော်ပါနဲ့။

(က) မြတ်ဗုဒ္ဓ ချမှတ်ပေးတဲ့ နည်းလမ်းကလဲ မှန်တယ်၊

(ခ) မြတ်ဗုဒ္ဓကလဲ နည်းပြမှုမှာ ကျွမ်းကျင်တော်မူတယ်၊

(ဂ) ယစ်ထုပ်ရဲ့ တရားနှလုံးသွင်းပုံ တရားကျင့်ပုံကလဲ စနစ်မှန်တယ်၊

(ဃ) ယစ်ထုပ်ဟာ မူးရူးနေတုန်း မဟုတ်တော့ ဝိပဿနာဉာဏ်ပေါက်ရောက်တယ်ဆိုတဲ့ လေးချက် စုံညီတာက ပဓာနပါ။ ပါရမီက အထောက်အပံ့ အကူအညီ ဖြစ်ပါတယ်လို့ စွဲစွဲမြဲမြဲ မှတ်ယူကြပါ။

မှတ်ယူကြပါလို့သာ မပြောပဲ စွဲစွဲမြဲမြဲ မှတ်ယူကြပါလို့ ပြောရတဲ့ အကြောင်းက ပါရမီ—ပါရမီနဲ့ အများစုက အလွဲပြောနေကြလို့ပါပဲ။

ကျောင်းထိုင် ဘုန်းကြီးတွေ၊ ပဥ္စင်းကြီး ပဥ္စင်းငယ်တွေ ကာမဂုဏ်နောက် တကောက်ကောက်လိုက်ပြီး စိတ်ရူးပေါက်လို့ လူထွက်တာကိုတောင်မှ ပါရမီကုန်လို့ လူထွက်တာတဲ့။ ပြောကြမယ် အလွဲတွေ။ သင်္ကန်းပြန်ဝတ်ပြန်တော့ ပါရမီရှိလှာပြန်သတဲ့။

တရားကျင့်ဖို့ပြောယင် မိမိကိုယ်တိုင်က အကြောင်းပေါင်းစုံပြပြီး ရှောင်ဖယ် ရှောင်ဖယ်နဲ့ "ပျင်း" တာရယ်၊ တရားကျင့်ခွင့် ဝင်တော့လဲ နည်းပြဆရာပေးတဲ့စနစ် မှန်အောင် မကျင့်နိုင်လို့ "ဖျင်း" တာရယ်၊ ဒါတွေကို အသိမှန် မစွဲမြဲကြပဲ ပါရမီမရှိလို့ တရား မကျင့်နိုင်တာ၊ ပါရမီ မရှိလို့ တရားမရတာဆိုပြီး ပါရမီ တမျိုးတည်းကိုသာ မဟုတ်မဟတ် စွဲစွဲမြဲမြဲ ဖြစ်နေကြတာကြောင့် စွဲစွဲမြဲမြဲ မှတ်ယူကြပါလို့ ပြောရပါတယ်။

## ဇာတ်ထုပ်နှင့်ဆက် စိစစ်ချက်

ဇာတ်ထုပ်လာ ဖြစ်ပျက်ပုံ အကြောင်းအရာကို ဇာတ်ထုပ် ဟော ပြောနည်း အစစ်အမှန်နဲ့ ညီအောင် စိစစ်ကြဦးစို့။

ဒီဇာတ်ထုပ်မှာ အနာထပိဏ် သဌေးဟာ ငါ့ရဲ့သားချစ် ကုသိုလ် ရအောင် လုပ်ဖြစ်ပါစေတော့လို့ ရည်ရွယ်ချက်ကောင်းထားပြီး ဥပုသ် စောင့် တရားနာတဲ့ ကုသိုလ်လုပ်ခ အဖြစ်နဲ့ ငွေနှစ်ထောင်ကို ပေးခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် အနာထပိဏ် သဌေးလဲ ကုသိုလ် ရပါတယ်။

တနေ့တာ ဥပုသ်စောင့်၊ တထိုင်လောက် တရားနာယင် ငွေ နှစ်ထောင်ရမယ်ဆိုတော့ သားတော်မောင် ယစ်ထုပ်က ငွေရပေါက် ချောင်လှတယ်လို့ အောက်မေ့ပြီး လောဘဇော အကုသိုလ်ရဲ့ နှိုးဆော် ချက် အားကြီးလွန်းလို့ ဥပုသ်စောင့်တဲ့ ကုသိုလ်၊ တရားနာတဲ့ ကုသိုလ် သောတာပတ္တိမဂ် ကုသိုလ်တွေနဲ့ နိဗ္ဗာန်ကိုပါ ရသွားတယ်။ အကုသိုလ်ကို အကြောင်းခံပြီး ကုသိုလ်ဖြစ်ထာပါပဲ။

ဒီသဌေးသား ယစ်ထုပ်ကြီး ကုသိုလ်ထူးရပုံက “အကုသိုလ်ဟာ ကုသိုလ် ဖြစ်ပွားအောင် အားကောင်း မောင်းသန် ထောက်ပံ့သမှု ကျေးဇူးပြုတယ်။ အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော” လို့ ဘုရားဟော ပဋ္ဌာန်း ပါဠိတော် စကားနဲ့ တသားထဲ ညီနေတာပဲ။

ဝါသ်ဆိုသက်န်းကို အကြောင်းပြုပြီး သံဃာတော်များ ဝါသ် ဆိုမှုနဲ့ ပတ်သက်တဲ့ ဝိနည်း သီလတော်ကို စောင့်ထိန်းကြလို့ ကုသိုလ် တွေကို ဧကန်ရကြတယ်ဆိုတဲ့ ကောင်းကျိုးတရပ်၊ ဝါသ်တွင်းမှာ မိုးဆီး စိုယင် လဲလှယ်ဝတ်စရာ သင်္ကန်းရလို့ သံဃာတော်များ ကိုယ်စိတ် ချမ်းသာကာ သာသနာ့ တာဝန်ကို ထမ်းဆောင်ကြယင်းနဲ့ နိဗ္ဗာန်ယ် ရောက်နိုင်တယ်ဆိုတဲ့ ကောင်းကျိုးတရပ်၊ ဒီ ကောင်းကျိုး နှစ်ရပ်ကို သံဃာတော်များ ရကြပါစေလို့ ရည်ရွယ်ချက်ကောင်း ထားကြပြီး ငါတို့ အလှူရှင်တွေ အဖို့လဲ ကောင်းကျိုး ပိုမို ကြီးထွား ဖွံ့ဖြိုးအောင် သံဃိကဒါန အဖြစ်နဲ့ ဝါသ်ဆိုသက်န်းတွေကို လှူဒါန်းကြမယ်လို့ ဆုံးဖြတ်ကာ ဝါသ်ဆိုသက်န်းတွေကို လှူကြပါ။ ။

## ၁၃၄၁-ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၈) ရက်၊ နံနက် ၈း၁၀ နာရီ

ဒီကျောင်းမှာ ကျောင်းဘုန်းကြီး ဖြစ်လာတာ (၁၁)နှစ်ထဲ ရောက်ပါပြီ။ ဝါတွင်းသီတင်းနေ့တိုင်း နံနက် ၈–နာရီမှ ၉–နာရီထိ သီလပေး တရားဟောချိန်လို့ သတ်မှတ်ထားပြီး ယခင်နှစ်တွေမှာ ဘုရားဟော သုတ်တော်တခုခုကို မူတည် ဟောခဲ့တယ်။

သုတ္တန်ဆိုတာ ဇာတ်ကြောင်းပါမြဲဖြစ်လို့ ဇာတ်ကောင်ရဲ့ စိတ်ထားပုံ၊ ပြုလုပ်ပုံ၊ ပြောဆိုပုံ၊ ကောင်းကျိုး ဆိုးပြစ်ဖြစ်ပုံတွေကို အကျယ်မချဲ့လွန်းပဲ ပြော၍ပြီးယင် ဒီဇာတ်ထုပ်မှာ သင်ခန်းစာ ယူစရာအချက်၊ ကောင်းကျိုးဖြစ်စရာ အချက်တွေကို စိစစ်ဝေဖန်ကာ အထွေထွေဗဟုသုတနဲ့ ရောနှောပြောခဲ့တယ်။ ဒါဟာ သုတ္တန်ဟောနည်း၊ ဇာတ်ထုပ်ဟောနည်း အစစ်အမှန်ပဲ။

သုတ္တန်တခုကို မူတည်ပြီးဟောယင် ဟောစရာလမ်းစဉ် ရှိပြီးဖြစ်တော့ ဦးတည်ချက်နဲ့ စကားစပ်ဖြောင့်တယ်။

ဒီစာသင်တိုက်ကို ပစ္စည်းလေးပါး လှူဒါန်းမြဲဖြစ်တဲ့ "ရွှေပရိယတ္တိ စာသင်တိုက် သာသနာနုဂ္ဂဟ အသင်း" ရဲ့ နာယကအဖွဲ့ဝင် ဒါယကာ အငြိမ်းစား တိုင်းပညာဝန် ဆရာကြီးဦးဟုတ်ထိန်က အဆိုပြုလို့ အမှုဆောင်လူကြီး အားလုံးက သဘောတူထားတဲ့ လုပ်ငန်းကောင်း တရပ်ဟာ ဝါဆိုလပြည့်နေ့ တရားဟောဖို့နီးချိန်မှာ ဖြစ်လာတယ်။ ဆရာတော်ရဲ့ ဝါသ်တွင်း သီတင်းနေ့တိုင်း ဟောပြောချက်တွေကို စာအုပ်ရိုက်နှိပ်ဖြန့်ဝေဖို့ ကိစ္စပဲ။

"ဒီဝါတွင်းမှာ သုတ်တော်တခုခုကို မူမတည်ပဲ အတွေ့တွေ့ဗဟုသုတလောက်သာ စပ်ရာ စပ်ရာ ဟောဖို့ စိတ်ကူးထားတယ်။ ကြိုတင်ရေးသားထားပြီးမှ ဟောလေ့ ပြောလေ့ မရှိခဲ့တော့ ဟောပြီးချိန်မှာ ဟောခဲ့တဲ့ အကြောင်းအရာကိုသာ မှတ်မိတယ်။ စကားလုံးတွေကို အားလုံး မမှတ်မိတော့ဘူး။ ရင်းနှီးတဲ့ တရားနာသူတွေကို ဟောပြတာဖြစ်တာကြောင့် စာအုပ်ရိုက်ဖို့ မသင့်တဲ့ စကားလုံးတွေလဲ ပါနေမယ်"လို့ ပြောခဲ့ပါတယ်။

"တိပ်ခွေနဲ့ အသံဖမ်းထားမယ်ဘုရား၊ နောက်မှ အချောသပ်ပြန်ရေးယင် ဖြစ်နိုင်ပါတယ်ဘုရား"လို့ လျှောက်ထားကြတာနဲ့ ဒီကိစ္စကို သဘောတူလိုက်ပါတယ်။ ဒါကြောင့် ဒီနှစ် ဝါသ်တွင်းမှာ ရှေ့နောက် သီတင်းပတ် စကားစပ်အောင် သတိထားပြီး အတွေ့တွေ့ဗဟုသုတ ရကြစေဖို့သာ ဦးစားပေး ဟောမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

လွန်ခဲ့တဲ့ ဝါသ်ဆို လပြည့်နေ့မှာ "ဗုဒ္ဓဘာသာအကြောင်း သိကောင်းစရာ အခြေခံ"ကို ရှေးဦးပြောပြီး "ဗုဒ္ဓအကြောင်း သိကောင်းစရာတွေ"ကို အကျဉ်းချုပ် ပြောခဲ့တာ "တာဝန်ကျေလှ မြတ်ဗုဒ္ဓ"လို့ ချီးကျူးပူဇော်သင့်တယ်လို့ စကားပြတ်ခဲ့တယ်။ မြတ်ဗုဒ္ဓကို ပူဇော်မယ်လို့ စိတ်ဆုံးဖြတ်ပြီးသူတွေအတွက် ဆက်ပြောပါမယ်။

## မြတ်ဗုဒ္ဓနှင့် ဆက်သွယ်လိုသော်

မြတ်ဗုဒ္ဓနဲ့ ဆက်သွယ်ကြတဲ့အခါ ကြားခံ ကိုယ်စားလှယ် ပွဲစားတွေ မလိုပါဘူး။ လူတွေဟာ မြတ်ဗုဒ္ဓနဲ့ တိုက်ရိုက်ဆက်သွယ်ခွင့် ရကြပါတယ်။ ဒါဟာ ဗုဒ္ဓဘာသာရဲ့ အဆင့်မြင့် အပိုးတန် သဘာဝမှန် သဘာဝကောင်း များစွာထဲမှာ ပါဝင်တဲ့ အခွင့်အရေးကောင်းတရပ် ဖြစ်ပါတယ်။

အခြားဘာသာတွေမှာ လူတွေဟာ သူတို့ကိုးကွယ်တဲ့ ဘုရားနဲ့ တိုက်ရိုက်ဆက်သွယ်ခွင့် မရကြဘူး၊ ကြားခံကိုယ်စားလှယ် ပွဲစားသဖွယ် လုပ်ဖနေကြတဲ့သူတွေကို ဆက်သွယ်ခ ပေးပြီးတော့မှ သူတို့ကိုးကွယ်တဲ့ ဘုရားနဲ့ ဆက်သွယ်ခွင့်ရကြတယ်။

မြန်မာနိုင်ငံမှာ လူတွေဟာ မန်ကလေးတို့၊ လေးကျွန်းမောင်တို့၊ မောင်ဒွေးလေးတို့ အစရှိတဲ့ နတ်ချာတိတ်တွေနဲ့ စကားပြောချင်ယင်တောင်မှ တိုက်ရိုက်ဆက်သွယ်ခွင့် မရကြဘူး၊ မင်းကြီး မင်းကလေး အစရှိတဲ့ နတ်လူပျိုတွေ၊ ဘိုးဘိုးကြီးခေါ်တဲ့ နတ်ဘိုးအိုတွေနဲ့ တိုက်ရိုက် ဆက်သွယ် စကားပြောခွင့်ကတော့ ဝေလာဝေးရောပဲ။ ကြားခံပွဲစားလုပ်နေကြတဲ့ နတ်ကတော်တွေ၊ နတ်ထိန်းတွေကတဆင့် ဆက်သွယ် စကားပြောရသလိုပေါ့။ မော်လမြိုင်သားစကားနဲ့ ပြောရယင်တော့ "အာပါး၊ နာမှ နာပဲ"

ဗုဒ္ဓဘာသာမှာ လူတွေဟာ မြတ်ဗုဒ္ဓနဲ့ တိုက်ရိုက်ဆက်သွယ်ခွင့် ရကြပါလျက် ရွှေတိဂုံစေတီမှာ ဂြိုဟ်တိုင်နားက ဗုဒ္ဓရုပ်ပွားတော်တွေကို ရှေပူဇော်တဲ့အခါ အလှူရှင်ကိုယ်တိုင် ပူဇော်မှု ဆုတောင်းမှုကို မပြုကြပဲ ဘေးနားမှာထိုင်ပြီး အချောင်ခိုရေထမ်းသမားကို ရေပူဇော်ခိုင်း ဆုတောင်းရွတ်ခိုင်းကြပြီး အောင်သွယ်ခပေးသလိုလို ပိုက်ဆံပေးနေကြတာဟာ အမတန် ပေါကြောင်ကြောင် အလုပ်ပဲ။

အလှူပေးပြီးယင် ရေစက်ချချင်ကြတယ်။ ရေစက်မချရယင်သေတော့မလောက်ပဲ၊ ရေစက်မချယင် အလှူမမြောက်သလိုလို အူကြောင်ကြောင် ပြောဆိုကြတယ်။ ဝေဿန္တရာထုံး နှလုံးမူကာ ရေစက်ချရတယ်လို့ ပြောကြ လုပ်ကြပေမယ့် ဝေဿန္တရာကိုယ်တိုင် ဆုတောင်းရွတ်ဆိုသလို အလှူရှင်ကိုယ်တိုင် ဆုတောင်း မရွတ်ဆိုကြပဲ "ရေစက်ချရွတ်ဆိုတာ ဘုန်းကြီးတာဝန်"လို့ အလွဲအမှား သတ်မှတ်ထားကြပြီး လူတွေ အချောင်ခိုနေကြတာကြောင့် ဘုန်းကြီးတွေဟာ ရွှေတိဂုံစေတီတော်နားက ဂြိုဟ်တိုင်ရေထမ်းသမားနဲ့ တူညီတဲ့ဘဝကို ရောက်နေကြတာ များနေတာပေါ့။ ဒီခေတ် မော်လမြိုင်သားတွေရဲ့ စကားနဲ့ ပြောယင် "အာပါးပါး၊ ဘုန်းကြီးတွေ နာမှ နာပဲ"

ဒီကျောင်းမှာ အလှူအတွက် ရေစက်ခွက် မရှိစေရဘူး။ ဆုတောင်း အမျှဝေစာကို ရှေ့ဆောင်တိုင်ပေးပြီး အလှူရှင်တွေကို လိုက်ဆိုခိုင်းတာဟာ ဂြိုဟ်တိုင်ရေထမ်းသမားနဲ့ မတူရအောင် ဆိုပါတော့။

မြတ်ဗုဒ္ဓနဲ့ ဆက်သွယ်မှုကို ဆက်ပြောကြပါစို့။

ကိုယ့်စိတ်ထဲမှာ ပါဠိလို ပစ္စလက္ခ၊ ဗမာလိုပြောယင် ကျက်သရေမရှိ၊ တန်ဖိုးမထား၊ အောက်တန်းစားလို့ သတ်မှတ်ချက် မထားသူတွေနဲ့ ဆက်သွယ်ပုံ နည်းလမ်းဟာ (၁) လေးစား (၂) ရိုသေ (၃) ကြည်ညို (၄) မြတ်နိုး (၅) ရှိခိုး (၆) ပူဇော်လို့ အနည်းဆုံးတော့ (၆)မျိုး ရှိတယ်။ ဒီနည်းလမ်းတွေဟာ တန်ဖိုးထားမှု အနိမ့်အမြင့် အဆင့်မှန်အောင် အောက် - အထက်စဉ်ပြီး ပညာရှင်တွေ သတ်မှတ် သုံးစွဲနေမြဲဖြစ်တဲ့ ရှေးဟောင်း ဗမာ့ယဉ်ကျေးမှု နည်းလမ်းကောင်းတွေ ဖြစ်ကြပါတယ်။

မြတ်ဗုဒ္ဓရဲ့ ဩဝါဒခံ တပည့်အစစ်ဖြစ်သူ ဗုဒ္ဓဘာသာဝင်တိုင်းဟာ မြတ်ဗုဒ္ဓနဲ့ ဆက်သွယ်ယင် အဆင့် အမြင့်ဆုံးဖြစ်တဲ့ ပူဇော်မှုထိအောင် ဧကန် ပြုသင့်ကြပါတယ်။ ပူဇော်မှုကို မပြုယင် မြတ်ဗုဒ္ဓအပေါ်မှာ တန်ဖိုးထားတာနဲ့ တန်ကြေးပေးတာဟာ ကမောက်ကမ (ကိုးယိုးကားယား) ဖြစ်နေပါမယ်။ လောကမှာ ကမောက်ကမ လုပ်သူတိုင်းဟာ အဖျင်းအညံ့ အသုံးမကျသူပဲလို့ ကဲ့ရဲ့ခံရ ရှုတ်ချခံရတယ်ဆိုတဲ့ လောက သဘာဝကိုလဲ သတိမြဲကြစေလိုပါတယ်။

## ပူဇော်မှုဟူသည်

မြတ်ဗုဒ္ဓကို ပူဇော်လိုသူတွေဟာ ပူဇော်မှုရဲ့ အဓိပ္ပာယ်ကို သိထားသင့်ပါတယ်။ ပုဂ္ဂိုလ်တဦးဦးကို မိမိထက်မြင့်မြတ်သူလို့ စိတ်မှာထားပြီး တိုတိုပြောယင် အမြတ်တနိုးထားပြီး ဆက်သွယ်မှုပြုတာဟာ ပူဇော်မှုဖြစ်ပါတယ်။ ပုဂ္ဂိုလ်နဲ့ ဩဝါဒ (ညွှန်ကြားချက်)ကို အမြတ်တနိုးစိတ်မရှိပဲ တစုံတခုပြုတာဟာ ကောင်းအောင်ပြုတာဖြစ်ပေမယ့် ပူဇော်မှုမဟုတ်ပါဘူး။

သဗ္ဗညုဗုဒ္ဓတွေ၊ ပစ္စေကဗုဒ္ဓတွေဟာ မိမိထက် မြင့်မြတ်သူလို့မည်သူ့ကိုမျှ အမြတ်တနိုးစိတ်ထားမှု မရှိကြတာကြောင့် သဗ္ဗညုဗုဒ္ဓတွေ၊ ပစ္စေကဗုဒ္ဓတွေ ပြုကြတဲ့ ဒါန သီလ သမထ ဝိပဿနာတွေဟာ ပူဇော်မှု မဟုတ်ကြပါဘူး။ ကောင်းမှုတွေတော့ မှန်ပါတယ်။ ဒါပေမယ့် ဗုဒ္ဓတွေရဲ့ စိတ်ထဲမှာ အကုသိုလ်တွေ ဖြစ်ခွင့်မရှိကြလို့ အကုသိုလ်ဖြစ်ခွင့်ကို ဖျက်ဆီးတဲ့သဘော မရှိကြတဲ့အတွက် ဒီကောင်းမှုတွေကို

ကုသိုလ်လို့မခေါ်ပဲ ကြိယာလို့ အဘိဓမ္မာပိဋကမှာ နာမည်ပေးထားပါတယ်။

## ပူဇာနှစ်ဖြာ

ပူဇော်မှုဟာ ပစ္စည်းပေးလှူမှု (အာမိသပူဇာ)ရယ်၊ သီလ–သမထ–ဝိပဿနာ အစရှိတဲ့ လုပ်ငန်းကောင်းတွေကို ပြုကျင့်မှု(ဓမ္မပူဇာ) ရယ်လို့ နှစ်ဖြာကွဲပြားပါတယ်။

## မြင့်မြတ်ပူဇာ

ပူဇာနှစ်ဖြာဟာ ပြောခဲ့ပြီးအတိုင်း ဒါန–သီလ–သမထ–ဝိပဿနာလို့ လိုရင်းချုပ် လောကီပူဇာ လေးမျိုးဖြစ်ပါတယ်။

ဒီလေးမျိုးမှာ–

(၁) သီလခေါ်တဲ့ ကိုယ်ကျင့်တရားကောင်းတွေ ပြည့်စုံနေအောင် ထိန်းသိမ်းမှုက သီလထိန်းနေသမျှ နေ့ ရက် လ နှစ်တွေ များစွာကြာတဲ့အထိ ကိုယ်အကျင့်ဆိုး နှုတ်အကျင့်ဆိုး အကုသိုလ်တွေကို နောက်ထပ် မဖြစ်စေပဲ ချုပ်ငြိမ်းနေအောင် ဖျက်ဆီးပစ်တယ်။ အကျင့်ဆိုး အကုသိုလ်တွေ ချုပ်ငြိမ်းကြယင် ဒီကိုယ်အကျင့်ဆိုး နှုတ်အကျင့်ဆိုး အကုသိုလ်တွေကြောင့် ဖြစ်လာကြမည့် ဆင်းရဲမှုတွေလဲ မဖြစ်ကြတော့ပဲ ချုပ်ငြိမ်းကုန်တယ်။ အာမိသပူဇာဖြစ်တဲ့ ဒါနဟာ အကုသိုလ်တွေ နေ့ ရက် လ နှစ် ကြာရှည် ချုပ်ငြိမ်းနေအောင် မစွမ်းဆောင်နိုင်ဘူး။ ဒါကြောင့် အာမိသပူဇာထက် သီလဓမ္မပူဇာက ပူဇော်သူကို ကောင်းကျိုးပိုပေးတယ်၊ အဆင့်မြင့်တယ်၊ အမြတ်ကြီးတယ်။

(၂) စိတ်ကြည်အေးစွာနဲ့ ပေက္ခာပို့မှု၊ အရဟံစတဲ့ ဂုဏ်တော်ပွားမှု၊ အာနာပါနနည်းနဲ့ သမာဓိထူထောင်မှု အစရှိတဲ့ သမထပူဇာက ကိုယ်–နှုတ်–စိတ် သုံးမျိုးလုံးမှာ အကုသိုလ်တွေဖြစ်ချိန် တချိန်နဲ့တချိန် ဝေးကွာအောင် ဖြစ်တဲ့အကြိမ် နဲပါးသွားအောင် နှိပ်ကွပ်ဖျက်ဆီးတယ်။ သီလပူဇာက ဒီလို မစွမ်းဆောင်နိုင်ဘူး။ ဒါကြောင့် သီလပူဇာထက် သမထပူဇာက ပူဇော်သူအတွက် ကောင်းကျိုးပိုပေးတယ်၊ အဆင့်မြင့်တယ်၊ အမြတ်ကြီးတယ်။

(၃) ဝိပဿနာ (ဓမ္မပူဇာ)က အကုသိုလ် အကျင့်ဆိုးတွေရဲ့ နောင်ဖြစ်ပေါ်လာမည့် စွမ်းရည်အရှိန်အဟုန် ပျော့ညံ့မှေးမှိန်အောင် နှိပ်ကွပ်ပြီး အမြစ်ပြတ်လုနီးနီး ခေါင်းမထောင်နိုင်အောင် ဖျက်ဆီးပစ်တယ်။ သမထပူဇာက ဒီလို မစွမ်းဆောင်နိုင်ဘူး။ ဒါကြောင့် သမထပူဇာထက် ဝိပဿနာပူဇာက ပူဇော်သူအတွက် ကောင်းကျိုးပိုပေးတယ်၊ အဆင့်မြင့်တယ်၊ အမြတ်ကြီးတယ်။ ယခုပြောခဲ့တဲ့ စိစစ်ချက်တွေအရ ဝိပဿနာဟာ အမြင့်ဆုံး၊ အမြတ်ကြီးဆုံး ဓမ္မပူဇာ ဖြစ်ပါတယ်။

## တန်ဖိုးနဲ့ တန်ကြေး ညီမျှပါစေ

လောကမှာ မြင့်မြတ်ဆုံးဖြစ်တော်မူတဲ့ မြတ်ဗုဒ္ဓကို ပူဇော်ချင်ယင် မြင့်မြတ်ဆုံး ပူဇော်မှုဖြစ်တဲ့ ဝိပဿနာပူဇာနဲ့ ပူဇော်ကြမှသာ ထိုက်တန်တဲ့ တန်ဖိုးနဲ့ ကိုယ်ပေးတဲ့တန်ကြေး ညီမျှမယ်၊ ကိုယ်ထားတဲ့ တန်ဖိုးနဲ့ ကိုယ်ပေးတဲ့တန်ကြေးကို ညီမျှအောင်ပြုသူဟာ လူပီသသူ ဖြစ်တယ်ဆိုတဲ့ လောကသဘာဝမှန်ကိုလဲ စိတ်စွဲမြဲကြပါလို့ သတိပေးပါတယ်။

ဗုဒ္ဓဘာသာရဲ့ အမြင့်ဆုံး ကောင်းကျိုးဖြစ်တဲ့ ဆင်းရဲအားလုံး ငြိမ်းအေးမှုကို ဘဝတိုတို အချိန်တိုတိုနဲ့ ရချင်သူတွေဟာ မြင့်မြတ်ဆုံး ပူဇော်မှုဖြစ်တဲ့ ဝိပဿနာ လုပ်ငန်းကောင်းကို အထူး ကြိုးပမ်းအားထုတ်သင့်တယ်လို့ စိတ်မှာ စွဲမှတ်ပြီး ဝိပဿနာ လုပ်ငန်းကို မဖြစ်မနေ ဇွဲကောင်းကောင်းနဲ့ ကြိုးစားကြပါ။

## တရက်မှာ တစ်မိနစ်ထည်း

ဝိပဿနာ အားထုတ်ချင်ပါတယ်၊ အလုပ်တွေ ကိစ္စ များနေလို့ အားလပ်ချိန်မရဘူးလို့ ပြောနေသူတွေကို "အကြေးစနစ်တရပ်" သင်ပေးထားမယ်။ အင်မတန် နဲလွန်းတဲ့အကြေးပဲ။ တရက်မှာ တစ်မိနစ်ထည်းပါ။ ဘနေ့မှာ တစ်မိနစ်၊ ညနေမှာ တစ်မိနစ် မဟုတ်ပါဘူး၊ ဟာနေ့နဲ့တညဥ့် ပေါင်းထားတဲ့ တရက်လုံးမှာ တစ်မိနစ်ထည်းပါ။

တရက်မှာ မိနစ်ပေါင်း (၁၄၄၀) ရှိပါတယ်။ ဒီလောက်များတဲ့ မိနစ်တွေထဲက တစ်မိနစ်ထည်းသာ ဝိပဿနာအတွက် သင်

မှတ်ပေးပါ။ ဒီတစ်မိနစ်ကိုလဲ ယခု မပေးပါနဲ့၊ ဆိုင်းငံ့ ကြွေးလို့ မှတ်ထားပါ။ ဆိုင်းငံ့ချိန်ကို နှစ် (၃၀) ထားပါ။ နဲ့သေးတယ်ထင်ယင် နှစ် (၄၀) ထားပါ။ အသက် (၄၀) ပြည့်အောင် အကြွေး မဆပ်ပါနဲ့။ လူ့လောကမှာ ပျော်ပျော် ရွှင်ရွှင် နေလိုက်ပါအုံး။

အသက်လေးဆယ်ကျော်ယင် သက်တမ်း တဝက်ကျိုးပြီ ဖြစ်လို့ အကြွေးဆပ်ချိန် ရောက်ပြီ။ ကြွေးစာရင်း တွက်ရမယ်။

အကြွေးက တရက်မှာ တစ်မိနစ်နှုန်းဖြစ်တော့ တလမှာ မိနစ် သုံးဆယ်၊ တနှစ်မှာ ၆—နာရီ၊ လေးနှစ်မှာ ၂၄—နာရီ (တရက်)၊ အနှစ် နှစ်ဆယ်မှာ ငါးရက်၊ နှစ်လေးဆယ်မှာ ဆယ်ရက်၊ နာရီနဲ့ တွက်ယင် (၂၄၀) ဖြစ်တယ်။

မအိပ်—မစား—မနားပဲ တဆက်ထည်း အကြွေး မဆပ်ပါနဲ့။ အိပ်ချိန် စားချိန် နားချိန်တွေကို အကြွေးထဲကပဲ တရက်မှာ ဆယ်နာရီ နုတ်ယူလိုက်ပါအုံး။

တရက်မှာ တရားကျင့်ချိန် သက်တောင့် သက်သာ လေးပိုင်း ခွဲကာ စုစုပေါင်း (၁၄) နာရီ သတ်မှတ်ထားပြီး ဆယ်ရက်မျှသာ ဝိပဿနာ အားထုတ်ယင် အကြွေးလဲ ကျေ၊ ကောင်းကျိုးတွေလဲ အများကြီး ရနိုင်ပါတယ်။

လောကမှာ အကြွေးရှိယင် အတိုးပေးရပေမယ့် နှစ်လေးဆယ် ကြာတဲ့အထိ အတိုးမရှိ၊ ဆယ်ရက် တိတိပါပဲ။ အတိုးမပေးရတဲ့အပြင် နာရီ (၂၄၀) ထဲက နာရီ တရာတောင်မှ အိပ်ချိန် စားချိန် နားချိန်အဖြစ် လျှော့ပေးထားလိုက်ပါသေးတယ်။

''မြတ်ဗုဒ္ဓအကြောင်း သိကောင်းစရာ'' အကျဉ်းချုပ် ပြောတာကို ရပ်နားကြပါစို့။

# ဘာသာနဲ့စပ် သိမှတ်စရာ

ဘာသာနဲ့စပ် သိမှတ်စရာတွေကို ပြောချိန်ရောက်ပါပြီ။

ဘာသာဆိုတာ ပါဠိ စကားလုံးပါ၊ ဗမာလိုပြောယင် "ဟော ပြောချက်" လို့ အဓိပ္ပာယ် ထွက်ပါတယ်။ သာမန် ပုဂ္ဂိုလ်တွေရဲ့ ဟောပြောချက်တွေကို ရှေးပညာရှင်တွေက "ဘာသာ" လို့ နာမည် မတပ်ခဲ့ကြပါဘူး။

နောက်လိုက် တပည့်တွေရဲ့ လေးစား+အားထား ကိုးကွယ်စရာ ဖြစ်တဲ့ ရှေ့ဆောင်ဦးစီး တကယ် ထူးချွန်တဲ့ ပညာရှင် သူတော်စင်ကြီး တွေရဲ့ တည်ထွင် ဟောပြောချက်တွေကိုသာ ရှေးပညာရှင်ကြီးများက ဘာသာလို့ အမည်တပ်ခဲ့ကြပါတယ်။

ဂေါတမ မြတ်ဗုဒ္ဓရဲ့ ဟောပြောတော်မူချက် ဘာသာတွေထဲက ထိပ်ဆုံးပိုင်း အမြင့်ဆုံး ကောင်းကျိုးဖြစ်တဲ့ ဆင်းရဲ အားလုံး ချုပ် ငြိမ်းရေးရဖို့ လုပ်ငန်းစဉ်ကို ပြောပြပါမယ်။ ဒီ လုပ်ငန်းစဉ်မှာ—

(၁) ဆင်းရဲဆိုတာ ဘာလဲ၊ ဘယ်ဟာလဲ၊

(၂) ဘာကြောင့် ဆင်းရဲ ဖြစ်သလဲ၊

(၃) ဆင်းရဲ ချုပ်ငြိမ်းရေး လမ်းစဉ်မှန်က ဘယ်ဟာလဲ။

ဒီသုံးချက်ကို စိစစ်ပြယင် လိုရင်းချက်အားလုံး ပြည့်စုံ ပြီးပြတ် မှာ ဖြစ်ထာကြောင့် ဒီသုံးချက်ကို မူတည်ပြီး ရှင်းပြပါမယ်။

## (၁) ဆင်းရဲဆိုတာ ဘယ်ဟာလဲ

ဆင်းရဲဆိုတာ ဘယ်ဟာလဲဆိုတဲ့ နံပါတ် (၁) အချက်ကို စိစစ်ယင် လောကမှာ—

(က) တကယ် မရှိတာတွေနဲ့ ပတ်သက်တဲ့ ဆင်းရဲ။
တိုတိုပြောယင် မရှိ ဆင်းရဲ။

(ခ) တကယ် ရှိတာတွေနဲ့ ပတ်သက်တဲ့ ဆင်းရဲ၊
တိုတိုပြောယင် ရှိဆင်းရဲလို့ နှစ်မျိုးပဲ ရှိပါတယ်။

ဒကာ ဒကာမတွေက ပါဠိဘာသာကို အဟုတ် မတတ်ကြပေမယ့် ပါဠိအသံ ရောစွက်ပြောမှ သဘောရှင်းသလိုလို၊ ကျေနပ်သလိုလို ကြားရတာ နားအရသာ ပိုသလိုလို ချိုသလိုလို ဖြစ်ကြတာကြောင့် မရှိဆင်းရဲဆိုတာ "ပညတ် ဒုက္ခ" ၊ ရှိဆင်းရဲဆိုတာ "ပရမတ် ဒုက္ခ" လို့ မှတ်ကြပါ။

### နောက်တနည်း

နောက်တနည်းပြောယင် (က) ဆင်းရဲတု (ခ) ဆင်းရဲစစ်လို့ နှစ်မျိုးရှိတယ်။

ပညတ်ဟာ တကယ်ရှိတာ မဟုတ်လို့ ပညတ်နဲ့ ပတ်သက်တဲ့ ဆင်းရဲဟာ မဟုတ် ဆင်းရဲပဲ၊ မဟုတ်ယင် မစစ်ဘူး၊ အတုပဲ။ ဒါကြောင့် မရှိဆင်းရဲ (ခေါ်) ပညတ်ဒုက္ခဟာ ဆင်းရဲတု ဖြစ်တယ်။

ပရမတ်ဟာ တကယ်ရှိတာ ဟုတ်လို့ ပရမတ်နဲ့ ပတ်သက်တဲ့ ဆင်းရဲဟာ အဟုတ်ဆင်းရဲပဲ၊ ဟုတ်ယင် အတု မဖြစ်နိုင်ဘူး၊ အစစ်ပေါ့။ ဒါကြောင့် ရှိဆင်းရဲ (ခေါ်) ပရမတ် ဒုက္ခဟာ ဆင်းရဲစစ် ဖြစ်ပါတယ်။

### ရုပ်–နာမ် ဆင်းရဲ

အရင်းအမြစ် ခြေရာကောက်လိုက်ယင် မရှိဆင်းရဲ၊ ရှိဆင်းရဲ နှစ်မျိုးလုံး ဆင်းရဲတု ဆင်းရဲစစ် နှစ်မျိုးလုံးဟာ လောကီ ရုပ်—နာမ် (ပရမတ်) တွေရဲ့ ဖြစ်မှု ရှိမှုက ဆက်နွယ် ဖြစ်ပွားလာကြတဲ့ ဆင်းရဲတွေ မြစ်ပွားရောဂါ (ကင်ဆာ) တွေပဲ။

ဘာကြောင့်လဲ ဆိုတော့ လောကီ ရုပ်နာမ်တွေ မဖြစ်ကြယင် လောကီ ရုပ်နာမ်တွေ မရှိကြဘူး။ လောကီ ရုပ်နာမ်တွေ မရှိကြယင် ဆင်းရဲ မဖြစ်တော့ဘူး၊ မရှိတော့ဘူး။ ဒါကြောင့် ဆင်းရဲတွေဟာ လောကီ ရုပ်နာမ်တွေ ရှိနေမှုက ဆက်နွယ် ဖြစ်ပွားလှာတဲ့ မြစ်ပွား ရောဂါ (ကင်ဆာ) တွေပဲလို့ ပြောရပါတယ်။

"ရုပ်နာမ်တွေ ရှိနေမှုက ဆက်နွယ် ဖြစ်ပွားလှာတဲ့ ဆင်းရဲ" လို့ စကားဝါကျ ရှည်ရှည် မပြောချင်ယင် "ရုပ်နာမ် ဆင်းရဲ"လို့ ပြောနိုင်ပါတယ်။

ဒုက္ခပေးတဲ့ ကောင်ကလေး၊ ဒုက္ခဖြစ်အောင်လုပ်တဲ့ ကောင် ကလေးလို့ ရှည်ရှည်ပြောရမည့် စကားတွေကို တိုတို တောင်းတောင်း ဆိုလိုကောင်းအောင် "ဒုက္ခ ကောင်လေး"လို့ လောကမှာ ပြောကြ သလိုပေါ့။

အဓိပ္ပာယ် ပြည့်စုံ ရှင်းလင်းအောင် ဝါကျရှည်ရှည် ပြောရမယ်၊ ပြောလွယ် မှတ်လွယ်အောင် ဝါကျတိုတို ပြောရမယ်လို့ ရှေးပညာရှင် တွေက စည်းမျဉ်း သတ်မှတ်ထားကြပါတယ်။

ပြောခဲ့ပြီး စိစစ်ချက်အရ "ဆင်းရဲဆိုတာ လောကီ ရုပ်နာမ်"လို့ ရင်းမြစ်ထိအောင် မှတ်ကြပါ။

လောကီ ရုပ်နာမ်တွေဟာ ဆင်းရဲ မှန်ပါတယ်။ ပါဠိဘာသာမှာ သတိတော သမ္မုတိ သစ္စံ (ဗာလာဝတာရကျမ်း) သတိမြဲမြဲရှိမှ သိရတဲ့ တရားဖြစ်တာမို့ မှန်တာကို သစ္စာလို့ ခေါ်တယ်။ ဒါကြောင့် လောကီ ရုပ်နာမ်တွေကို ဒုက္ခသစ္စာလို့ ခေါ်ပါတယ်။

ဒုက္ခသစ္စာဖြစ်တဲ့ လောကီ ရုပ်နာမ်တွေ ဖြစ်နေယင် မချုပ်ငြိမ်း ဘူး၊ ဖြစ်အုံးမယ်ဆိုယင် မချုပ်ငြိမ်းသေးဘူးလို့ မှတ်ထားပါ။

ဒုက္ခသစ္စာ ပြီးပြီ။

## (၂) ဘာကြောင့် ဆင်းရဲ ဖြစ်သလဲ

အကြောင်း မဖြစ်ယင် အကျိုး မထင်ဘူးဆိုတဲ့ ဗုဒ္ဓ၏ ကြောင်း + ကျိုးဆက် (ပဋိစ္စသမုပ္ပါဒ်) ဝါဒအရ အကျိုးဖြစ်တဲ့ ဆင်းရဲ ချုပ်

ငြိမ်းဖို့ မရှိအောင် မဖြစ်အောင် တကယ် လုပ်ရမည့် ဆင်းရဲ ဖြစ်ကြောင်း တွေကို ရှာဖို့ သိဖို့ လိုအပ်ပါတယ်။

သိဒ္ဓတ္ထမင်းသား တောထွက်ပြီးနောက် ဗုဒ္ဓ ဖြစ်လုနီးချိန်မှာ ရှာဖွေ တွေ့သိပုံကို မပြောသေးခင် အခြား ဘာသာရေး ခေါင်းဆောင်တွေ ရှာဖွေ သိမှတ် ပြောဆိုချက်တွေကို ကြိုတင်ပြောပါမယ်။

ဒီလိုပြောယင် တရားနာသူတွေ ဗဟုသုတလဲ ရကြမယ်၊ အမည်းနဲ့ နှိုင်းယှဉ်ကြည့်ယင် အဖြူဟာ ပိုပြီးထင်ရှားတဲ့ သဘာဝအတိုင်း မြတ်ဗုဒ္ဓရဲ့ ဟောပြောချက် ဘာသာကို ပိုပြီး သဘောရှင်းကြမယ်။

## (၁) ဖန်ဆင်းရှင် ဝါဒ

အိန္ဒိယနိုင်ငံမှာ ဗုဒ္ဓ မပေါ်ထွန်းခင် နှစ် သန်းပေါင်း များစွာ ကတည်းက လောကသတ္တဝါ အားလုံးကို တန်ခိုးရှင် ဗြဟ္မာကြီး ဖန်ဆင်းတယ်ဆိုတဲ့ (ဣဿရနိမ္မာန)ဝါဒ ပေါ်ထွန်းခဲ့ပါတယ်။

စိတ်မဲ့အရာဝတ္ထု (အဝိညာဏက)တွေကို ဗြဟ္မာကြီး ဖန်ဆင်းတယ်ဆိုတဲ့ စကားနဲ့ ကယ်တင်ရှင် ဗြဟ္မာကြီးလို့ ပြောဆိုခဲ့တဲ့ စကားတွေဟာ ရှေးခေတ်ရောက်မှ ဖြည့်စွက်ထည့်ကြတဲ့ စကားတွေ ဖြစ်ကြပါတယ်။

ဗြဟ္မာကြီးဟာ သတ္တဝါတွေကို ဖန်ဆင်းဖို့ ဒီမြေပြင်ကို ဦးစွာ ပထမ ဆင်းသက်တဲ့ နေရာလို့ ပြောကြတဲ့ ဗြဟ္မဝရ်တန (ဗြဟ္မ ဝတ္တန်) အမည်ရှိတဲ့ နေရာကို အိန္ဒိယနိုင်ငံမှာ တွေ့ခဲ့ပါတယ်။ ယခုလဲ တွေ့နိုင်ကြပါသေးတယ်။

ဥတ္တရပရာဒေ့ရှ် (ယူ—ပီ)ပြည်နယ် ကန်ပူရ်မြို့က အရှေ့မြောက် ဘက်ကို မီးရထားစီးသွားယင် ၁၃ မိုင်ကွာ လမ်းဆုံးဘူတာငယ် ဘိထုရ် ကို ရောက်တယ်။ ဘိထုရ်ဟာ ဂင်္ဂါမြစ်ရဲ့ အရှေ့ဘက် ကမ်းနဖူးမှာ အနံ သုံးဖာလုံ၊ အလျား တစ်မိုင်သာသာလောက် ရှိပါတယ်။ (၁၅) ပေလောက် ကျယ်တဲ့ ကတ္တရာလမ်းချောတလျှောက် ဝဲ--ယာ နှစ် ဘက်မှာ နှစ်ထပ် အုတ်တိုက်တွေ ပြည့်ကျပ်နေပေမယ့် လူနေ မရှိ သလောက်ပဲ။ အိန္ဒိယသား ဆာဒူး(ဘုန်းကြီး)တွေတော့ ပေါများ ပါတယ်။ ဆာဒူးတွေခေါ်ရာ လိုက်သွားယင် အုတ်တိုက်တွေအကြား

ရောက်တော့ ဆာဒူးတွေက ပစ္စည်းလှူလေ့ ပြုကြတာကြောင့် ဆာဒူးတွေ ခေါ်ယင် လိုက်မသွားဖို့ မိတ်ဆွေတွေက အထူး မှာကြားကြတယ်။

ဘိထုရ်ရဲ့ တောင်ဘက်စွန်း ဂင်္ဂါမြစ်ကမ်းပါး ပေ ၁၅၀- လောက် မြင့်တဲ့ တောင်ကုန်းထိပ်မှာ (၁၅×၂၀)ပေ ကျယ်တဲ့ တထပ် အုတ်တိုက်ဟာ ရာမဇာတ်တော်ကြီးလို့ ခေါ်ကြတဲ့ နာမည် ကျော် ရာမာယန ဝတ္ထုကြီးကို ရေးသားသူ ဝါလမိကီ ရသေ့ကြီးရဲ့ ကျောင်း ဟောင်းပဲလို့ ပြောကြတယ်။

မယ်သီတာကို နန်းတွင်းက နှင်ထုတ်တော့ မယ်သီတာဟာ သားငယ် နှစ်ယောက်နဲ့အတူ ဒီဝါလမိကီရသေ့ထံမှာ ခိုလှုံနေရသတဲ့။ နောက်မှ ရာမမင်း လိုက်လာပြီး ဒီရသေ့ကျောင်းမှာ ဆုံတွေ့ကြ၊ မယ်သီတာ သစ္စာပြုပြီး ပြန်ပေါင်းထုပ်ကြသတဲ့။ ဝါလမိကီ ရသေ့ ကြီးဟာ ရာမာယန ဇာတ်တော်ကြီးကို ဒီကျောင်းမှာပဲ ရေးသတဲ့။

ဝါလမိကီရသေ့ကျောင်းရဲ့ မြောက်ဘက် တစ်မိုင်သာသာ ဝေးတဲ့နေရာ ဂင်္ဂါမြစ် အရှေ့ဘက် ကမ်းနဖူးမှာ ဖန်ဆင်းရှင် ဗြဟ္မာ ကြီး သတ္တဝါတွေကို ဖန်ဆင်းဖို့ ဒီမြေပြင်ပေါ်ကို စတင် သက်ဆင်း တဲ့ နေရာလို့ ပြောဆိုနေကြတဲ့ ဌာနကို တွေ့တယ်။

ဗျက် သုံးပေ၊ အရှည် ငါးပေ၊ အမြင့် လေးပေသာသာရှိတဲ့ အုတ်ခုံပေါ်မှာ ဗျက် တစ်ထွာ၊ အရှည် တစ်တောင်သာသာ၊ ထု သုံးလက်မလောက် ရှိတဲ့ သစ်သားခရောင်ကြီးတခုကို တွေ့တယ်။

ဗြဟ္မာကြီး မြေပြင်ကို စတင် ဆင်းလာတုန်းက စီးခဲ့တဲ့ ခရောင် ကြီး ဖြစ်တယ်လို့ အစောင့် ပူဂျာရီက ပြောတယ်။

ခရောင်ဆိုတာ သယ်ကြိုး (သည်းကြိုး) မရှိတဲ့ သစ်သား ဖိနပ်ပါပဲ။ အဖျားနားမှာ လုံးပတ် တစ်လက်မ၊ အမြင့် နှစ်လက်မ လောက် ရှည်တဲ့ သစ်သားဘုလုံးငယ်တခု တပ်ထားတယ်။ ဒီ ဘုလုံး ငယ်ကို ခြေမနဲ့ ခြေညိုး အကြားမှာ ညှပ်ပြီး ဒီဖိနပ်ကို စီးသွားရတယ်။ ဒီ သစ်သားဖိနပ်ကို တက်စီးပြီး လမ်းလျှောက်ယင် ဖိနပ်က မြေကြီးကို ထိတိုင်း ထိတိုင်း ခရောင် – ခရောင်လို့ အသံ မြည်တာကြောင့် ဒီ သစ်သားဖိနပ်ကို အိန္ဒိယသားတွေက ခရောင်လို့ ခေါ်ကြတယ်။

သားရေကို ဖိနပ်သယ်ကြိုးလုပ်ယင် နွားတွေ ကျွဲတွေ ဆိတ်တွေကို ညှဉ်းဆဲရာ ရောက်လို့ အသားစားတာနဲ့ အတူတူပဲမို့ ဘာသာရေးအရ အပြစ်ကြီးတာကြောင့် ခရောင်မှာ သယ်ကြိုး မတပ်ဘူးတဲ့။

ခရောင်ကြီးနားမှာ ဦးပဥ္စင်းတို့နဲ့ စကားပြောတဲ့ ပူဂျာရီဆိုတာ ဟင်ဒူအသံထွက်အတိုင်း ခေါ်တာပါ။ ပါဠိအသံနဲ့ခေါ်ယင် ပူဇာရီ ဖြစ်တယ်။ ပူဇော်သူလို့ အဓိပ္ပာယ်ထွက်တယ်။

ဗြဟ္မဏဝါဒအရ လူတွေက ဗြဟ္မာကြီးကို ပန်းတို့၊ မုန့်တို့ စတဲ့ ပူဇော်ဖွယ်တွေနဲ့ ပူဇော်တဲ့အခါ အခကြေးငွေယူပြီး ပူဇော် စာတမ်းရွတ်ဖတ် ပူဇော်ပေးသူကို ပူဂျာရီလို့ ခေါ်ကြတယ်။ သူတို့ ဘာသာရေး စည်းမျဉ်းအရ လူတွေဟာ သူတို့ကိုးကွယ်တဲ့ ဘုရားကို တိုက်ရိုက် ဆက်သွယ်ခွင့် မရကြဘူး။ ပူဂျာရီကို အခပေးပြီး တဆင့်ခံ ဆက်သွယ်ကြရတယ်။

ပြောခဲ့ပြီး ခရောင်ကြီးဟာ ယာ(ညာ)ဘက် တခုထဲ ရှိနေတာကြောင့် ဗြဟ္မာကြီးမှာ ခြေထောက်တဖက်တည်း ရှိသလားလို့ မေးတော့ ဗြဟ္မာကြီးဟာ ယာဘက် ခြေထောက်ကို ဒီနေရာမှာ ချပြီးတော့ ဝဲဘက်ခြေထောက်ကို ခင်ဗျားတို့နိုင်ငံမှာ ချပါတယ်။ ဒါကြောင့် ခင်ဗျားတို့ကို ကျွန်တော်တို့ အိန္ဒိယနိုင်ငံသားတွေက ဗရဟမာ(ဗြဟ္မာ) လို့ ခေါ်ကြတာပါလို့ ပူဂျာရီက ပြောတယ်။

ဒီ ပူဂျာရီရဲ့ မျက်နှာသား၊ စကားလေသံ၊ ဆက်ဆံပုံတွေကို ကြည့်ရတာ ကာရော်ကာမယ်ပြောနေတဲ့ အမူအရာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီ ပူဂျာရီဟာ ဗမာတွေကို ဗြဟ္မာကြီးရဲ့သားတွေ ဖြစ်အောင် ပုံးသတ်နေတာပဲလို့ မှတ်ယူခဲ့ပါတယ်။

ပြောခဲ့ပြီး ခရောင်ကြီး၊ ဗာရာဏသီမြို့လယ်မှာ ဝိဆ္ဆနာထဘုရားကျောင်း၊ အယုဒ္ဓယ(သာကေတမြို့ဟောင်း)မှာ ရာမမင်း မွေးဖွားရာ အစရှိတဲ့ တံထွင်မှု အများကြီးကို ဖန်ဆင်းရှင် ကယ်တင်ရှင် ဗြဟ္မဏဝါဒ ခိုင်မြဲအောင် အိန္ဒိယနိုင်ငံမှာ လူတွေက ဖန်တီးထားကြတယ်။

ရှေးခေတ်က လက်နက်အားကိုးပြီး ဗုဒ္ဓဘာသာကို ပယ်ဖျက်ဖိုက်လို့ ရနိုင်ပေမယ့် ဒီခေတ်မှာ မရနိုင်လေတော့ ပျော့ပျော့နဲ့ တပတ်ကျော့ ဖန်တီးပြီး ဗုဒ္ဓဘာသာကို ပုံးသတ်နေကြပြန်တယ်။

သိဒ္ဓတ္ထမင်းသား တောထွက် တရားရှာ ဒုက္ကရစရိယာကို ၆ နှစ်တာ ကျင့်ပေမယ့် တရားမှန်ကို မရနိုင်ရှာပဲ မဟာဗောဓိညောင်ပင်အောက်မှာ ထိုင်နေတုန်း ဘုန်းတန်ခိုး ဉာဏ်ပညာ ကရုဏာ ကြီးလှတဲ့ ဗြဟ္မာကြီးက သိဒ္ဓတ္ထရဲ့ ဦးခေါင်းထဲကို ဉာဏ်အလင်းရောင် ဖြူဖြူပြောင်ပြောင်ကြီးကို ထိုးထည့်လိုက်တော့မှ ဒီ ဉာဏ်အလင်းရောင်ကို သိဒ္ဓတ္ထမင်းသား ရပြီး ဗုဒ္ဓဖြစ်လာတယ်လို့ ပြောကြပြန်တယ်။ ဗုဒ္ဓကို ဗြဟ္မာကြီးရဲ့ ကိုယ်စားလှယ် အဝတာရ(တမန်တော်)တပည့်စာရင်းဝင်ဖြစ်အောင် ကြံဆောင် ဖန်တီးကာ ပူးသတ်နေတာကို တွေ့နေရ ကြားနေရတယ်။ အထူး သတိထားကြပါ။

## ညင်ညင်သာသာ ပူးသတ်ထာ

ကျွန်တော်တို့နဲ့ ဗုဒ္ဓဘာသာဝင်တွေဟာ ဘုရားတဆူတည်း အတူတူပါပဲလို့ ပြောနေတဲ့ အခြားဘာသာဝင်တယောက်ရဲ့ စကားကို ဗမာဗုဒ္ဓဘာသာဝင်တွေက နားဝင်ချို အသည်းခိုက်လှတဲ့ ချစ်ကြည်ရေးစကားလို့ ယုံကြည်ကြတယ်။ ဗုဒ္ဓဘာသာကို ညင်ညင်သာသာ ပူးသတ်နေတာလို့ အမှန်ကို မသိကြဘူး။

အဲဒီ အခြား ဘာသာဝင်ရဲ့ စကားဟာ ကျွန်တော်လဲ ဗုဒ္ဓဘာသာဝင် တဦးပါလို့ ဆိုလိုတာ မဟုတ်ဘူး။ ဂေါတမ ဗုဒ္ဓဟာလဲ ကျွန်တော်တို့ရဲ့ ဘုရားသခင် ဗြဟ္မာကြီးရဲ့ ကိုယ်စားလှယ် အဝတာရစေတမန်တဦးမို့ ဘုရားတဆူတည်း အတူတူပဲလို့ သူ ဆိုလိုတယ်။ ဗုဒ္ဓကို ဗြဟ္မာကြီးရဲ့ လက်အောက်ခံ လက်ဝေခံ ဖြစ်သွားအောင် ပူးသတ်နေတာလို့ သေသေချာချာ မှတ်ကြပါ။

## အယူဝါဒတူမှ ဘုရားတူတယ်

ဘုရားတူလို့သာ အယူဝါဒတူကြတာ။ ဝါဒတူမှ ဘုရားတူတယ်။ ဝါဒမတူယင် ဝါဒကို စတင်ချမှတ်ပေးသူ ဆရာဘုရားချင်းလဲ မတူနိုင်ဘူး။ ဒါဟာ လုံးဝ လက်မလွှတ်သင့်တဲ့ သဘာဝမှန်ပဲ။

ဖန်ဆင်းရှင် ဗြဟ္မဏ ဘာသာနဲ့ ဗုဒ္ဓဘာသာဟာ ကွဲပြားခြားနားချက်တွေ အများပဲ ရှိပါတယ်။ ခပြောချိန်မရလို့ နဲနဲပါးပါး ပြောမယ်။

(၁) ဗြဟ္မဏဘာသာမှာ ဒါန—သီလ—ဈာန်—အဘိညာဏ်လို့ ကျင့်စဉ် လေးမျိုးရှိတယ်။ ဝိပဿနာ ကျင့်စဉ်မှန် မရှိဘူး။

ဗုဒ္ဓဘာသာမှာ ဒါန—သီလ—ဈာန်—အဘိညာဏ်—ဝိပဿနာလို့ ကျင့်စဉ် ငါးမျိုးရှိတယ်။ ကျင့်စဉ် လေးမျိုး တူနေတာကြောင့် ကျင့်စဉ် အားလုံး တူတယ်လို့ အထင်လွဲ အမှတ်လွဲနေကြပါတယ်။

(၂) ဗြဟ္မဏ ဘာသာမှာ ကိုယ်ကျင့်တရားကောင်းထက် ဇာတ် ကို တန်ဖိုးထား လွန်ကဲတယ်။ ဇာတ်မြင့် ဇာတ်နိမ့်ခွဲတယ်၊ ဇာတ်နိမ့်သူ ဟာ ဇာတ်မြင့်သူရဲ့ အရိပ်ကိုတောင်မှ မနင်းရဘူး၊ မကျော်လွှားရဘူး။ နင်းမိ ကျော်လွှားမိယင် ရှေးခေတ်တုန်းက သေအောင် ရိုက်နှက် ဆုံးမခွင့် ရှိတယ်။

ဗုဒ္ဓဘာသာမှာ ဇာတ်ကို နဲနဲမှ တန်ဖိုးမထားဘူး။ ကိုယ်ကျင့် တရားကောင်းကို တန်ဖိုးထားတယ်။ ဇာတ်နိမ့် ဇာတ်မြင့် ခွဲခြားတာကို ပယ်ဖျက်တယ်။

ဗုဒ္ဓက ဒီအချက်ကို သဘာဝမှန်အတိုင်း သာမန်မျှ ဟောပြောခဲ့ တာ ဖြစ်ပေမယ့် ဗြဟ္မဏ ဘာသာဝင်ထဲမှာ ဇာတ်အမြင့်ဆုံးနေရာကို ဖန်တီး ရယူထားကြသူတို့ကတော့ "ငါတို့ကို လည်ပင်းညှစ်ကာ အရှိုက် ပိတ်ထိုး သတ်ထားပဲ"လို့ ဗုဒ္ဓအပေါ်မှာ ကြိတ်မနိုင် ခဲမရ ဒေါသ ထွက်နေခဲ့ကြပါတယ်။ ဇာတ်ကို ဖြုတ်ယင် ထိုသူတွေ နေရာမရှိဖြစ်တာ ကြောင့်ပါပဲ။

(၃) ဗြဟ္မဏ ဘာသာမှာ အမျိုးသမီးတွေကို နည်းအမျိုးမျိုးနဲ့ နှိမ့်ချတယ်။ အမွေဆက်ခံခွင့် မပေးဘူး။ သူတို့ ဘုရား ဟောတယ်ဆိုတဲ့ ဝေဒကျမ်းစာတွေကို သင်ယူခွင့် မပေးဘူး။ လင်သေပြီးယင် နောက်ထပ် အိမ်ထောင်ပြုခွင့် မပေးဘူး စသည် စသည် နှိမ့်ချချက်တွေ အများပဲ။

ဗုဒ္ဓဘာသာက ဒါတွေအားလုံးကို ဆန့်ကျင်တယ်။

(၄) ဗြဟ္မဏ ဘာသာက အတ္တဝါဒကို တီထွင်တယ်၊ စွဲယူ တယ်။ ဗုဒ္ဓဘာသာက အနတ္တဝါဒ သဘာဝမှန်ကို ဖော်ပြတယ်၊ စွဲယူ တယ်။ ဒါတွေကြောင့် ဗြဟ္မဏ ဘာသာနဲ့ ဗုဒ္ဓဘာသာဟာ ဝါဒမတူ ဘုရား မတူပါဘူး။

ဒီလိုပြောနေတာဟာ ဗြဟ္မဏ ဘာသာဝင်တွေကို မုန်းတီးဖို့၊ ရန်ဖြစ်ဖို့ ပြောနေတာ မဟုတ်ပါဘူး။ ဗုဒ္ဓဘာသာကို ဖူးသတ်တာ မခံရဖို့ သတိပေးနေတာပါ။

## ဗြဟ္မဏဝါဒကို ဗုဒ္ဓ မြင်သိပုံ

လောကကို ဖန်ဆင်းတယ်ဆိုတဲ့ ဗြဟ္မာကြီးဟာ ဖန်ဆင်းနိုင်စွမ်း ရှိသူလဲ မဟုတ်၊ ဖန်ဆင်းသူလဲ မဟုတ်ဘူး။ ဖန်ဆင်းရှင်ဝါဒဟာ ဗြဟ္မာကြီးက စတင်ကြေငြာ ထူထောင်တဲ့ ဝါဒ မဟုတ်ဘူး။ ဗြဟ္မာကြီး အောက် တန်ခိုးငယ်၊ သက်တမ်းတိုကြတဲ့ ဗြဟ္မာငယ်တွေနဲ့ အဘိညာဏ် တန်ခိုးရကြတဲ့ လူတွေက အထင်လွဲပြီးတော့ ဖန်ဆင်းရှင်ကြီး၊ တန်ခိုး ရှင်ကြီးလို့ စတင်ကြေငြာကာ ဝိုင်းမြှောက်ကြတာကြောင့် နောက်ပိုင်း အချိန်ကျမှ ငါ တန်ခိုးရှင်၊ ငါ ဖန်ဆင်းရှင်လို့ အဆင်သင့်သလို ပြောရ ရှာတဲ့ ဗြဟ္မာကြီးရဲ့ ဘဝင်မြင့်ဝါဒ သက်သက်ပဲ။ ဒီဝါဒမှာ တန်ခိုးရှင် ဗြဟ္မာကြီး၊ ဖန်ဆင်းရှင် ဗြဟ္မာကြီးလို့ စတင်ပြောဆိုကြတဲ့ ဗြဟ္မာငယ် တွေနဲ့ အဘိညာဏ် တန်ခိုးရကြတဲ့ လူတွေက ရှေ့ဆောင်ဖြစ်ပြီး ဗြဟ္မာ ကြီးက နောက်လိုက် ပြောသူ ဖြစ်တယ်လို့ မြတ်ဗုဒ္ဓက ပယ်ခဲ့ပါတယ်။

ကိုယ့်အောက် တပည့်လက်သားတွေက ဘိုးတော်–ဘိုးတော်လို့ ခေါ်ကြတော့ ဘိုးတော်တွေ ပေါ်နေကြတာဟာ ထင်ရှားတဲ့ သာဓက တွေပါပဲ။

နတ်ဆရာတွေက သာသနာပြုပွဲဆိုပြီး ပရိယတ် ပဋိပတ် သာသနာ တော်နဲ့ စပ်တာ ဘာမျှမလုပ်ကြပဲ ရှင်ပြု ပဉ္စင်းတင်မျှသာ လုပ်ပေးပြီး နတ်ပွဲ တွင်တွင် ကနေကြကာ ဗုဒ္ဓဘာသာကို ပူးသတ်နေကြတာတွေ၊ အထက်ဝိဇ္ဇာလို့ နာမည်ခံမျှသာ ဖြစ်ကြတဲ့ လောကီဂိုဏ်းဆရာတွေက “ဝိပဿနာ မလုပ်နဲ့အုံး၊ ပါရမီ မပြည့်သေးလို့၊ ပါရမီခန်းကိုလုပ်ရမယ်၊ အဓိဋ္ဌာန်ဝင်၊ ပုတီးမြဲမြဲစိပ်ပါ”လို့ သူ မမြင်နိုင်၊ မသိနိုင်တဲ့ ပါရမီကို မြင်သယောင်ယောင်၊ သိသယောင်ယောင် အကြောင်းရိုက်ကာ ပုတီး စိပ် ကုသိုလ်ထက် အင်မတန် မြင့်မြတ်တဲ့ ဝိပဿနာ ကုသိုလ်မဖြစ်အောင် ပူးသတ်နေတာတွေ၊ နေရာ သင့် မသင့် မချင့်တွက်ပဲ စေတီသစ်တည်၊ စေတီဟောင်းပြင်၊ ထီးချ ထီးတင်၊ စိန်ဖူးချ စိန်ဖူးတင်ကြပြီး သာသနာ

ပြုနေတယ်လို့ မဟုတ်မမှန် ကြေငြာနေကြကာ ပူးသတ်နေတာတွေဟာ ဖန်ဆင်းရှင် ဗြဟ္မာကြီးရဲ့ ဘဝင်မြင့်ဝါဒ အဆက်အနွယ်တွေပါပဲ။

ရှေးဟောင်းစေတီပျက်၊ ရုပ်ပွားတော်ပျက်တွေကို ပြုပြင်ကာ ထီးတင် စိန်ဖူးတင်တာတွေဟာ ကုသိုလ်ဖြစ်ပါတယ်။ ကောင်းမွန်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒီမျှလောက် လုပ်ရုံမျှနဲ့ သာသနာပြုဆိုတဲ့ စကားကို သုံးစွဲနေကြတာဟာတော့ တကယ်အစစ် သာသနာပြုသူ ဖြစ်တော်မူကြတဲ့ တတိယ သင်္ဂါယနာခေတ်က ရဟန္တာ မထေရ်မြတ်တွေရဲ့ ဂုဏ်သိက္ခာနဲ့ လုပ်ငန်းကို နိမ့်ကျညှိုးနွမ်းအောင် ပြောဆိုရာ ရောက်နေပါတယ်။

ဗုဒ္ဓဘာသာ ဘုန်းကြီးတွေ ဘုရားတည်ကြတိုင်း အကောင်းချည်းပဲလို့ မမှတ်ကြပါနဲ့။ “ရဟန်းများ ဘုရားတည်ခြင်းသည် မိစ္ဆာဇီဝ (မှားယွင်း ယုတ်ညံ့တဲ့ အသက်မွေးမှု)မှ လွတ်ခဲ့စွ၊ သတိရှိကြစေ”လို့ ဆရာတော် ဦးဗုဓ်ရဲ့ မှာတမ်းစာကို ဝိနည်းတော်အရ လေးစား လိုက်နာသင့်တယ်လို့ သတိပြုကြပါ။

ဒီနေ့အတွက် ဟောပြောချက် ရပ်ဆိုင်းချိန် ရောက်ပြီ။

မြတ်ဗုဒ္ဓရဲ့ ဟောညွှန်တော်မူချက် ဒုက္ခသစ္စာတရားတော်နှင့်တကွ အထွေထွေ ဗဟုသုတတွေကို နာကြားမှတ်သားရတဲ့ ကုသိုလ်တွေကြောင့် တရားကျင့်လိုချိန်မှာ အိမ်ကိစ္စ သားကိစ္စ သမီးကိစ္စ ရောဂါကိစ္စ အစရှိတဲ့ အထွေထွေ ကိစ္စတွေ ပူပန်ရမှုတွေ မရှိကြပဲ ချမ်းသာစွာ တရားကျင့်ရခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ သိမြင်ရခြင်းဟူသော ကောင်းကျိုးကြီးနှစ်ရပ်နဲ့ ပြည့်စုံရပါစေသားလို့ ဆုတောင်းကြပါ။

## ၁၃၄၁ ခုနှစ်၊ ဝါဆိုလကွယ်၊ နံနက် ၈း၁၀ နာရီ

### (၂) အဖျင်းဝါဒ

စိတ်ရှိ စိတ်မဲ့ နှစ်မျိုးလုံး ပါဝင်တဲ့ လောကကြီးဟာ ဖြစ်ချိန်မှာ အကြောင်းမရှိပဲ ဖြစ်လာပြီး ချုပ်ငြိမ်းချိန်မှာ ဘာမျှမလုပ်ရပဲ ငြိမ်း ချုပ်သွားတာပဲ။

လူကို ကြည့်ပါ။ မွေးစမှာ ငယ်တာကလေး၊ တဖြည်းဖြည်း ကြီး ထွားလာပြီး နောက်ဆုံးတော့ ဘာမျှလုပ်မရပဲ ပျောက်ငြိမ်းသွား တာပဲ။ သစ်ပင်ကို ကြည့်ပါ။ ပေါက်လာစမှာ ငယ်ငယ်ကလေး၊ တဖြည်းဖြည်း ကြီးထွားလာပြီး ပျောက်ပျက်ချိန်ကျတော့ သူ့အလိုလို ပျောက်ပျက် သွားတာပဲ။

ဒါကြောင့် ဆင်းရဲငြိမ်းအောင် လုပ်စရာမလိုဘူး။ လုပ်ဖို့ နည်း လမ်းလဲ မရှိဘူး။ လုပ်လို့လဲ ကောင်းကျိုး မဖြစ်ဘူး။ မလုပ်လို့လဲ မကောင်းကျိုး တိုးမလာဘူး။ ဒီဆင်းရဲဟာ အချိန်ကျယင် သူ့အလိုလို ပျောက်ငြိမ်း သွားမှာပါပဲ ဆိုတဲ့ ဝါဒ ပေါ်လာတယ်။

ဒီ (အ ဟေတုက) ဝါဒဟာ ဖန်ဆင်းရှင်ဝါဒကို ပယ်ဖျက်ရာက ပေါ်လာတဲ့ ဝါဒ ဖြစ်ပေမယ့် အသိဉာဏ်မရှိသူတွေရဲ့ "အဖျင်း" ဝါဒလို့ ဗုဒ္ဓ မဖြစ်ခင် အချိန်ထဲက ပယ်ခဲ့ပါတယ်။

### (၃) အပျင်းထူဝါဒ

**ဆောင်ပုဒ်။** ။ချမ်းသာတွေယင် ဇိမ်နဲ့စံ၊
ဆင်းရဲတွေ့ယင် ကြိတ်မှိတ်ခံ။

တကယ့်အမှန်တရားကတော့ ဆင်းရဲ ချမ်းသာ ဆိုတာ ကိုယ့်စိတ်ရဲ့ ထင်မြင်ချက် သက်သက်ပဲ။ နွေရာသီ နေမွန်းတည့်ချိန် တရှိန်ရှိန်တောက်နေတဲ့ နေပူထဲမှာ သွား-လာ-လှုပ်ရှားနေသူတွေကို ဆင်းရဲလွန်းလှသူတွေလို့ အရိပ်ထဲမှာ နေသူတွေက ထင်မှတ်ကြတာပဲ။ နေပူထဲမှာ သွား—လာ—လှုပ်ရှား နေသူတွေက စိတ်ချမ်းသာပြီး ပျော်လွန်းလို့ သီချင်း တကျော်ကျော် ဆိုနေကြတာပဲ။ ဒါကြောင့် ချမ်းသာ ဆင်းရဲ ဆိုတာ ကိုယ့်စိတ်ရဲ့ ထင်မြင်ချက် သက်သက်ပါ။

အကောင်းမြင်တတ်ယင် လောကမှာ ချမ်းသာတာပဲ။ ဆင်းရဲတွေ့တယ်ဆိုတာ ကိုယ် ညံ့ဖျင်းလို့ပါ။ ကိုယ်ညံ့ဖျင်းလို့ ဆင်းရဲတွေ့တာမို့ ဆင်းရဲတွေ့ယင် ကြိတ်မှိတ်ခံပေတော့၊ ဆင်းရဲပျောက်ဖို့ဟာ လွယ်လွယ်ကလေးပါ။ ဖြစ်သမျှ အကြောင်းအရာ ဟူသမျှမှာ အကောင်းတဘက် တွဲဖက် ပါလှာတာချည်းပဲ။ ဒီအကောင်းကို ရှာတတ် မြင်တတ်ယင် ချမ်းသာတာ ကေန်ပဲဆိုတဲ့ ဝါဒလဲ ပေါ်ထွန်းလှာခဲ့တယ်။

ဒီ(အကြိယ) ဝါဒဟာ တန်ခိုးရှင် ဖန်ဆင်းတဲ့ဝါဒကို ပယ်ဖျက်ပေမယ့် ကောင်းအောင် ဘာမျှမလုပ်ချင်သူတွေရဲ့ "အပျင်းထူ" ဝါဒလို့ ဗုဒ္ဓက ပယ်ခဲ့ပါတယ်။

## (၄) ဘာသာမဲ့ဝါဒ

ကောင်းအောင်လုပ်လို့ ကောင်းကျိုးမဖြစ်ပဲ မကောင်းကျိုးဖြစ်ထာတွေ၊ မကောင်းတာလုပ်လို့လဲ မကောင်းကျိုး မခံရပဲ ကောင်းကျိုးဖြစ်ထာတွေ လောကမှာ တပုံတပင်ကြီးပါ။

အရက်ရောင်းပြီး စီးပွားဖြစ်ထွန်း နေသူတွေ၊ နွားသတ် ဝက်သတ် ကြက်သတ် တံငါလုပ်ပြီး စီးပွားချမ်းသာ ဖြစ်ထွန်းနေသူတွေကို မြင်နိုင်ပါတယ်။ ဒါကြောင့် ကောင်းတာလုပ်မှ ချမ်းသာမယ်ဆိုတာ အလကား၊ တန်ဖိုးမရှိဘူး။

မိဘကျေးဇူးဆိုတာလဲ မဟုတ်ဘူး။ ကိုယ့်ကြောင့် ဖြစ်လှာတဲ့ သားသမီးတွေကို ကျွေးမွေး အဝတ်ဆင်ယင် ပညာသင်ရေး အစရှိတဲ့ လိုအပ်ထာမှန်သမျှ ပြည့်စုံအောင် ဆောင်ရွက်ပေးရမှာ မိဘတွေရဲ့

တာဝန်ပဲ၊ သူတို့တာဝန်ကို သူတို့ထမ်းတာမို့ ကျေးဇူးပြုတယ်ဆိုတဲ့ စကားကို မသုံးစွဲသင့်ဘူး။

ဆရာ့ကျေးဇူးဆိုတာလဲ မရှိဘူး၊ ကိုယ် သင်ယူလို့သာ ကိုယ်တတ်ထာပါ၊ မသင်ယူသူကို ဆရာက ပညာတတ်အောင် လုပ်ပေးသလား။

ဒါကြောင့် မိဘ ဆရာသမားတွေရဲ့ ဩဝါဒကို လိုက်နာပြီး မမြင်ရတဲ့ ငရဲတို့ နတ်ပြည်တို့ကို ယုံကြည်တာဟာ အကန်းယုံ ဖြစ်တယ်။ ငရဲကြောက်လို့ မလုပ်ပဲ ရှောင်တာဟာ စေတနာ မမှန်ဘူး၊ မမြင်ရတဲ့ နတ်ဘဝ ဗြဟ္မာဘဝတွေကို မျှော်ပြီး လုပ်ထာဟာလဲ စေတနာ မမှန်ဘူး၊ လုပ်ချင်တာကို မလုပ်ရပဲ ချုပ်တည်းနေရတာဟာ ဆင်းရဲနေတာပဲ။ ဒါကြောင့် ကိုယ်လုပ်ချင်တာကို စေတနာပါပါနဲ့လုပ်၊ ကိုယ်မလုပ်ချင်တာကို စေတနာပါပါနဲ့ရှောင်၊ အဲဒါ ချမ်းသာအစစ်ပဲဆိုတဲ့ ဝါဒလဲ ပေါ်ထွန်းခဲ့ပါတယ်။ ဒီ(နတ္ထိက)ဘာသာမှဲ့ ဝါဒကို "လူမိုက်ဝါဒ"လို့ ပယ်ခဲ့ပါတယ်။

## (၅) နဝါဒ

အရှင်သာရိပုတ်၊ အရှင်မောဂ္ဂလာန်တို့ ဗုဒ္ဓတပည့် မဖြစ်သေးခင်မှာ ဆည်းကပ်တဲ့ သဥ္စယ (သိဥ္စည်း) ဆရာကြီးရဲ့ နဝါဒ၊ ဗမာလိုပြောယင် ဟင်အင်း ဝါဒ ပေါ်လာတယ်။ အရေးကြီးတဲ့အချက်မှာ အမြဲတမ်း 'န'လို့ ငြင်းတယ်။ ခေါင်း ခါတယ်။

နမူနာတခု ပြောပါမယ်။ လူသေပြီးယင် နောက်ဘဝရှိသလား? လို့မေးယင် 'န' ငါ ဒီလို ယုံကြည်သူ မဟုတ်ဘူးလို့ ဖြေတယ်။ နောက်ဘဝ မရှိဘူးလား ? လို့ မေးယင် 'န' ငါ ဒီလို ယုံကြည်သူ မဟုတ်ဘူးလို့ ဖြေတယ်။ နောက်ဘဝရှိတယ်၊ မရှိဘူး နှစ်မျိုးလုံးကို လက်ခံသလားလို့ မေးယင် 'န' ငါ ဒီလို ယုံကြည်သူ မဟုတ်ဘူးလို့ပဲ ဖြေတယ်။ နောက်ဘဝ ရှိတယ်လဲ မဟုတ်၊ မရှိဘူးလဲ မဟုတ်၊ ရှိ မရှိ နှစ်မျိုးလဲ မဟုတ်လို့ ယူဆပါသလား ? မေးယင်လဲ 'န' ငါ ဒီလို ယုံကြည်သူ မဟုတ်ဘူးလို့ပဲ ဖြေတယ်။

ဒီဆရာကြီးဟာ အဖျင်း အချာဆုံးပဲ၊ သူ့ကို သတ်ပစ်ချင်စိတ်တောင် ပေါက်လာတယ်လို့ အဇာတသတ် ဘုရင်က မြတ်ဗုဒ္ဓထံမှာ

လျှောက်ထားခဲ့တယ်။ ဒီ'န' ဝါဒကို "ချာတူးလန် ဝါဒ"လို့ ပယ်ခဲ့ပါတယ်။

## (၆) တဘက်ကန်း ဝါဒ (၁)

ပြောခဲ့ပြီး ဝါဒ ငါးမျိုးလုံးကို ပယ်တဲ့ ကမ္မဝါဒီတွေလဲ ပေါ်ထွန်းလာကြပါတယ်။ ကုသိုလ်(ခေါ်) ကောင်းကမ်နဲ့ အကုသိုလ်(ခေါ်) မကောင်းကမ်ကို လက်ခံ ယုံကြည်သူတွေ ဖြစ်ကြပါတယ်။

ကမ်ကိုသိဖို့ လိုနေကြသေးတယ်။ စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ (မြတ်ဗုဒ္ဓ ဟောညွှန်ချက် ပါဠိ)ကို ကြည့်ပြီး စေတနာကို ကမ်ခေါ်တယ်လို့ တဲ့တိုး တိုက်ရိုက် ဘာသာမပြန်ကြပါနဲ့။ ဒီ ဗုဒ္ဓဟောညွှန်ချက်ဟာ ဖလူပစာရ (ခေါ်) သွယ်ဝိုက်ပြောစကား ပရိယာယ်စကားသာ ဖြစ်ပါတယ်။

စေတနာကို ကမ်ခေါ်တာဟာ သွယ်ဝိုက်စကား မဟုတ်ဘူး၊ တဲ့တိုး တိုက်ရိုက် စကားပါလို့ဆိုယင် စေတနာဟာ စိတ်နဲ့သာတွဲဘက်ဖြစ်တဲ့ စေတသိက် (နာမ်) တရား ဖြစ်တယ်။ ကာယ—ဝစီဆိုတဲ့ ရုပ်တရားတွေနဲ့ တွဲဘက်ဖြစ်တဲ့ တရား မဟုတ်ထာကြောင့် ကာယကမ်—ဝစီကမ်တွေ မရှိနိုင်တော့ဘူးလို့ လွဲချော်သွားမယ်။

သွယ်ဝိုက်မပြောပဲ မုချ (ခေါ်) တဲ့တိုး တိုက်ရိုက် ပြောချင်ယင် စေတနာပါတဲ့ အလုပ်ကို ကမ်ခေါ်တယ်လို့ ပြောရပါမယ်။

ကမ္မဝါဒီ ပုဂ္ဂိုလ်တချို့ဟာ အရင်ဘဝက လုပ်ခဲ့တဲ့ ကမ်တမျိုးတည်းကိုသာ အားကိုးကြတယ်။ စေတနာပါတဲ့ အလုပ်ကို ကမ်ခေါ်တယ်ဆိုယင် အမေ့ဝမ်းမှာ ပဋိသန္ဓေနေတဲ့ ကလေးငယ်ဟာ ဒီဘဝမှာ ဘာမျှ မလုပ်ရသေးတော့ ဒီဘဝမှာ ကမ်မရှိသေးဘူး။ ကမ်မရှိပဲ ဒီကလေးငယ်ဟာ ဘာကြောင့် ဖြစ်လာသလဲလို့မေးယင် အရင်ဘဝတွေက လုပ်ထားခဲ့တဲ့ ကမ်ကြောင့်လို့ ဖြေကြတယ်။ ဒီကလေးလူလားမြောက်ချိန်မှာ စီးပွား ဖြစ်ထွန်း တာဟာလဲ အရင် ဘဝက လုပ်ထားတဲ့ ကုသိုလ်ကမ်ကြောင့်၊ စီးပွား ပျက်ကာ ဆင်းရဲမွဲတေသွားယင်လဲ အရင်ဘဝ လုပ်ထားတဲ့ အကုသိုလ်ကမ်ကြောင့်၊ စီးပွား ပြန်လည် ပြည့်စုံလာယင်လဲ အရင်ဘဝက လုပ်ထားတဲ့ ကုသိုလ်ကမ်ကြောင့်

လို့ ပြောတာပဲ။ ဘာဖြစ်ဖြစ် အားလုံးဟာ အရင်ဘဝက လုပ်ထားတဲ့ ကမ်ဟောင်းကြောင့်လို့သာ ပြောကြတာပဲ။

## အတိတ်ပါရမီတဲ့

ဒီခေတ် ဗုဒ္ဓဘာသာဝင်တွေထဲမှာ အရင်ဘဝက လုပ်ထားတဲ့ ကမ်ကြောင့်လို့ ယူဆ ပြောဆိုသူတွေ များနေပါသေးတယ်။ လူတယောက် ရဟန်း ဖြစ်နေတာဟာ အတိတ်ဘဝက ပါလာတဲ့ ပါရမီကမ်ရှိလို့ပါတဲ့။ လူဝတ်လဲသွားတော့ ပါရမီကုန်သွားလို့ပါတဲ့။ နောက်ထပ် ရဟန်း ဝတ်ပြန်ယင် ပါရမီ ရှိလာပြန်သတဲ့။ တရားကျင့်မှု မပြုကြတာလဲ အတိတ်ဘဝက ပါရမီ မပါလာလို့တဲ့။ ကိုယ်အပျင်းထူတာတော့ ထည့် မပြောကြဘူး။ ဒီလို အတိတ်ဘဝက လုပ်ခဲ့တဲ့ ကမ်ဟောင်းတမျိုးထည်း ကိုသာ အားကိုးတဲ့ ဝါဒဟာ ပစ္စုပ္ပန် ဘဝမှာ လူတွေလုပ်နေတဲ့ မျက်မြင်ထင်ရှား အလုပ်ကမ်များကို တန်ဖိုးမထားတာကြောင့် တဘာက် စွန်းရောက် ဝါဒ၊ အကန်းဝါဒလို့ ပယ်ထားခဲ့ပါတယ်။

ပါဠိ ဘာသာမှာ ကာဏ တဘာက်ကန်း၊ အန္ဓ စုံလုံးကန်းလို့ အကန်းနှစ်မျိုး ဆိုထားပါတယ်။ ကာဏော အက္ခိန မေတေန၊ သုညော အန္ဓော ဒွယေနထ (**အဘိဓာန်**)။

## (၄) တဘာက်ကန်း ဝါဒ (၂)

တန်ခိုးရှင် ဖန်ဆင်းတယ် ဆိုတာလဲ မမှန်ဘူး၊ သူ့အလိုလိုဖြစ် တယ်ဆိုတာလဲ မဟုတ်ဘူး၊ အရင်ဘဝတွေက လုပ်ထားတဲ့ ကမ်ကြောင့် ဖြစ်တယ် ဆိုတာလဲ ယုံတမ်းစကားပဲ။ လူတွေက လုပ်ကြလို့သာ အရာရာ ဖြစ်နေတာတွေဟာ မျက်မြင် ထင်ရှားပဲ။ အလုပ်သမားတွေ လုပ်ကြလို့ သာ အိမ်တွေ၊ တိုက်တွေ၊ တံတိုင်းတွေ၊ ဆည်မြောင်းတွေ၊ သင်္ဘော တွေ၊ လေယာဉ်တွေ ဖြစ်လာတာတို့၊ လယ်သမား ယာသမားတွေ စိုက်ပျိုးကြလို့သာ စပါး၊ ဂျုံ၊ ပဲ၊ ပြောင်း စတဲ့ စားဖွယ်တွေ ဖြစ်လာ တာတို့၊ ဆေးသမားတွေ လုပ်ကြလို့သာ ကျန်းမာလာတာတို့ စသည် စသည် မရေတွက်နိုင်အောင် မျက်မြင်ထင်ရှားနေတာပဲ။ လောကမှာ အလုပ်လုပ်ယင် လုပ်ခရတာဟာ သဘာဝမှန်ပါ။ ဒါကြောင့် ဒီဘဝ

မှာ လုပ်ယင် ဖြစ်တယ်၊ မလုပ်ယင် မဖြစ်ဘူး ဆိုတဲ့ ဝါဒလဲ ပေါ်ထွန်း လာပါတယ်။

**စိစစ်ချက်**။ ။အမေဝမ်းမှာ ပဋိသန္ဓေ နေခါစ ကလေးငယ်ဟာ ဘယ်သူလုပ်လို့ ဖြစ်တာလဲ မေးယင် ပစ္စုပ္ပန် ကမ် တမျိုးတည်း ကိုသာ ယုံကြည်အားကိုးသူတွေဟာ မှန်အောင် မဖြေနိုင်ကြတော့ဘူး။ ဒါကြောင့် ပစ္စုပ္ပန် ကမ်တမျိုးတည်းကိုသာ အားကိုးတဲ့ ဒီဝါဒဟာလဲ တဘက်စွန်းရောက် တဘက်ကန်းဝါဒပဲလို့ ပယ်ခဲ့ပါတယ်။

အရင်ဘဝ အတိတ်ကမ် တမျိုးတည်းကိုသာ အားကိုးသူ ကမ္မဝါဒီတွေဟာ စိတ်ရှိသတ္တဝါ (သဝိညာဏက) တမျိုးတည်းကိုသာ စဉ်းစားမှု လွန်ကဲတာကြောင့် တဘက်စွန်း ရောက်တယ်။

ယခုဘဝ ပစ္စုပ္ပန် ကမ် တမျိုးတည်းကိုသာ အားကိုးသူတွေဟာ စိတ်မဲ့ (အဝိညာဏက) တမျိုးတည်းအတွက်သာ စဉ်းစားမှု လွန်ကဲတာတကြောင်း၊ ကိုယ့်လုပ်အားဟာ ကိုယ်တိုင်ဖြစ်ဖို့ ဘာမျှ အကျိုး မပြုပဲ အခြားသူတွေနဲ့ အခြားအရာဝတ္ထုတွေ ဖြစ်လာဖို့သာ အကျိုးပြု တယ်လို့ ပြောနေတာတကြောင်း ဒီအကြောင်း နှစ်ရပ်ကြောင့် တဘက် စွန်းရောက်ကာ လွဲမှားနေကြပါတယ်။

## (ဂ) ဒဏ်ခံ ဝါဒ

အတိတ်ကမ်—ပစ္စုပ္ပန်ကမ် နှစ်မျိုးလုံးကို လက်ခံယုံကြည်တဲ့ ပုဂ္ဂိုလ်ကျော်တဦးဟာ ဗုဒ္ဓထက် ရှစ်နှစ်စောပြီး ပေါ်ထွန်းလာတယ်။

သူ့အမည်က မဟာဗိရ ဖြစ်ပါတယ်။ အဝတ်မဝတ်ပဲ မိမွေး တိုင်း ဘမွေးတိုင်းနေကာ ဒဏ်ခံမှု၊ ဆောင့်ကြောင့်ထိုင်ကာ ဒဏ်ခံမှု အစရှိတဲ့ ပြဒဏ်ခံ ကျင့်စဉ်တွေကို တတောထွက် တတောဝင်နဲ့ ၁၂-နှစ်တိုင်တိုင် ကျင့်ပြီးမှ သဗ္ဗညု ဇိန ဘွဲ့ထူးခံယူသူ ဖြစ်ပါတယ်။ အိပ်ပျော်နေတုန်းမှာတောင်မှ သိသူ အမြဲတမ်း သိနေသူမို့ ငါဟာ သဗ္ဗညု အစစ်လို့ ဝန်ခံပါတယ်။ မြတ်ဗုဒ္ဓကတော့ သိသင့်သိထိုက်တာ အားလုံးကို သိနိုင်စွမ်းရှိသူဖြစ်လို့ ငါဟာ သဗ္ဗညု ဖြစ်တယ်လို့ ဝန်ခံ ခဲ့ပါတယ်။ ဆင်းရဲအောင်လုပ်တဲ့ အကုသိုလ်အားလုံးကို အပြီးသတ်

အောင်နိုင်တာကြောင့် ငါဟာ ဇိန ဖြစ်တယ်လို့ မဟာဗိရက ကြွေးကြော်ခဲ့ပါတယ်။

ဇိနကို အိန္ဒိယနိုင်ငံသားတွေက ပါဠိဘာသာ၊ ဆံဆကရိ(တ်) ဘာသာနှစ်မျိုးလုံးမှာ ဂျိနလို့ အသံထွက်ပါတယ်။ ဂျိနမှာ နငယ် အသတ်တပ်လိုက်ယင် ဟိန္ဒူစကား ဖြစ်သွားပြီး ဂျိန်လို့ အသံထွက်တယ်။ ဂျိန်က ဂျိန်း ဖြစ်လာတယ်။

ဂျိန်းဘုရားဟာ ဗုဒ္ဓထက် အသက် ရှစ်နှစ် ကြီးတယ်။ ဗြဟ္မဏတွေရဲ့ ဇာတ်မြင့် ဇာတ်နိမ့်ခွဲတာကို ပြင်းပြင်းထန်ထန် တိုက်ဖျက်တယ်။ ဒါကြောင့် ဗြဟ္မဏဘာသာဝင်တွေက ဂျိန်းနဲ့ ဗုဒ္ဓဝါဒ တူတယ်လို့ ထင်မှား ပြောဆိုကြတယ်။ အမှန်ကတော့ ဂျိန်းနဲ့ ဗုဒ္ဓဟာ ဗြဟ္မဏ ဘာသာရဲ့ ဇာတ်ဝါဒမှားကို ပယ်ဖျက်ထာသာ တူကြပါတယ်။ ကျန်တဲ့ အချက်တွေမှာ လုံးဝ မတူကြပါဘူး။ ဂျိန်းဘုရားဟာ ဗြဟ္မဏတွေရဲ့ အတ္တ(ခေါ်)ဇီဝကို လက်ခံယုံကြည်သူဖြစ်လို့ ဗြဟ္မဏတွေနဲ့ အတ္တဝါဒသမားချင်း တူညီကြပါတယ်။

ဂျိန်းက အတ္တ(ခေါ်) ဇီဝ (အသက်) ရှိတာ အားလုံးဟာ "သတ္တဝါ"ပဲ လို့ အယူရှိတယ်။ ဗမာအသံထွက် "သတ္တဝါ" ဆိုတဲ့ စကားဟာ မူရင်းပါဠိ "သတ္တ"က ပြောင်းလာတာ ဖြစ်တယ်။ သ= တပုဒ်+အတ္တ=တပုဒ်၊ ဒီ သ+အတ္တဆိုတဲ့ နှစ်ပုဒ်ကို စကားအသံထွက် နဲ့သွား တိုသွားအောင် အလယ်မှာရှိတဲ့ "အ"ကို ဖြုတ်လိုက်ယင် "သတ္တ"လို့ ပါဠိဖြစ်လာတယ်။။ သ=ရှိသူ၊ အတ္တ=အသက်။ သတ္တ အသက်ရှိသူလို့ အဓိပ္ပာယ်ထွက်တယ်လို့ ဂျိန်းက ယူဆတယ်။ ဒါကြောင့် သစ်ပင် သစ်သား အိုး ခွက် ပန်းကန် အဝတ် အစရှိတဲ့ စိတ်မဲ့ (အ ဝိညာဏက)အရာဝတ္ထုတွေ အားလုံးဟာလဲ ရုပ်သက်ရှိကြတာမို့ သတ္တဝါတွေပဲလို့ ဂျိန်းက ပြောတယ်။

စိတ်ရှိ စိတ်မဲ့ သတ္တဝါတွေဟာ မိမိတို့ကိုယ်တိုင် လုပ်ခဲ့တဲ့ အကုသိုလ်ကမ်ကြောင့် မိမိတို့ကိုယ်တိုင် ဖြစ်လာကြပြီး မိမိတို့ကိုယ်တိုင် ဆင်းရဲနေကြတာဖြစ်လို့ ကိုယ့်ဆင်းရဲ ပျောက်ငြိမ်းအောင် ကိုယ်တိုင် လုပ်ကြရမယ်၊ တန်ခိုးရှင် ဗြဟ္မာကြီး အစရှိဟဲ့ အခြားသူတွေက လုပ် ပေးလို့ မရဘူး၊ ကိုယ်ထူ ကိုယ်ထ စနစ်သာ သောကချမ်းသာရေး လမ်းစဉ်မှန်ပဲလို့ ဂျိန်းက ပြောတယ်။

သတ္တဝါတွေရဲ့ ဆင်းရဲကို ဖန်တီးတဲ့ အကုသိုလ်ဟာ (၁) ရှေးဘဝများစွာနဲ့ ယခုဘဝမှာ ပြုခဲ့လို့ ဖြစ်ခဲ့ပြီး ရှိနေတဲ့ အကုသိုလ်ကမ်ဟောင်း၊ (၂) ယခုဘဝမှာ မပြုရသေး မဖြစ်သေးတဲ့ အကုသိုလ်ကမ်သစ်လို့ နှစ်မျိုးရှိတယ်။ ဒီအကုသိုလ်ကမ်ဟောင်းနဲ့ ကမ်သစ်တွေကို ကုန်ခန်းသွားအောင် လုပ်နိုင်ယင် အကြောင်း အကုသိုလ်အားလုံး ချုပ်ငြိမ်းတာကြောင့် အကျိုး ဆင်းရဲအားလုံး ချုပ်ငြိမ်းမယ်၊ ချမ်းသာသက်သက် စစ်စစ်သာ ဖြစ်နေမယ်လို့ ချမ်းသာရေးလမ်းစဉ်ကို ဂျိန်းက ချမှတ်ပါတယ်။

ဒီလမ်းစဉ်ဟာ လောကသဘာဝနဲ့ ညီ မညီ စိစစ်ယင် လောကမှာ ရာဇဝတ်မှု ကျူးလွန်ပြီးတဲ့သူဟာ သက်ဆိုင်ရာ အစိုးရ အစရှိတဲ့ သူတွေက ပေးလိုက်တဲ့ ပြစ်ဒဏ်ကို ခံနေယင်းနဲ့ ပြစ်မှုအသစ်ကို ထပ်မကျူးလွန်ယင် ပြစ်ဒဏ်ဟောင်းကို ခံယူပြီးချိန်မှာ ပြစ်မှုဟောင်း + သစ် နှစ်မျိုးလုံး မရှိသူဖြစ်လို့ ပြစ်ဒဏ်ခံရမှာ ကြောက်စရာ မရှိသူ၊ စိတ်အေးချမ်းသာ လုပ်ကိုင်စားသောက် နေထိုင်နိုင်သူ ဖြစ်တယ်။

ဒါကြောင့် ဖြစ်ပြီး ရှိပြီး အကုသိုလ်ကမ်ဟောင်းတွေ ကုန်သွားအောင် ပြစ်ဒဏ်ခံယင်းနဲ့ မဖြစ်သေးတဲ့ အကုသိုလ်ကမ်သစ်တွေ မဖြစ်ရအောင် ထိန်းချုပ် တားဆီး ကာကွယ်နိုင်တယ်။ ဒါဟာ လောကသဘာဝနဲ့ ညီညွတ်တဲ့ လုပ်နည်းမှန်ကောင်းပဲလို့ လမ်းစဉ်ကို ချမှတ်ပါတယ်။

အပူအအေးကို ကာကွယ်တဲ့ အဝတ်ကို မဝတ်ပဲ ဒဏ်ခံမှု၊ သက်တောင့်သက်သာ ထိုင်ရတာကို ပစ်ပယ်ပြီး ဆောင့်ကြောင့်ထိုင်ကာ ဒဏ်ခံမှု၊ အရသာရှိတဲ့ ရေအေးကို မသောက်ပဲ ရေပူကို သောက်ကာ ဒဏ်ခံမှု အစရှိတဲ့ ပြစ်ဒဏ်ခံ ကျင့်စဉ်ကို ကျင့်ပြီး အကုသိုလ်ကုန်အောင် လုပ်ပြီးတော့ ငါဟာ ဂျိန(ခေါ်) အောင်နိုင်သူ ဖြစ်ပြီလို့ ကြွေးကြော်ခဲ့တယ်။ တပည့်တွေကိုလဲ ဒီကျင့်စဉ်ကို ညွှန်ပြခဲ့တယ်။

**စိစစ်ချက်**။ ။(၁) ဂျိန်းသဗ္ဗညုက မကောင်းမှု အကုသိုလ်တွေကြောင့် သတ္တဝါဖြစ်လာတယ်လို့ ဆိုတယ်။ ဒီစကားဟာ (က) အကုသိုလ်ကြောင့် လူဖြစ်လာတယ်၊ နတ်ဖြစ်လာတယ်လို့ ပြောဆိုရာ ရောက်တယ်။ (၂) အရင်ဘဝတွေမှာ မကောင်းတာတွေကိုချည်း

လုပ်ခဲ့ကြတဲ့ သူယုတ်မာတွေဟာ ဒီဘဝမှာ ဂျိန်းတပည့်တွေ ဖြစ်လာကြတယ်လို့ ပြောဆို ဝန်ခံရာ ရောက်တယ်။

(၂) ပြစ်ဒဏ်ခံတာကြောင့် အကုသိုလ်တွေ ကုန် သွား လို့ ငါဟာ အကုသိုလ်တွေကို အောင်နိုင်သူ ဇိန(ဂျိန) ဖြစ်ပြီလို့ ဂျိန်းသဗ္ဗညုက ကြွေးကြော်တယ်။ ဒါပေမယ့် အကုသိုလ်ကမ်ဟောင်းတွေ ဘယ်လောက် များနေတယ်၊ ထုထယ် ဘယ်လောက် ကြီးနေတယ်လို့ သူ မသိဘူး။ ပြစ်ဒဏ်ခံတာကြောင့် အကုသိုလ်ကမ်ဟောင်းတွေ ဘယ်လောက် ကုန်သွားပြီ၊ ဘယ်လောက် ကျန်နေသေးတယ်လို့ သူ မသိဘူး။ ဒါကြောင့် ဒီဝါဒဟာ "မျက်မှေးဝါဒ၊ ပေမှေးဝါဒ"လို့ ဗုဒ္ဓက ပယ်ခဲ့ပါတယ်။

မြတ်ဗုဒ္ဓမပေါ်ထွန်းမီ နှစ် သန်းပေါင်း များစွာက စပြီး ဗုဒ္ဓ ပေါ်ထွန်းလုနီး အချိန်ထိ ရှည်လျားတဲ့ အချိန်အတွင်းမှာ ဆင်းရဲချုပ်ငြိမ်းရေးအတွက် ကြံစည်ကြ၊ ကြိုးပမ်းကြ၊ တပည့်တွေကို နည်းညွှန်ပြကြတဲ့ အိန္ဒိယနိုင်ငံသား ဘာသာဦးဆောင်ပုဂ္ဂိုလ်ကျော်တွေရဲ့ အမြင် (ဒဿနိက)အမျိုးမျိုး၊ ဟောပြောချက်(ဘာသာ)အမျိုးမျိုးနဲ့ ဒီဘာသာတွေအပေါ်မှာ ဗုဒ္ဓရဲ့ စိစစ်ချက်တွေကိုလဲ အ ကျဉ်း ချုပ် ပြောပြီးပါပြီ။ ဗမာပြည်ဖြစ် ဝါဒမှားတရပ်ကို စကားစပ်တုန်း ပြောပြပါမယ်။

## (၉) သက်သတ်လွတ် ဝါဒ

သက်သတ်လွတ်စားမှ မှန်မြတ်တယ်ဆိုတဲ့ ဝါဒဟာ ဗမာပြည်ဖြစ် ဝါဒသက်သက် ဖြစ်ပါတယ်။ ဗြာဟ္မဏဘာသာဝင်တွေ၊ ဂျိန်းဘာသာဝင်တွေက အသားစား ရှောင်ကြတာပါ။ သက်သတ်လွတ်စားကြတာ မဟုတ်ပါဘူး။ သက်သတ်လွတ် စားတာဟာ ဗုဒ္ဓဝါဒစစ်စစ်လဲ မဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာ အထက်ဝိဇ္ဇာဆရာကြီး အမည်ခံမျှသာ ဖြစ်ကြတဲ့ တချို့သူတွေက တီထွင်ထားတဲ့ အမှားဝါဒသက်သက်ပါ။ ဗုဒ္ဓဝါဒ ယောင်ယောင်လုပ်ပြီး ဗုဒ္ဓဘာသာထဲ ဝင်ရောနေတဲ့ ဝါဒပဲ။

အသားစား ရှောင်တယ်ဆိုတဲ့ ဗြာဟ္မဏဘာသာဝင်တွေ၊ ဂျိန်းဘာသာဝင်တွေ နို့သောက် ဒိန်သောက် ထောပတ်စားကြတာ တော်ပါသေးရဲ့၊ သက်သတ်လွတ်စားတယ်ဆိုတဲ့ ဗမာတွေ အကောင်

မပေါက်တဲ့ ဘဲဥ၊ ကြက်ဥတွေကို စားကြတာတို့၊ နို့သောက် ဒိန် သောက် ထောပတ်စားကြတာတို့ဟာ အင်မတန် ရယ်ဖွယ် ဖြစ်နေတယ်။

အချို့ ဘဲဥ ကြက်ဥတွေဟာ အကောင်မပေါက်တဲ့ လေဥတွေ ဖြစ်ကြပေမယ့် ဘဲမ ကြက်မတွေရဲ့ သွေးက ဖြစ်လာကြတာတွေပဲ။ သက်သတ်လွတ်စားတယ်ဆိုယင် သတ္တဝါတွေက ဖြစ်လာတဲ့ ဥတွေ နို့တွေ ဒိန်တွေ ထောပတ်တွေကိုလဲ မစား မသောက်သင့်ကြဘူး။ သားရေဖိနပ်၊ သားရေခါးပတ် စတဲ့ အသုံးအဆောင် ပစ္စည်းတွေကိုလဲ မသုံးသင့်ကြဘူး။

ဗုဒ္ဓဘာသာ ရဟန်းတော်တွေ ရှောင်ကြဉ်ရတဲ့ သားကြီး ဆယ်မျိုး ရှိပါတယ်။ ဒီဆယ်မျိုးရဲ့ အသားကို မစားပဲ ရှောင်ကြဉ်ရမယ် ဆိုပေမယ့် အရိုး၊ သားရေ၊ သွေး၊ အဆီ၊ အမွေးတွေကိုပါ မသုံး ဘဲ ရှောင်ကြဉ်ကြရပါတယ်။ အသားစား ရှောင်တယ်၊ အရိုး၊ သားရေ၊ သွေး၊ အမွေး၊ အဆီတွေ၊ ဥတွေကိုတော့ မရှောင်ပဲ သုံးဆောင်တယ် ဆိုယင် ကလေးကလားအကျင့်၊ ကလေးကလားအလုပ်ပဲ။ ဒါပေမယ့် သက်သတ်လွတ်စားမှ ထူးမြတ်မယ် ထင်ကတည်းက လွဲမှားနေပြီမို့ ဥတွေစား နို့သောက် ဒိန်သောက် ထောပတ်စားကြယင်လဲ အပြစ်အထူး ထပ်မဖြစ်တော့ပါဘူး။ မစားကြယင်လဲ အကျိုးထူး မရကြပါဘူး။

သက်သတ်လွတ်စားကြတဲ့ လူတွေ ရဟန်းတွေထဲမှာ သက်သတ်လွတ် အမဲသားနှပ်၊ သက်သတ်လွတ် ဆိတ်ကလီဇာ၊ သက်သတ်လွတ် ဝက်သားလုံး၊ သက်သတ်လွတ် ဝက်အူတောင့်၊ သက်သတ်လွတ် ငါး ဆုပ်လုံး၊ သက်သတ်လွတ် ငါးပုတ်ခြောက်၊ သက်သတ်လွတ် ဘဲဥဟင်း စသည် အလီလီပြုလုပ် စားသောက်နေကြသူတွေကို ချာတူးလန်ဆိုး တွေလို့ ဆိုကြပါစို့။ သူတို့ဟာ အသားစားသူထက် ရသတဏှာ ကဲ လွန်သူတွေပဲ။ ဆိကုန်လွန်းတော့ ချွေတာရေးလဲ မကိုက်ဘူး၊ ပဲပြုတ် ပဲကောင်း နေလှန်း ကြော်လှော်ရတဲ့ ဆင်းရဲတွေဟာ အသားစား သူတွေ ဟင်းချက်ရတဲ့ ဒုက္ခထက် ပိုကဲနေကြတယ်။ ဒီဝါဒဟာ ဗုဒ္ဓ ဝါဒယောင်ယောင်လုပ်ကာ ဗုဒ္ဓဘာသာထဲ ဝင်ရောပြီး ပူးသတ်နေတဲ့ မြန်မာပြည်ဖြစ် လောကဝိဇ္ဇာဂိုဏ်း ဝါဒသက်သက်မို့ စွန့်ပစ် ပယ်ဖျက် လိုက်ကြပါ။

## (၁၀) မြတ်ဗုဒ္ဓဝါဒ

လောကမှာ ရေတွက်လို့မဆုံး ရှိသမျှအားလုံးကို သဘာဝတူ အပုံလိုက် အစုလိုက် ခွဲယင် စိတ်မဲ့(အဝိညာဏက)စိတ်ရှိ(သဝိညာဏက) လို့ နှစ်မျိုးသာ ရှိတယ်လို့ ဗုဒ္ဓက ယူဆတယ်။

နေ မြေ တော တောင် အိမ် ကျောင်း အိုးခွက် အဝတ် အစ ရှိတဲ့ စိတ်မဲ့ အရာဝတ္ထုတွေ ဖြစ်+ပျက်အောင် မြေ ရေ မီး လေ ရုပ် ဓာတ်ကြီး လေးတွေတို့က ဖန်တီးတယ်။ ဒီ စိတ်မဲ့ အရာဝတ္ထုတွေမှာ စိတ်မရှိတာကြောင့် ဆင်းရဲ ချမ်းသာကို ခံစားမှု (ဝေဒနာ) မရှိကြဘူး။ ခံစားမှု မရှိကြလို့ ဒီခံစားမှုကို အကြောင်းပြုပြီး ဖြစ်လေ့ ရှိတဲ့ အကောင်းအမွန်ကို တောင့်တမှု(နန္ဒီ)၊ စွဲမက်မှု(ရာဂ)၊ ငတ်မှု ငန်းမှု (တဏှာ)၊ အလွန်စွဲကပ်မှု(ဥပါဒါန်) မဖြစ်ကြ မရှိကြဘူး။ဒါကြောင့် စိတ်မဲ့ အရာဝတ္ထုတွေဟာ ပါဠိဘာသာ "သတ္တ" မြန်မာ ဘာ သာ "သတ္တဝါ" မဟုတ်ကြဘူး။ ချမ်းသာဆင်းရဲကို ခံစားမှု မရှိကြတဲ့ စိတ်မဲ့ အရာဝတ္ထုတွေ ချမ်းသာဖို့ နည်းလမ်းကို ကြံစည် ရှာဖွေစရာ မလိုအပ်ဘူးလို့ ဗုဒ္ဓက ဆုံးဖြတ်ပါတယ်။

စိတ်ရှိသူတွေကိုသာ ပါဠိမှာ "သတ္တ"၊ မြန်မာဘာသာမှာ သတ္တဝါလို့ ဆိုသင့်တယ်။ သ+အတ္တ နှစ်ပိုဒ် တွဲစပ်ပြီး သတ္တပါဠိဖြစ် လာတယ်။ သ=ရှိသူ၊ အတ္တ=စိတ်၊ သတ္တ=စိတ်ရှိသူလို့ အဓိပ္ပာယ် ထွက်ပါတယ်။ အတ္တ(စိတ်)၊ သမ္မာ(ကောင်း)၊ ပဏိဓိ(ထားခြင်း) လို့ မင်္ဂလသုတ်တော်မှာ အတ္တပါဠိကို စိတ်လို့ မြန်မာဘာသာ ပြန်ဆို ရတာဟာ ထင်ရှားပါတယ်။

တနည်းပြောယင် စိတ်ရှိသူဖြစ်လို့သာ ဆင်းရဲ ချမ်းသာကို ခံစားမှု(ဝေဒနာ)ရှိသူ ဖြစ်တယ်။ ဆင်းရဲချမ်းသာကို ခံစားမှု (ဝေ ဒနာ သဘာဝ)ရှိသူဖြစ်လို့သာ သတ္တ (သတ္တဝါ)လို့ ခေါ်သင့်တယ်။ သ=ရှိသူ၊ အတ္တ=ဆင်းရဲချမ်းသာကို ခံစားမှုသဘာဝ၊ သတ္တ=ဆင်းရဲ ချမ်းသာ သဘာဝကို ခံစားသူလို့ သတ္တပါဠိရဲ့ အဓိပ္ပာယ်ကို ဖော်ရ တယ်။

အတ္တာ ကာယေ သဘာဝေစ(အဘိဓာန်)။

တနည်းပြောယင် စိတ်ရှိသူဖြစ်လို့သာ ဆင်းရဲချမ်းသာကို ခံစားမှုရှိသူ ဖြစ်တယ်။ ခံစားမှုရှိလို့သာ ဒီခံစားမှုကို အကြောင်းပြုပြီး ဖြစ်လေ့ရှိတဲ့ အားကြီးတဲ့ တောင့်တမှု (နန္ဒီ)၊ စွဲမက်မှု (ရာဂ)၊ တပ်မက်မှု တော်မှု ငန်းမှု(တဏှာ)ရှိသူ ဖြစ်တယ်။ တပ်မက်မှု တော်မှု ငန်းမှု(တဏှာ)ရှိသူ ဖြစ်လို့သာ သတ္တ(သတ္တဝါ)လို့ ခေါ်သင့်တယ်။

သဇ+တ နှစ်ပုဒ်မှာ အလယ်ခေါင်ရှိ 'ဇ'ကိုဖြုတ်၊ ပြောဆိုလွယ်အောင် 'တ'တစ်လုံး ဖြည့်ထည့်ပြီး "သတ္တ"လို့ ပါဠိစကားလုံး ဖြစ်လာတယ်။ သဇ=တပ်မက်မှု တော်မှု ငန်းမှု၊ တ=ဖြစ်လေ့ရှိသူ၊ သတ္တ=တပ်မက်မှု တော်မှု ငန်းမှုဖြစ်လေ့ရှိသူလို့ သတ္တပါဠိရဲ့ အဓိပ္ပာယ်ကို ဖော်ပါတယ်။

ဒါကြောင့် ဆင်းရဲချမ်းသာကို ခံစားမှုရှိကြတဲ့ သတ္တဝါတွေ ဆင်းရဲ ပျောက်ငြိမ်းဖို့သာ ကြံစည် ရှာဖွေ ကြိုးပမ်းသင့်တယ်လို့ မြတ်ဗုဒ္ဓက ဆုံးဖြတ်ပါတယ်။

## ဆင်းရဲဖြစ်ကြောင်း အစစ်

သတ္တဝါတွေ ဆင်းရဲပျောက်ငြိမ်းဖို့ ကြံစည် ရှာဖွေသူဟာ ကြောင်း+ကျိုးဆက် ဝါဒအရ ဆင်းရဲဖြစ်ကြောင်းကို သိအောင် ရှာဖွေရမယ်။

မြတ်ဗုဒ္ဓလောင်းလျာသိဒ္ဓတ္ထမင်းသားဟာ တောထွက်ပြီးနောက် ကြံစည် ရှာဖွေပုံက သတ္တဝါတွေဟာ ချမ်းသာကို ရချင်မှု၊ လိုချင်မှု (လောဘ)ကို အကြောင်းရင်းပြုပြီး ချမ်းသာအောင် ရည်ရွယ်ပြုလုပ်မှုကြောင့် ကမ်တရား ဖြစ်လာတယ်။ ချမ်းသာအောင် ရည်ရွယ်ပြုလုပ်ပေမယ့် အသိဉာဏ် မရှိမှု(အဝိဇ္ဇာ)ကြောင့် မကောင်းတဲ့လုပ်ငန်းကို လုပ်မိတဲ့အခါလဲ ရှိတယ်။ တခါတရံ အမြင်မှန် (သမ္မာဒိဋ္ဌိ) ဖြစ်ကာ ကောင်းတဲ့ လုပ်ငန်းကို လုပ်မိတဲ့အခါ ရှိတယ်။ မကောင်းကမ်ကြောင့် မကောင်းတဲ့ဘဝ(ခေါ်)ဆင်းရဲ ရုပ်နာမ်တွေ ဖြစ်လာကြတယ်။ ကောင်းကမ်ကြောင့် ပုထုဇန်တွေရဲ့ယူဆချက်အရ ကောင်းတဲ့ဘဝ(ခေါ်)ဆင်းရဲ ရုပ်နာမ်တွေ ဖြစ်လာကြတယ်။ ဒါကြောင့် ဆင်းရဲရုပ်နာမ်တွေ ဖြစ်မှုရဲ့

အရင်းခံ ပဓာနအကြောင်းဟာ ရချင်မှု၊ လိုချင်မှု၊ ဖြစ်ချင်မှု(လောဘ) သာ ဖြစ်တယ်။ ကမ်တွေဟာ အရင်းခံပဓာနအကြောင်း မဟုတ်ကြဘူး။ ရချင်မှု၊ လိုချင်မှု၊ ဖြစ်ချင်မှု(လောဘ)ကြောင့် နောက်ဆက်တွဲ ဖြစ်လာကြတဲ့ အခြံအရံ အကူအညီအကြောင်းမျှသာ ဖြစ်တယ်လို့ ရှာဖွေတွေ့မြင် သိရှိခဲ့ပါတယ်။

## ကွဲပြားချက်ကို သိစေလို

အခြား ကမ္မဝါဒီတွေနဲ့ မြတ်ဗုဒ္ဓတို့ရဲ့ အမြင်ချင်း ကွဲပြားချက်ကို အထူး သိမှတ်ထားကြဖို့ လိုအပ်ပါတယ်။

အခြားကမ္မဝါဒီ(ကမ်ကိုယုံကြည်သူ)တွေက သတ္တဝါတွေဟာ ကမ်ကြောင့်ဖြစ်ကြတယ်၊ ကမ်သာလျှင် ပဓာနလိုရင်းချုပ် အကြောင်းတရားပဲလို့ ပြောဆိုကြတယ်။

ကမ်ကြောင့် သတ္တဝါတွေဖြစ်ကြတာ ဟုတ်ပေမယ့် ကမ်ဟာ ပဓာန လိုရင်းချုပ် အကြောင်းတရား မဟုတ်ဘူး။ ကမ် မဖြစ်အောင် လုပ်ဖို့ နည်းလမ်း မရှိဘူး။ ကမ် မဖြစ်အောင် ဘယ်သူမျှ လုပ်နိုင်စွမ်း မရှိကြဘူး။ ဒါကြောင့် သတ္တဝါတိုင်းမှာ ကမ်ဟာ ဖြစ်နေ ရှိနေမှာပဲ။ ရချင်မှု၊ လိုချင်မှု၊ ဖြစ်ချင်မှု (လောဘ)ကြားဝင်မနှောက်ယှင် သတ္တဝါတွေရဲ့ ရမှု ဖြစ်မှု (ဘဝ) မဖြစ်နိုင်ဘူး၊ မရှိနိုင်ဘူး။ ဒါကြောင့် ရချင်မှု၊ လိုချင်မှု၊ ဖြစ်ချင်မှု(လောဘ)သာလျှင် သတ္တဝါတွေ ဖြစ်လာဖို့ ပဓာန လိုရင်းချုပ် အကြောင်းဖြစ်တယ်။ ကမ်ဟာ အကူအညီ အကြောင်းတရားမျှသာ ဖြစ်တယ်လို့ မိန့်ဆိုပါတယ်။ (ဝိရတ္တ စိတ္တာ ယတိကေ ဘဝသ္မိံ၊ တေ ခီဏာ ဗီဇာ အဝိရုဠှိဆန္ဒာ၊ နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ **ရတနသုတ်တော်** ရှိသည်။)

ဒီ ကွဲပြားချက်ကို သေချာ စွဲမြဲအောင် မမှတ်ထားယင် ဗုဒ္ဓဝါဒနဲ့ အခြား ကမ္မဝါဒီတွေရဲ့ ဝါဒဟာ အတူတူပဲ၊ တမျိုးတည်းလို့ အမှတ်လွဲ၊ အပြောလွဲ ဖြစ်တတ်တယ်။ အထူး အထူး အထူး သတိထားကြပါ။

## ကောင်းကမ်ရှိတိုင်း အကျိုးမဖြစ်

"ကမ်ဟာ ပဓာန လိုရင်းချုပ်အကြောင်း မဟုတ်ဘူးဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ အမြင်ဟာ မှန်သလား၊ မှားသလားလို့" နဲနဲပါးပါး စိစစ်ကြည့်ရအောင်။

လောကမှာ ကမ်လို့ခေါ်တဲ့ လုပ်ငန်းတခုကို ပြုလုပ်ယင် ငွေကြေး စတဲ့ လုပ်ခကို ရကြတာဟာ သဘာဝတရားမှန် ဖြစ်ပါတယ်။ ဒါပေမယ့် "လုပ်အားပေး"လို့ ပြောဆို လုပ်ကိုင်နေကြတဲ့ လုပ်ငန်းမှာ လုပ်ခ ပိုက်ဆံ စသည်ကို ရကြပါရဲ့လား။ သက်ဆိုင်ရာတွေက ပေးတဲ့ လုပ်ခငွေတွေကို လမ်းအတွက်၊ စာသင်ကျောင်းအတွက်၊ ဆေးရုံအတွက်၊ အဖွဲ့ရန်ပုံငွေအတွက် စသည် သတ်မှတ်ပြီး လှူဒါန်းစွန့်လွှတ်လိုက်ကြတော့ လုပ်ခကို လုပ်သူတွေ မရကြပါဘူး။ သက်ဆိုင်ရာတွေက မပေးလို့ မရကြတာ မဟုတ်ဘူး။ လုပ်သူတွေက မရချင် မယူချင်ကြလို့သာ မရကြတာပါ။ လုပ်သူတွေက ရချင်ကြ၊ ယူချင်ကြယင် လုပ်ခငွေကို ရကြမှာပါပဲ။

ဒီအတူပေါ့။ ကုသိုလ်ခေါ်တဲ့ ကောင်းကမ်တွေကို လုပ်ပြီးပေမယ့် လုပ်ခနဲ့တူတဲ့ ရုပ်နာမ်ဖြစ်မှု(ဘဝ)ကို မရချင်ဘူး၊ မယူချင်ဘူးဆိုယင် အကျိုးတရား ရုပ်နာမ်တွေ မဖြစ်ကြတော့ဘူး။ မဖြစ်ယင် မရကြ၊ မရှိကြတော့ဘူး။ ရုပ်နာမ်တွေ မရှိယင် နောက်ဆက်တဲ့ ဖြစ်လာကြမည့် ဆင်းရဲတွေ မဖြစ်ကြတော့ဘူး။ မဖြစ်ယင် မရှိကြတော့ဘူး။ မရှိယင် ငြိမ်းပျောက်ကုန်တယ်။ ဒါကြောင့် ဆင်းရဲရုပ်နာမ်ဖြစ်မှုမှာ ရချင်မှု၊ လိုချင်မှု၊ ဖြစ်ချင်မှု (လောဘ)ဟာ ဆင်းရဲဖြစ်ဖို့ ပဓာန လိုရင်းချုပ်အကြောင်းဖြစ်တယ်လို့ မြတ်ဗုဒ္ဓ သိမြင်တော်မူတာဟာ သဘာဝမှန်ပဲလို့ စဉ်းစားဉာဏ် ပြည့်ဖြိုးသူတွေက လက်ခံ ယုံကြည်ကြပါတယ်။

သမုဒယသစ္စာအကြောင်း သိကောင်းစရာကို ပြောပြီးပါပြီ။

❁

## ၁၃၄၁ ခု၊ ဝါခေါင်လဆန်း (၈) ရက်၊ နံနက် ၈း၁၀ နာရီ

မြတ်ဗုဒ္ဓရဲ့ ဟောညွှန်ပြချက်ဖြစ်တဲ့ ဘာသာနဲ့စပ် သိမှတ်စရာတွေကို ပြောခဲ့တာ (၁) ဆင်းရဲဆိုတာ ဘယ်ဟာလဲ၊ (၂) ဘာကြောင့် ဆင်းရဲဖြစ်သလဲဆိုတဲ့ စိစစ်ချက် နှစ်ရပ် ပြီးပြတ်ခဲ့ပြီ။ ဆင်းရဲချုပ်ငြိမ်းရေး လမ်းစဉ်မှန်က ဘယ်ဟာလဲဆိုတဲ့ စိစစ်ချက်ကို ယနေ့ ပြောပါမယ်။

ဆင်းရဲဖြစ်အောင် ဖန်တီးကြတဲ့ ရချင်မှု၊ ဖြစ်ချင်မှု၊ လိုချင်မှုတွေဟာ သတ္တဝါတွေရဲ့ စိတ်ထဲမှာ ရှိနေသေးယင် ဆင်းရဲရုပ်နာမ်တွေ ကေန် ဖြစ်ကြဦးမယ်၊ မချုပ်ငြိမ်းကြသေးဘူး။ ဒါကြောင့် သတ္တဝါတွေရဲ့ စိတ်ထဲမှာ ရချင်၊ ဖြစ်ချင်၊ လိုချင်မှုတွေ မရှိအောင်၊ ချုပ်ငြိမ်းအောင် ပြုလုပ်ပြီးပါမှသာ ဆင်းရဲတွေ ချုပ်ငြိမ်းကြမယ်။

သတ္တဝါတွေရဲ့ စိတ်ထဲမှာ ရချင်၊ ဖြစ်ချင်၊ လိုချင်မှုတွေ မဖြစ်အောင်၊ မရှိအောင် ပြုလုပ်ဖို့ ရချင်၊ ဖြစ်ချင်၊ လိုချင်မှုတွေ ဖြစ်တဲ့ အကြောင်းကို သိအောင် ရှာဖွေရပါမယ်။

### အပြစ်မြင်ယင် မလိုချင်

လောကမှာ ရွှေ ငွေ အိမ် ကျောင်း စတဲ့ ပစ္စည်းတွေရဲ့ အပြစ်အနာတွေကို မမြင်ယင် ဒီပစ္စည်းတွေဟာ အကောင်းအမွန်တွေ၊ တန်ဖိုးမြင့်မားတဲ့ ပစ္စည်းတွေ၊ စိတ်ချမ်းသာအောင်လုပ်တဲ့ ပစ္စည်းတွေလို့ မှတ်ထင်နေကြတာကြောင့် ဒီပစ္စည်းတွေကို ရချင်စိတ်၊ လိုချင်စိတ် ဖြစ်ကြတာပဲ။

ဒီ ရွှေ ငွေ အိမ် ကျောင်း စတဲ့ ပစ္စည်းတွေနဲ့ ပတ်သက်ပြီး ရှာဖွေရတဲ့ ဆင်းရဲ၊ ထိန်းသိမ်းရ၊ ပြုပြင်ရ၊ ပျက်စီးမှာ စိုးရိမ်ရတဲ့ ဆင်းရဲ

အစရှိတဲ့ အပြစ်အနာတွေကို သိမြင်မှု စွဲမြဲနေယင် ရချင်စိတ် လိုချင်စိတ် မဖြစ်တော့ဘူး၊ ချုပ်ငြိမ်းတယ်။ ဒါဟာ သတ္တဝါတွေရဲ့ မှန်ကန်တဲ့ သစ္စာသဘော ဖြစ်ပါတယ်။

သတ္တဝါတွေ စိတ်သန္တာန်ရဲ့ ဒီမှန်ကန်တဲ့ သစ္စာသဘောအတိုင်းပဲ ရုပ်နာမ်တွေရဲ့ အပြစ်အနာတွေကို သိမြင်မှု စွဲမြဲကြယင် ရုပ်နာမ်တွေကို ရချင်စိတ် လိုချင်စိတ်တွေ ကင်းပျောက် ချုပ်ငြိမ်းကုန်မယ်လို့ မြတ်ဗုဒ္ဓက ဆုံးဖြတ်တော်မူပါတယ်။

ဒါကြောင့် ရုပ်နာမ်တွေရဲ့ အပြစ်အနာတွေကို သိမြင်အောင် အပြစ်ရှာ လုပ်ငန်းစဉ်ကို မြတ်ဗုဒ္ဓက ချမှတ်တော်မူခဲ့ပါတယ်။

လောကမှာ အပြစ်ရှာပုံတွေ အမျိုးမျိုး အဖုံဖုံ များပေမယ့် လိုရင်း ချုပ်ယင် မတရားတဲ့နည်း၊ တရားတဲ့နည်းလို့ နှစ်မျိုးသာ ရှိပါတယ်။

## မတရားနည်း

စင်စင်ကြယ်ကြယ် တံမျက်လှဲထားပြီးတဲ့ ကြမ်းပျဉ်ချပ်တွေ အကြားမှာ ဝင်ကပ်နေတဲ့ အမှိုက်တွေ ဖုံတွေ အမှုန်တွေကို သံချောင်း ငယ် တချောင်းနဲ့ ထိုးကော်ထုတ်ပြီးတော့ နင် တံမျက်လှဲတာ ဖုံမစင် ဘူးလို့ အပြစ်ရှာတဲ့ အိမ်ကြီးရှင်မကို လူအများက တရားတဲ့သူလို့ ပြောကြမလား? မတရားသူလို့ ပြောကြမလား?။

အုန်းထမင်း၊ ထောပတ်ထမင်းချက်စဉ်က ထမင်းအိုးထဲ ဆား တွေ ထည့်ချက်ပြီးတော့ ထမင်းဖြူချက်တဲ့အခါ ထမင်းအိုးထဲ ဆား မထည့်ဘူးလို့ ကိုယ့်မယားကို အပြစ်ရှာတဲ့ အိမ်ကြီးရှင် လင်ကို မတရား အပြစ်ရှာသူလို့ ပြောကြမလား?၊ ရိုးရိုးသားသား တရားသဖြင့် အပြစ် မြင်သူလို့ ပြောကြမလား?။

ဒီအတူပဲ ရုပ်နာမ်တွေမှာ တကယ်မရှိတဲ့ အပြစ်တွေကို ကြံဖန် ရှာဖွေကြယင် မတရားဘူး။ မတရားသူရဲ့ အလုပ်ဟာ ကောင်းမြတ် မှန်ကန်တဲ့ အကျိုးကို မပေးဘူး။

ဒါကြောင့် ရုပ်နာမ်တွေမှာ မရှိတဲ့ အပြစ်ကို ကြံဖန် မရှာ သင့်ဘူး၊ မရှာရဘူး။

## တရားတဲ့နည်း

တကယ် အမှန်ရှိနေတဲ့ အပြစ်တွေကို ရှာဖွေပါမှ အပြစ် ရှာသူဟာ တရားရှိသူ ဖြစ်နိုင်တယ်။ တရားရှိသူရဲ့ အလုပ်သာ ကောင်းမြတ် မှန်ကန်တဲ့ အကျိုးကို ပေးတယ်။

ဒါကြောင့် ရုပ်နာမ်တွေရဲ့ အပြစ်အနာတွေကို ရှာဖွေယင် လောကသဘာဝနဲ့ ညီအောင် လူ ပီပီသသ ပြုလုပ်ကြဖို့ မြတ်ဗုဒ္ဓက ဟောညွှန်တော်မူခဲ့ပါတယ်။

## အပြစ်ရှာ လုပ်ငန်းစဉ်များ

ရုပ်နာမ်တွေရဲ့ အပြစ်အနာတွေကို ရှာဖွေတဲ့အခါမှာ လောကသဘာဝနဲ့လဲ ညီအောင် တရားတဲ့ နည်းလမ်းလဲ ဖြစ်အောင် လူ ပီပီသသ ဖြစ်အောင် အပြစ်မရှာသေးခင် ကြိုတင်ပြုလုပ်ထားရမည့် လုပ်ငန်းတွေထဲက အရေးကြီးတဲ့လုပ်ငန်း၊ ဧကန်ပြုရမည့် လုပ်ငန်း တချို့ကို ပြောပါမယ်။

### (၁) ကိုယ်ကျင့်တရားကောင်း ရှိဖို့

လောကမှာ မိမိကိုယ်တိုင်က ကိုယ်ကျင့်တရားကောင်း မရှိပဲ သူများအပြစ်ကို ရှာသူဟာ မတရားသူ၊ လူ မပီသသူပဲ။ ကိုယ်တိုင်က ကိုယ်ကျင့်တရားကောင်း မရှိယင် သူများအပြစ်ကို ရှာချိန်မှာ ကိုယ့် အပြစ်တွေဟာ ကိုယ့်စိတ်မှာ ဧကန် ပေါ်လာကြပါတယ်။ ဒီလို ပေါ်လာယင် လူပီသတဲ့ လူကောင်း သူကောင်း စစ်စစ်ဟာ စိတ်ပူ စိတ်ညစ် ဖြစ်လာပါရော။ စိတ် ကြည်ကြည်အေးအေး မဖြစ်တော့ဘူး။ စိတ် ကြည်လင် အေးချမ်းမှုမရှိယင် သတိလွတ်ပါတယ်။ သတိလွတ်ယင် ဉာဏ်မထက် လုပ်ငန်းမတွင်ပဲ ရုပ်နာမ်တွေရဲ့ အပြစ်မှန်ကို မမြင် မသိတော့ဘူး။

ဒါကြောင့် ရုပ်နာမ်တွေရဲ့ အပြစ်မှန်ကို ရှာဖွေချင်သူတိုင်းဟာ ကိုယ်ကျင့်တရားကောင်းရှိသူ ဖြစ်အောင် ကြိုတင် ပြုထားကြရမယ်။ ကိုယ်ကျင့်တရားကောင်းရှိအောင် ပြုလုပ်ထာကို သီလဝိသုဒ္ဓိ လုပ်တယ်လို့ ကျမ်းဂန်တွေမှာ ဆိုထားပါတယ်။ ဒါကြောင့် အပြစ်ရှာ လုပ်ငန်းစဉ်မှာ နံပါတ် (၁) သီလစင်ကြယ်အောင် လုပ်ထားရမယ်။

## သီလ ဟူသည်

ကိုယ်ကျင့်တရားကောင်းကို သီလခေါ်တယ်လို့ လွယ်လွယ် မှတ်သားနိုင်ပါတယ်။ ပါဠိ ကျမ်းဂန်စကားနဲ့ မှတ်ချင်ကြယင် ကိုယ်ကြောင့် ဖြစ်တဲ့ အကုသိုလ်တွေ၊ ပါးစပ်ကြောင့်ဖြစ်တဲ့ အကုသိုလ်တွေ မဖြစ်ရအောင် ရှောင်ကြဉ်မှု (ဝိရတိ)၊ ထိန်းသိမ်းမှု (သမာဒါန)၊ စောင့်စည်းမှု(သံဝရ)တွေနဲ့ ဆရာကျင့်ဝတ် တပည့်ကျင့်ဝတ် မိဘ ကျင့်ဝတ် သားသမီးကျင့်ဝတ် အစရှိတဲ့ စာရိတ္တတွေကို သီလလို့ ဆိုကြပါတယ်၊

**သီလအမျိုးမျိုး။** ။ပြောခဲ့ပြီး သီလတွေကို အရာဝတ္ထုအချိန်အခါ ပုဂ္ဂိုလ် လုပ်ငန်း သိက္ခာပုဒ် အရေအတွက် စင်ကြယ်အောင် ကုသမှု ရည်မှန်းချက် အစရှိတာတွေကို အစွဲပြုပြီး သီလ အမျိုးမျိုးကို ကျမ်းဂန်တွေမှာ ပြဆိုထားပါတယ်။ တိုတိုကျဉ်းကျဉ်း သိမှတ်လွယ်အောင် လိုရင်းလောက်သာ ပြောပြပါမယ်။

**လုပ်ငန်းအရ ခွဲယင်။** ။(၁) သမ္ပတ္တ ဝိရတိ သီလ၊ (၂) သမာဒါန ဝိရတိ သီလလို့ လူဝတ်ကြောင်များရဲ့ လုပ်ငန်းအရ သီလနှစ်မျိုး ဖြစ်ပါတယ်။

(၁) သီလကို ထိန်းမယ်လို့ ကြိုတင်ဆောက်တည်မှု (အဓိဋ္ဌာန်)ကို မပြုထားပဲ ကျူးလွန်စရာ ကြုံလာချိန်မှာ ရှောင်ကြဉ် ထိန်းသိမ်း စောင့်စည်းတဲ့ သီလမျိုးကို သမ္ပတ္တ ဝိရတိ သီလလို့ ဆိုကြပါတယ်။

(၂) သီလကို ထိန်းမယ်လို့ ကြိုတင် ဆောက်တည်မှု (အဓိဋ္ဌာန်)ကို ပြုထားပြီးမှ မကျူးလွန်မိအောင် ရှောင်ကြဉ် ထိန်းသိမ်း စောင့်စည်းတဲ့ သီလမျိုးကို သမာဒါန ဝိရတိ သီလလို့ ဆိုကြပါတယ်။

သီလကို ထိန်းမယ်လို့ ကြိုတင်ဆောက်တည်မှု (အဓိဋ္ဌာန်)ကို ပြုထားယင် ကျူးလွန်မှု အကုသိုလ်ဖြစ်ဖို့ ခက်ခဲတယ်။ ငါ သီလ ထိန်းနေတယ်လို့ သတိရတိုင်း ကုသိုလ် တိုးပွားပါတယ်။

**သီလတောင်းခံမှုအတွက် စိစစ်ချက်။** ။သာမဏေများ၊ ရဟန်းလောင်းများဟာ ရဟန်းသံဃာတော်တွေထံမှာ သီလတောင်းခံပြီး ရဟန်းသံဃာတော်များက စည်းမျဉ်းကျကျ ပေးအပ်ပြီးမှသာ သာမဏေသီလ၊ ရဟန်းသီလ၊ ရဟန်းသာမဏေ မဟုတ်ကြတဲ့လူတွေ သီလရှင်တွေ ရသေ့တွေဟာ သံဃာတော်တွေထံက တောင်းခံပါမှ သီလ ရတယ်၊ သီလရှိနိုင်တယ်လို့ အမှား မမှတ်ကြပါနဲ့။ သီလစောင့်ထိန်းမယ်လို့ စိတ်ဆောက်တည်မှု (အဓိဋ္ဌာန်)သီလ ဆောက်တည်မှုလုပ်ငန်း ပြီးပြည့်စုံလို့ သီလ ရသူဖြစ်ပါတယ်။ ကျူးလွန်မှုမပြုသမျှ သီလ ရှိသူဖြစ်ပါတယ်။

သမုဒ္ဒရာလှိုင်းလုံးကြီးတွေအကြားမှာ လက်ပစ်ကူးနေရတဲ့ ဇနကမင်းသားဟာ ဘယ်သူထံမှာမျှ သီလ မတောင်းခံပါဘူး။ ''ဒီအချိန်ကစပြီး ငါဟာ ရှစ်ပါးသီလကို စောင့်ထိန်းမယ်''လို့ စိတ်ဆောက်တည်မှု (အဓိဋ္ဌာန်)ကို ပြုထားပြီး သီလကို စောင့်ထိန်းခဲ့တာပါပဲ။

သီလ ဆောက်တည်မယ်လို့ စိတ်အဓိဋ္ဌာန်မပြုကြပဲ ရဟန်းတော်တွေထံ သီလတောင်းခံရုံသက်သက် ရဟန်းတော်တွေက သီလပေးရုံသက်သက်နဲ့တော့ လူတွေဟာ သီလ တစက်သားမျှ မရကြဘူးလို့ သိမှတ်ကြပါ။

သီလ စောင့်ထိန်းမယ်လို့ စိတ် အဓိဋ္ဌာန်ပြုပြီး ရဟန်းသံဃာထံ သီလတောင်းခံတာဟာ ကိုယ့်စိတ် အဓိဋ္ဌာန်ကို ပေါ်ပေါ်လွင်လွင် ဝန်ခံ ဖော်ကြတာကြောင့် ကောင်းကျိုးရှိတာ မှန်ပါတယ်။

**သိက္ခာပုဒ် အရေ။** ။ရဟန်း သာမဏေ မဟုတ်သူတွေရဲ့ သီလဟာ **အတွက်အလိုက်ခွဲယင်** ငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါးသီလလို့ သုံးမျိုးသာ ရှိပါတယ်။

ရှစ်ပါးသီလလို့ ပြောကြရတဲ့ သိက္ခာပုဒ် ရှစ်ပါးနဲ့ သိက္ခာပုဒ်မဟုတ်တဲ့ မေတ္တာပွားမှု သမထတပါးကို ရောပေါင်းပြီး ကိုးပါးသီလလို့ အဆန်းထွင်ကာ ပြောဆိုနေကြ တောင်းခံ ဆောက်တည်နေကြတာဟာ အူကြောင်ကြောင်အလုပ် ဖြစ်နေတယ်။

အရက်မသောက်ပဲ တနေ့တာမျှ မနေနိုင်တဲ့ ယစ်ထုပ်တယောက်က ဆယ်ပါးထဲမှာ သုရာမေရယ သိက္ခာပုဒ်ကို ချန်ပြီး ကိုးပါးသီလ ဆောက်တည်ပါတယ်လို့ ပြောယင် အူကြောင်ကြောင် ပြောတယ်၊ အူကြောင်ကြောင် လုပ်တယ်လို့ ကဲ့ရဲ့ကြမှာ သေချာပါတယ်။ ဒါပေမယ့် ယစ်ထုပ်ကြီးက သုရာမေရယ သိက္ခာပုဒ်ကိုချန်ပြီး ဆောက်တည် စောင့်ထိန်းတဲ့ ကိုးပါးသီလဟာ သိက္ခာပုဒ် သီလတွေချည်း စစ်စစ် သန့်သန့် ဖြစ်ပါတယ်။

သုရာမေရယ၏ သိက္ခာပုဒ်ကို ချန်ပြီး သီလ သိက္ခာပုဒ် တွေချည်း စစ်စစ်သန့်သန့်ဖြစ်တဲ့ ကိုးပါးသီလကို ခံယူဆောက်တည် စောင့်ထိန်းမှုဟာ အူကြောင်ကြောင် အလုပ် ဖြစ်တယ်လို့ ပြောဆိုကြယင် သီလ သိက္ခာပုဒ် ရှစ်ပါးနဲ့ သီလသိက္ခာပုဒ် မဟုတ်တဲ့ မေတ္တာပွားမှု သမထ တပါးကို ရောပေါင်းပြီး ကိုးပါးသီလလို့ မတော်မလျော် မဟုတ်မမှန် နာမည်တပ်ကာ ဆောက်တည် စောင့်ထိန်း နေကြသူတွေဟာ ဘယ်လောက် အူကြောင်ကြောင် လုပ်ကြသလဲလို့ စဉ်းစားဉာဏ်နဲ့ပါးပါး ရှိသူတိုင်း သိနိုင်ကြပါတယ်။ စွမ်းနိုင်သမျှ ဆောက်တည်ယင် ကုသိုလ်ရတာပေါ့ ဆိုတဲ့ ကိုးပါးသီလ ဆရာတွေ့ရဲ့ စကားဟာ အကြောင်းပြချက် မမှန်၊ အကွက် မဝင်ပါဘူး။

**ဘယ်သီလက နိဗ္ဗာန်ပို့မလဲလို့။** ။စိစစ်ယင် လုံခြုံ စင်ကြယ် အင်္ဂါ နှစ်သွယ် ပြည့်စုံတဲ့ သီလမှန်က နိဗ္ဗာန်ပို့တာချည်း ပါပဲ။ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးစသည် သိက္ခာပုဒ် အနည်းအများ ခွဲခြားစရာ မလိုပါဘူး။

သီလလုံခြုံတာနဲ့ သီလစင်ကြယ်တာဟာ မတူကြပါဘူး ။သီလ လုံခြုံတာကို ပါဠိကျမ်းဂန်တွေမှာ အက္ခဏ္ဍ၊ အစ္ဆိဒ္ဒ၊ အ ကမ္မာသလို့ သုံးမျိုး ဆိုကြပါတယ်။ ဗမာလို ပြောချင်ယင် သိက္ခာပုဒ် မကျိုး၊ မပေါက်၊ ကွက်ကျား မဟုတ်လို့ ပြောကြရပါမယ်။ ဒီသုံးမျိုးလုံးကို လွယ်လွယ်တိုတို စုပေါင်းပြောချင်ယင် သိက္ခာပုဒ် မပျက်စီးတဲ့ သီလကို လုံခြုံတဲ့ သီလလို့ ပြောကြရပါမယ်။

သိက္ခာပုဒ် မပျက်စီးတဲ့ သီလဟာ လုံခြုံ မစင်ကြယ်တဲ့ သီလ၊ လုံခြုံစင်ကြယ်တဲ့သီလလို့ နှစ်မျိုးရှိပါတယ်။ လူဖြစ်ချင်လို့၊ နတ်ဖြစ်

ချင်လို့ ဗြဟ္မာဖြစ်ချင်လို့ ဆောက်တည်တဲ့သီလကို နိဿိတ(ခေါ်) မစင်ကြယ်တဲ့ သီလလို့ ကျမ်းဂန်တွေမှာ ဆိုထားပါတယ်။ လူနတ် ဗြဟ္မာ ဖြစ်ချင်စိတ်မရှိပဲ ဆောက်တည်တဲ့ သီလကို အ နိဿိတ(ခေါ်) စင်ကြယ်တဲ့သီလလို့ ကျမ်းဂန်တွေမှာ ဆိုထားပါတယ်။

ဒါကြောင့် သီလဝိသုဒ္ဓိ၊ သီလဝိသုဒ္ဓိလို့ ပြောနေကြတဲ့ စကား အရ မလုံခြုံတဲ့ သီလဟာ ဝိသုဒ္ဓိသီလ မဖြစ်နိုင်ဘူး။ လုံခြုံပေမယ့် လူနတ်ဗြဟ္မာ ဖြစ်ချင်စိတ် ရှိသေးယင်လဲ ဝိသုဒ္ဓိသီလ မဖြစ်နိုင်ဘူး။ နိဗ္ဗာန်ရချင်စိတ် သို့မဟုတ် ဝိပဿနာ အားထုတ်ချင်စိတ်နဲ့ သီလလုံခြုံ အောင် စောင့်ထိန်း နိုင်ပါမှသာ သီလ ဝိသုဒ္ဓိ စစ်စစ် ဖြစ်တယ်လို့ သိမှတ်ကြပါ။

## သီလဝိသုဒ္ဓိဖြစ်အောင် ကုသနည်း

လုံခြုံ စင်ကြယ် အင်္ဂါနှစ်သွယ်ပြည့်စုံမှ သီလဝိသုဒ္ဓိ ဖြစ်တယ်၊ သီလ ဝိသုဒ္ဓိဖြစ်အောင် ဆောက်တည်နည်းကိုလဲ ပြောပြီးပြီ။

ပုထုဇန်တွေဟာ နိဗ္ဗာန်ရချင်စိတ် ဝိပဿနာ အားထုတ်ချင်စိတ် ရှိနိုင်ကြပေမယ့် သီလ သိက္ခာပုဒ် အားလုံးကို မကျိုးမပျက်အောင် ပြုနိုင်စွမ်း မရှိကြတာကြောင့် သီလ ဝိသုဒ္ဓိဖြစ်အောင် ကုသနည်းကို သိမှတ် အသုံးပြုတတ်ကြဖို့ အထူး လိုအပ်နေပါတယ်။

ရောဂါဖြစ်ယင် ရောဂါစင်အောင် ဆေးကုသကြသလို သိက္ခာ ပုဒ် ပျက်ယွင်းတာကြောင့် သီလ ဝိသုဒ္ဓိမဖြစ်ယင် သီလ ဝိသုဒ္ဓိဖြစ်အောင် နောက်ထပ် ပြုလုပ်ထာကို ကုသတယ်လို့ ပြောကြရပါတယ်။

**ကုသမှုအခြေခံ စိတ်ထားမှန်**။ ။ကျူးလွန်ချင်တဲ့ မစင်ကြယ်စိတ်နဲ့ ကျူးလွန်ခဲ့လို့သာ အပြစ်ဖြစ်ကာ မစင်ကြယ်မှု ဖြစ်လာတာပါ၊ ကျူးလွန်ချင်စိတ် မရှိပဲ အမှတ်တမဲ့ ကျူးလွန်မိယင် အပြစ်မဖြစ်ဘူး၊ အပြစ် မဖြစ်ယင် မစင်ကြယ်မှုလဲ မဖြစ်ပါဘူး။ ဒါကြောင့် မစင်ကြယ်မှုရဲ့ အရင်းခံဖြစ်တဲ့ စိတ်ကို ကျူးလွန်ချင်မှုရှိယင် စင်ကြယ်အောင် ပြုပြီးမှသာ သီလဝိသုဒ္ဓိဖြစ်အောင် ကုသလို့ ရနိုင်ခွင့် ရှိပါတယ်။ ဒီအပြစ်မျိုးကို နောက်ထပ်မကျူးလွန်တော့ဘူးလို့ ဒုံးဒုံးချ

ဆုံးဖြတ်ထားပါမှသာ ကျူးလွန်ချင်မှုမရှိပဲ စိတ်စင်ကြယ်တယ်။ စိတ်စင်ကြယ်ယင် စိတ်ရဲ့အလုပ်ဖြစ်တဲ့ သီလဟာလဲ စင်ကြယ်ပါတယ်။

**ကျူးလွန်မှုသုံးမျိုး။** ။လောကမှာ ကုသလွယ်တဲ့ရောဂါ၊ ကုသခက်ခဲတဲ့ ရောဂါ၊ ကုသ မရတဲ့ ရောဂါလို့ ရောဂါ သုံးမျိုးရှိသလို သီလသိက္ခာပုဒ် ပျက်ယွင်းအောင် ကျူးလွန်မှုဟာလဲ ကုသလွယ်တဲ့ ကျူးလွန်မှု၊ ကုသခက်ခဲတဲ့ ကျူးလွန်မှု၊ ကုသ မရတဲ့ ကျူးလွန်မှုလို့ သုံးမျိုးရှိပါတယ်။

ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးဆိုတဲ့ သုံးမျိုးထဲက တမျိုးမျိုးကို ဆောက်တည် ထိန်းသိမ်း စောင့်စည်းနေချိန်မှာ ကျူးလွန်မိတာကြောင့် သိက္ခာပုဒ် ပျက်ယွင်းခဲ့ယင် ဒီအပြစ်မျိုးကို နောက်ထပ် မကျူးလွန်တော့ပါဘူးလို့ စိတ်ဆုံးဖြတ်ချက်ချပြီးမှ သီလကို ထပ်မံ ဆောက်တည် ထိန်းသိမ်းယင် အပြစ်မကြီးလှတဲ့ ကျူးလွန်မှုကြောင့် ညစ်နွမ်းတဲ့ သီလကို စင်ကြယ်အောင် ကုသတဲ့ကိစ္စ ပြီးပါတယ်။

သောတာပန်ကစ မြတ်ဗုဒ္ဓထိ အရိယစစ် ဖြစ်သူတွေကို မကျေနပ်တဲ့ စိတ်ထားနဲ့ “အလကား လူလိမ် လူညာတွေပါကွာ” စသည် ကဲ့ရဲ့ရှုတ်ချ ပြောခဲ့တဲ့ အပြစ်မျိုးတွေ မြတ်ဗုဒ္ဓကို ချန် ကျန်တဲ့ အရိယာတွေကို လက်ရောက် ကျူးလွန်မိတဲ့ အပြစ်တွေဟာ စင်ကြယ်အောင် ကုသဖို့ ခက်ခဲတဲ့ ကျူးလွန်မှု အပြစ်တွေ ဖြစ်ကြပါတယ်။ ဒီအပြစ်တွေ မစင်ကြယ်သေးသမျှ ဒီဘဝမှာ မဂ်ဖိုလ်ရ နိဗ္ဗာန်မြင် မဖြစ်နိုင်ဘူး။

ဒီကျူးလွန်မှုမျိုးကို နောင်အခါ မပြုလုပ်တော့ဘူးလို့ ကိုယ့်စိတ်ထဲမှာ **ဝန်ချမှု** ရှိရမယ်၊ သီးခံပါလို့ **တောင်းပန်** ရမယ်။ ဝန်ချ၊ တောင်းပန် နှစ်တန်ပြည့်စုံယင် အပြစ်လွတ်ကာ စင်ကြယ်နိုင်ပါတယ်။ ဝန်ချစိတ်မရှိပဲ တောင်းပန်ရုံ သက်သက်နဲ့တော့ အပြစ်မလွတ်ပါဘူး။

**ကုသလို့ မရတဲ့ အပြစ်ကြီးများ။** ။အမေကို သတ်၊ အဖေကို သတ်၊ ရဟန္တာကိုသတ်၊ ရဟန္တာမကို မုဒိန်းကျင့်၊ မြတ်ဗုဒ္ဓကို ဒဏ်ရာ ရအောင်လုပ်၊ သံဃာတွေ ကွဲပြားအောင် တိုက်တွန်း အားပေးပြုခဲ့မိတဲ့ သီလမစင်ကြယ်မှုဟာ အပြစ်လွတ်အောင်

ဝန်ချ၊ တောင်းပန် ကုသလို့ လုံးဝမရနိုင်တဲ့ အပြစ်ကြီးတွေ ဖြစ်ကြပါတယ်။ ဒါကြောင့် ဒီအပြစ်ကြီးတွေကို မကျူးလွန်မိအောင် အထူးရှောင်ကြပါ။

**ချီးမွမ်းမှု အပြစ်ကြီး။** ။လုပ်မှု ပြောမှု လွဲမှားလို့သာ အပြစ် ဖြစ်တာကြောင့် ချီးမွမ်းလွဲတာဟာလဲ အပြစ် ကေန်ဖြစ်ပါတယ်။ ဒါကြောင့် ဘုရားစစ်စစ်မဟုတ်သူကို ဘုရားစစ်စစ် ဖြစ်တယ်လို့ အထင်လွဲပြီး လူအများ ကုသိုလ်ပွားဖို့ ရည်ရွယ်ကာ "ဘုရားရှင် ကြွလာပါပြီ၊ ပူဇော်ကြပါ၊ လှူဒါန်းကြပါ"စသည် ကြွေးကြော်ယင် ကုသိုလ်ဖြစ်တယ်လို့ မထင်ကြပါနဲ့၊ ဘုရားစစ်စစ်ဖြစ်သူကို ဆဲရေးသလောက်ပဲ အပြစ်ကြီးပါတယ်။

ရဟန္တာစစ်စစ်မဟုတ်သူကို ရဟန္တာပဲလို့ အထင်လွဲပြီး လူအများကြည်ညို ကုသိုလ်ပွားဖို့ ရည်ရွယ်ကာ "ရဟန္တာကြီး ကြွလာပါပြီ၊ ပူဇော်ကြပါ"စသည် ကြွေးကြော်ယင် ကုသိုလ်ဖြစ်တယ်လို့ မထင်ကြပါနဲ့၊ ရဟန္တာစစ်စစ်ဖြစ်သူကို ဆဲရေးရိုက်ပုတ်သလောက်ပဲ အပြစ်ကြီးပါတယ်။

ဘုရားရှင်အစစ်၊ ရဟန္တာအစစ်တွေရဲ့ သီလ, သမာဓိ, ပညာ စတဲ့ ဂုဏ်တော်ထူးကြီးတွေကို ဘုရား မဟုတ်သူ၊ ရဟန္တာ မဟုတ်သူတွေနဲ့ တွဲစပ်ကာ မမှန်တဲ့ စကားတွေ ကြွေးကြော်ပြီး ဖျက်ဆီးပစ်ရာ ရောက်တာကြောင့် အပြစ်ကြီးလွန်းပါတယ်။

**ဒီဘဝမှာ မဂ်ဖိုလ်မရ၊ သေယင် အပါယ်ကျ၊ အပြစ်ကြီးလှတယ်**လို့ မြတ်ဗုဒ္ဓ ကိုယ်တိုင်က မိန့်ကြားတော်မူခဲ့တဲ့ မှတ်တမ်းပါဠိကို သဂါထာဝဂ္ဂ၊ ၆—ဗြဟ္မသံယုတ်၊ ပထမဝဂ္ဂ၊ (၁၀) ကောကာလိကသုတ်တော်မှာ တွေ့မြင်နိုင်ပါတယ်။

ဥပရိပဏ္ဏာသ၊ ၁—ဒေဝဒဟဝဂ်၊ ၄—သာမဂါမသုတ် အဋ္ဌကထာ (နှာ-၂၆)မှာ ကြည့်ယင်လဲ အလွန်ထင်ရှား မြင်သိနိုင်ပါတယ်။

စကားစပ်နေခိုက်မို့ ပြောလိုက်ရအုံးမယ်။ သာမဂါမသုတ် အဋ္ဌကထာ (နှာ—၂၆)မှာ "စိတ်ကူးနဲ့သေပြီး ကိုယ့်မသာကောင်ကို ကိုယ်တိုင်ပဲ စိတ်ကူးနဲ့ သုသာန်ထုတ်၊ ကိုယ့်ခန္ဓာရုပ် အကောင်ပုပ်ကို

စိတ်ကူးနဲ့ ကိုယ်တိုင် မီးဖုတ်ပြာချတဲ့ (မုတပါပ) အလွဲကျင့်နည်း''လို့ တိတိပပ မိန့်ဆိုထားပါတယ်။

နာမည်ကြီး ဝိပဿနာ ဌာနမှာ စိတ်ကူးနဲ့သေ၊ ကိုယ့်မသာ ကိုယ်ချ၊ မီးရှို့ပြီး ပူလောင်လို့ ကောက် ကွေး တွန့် လိမ် ပြာကျပြီး ငြိမ်သွားတဲ့ ကျင့်စဉ်နည်းကို အဟုတ်ကြီးထင်ကာ ကျင့်နေကြတဲ့ ယောဂီတွေ ကိုယ့်အမှား ကိုယ်မြင် အမှန်ရောက်အောင် ပြင်နိုင်ကြစေဖို့ ဗဟုသုတ ဖြန့်ဖြူးလိုက်ပါတယ်။

ဘုရားမဟုတ်သူကို ဘုရားရှင်စစ် ဖြစ်တယ်လို့ အထင်မှားပြီး၊ ရဟန္တာမဟုတ်သူကို ရဟန္တာစစ် ဖြစ်တယ်လို့ အထင်မှားပြီး၊ သောတာပန် မဟုတ်သူကို သောတာပန်စစ် ဖြစ်တယ်လို့ အထင်မှားပြီး လူအများ ကုသိုလ် ဖြစ်ပွားကြပါစေဆိုတဲ့ စိတ်ဆန္ဒကောင်းနဲ့ ကြွေးကြော်မှား တာကြောင့် ဒီဘဝမှာ မဂ်ဖိုလ်မရအောင် အပြစ်ကြီးလွန်းသေးယင် ဒီခေတ်မှာ ရဟန္တာ ဟုတ် မဟုတ် စစ်တမ်းထုတ်နိုင်တဲ့ဉာဏ် မရှိကြ၊ အမှန်ကိုလဲ မသိကြပဲ ''ကိုယ်ကြည်ညိုတဲ့ဘုန်းကြီး ကျော်ကြားအောင် လာဘ် ပေါ်အောင် ရည်ရွယ်တဲ့ မကောင်းစိတ်ထားနဲ့ ရဟန္တာ အရှင် မြတ်ကြီး ကြွလာတော်မူပါပြီ''စသည် မဟုတ်မမှန် မတော်မလျော် အော်ဟစ်ကြွေးကြော်သူတွေရဲ့ အပြစ်ဟာ ဒီဘဝမှာ မဂ်ဖိုလ်မရတဲ့ပြင် သေလွန်ယင် သုဂတိဘဝပြန်ရဖို့ မျှော်လင့်ချက် မရှိနိုင်တော့ပါဘူး။ ဒီအဖြစ်ဆိုးဟာ ဘုရင့် အတွက် ဝက်ကျွန်ခံရတာရဲ့အောက် သညဒိကရိ များစွာ ရောက်သွားအောင် နစ်နာလွန်းတယ်လို့ သတိချပ်ကာ အထူး ရှောင်ကြပါ။

**သီလစင်ကြယ်အောင် ဘယ်လောက်ကြာကြာ ကြိုတင်လုပ်ထား ရမလဲ** ဆိုတဲ့ အချက်နဲ့ ပတ်သက်ပြီး ''သီလစင်ကြယ်အောင် လုပ်ယင်းနဲ့ အပါယ်ရောက်လိုက်ကြအုံးပေါ့''လို့ ပြောနေကြတာကို ကြားကြရ၊ စာအုပ်စာတမ်း ထုတ်ဝေနေတာကို တွေ့နေကြရပါတယ်။ ဒါဟာ အမှန်တရား မသိသူတွေရဲ့ အမှားစကားပဲလို့သာ စွဲမှတ်ကြပါ။

ဒီဘဝမှာ ကုသလို့မရနိုင်တော့တဲ့ အဖေသတ်မှု၊ အမေသတ်မှု အစရှိတဲ့ အပြစ်ကြီးတွေ မရှိသူတိုင်းဟာ ပြောခဲ့ပြီး နည်းမှန်အရ ကုသ ပြီးယင် သီလစင်ကြယ်သူ ဖြစ်နိုင်ပါတယ်။

တရားကျင့်ခွင် ဝင်ခါနီးမှာ သီလစင်ကြယ်အောင် ကုသမှုနဲ့ အသစ်ဆောက်တည်မှု ပြုကြပြီး တရားကျင့်လို့ ဝိပဿနာဉာဏ်ရကြသူတွေ များလှပါပြီ။ နည်းပြဆရာအဖြစ်နဲ့ ကိုယ်တွေ့ ဖြစ်နေပါတယ်။

အသိညဏ် မပြည့်သူတချို့က ''သီလ မစင်ကြယ်ယင်လဲ နိဗ္ဗာန်ကို ကေန် ရပါတယ်။ သန္တတိ အမတ်ကြီးကိုကြည့်၊ အရက်နံ့ မပျောက်သေးပဲ ရဟန္တာဖြစ်တာပဲလို့ ပြောကြတယ်။ သမ္မတ္တဝိရတိ သီလ, သမာဒါန ဝိရတိ သီလတွေကို မသိကြ၊ ကုသနည်းမှန်ကိုလဲ မသိကြတာကြောင့် အလွဲအမှား ပြောကြတာလို့''သာ မှတ်ကြပါ။

## (၂) စိတ်အေးအေး ဖြစ်ဖို့

စားရေး ဝတ်ရေး နေရေး ကျန်းမာရေး သွားလာ လှုယ်ကူ သက်သာဖို့အရေး လင်ရေး မယားရေး သားရေး သမီးရေး စတဲ့ ထိုထိုအရေးတွေအတွက် စိတ်ပူပန်နေယင် လိုရင်းဖြစ်တဲ့ အပြစ်ရှာလုပ်ငန်းမှာ သတိလွတ်ပါတယ်၊ လစ်ဟင်းပါတယ်၊ လုပ်ငန်း မတွင်ပါဘူး။

**စားရေး** နဲ့ ပတ်သက်ယင် သက်လွတ်စားပြီး တရား အားထုတ်မှ ကောင်းတယ်၊ အသားဟင်းစားရမှ အားရှိတယ်၊ ဆန် ကြမ်းတယ်၊ ထမင်း မာတယ်၊ ပျော့တယ်၊ ပေါ့တယ်၊ ငန်တယ် စသည် အလီလီ ဇီဇာမကြောင်ပါနဲ့။ ဝမ်းဝပြီး ကျန်းမာရေး ရလောက်ယင် သင့်တော်ပြီလို့ နှလုံးသွင်းကာ စိတ် အေးချမ်းပါစေ။

စားချင်တယ်၊ လက်လှမ်းတယ်၊ ထိတယ်၊ ကိုင်တယ်၊ ယူတယ်၊ ရွှေ့တယ်၊ ပါးစပ် ဟတယ်၊ ထည့်တယ်၊ ဝါးတယ်၊ ဝါးတယ်၊ ဝါးတယ်၊ ဝါးတယ်၊ မျိုချတယ် စသည် အလီလီ သိမှတ် စားသောက်တဲ့နည်းကို ညောင်လွန့်ကျင့်စဉ်နည်းမှာ အသုံးမပြုပါဘူး။

ဗြဟ္မစရိယာနုဂ္ဂဟာယလို့ မြတ်ဗုဒ္ဓ ဟောညွှန်ချက်နဲ့ ညီအောင် ''တရားကျင့်ဖို့ အားပြည့်အောင် စားတယ်၊ တရားကျင့်ဖို့ အားပြည့်အောင် စားတယ်''လို့ နှလုံးသွင်းကာ စားသောက်ကြပါတယ်။

**ဝတ်ရေး** နဲ့ ပတ်သက်ယင် နူမှ ချောမှ လှမှ ပါးမှ ထူထဲမှ နိုင်ငံခြား ဖြစ်မှ စသည် ဇီဇာမကြောင်ပါနဲ့။ ရာသီဒဏ်ခံနိုင်ပြီး သန့်စင်ကာ အရှက်လုံတဲ့ အဝတ်ဖြစ်ယင် သင့်တော်ပြီလို့ နှလုံးသွင်းကာ စိတ်အေးအောင် လုပ်ကြပါ။ စိတ်အေးချမ်းစွာ တရားကျင့်နိုင်ဖို့ အဝတ်ကို ဝတ်တယ်လို့ ဆင်ခြင်ယင် သတိမလွတ်ဘူး။

**နေရေး** နဲ့ ပတ်သက်ယင် အုတ်တိုက်မှာ နေရမှ ကောင်းတယ်၊ ကျွန်းသား အဆောက်အအုံမှာ နေရမှ ကောင်းတယ်၊ သားမွေး ကော်ဇော ခင်းအိုးမှ၊ ပန်ကာ လိုနေသေးတယ် စသည် ဇီဇာမကြောင်ကြပါနဲ့။ ကင်း၊ မြွေ၊ ပရွက်ဆိတ် စသည်တွေရဲ့ဒဏ်၊ ရာသီဥတုဒဏ်ကို ကာကွယ်နိုင်ပြီး ခြေဆန့် လက်ဆန့် အိပ်စက်နိုင်အောင် ကျယ်ဝန်းယင် သင့်တော်လောက်ပြီလို့ နှလုံးသွင်းကာ စိတ်အေးချမ်းအောင် လုပ်ကြပါ။

စိတ်အေးချမ်းစွာ တရားကျင့်ဖို့ အဆောက်အအုံမှာ နေတယ်လို့ ဆင်ခြင်ယင် သတိမလွတ်ဘူး။

**ကျန်းမာရေး** နဲ့ ပတ်သက်ယင် အကျော်အမော် ပါရဂူ ဆရာဝန်နဲ့ ကုရမှ၊ ရွှေဆေး စားရမှ စသည် အလီလီ ဇီဇာမကြောင်ကြပါနဲ့။ ကျန်းမာယင် ပြီးတမ်းလို့ပဲ သဘောထားပါ။

ကုသလို့ မပျောက်ယင် ဘဝများစွာ တသံသရာလုံး ဒီခန္ဓာရဲ့ အလိုကိုချည်း လိုက်ခဲ့ရတယ်။ ဒီဘဝမှာ တရားကျင့်ယင်း သေရတာဟာ အမြတ်ဆုံးပဲလို့ စိတ်နှလုံး ဒုံးဒုံးချပြီး ရောဂါအတွက် ဂရုမစိုက်နဲ့တော့။

**သွားရေးလာရေး** ကိစ္စမှာ တရားမရသမျှ ဘယ်ကိုမျှ မသွားဘူးလို့ အပြီးအပြတ်ဖြတ်ကာ တရားကိုသာ အားထုတ်ပါ။

**လင်ရေး သားရေး မယားရေး သမီးရေး** စသည်တွေအတွက် ဘဝများစွာ သံသရာမှာ သင်းတို့အတွက် ငါ ပူပန်ခဲ့ရတာ များလှပြီ။ ဒီဘဝမှာလဲ သင်းတို့အတွက် ငါ့တာဝန် ကျေပြီ၊ ငါ့ကိုယ်ကျိုးအတွက် အချိန်နှောက်ကျနေပြီလို့ မှတ်ယူကာ တရားအလုပ်မှာ စိတ်စွဲ ဇွဲသန်ကြပါ။

ပြောခဲ့ပြီးအတိုင်း ထိုထို အရေးပေါင်းစုံအတွက် စိတ်ကွက် မရှိ စိတ်အေးအောင် ပြုတာကို ပါဠိဘာသာမှာ ပလိဗောဓုပစ္ဆေဒ (ကြောင့်ကြစိုက်မှု ဖြတ်တယ်)လို့ ဆိုထားပါတယ်။

ဒါကြောင့် နံပါတ်(၂) စိတ်အေးအောင် ကြိုတင် ပြုလုပ်ထားရမယ်။

## (၃) ခံယူချက် ခိုင်မြဲဖို့

ပါဠိဘာသာမှာ ခန္တိ၊ မြန်မာဘာသာမှာ ခံယူချက် (ခေါ်) သဘောတရားပြည့်ဖြိုး ခိုင်မြဲဖို့ လိုအပ်ပါတယ်။

(က) စနစ်မှန်မှန်၊ (ခ) ဇွဲသန်သန်နဲ့ အားထုတ်နိုင်မှသာ ဆင်းရဲ ငြိမ်းမယ်။ စနစ် မမှန်ယင်၊ ဇွဲသန်သန်နဲ့ အားထုတ်မှု မပြုယင် ဆင်းရဲမငြိမ်းနိုင်ဘူးလို့ ခံယူချက် ပြည့်ဖြိုး ခိုင်မြဲရမယ်။

ခံယူချက် မပြည့်ဖြိုး မခိုင်မြဲယင် ပင်ပန်းမှု အတော်အတန် ကြုံလာချိန်မှာ ထွက်ပြေးချင်စိတ် ပေါ်လာပါရော။

ကျင့်ဖို့မလို သိဖို့သာလိုတယ်ဆိုတဲ့ အလွဲ ခံယူချက် ရှိယင်လဲ ကောင်းကျိုးမရ ဒုက္ခမငြိမ်းနိုင်ပါဘူး။ ခံယူချက်မှန်ဖို့ အထူး လိုအပ်ပါတယ်။

## (၄) ယုံကြည်ချက် ခိုင်မြဲဖို့

ဆင်းရဲငြိမ်းဖို့ တရားအားထုတ်သူတိုင်းဟာ ကြည်ညိုမှု (ပသာဒ သဒ္ဓါ) ပြည့်ဖြိုးတာထက် ယုံကြည်မှု (ဩကပ္ပနသဒ္ဓါ) ပြည့်ဖြိုး ခိုင်မြဲပါမှ ခရီးရောက်နိုင်ပါတယ်။

ဒီကျင့်နည်းဟာ နည်းမှန်ကောင်း ဖြစ်တယ်လို့ ကျင့်နည်းကို ယုံကြည်မှု ရှိရမယ်။ ဒီဆရာဟာ ယုံကြည်လေးစားထိုက်တဲ့ ပညာရှင် ဖြစ်တယ်၊ ကျင့်နည်းမှန်ကို စနစ်မှန်နဲ့ တွဲဖက်ကာ ဇွဲသန်သန်နဲ့ ညွှန်ပြတတ်တဲ့ဆရာ ဖြစ်ပါတယ်လို့ ဆရာကို ယုံကြည်မှုလဲ ရှိရပါမယ်။ ကျင့်နည်းနဲ့ ဆရာ ဒီနှစ်ပြာကို မယုံကြည်ပဲ တရားကျင့်ယင် တရားသဘောမှန်ကိုမြင်တွေ့နေတာတောင်မှ ဟုတ်မှဟုတ်ရဲ့လား စသည် သံသယဝင်ကာ သမာဓိပျက် ပညာမထက်တာကြောင့် အသိတရား အကျင့်တရား မတိုးတက်တော့ဘူး။

**ရှူးတတ်သလား။** ။**"တရားအားထုတ်ယင် ရှူးတတ်တယ်နော်၊ သတိထား"**လို့ ရဟန်းတွေ လူတွေ တော်တော်များများက ပြောလေ့ ရှိကြပါတယ်။

လောကမှာ ကမ္မဋ္ဌာန်းရှူးကို ကြားဘူးရုံမျှ ဖြစ်ကြပြီး မြင်ဘူးသူ အင်မတန် နဲပါတယ်။ ဥစ္စာရှူး၊ မယားတရှူး၊ လင်တရှူး၊ မှော်ရှူး၊ နတ်ရှူး စတဲ့ အရှူးတွေကို ကြားဘူးကြ မြင်ဘူးကြတာ များနေပါတယ်။

တရားအားထုတ်ယင် ရှူးတတ်တယ်၊ သတိထားလို့ ပြောကြသူတွေ အပါအဝင် လူ ရှင် ရဟန်းတွေဟာ ဥစ္စာရှူးတွေကို ကြားဘူးကြ မြင်ဘူးကြတာ များပါလျက်နဲ့ ရွှေ ငွေ စိန် အိမ် ကျောင်း အဝတ် စတဲ့ ဥစ္စာပစ္စည်းတွေကို မစွန့်ပစ်ကြသေးပဲ လက်ဝယ် သိမ်းပိုက် သုံးစွဲနေကြတာ ရှူးမှာ မကြောက်ကြဘူးလား ပရိသတ်တို့။

မယားတရှူးတွေကို ကြားဘူးရုံမက မြင်ဘူးနေကြပါလျက်နဲ့ မယားယူနေကြတာ ရှူးမှာ မကြောက်ကြဘူးလား ဒကာတို့။

လင်တရှူးမတွေကို ကြားဘူးရုံမက မြင်ဘူးကြပါလျက်နဲ့ လင်ယူနေကြတာဟာ ရှူးမှာ မကြောက်ကြဘူးလား ဒကာမတို့။

မှော်ရှူးတွေကို ကြားဘူးရုံမက မြင်ဘူးကြပါလျက်နဲ့ ဗုဒ္ဓဘာသာယောင်ယောင် အူကြောင်ကြောင်ဖြစ်ကြကာ ထိုထို လောကီဝိဇ္ဇာဂိုဏ်းတွေထဲဝင် အခိပ္ပါယ် မဟုတ် မစပ် မပြည့် ကတောက်တိ ကတောက်ချာ ပါဠိပျက်တွေ ရွတ်ကာ မှော်ဝင်ပုတီး စိပ်နေကြတာဟာ ရှူးမှာ မကြောက်ကြဘူးလား။

သမထလမ်းစဉ်မှန်ကျကျ လောဘနည်းပါးအောင် အရဟံဂုဏ်တော် ပွားရမည့် လမ်းစဉ်ကောင်းကို ဖျက်ပယ်၊ လောကီကိစ္စ အောင်မြင်ဖို့သာ ရည်ရွယ်ပြီး လောဘတွေ ထူပြောတဲ့ စိတ်ယုတ်နဲ့ အရဟံသိဒ္ဓိလို့ အဆန်းထွင်လုပ်ကာ မှော်ဝင်ပုတီးစိပ်နေကြတာဟာ ရှူးမှာ မကြောက်ကြဘူးလား ဟရို့။

ဘာကိုမျှ မသိအောင် ကြမ်းကြမ်းရှူးနေသူကို အရှူး ပျောက်အောင် ကုရတာ လွယ်တယ်၊ ယဉ်ယဉ်ကလေး ရှူးနေသူကို အရှူးပျောက်အောင် ကုရတာ ခက်ခဲတယ်လို့ သဘာဝမှန်ကို အရှူးကု ဆရာတွေ သိကြပါတယ်။

ဗုဒ္ဓဘာသာနဲ့ နဲနဲမျှ မဆက်စပ်တဲ့ မှော်ရူးတွေ၊ နတ်ရူးတွေကို အရူးပျောက်အောင် ကုရတာ လွယ်ပါတယ်။

ဗုဒ္ဓဝါဒယောင်ယောင် အကြောင်ကြောင် အလွဲလုပ်ကာ သက်လွတ်စား မီးလွတ်စားပြီး တန်ခိုးကြီးစေတီတွေအနီးမှာ အဓိဋ္ဌာန် ဝင်နေကြတဲ့ အရူးတွေ၊ လောကီကိစ္စ အောင်မြင်ကြဖို့ လောဘဇော ကပ်ပြီး ပုတီးစိပ်နေကြတဲ့ မှော်ရူးတွေဟာ ယဉ်ယဉ်ကလေး ရူးနေသူတွေ ဖြစ်လို့ အရူးပျောက်အောင် ကုရခက်တယ်။

သာသနာပြုပွဲလို့ မဟုတ်မမှန် ကြေငြာကာ ရှင်ပြု ပဉ္စင်းတင်လုပ်ပြီးယင် နတ်ပွဲ က နေကြတဲ့ နတ်ရူးတွေ၊ ဝိဇ္ဇာရူးတွေဟာ အလိမ်အညာ စကား ဆင်ခြေဆင်လက်များတဲ့ ယဉ်ယဉ်ကလေး ရူးနေကြသူတွေ ဖြစ်လို့ ကုရခက်တဲ့ အရူးတွေပဲ။

ကျင့်နည်းမှား၊ စည်းစနစ်မှား၊ အာရုံပြု မှားတာကြောင့်သာ တရားအားထုတ်ယင်း ရူးကြောင်ကြောင် ဖြစ်ကြတာပါ။ ကျင့်နည်းမှန်ယင်၊ စည်းစနစ်မှန်ယင်၊ နည်းပြဆရာ ကျွမ်းကျင်ယင် မရူးကြပါဘူး။

**ပါရမီ မလိုသေး။** ။ပါရမီရှိသူတွေသာ ဝိပဿနာဉာဏ်ကို ရနိုင်ကြတယ်လို့ အလွဲ စွဲနေကာ ကိုယ့်ကိုယ်ကို ကိုယ်မယုံကြည်သူတွေ ရှိနေကြသေးတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်ကျော်မှာ လူ ရှင် ရဟန်းတွေဟာ ဝိပဿနာ အားထုတ်ဖို့ ကြိုတင်လုပ်ငန်းအဖြစ်နဲ့ (၁) တိဟိတ် ဟုတ် မဟုတ် စစ်တမ်းထုတ်ကြတယ်။ (၂)တိဟိတ် ဟုတ်တယ်ဆိုယင် ပါရမီ ရှိ မရှိ၊ ပါရမီ ပြည့် မပြည့် စိစစ်နေကြသေးတယ်။

တချို့လူတွေဟာ တိဟိတ် ဟုတ် မဟုတ် ကိုယ့်ကိုယ်ကို စစ်တမ်းထုတ်နေယင်းနဲ့ ဝိပဿနာ အားမထုတ်ဖြစ်ပဲ သေလွန်သွားကြရတာပဲ။

စာရေးစာဖတ် မတတ်သူဟာ တိဟိတ် မဟုတ်ဘူး၊ ပါရမီမရှိသူ ဖြစ်တယ်လို့ အလွဲတွေကို စွဲယူ ပြောဆိုနေခဲ့ကြတယ်။ စားဝတ်နေရေး ကျပ်တည်းလို့ စာသင်ခွင့် မရတာကြောင့် စာမတတ်တာလို့ အမှန်ကို မသိကြဘူး။ စာသင်ခွင့် ရပါလျက်နဲ့ အပျင်းထူတာကြောင့် စာမတတ်တာပဲလို့ အမှန်ကို မသိကြဘူး။ ဉာဏ်ထုံထိုင်းတာဟာ ပါရမီနဲ့ ဘာမျှ မသက်ဆိုင်ဘူးလို့ အမှန်ကို မသိကြဘူး။

အမေ့ဝမ်းမှာ ပဋိသန္ဓေနေစဉ်ထဲက ရူးသူ၊ အသူ၊ ကန်းသူ၊ နားထိုင်းသူ မဟုတ်ယင် ဝိပဿနာဉာဏ်ကို ကေန် ရနိုင်ပါတယ်။ ဝိပဿနာနည်းပြဆရာနဲ့ ယောဂီတို့ ကိုယ်စီ တာဝန်ကျေပွန်ကြဖို့သာ လိုပါတယ်။ ပါရမီ မလိုသေးပါဘူး။

**နည်းပြဆရာ တာဝန်။** ။(၁) ကျင့်နည်းမှန်ကို ချမှတ်ပေးရမယ်။ (၂) နည်းပြမှုမှာ ကျွမ်းကျင် ဇွဲသန်ရမယ်။ (၃)ပိုင်ပိုင်နိုင်နိုင် တရားပြနိုင်သလောက်သာ ယောဂီတွေကို လက်ခံရမယ်။ တချိန်တရားပြယင် ယောဂီတရာ၊ တရာကျော် စသည် အရေအတွက်များပြီး တကယ် ပိုင်ပိုင်နိုင်နိုင် မဟုတ်၊ နာမည်ဖြစ်ရုံလုပ်မှုကို အထူးကြပ်ကြပ် သတိချပ်ကာ ရှောင်ကြဉ်ရမယ်။တရက်မှာ နှစ်ကြိမ်လောက်သာ တရားစစ်တဲ့ စနစ်ဆိုးကိုလဲ အထူး ရှောင်ကြဉ်ရမယ်။ ဝိပဿနာဉာဏ် မရသေး၊ လမ်းစဉ် မဖြောင့်သေးတဲ့ ယောဂီတွေကို နာရီဝက်မှာ တကြိမ်လောက်မျှ ဆရာနဲ့ တွေ့ခွင့်မပေးယင် တာဝန်မကျေ ဇွဲသန်မှု မရှိတဲ့ အဖျင်းအညံ့ ဆရာပဲ။

**ယောဂီတာဝန်။** ။(၁) ဆရာ့ဩဝါဒကို ကိုယ့်အသက်ထက် ပိုပြီး လေးစားလိုက်နာရမယ်။ (၂) သမာဓိမြဲအောင် ဇွဲသန်သန်နဲ့ အားထုတ်ရမယ်။ နည်းပြဆရာနဲ့ ယောဂီတို့ ပြောခဲ့တဲ့ ကိုယ်စီတာဝန် ကျေကြပါယင် ဝိပဿနာဉာဏ်ကို ကေန်မုချ ရပါတယ်။ ပါရမီ မလိုပါဘူး။ ပါရမီနဲ့ မဆိုင်သေးပါဘူး။

**ပါရမီ ဆိုင်လာချိန်။** ။ဖြစ်+ပျက်ကို တကယ်မြင်လို့ ဥဒယဗ္ဗယ ဝိပဿနာဉာဏ်ကို ရပြီးချိန်မှ အဆင့်ဆင့် ကျင့်ပြီး ထိပ်ဆုံးဖြစ်တဲ့ သင်္ခါရုပေက္ခာ ဝိပဿနာဉာဏ်ကို ရပြီးမှ မဂ်ဉာဏ်ရဖို့ ဆက်လက် အားထုတ်ချိန် ရောက်မှသာ ပါရမီနဲ့ သက်ဆိုင်လာပါတယ်လို့ စွဲစွဲမြဲမြဲ သိမှတ်ကြပါ။

ဆရာ ပျင်းတာ ဖျင်းတာကြောင့် ယောဂီ ပျင်းတာ ဖျင်းတာကြောင့်သာ ဝိပဿနာဉာဏ် မရတာကို ပါရမီ မရှိလို့ပါလို့ မလုံးကြပါနဲ့၊ မဖုံးကြပါနဲ့။

## (၅) မျက်စိ အမြင်သန့်ဖို့

လောကမှာ တဦးတယောက်ရဲ့၊ သို့မဟုတ် အရာဝတ္ထု တခုခုရဲ့ ကောင်း မကောင်းကို သိချင်ယင် (၁) စွဲ မြဲ သေ ချာ ကြည့် မှု၊ (၂) မျက်စိအမြင် ကြည်လင် ထက်သန့်မှုလို့ အခြင်းအရာ နှစ်ခု ပြည့် စုံဖို့ လိုပါတယ်။

ဒီအတူပဲ ရုပ်–နာမ်ရဲ့ အဖြစ်အနာကို ရှာကြည့်တဲ့လုပ်ငန်းမှာ စွဲမြဲသေချာ ကြည့်မှုနဲ့ မျက်စိအမြင် ကြည်လင် ထက်သန့်မှုလို့ အခြင်း အရာ နှစ်ခု ပြည့်စုံမှသာ လုပ်ငန်း တွင်ကျယ် အောင်မြင်နိုင်ပါမယ်။ ဒီအခြင်းအရာနှစ်ခု ပြည့်စုံအောင် လုပ်တာကို သမာဓိလုပ်ငန်းလို့ ကျမ်းဂန်တွေမှာ ဆိုထားပါတယ်။

**သမာဓိကို** လုပ်ငန်းစဉ်မှန်အောင် သိတတ် ပြောတတ် နည်းပြတတ် **သိဖို့လိုတယ်** တဲ့ ဆရာတွေ အားလုံးက **သမာဓိ အရေးကြီးပါတယ်**လို့ ပြောကြတာချည်းပါပဲ။

ယောဂီတွေ အများစုကတော့ သမာဓိ အရေးကြီးတယ်ဆိုတာ ကို အသေးအဖွဲလောက်သာ ထင်မှတ်ကြတယ်။ သမာဓိအကြောင်းကို လိုရင်းကျကျ တကယ် သိကြရအောင် ပြောယင် မမှတ်သားကြဘူး၊ လွယ်လွယ် မေ့ပစ်ကြတယ်။ ဝိပဿနာလုပ်ငန်းကို ဉာဏ်စဉ်=ဉာဏ်စဉ်လို့ တွင်တွင် ပြောဆို တိုင်းထွာနေကြကာ ကိုယ့်သမာဓိရဲ့ စွမ်းရည် အင် အားကို သတိပြု တိုင်းထွာမှု မပြုကြတာကြောင့် လိုရင်း အကျိုး မပြီးပဲ ဖြစ်နေကြတယ်။ ပိုဆိုးတာက ဝိပဿနာဉာဏ်ကို ပိုင်ပိုင်နိုင်နိုင် ခိုင်ခိုင်မြဲမြဲ မရကြသေးပဲ ရပြီလို့ အထင်မှား အိမ်ပြန်ရောက်တော့ ဘာဉာဏ်စဉ်မျှ မရှိတဲ့သူတွေ ဖြစ်နေကြမှုပဲ။

ဒါကြောင့် ယောဂီတွေဟာ မိမိတို့ရဲ့ လုပ်ငန်းအဆင့်အဆင့်ကို မရှိယင် မဖြစ်နိုင်တဲ့ သမာဓိနဲ့ ဦးစွာ ပထမ တိုင်းတာ ကြည့်ရှုမှု အရေးကြီးလှန်းလို့ သမာဓိအကြောင်း သိကောင်းစရာတွေကို ထပ် တလဲလဲ နားစွဲ စိတ်စွဲအောင် ပြောနေရပါတယ်။ အကျယ်ဘဝင် ပြော နေတာ မဟုတ်သေးပါဘူး။

## ဈာန်မဟုတ်တဲ့ သမာဓိ

(၁) ခဏိက သမာဓိ။ ။ကြုံလာတာကို သိမှတ်ပါ ဆိုကြတဲ့အတိုင်း မြင်+ကြား+နံ+စား+ထိ+သိ လို့ အာရုံ ၆ မျိုးထဲက ကြုံလာသမျှကို သိမှတ်နေယင် နေရာနဲ့ အာရုံ ခဏခဏ ပြောင်းရွှေ့ ပြောင်းရွှေ့ကာ သိမှတ်နေတာကြောင့် အဝိက္ခေပ (ခေါ်) စိတ်ငြိမ်ရုံမျှ အဆင့် ခဏိက သမာဓိ ဖြစ်ပါတယ်။ ဧကဂ္ဂတာအဆင့် သမာဓိ မရ သေးပါဘူး။

(၂) ဧကဂ္ဂတာ သမာဓိ။ ။သိမှတ်တဲ့နေရာ မကြာခဏ ပြောင်းရွှေ့မှု မလုပ်ပဲ ရှုကွက် တနေရာတည်းမှာ အာရုံတမျိုးတည်း ကိုသာ စွဲစွဲမြဲမြဲ သိမှတ်နေယင် နေရာနဲ့အာရုံ ပြောင်းရွှေ့ လှုပ်ရှားမှု မရှိတာကြောင့် ဧကဂ္ဂတာ (ခေါ်) စိတ်တည်ကြည်တဲ့အဆင့် သမာဓိ ဖြစ်ပါတယ်။

## ဈာန်သမာဓိ

အကုသိုလ်ကြမ်းတွေကို ပယ်ထုတ်ပစ်ကာ (က) စိတ်တည်မြဲမှု၊ (ခ) စိတ်ခိုင်မြဲမှုကို ဈာန်ဖြစ်နေတဲ့ သမာဓိ၊ အတိုကောက် ပြောယင် ဈာန်သမာဓိလို့ ဆိုကြပါတယ်။

ဈာန်သမာဓိရဲ့ စွမ်းရည်ဟာ အနု အရင့် ကွဲပြားနေတာကြောင့် ဧကဂ္ဂတာ သမာဓိဟာ ဥပစာရဈာန်(ခေါ်) စွမ်းရည်နုဈာန်၊ အပ္ပနာ (ခေါ်) စွမ်းရည်ရင့်ဈာန်လို့ နှစ်မျိုး ဖြစ်ပါတယ်။

**ဥပစာရ သမာဓိ ဥပစာရဈာန်** မျက်စိဖွင့်ကြည့်ချိန်မှာ ထင်ထင်ရှားရှား မြင်နေရ သလို မျက်စိ မှိတ်ထားကာ တရား မှတ်နေချိန်မှာ သမထနိမိတ်ဖြစ်တဲ့ ပညတ်ကို၊ သို့မဟုတ် ရုပ်ကို၊ သို့ မဟုတ် ရုပ်ပျက်စီးနေတာကို (က) မမှိန်ထင်ရှား (ခ) မလှုပ်တည်ငြိမ် ဆိုတဲ့ အင်္ဂါနှစ်ရပ်နဲ့ ညီနေအောင် တွေ့မြင်နေယင် ဥပစာသမာဓိ ဖြစ်ပြီ။ ဥပစာရဈာန်ကို ရပြီလို့ သိမှတ်ပါ။

ဒါပေမယ့် ဈာန်သမာဓိရဲ့စွမ်းရည် နုသေးတာကြောင့် မိနစ် များစွာ ကြာအောင် မပျောက်ကွယ်ပဲ မြဲမြဲစွဲစွဲ မြင်နေမှုတော့ မဖြစ် သေးပါဘူး။ သုံးမိနစ်၊ ငါးမိနစ်၊ ဆယ်မိနစ်၊ မိနစ်သုံးဆယ်သာသာ မြင်နေရပြီး ပျောက်ကွယ်သွားပါတယ်။

ပျောက်သွားပြီးယင် ပြန်ပေါ်လာအောင် အာရုံပြု နှလုံးသွင်းပေမယ့် တခဏအတွင်းမှာ ပြန်မပေါ်လာဘူး။ ဝင်လေ ထွက်လေကို ရှုမှတ်မှု အစရှိတဲ့ မူလ သမထလုပ်ငန်းကို ပြန်လုပ်ပေမယ့် တစ်မိနစ်၊ နှစ်မိနစ်အတွင်းမှာ ပြန်မပေါ်လာဘူး။

## ဝိပဿနာကူးရန် စနစ်မှန်

ဥပစာရသမာဓိချောန်ကို ရနေခိုက်မှာ ဝိပဿနာဘက် ကူးတက်လို့ ရနိုင်ပါတယ် ဆိုတဲ့စကားဟာ ထိုထို ပိဋကကျမ်းဂန်များမှာ ထင်ရှား ရှိပါတယ်။

ပိဋကကျမ်းဂန်ကြီးများရဲ့ အဆိုအတိုင်း တကယ် ပေါက်ရောက် အောင်မြင်ဖို့ စနစ်မှန် စနစ်ကောင်းကို တွေ့ရန် သိရန် အင်မတန် လိုအပ် နေတယ်လို့ ဝိပဿနာ နည်းပြဆရာကြီးတွေ သဘောရှင်းပြီးသား ဖြစ် နေကြပါတယ်။

စူဠပန် သာမဏေ၊ ရွှေပန်းထိမ်သည်သား ရဟန်းငယ်၊ ဇနပဒ ကလျာဏီ၊ အလှမယ်ဘွဲ့ရ ရူပနန္ဒာမင်းသမီး၊ ခေမာမိဖုရား အစရှိသူ တွေကို မြတ်ဗုဒ္ဓကိုယ်တော်တိုင် ညွှန်ပြတော်မူခဲ့တဲ့ သမထမှ ဝိပဿနာ ဘက် ကူးဆက်နည်းမှန်ကောင်းကို စံပြနည်းအဖြစ် မှီးပြီး ဥပစာရ ချောန်သမာဓိမှ ဝိပဿနာဘက် ကူးတက်နည်းမှန်ကောင်းဟာ ညောင် လွန့်တောရ ဝိပဿနာကျင့်စဉ်နည်းမှာ ပြည့်ပြည့်စုံစုံ ရှိနေပါပြီ။ ဒီ စနစ်မှန်ကောင်းအရ ဝိပဿနာဘက် ကူးတက်တာ ရာနှုန်းကိုးဆယ်ကျော် အောင်မြင်နေပါတယ်။ ဝိပဿနာ အပ္ပနာဉာဏ် ဆိုက်ရောက်အောင် အဆင့်မြင့်မြင့် ခရီးရောက်ပါတယ်။ ထိုထို ဝိပဿနာ ဌာနများစွာမှာ ကျင့်ခဲ့ဘူးသူတွေဟာ ညောင်လွန့်တောရ ဝိပဿနာကျင့်စဉ်နည်းအရ ဝိပဿနာကူး ပုံစံ နည်းမှန်ကောင်းရဲ့ တန်ဖိုးကို ပြည့်ပြည့်ဝဝ သိနေကြ ပါပြီ။ ဒါကြောင့်—

**မှန်သည်၊ မြန်သည်၊ မြဲသည်။ သုံးချက်ညီ ကောင်းကျိုးပေးတဲ့ ညောင်လွန့်ဝိပဿနာ ကျင့်စဉ်နည်းလို့** အမှန်အတိုင်း ကြွေးကြော်ထားပါ တယ်။

**အပ္ပနာသမာဓိ** ဥပစာရစျာန်သမာဓိမှာ ပြောခဲ့တဲ့အတိုင်း သမထ **အပ္ပနာစျာန်** နိမိတ်ကို (က) မမှိန်ထင်ရှား (ခ) မလှုပ်တည်ငြိမ် (ဂ) မပျောက်ခိုင်မြဲဆိုတဲ့ အင်္ဂါသုံးချက်နဲ့ ညီအောင် တွေ့မြင်နေယင် သမထအပ္ပနာသမာဓိ ဖြစ်ပြီ၊ အပ္ပနာစျာန်ကို ရပြီလို့ သိမှတ်ပါ။

ကေဂုတာသမာဓိရဲ့ စွမ်းရည် ရင့်သန် အားကောင်းတာကြောင့် တနေ့လုံး ကြည့်နေယင်လဲ ညောင်း၊ ကိုက်၊ နာကျင်၊ ပင်ပန်းမှု၊ အိပ်ငိုက်မှု မရှိပဲ ထင်ရှားခိုင်မြဲ မြင်နေရပါတယ်။ အာရုံဖြတ်ကာ အနားယူပြီး နောက်ထပ် ပြန်ကြည့်ယင်လဲ တခဏအတွင်းမှာ ထင်ထင် ရှားရှား မြင်ရပါတယ်။

အာရုံကို (က) အချိန်ကြာကြာ ထင်ရှား မြင်တွေ့နေရအောင် ခိုင်မြဲနေမှု။ (ခ) နောက်ထပ် ပြန်ကြည့်ယင် တခဏအတွင်းမှာ ထင် ရှား မြင်ရအောင် ခိုင်မြဲနေမှုစွမ်းရည်နှစ်ခု ပြည့်စုံတာကြောင့် ပါဠိလို အပ္ပနာသမာဓိ၊ ဗမာလို ခိုင်မြဲတဲ့ သမာဓိလို့ ပြောရပါတယ်။

### သမထ+ဝိပဿနာ လုပ်ငန်းနှစ်ဖြာ

ပြောခဲ့ပြီး သမာဓိနာမည်တွေကို သိမှတ်လွယ်အောင် ခြုံငုံပြီး ပြန်ပြောပါမယ်။

သမာဓိဖြစ်ဖို့နဲ့ ခိုင်မြဲဖို့လုပ်ငန်းဟာ သမထနဲ့ ဝိပဿနာလို့ နှစ်မျိုး ကွဲနေတာကြောင့် **လုပ်ငန်းအရ ခွဲယင်** သမထသမာဓိ၊ ဝိပဿနာသမာ ဓိလို့ နှစ်မျိုးဖြစ်ပါတယ်။ သမာဓိရဲ့စွမ်းရည် သုံးမျိုးကွဲနေတာကြောင့် **စွမ်းရည်အရ ခွဲယင်** ခဏိက၊ ဥပစာရ၊ အပ္ပနာလို့ သုံးမျိုးဖြစ်ပါတယ်။

**လုပ်ငန်းနဲ့စွမ်းရည် တွဲစပ်ခွဲယင်** သမထခဏိက သမာဓိ၊ ဝိပဿနာ ခဏိက သမာဓိလို့ ခဏိက သမာဓိ နှစ်မျိုး။ သမထ ဥပစာရ သမာဓိ၊ ဝိပဿနာ ဥပစာရ သမာဓိလို့ ဥပစာရ သမာဓိ နှစ်မျိုး။ သမထ အပ္ပနာ သမာဓိ၊ ဝိပဿနာ အပ္ပနာ သမာဓိလို့ အပ္ပနာ သမာဓိ နှစ်မျိုး **အားလုံး ပေါင်း သမာဓိ ၆—မျိုး** ဖြစ်ပါတယ်။

## ဈာန်

စိတ်ငြိမ်ရုံမျှသာဖြစ်ပြီး စိတ်တည်ကြည်မှု စွမ်းရည် မပြည့်တာကြောင့် ခဏိက သမာဓိကို ဈာန်လို့ နာမည် မတပ်ကြပါဘူး။

လုပ်ငန်းအရ ခွဲယင် သမထ ဈာန်၊ ဝိပဿနာ ဈာန်လို့ လောကီဈာန် နှစ်မျိုးရှိတယ်။

စွမ်းရည်အရ ခွဲယင် ဥပစာရ ဈာန်၊ အပ္ပနာ ဈာန်လို့ နှစ်မျိုးရှိတယ်။

လုပ်ငန်းနဲ့ စွမ်းရည် တွဲစပ်ခွဲယင် သမထ ဥပစာရ ဈာန်၊ ဝိပဿနာဈာန်၊ သမထ အပ္ပနာဈာန်၊ အပ္ပနာဈာန်လို့ လောကီဈာန် လေးမျိုး ရှိတယ်။

ဘုံအရ ခွဲယင် ကာမဈာန်၊ ရူပဈာန်၊ အရူပဈာန်လို့ သုံးမျိုးရှိတယ်။

ရလှာတဲ့ အဆင့်အလိုက် ခွဲယင် ပထမဈာန်၊ ဒုတိယ ဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဥ္စမဈာန်လို့ ငါးမျိုးရှိတယ်။

ရလှာတဲ့ အဆင့်အလိုက်ဆိုတာ အောက် အောက်ဈာန်ကိုရပြီးမှ အထက် အထက်ဆင့် ဈာန်ကို ရနိုင်ခွင့်ရှိတယ်။ အဆင့် ခုန်ကျော်ကျော်ပြီး မရနိုင်ဘူးလို့ ဆိုလိုတယ်။ လှေကားထစ်များလို အောက်—ထက် တည်ရှိနေတဲ့ အဆင့်ဆင့် မဟုတ်ပါဘူး။

ပြောခဲ့ပြီး သမထ၊ ဝိပဿနာ သမာဓိတွေ ဈာန်တွေဟာ လောကီ သမာဓိတွေ ဈာန်တွေသာ ဖြစ်ကြပါတယ်။

## လောကုတ္တရာ သမာဓိ

လောကုတ္တရာ သမာဓိဟာ အပ္ပနာလို့ နာမည် တမျိုးတည်းသာ ရှိပါတယ်။ မဂ်စိတ် ဖိုလ်စိတ် ဖြစ်နေချိန်မှာ လောကုတ္တရာ သမာဓိ စစ်စစ် တွဲဖက် ဖြစ်နေပါတယ်။

ဒါကြောင့် တမဂ် တဖိုလ်ကို ရပြီးသူတိုင်းဟာ အချိန်မရွေး၊ နေရာမရွေး၊ ဣရိယာပုတ် မရွေးပဲ နိဗ္ဗာန်ကို သိနိုင်စွမ်း ရှိပါတယ်။

လောကုတ္တရာ သမာဓိကို ရပြီးယင် (၁) နိဗ္ဗာန်ကို အာရုံပြုတဲ့ အခါ လွယ်လွယ်မြန်မြန် သိမြင်နိုင်စွမ်း ရှိပါတယ်။ (၂) သိမြင်နေချင် သလောက် နာရီများစွာ ကြာအောင် မပျောက်ကွယ်ပဲ မြဲမြဲစွဲစွဲ သိမြင်နေပါတယ်။

ဒီစွမ်းရည် နှစ်မျိုး ပြည့်ဖြိုးနေတာကြောင့် ပါဠိလို အပ္ပနာ သမာဓိ၊ မြန်မာလို မြဲမြဲစွဲစွဲ သမာဓိလို့ ပြောရပါတယ်။

## စစ်တမ်း ထုတ်ကြည့်

လောကုတ္တရာ သမာဓိဟာ မြဲမြဲစွဲစွဲဖြစ်တာကြောင့် မဂ်ရပြီ၊ ဖိုလ်ရပြီ၊ နိဗ္ဗာန်ရပြီလို့ ထင်နေသူတိုင်းဟာ ဓမ္မ အဓိဋ္ဌာန် ပြုပြီး အသင်္ခတဓာတ် ပရမတ် စစ်စစ် နိဗ္ဗာန်ကို ပြန် အာရုံပြုကာ စစ်တမ်း ထုတ်ကြည့်ကြပါ။

ဓမ္မ အဓိဋ္ဌာန်ပြုပုံ စာတမ်းနဲ့ ဓမ္မ အဓိဋ္ဌာန်ပြုနည်းကို ရမည်းသင်း ခရိုင်၊ တပ်ကုန်းမြို့နယ်၊ ပျော်ရွာအနီး၊ မဟာ ဓမ္မ ဒီပိတာ ကျောင်း တိုက်ကြီးမှ ညောင်လွန့်တောရကျောင်း တပည့် မထေရ်ကြီးများ ရေးသား ပုံနှိပ်ထုတ်ဝေထားတဲ့ **ညောင်လွန့်တောရ တရားအားထုတ်စဉ်** စာအုပ်မှာ တွေ့နိုင်ကြပါတယ်။

ယောဂီကိုယ်တိုင် စနစ်တကျ စစ်တမ်းထုတ်ကြည့်ယင် တကယ် အမှန်ကို သိနိုင်ပါတယ်။ အပရပ္ပစ္စယော သူများပြောတိုင်း ယုံသူ မဟုတ်၊ ကိုယ်တွေ့ကြုံလို့သာ ယုံကြည်သူဖြစ်ပြီဆိုတဲ့ သောတာပန်ရဲ့ သဘာဝမှန် ဂုဏ်ထူးကို ဓမ္မစကြာ အစရှိတဲ့ သုတ်ဘော်ပေါင်းများစွာ မှာ မြတ်ဗုဒ္ဓ ဟောညွှန်တော်မူထားပါတယ်။

## အပ္ပနာသုံးမြာ ခွဲခြားပါ

မြဲမြဲစွဲစွဲဖြစ်တဲ့ အပ္ပနာ သမာဓိဟာ (၁) သမထ (၂)ဝိပဿနာ လို့ လုပ်ငန်းသက်သက်ဖြစ်တဲ့ လောကီ သမာဓိ နှစ်မျိုးရယ် (၃) လုပ် ငန်းမဟုတ် အကျိုးသက်သက်ဖြစ်တဲ့ လောကုတ္တရာ သမာဓိ ရယ်လို့ သုံးမျိုးရှိနေတာကြောင့် ဒီအပ္ပနာ သမာဓိ သုံးမျိုးကို အာရုံနဲ့လဲ ခွဲခြား၊ သိမှတ်ပုံနဲ့လဲ ခွဲခြားရပါမယ်။

(၁) သမထ အပွနာ သမာဓိရဲ့ အာရုံဟာ ပညတ်၊ ရုပ်ပရမတ်၊ စိတ်—စေတသိက် (ခေါ်) လောကီနာမ်လို့ သုံးမျိုး ဖြစ်ပါတယ်။

(၂) ဝိပဿနာ သမာဓိရဲ့ အာရုံဟာ ရုပ်ပရမတ်နဲ့ လောကီနာမ် လို့ နှစ်မျိုး ဖြစ်ပါတယ်။

**သမထ သိမှတ်ပုံက** ရုပ်ကိုမြင်ယင် ရုပ်လို့ပဲ သိမှတ်တယ်။ နာမ်ကိုသိယင် နာမ်လို့ပဲ သိမှတ်တယ်။ ဖြစ် ပျက်ကိုမြင်ယင် ဖြစ်တယ်၊ ပျက်တယ်လို့ပဲ သိမှတ်တယ်။

**ဝိပဿနာ သိမှတ်ပုံက** ရုပ်တွေ နာမ်တွေကို အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘလို့ လောကီ သစ္စာ လေးချက်ထဲက တချက်ချက် ဆိုက်အောင် သိမှတ်တယ်။

လောကီ သစ္စာလေးချက်ထဲက တချက်ချက်ဆိုက်အောင် သိမှတ်ယင်လဲ နိဗ္ဗာန်ကို ကောန် ရနိုင်ပါတယ်။ လေးပါးစုံ သိမှတ်မှသာ နိဗ္ဗာန် ရမယ်လို့ အယူမလွဲကြပါနဲ့။ အနတ္တလို့မြင်အောင် ရှုနိုင်မှသာ နိဗ္ဗာန် ရမယ်လို့လဲ အလွဲမမှတ်ကြပါနဲ့။ အင်္ဂုတ္တရပါဠိတော် အနိစ္စသုတ်၊ ဒုက္ခသုတ်၊ အနတ္တသုတ်တွေကို ကြည့်ယင် သိနိုင်ပါတယ်။

ပြောကွက်ဆိုက်နေတုန်းမို့ ရုပ် နာမ် ခွဲတဲ့ အကြောင်းကို ပြောပါအုံးမယ်။

## ရုပ် နာမ်ခွဲတာ ပရိယတ်ပါ၊ ရုပ် နာမ်ကွဲတာ သဘာဝပါ ပဋိပတ်မှာ ခွဲစရာမလိုဘူး

မသိတာ ရုပ်၊ သိတာ နာမ် အစရှိတဲ့ ခွဲနည်း တမျိုးမျိုးနဲ့ ဆရာ ပြောပြတဲ့အတိုင်း ယောဂီတွေဟာ တရားကျင့်ခွင် မဝင်သေးခင် အချိန်မှာ ရုပ်ရဲ့ သဘာဝ၊ နာမ်ရဲ့ သဘာဝတွေကို ကွဲပြားအောင် ကြိုတင် သိမှတ်ထားပြီးမှ တရားကျင့်နေချိန်မှာ ကြုံလာတဲ့ သဘာဝကို ကြည့်ပြီး ဒါ ရုပ်ပဲ၊ ဒါ နာမ်ပဲလို့ သိမှတ်ကြရပါတယ်။ ဒါဟာ မှန်တဲ့ လုပ်နည်း လုပ်ထုံးပဲ ဖြစ်ပါတယ်။

ဒီလုပ်နည်းစဉ်မှာ မသိတာ ရုပ်၊ သိတာ နာမ်လို့ သိမှတ်ကြဖို့ ဆရာပြောပြတာဟာ သင်ပြမှု ပရိယတ် လုပ်ငန်း ဖြစ်ပါတယ်။

မသိတာ ရုပ်၊ သိတာ နာမ် လို့ ယောဂီတွေက မှတ်သားတာ ဟာ သင်ယူမှု ပရိယတ် လုပ်ငန်း ဖြစ်ပါတယ်။ ဒါကြောင့် "ရုပ် နာမ် ခွဲတာ ပရိယတ်ပါ"လို့ ပြောခဲ့ပါတယ်။

တရားကျင့်နေချိန်မှာ တွေ့ကြုံလာတဲ့ သဘာဝကိုကြည့်ပြီး ရုပ်ပဲ၊ သို့မဟုတ် နာမ်ပဲလို့ ယောဂီတွေ ခွဲခြားသိတာက ပဋိပတ် (ခေါ်) သိညာဏ် ဖြစ်ပါတယ်။

ဒါပေမယ့် ပဋိပတ် လုပ်ငန်းမှာ အသိညာဏ်မရင့်သေးခင် ရုပ် နာမ်ကို စုံတွဲပြီး တပြိုင်ထဲ တွေ့ကြုံတာ မဟုတ်ပါဘူး။ ရုပ် ကို တွေ့ချိန် မှာ နာမ်ကို မသိသေးဘူး။ နာမ်ကို သိနေချိန်မှာ ရုပ် ကို မတွေ့မသိ ဘူး။ တမျိုးစီသာ တွေ့ရ သိရပါတယ်။ တွေ့ချိန် ကွဲပြားနေပြီးသား ဖြစ်ပါတယ်။ ဒါကြောင့် "ရုပ် နာမ်ကွဲတာ သဘာဝပါ"လို့ ပြောခဲ့ ပါတယ်။

ပဋိပတ် လုပ်ငန်းမှာ ကြုံလာချက်အရ ရုပ်နဲ့ နာမ်ဟာ တသန့်စီ ကွဲပြားနေပြီး ဖြစ်လို့ ရုပ် နာမ် ခွဲစရာမလိုတော့ပါဘူး။ အသိညာဏ် ရင့်လာချိန် ရောက်တော့လဲ ကွဲပြားအောင် သိနေပြီးဖြစ်လို့ ရုပ် နာမ် ခွဲစရာ မလိုတော့ပါဘူး။ ဒါကြောင့် "ပဋိပတ်မှာ ခွဲစရာမလိုဘူး" လို့ ပြောခဲ့ပါတယ်။

ပဋိပတ် လုပ်ငန်းခွင်မှာ ရုပ်ကိုမြင်နေယင်လဲ ရုပ် နာမ်ခွဲ၊ နာမ် ကို သိနေယင်လဲ ရုပ် နာမ် ခွဲနေကြတာဟာ မှန်သလား မှားသလား လို့ ပရိသတ်တွေ သိလောက်ပါပြီ။

ပဋိပတ် လုပ်ငန်းခွင် ဝင်ခါစအချိန်မှာ ရုပ် သက်သက်ကို ရှုမှတ် ချင်ယင်လဲ ရှုမှတ်ကြရမယ်။ နာမ် သက်သက်ကို ရှုမှတ်ချင်ယင်လဲ ရှုမှတ်ကြရမယ်။ တမျိုးတည်းကို ပိုင်ပိုင်နိုင်နိုင်ဖြစ်အောင် ရှုမှတ်မှု မပြု ကြပဲ ရုပ်ကို ခဏတဖြုတ် ရှုမှတ်လိုက်၊ နာမ်ကို ခဏတဖြုတ် ရှုမှတ်လိုက် လုပ်နေကြယင် ရုပ်ကိုလဲ ပိုင်ပိုင်နိုင်နိုင်ဖြစ်အောင် မြန်မြန်မသိ၊ နာမ် ကိုလဲ ပိုင်ပိုင်နိုင်နိုင် ဖြစ်အောင် မြန်မြန်မသိ၊ သမာဓိမမြဲပဲ အာရုံလွင့်ပါး ဥဒ္ဒစ္စ ဖြစ်ပွားနေပါတယ်။

လုပ်ချင်တာက ဝိပဿနာ ကုသိုလ်အလုပ်၊ လုပ်ရမှာက အာရုံတခုတည်းမှာ စိတ်တည်မြဲ ခိုင်စွဲနေအောင် လုပ်ရမယ့် သမာဓိအလုပ်၊ လုပ်နေတာက ရုပ်ကိုတချက်ရှု၊ နာမ်ကိုတချက်ရှုလို့ နှစ်မျိုး၊ တကယ်ဖြစ်နေတာက ဥဒ္ဒစ္စ အ ကုသိုလ်။ ရှေ့ဆက်ပြောစရာ လိုပါသေးသလား ပရိသတ်တို့။

## ရုပ် နာမ် မခွဲပဲ တရားကျင့်နည်းမှန်

တရားကျင့်ခွင် မဝင်သေးခင်မှာ ရုပ် နာမ် သဘာဝတွေကို ပရိယတ်ဉာဏ်နဲ့ ဘာမျှမသိထားပဲ တရားကျင့်ခွင် ဝင်ချိန်မှာ နည်းပြဆရာ ညွှန်ပြတဲ့အတိုင်း သမာဓိ ခိုင်မြဲအောင် အားထုတ်တာကြောင့် မြင်လှာတဲ့အာရုံကို ယောဂီက နာမည် မဖော်တတ်ပေမယ့် "ယောဂီအခုမြင်နေတာကို ရုပ်လို့ သိမှတ်ပါ။ ဒီရုပ်ဟာ ပြောင်းလဲတဲ့ သဘောရှိတာကြောင့် အနိစ္စတရားဖြစ်တယ်။ ရုပ် အနိစ္စလို့ ဝိပဿနာ ရှုပေတော့"လို့ နည်းပြဆရာက ပြောပြတဲ့အတိုင်း ဝိပဿနာဉာဏ် ရောက်အောင် ရှုမှတ်နိုင်ယင် ဥဒယဗ္ဗယ ဝိပဿနာဉာဏ်ကို ကေန် ရပါတယ်။

သြောင်လွန်နဲ့ ဝိဿနာ ကျင့်စဉ် နည်းပြ ဌာနတွေမှာ ဒီနည်း၊ ဒီစနစ်အတိုင်း ညွှန်ပြနေကြပါတယ်။ ယောဂီရဲ့ သမာဓိ စွမ်းအားကောင်းယင် ရာနှုန်းပြည့် အောင်မြင်နေပါတယ်။

## ပရိယတ် ပဋိပတ် အကြားမပြတ်

"ယောဂီ အခုမြင်နေတာကို ရုပ် လို့ သိမှတ်ပါ။ ဒီရုပ် ဟာ ပြောင်းလဲတဲ့ သဘော ရှိတာကြောင့် အနိစ္စ တရား ဖြစ်တယ်။ ရုပ် အနိစ္စလို့ ဝိပဿနာ ရှုပေတော့"လို့ နည်းပြဆရာ ပြောပြ တာဟာ သင်ပြမှု ပရိယတ် ဖြစ်ပါတယ်။

"အခု မြင်တာဟာ ရုပ်ပဲ။ ပြောင်းလဲတဲ့ သဘောရှိတဲ့ အနိစ္စတရားပဲ"လို့ ယောဂီက သိမှတ်တာဟာ သင်ယူမှု ပရိယတ် ဖြစ်ပါတယ်။

မြင်နေတဲ့ ရုပ်ကိုကြည့်ကာ "ရုပ်အနိစ္စ၊ ရုပ်အနိစ္စ"လို့ ယောဂီရဲ့ စိတ်က ရှုနေတာဟာ ပဋိပတ်ဉာဏ် ဖြစ်ပါတယ်။

ဒါကြောင့် သြောင်လွန်နဲ့ ဝိပဿနာ ကျင့်စဉ်နည်းမှာ ပရိယတ်နဲ့ ပဋိပတ် မိနစ်မခြား အကြားမပြတ်စေပဲ ယောဂီတွေ ဝိပဿနာ ရှုတတ်အောင် သင်ပြတဲ့ စနစ်ကို အသုံးပြုပါတယ်။

ယောဂီတွေ တရားအလုပ်ကို ခေတ္တဖြုတ်ထားချိန် ရပ်နားချိန်မှာ တရားစစ်တဲ့ စနစ်သစ်ကို အသုံး မပြုပါဘူး။ ဒီအချိန်တွေမှာ ယောဂီတွေကို သက်တောင့်သက်သာ နေခွင့် ပေးထားပါတယ်။

ဒါကြောင့် ညောင်လွန့် ဝိပဿနာ တရားပြဌာနတွေမှာ တရားစစ်ချိန် တရားဟောချိန်တွေကို သီးခြား သတ်မှတ် မထားပါဘူး။

ဆယ်ရက်စခန်းဖွင့်ချိန်မှာ တရက်တွင် လေးကြိမ်ခွဲပြီး တရားကျင့်ခွင် ဝင်နေချိန် ၁၄-နာရီ သတ်မှတ်ထားပါတယ်။ ယောဂီတွေ တရားကျင့်ခွင် ဝင်နေချိန် တရက် ၁၄-နာရီဟာ နည်းပြဆရာတွေ တရားပြချိန် ၁၄-နာရီပါပဲ။

## တရားပြ စနစ်မှန် ကောင်း ဟောင်း

တရားကျင့်နေ ရှုမှတ်နေတုန်းမှာ တရားစစ်ယင် သမာဓိပျက်ထာပေါ့၊ ဝိပဿနာဉာဏ်ကို မြန်မြန်ရပါ့မလားလို့ တွေးမနေကြပါနဲ့။ ညောင်လွန့် တရားပြ စနစ်ဟာ အဆန်း အသစ် ထွင်ထားတဲ့ စနစ်မဟုတ်ပါဘူး။ မြတ်ဗုဒ္ဓ ကိုယ်တော်တိုင်ရဲ့ တရားပြ စနစ်ကောင်း+မှန်များစွာထဲမှာ ပါဝင်တဲ့ စနစ်ကောင်း စနစ်မှန် စစ်စစ်ဖြစ်တာကြောင့် ဝိပဿနာဉာဏ်ကို တကယ် မြန်မြန်ရနေကြပါတယ်။

**လောကုတ္တရာ သမာဓိရဲ့ အာ**ရုံဟာ အသင်္ခတဓာတ်စစ်စစ် နိဗ္ဗာန်ဖြစ်ပါတယ်။

နိဗ္ဗာန်လို့ တိုတိုမပြောပဲ အသင်္ခတဓာတ်စစ်စစ် နိဗ္ဗာန်လို့ ပြောရတဲ့ အကြောင်းက ငြိမ်းချမ်းမှုဖြစ်တဲ့ နိဗ္ဗာန်ဟာ အသင်္ခတဓာတ်စစ်စစ်ဖြစ်တဲ့ နိဗ္ဗာန်၊ အသင်္ခတဓာတ်စစ်စစ် မဟုတ်တဲ့ နိဗ္ဗာန်လို့ နှစ်မျိုးရှိတာကြောင့်ပါပဲ။

## နိဗ္ဗာန် စစ်တမ်း

(၁) ခန္ဓာဆင်းရဲ ငြိမ်းချမ်းမှု (ဒုက္ခက္ခယ) နိဗ္ဗာန်ဟာ အသင်္ခတဓာတ် ပရမတ်စစ်စစ် နိဗ္ဗာန် ဖြစ်ပါတယ်။ မဂ်စိတ် ဖိုလ်စိတ်တို့ရဲ့ အာရုံဖြစ်ပါတယ်။

(၂) ကိလေသာပူ ငြိမ်းချမ်းမှု (ကိလေသက္ခယ)ဟာ အသခ်တခေတ် စစ်စစ် နိဗ္ဗာန် မဟုတ်ပါဘူး။ ပစ္စဝေက္ခဏာ (ခေါ်) ပြန်လှန်ဆင်ခြင်တဲ့ ကာမာဝစရ လောကီဉာဏ်ရဲ့ အာရုံသာ ဖြစ်ပါတယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေရဲ့ အာရုံ မဟုတ်ပါဘူး။

(၃) ဝဋ်ဆင်းရဲ ငြိမ်းပြတ်မှု (အနုပါဒိသေသ နိဗ္ဗာနခေတ်) ဟာ အသခ်တခေတ်စစ်စစ် နိဗ္ဗာန် မဟုတ်ပါဘူး။ မဟာ ကြိယာစိတ်တွေရဲ့ အနာဂတ် အာရုံ ဖြစ်ပါတယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေရဲ့ အာရုံ မဟုတ်ပါဘူး။

[ဥဒါန ပါဠိတော်၊ ၃—နန္ဒဝဂ္ဂ၊ ၅—မဟာ မောဂ္ဂလ္လာနသုတ်၊ ဇညာ နိဗ္ဗာန မတ္တနေ့ာအဖွင့် အဋ္ဌကထာ-၁၇၂(ဆဋ္ဌမူ)ကိုကြည့်ကြပါ]

နိဗ္ဗာန်အကြောင်း သိကောင်းစရာတွေကို ပြောနေချိန် မဟုတ်လို့ ဒီလောက်ပဲ စစ်တမ်း ထုတ်ပြလိုက်ပါတယ်။

သမာဓိ အကြောင်း သိကောင်းစရာတွေကို ပြောပြနေတာ မပြည့်စုံသေးပေမယ့် ၉—နာရီနဲ့ မိနစ် နှစ်ဆယ်ရှိပြီမို့ သတ်မှတ်ချိန်ကို လွန်သွားပြန်ပြီ။ ဒီနေ့အတွက် ရပ်နားကြပါစို့။

ချမ်းသာစွာ ကျင့်ကြကာ အမှန်သိဉာဏ်ကို မှန်မှန် မြန်မြန် ရကြပြီး ပရမတ်စစ်စစ် နိဗ္ဗာန်ကို ရကြပါစေ။

## ၁၃၄၁ ခုနှစ်၊ ဝါခေါင်လပြည့်၊ နံနက် ၈း၁၀ နာရီ

ဝိပဿနာ လုပ်ငန်းတိုင်းမှာ သမာဓိ(ခေါ်) သမထနဲ့ ဝိပဿနာကို တိတိပပ ကွဲကွဲပြားပြား သိထားကြဖို့ ပရိယတ္တိဉာဏ် ရှိရန် အရေးကြီးလှန်းလို့ နားစွဲ စိတ်စွဲသွားအောင် ထပ်တလဲလဲ ပြောနေပါတယ်။

မူလ ပဏ္ဏာသ ပါဠိတော်၊ ၅–ယမကဝဂ်မှာ ၃–မဟာဝေဒလ္လသုတ်တော် ရှိပါတယ်။ ပဋိသမ္ဘိဒါဉာဏ်ကို ရတော်မူပြီးတဲ့ ရဟန္တာအရှင်မြတ်ကြီး အရှင် ကောဋ္ဌိက မထေရ်မြတ်က မေးတာကြောင့် ပဋိသမ္ဘိဒါဉာဏ်ကို ရပြီးတဲ့ ရဟန္တာ အရှင်မြတ်ကြီး အရှင်သာရိပုတ်မထေရ်က ဖြေတော်မူထားတဲ့ အသိဉာဏ် ရကြောင်းနဲ့ အသိဉာဏ်ထက်သန်ကြောင်း နည်းမှန်ကောင်းတွေကို ရဟန္တာ အရှင်မြတ်တွေက မှတ်တမ်း ပြုထားခဲ့တဲ့ သုတ်တော် ဖြစ်ပါတယ်။

ဖြေတော်မူတဲ့ အရှင်သာရိပုတ် မထေရ်မြတ်ကြီးဟာ မြတ်ဗုဒ္ဓရဲ့ လက်ယာတော်ရံ ရာထူးကြီးနဲ့ တရားဗိုလ်ချုပ် (ဓမ္မ သေနာပတိ) ဘွဲ့ထူးကြီးကို ရတော်မူတဲ့ ရဟန္တာ အရှင်မြတ်ကြီး ဖြစ်တော်မူပါတယ်။

ပါဠိဘာသာမှာ ဓမ္မသေနာပတိ၊ မြန်မာ ဘာသာမှာ တရားဗိုလ်ချုပ် ဘွဲ့ထူးကြီး ရတော်မူပုံကို အနည်းငယ် ပြောပြပါမယ်။

မြတ်ဗုဒ္ဓ သက်တော်ထင်ရှား ရှိတော်မူချိန် ထိအောင် ရှေး နှစ်ပေါင်းများစွာကတည်းက နိုင်ငံကို အုပ်စိုးကြသူ အာဏာပိုင်သူ လူတွေကို ရာဇာလို့ ဂုဏ်ထူးတင်ကာ ချီးကျူး ပြောဆိုခဲ့ကြပါတယ်။

သာသနာတော်ရဲ့ အာဏာပိုင် ဖြစ်တော်မူတဲ့ မြတ်ဗုဒ္ဓကိုလဲ ဓမ္မရာဇာ (တရားဘုရင်)လို့ ဂုဏ်ထူးတင်ကာ ချီးကျူးပြောဆိုကြပါတယ်။

လူဘုရင်ဖြစ်ကြတဲ့ ရာဇာတွေမှာ သေနာပတိ (ခေါ်) စစ်ဗိုလ်ချုပ် ရှိကြသလို ဓမ္မရာဇာ ဖြစ်တော်မူတဲ့ မြတ်ဗုဒ္ဓသာသနာတော်မှာလဲ အရှင်သာရိပုတ် မထေရ်မြတ်ကို ဓမ္မသေနာပတိ(ခေါ်) တရားဗိုလ်ချုပ် မထေရ်မြတ်လို့ ဂုဏ်ထူးတင်ပြီး ရဟန်း ရှင် လူ အများက ချီးကျူး ခေါ်ဆိုခဲ့ကြပါတယ်။

မြတ်ဗုဒ္ဓရဲ့ သာသနာတော်မှာ ဓမ္မသေနာပတိ (ခေါ်) တရားဗိုလ်ချုပ် ဘွဲ့ထူးတော်ကြီးကို အရှင်သာရိပုတ် တပါးတည်းသာ ရထိုက်သူဖြစ်ပါတယ်။ ရတော်မူခဲ့ပါတယ်။ ကျန်တဲ့ ရဟန်းတွေ လူတွေထဲမှာ ဓမ္မသေနာပတိ ဘွဲ့ထူးကြီးကို ရထိုက်သူ၊ ဘွဲ့ထူးကြီးနဲ့ တကယ် ထိုက်တန်သူ တဦးမျှ မရှိတော့ပါဘူး။

သာသနာပိုင်စစ်စစ် ဓမ္မရာဇာ ဖြစ်တော်မူတဲ့ မြတ်ဗုဒ္ဓ မရှိတော့တာ နှစ်ပေါင်း နှစ်ထောင့်ငါးရာ ကျော်လွန်လာချိန်ရောက်မှ ကိုယ်ကြည်ညိုသူကို ဓမ္မသေနာပတိလို့ ဘွဲ့ထူးကြီးတပ်ကာ ဂုဏ်တင်နေကြတာဟာ မြတ်ဗုဒ္ဓ သာသနာတော်မှာ တကယ် မဖွယ်မရာ ဖြစ်နေပြီး ဂုဏ်တင်ရာမရောက်ပဲ ကိုယ်ကြည်ညိုတဲ့ ပုဂ္ဂိုလ်မှာ မရှိနိုင်တဲ့ ဂုဏ်ထူးကြီး တင်ကာ ဆဲရေးရာ ရောက်နေတာကြောင့် ပညာရှင် သူတော်စင်တွေအတွက် ရှက်စရာကြီးစစ်စစ် ဖြစ်နေပါတယ်။

## ပညာမျက်စိ နှစ်မျိုး

ဒီမဟာ ဝေဒလ္လသုတ်တော်မှာ ပညာစက္ခုနာ ပဿတိ **ပညာမျက်စိနဲ့ မြင်တယ်** လို့ စကားတခွန်း ရှိပါတယ်။ ဒီခေတ် ဝိပဿနာဌာနများစွာမှာ **ဉာဏ်မျက်စိနဲ့ မြင်တယ်** လို့ ပြောနေကြပါတယ်။

မူရင်းစကား ပညာမျက်စိ၊ ခေတ်သုံးစကား ဉာဏ်မျက်စိဟာ သမထ (ခေါ်) သမာဓိ ဉာဏ်မျက်စိနဲ့ ဝိပဿနာ ဉာဏ်မျက်စိလို့ နှစ်မျိုးရှိပါတယ်။

သမထ(ခေါ်) သမာဓိကြောင့် ဖြစ်လာတဲ့ မျက်စိ၊ သမာဓိလုပ်ငန်းမှာ သိမြင်တဲ့ မျက်စိကို သမာဓိမျက်စိလို့ အတိုကောက်နည်းနဲ့ ပြောကြပါတယ်။

ဝိပဿနာကြောင့် ဖြစ်လာတဲ့ မျက်စိ၊ ဝိပဿနာ လုပ်ငန်းမှာ သိမြင်တဲ့ မျက်စိကို ဝိပဿနာ မျက်စိလို့ အတိုကောက်နည်းနဲ့ ပြောကြပါတယ်။

သမထ(ခေါ်) သမာဓိ ဉာဏ်မျက်စိနဲ့ ဝိပဿနာဉာဏ်မျက်စိကို တိတိပပ သိထားကြဖို့ ပရိယတ်ဉာဏ် အင်မတန် အရေးကြီးလွန်းပါတယ်။ တိတိပပ ကွဲပြား ခြားနားအောင် ပရိယတ္တိ ဉာဏ်နဲ့ မသိထားယင် ဉာဏ်မျက်စိဆိုတဲ့ စကားကို အဓိပ္ပာယ်မှန်အောင် မဖော်နိုင်ပဲ အထင်လွဲ အသိလွဲ အပြောလွဲ အပြောကဲသူဖြစ်ကာ မကောင်းကျိုးတွေ ဖြစ်လာကြမှာ သေချာပါတယ်။

## သမာဓိ ဉာဏ်မျက်စိ

သမာဓိ ဉာဏ်မျက်စိကို "သမာဓိ ပညာ ယ ကိစ္စတော အသမ္မောဟ တောစ ပဇာနာတိ" လို့ ရှင်းပြထားပါတယ်။ ကိစ္စတော ပါဠိက သမာဓိလို့ ခေါ်နိုင်ဖို့ အကြောင်းအင်္ဂါကို ဖော်ပြတယ်။ အသမ္မောဟတော ပါဠိက ဉာဏ်မျက်စိလို့ ခေါ်နိုင်ဖို့ အကြောင်း အင်္ဂါကို ဖော်ပြတယ်။

စိတ်ရဲ့ တည်မြဲမှု စွမ်းရည် ထက်သန်မှုသာ သမာဓိ(ခေါ်) စိတ်ခိုင်မြဲမှု ဟုတ်မှန်တယ်လို့ ကိစ္စတော ပါဠိက ရှင်းပြပါတယ်။

စိတ် တွေဝေမှုမရှိပဲ ကြည်လင်မှုသာ ပညာ (ခေါ်) ဉာဏ်မျက်စိ ဟုတ်မှန်တယ်လို့ အသမ္မောဟတော ပါဠိက ရှင်းပြပါတယ်။

အာရုံ တခုတည်းမှာ စိတ်တည်မြဲနေတာကို ဧကဂ္ဂတာလို့ ပါဠိလို ဆိုထားပါတယ်။ ဒီ ဧကဂ္ဂတာဟာ စိတ်ဖြစ်တိုင်း ဖြစ်တိုင်းမှာ တွဲဖက် ဖြစ်ပါတယ်။ ဒါပေမယ့် ကိစ္စတော ပါဠိအရ တည်မြဲမှု စွမ်းရည် ထက်သန်တဲ့ ဧကဂ္ဂတာသာ သမာဓိ(ခေါ်) စိတ်ခိုင်မြဲမှု ဟုတ်မှန်တယ် လို့ ဆိုထားတာကြောင့် ဧကဂ္ဂတာဟူသမျှ သမာဓိ ဟုတ်မှန်တာ ချည်းပဲလို့ အလွဲ မစွဲကြပါနဲ့။ [ဝိစိကိစ္ဆာ စိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယ ဗလဘာဝံ န ဂစ္ဆတိ]

## အကျဉ်းချုပ် မှတ်ဖို့

တည်မြဲတာ ဧကဂ္ဂတာ။ ခိုင်မြဲမှု သမာဓိ။ တွေဝေမရှိ ဉာဏ်မျက်စိ။

× ✓

## ရုပ်မြင် နာမ်သိ သမာဓိ မျက်စိ

သမာဓိ ဉာဏ်မျက်စိဟာ ရုပ်ကို မြင်ပါတယ်။ ရုပ်ရဲ့ ဖြစ်+ပျက်ကို မြင်ပါတယ်။ နာမ်ကို သိပါတယ်။ နာမ်ရဲ့ ဖြစ်+ပျက်ကို သိပါတယ်။

ရုပ်+နာမ်ကို မြင်တယ်၊ ရုပ်+နာမ် ဖြစ်+ပျက်ကို မြင်တယ်လို့ ရုပ်+နာမ်ကို ပူးတွဲကာ အတိုနည်းနဲ့ မမှတ်ကြပါနဲ့။ ရုပ်+နာမ်ကို ပူးတွဲ မှတ်ယင် တရားကျင့်ခွင် ဝင်နေချိန်မှာ ရုပ်နဲ့နာမ် ခွဲတဲ့ အလုပ်လွဲ ဖြစ်လိမ့်မယ်။ အထူး သတိပြုကြပါ။

ရုပ်ကိုမြင်တာ၊ ရုပ်ရဲ့ ဖြစ်+ပျက်ကို မြင်တာ၊ နာမ်ကို သိတာ၊ နာမ်ရဲ့ ဖြစ်+ပျက်ကို သိတာဟာ သမာဓိ(ခေါ်) သမထ အမြင်စစ်စစ် သာ ဖြစ်တယ်။ ဝိပဿနာ မဟုတ်ဘူးလို့ စွဲစွဲမြဲမြဲ မှတ်ကြပါ။

ရုပ်ကိုမြင်တာ သမထပါ၊ နာမ်ကို သိတာ သမထပါ။

× × ×

## စိတ် တွေဝေမှုများ

"ရုပ်ကိုမြင်တာ နာမ်ကို သိတာ သမထပါ"ဆိုတာကို ပရိသတ် တွေ လင်းသွားအောင် အသမ္မောဟတော တွေဝေမှုမရှိလို့ ဆိုထားတဲ့ ကျမ်းဂန် စကားကို အနည်းငယ် ရှင်းပြပါမယ်။

သမထ လုပ်ငန်းအရ သမာဓိက ဖျက်ဆီးလိုက်တဲ့ တွေဝေမှုတွေ ဟာ ငါးမျိုး ရှိပါတယ်။ (၁) ငိုင်မှု(ထိန)၊ (၂) ငိုက်မှု (မိဒ္ဓ)၊ (၃) ပူပန်မှု (ကုက္ကုစ္စ)၊ (၄) မဆုံးဖြတ်နိုင်မှု (ဝိစိကိစ္ဆာနဲ့ ဥဒ္ဓစ္စဖြစ်တဲ့ မောဟာ)၊ (၅) အလွဲဆုံးဖြတ်မှု-အလွဲယူစွဲမှု(မိစ္ဆာဒိဋ္ဌိ)တွေ ဖြစ်ကြပါ တယ်။

၁။ ငိုင်မှု(ထိန)။ ။သတိ လုံးဝလွတ်တာ မဟုတ်သေးပဲ သတိအား နည်း ယွင်းချွတ်ရုံမျှ ဖြစ်တဲ့ အခြား အာရုံကိုလဲ စိတ်မရောက်သွားပဲ ကိုယ်မှတ်နေမြဲဖြစ်တဲ့ အာရုံကိုလဲ သိသလိုလို မသိ သလိုလို နှစ်မိနစ် သုံးမိနစ် ငါးမိနစ် ဆယ်မိနစ် စသည် ကြာအောင် ဖြစ်နေလေ့ ရှိပါတယ်။ ဒီအချိန်မှာ ထင်းရှုဝေဒနာတွေ ပျောက်ကင်း နေတာကြောင့် အချို့သူတွေက မဂ်ဖိုလ်ရပြီလို့ အထင် လွဲမှားကြပါ

တယ်။ နိဗ္ဗာန် ချမ်းသာ မဟုတ်သေးပါဘူး၊ ထိန (ခေါ်) ငိုင်နေမှု သာ ဖြစ်ပါတယ်။

ပါဠိ ကျမ်းဂန်တွေမှာ ထိနကို အနုဿာဟန သံသီဒနတာလို့ အဓိပ္ပာယ် ဖော်ထားပါတယ်။ အနုဿာဟန လုပ်ငန်းပေါ်မှာ စိတ် ထက်သန်ခြင်း မရှိမှု၊ စိတ်ဓာတ်ကျမှုပါတဲ့။ ဘယ်အခြေဆိုက်အောင် စိတ်ဓာတ် ကျသွားသလဲ ဆိုယင် သံသီဒနတာ နစ်မြော နေအောင် စိတ်ဓာတ် ကျသွားပါသတဲ့။

လောကမှာ သင်းဘောနစ်နေတယ်လို့ ပြောယင် သင်းဘောရဲ့ သွားမြဲ ဖြစ်တဲ့လုပ်ငန်း ပျက်စီးစ ဖြစ်နေပြီလို့ အဓိပ္ပာယ် ထွက်ပါ တယ်။ သင်းဘောကို မြင်နေရသေးတာကြောင့် သင်းဘော မြုပ်ပြီလို့ မပြောသင့်သေး သလိုပါပဲ၊ ယောဂီရဲ့စိတ်ဟာ အာရုံပြုနေမြဲဖြစ်တဲ့ ရုပ်ကို၊ သို့မဟုတ် နာမ်ကို ထင်ထင်ရှားရှား မသိတော့ပဲ မသိတသိ ဖြစ်နေတာကို သံသီဒနတာ စိတ်နစ်မြောမှုလို့ ဆိုပါတယ်။ နစ်မြုပ် နေပြီလို့ ပြောရလောက်အောင် အခြေ မဆိုက်သေးပါဘူး။ နစ်မြုပ် တယ်ဆိုယင် ပါဠိမှာ နိမုဇ္ဇနတာလို့ ရှိရပါမယ်။ ဒါကြောင့် ထိနကို ငိုင်နေမှုလို့ မြန်မာဘာသာ ပြန်လိုက်ပါတယ်။

**၂။ ငိုက်မှု (မိဒ္ဓ)။** ။သတိ လွှတ် ပြီး တွေဝေ လွန်း တာ ကြောင့် ဦးခေါင်း ဆတ်ကနဲ ဆတ်ကနဲ ငိုက်ကျမှု ဖြစ် လေ့ရှိတယ်။ အိပ်ငိုက်တယ်လို့ သိကြ ပြောကြတယ်။ ငိုက်တယ်လို့ အတိုကောက် ပြောကြပါတယ်။ ငိုက်တာကို မိဒ္ဓလို့ ပါဠိမှာ ဆိုပါ တယ်။ (၁) အတ္တိသ (၂) ဝိဃာတောလို့ အဓိပ္ပာယ် ရှင်းပြထား တယ်။

(က) အ သတ္တိ လုပ်ငန်းတွင်အောင် ဆောင်နိုင်စွမ်း ကုန်ခန်း ပြီ၊ (ခ) ဝိဃာတော ပင်ပန်းလွန်ကာ တွေဝေလွန်းတာကြောင့် အသေ ကောင်တမျှ ဖြစ်နေပါပြီလို့ ဆိုထားပါတယ်။ ဒါကြောင့် မိဒ္ဓကို ငိုက်မှုလို့ မြန်မာဘာသာ ပြန်လိုက်ပါတယ်။ ရှေးပညာရှင်ကြီးများက ထိန မိဒ္ဓတို့ကို ငိုက်မျည်းခြင်းလို့ မြန်မာဘာသာ ပြန်ကြပါတယ်။

**၃။ ပူပန်မှု (ကုက္ကုစ္စ)။** ။ရုပ်ခေတ်ကြီးလေးပါးတို့ စွမ်းအားညီနေကြယင် မျက်စိကြည်လင် အမြင်သန့်တယ်။ အသက်ကြီးလာတော့ ဇီရဏာ တေဇော အပူခိုး အားကောင်းတာကြောင့် မျက်စိမှုန်တယ်၊ ဝေတယ်၊ သီတယ်။ အသက်ငယ်သေးပေမယ့် ဒူလာရောဂါ, မီးယပ်ရောဂါ စသည်တွေကြောင့် အပူခိုး မှုတ်ယင်လဲ မျက်စိမှုန်တယ်၊ ဝေတယ်၊ သီတယ်။ အသက်ငယ်သေး ရောဂါကင်းဝေးလို့ မျက်စိမြင်အား သန့်နေသေးသူတွေဟာ စိတ်ပူလွန်းတဲ့အခါ ဘာကိုမျှ မမြင်ကြအောင် မျက်စိဝေနေကြတယ်။

ဒီအတူပဲ ကုက္ကုစ္စ (ခေါ်) စိတ်ပူပန်မှု ဖြစ်နေချိန်မှာ ရုပ်ကိုမမြင်၊ နာမ်ကို မသိအောင် သမာဓိဉာဏ်မျက်စိဟာ ဝေနေ သီနေပါတယ်။ ဒါကြောင့် သမာဓိ ဉာဏ်မျက်စိကို ဝေနေအောင် မမြင်အောင် ဖန်တီးတဲ့ ကုက္ကုစ္စ(ခေါ်) စိတ်ပူပန်မှုကို မောဟ မဟုတ်ပေမယ့် တွေဝေမှုလို့ ပြောရပါတယ်။

**၄။ မဆုံးဖြတ်နိုင်မှု (ဝိစိကိစ္ဆာ)။** ။အာရုံတခုတည်း ဖြစ်ပါလျက် ဆုံးဖြတ်ချက် မချနိုင်ပဲ ကောင်းသလား မကောင်းဘူးလား၊ ဟုတ်သလား မဟုတ်သလား၊ မှန်သလား မှားသလား စသည် စဉ်းစားလွန်ကာ တွေဝေနေတာကို ဝိစိကိစ္ဆာ (ခေါ်) မောဟ တွေဝေမှုလို့ မှတ်ကြပါ။

**၅။ စိတ်လေလွင့်မှု (ဥဒ္ဓစ္စ)။** ။အာရုံ တခုတည်းမှာ စိတ်မတည်ပဲ ဆုံးဖြတ်ချက်လဲ မချနိုင်ပဲ ဒီဟာ ကောင်းသလား၊ ဟိုဟာ ကောင်းသလား၊ ဒီဟာ မှန်သလား၊ ဟိုဟာ မှန်သလား၊ ငါမှားသလား၊ သူမှားသလား စသည် စဉ်းစားလွန်ကာ တွေဝေနေတာကို ဥဒ္ဓစ္စ (ခေါ်) မောဟ တွေဝေမှုလို့ ပြောကြရပါတယ်။

**၆။ အလွဲဆုံးဖြတ်၊ အလွဲယူမှတ်မှု မိစ္ဆာဒိဋ္ဌိ။** ။စဉ်း စား လွန် ကာ တွေ ဝေ နေ တာ မဟုတ်တော့ပဲ အလွဲအမှား ဆုံးဖြတ်မှု၊ အလွဲကိုသာ ယုံကြည်စွဲယူ လုပ်ကိုင်နေမှုကို မိစ္ဆာဒိဋ္ဌိ တွေဝေမှုလို့ ပြောကြရပါတယ်။

တွေ့ဝေမှု မောဟ ပူးကပ်ကာ မွေတာကြောင့် အမှန်ကိုမသိ၊ အမှားကိုလဲ မသိအောင် တွေ့ဝေကာ အလွဲဆုံးဖြတ်၊ အလွဲယူမှတ်တာမို့ မိစ္ဆာဒိဋ္ဌိကိုလဲ တွေ့ဝေမှုလို့ ပြောရပါတယ်။

× × ×

## စိတ်မြင်၊ ဉာဏ်မြင်၊ သမာဓိမြင်

ပြောခဲ့ပြီး တွေ့ဝေမှုတွေက စိတ်မခိုင်မြဲပဲ စွမ်းရည် နဲ့အောင် လွှမ်းမိုး ပိတ်ဖုံး ထားကြတာကြောင့် ရုပ်ကို မမြင်၊ နာမ်ကို မသိဘူး။

သမထ လုပ်ငန်းအရ သမာဓိ(ခေါ်) စိတ်ဓာတ်ခိုင်မြဲမှု စွမ်းအားသန်တာကြောင့် တွေ့ဝေမှုတွေ ကင်းစင်ကာ ဉာဏ်ထက်လှာပြီး ရုပ်ကို မြင်၊ နာမ်ကို သိ ဖြစ်တာပါပဲ။

ရုပ်ကို နာမ်ကို စိတ်က မြင်တာ သိတာမို့ **စိတ်အမြင်** လို့ ပြောချင်ယင် ပြောနိုင်ပါတယ်။ စိတ်မှာ ဉာဏ်ကပ်လှာလို့ မြင်တာမို့ **ဉာဏ်အမြင်** လို့ ပြောချင်ယင် ပြောနိုင်ပါတယ်။ ဉာဏ်ကပ်ကာ စိတ်က မြင်တာဟာ သမာဓိ အကြောင်းရင်းခံ ဖြစ်တာကြောင့် **သမာဓိအမြင်** လို့ ပြောနေပါတယ်။

အာရုံနဲ့ မြင်တယ်လို့ ပြောနေကြတဲ့စကားဟာ သဒ္ဒါနည်းမမှန်၊ အဘိဓမ္မာ နည်းနဲ့လဲ မညီ၊ အသိဉာဏ်ပေမေ့း စကားမပီသေးတဲ့ ကလေး တယောက်က အိမ်ကိုမြင်တယ်လို့ အမှန်အတိုင်း မပြောတတ်လို့ အိမ်နဲ့ မြင်တယ်၊ အိမ်နဲ့ မြင်တယ်လို့ ပြောတာမျိုးလို ဖြစ်နေတယ်။ အာရုံကို မြင်တယ်လို့ ပြောမှသာ အဓိပ္ပာယ် မှန်ပါတယ်။

## သမာဓိပျက်မှန် လွှန်ဖိုးတန်

စက္ခုနာ ပဿန္တဿေဝ ပါဠိဆိုချက်နဲ့ အညီ မျက်စိဖွင့်ကြည့်ချိန်မှာ ထင်ထင်ရှားရှား မြင်ကြရသလို မျက်စိမှိတ်ထား အဝတ်နဲ့ ပိတ်စည်းထားပေမယ့် ရုပ်ရဲ့ ပျက်မှုကို တကယ်မြင်ကြတဲ့ ယောဂီတွေကို ယခု သက်တော်ထင်ရှား ရှိတော်မူတဲ့ ညောင်လွန့် (တတိယမြောက်) ကျေးဇူးရှင် ဆရာတော် ဘုရားကြီးက ''မျက်စိဝေ မျက်စိမှုန်လို့ မျက်မှန်တပ်ကြည့်ယင် မျက်မှန် စွမ်းအားကြောင့် ထင်ထင်ရှားရှား

မြင်ကြရသလို သမာဓိစွမ်းအား ကောင်းတာကြောင့် ရုပ်ပျက်စီးတာကို မြင်ရတာဖြစ်လို့ သမာဓိဟာ မျက်မှန်နဲ့တူပါတယ်။ ဒီလိုကျင့်ယင် သမာဓိ မျက်မှန် ရမယ်လို့ မြတ်ဗုဒ္ဓ ဟောညွှန်တော်မူထားတဲ့ နည်းမှန် ကောင်းကို ဘုန်းကြီးတို့က တဆင့်ပြောပြရုံ သက်သက် ဖြစ်တာကြောင့် ဘုန်းကြီးတို့ကပေးတဲ့ သမာဓိမျက်မှန် မဟုတ်ပါဘူး၊ မြတ်ဗုဒ္ဓက ပေးတော်မူတဲ့ သမာဓိ မျက်မှန်လို့ မှတ်ယူပြီး မြတ်ဗုဒ္ဓကို ကြည်ညိုပါ ယောဂီ''လို့ မိန့်ကြားတော်မူမြဲ ဖြစ်ပါတယ်။

ရုပ်ရဲ့ ဖြစ်+ပျက် နှစ်တန်ကို သမာဓိ မျက်မှန်နဲ့ ကြည့်ကာ ဝိပဿနာ ရှုပြီးချိန်တိုင်းမှာ ကျေးဇူးကြီးလှ မြတ်ဗုဒ္ဓလို့ ကြည်ညို ရှိခိုးကြဖို့ ဦးပဥ္စင်းက ရေးထားပါတယ်။

သဗ္ဗညုမွန် ဗုဒ္ဓညွှန်ပြ နည်းမှန်ကျအောင် ကျင့်ဆောင်ပါ၍ ရလှာကေန် သမာဓိမျက်မှန် လွန်ဖိုးတန်ဖြင့် နာမ်နှင့်ရုပ်ပျက် ရှုလျက် ကုသိုလ် များထိုထိုကို လိုချင်ချိန်ရ ထူးမြတ်လှစွာ ဖြစ်သည်တာကြောင့် ဗုဒ္ဓါကျေးဇူး အထူးရည်သန် ဖန်ဖန်ရိုကျိုး ရှိခိုးပါသည်ဘုရား။

## ဝိပဿနာ မျက်စိ

ဝိပဿနာမျက်စိ(ခေါ်) ဝိပဿနာ ပညာကို ဝိပဿနာပညာယ လက္ခဏပဋိဝေဓနေ အာရမ္မဏတော ဇာနန်လို့ အဓိပ္ပာယ် ရှင်းပြထား ပါတယ်။

လက္ခဏပဋိဝေဓနေ ပါဠိက ''ဝိပဿနာမျက်စိဟာ လောကီ သစ္စာ လက္ခဏာဆိုက်အောင် ထိုးဖောက်မြင်တယ်''လို့ ရှင်းပြပါတယ်။

အာရမ္မဏတော ပါဠိက ''စိတ်ကို တွေ့ဝေအောင် လုပ်ကြတဲ့ အကုသိုလ်ကြမ်းတွေကို သမထလုပ်ငန်းအရ ဖြစ်လှာတဲ့ သမာဓိက ဖယ်ရှားပြီးဖြစ်တာကြောင့် ဝိပဿနာ မျက်စိဟာ ဖြစ်+ပျက် နှစ်တန်ကို အာရုံပြုကာ သိမြင်နေရုံပါပဲ''လို့ ရှင်းပြပါတယ်။

ပါဠိစကား လက္ခဏကို ပါဠိသက် မြန်မာစကားနဲ့ လက္ခဏာ လို့ ပြောကြပါတယ်။ လက္ခဏာ ကြည့်တယ်၊ လက္ခဏာ သိတယ်၊ လက္ခဏာ ဟောတယ်၊ လက္ခဏာဆရာ စသည် လူတွေပြောဆိုနေကြတဲ့

လက္ခဏာကို ပါဠိ မနွယ်တဲ့ မြန်မာစကား သက်သက်နဲ့ပြောယင် အမှတ်အသားလို့ ပြောကြရပါတယ်။

ရုပ်တွေ၊ နာမ်တွေရဲ့ သက္ခဏာ (ခေါ်) အမှတ်အသားဟာ (၁) သဘာဝလက္ခဏာ(ခေါ်)သီးသန့် အမှတ်အသား၊ (၂) သာမည လက္ခဏာ(ခေါ်) ဘုံအမှတ်အသား (အားလုံးဆိုင် အမှတ်အသား) လို့ နှစ်မျိုးရှိပါတယ်။

## သဘာဝ လက္ခဏာ

သ ဘာဝ လက္ခဏာမှာ သ=ကိုယ်ပိုင် (သို့မဟုတ်) သီးခြား (သို့မဟုတ်) သီးသန့်။ ဘာဝ=ဖြစ်တဲ့၊ လက္ခဏ=အမှတ်အသားလို့ အဓိပ္ပာယ်ထွက်တာကြောင့် သဘာဝ လက္ခဏာဆိုတာဟာ ကိုယ်ပိုင် အမှတ်အသား (သို့မဟုတ်) သီးခြား အမှတ်အသား၊ သီးသန့် အမှတ် အသား၊ တမျိုးတည်းနဲ့သာ သက်ဆိုင်တဲ့ အမှတ်အသားလို့ ပရိသတ်တို့ မှတ်ကြပါ။

အဆင်းအရောင်၊ အသွင်သဏ္ဌာန်၊ ပုံစံပမာဏ ပြောင်းလဲမှုဟာ ရုပ်တရားရဲ့ သီးသန့် လက္ခဏာ ဖြစ်ပါတယ်။ ရုပ်တမျိုးတည်းနဲ့သာ သက်ဆိုင်တယ်၊ နာမ်နဲ့ မသက်ဆိုင်ဘူး။

ဒါကြောင့် အရောင်ပြောင်းလဲတာ ရုပ်၊ အသွင်ပြောင်းလဲတာ ရုပ်၊ အရှည်အတို ပမာဏ ပြောင်းလဲတာ ရုပ်လို့ သိမှတ်ရပါတယ်။

မာတာ ပျော့တာဟာ ပထဝီဓာတ်ရဲ့ သီးသန့် (သဘာဝ) လက္ခဏာဖြစ်တယ်။ အာပေါ တေဇော ဝါယော ဓာတ်တွေနဲ့ မသက် ဆိုင်ဘူး။ ဒါကြောင့် မာတာ ပျော့တာဟာ ပထဝီဓာတ်လို့ သိမှတ်ရ တယ်။ မာတာ ပျော့တာဟာ ရုပ်ဓာတ်ကြီးလေးပါးလို့ မမှတ်ရဘူး၊ မပြောရဘူး။

## သာမည လက္ခဏာ (၃×၂=၆)

သာမညလက္ခဏာ (ခေါ်) ဘုံလက္ခဏာ (သို့မဟုတ်) အားလုံး ဆိုင် လက္ခဏာဆိုတာ ရုပ် နာမ်တွေ အားလုံးနဲ့ သက်ဆိုင်တဲ့ လက္ခဏာ ဖြစ်တယ်။ အားလုံးဆိုင် (သာမည) လက္ခဏာကို (၁) ဘာဝ (၂) နေရာ (၃) မျက်စိမြင်လို့ နည်းသုံးတန်ခွဲပြီး မှတ်သားရပါတယ်။

(၁) ဘာဝအားဖြင့် (က) ဖြစ်+ပျက် နှစ်တန် (ခ) လောကီ သစ္စာ လေးချက်လို့ နှစ်မျိုး ခွဲမှတ်ရပါတယ်။

(၂) နေရာအားဖြင့် (က) အပေါ်ယံ လက္ခဏာ (ခ) မြုပ်နှစ် လက္ခဏာလို့ နှစ်မျိုး ခွဲမှတ်ရပါတယ်။

(၃) မျက်စိမြင်အားဖြင့် (က) သမာဓိ မျက်စိနဲ့ မြင်ရတဲ့ လက္ခဏာ (ခ) ဝိပဿနာ မျက်စိနဲ့ မြင်ရတဲ့ လက္ခဏာလို့ နှစ်မျိုး ခွဲမှတ်ရပါတယ်။

ပရိယတ္တိဉာဏ် ထက်သန်အောင် အာဂုမ် ဆောင် ထားကြဖို့ လိုရင်းချုပ် မှတ်စရာ သင်္ကာစီထားပါတယ်။

(၁) **ဖြစ်+ပျက်နှစ်တန်၊ အပေါ်ယံ လက္ခဏာ၊ သမာဓိမျက်စိနဲ့ မြင် သိတာ။**

(၂) **'လောကီ သစ္စာ လေးတန်ဟာ၊ မြုပ် နှစ် လက္ခဏာ၊ ဝိပဿနာ မျက်စိနဲ့ မြင် သိတာ။**

အခုပြောခဲ့ပြီးတဲ့ သာမည လက္ခဏာ (ခေါ်) အား လုံး ဆိုင် လက္ခဏာတွေကို စိတ်ထဲမှာ တိတိပပ မြဲမြဲစွဲစွဲ ဖြစ်နေအောင် ပရိယတ္တိ ဉာဏ်နဲ့ သိမှတ်ထားနိုင်စွမ်း ပြည့်မှသာ သမထပိုင်းနဲ့ ဝိပဿနာပိုင်းကို တိတိပပ ခွဲခြားနိုင်မယ်၊ ပဋိပတ် လုပ်ထုံး အခြေခံမှာလဲ သဘောရှင်း မယ်၊ ပဋိပတ် လုပ်ပုံလုပ်ဟန် တိကျမှန်ကန်မယ်။ ဒါကြောင့် အကျဉ်း ချုပ်ကို ထပ်ဆင့် ပြောပါမယ်။

သမာဓိ မျက်စိက ရုပ်+နာမ်တွေရဲ့ အပေါ်ယံ လက္ခဏာအစစ် ဖြစ်+ပျက် နှစ်တန် ထိအောင်သာ မြင်တယ်၊ သိတယ်။ မြုပ်နှစ် လက္ခဏာ လောကီသစ္စာ လေးတန် ထိအောင် ထိုးဖောက် မမြင်ဘူး၊ မသိဘူး။

ဝိပဿနာ မျက်စိက ရုပ်+နာမ်တွေရဲ့ မြုပ်နှစ် လက္ခဏာ လောကီ သစ္စာလေးချက် ထိအောင် ထိုးဖောက် မြင်တယ်၊ သိတယ်။

## မတွေ့မဝေ မြင်+သိ

**ပရမတ်စစ်စစ်ကို မြင်+သိပုံ** သုံးမျိုးကို ပိဋကကျမ်းဂန်တွေမှာ ဆိုထားတဲ့ စကားအရ ရှင်းပြပါမယ်။

စိတ်ကို လွှမ်းမိုးဖိစီးကြပြီး စိတ်ရှုပ်ထွေး တွေဝေနေအောင် လုပ်ကြတဲ့ ကိလေသာကြမ်း (ပရိယုဋ္ဌာန)တွေကို သမထအားထုတ်မှုကြောင့် ဖြစ်လာတဲ့ သမာဓိက နှင်းနှိမ်လိုက်ပါတယ်။ အမြစ် ပြုတ်အောင် ဖြုတ်ပယ်တာတော့ မဟုတ်သေးပါဘူး။

ကိလေသာကြမ်းတွေဟာ အမြစ်မပြုတ်ကြသေးပေမယ့် သမာဓိက အဆက်မပြတ် မြဲမြဲစွဲစွဲ နှင်းနှိမ်နေတာကြောင့် မသောင်းကျန်းကြတော့ပဲ စိတ်ထဲမှာ ငြိမ်ဝပ်နေကြလို့ စိတ်တွေဝေမှု မဖြစ်တော့၊ မရှိတော့ဘူး။

စိတ်တွေဝေမှု မရှိတာကြောင့် ရုပ်ကိုမြင်+နာမ်ကို သိတဲ့ပြင် အပေါ်ယံလွှာ လက္ခဏာအစစ် ဖြစ်+ပျက်ကိုလဲ မြင်တယ်၊ သိတယ်။

စိတ်ရဲ့ အကြည်ဓာတ် အမြင်ဓာတ် အားနည်းသေးတာကြောင့် မြုပ်နှစ်လက္ခဏာ လောကီသစ္စာ လေးချက် ထိအောင် ထိုးဖောက်မမြင်သေး၊ မသိသေးဘူး။

သမထလုပ်ငန်းအရ သမာဓိမျက်စိနဲ့ ဖြစ်+ပျက် နှစ်တန်ကို ထင်ထင်ရှားရှား မြင်တာ သိတာကိုပဲ အသမ္မောဟဇာနနလို့ ပိဋက ကျမ်းဂန် တွေမှာ ဆိုထားပါတယ်။ ဗမာ ပညာရှင်ကြီး တွေက "**မတွေဝေမြင်၊ မတွေမဝေသိ**"လို့ ပြောကြပါတယ်။

ရုပ်+နာမ်တွေရဲ့ ဖြစ်+ပျက် နှစ်တန်ကို မြင်+သိတဲ့အထိ သမထ လုပ်ငန်းသာ ဖြစ်နေပါသေးတယ်။ ဝိပဿနာလုပ်ငန်းကို နဲနဲကလေးမျှ မလုပ်ရသေးပါဘူး။

## ထိုးထွင်း မြင်+သိ

ရုပ်တွေ+နာမ်တွေရဲ့ ဖြစ်+ပျက် နှစ်တန်ကို သမာဓိ မျက်စိနဲ့ မြင်+သိ ပြီးမှသာ (က) မဖြစ်သဘောမှ ဖြစ်သဘောကို ပြောင်းလဲ လာတာကြောင့် အနိစ္စတရားပဲလို့ ဖြစ် အနိစ္စ ရှုမှု။ (ခ) ဖြစ်သဘောမှ ပျက်သဘော ရောက်အောင် ပြောင်းလဲတာကြောင့် အနိစ္စတရားပဲလို့

ပျက် အနိစ္စ ရှုမှု။ (၈) ဖြစ်ပြီး ဖြစ်ထာကြောင့် ပြောင်းလဲတဲ့ အနိစ္စ တရားပဲလို့ ဖြစ်+ပျက်တွဲကာ အနိစ္စရှုမှု အစရှိတဲ့ ဝိပဿနာ လုပ်ငန်း ဖြစ်နိုင်ပါတယ်။

ရုပ်+နာမ်တွေရဲ့ မြုပ်နှစ်လက္ခဏာ လောကီ သစ္စာ လေးတန် ထိအောင် ဝိပဿနာ မျက်စိနဲ့ မြင်+သိတာဟာ အတွင်းရောက်အောင် နက်နက်နှောနှော ထွင်းဖောက် ထိုးဖောက်ပြီး မြင်+သိတဲ့ သဘော ရှိတာကြောင့် ပဋိဝေဓဇာနနလို့ ပိဋကကျမ်းဂန်တွေမှာ ဆိုထားပါ တယ်။ ဗမာ ပညာရှင်ကြီးတွေက **"ထိုးထွင်းမြင် + ထိုးထွင်းသိ"** လို့ ပြောကြပါတယ်။

## ငြိမ်းချမ်း မြင်+သိ

သမထ လုပ်ငန်းအရ သမာဓိက နှင်းနှိမ်ထားလို့ မသောင်း ကျန်းတော့ပဲ ငြိမ်ဝပ်နေကြတဲ့ ကိလေသာအနုတွေကို ဝိပဿနာ လုပ်ငန်းအရ ဆက်လက်ကာ ထပ်တလဲလဲ နှင်းနှိမ်ထားပြန်တာကြောင့် ငြိမ်ဝပ်သည်ထက် ငြိမ်ဝပ်ကြတဲ့ ကိလေသာတွေရဲ့ လက်ကျန် အရှိန် အဟုန်တွေဟာ သခ်ါရုပေက္ခာ ဝိပဿနာဉာဏ် စွမ်းရည်အလိုက် တသိုက် ပြီး တသိုက် တဖွိုက်ဖွိုက် တဖြည်းဖြည်း ကွာဝေး ကင်းစင်ကြကာ နောက်ဆုံးအချိန်မှာ ဖြုန်းကနဲ ချုပ်ငြိမ်းကြတာကြောင့် ခန္ဓာဆင်းရဲ တွေပါ ငြိမ်းချုပ်ကုန်မှုဖြစ်တဲ့ အသင်္ခတဓာတ် ပရမတ် စစ်မှန် မြတ် နိဗ္ဗာန်ကို လျှစ်ကနဲ မြင်ရ သိရပါတယ်။ ဒီအချိန်မှာ မဂ်ကို ရပြီလို့ အရိယာ သူတော်စင်တွေက ပြောကြပါတယ်။

ခန္ဓာဆင်းရဲတွေ ပြန်မပေါ်ကြသေးပဲ ဆက်လက် ငြိမ်းချမ်းနေ သေးချိန်မှာ ဖိုလ်စိတ် ဖြစ်နေတယ်လို့ အရိယာ သူတော်စင်တွေက ပြောကြပါတယ်။

ကိလေသာပူတွေနဲ့ ခန္ဓာဆင်းရဲတွေကို ငြိမ်းချုပ်ကုန်အောင် လုပ်ကာ အသင်္ခတဓာတ် နိဗ္ဗာန်မြတ်ကို မြင်+သိတာကြောင့် အဘိသ- မယဇာနနလို့ ပိဋကကျမ်းဂန်တွေမှာ ဆိုကြပါတယ်။ ဗမာပညာရှင် ကြီးတွေက **"ငြိမ်းချမ်းမြင်+ငြိမ်းချမ်းသိ"** လို့ ပြောကြပါတယ်။ ကျက် မှတ်လွယ်၊ သိမှတ်လွယ်အောင် လက်ာ စီထားပါတယ်။

## ပရမတ် မြင်+သိ သုံးမျိုးရှိ

၁။ **ပရမတ် ရုပ်+နာမ်၊ အပေါ်ယံ လက္ခဏာ၊ မတွေ့မဝေ မြင်တာ သမာဓိပါ**။

၂။ **ရုပ်+နာမ်နှစ်ပြွာ၊ မြုပ်နစ် လက္ခဏာ၊ ထိုးထွင်းမြင်တာ ဝိပဿနာ**။

၃။ **နိဗ္ဗာန် ပရမတ်၊ အငြိမ်းဓာတ် လက္ခဏာ၊ ငြိမ်းချမ်း မြင်တာ မဂ်ဖိုလ်ပါ**။

## ဝိပဿနာ အစ သမ္မသနဉာဏ်က

ရုပ်+နာမ်ရဲ့ ဖြစ်+ပျက်ကို သမထလုပ်ငန်းအရ ကိလေသာကြမ်းတွေကို ဖယ်ရှားလိုက်ထားကြောင့် ကြည်လင်ထက်မြက် အားစွမ်း တိုးတက်လာတဲ့ သမာဓိမျက်စိနဲ့ မြင်ရပြီးမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘလို့ ရှုထောင့်အလိုက် ရှုမှတ်ထားကိုသာ ဝိပဿနာလို့ ကျမ်းဂန်တွေမှာ ဆိုထားပါတယ်။

အနိစ္စ အစရှိတဲ့ ရှုထောင့်အလိုက် အကြမ်းများစွာ ရှုမှတ်ထားကို သမ္မသနလို့ ကျမ်းဂန်တွေမှာ ဆိုထား ပါတယ်။ မြန်မာလိုတော့ ''သုံးသပ်တယ်''လို့ ပြောရပါမယ်။

အနိစ္စ အစရှိတဲ့ ရှုထောင့်အလိုက် ရှုမှတ်သုံးသပ်တဲ့ ဉာဏ်ကို သမ္မသနဉာဏ်လို့ ကျမ်းဂန်တွေမှာ ဆိုထားပါတယ်။ ပြောခဲ့ပြီး အကြောင်းသုံးရပ်ကြောင့် **ဝိပဿနာအစ သမ္မသနဉာဏ်က**လို့ ရှေးပညာရှင် သူတော်စင်တွေက ပြောခဲ့ကြပါတယ်။

ဝင်လေသိ၊ ထွက်လေသိ၊ ဝင်လေ ထွက်လေတွေရဲ့ တွန်းကန်တဲ့ သဘောကို သိ၊ ပူတယ်လို့ သိ၊ အေးတယ်လို့ သိ၊ သွားတယ်လို့ သိ၊ စားတယ်လို့ သိ၊ ထိုင်သိ၊ ထိသိ အစရှိတဲ့ သတိမလွတ်ရုံ သာမန် သိမှုတွေဟာ ဓာတုမနသိကာရမျှဖြစ်ပြီး ဖြစ်+ပျက်ကို မမြင် မသိ သေးတာကြောင့် သမထ(ခေါ်) သမာဓိ ဉာဏ်သာ ဖြစ်ပါသေးတယ်၊ ဝိပဿနာ မဖြစ်သေးဘူးလို့ အမှန်အတိုင်း သိမှတ်ကြပါ။

သွားတယ်လို့ သိ၊ ထိုင် သိ၊ ထိသိ အစရှိတဲ့ ဖြစ်+ပျက်မသိ သတိရှိရုံမျှ သာမန်သိမှု ဓာတုမနသိကာရ ဉာဏ်ထက် ဖြစ်+ပျက် မြင်+သိတဲ့ သမထ(ခေါ်) သမာဓိဉာဏ်ဟာ ဉာဏ်အဆင့် ပိုမြင့်ပါတယ်။

ရုပ်+နာမ်တွေရဲ့ ဖြစ်+ပျက်ကို မသိ သာမန်မျှသိမှု ခါတုမနသိကာရ ဉာဏ်ထက် ဉာဏ်အဆင့် ပိုမြင့်တဲ့ ဖြစ်+ပျက် မြင်+သိ ဉာဏ်တွေကိုတောင် ဝိပဿနာဉာဏ်လို့ ကျမ်းဂန်တွေမှာ မဆိုကြတာကို ထောက်ကြည့်ယင် ကိုယ် ကျင့်နေတဲ့ အဆင့်ဟာ ဝိပဿနာအဆင့် ရောက်မရောက် သိလောက်ပါပြီ။

## သွယ်ဝိုက် ဝိပဿနာဉာဏ်

[မူလပဏ်၊ ဋီကာ၊ နှာ-၆၄]

ရုပ်မြင် နာမ်သိမျှ ဖြစ်တဲ့ နာမ ရူပ ပရိစ္ဆေဒ ဉာဏ်နဲ့ ပစ္စယ ပရိဂ္ဂဟ ဉာဏ်တွေကို ဝိပဿနာ ဉာဏ်တွေလို့ ဆိုထားတဲ့ အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်ရဲ့ စကားတခွန်းရှိပါတယ်။ ဒီစကားဟာ တိုက်ရိုက် ပြောစကား မဟုတ်ပါဘူး၊ သွယ်ဝိုက် ပြောစကားသာ ဖြစ်ပါတယ်။

အစစ်နဲ့ နီးကပ်နေတာကြောင့် အစစ်မဟုတ်ထာကို အစစ်လိုလို ဖြစ်အောင် အတိုပြောနည်းနဲ့ ပြောဆိုတာကို ပရိယာယ်ပြောနည်း၊ သွယ်ဝိုက်ပြောနည်းလို့ ပညာရှင်တွေက ဆိုကြပါတယ်။ ဒီလို ပြောတာကိုလဲ ခွင့်ပြုကြပါတယ်။ ပြောသင့်တဲ့အချိန်မှာ ပြောလေ့ ရှိကြပါတယ်။

မော်လမြိုင်မြို့ရဲ့ အနီးအနား ကျေးရွာများမှာ နေထိုင်သူတွေဟာ အဝေးရပ်မြေမှာ ရောက်နေကြတဲ့အခါ "ငါ မော်လမြိုင်သား" လို့ ပြောကြတာမျိုးလိုပေါ့။

လူမျိုးတိုင်းရဲ့ စကားအားလုံးမှာ (၁) ဝါကျပြောနည်း(ခေါ်) အရှည်ပြောနည်း။ (၂) သမာသ်ပြောနည်း (ခေါ်) အတိုပြောနည်းလို့ ပြောနည်း နှစ်မျိုးရှိကြတာချည်းပါပဲ။ နိုင်ငံတော်ကို အုပ်ချုပ်နေတဲ့ အစိုးရလို့ ပြောယင် ဝါကျပြောနည်း (ခေါ်) အရှည် ပြောနည်း ဖြစ်ပါတယ်။ နိုင်ငံတော် အစိုးရလို့ ပြောယင် သမာသ် ပြောနည်း(ခေါ်) အတိုပြောနည်း ဖြစ်ပါတယ်။

ညောင်လွန့်တောရ ဝိပဿနာ ကျင့်စဉ်နည်းလို့ ပြောယင် ဝါကျ ပြောနည်း(ခေါ်) အရှည်ပြောနည်း ဖြစ်ပါတယ်။ ညောင်လွန့်နည်း လို့ ပြောယင် သမာသ်ပြောနည်း(ခေါ်) အတိုပြောနည်း ဖြစ်ပါတယ်။

ပြည်သူ့ပစ္စည်း ကုန်သွယ်ရေး ကော်ပိုရေးရှင်းလို့ အရှည်ပြော စကားကို ပ—ပ—က လို့ လုံးကောက် ပြောနည်းဟာလဲ ဗမာစကားမှာ ရှိပါသေးတယ်။

ပါဠိ ဘာသာမှာတော့ လုံးကောက် ပြောနည်း မရှိပါဘူး။ ဒါပေမယ့် အင်းချတဲ့ ဆရာတွေ တီထွင်ထားတဲ့ စ—ခ—ဗ—ဝ၊ ဗု—ဓမ်—သံ—န၊ သံ—ဂုံ—ပ—မ—ယ အစရှိတဲ့ အင်းဆံ ပါဠိပျက်တွေ တော့ ရှိပါတယ်။

နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟ ဉာဏ်တွေဟာ **"ဝိပဿနာ ဉာဏ်ရဲ့ နီးကပ်တဲ့ အခြေခံ ဉာဏ်တွေ"** လို့ ဝါကျ ပြောနည်း(ခေါ်) အရှည်ပြောနည်းနဲ့ ပြောသင့်ပေမယ့် စကားတိုတို ဆိုချင်တာကြောင့် 'ဝိပဿနာဉာဏ်တွေ' လို့ အတိုပြောနည်းအရ ပြောဆိုထားတဲ့ အရှင် မဟာ ဗုဒ္ဓဃောသ မထေရ်မြတ်ရဲ့ ပရိယာယ်စကား၊ သွယ်ဝိုက်စကား မျှသာ ဖြစ်ပါတယ်။ ဒါကြောင့် နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယ ပရိဂ္ဂဟဉာဏ်တွေကို ဝိပဿနာဉာဏ် စစ်စစ်တွေလို့ အသိအမှတ် မလွဲကြ ပါနဲ့။ အသိဉာဏ် မဖွံ့ဖြိုးသေးသူတွေ အယူလွဲကုန်အောင် ဝိပဿနာ ဉာဏ်တွေလို့ မပြောကြပါလေနဲ့။

ပိဋကကျမ်းဂန်တွေမှာ ဝိပဿနာစစ်စစ် မဟုတ်တဲ့ ဉာဏ်တွေကို ဝိပဿနာ ဉာဏ်တွေလို့ အတိုနည်းနဲ့ ဆိုထားတဲ့ စကားတွေ များစွာ ရှိနေပါတယ်။ ပရိယတ်ဉာဏ် မပြည့်ယင် ပဋိပတ်ဉာဏ်မဖြစ်ပဲ လွဲချော် ကာ ပဋိပတ် ဟန်မျှသာ ဖြစ်တတ်ပါတယ်။

## ဝိပဿနာ အတု

ပြောခဲ့ပြီး သွယ်ဝိုက် ဝိပဿနာဉာဏ်တွေကို ဝိပဿနာ အတုတွေ လို့ အမှတ်မလွဲကြပါနဲ့။ ဝိပဿနာ အတုတွေ မဟုတ်ကြပါဘူး။

ရုပ်တွေ+နာမ်တွေကို တကယ် မမြင်+မသိသေးပဲ အနိစ္စ, ဒုက္ခ, အနတ္တလို့ ရှုမှတ်နေမှုဟာ ဝိပဿနာ အတုပဲ။ စိတ်ပုတီးကိုင်ကာ အနိစ္စ,

ဒုက္ခ, အနတ္တလို့ ပုတီးစိပ်နေမှု ယခုခေတ်မှာ ရှင်အရဟံ ပုတီးစိပ်နည်း လို့ လောကီ ဝိဇ္ဇာ ဂိုဏ်းဆရာတချို့ စွဲယူထားကြတဲ့ နာမရုပ် အနိစ္စ ဒုက္ခ အနတ္တ စတဲ့ နည်းလွဲတွေဟာ ဝိပဿနာ အတုသက်သက်သာဖြစ်ကြ ပါတယ်။

ရှင်ပြု ပဉ္စင်းတင် အစရှိတဲ့ အလှူပွဲတွေမှာ ရေစက်ချ စာတမ်း ရွတ်ဆိုတဲ့အခါ အလှူခံပုဂ္ဂိုလ်၊ အလှူပေး ပုဂ္ဂိုလ်တွေဟာ ရုပ် နာမ် ဓမ္မတွေသာ ဖြစ်ကြသောကြောင့် အနိစ္စတရားတို့ပါတည်း၊ လှူဖွယ် ပစ္စည်း အသီးသီးတို့သည် ရုပ်တရားမျှသာ ဖြစ်ကြသောကြောင့် အနိစ္စ တရားတို့သာတည်းဟု ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်ပါကုန်၏ အစရှိတဲ့ လုပ်ငန်းဟာ ဖြစ်+ပျက်ကို မြင်+သိ ဖို့ ဝေလာဝေး၊ ရုပ် နာမ် ကိုမျှ တကယ်မသိသေးပဲ "ဝိပဿနာ ရှုပါ၏"လို့ ပါးစပ်တည့်ရာ ရွတ်ဆိုနေ တာကြောင့် ဝိပဿနာ အတု စစ်စစ်သာ ဖြစ်ပါတယ်။

ဒီလို ဝိပဿနာ အတုစကားကိုသာ ရွတ်ဆိုကာ ဝိပဿနာ အတု ပွားနေတာကြောင့် အလှူရှင်တွေမှာ သောမနဿ(ခေါ်) ဝမ်းသာမှု မဖြစ်လို့ အလှူ့ရဲ့ကောင်းကျိုး မဖွံ့ဖြိုး၊ ဆုတ်ယုတ်တယ်၊ ဝိပဿနာ အတု လုပ်မှုအတွက် ဘာကောင်းကျိုးကိုမျှ မရဘူး၊ ရှင်အရဟံ ပုတီးစိပ် နည်း အလွဲထက် အများကြီး ပိုမိုနစ်နာတယ်။

## နှောင်းခေတ်ဆရာတွေ စကားရှုပ်ပွေ

နှောင်းခေတ် တချို့ ဝိပဿနာ ဆရာတွေ စကားရှုပ်ထွေးနေ ကြတာကြောင့် ယောဂီတွေ နစ်နာမှု ကြီးထွားနေပုံကို ပြောပါဦး မယ်။ ပြောကွက်ဆိုက်တုန်းမှာ ပြောပါမှ တရားနာသူတွေ ဗဟုသုတ စုံကြမယ်၊ တရားကျင့်သူတွေ ကောင်းကျိုး ဖြစ်ထွန်းကြမယ်။

ပြောခဲ့ပြီးတဲ့ အဋ္ဌကထာ ဆရာကြီး အရှင် မဟာ ဗုဒ္ဓ ဃောသ မထေရ်မြတ်ရဲ့ စကားဟာ သွယ်ဝိုက်စကားပဲလို့ မသိကြတာကြောင့် နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယ ပရိဂ္ဂဟဉာဏ်တွေကို ဝိပဿနာ ဉာဏ် စဉ်ထဲ ထည့်သွင်းကြပြီး ဝိပဿနာ ဉာဏ်စဉ် ၁၂-ပါး ရှိတယ်၊ ရုပ်+နာမ် မြင်တာ ဝိပဿနာလို့ နှောင်းခေတ် ဝိပဿနာဆရာ တချို့က စကား ရှုပ်ပွေ မဟုတ်တာတွေ ပြောကြပါလေရော။

ရုပ် နာမ်မြင်ယင် စူဠ သောတာပန်ဖြစ်ပြီလို့ ထပ်ဆင့် အလွဲပြောသူတွေလဲ တဖွဲဖွဲ ပေါ်လာကြကုန်ပြီ။

ရုပ် နာမ်မြင် စူဠသောတာပန် ဖြစ်ပြီးယင် ဘယ်တော့မှ အပါယ်မကျပေဘူး၊ ယောဂီကို ဝိပဿနာ အတောင်ထပ်ပြီးပြီ၊ ပုံချင်ရာ ပုံ တော့၊ အကျမရှိပြီလို့ သူ့ထက်က အလွဲပြောသူတွေ စာအုပ်ရိုက်နှိပ် ထုတ်ဝေတဲ့အထိ ရှိနေကြပြီ။

အလွဲပြောရာမှာ ရဲလွန်း ကဲလွန်းတဲ့ ဒီဆရာတွေရဲ့ စကား အမှားတွေကို အမှန်ပဲလို့ စွဲယူကြတဲ့ ယောဂီတွေဟာ ရုပ် နာမ်ကို သာမန်သိရုံမျှ ဝိပဿနာဉာဏ်နဲ့ ဝေးကွာနေကြပေမယ့် ငါ ဝိပဿနာ ဉာဏ်ကို ရပြီလို့ အထင်ကြီးကြတယ်။ ဖြစ်+ပျက်ကို တချက်မျှ သိရယင် ငါ စူဠ သောတာပန် ဖြစ်ပြီ၊ အပါယ်တံခါး ပိတ်ပြီလို့ အထင်မှား ကြတယ်။

တရား အားမထုတ်ခင်က ငရဲကြောက်လို့ ငါးမျှားတံကို မကိုင်ချင်ကြပေမယ့် သောတာပန် ဖြစ်ပြီးမှ ငါးမျှားနေသူတွေ ဖြစ်ကြရမှု အစရှိတဲ့ မကောင်းတဲ့ အမွေဆိုးကျိုးတွေ မရေတွက်နိုင် အောင် ဖြစ်နေကြတယ်။

မှားနေပါတယ်လို့ ကျိုး+ကြောင်းရှင်းပြ ပြောကြသူတွေကို သူများကို မတရားပြောဆိုနေတဲ့ အလကား ကိုယ်တော်တွေလို့ ငြူစူ ကြပြန်တယ်။

နိဗ္ဗာန်ကိုသာ အာရုံပြုကြတဲ့ ဂေါ်တြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာ ဉာဏ်တွေကို ထည့်သွင်းပြီး ''ဝိပဿနာဉာဏ် ၁၆-ပါး''လို့ အချို့ ဆရာရမ်းတွေက အဆန်းထွင်ကာ ပြောနေကြတဲ့ စကားတွေဟာ မပျက်တဲ့ နိဗ္ဗာန်ကို ဝိပဿနာ ရှုရသယောင်ယောင် အူကြောင်ကြောင် စကားတွေသာ ဖြစ်ကြပါတယ်။

မြတ်ဗုဒ္ဓရဲ့ တရားမှန်တော်ကြီး မတိမ်းမစောင်းရအောင် ကိုယ့် မျက်မှောက် ရောက်လာသူတွေ မလွဲမမှားကြအောင် ရှင်းလင်းပြောပြ နေပါတယ်။

ဒါပေမယ့် ဝိပဿနာ ဌာနတချို့မှာ ပြောခဲ့တဲ့ အမှားအလွဲတွေ ဖြစ်နေတာကြောင့် ဂူလာထူပြောစောင်းမြောင်းဆဲရေး ဟောနေတယ်လို့ ထင်စရာ ဖြစ်နေပါတယ်။

ဗုဒ္ဓရဲ့ တရားတွေဟာ ငါတို့နဲ့ ဘာမျှ မသက်ဆိုင်ဘူး၊ ငါတို့ကိုယ်တွေ့ တရားတွေကိုသာ ငါတို့ ဟောပြောနေတာပါလို့ ထိုထိုအလွဲပြောနေကြတဲ့ ကမ္မဋ္ဌာန်း နည်းပြဆရာတွေက မြတ်ဗုဒ္ဓ တပည့်သားတွေရဲ့ အဝတ်ဖြစ်တဲ့ သင်္ကန်းကို စွန့်လွှတ်ကြပြီး ငါဗုဒ္ဓဘာသာဝင် မဟုတ်ဘူးလို့ ကြွေးကြော်ကြယင် ဦးပဉ္စင်းတို့ ပြောဖို့ မရှိတော့ပါဘူး။

ဗုဒ္ဓရဲ့ တရားတွေကို ဟောပြော နေကြပါတယ်လို့ ထိုထိုကမ္မဋ္ဌာန်း ဆရာတွေက ပြောဆိုနေကြတာကြောင့် ထိုထိုဆရာတွေရဲ့ အလွဲအမှား ပြောစကားတွေဟာ မြတ်ဗုဒ္ဓရဲ့ တရားမှန်တော်ကြီးနဲ့ သက်ဆိုင်နေပါတယ်။ တရားမှန်တော်ကြီးကို လွဲမှားယွင်းချွတ်အောင် ပြောဆိုရာ ရောက်နေပါတယ်။

မြတ်ဗုဒ္ဓရဲ့ တရားမှန်တော်ကြီး လွဲမှား တိမ်းစောင်းမည့် အခြင်းအရာတွေကို ကြားရ သိရယင် ဖြောင့်မတ်တည်ကြည်သူတွေ မှန်သမျှကာကွယ် တားဆီးကြရတဲ့ တာဝန်ကို စွမ်းနိုင်သမျှ ထမ်းဆောင်ကြရတာပါပဲ။

သူပြောတာ သူ့စကား၊ သူမှားယင် သူခံလို့ မမှန်တဲ့ ဆင်ခြေကန်ကာ တာဝန်ကို ရှောင်လွှဲသူဟာ အဂတိလိုက်စားသူ စစ်စစ်တာဝန်မကျေသူ အချောင်သမား ဖြစ်ပါတယ်။

ဂျိန်းဘုရား အစရှိသူတွေရဲ့ ဝါဒဟာ မှားယွင်းပါတယ်လို မြတ်ဗုဒ္ဓ ကိုယ်တော်တိုင်က တရားမှန်တော်ကြီး ထွန်းလင်း တည်မြဲဖို့၊ သတ္တဝါတွေ ကောင်းကျိုး ရကြစေဖို့ ရည်ရွယ်ပြီး မိန့်ကြားတော်မူခဲ့ပါတယ်။

ဒီအချက်နဲ့ ပတ်သက်ပြီး ပြောစရာနမူနာတွေ များလှပါတယ်။ ပရိသတ် သိလွယ်အောင် ယခုခေတ် နမူနာကို ပြောပါမယ်။

ယနေ့ မြန်မာနိုင်ငံမှာ လေးစားကြည်ညိုထိုက်တဲ့ မဟာစည်ဆရာတော် ဘုရားကြီးဟာ သက်တော်ထင်ရှား တရား ဟောတော်မူ

နေပါသေးတယ်။ မဟာစည် ဆရာတော်ဘုရားကြီးရဲ့ ဟောပြော ရေးသားချက်တွေကိုကြည့်ယင် အခြားသူများ လွဲမှားနေတဲ့ အချက်ကို လွဲမှားနေတယ်လို့ ထောက်ပြပြီး အမှန်ရောက်အောင် ပြင်ဆင်ညွှန်ပြ တော်မူနေတာကို တွေ့ရပါတယ်။

မဟာစည် ဆရာတော်ဘုရားကြီးဟာ ဣဿထူပြော စောင်း မြောင်း ဆဲရေး ဟောနေတယ်လို့ အထင်မလွဲကြပါနဲ့။ မြတ်ဗုဒ္ဓရဲ့ တရားမှန်တော်ကြီး မတိမ်းမစောင်းရအောင် တားဆီး နေတယ်၊ လူအများ အယူအကျင့် မမှားရအောင် ကောင်းကျိုးဆောင်တော်မူ နေပါတယ်လို့ မှတ်ယူကြပါ။ နည်းလမ်းမှန်အောင် ယူဆမှု (ယောနိ သော မနသိကာရ) မရှိယင် အကုသိုလ် ဖြစ်ပွားပါတယ်။

**“အမှား ထောက်ပြသူကို ကျေးဇူးတင်ရမယ်”**လို့ မဟာစည် ဆရာတော်ဘုရားကြီးရဲ့ မိန့်ကြားတော်မူချက်ဟာ ဟေမဝတသုတ္တန် တရား စာအုပ်မှာ ထင်ရှားရှိပါတယ်။

× × ×

## (၄) အယူ မသည်းနဲ့၊ မခက်ထန်နဲ့

ဆိုးကျိုးပေးတရား အကုသိုလ်များ ကင်းစင်ဖို့ မလိုက်နာယင် မပြီး အရေး အကြီးဆုံး အချက်နှစ်ရပ်ကို သလ္လေခ သုတ်တော်မှာ မြတ်ဗုဒ္ဓ ဟောညွှန်တော်မူခဲ့တာက (၁) နစ အာဓာနဂ္ဂါဟီ **လွဲမှားနေ ပြီး အယူ မသည်းနဲ့**၊ (၂) နစ ဒုပ္ပဋိနိဿဂ္ဂီ **အယူလွဲ စွန့်ရန် မခက်ထန်နဲ့**။

ပညာရှင်များ လေးစားယုံမှတ်စရာ ကြောင်း+ကျိုးစပ်အောင် အခြားသူက ပြောကြားပေမယ့် ကြောင်း+ကျိုး မဟပ် စကားစပ် မမှန် နောက်ပြန် ရှေ့ရောက် ပေါက်ကရတွေပြောကာ ငြင်းခုံ နေသူ တွေဟာ အယူသည်းသူ ဖြစ်ပါတယ်။

ကိုယ် မှားတယ်လို့ သိနေပေမယ့် အမှားကို စွန့်ယင် ကဲ့ရဲ့ခံရ မှာ သေချာပါတယ်လို့ တွေးရှိကာ ဟိုနှယ် ဒီနှယ် မဖွယ်မရာ အကြောင်းပြနေသူဟာ အယူလွဲစွန့်ရန် စိတ်ခက်ထန်နေသူ ဖြစ်ပါတယ်။

လွဲမှားနေပြီး အယူသည်းသူတွေ၊ အလွဲစွန့်ရန် စိတ်ခက်ထန် နေသူတွေဟာ ကောင်းကျိုး ဖြစ်ကြောင်း နည်းမှန်ကောင်းကို မသိနိုင်

သူ ဖြစ်ပါတယ်။ နည်းမှန်ကောင်းကို မသိသူရဲ့ ကြံစည်၊ ပြောဆို၊ ပြုလုပ်မှုတွေဟာ မှန်ကန်တာ မဖြစ်နိုင်ပါဘူး။ ကြံစည်၊ ပြောဆို၊ ပြုလုပ်မှု မမှန်ယင် ကောင်းကျိုး မဖြစ်လှာနိုင်ပဲ ဆိုးကျိုးသာ ကေန် ဖြစ်လှာမယ်။

**အယူ မသည်းမှ ကိုယ့်အလွဲကို မြင်သိလွယ်တယ်၊ အလွဲကို စွန့်မှ အမှန်ကို ရမယ်။ အမှန်ကို ရမှသာ ကောင်းကျိုးဖြစ်နိုင်တယ်။ ကိုယ့် အလွဲကို မစွန့်ယင် ကိုယ် ရနေမြဲ အလွဲကိုသာ ရနေမှာပေါ့။**

## မှန်ပါလျက်နဲ့ အယူမသည်းခဲ့

ဦးပဋ္ဌင်းကိုယ်တိုင် တပည့်သံဃာတွေကို ပညာသင်ပေး၊ ပိဋကစာပေတွေကို ကြည့်၊ ကိုယ်တိုင်လဲ ကျင့်၊ ထိုထိုဌာန ကမ္မဋ္ဌာန်း နည်းပြ ဆရာတွေနဲ့လဲ ဆွေးနွေးကာ ဝိပဿနာဉာဏ်ကို မှန်မှန်နဲ့ မြန်မြန်ရနိုင်တဲ့ စနစ်ကောင်းကို ရှာခဲ့တာပါပဲ။

ကိုယ့်နည်းက မှန်နေပေမယ့် သူများစနစ်က မှန်မှန်နဲ့ မြန်မြန် ရနိုင်တယ်ဆိုယင် အယူ မသည်းပဲ သူများစနစ်ကို လိုက်ခဲ့တာ ၁၆–နှစ် ကုန်လွန်ခဲ့ပါတယ်။

ညောင်လွန့်တောရ ဝိပဿနာ ကျင့်စဉ်နည်းကို လေးစား လိုက်နာခဲ့တာဟာ ကိုယ့်ကျင့်နည်း မှားနေလို့ မဟုတ်ပါဘူး။ ကိုယ့်စနစ်ထက် အများကြီး ပိုမိုစနစ်ကောင်းပြီး နည်းမှန် တရပ်လဲ ဖြစ်လို့ မှန်သည်၊ မြန်သည်၊ မြဲသည် သုံးချက်ညီ ကောင်းကျိုးပေးတဲ့ ညောင်လွန့် တောရ ဝိပဿနာ ကျင့်စဉ်နည်းကို အလွန်တန်ဖိုးထား လေးစား လိုက်နာနေပါတယ်။

**တရား ပြခွင့် ပြုရန် တောင်းပန်တယ်** ။ ''ဆရာတော် အရှင်မြတ်ဘုရား၊ တပည့်တော် သင်ကြား တတ်မြောက် ထားတဲ့ ပရိယတ္တိပညာ၊ တပည့်တော် ကိုယ်တိုင် ကျင့်ကာ သိမှတ်ထားတဲ့ ပဋိပတ္တိပညာတွေနဲ့ ရောစွက်ပြီး အရှင်မြတ်တို့ရဲ့ ညောင်လွန့်တောရ ဝိပဿနာ ကျင့်စဉ် နည်းကို တပည့် သံဃာတွေ ဒကာ ဒကာမတွေကို ညွှန်ပြခွင့်ပြုတော်မူပါ ဘုရား''လို့ ယာဉ် ... တော်ထင်ရှား ရှိနေသေးတဲ့ ညောင်လွန့်တောရ ကျောင်းကြီးရဲ့

(တတိယမြောက်) တိုက်အုပ် ဆရာတော်ဘုရားကြီးထံမှာ ခွင့်ပန်ခဲ့ပါတယ်။

**တန်ဖိုးကြီးလှ။ သြဝါဒတော်** ။“ခွင့်ပြုပါတယ် ရွှေကျောင်းဘုန်းကြီး၊ သာသနာတော်အတွက် အရေးကြီးတဲ့ အချက်ကိုလဲ ပြောထားမယ်။ ရွှေကျောင်းဘုန်းကြီး **ပြုလုပ်နေမြဲဖြစ်တဲ့ ပရိယတ်လုပ်ငန်းကို ဖြတ်ပြီး တရားပြသက်သက် မလုပ်ပါနဲ့**။ ပရိယတ်လုပ်ငန်းဟာ သာသနာတော်ကြီးပွားကြောင်း စစ်စစ် ဖြစ်ပါတယ်။ ပဋိပတ် လုပ်ငန်းဟာ သာသနာတော် ပြန့်ပွားကြောင်း ဖြစ်တယ်။ ကြီးပွားကြောင်း မဟုတ်ပါဘူး။

“စာပေ ပို့ချနိုင်တဲ့ အရည်အချင်း ရှိပါလျက်နဲ့ စာမချပဲ တရားပြလုပ်ငန်း သက်သက်ကို လုပ်နေသူတွေ၊ တရားလည်ဟောနေသူတွေကို သာသနာတော်အတွက် တကယ်အကျိုးများတဲ့ ပရိယတ်လုပ်ငန်းကို စွန့်ပစ်ထားတာကြောင့် ကြည့်လို့မရပါဘူး။

“တပည့်တော်ဟာ အသက် ၇၀-နီးနေပြီ၊ ယနေ့ထိ တနေ့ သုံးကြိမ် စာချ နေပါသေးတယ်၊ ခွတ်လတ်ချိန်မှာ တရားပြပါတယ်။

“ရွှေကျောင်းဘုန်းကြီးလဲ ပရိယတ်ကိုဇောက်ချလုပ်ပါ။ ခွတ်လတ်ချိန်မှာ တရားပြပါ။ **တရားပြလုပ်ငန်းမှာ အရှုပ်အထွေးတွေဟာ ပရိယတ်လုပ်ငန်းမှာထက် ပိုများတယ်**”လို့ ခွင့်ပြုချက်နဲ့ တဆက်တည်း တန်ဖိုးကြီးလှတဲ့ သြဝါဒတော်ကိုပါ ပေးတော်မူပါတယ်။

**သြဝါဒမြတ်။ ခံယူတတ်စေ** ။“ဆရာတော်ဘုရားရဲ့ သြဝါဒတော်ကို လေးစားလိုက်နာပါမယ်ဘုရား။ တပည့်တော် ပန်းပဲတန်း၊ မင်းကျောင်း စာသင်တိုက်မှာ ဘဝနတ်ထံ စံတော်မူသွားတဲ့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးရဲ့ လက်အောက်ခံ စာချအဖြစ်နဲ့ နေစဉ်က ဒကာ ဒကာမတွေနဲ့ ဆက်ဆံရေး နည်းပါးပါတယ်။ သူတို့အတွက် ကိုယ့်မှာ တာဝန်ရှိတယ်လို့လဲ မမှတ်ခဲ့ပါဘူး။ ဆွမ်းစားလိုက်ရမှာလဲ ပျင်းပါတယ်။ စာချပျက်တယ်လို့ ခံယူချက် ထားခဲ့ပါတယ်။

ဒီကျောင်းမှာ ကျောင်းဘုန်းကြီး ဖြစ်လာတော့ တပည့်သံဃာတွေအတွက်သာ မဟုတ်တော့ပဲ ဒကာ ဒကာမတွေ အတွက်ပါ တာဝန်ရှိလာပါတယ်။ ကျောင်းထိုင်ဘုန်းကြီးတွေဟာ ဒကာ ဒကာမတွေကို ဒါနကုသိုလ်၊ သီလကုသိုလ် လောက်နဲ့ ပစ်မထားသင့်ဘူး။ ပစ်ထားယင် တာဝန်မကျေတဲ့ ကျောင်းထိုင် ဘုန်းကြီးပဲ။ ဝိပဿနာကုသိုလ် ဖြစ်ပွားကြအောင် ဆောင်ရွက်ပေးရမယ်၊ ကိုယ်မစွမ်းနိုင်ယင် စွမ်းနိုင်သူကို ရှာဖွေ ပင့်လျှောက်ကာ ဆောင်ရွက်ပေးရမယ်လို့ တပည့်တော် ခံယူထားပါတယ် ဘုရား။

"သပိတ်အိုင်တောရ* သိမ်သမုတ်ကိစ္စနဲ့ ဆရာတော် ဘုရားကိုယ်တိုင် ကြွလာချိန်က တရားဟောတော်မူရန် စိတ်မသန်တာ သိပါလျက်နဲ့ အတန်တန်တောင်းပန်ပြီး ဒီကျောင်းမှာ တရားပွဲ သုံးညဉ့်ကျင်းပခဲ့တာ၊ ထားဝယ်မြို့မှာ ခတ် ၆—ပါးနည်းကို အမြဲညွှန်ပြတော်မူနေတဲ့ ရှင်မုတ်ထီးတိုက်ကျောင်း ဆရာတော်ဘုရားကြီးကို ခက်ခက်ခဲခဲ ပင့်ဆောင်ပြီး ဆယ်ရက်တိုင်တိုင် တရားပွဲကျင်းပပေးခဲ့တာတွေ၊ မဟာစည် ဆရာတော်ဘုရားကြီးရဲ့ တရားဟောပွဲကို နှစ်နှစ်တိုင်တိုင် ကျင်းပပေးခဲ့တာတွေဟာ ဒကာ ဒကာမတွေအပေါ်မှာ တာဝန်ကျေချင်လို့ပါဘုရား။

"ယခုလဲ ညောင်လွန့် တရားပြ စနစ်ဟာ ဗုဒ္ဓကိုယ်တိုင် တရားပြတော်မူခဲ့တဲ့ စနစ်ဟောင်း စနစ်ကောင်း ဖြစ်တာကြောင့် ဘုရားကျောင်းကြီးလောက်နီးနီး မေတ္တာ ကရုဏာထားကာ ပင်ပန်းခံနိုင်စွမ်းရှိပါမှ ညောင်လွန့် ဝိပဿနာ နည်းပြဆရာ ဖြစ်နိုင်တယ်လို့ တပည့်တော်ကိုယ်တိုင် သိပြီးမှ တရားပြခွင့် တောင်းခံပါတယ်ဘုရား။

"တပည့် သံဃာတွေနဲ့ ဒကာ ဒကာမတွေအပေါ်မှာ တာဝန်ကျေအောင် ဆရာတော်ဘုရားရဲ့ ဩဝါဒတော်အတိုင်း ဂရိယာတ် လုပ်ငန်းကို မဖြတ်ပဲ တရားပြပါမယ်ဘုရား" လို့ ပြန်ကြား လျှောက်ထားခဲ့ပါတယ်။

---

* သပိတ်အိုင်တောရသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ် အခွေ့၊ လက်ကြိုက (ကျုံက) ရွာအနီး နွားလပို့တောင်ခြေတွင် ရှိသည်။

## လမ်းမှန်ဖို့ အရေးကြီးတယ်

ရွှေ ပရိယတ္တိစာသင်တိုက် ဆရာတော်ဟာ ပိဋက ကျမ်းဂန်တွေကိုလဲ အထိုက်အလျောက် တတ်လျက်နဲ့ ဒကာ ဒကာမတွေကိုလဲ အထိုက်အလျောက် တရားပြနေပါလျက်နဲ့ ညောင်လွန့်တောရ ဝိပဿနာ ကျင့်စဉ်နည်းကို လက်ခံကာ ညောင်လွန့်ဆရာတော်ထံ တပည့်ခံတာဟာ ရှက်စရာလို့ ကဲ့ရဲ့ခံရမှာ မကြောက်ပါဘူး။ ကဲ့ရဲ့ခံရတာထက် ကိုယ်လမ်းမှန်ဖို့၊ စနစ်မှန်ရဖို့ အရေးကြီးတယ်လို့ နှလုံးသွင်းထားပါတယ်။

## အကောင်းဆုံးစနစ်

ယနေ့ထိ ကိုယ်တိုင်သိ၊ ပြောသံကြား ဝိပဿနာ တရားပြ စနစ်ပေါင်းများစွာထဲမှာ ညောင်လွန့် တရားပြစနစ်ဟာ ယောဂီတွေအတွက် ယနေ့ မြန်မာနိုင်ငံမှာ အကောင်းဆုံးပဲလို့ မှတ်ယူထားပါတယ်။ ညောင်လွန့်တောရ ဝိပဿနာ ကျင့်စဉ် နည်းတခုသာ မှန်တဲ့နည်းဖြစ်တယ်လို့တော့ အယူ မရှိပါဘူး။ မြန်မာနိုင်ငံမှာ မှန်တဲ့နည်းတွေ အများပဲ၊ လွဲတဲ့နည်းတွေ နည်းပါတယ်လို့ မကြာခဏ ပြောနေပါတယ်။

ကိုယ့် ကျင့်နည်း မှန်နေပါလျက်နဲ့ ကိုယ့်ထက် စနစ်ကောင်းသာလွန်တဲ့ ကျင့်နည်းမှန်ကို ဦးပဥ္စင်းတို့ လေးစားလိုက်နာသလို ပရိသတ်တွေလဲ ငါ မှန်တယ်၊ ငါ့ဆရာ မှန်တယ်လို့ အယူ မစွဲကြ၊ အယူ မသည်းကြပဲ အမှန်သိဉာဏ်ကို မှန်မှန်နဲ့ မြန်မြန်ရအောင် ရှာဖွေကြိုးပမ်းကြကာ နိဗ္ဗာန်ကို ရောက်ကြပါစေလို့ မေတ္တာရေလောင်းကာ ယနေ့ နံနက် ဟောပြောချက်ကို ရပ်နားလိုက်ပါတယ်။

## ၁၃၄၁–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈–ရက်၊ နံနက် ၈း၁၀ နာရီ

### အသိဉာဏ်ရကြောင်း နည်းမှန်ကောင်း

ဒကာ ဒကာမတွေ ဒီကျောင်းကို ရောက်လာကြပြီး တရားနာကြတာ ဘာကို ရချင်ကြလို့လဲ မေးယင် အမျိုးမျိုး ဖြေကြတာပဲ။

ကုသိုလ် ရချင်လို့ဖြေယင် တခြားကျောင်းတွေ သွားကြယင်လဲ ကုသိုလ်ရနိုင်တာကြောင့် အစွန်းမလွတ်တဲ့ အဖြေပဲ။ ဗဟုသုတရချင်လို့ပါလို့ ဖြေယင်လဲ မှန်တဲ့အဖြေ မဟုတ်သေးပါဘူး။ အသိဉာဏ်ကောင်းကို ရချင်လို့ တရားနာတာပါလို့ ဖြေယင်တော့ မှန်တဲ့ အဖြေပဲ။ တရားနာခြင်းဟာ အမြင်မှန် အသိဉာဏ်ကောင်းရဖို့ နည်းလမ်းကောင်းတရပ် ဖြစ်ပါတယ်။

တရားနာကြားရုံမျှနဲ့ အမြင်မှန် အသိဉာဏ်ရဖို့ လုပ်ငန်းဟာ မပြည့်စုံသေးပါဘူး။ တရားနာပြီးယင် ကိုယ့်လုပ်ငန်းနဲ့ သင့်တော်အောင် နှိုင်းချိန်မှု ပြုရပါဦးမယ်။ ဒီလုပ်ငန်းစဉ် နှစ်ရပ်လုံးနဲ့ ပြည့်စုံကြမှသာ အမြင်မှန် အသိဉာဏ်ကို ကောန် ရနိုင်ပါတယ်။

### တရားနာတိုင်း အသိဉာဏ်ကောင်းမရ

တရားနာယင် အသိဉာဏ်နဲ့ ကုသိုလ်ကို ရနိုင်ကြတယ်ဆိုပေမယ့် တရားနာတိုင်း ကုသိုလ်ကို မရပါဘူး။ အမြင်မှန် အသိဉာဏ်ကိုရဖို့ သပ္ပာယဓမ္မဿဝဏံ သင့်တော်တဲ့ တရားနာမှုကို ပြုကြရမယ်လို့ ရှေးပညာရှင်ကြီးတွေက ညွှန်ကြားတားကြပါတယ်။

ကိုယ့်သက်ဆိုင်ရာ လုပ်ငန်းအတွက် သင်တော်တဲ့ တရားစကား ကို နာယူမှသာ ကိုယ်လိုချင်တဲ့ အသိဉာဏ်ကောင်းကို ရနိုင်ပါတယ်။

ဘုရားဟော သုတ္တန်ပါဠိတော်ကို တန်ဖိုးရှိအောင် လိုရင်းကျကျ မဟောတတ်ထားကြောင့် အဋ္ဌကထာလာ ဇာတ်ထုပ်ကိုသာ အသားပေး ဟောနေကြတဲ့ ကိုယ်တော်တွေရဲ့ "ပဋ္ဌာစာရာဟာလေ တဏှာ အကြိုက် လင်နောက်လိုက်ပြေး ကလေးနှစ်ယောက် ရှယ်မရောက်ခင် ချစ်လင်နဲ့ သားတွေသေ၊ မိဘနဲ့ ဉစ္စာတွေ ပျက်ပြုန်းတော့ ယူကျုံးမရ အပူလုံးကြွပြီး အရူးမကြီး ဖြစ်ရလေတော့သတည်း" ဆိုတဲ့ ဟောချက်မျိုးတွေ "ဘုရားဟောတာက ဓမ္မာမည်၊ တရားဟောတာက မဟာထေရ် (ထည်)" အစရှိတဲ့ ဝိပဿနာ တရားဟောသူ တချို့ရဲ့ အသံကောင်း ဟစ်နေသံမျိုးတွေကို နားထောင်ကြလို့ ဝိပဿနာကျင့်ဖို့ အသိဉာဏ်ကောင်းမှန်ကို မရ၊ ကုသိုလ်လဲ တစက်သားမျှ မရကြပါဘူး။

တရားရိပ်သာတွင်း ဝင်နေချိန်မှာ ရုပ် နာမ်ကိုမျှ မမြင်ကြ မသိကြသေးပဲ အထက် ဝိပဿနာ ဉာဏ်စဉ်တွေ အကြောင်းကို နားထောင်နေခြင်းဟာလဲ သင့်တော်တဲ့ တရားနာမှု (သပ္ပာယဓမ္မဿဝဏ) မဟုတ်ပါဘူး။ တရားကျင့် လုပ်ငန်း ပျက်တဲ့အပြင် နှလုံးသွင်း မမှန်ယင် ဘဝင်မြင့်သူဖြစ်ကာ မကောင်းကျိုး စစ်စစ်ကိုသာ ရနေတတ်ပါတယ်။

ဒါကြောင့် ကိုယ့်လုပ်ငန်းအတွက် သင့်တော်တဲ့ တရားစကားကိုသာ နာယူကြပါ။ တရား စာအုပ်တွေ၊ စာစောင်တွေ ဖတ်တာဟာလဲ တရားနာတာနဲ့ အတူတူပဲလို့ သိမှတ်ကြပါ။

## ကိုယ့်ကိစ္စသာ နှိုင်းချိန်ပါ

သင့်လျော်တဲ့ တရားစကားကို နာယူပြီးယင် ပါဠိလို မုတ (ခေါ်) အတွေ့အကြုံနဲ့ ထောက်ဆပြီး သင့်တော်အောင် နှိုင်းချိန် တတ်ပါမှ အမြင်မှန် အသိဉာဏ် ဖြစ်ပွားနိုင်ပါတယ်။

အတွေ့အကြုံရှိပေမယ့် စဉ်းစား နှိုင်းချိန်မှုမပြုယင် အသိဉာဏ် ကောင်း မဖြစ်နိုင်ပါဘူး။ အတွေ့အကြုံ မရှိသူရဲ့ နှိုင်းချိန်မှုဟာ မှန်ကန်မှု နည်းပါးပါတယ်။ ဒါကြောင့် ရှေးဗမာ ပညာရှင်ကြီး

တွေက "မုတမပါ လက်ာမချော၊ မုတပါမှ လက်ာချောတယ်"လို့ စကားပုံတရပ် သတ်မှတ်ထားခဲ့ကြပါတယ်။

ပြောသံကြား အတွေ့အကြုံနဲ့ ကိုယ်တိုင် အတွေ့အကြုံလို့ ဘက်ပေါင်းစုံ အတွေ့အကြုံများပြီး ကြောင်း+ကျိုး စပ်အောင် နှိုင်းချိန်တတ်သူရဲ့ အသိဉာဏ်ဟာ ကြီးထွားကျယ်ပြန့်ပါတယ်။ ဒါကြောင့် နှိုင်းနှိုင်းချိန်ချိန် သုခမိန်လို့ ရှေးပညာရှင်ကြီးတွေက ဆိုရိုးပြုထားကြပါတယ်။

ဝိပဿနာ လုပ်ငန်းအတွက် အမြင်မှန် အသိဉာဏ် ရချင်သူတွေ ကြိုတင်သိထားသင့်တဲ့ သမာဓိ မျက်စိနဲ့ ဝိပဿနာ မျက်စိ အကြောင်းကိုပဲ ဆက်ပြောရအုံးမယ်။

နာမ ရူပမိဒံ ဘိက္ခဝေ သုညံ အတ္တေ နဝါ အတ္တနိ ယေ နဝါ (ပါဠိတော်)

နာမရူပမိဒံ နတ္ထိတ္တေ အတ္တာဝါ အတ္တနိယံ ဝါ တိဝေံ ပဝတ္တာဉာဏံ နာမရူပ ဝဝတ္ထာနံ (မူလပဏ္ဏာ ဋီကာ)။

ဒီ ပိဋကကျမ်းဂန် ပါဠိတွေကို ကြည့်ပြီး "ရုပ် နာမ် ကို မြင်ယင် အတ္တဒိဋ္ဌိ (ခေါ်) သက္ကာယ ဒိဋ္ဌိ ပြုတ်တယ်"လို့ ဝိပဿနာ ဆရာတချို့က ပြောနေကြပါတယ်။

ဒီ ပိဋကကျမ်းဂန် ပါဠိတွေအရ ရုပ်ပဲ နာမ်ပဲလို့ သိရုံမျှနဲ့ သက္ကာယဒိဋ္ဌိ ကောန် ပြုတ်တယ်လို့ အယူအမှတ် မလွဲကြပါနဲ့။ ရုပ်+နာမ် မျှသာ ရှိတယ်၊ ရုပ်+နာမ်မှ တခြား ဘာမျှမရှိဘူးလို့ စိတ်ထဲမှာ တကယ် စွဲစွဲမြဲမြဲ သိနေမှသာ အတ္တဒိဋ္ဌိ (ခေါ်) သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ်။ ခဏတဖြုတ် သိမှတ်ရုံနဲ့ သက္ကာယဒိဋ္ဌိ မပြုတ်ပါဘူး။

စိတ်ထဲမှာ စွဲစွဲမြဲမြဲ သိမနေပဲ ခဏတဖြုတ် သိရုံမျှနဲ့ သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ်ဆိုယင် အဘိဓမ္မကို သင်ယူဘူးကြတဲ့ သာမဏေငယ် ပဥ္စင်းငယ် လူငယ် လူကြီးတွေ၊ အဘိဓမ္မကို သင်ပေးကြတဲ့ ရဟန်းတွေ၊ လူတွေ အားလုံးဟာ သက္ကာယဒိဋ္ဌိ ပြုတ်နေသူတွေ ဖြစ်ကုန်ရောပေါ့။ တကယ်စစ်စစ်တော့ မပြုတ်သေးသူတွေချည်း ဖြစ်နေကြပါတယ်။

## ဘာသာပြန်သူတွေ လွဲနေတာပါ

ဒီအချက်မှာ ပါဠိစာက ဘာမျှ မမှားပါဘူး၊ မြန်မာဘာသာပြန်သူတွေ မှားနေကြတာပါ။ ရုပ်+နာမ်ကို မြင်ယင် သက္ကာယဒိဋ္ဌိ ပြုတ်တယ်လို့ ဘာသာ မပြန်သင့်ဘူး၊ သက္ကာယဒိဋ္ဌိ ပြုတ်နိုင်တယ်လို့သာ ဘာသာပြန်ရပါမယ်။ ပြုတ်နိုင်တယ်ဆိုတာ ပြုတ်ဖို့ အခွင့်အရေးရှိတယ်၊ ပြုတ်အောင် နှလုံးသွင်းနိုင်စွမ်းရှိမှ ပြုတ်မယ်၊ ပြုတ်အောင် နှလုံးသွင်းနိုင်စွမ်း မရှိယင် မပြုတ်ဘူးလို့ ဆိုလိုပါတယ်။

သက္ကာယဒိဋ္ဌိ ပြုတ်နိုင်တယ်လို့ မမှသဘာဝနဲ့ညီအောင် ဘာသာမပြန်ကြပဲ သက္ကာယဒိဋ္ဌိ ပြုတ်တယ်လို့ ဘာသာပြန် သိသိလွဲတာကြောင့် ရုပ်+နာမ်ကို မြင်ယင် သက္ကာယဒိဋ္ဌိပြုတ်ပြီ၊ စူဠသောတာပန် ဖြစ်ပြီ စသည် စသည် အပြောကဲ အပြောလွဲ အသိလွဲ အယူလွဲ ဘဝင်မြင့် စသည်တွေ ရှုပ်ပွေကုန်ကြတာပဲ။

## အေးချမ်းမှုနဲ့ ငြိမ်းချမ်းမှု

ပြောကွက် ဆိုက်နေတုန်းမို့ ဝိပဿနာလုပ်ငန်းမှာ လွဲမှားလေ့ရှိတာကို ပြောပါအုံးမယ်။

ပဿဒ္ဓိ(ခေါ်) အေးချမ်းမှုနဲ့ နိဗ္ဗာန် (ခေါ်) ငြိမ်းချမ်းမှုဟာ ဆင်တူယိုးမှား ဖြစ်နေတာကြောင့် ပဿဒ္ဓိ (ခေါ်) အေးချမ်းမှု ဖြစ်နေတာကို နိဗ္ဗာန်ရပြီလို့ အထင်မှား အသိမှား ဖြစ်နေတတ်ပါတယ်။

**အေးချမ်းမှု (ပဿဒ္ဓိ)**။ ။သမထ အား ထုတ် မှုကြောင့် ဖြစ် စေ၊ ဝိပဿနာ အားထုတ်မှုကြောင့်ဖြစ်စေ ခန္ဓာကိုယ်မှာ ပူ+နာ+ကျင်+ကိုက်+ထုံ+တောင့်+တင်း+လှုပ် အစရှိတဲ့ ဆင်းရဲမှုတွေ မဖြစ်ပေါ်ကြ မရှိကြပဲ အေးချမ်းနေမှုနဲ့ စိတ်ထဲမှာလဲ ဆင်းရဲမှု ပူပန်မှုတွေ မဖြစ်ကြ မရှိကြတော့ပဲ အေးချမ်းနေမှုတွေ ဖြစ်နေတာကို ပဿဒ္ဓိလို့ ဆိုပါတယ်။

## ပဿဒ္ဓိနဲ့ နိဗ္ဗာန် ဆင်တူနေဟန်

ပဿဒ္ဓိ ဖြစ်နေချိန်မှာ ဆင်းရဲမှုတွေ မဖြစ်ပေါ်ကြပဲ ပျောက်ကင်းနေကြတာကြောင့် ယောဂီတွေဟာ ချမ်းသာမှုကို ရရှိခံစားနေကြရပါတယ်။

နိဗ္ဗာန်ကို မြင်+သိ နေချိန်မှာလဲ ဆင်းရဲမှုတွေ မဖြစ်ပေါ်ကြပဲ ပျောက်ကင်း နေကြတာကြောင့် ယောဂီတွေဟာ ချမ်းသာမှုကို ရရှိ ခံစားနေကြရပါတယ်။

ပဿဒ္ဓိနဲ့ နိဗ္ဗာန်တို့ဟာ ချမ်းသာမှုချင်း ဆင်ဆင် တူနေကြတာကြောင့် ပဿဒ္ဓိ ဖြစ်ထာကို နိဗ္ဗာန်ရပြီလို့ ယောဂီတွေ အထင်မှားနိုင်ပါတယ်။

## ပဿဒ္ဓိနဲ့ နိဗ္ဗာန် ကွဲခြားပုံ

ပဿဒ္ဓိ ဖြစ်နေချိန်မှာ ကိလေသာ အပူကြမ်းတွေ မဖြစ်ပေါ်ပဲ ငြိမ်ဝပ်နေကြတယ် ဆိုပေမယ့် နောက်ထပ် ပြန်မဖြစ်အောင် ငြိမ်းပျောက်ထာ မဟုတ်သေးဘူး။ ဒါကြောင့် ကိလေသာပူတွေ ငြိမ်းချမ်းပြီလို့ မပြောနိုင်သေးဘူး။ ခဏတဖြုတ် အေးချမ်းနေမှုမျှသာ ဖြစ်ပါတယ်။ (၁) လုပ်ငန်းကို ရပ်ဆိုင်းထားပြီးတဲ့နောက် ဒီချမ်းသာမှုကို ပြန်လှန် အာရုံပြုတဲ့အခါ ထင်ထင်ရှားရှား ပြန်မပေါ်လှာတော့ဘူး။ သမထ လုပ်ငန်းကို (သို့မဟုတ်) ဝိပဿနာ လုပ်ငန်းကို ဆယ်မိနစ်၊ ၁၅ မိနစ်၊ နာရီဝက် စသည် ကြာအောင် အားထုတ်ပြီးမှသာ ပြန်ပေါ်လှာတာလဲ တခါတရံ ဖြစ်တတ်ပါတယ်။ (၂) တစ်နာရီ၊ နှစ်နာရီ၊ တနေ့လုံး၊ တညဥ့်လုံး စသည် မိမိ သတ်မှတ် ထားသလောက် အချိန် အတွင်းမှာ မပျောက်ကွယ်ပဲ တဆက်ထည်း ဖြစ်မနေပါဘူး။ ဒါဟာ ပဿဒ္ဓိ(ခေါ်) အေးချမ်းမှုပဲ၊ နိဗ္ဗာန် မဟုတ်ပါဘူး။

နိဗ္ဗာန်ကို မြင်သိပြီးယင် ကိလေသာပူ အကြမ်း+အနု အားလုံး အပြီးသတ် ငြိမ်းပျောက်ကုန်တယ်၊ နောက်ထပ် ဘယ်တော့မျှ ပြန်မဖြစ်ကြတော့ဘူး။ ငြိမ်းမှုစစ်စစ် ဖြစ်ပါတယ်။ ဒါကြောင့် နိဗ္ဗာန်ကို ငြိမ်း ချမ်းမှုလို့ ပြောရပါတယ်။

နိဗ္ဗာန်(ခေါ်) ငြိမ်းချမ်းမှုဟာ အပ္ပနာ(ခေါ်) စွဲစွဲမြဲမြဲဖြစ်ထာ ကြောင့် (၁) လုပ်ငန်းကို ရပ်ဆိုင်းထားပြီးနောက် ဒီချမ်းသာမှုကို ပြန်လှန်အာရုံပြုတဲ့အခါ ချက်ချင်းပဲ ပြန်ပေါ်လှာပါတယ်။ (၂) တစ် နာရီ၊ နှစ်နာရီ၊ တနေ့လုံး၊ တညဥ့်လုံး စသည် မိမိ သတ်မှတ် ထား သလောက် အချိန်တွင်းမှာ မပျောက်ပျက်ပဲ တဆက်ထည်း ဖြစ်နေ ပါတယ်။

ဓမ္မအဓိဋ္ဌာန် ဝင်ကြည့်ယင် နိဗ္ဗာန်နဲ့ ပဿဒ္ဓိ ကွဲပြားအောင် လွယ်လွယ်သိပါတယ်။ မကျေနပ်သေးယင် ကိလေသပဟာန်နဲ့ စမ်းကြည့်နိုင်ပါသေးတယ်။

ဓမ္မအဓိဋ္ဌာန်ဝင်ပုံကို ညောင်လွန့်တောရ ဝိပဿနာ ကျင့်စဉ် စာအုပ်မှာ ပေါ်ပေါ်လွင်လွင် ဖော်ပြထားပါတယ်။ ဒါပေမယ့် မဂ်ရပြီ၊ ဖိုလ်ရပြီ၊ သောတာပန် ဖြစ်ပြီလို့ ညောင်လွန့် ဝိပဿနာ နည်းပြဆရာတွေက ယောဂီ တဦးကိုမျှ ဂေဇက်မထုတ်ခဲ့သေးပါဘူး။ ဓမ္မအဓိဋ္ဌာန် ဝင်နိုင်သူလို့သာ ပြောကြပါတယ်။

## ဝေဒနာချုပ်တိုင်း နိဗ္ဗာန်မဟုတ်

ဝေဒနာကိုသာ စိတ်ရဲ့ ချည်တိုင်အာရုံအဖြစ် (ပဓာန) ထားကြတဲ့ ဆရာများက ပူ+အေး+နာ+ကျင်+ထုံ+ကိုက် စတဲ့ ပေါ်ရာ ဝေဒနာကို လိုက်မှတ်ဖို့ နည်းပေးကြတယ်။ ဝေဒနာ လိုက်ယင်းနဲ့ ပဿဒ္ဓိဆိုက်တော့ ဆင်းရဲမှု (ဒုက္ခဝေဒနာ)တွေ ငြိမ်ဝပ်နေယင် ဝေဒနာ ချုပ်ပြီလို့ ချီးမွမ်းကြ ဝမ်းသာကြ နိဗ္ဗာန်ရပြီလို့ ထင်မှတ်ကြတယ်။ ဝေဒနာ တကြိမ်ချုပ်ပြီးပြီ၊ နှစ်ကြိမ်ချုပ်ပြီးပြီလို့ ဦးပဥ္စင်းတို့ထံ လာပြောကြတယ်။ တချို့ ယောဂီတွေဟာ ဆင်းရဲဝေဒနာ ဒီလိုချုပ်ထာကို တန်ဖိုးအလွန်ထားတာကြောင့် ဝေဒနာချုပ်တဲ့ သကရာဇ်၊ လ၊ ရက်၊ အချိန်ပိုင်းကိုပါ ပြောပြကြတာပဲ။ ဝေဒနာ တကြိမ်ချုပ်ယင် တမဂ် တဖိုလ် ရပြီလို့ ဆုံးဖြတ်ကြတယ်။

ဝေဒနာ လေးကြိမ်ချုပ်ယင် တော်ပါသေးရဲ့။ ငါးကြိမ်+ခြောက်ကြိမ် စသည် ချုပ်တော့ ခက်ကရော၊ လောကုတ္တရမဂ်ဟာ လေးမျိုးသာ ရှိတာကြောင့် မဂ်လေးကြိမ်သာ ဖြစ်ရမယ်။ ဝေဒနာ ငါးကြိမ် ချုပ်ထာကြောင့် ငါးမဂ်+ငါးဖိုလ်ရပြီ၊ ဝေဒနာ ၆—ကြိမ် ချုပ်တာကြောင့် ၆—မဂ်+၆ဖိုလ်ရပြီ စသည် ထိုသူတို့က ပြောကြတော့ ရယ်စရာ ဖြစ်ကရောပေါ့။

လွဲမှားနေပါတယ်လို့ ကြောင်း+ကျိုး ရှင်းပြပြီး ပြောပေမယ့် သူ့အယူလွဲကို မစွန့်ဘူး။ နိဗ္ဗာန်ရပြီးတာ ဟုတ်တယ် မဟုတ်ဘူးလို့ သိရအောင် ယောဂီတို့ရဲ့ ဝိပဿနာ ဌာနမှာ စမ်းသပ်နည်း ရှိသလား

လို့ မေးတော့လဲ မရှိပါဘူးလို့ ဖြေတယ်။ ဒီဌာနက နည်းနဲ့ ဓမ္မ အဓိဋ္ဌာန်ပြုကာ စစ်တမ်းထုတ်ကြည့်ပါလို့ ပြောတော့လဲ ခေါင်းခါ နေတယ်။

ဝေဒနာလိုက်တဲ့ ဝိပဿနာရှုနည်းဟာ လွဲမှားတယ်လို့ ပြော လိုရင်း မဟုတ်ဘူး။ ဝေဒနာလိုက်သူ တချို့ လိုက်နည်း မတတ်လို့ ပဿဒ္ဓိကို နိဗ္ဗာန်ပဲလို့ သိမှတ်လွဲနေကြတာကို ပြောနေတာပါ။

## ဝေဒနာလိုက်နည်းမှန်

ဝေဒနာလိုက်ချင်သူတွေ လိုက်တတ်အောင် ဝေဒနာလိုက်နည်း မှန်ကို ပြောပြပါမယ်။

ဝေဒနာကိုသာ စိတ်ရဲ့ချည်တိုင် အာရုံအဖြစ်ထားပြီး ဝိပဿနာ ရှုချင်ယင် နာမှုဆင်းရဲ ဖြစ်ပေါ်တဲ့အခါ နာတဲ့နေရာကို စိတ်စိုက်ပြီး "နာမှုဖြစ်တယ်၊ နာမှုဖြစ်တယ်"လို့ ရှုမှတ်ရမယ်။ ဒီလို ရှုမှတ်နေတုန်း မှာ နာမှု တိုးပွားလာယင် "နာမှု တိုးလာတယ်၊ နာမှု တိုးလာတယ်" လို့ စူးစိုက် ရှုမှတ်ရပါမယ်။ နာမှု လျော့သွားယင်"နာမှု လျော့သွားပြီ၊ နာမှု လျော့သွားပြီ"လို့ စူးစိုက် ရှုမှတ်ရပါမယ်။ နာမှု ပျောက်သွား ယင် "နာမှု ပျောက်သွားပြီ၊ နာမှု ပျောက်သွားပြီ"လို့ ရှုမှတ်ရ ပါမယ်။

ဒီရှုနည်းဟာ ရုပ်ဝေဒနာကို ဖြစ်+တိုး+လျော့+ပျက် လေးချက် ကိုက်အောင် ရှုမှတ်ရမယ်လို့ အဿုတဝါသုတ်မှာ ဟောညွှန်တော် မူထားတဲ့ ဝေဒနာလိုက်နည်း ဖြစ်ပါတယ်။

နာမှု ဝေဒနာ ပျောက်သွားယင် ချမ်းသာမှု (သုခ ဝေဒနာ) ဖြစ်လာတယ်။ ဒီချမ်းသာမှု ဝေဒနာကိုလဲ ဖြစ်+တိုး+လျော့+ပျက် လေးချက်ကိုက်အောင် လိုက်ရှုရမယ်။ လိုက်မရှုပဲ လုပ်ငန်းမသိမ်းရဘူး။ ချမ်းသာ ဝေဒနာကို လိုက်မရှုပဲ ဝိပဿနာလုပ်ငန်း သိမ်းသူဟာ ဝေဒနာလိုက်နည်းကို တဝက်တပျက်သာ အားထုတ်သူ၊ ယဒပိ ဝေဒယိတံ၊ တံဒုက္ခသ္မိံ တိ ဝဒါမိ=ခံစားမှု ဟူသမျှ ဒုက္ခလို့ ဟောညွှန် ထားတဲ့ ဘုရားစကားကို မလိုက်နာသူ၊ ဘုရားစကားကို ပယ်သူ ဖြစ် ပါတယ်။

ချမ်းသာမှု ဝေဒနာကို ဖြစ်+တိုး+လျော့+ပျက် လေးချက် ကိုက်အောင် လိုက်ယင် ချမ်းသာမှု ဝေဒနာပျောက်သွားပြီး ဆင်းရဲ ဝေဒနာ ပြန်ပေါ်လာမယ်။ ဒီဆင်းရဲမှုကို ဖြစ်+တိုး+လျော့+ပျက် လေးချက် ကိုက်အောင် လိုက်ရှုရမယ်။

ဒီလို ဝေဒနာလိုက်နေချိန်မှာ ဆင်းရဲတလှည့်၊ ချမ်းသာတလှည့် ဖြစ်ပေါ်နေလိမ့်မယ်။ ပေါ်လာတဲ့ ဝေဒနာကိုသာ လေးချက် ကိုက်အောင် လိုက်ရှုရမယ်။

ပေါ်လာသမျှ ဆင်းရဲနဲ့ ချမ်းသာ ဝေဒနာနှစ်ဖြာကို လိုက်ဖန်များလို့ ကြုံတွေ့ဖန်များလာယင် 'မြင်ဖန်များတော့ ငယ်တယ်' ဆိုတဲ့ အတိုင်း ခဏခဏ ကြုံလာတာကြောင့် ဆင်းရဲမှုကို ခံနိုင်ရည် ထက်သန်လာတယ်၊ ဥပေက္ခာသဘော ဖြစ်ပေါ်လာတယ်။ ခဏခဏ ကြုံလာတဲ့ ချမ်းသာမှုကိုလဲ ကောင်းတယ်လို့ မမှတ်တော့ဘူး။ ချမ်းသာမှုပေါ်မှာ စွဲမက်စိတ် ကင်းပျောက်လာတယ်။ ဥပေက္ခာသဘော ဖြစ်ပေါ်လာတယ်။ ဥပေက္ခာဝေဒနာကိုလဲ ဖြစ်+တိုး+လျော့+ပျက် လေးချက်နဲ့ လမ်းဆုံးအောင် လိုက်ရပါမယ်။

ယဒပိ ဝေဒယိတံ၊ တံ ဒုက္ခသ္မိံ တိ ဝဒါမိ ခံစားမှုရှိနေသမျှ ဒုက္ခချည်းပဲလို့ မြတ်ဗုဒ္ဓ ဟောညွှန်တော်မူထားတာကြောင့် ခံစားမှုဟူသမျှတွေပေါ်မှာ စွဲမက်မှု ကုန်ဆုံးသွားအောင် ဝေဒနာလိုက်မှသာ ဝေဒနာလိုက်နည်းမှန် ဖြစ်တယ်။ ဆင်းရဲဝေဒနာကိုသာ လိုက်မှတ်ပြီး ချမ်းသာ ဝေဒနာ ဖြစ်လာချိန်မှာ နှစ်သက် ကြည်နူးနေကြသေးယင် ဝေဒနာ လိုက်နည်း မပြည့်စုံပဲ အံချော်နေတယ်။

(**မှတ်ချက်။** ။အဿုတဝ ါသုတ်၊ စူဠဝေဒလ္လ သခ်ယသုတ်၊ ဝေဒနာပရိဂ္ဂဟသုတ် စသည်တွေကို ကြည့်ယင် အကျယ် နည်း မှန်ကို သိမည်။)

ဖြစ်+တိုး+လျော့+ပျက် လေးချက်ကိုက်အောင် မရှုမှတ်နိုင်ယင်၊ မရှုမှတ်ချင်ယင် "ဝေဒနာ အနိစ္စ၊ ဝေဒနာ အနိစ္စ" လို့ မပြတ် တရစပ် ရှုမှတ်ခွင့် ရှိပါတယ်။

## ဝေဒနာခွာနည်း

ဝေဒနာကိုသာ စိတ်ရှဲချည်တိုင် အာရုံအဖြစ် (ပဓာန)မထားတဲ့ ဝိပဿနာနည်းတွေမှာ "ဝေဒနာ အနိစ္စ" ရှုမှတ်တာကြောင့် ဆင်းရဲဝေဒနာ ပျောက်သွားယင် မိမိတို့ရဲ့ ချည်တိုင်အာရုံကို ပြန်ရှုမှတ်ကြရမယ်။ ဒါဟာ ဝေဒနာခွာနည်း ဖြစ်တယ်၊ ဝေဒနာလိုက်နည်း မဟုတ်ဘူး။ ညောင်လွန့် ဝိပဿနာနည်းဟာ ဝေဒနာခွာနည်း ဖြစ်ပါတယ်။

× × ×

## ပရိညာသုံးရပ် ခွဲခြားမှတ်

သမထနဲ့ ဝိပဿနာ ကွဲပြားအောင် ပရိညာနည်းအရ ခွဲပြပါမယ်။ ဉာဏ်မျက်စိနဲ့ မြင်+သိမှုကို (က)ဉာတ (ခ) တီရဏ (ဂ)ပဟာန လို့ ပရိညာသုံးရပ်နဲ့ ခွဲခြားကာ ကျမ်းဂန်တွေမှာ ဆိုထားပါတယ်။

### ဉာတ ပရိညာ နှစ်မျိုး

**ဖြစ်+ပျက်မြင်တာ၊ သမာဓိပါ၊ ဉာတပရိညာ။**

ရုပ်ရဲ့ ဖြစ်+ပျက်ကို မြင်သိဉာဏ်၊နာမ်ရဲ့ ဖြစ်+ပျက်ကို မြင်သိဉာဏ်ကို "သမာဓိ ဉာတ ပရိညာ"လို့ ဆိုပါတယ်။ လောကီသစ္စာလေးချက် ဆိုက်အောင် မသိသေး၊ မမှတ်သေးဘူး။

**ကြောင်း+ကျိုးယှဉ်ကာ၊ အနိစ္စာဒိ၊ မှတ်သိပဿနာ၊ ဉာတပရိညာ။** (ပုရိမာယတိ အတ္တတော အာပန္နလက္ခဏတ္တယံ ဂဏှာတိ၊ သလက္ခဏ သလ္လက္ခဏ ပရတ္တာတဿာ။ မူလပဏ်၊ ၄—၂၁၈)။

သမာဓိမျက်စိနဲ့မြင်နေရတဲ့ ရုပ်+နာမ် ဖြစ်+ပျက်ကို အကြောင်းပြုကာ လောကီသစ္စာ လေးချက်တွင် တချက်ချက်ဆိုက်အောင်မှ ရှုတ်သုံးသပ်တဲ့ (သမ္မသန)ဉာဏ်ကို 'ဝိပဿနာ ဉာတပရိညာ'လို့ ဆိုပါတယ်။

### လောကီသစ္စာ လေးချက်

**၁။ အနိစ္စရှုနည်း** (က) အရင်က မဖြစ်ပဲ ယခုမှဖြစ်တာကြောင့် အနိစ္စ တရားပဲလို့ "ဖြစ် အနိစ္စ" ရှုနိုင်ပါတယ်။

ဣမေ ဓမ္မာ အ ဟုတွာ သမ္ဘောန္တိ (အနုပဒသုတ်)တရားဗိုလ်ချုပ် အရှင်

သာရိပုတ်ရဲ့ ရှုနည်း ဖြစ်ပါတယ်။ ဒီရှုနည်းမှာ အရင်က မဖြစ်ပဲ ယခုမှ ဖြစ်တာကြောင့်လို့ နှလုံးသွင်းတာဟာ အကြောင်းပြချက်ပဲ။ အနိစ္စ တရားပဲလို့ နှလုံးသွင်းတာဟာ အကျိုးဆက် ဖြစ်တယ်။ ဒီလို ကြောင်း+ ကျိုး စပ်ယှဉ်ကာ ဝိပဿနာ ရှုရပါတယ်။

(ခ) ဖြစ်ပြီးတော့ ပျက်စီးတာကြောင့် အနိစ္စ တရားပဲလို့ "ပျက် အနိစ္စ" ရှုနိုင်ပါတယ်။ ဟုတ္တာ ပဋ္ဌိဝေဋ္ဌိတိ (အနုပဒသုတ်) တရားဗိုလ်ချုပ် အရှင်သာရိပုတ်ရဲ့ ရှုနည်း ဖြစ်ပါတယ်။

၂။ **ဒုက္ခရှုနည်း (ဉာတ ပရိညာ)**။ ။ဖြစ်+ပျက်တို့ရဲ့ နှိပ်စက်မှုကို ခံနေရတာကြောင့် ဒုက္ခတရားပဲလို့ ရှုပါ။

၃။ **အနတ္တရှုနည်း (ဉာတ ပရိညာ)**။ ။မဖြစ်အောင် မပျက်အောင် စီမံလို့ မရတာကြောင့် အနတ္တ တရားပဲ (အ ဝသဝတ္တနတ္ထေန အနတ္တာ)။
ခိုင်မြဲတဲ့ အမာခံ အနှစ်မရှိတာကြောင့် အနတ္တ တရားပဲ (အ သာရကတ္ထေန အနတ္တာ)။

၄။ **အသုဘရှုနည်း (ဉာတပရိညာ)**။ ။ဖြစ်ကာ ပျက်ကာ ဗလောင်းဗလဲ လုပ်တာကြောင့် စွဲမက်စရာ မဟုတ်ဘူး။

အကြောင်းမပါ၊ အနိစ္စာဒိ၊ **မှတ်သိပဿနာ၊ တီရဏ ပရိညာ**။

ဒုတိယာယ သရူပတော၊ ကာယာလက္ခဏတ္တယာရောပန ဝသေန သမ္မသနဉာဏတော (မူလပဏ်၊ ဋီ၊ ၂၁၈)

အကြောင်းပြချက် မပါတော့ပဲ လောကီ သစ္စာ လေးချက် တချက်ချက်ဆိုက်အောင် နှမှတ် သုံးသပ်တဲ့ ဉာဏ်၊ ဆုံးဖြတ်ချက်ချတဲ့ ဉာဏ်ကို တီရဏ ပရိညာလို့ ဆိုပါတယ်။ ဒါကြောင့် ရုပ်ကိုမြင်ယင် "ရုပ် အနိစ္စ၊ ရုပ် အနိစ္စ" စသည် လောကီသစ္စာလေးချက် တချက်ချက်

ဆိုက်အောင် ရှုရမယ်။ နာမ်ကိုသိယင် "နာမ် အနိစ္စ၊ နာမ် အနိစ္စ" စသည် လောကီသစ္စာ တချက်ချက်ဆိုက်အောင် ရှုရမယ်။

"စွဲမက်စရာ မဟုတ်ဘူး၊ စွဲမက်စရာ မဟုတ်ဘူး" လို့ ထပ်တလဲလဲ (အ သုဘ) ရှုနိုင်ယင် အစွဲပြုတ်ဖို့ အလွန်နီးစပ်ပါတယ်။

### နောင်မဖြစ်ရ၊ ငြိမ်းစေက၊ ပဟာန ပရိညာ၊ မှတ်သိပါ။

လောကုတ္တရမဂ်ဉာဏ်ကို ပဟာန ပရိညာလို့ ဆိုပါတယ်။ ကိလေသာတွေကို နောက်ထပ် ဘယ်တော့မျှ မဖြစ်ရအောင် မြစ်ပြုတ်ပယ်နုတ်တာကြောင့် ပဟာန အမည်ရကြတယ်။ နိဗ္ဗာန်ကို မြင်သိတာကြောင့် ပရိညာ အမည်ရကြတယ်။ နှစ်မျိုးပေါင်းပြီး ပဟာန ပရိညာလို့ ဆိုပါတယ်။

### အ ကုသိုလ်ယုတ်ကို ပယ်ဖြုတ်ဖို့လမ်းစဉ်

အ ကုသိုလ်ယုတ်တွေကို ကုသိုလ်တွေက အဆင့်ဆင့် ဖျက်ဆီး ပယ်ဖြုတ်ပုံကို သိမှတ်ထားသင့်ပါတယ်။

မကောင်းကျိုးပေးတဲ့ အ ကုသိုလ်တွေ ဖြစ်လာအောင် ဖန်တီးတဲ့ ကိလေသာတွေဟာ အကြမ်းနှစ်မျိုး၊ အနုနှစ်မျိုး ရှိကြတယ်။

(၁) စိတ်ထဲမှာ ထိန်းမနိုင် ဆည်းမရဖြစ်ကာ ပေါက်ကွဲထွက်ပြီး ကိုယ်နဲ့ ကျူးလွန်မှု၊ ပါးစပ်နဲ့ ကျူးလွန်မှု ဖြစ်လာတဲ့ (ဝီတိက္ကမ) ကိလေသာရယ်၊ (၂) စိတ်ထဲမှာသာ ထင်ထင်ပေါ်ပေါ် ဖြစ်နေတဲ့ (ပရိယုဋ္ဌာန) ကိလေသာရယ်လို့ အကြမ်း ကိလေသာ နှစ်မျိုးရှိတယ်။

ကိုယ်ကျူးလွန်မှု၊ ပါးစပ်ကျူးလွန်မှု မဖြစ်အောင် ထိန်းရတယ်၊ ရှောင်ရတယ်။ ထိန်းမှု ရှောင်မှု မြဲအောင် အလေ့အကျင့်ပြုတာကို သီလလို့ ဆိုကြပါတယ်။

စိတ်ထဲမှာသာ ထင်ထင်ပေါ်ပေါ် ဖြစ်နေတဲ့ (ပရိယုဋ္ဌာန) ကိလေသာကြမ်းတွေ မဖြစ်ပေါ်ပဲ ငြိမ်ဝပ်နေအောင် သမာဓိနဲ့ ထိန်းရပါတယ်။ သမာဓိဖြစ်နေအောင် သမထလုပ်ငန်းကို လုပ်ကြရပါတယ်။

## အနုကိလေသာ နှစ်မျိုး

ပါဠိလိုပြောယင် အနုသယကိလေသာ၊ မြန်မာလို ပြောယင် အနုကိလေသာဟာလဲ နှစ်မျိုးရှိပါတယ်။ (၁) စိတ်ထဲမှာ ရှိနေကြပေမယ့် ပေါ်ပေါ်ထင်ထင် မဟုတ်တာကြောင့် ရှိမှန်းမသိနိုင်၊ စိတ်ထဲမှာ ဖြစ်နေကြပေမယ့် သိမ်မွေ့နုနယ်ကြတာကြောင့် ဖြစ်မှန်းမသိနိုင်တဲ့ အနုကိလေသာ တမျိုးရှိပါတယ်။ ဒီ အနုကိလေသာတွေ ငြိမ်ဝပ် ကင်းကွာအောင် ဝိပဿနာလုပ်ငန်းကို ဇောက်ပြုကြရပါမယ်။ ဒါပေမယ့် ဝိပဿနာလုပ်ငန်းကို ပြုလုပ် အားထုတ်နေတုန်းအချိန်မှာ ငြိမ်ဝပ်နေကြပါတယ်။ အမြစ်မပြုတ်ဘူး၊ အငုတ်ကျန်တယ်။ နောင်အခါ အကြောင်းညီယင် ပြန်ဖြစ်လာကြ၊ ပြန်ပေါ်လာကြအုံးမှာပဲ။

(၂) နောင်အခါ အကြောင်းညီယင် ပြန်ဖြစ်လာကြ၊ ပြန်ပေါ်လာကြမည့် စွမ်းရည် အမြစ်မပြုတ် စွမ်းရည်အငုတ်ကျန် ကိလေသာ အနုတမျိုးယဲ ရှိပါတယ်။ ဒီ အနုကိလေသာတွေဟာ လောကုတ္တရာ မဂ်ဉာဏ်ကို ရပြီးမှသာ အမြစ်ပြုတ်ကြပါတယ်။ လောကုတ္တရာ မဂ်ဉာဏ်ကိုရဖို့ ဝိပဿနာလုပ်ငန်းကို ဆက်လက် လုပ်ကြရပါမယ်။

လေးဆင့်မြောက် မဂ်ဉာဏ်ကို မရသေးယင် ကိလေသာတွေ အကုန် မပြုတ်သေးဘူး။ ဒါကြောင့် လေးဆင့်မြောက်ဖြစ်တဲ့ အရဟတ္တ မဂ်ဉာဏ်ကို မရသေးသမျှ ဝိပဿနာ လုပ်ငန်း မပြီးသေးဘူး၊ ဝိပဿနာ လုပ်ငန်းကို ရပ်စဲဖို့ မသင့်ဘူးလို့ စွဲမြဲအောင် မှတ်သား အားထုတ်ကြပါ။

သမာဓိမျက်စိ အမြင်သန်ဖို့ ခေါင်းစဉ်အရ သမာဓိနဲ့ ဝိပဿနာ၊ သမထနဲ့ ဝိပဿနာ ကွဲပြားသိကြအောင် အထွေထွေ ဗဟုသုတတွေပါ ထည့်သွင်း ဖြည့်စွက်လာတာ သိတင်းသုံးပတ် နာရီနဲ့တွက်ယင် သုံးနာရီသာသာ ရှိခဲ့ပြီမို့ တခန်းရပ်ကြပါစို့။

**မြင်တာ သမာဓိ၊ ရှုတာ ဝိပဿနာ၊ ဒီနှစ်ဖြာ၊ ခွဲကာ သိမှတ်ပါ။**

× × ×

## (၈) မြတ်ဗုဒ္ဓညွှန် ကျင့်စဉ်မှန်များ

တရက်မှာ နေ့တနာရီ ညဉ့်တနာရီလောက်သာ အနားယူတော်မူကာ ၄၅ နှစ်လုံးလုံး မြတ်ဗုဒ္ဓကိုယ်တော်တိုင် သတ္တဝါတွေရဲ့ စရိုက် အဖုံဖုံ ကုသိုလ်အထုံ (အဇ္ဈာသယ) အလိုလိုတွေနဲ့ ကိုက်ညီစွာ ဟော ညွှန်တော်မူခဲ့တာကြောင့် နည်းမှန်ကောင်း ကျင့်စဉ်မှန်တွေဟာ များစွာ ဖြစ်နေပါတယ်။

နည်းမှန်ကောင်း ကျင့်စဉ် များစွာကို သိမှတ် လွယ်အောင် လိုရင်းချုပ်လိုက်ယင် (၁) သမထ ပုဗ္ဗင်္ဂမ ဝိပဿနာယာနိက ကျင့်စဉ်၊ (၂) သုဒ္ဓ ဝိပဿနာယာနိက ကျင့်စဉ်လို့ နှစ်မျိုးသာ ရှိပါတယ်။

အောက်ထစ်ဆုံး ဥပစာရစျာန် ရပြီးချိန်ထိအောင်၊ သို့မဟုတ် အထက် အပ္ပနာစျာန် ရပြီးချိန်ထိအောင် သမာဓိကို သမထနည်းအရ ရှေးဦးထူထောင်ပြီးမှ ဝိပဿနာဘက် ကူးတက်အားထုတ်တဲ့ ကျင့်စဉ်ကို သမထ ပုဗ္ဗင်္ဂမ ဝိပဿနာယာနိက ကျင့်စဉ်လို့ ဆိုကြပါတယ်။ အတို ကောက် ပြောချင်ယင် သမထဝိပဿနာယာနိက ကျင့်စဉ်လို့ ပြောသင့် ပါတယ်။ သမထယာနိက ကျင့်စဉ်လို့ ပြောယင် ဝိပဿနာမပါပဲ သမထ သက်သက်ကျင့်ကာ နိဗ္ဗာန်သွားတဲ့ ကျင့်စဉ်လို့ အဓိပ္ပာယ် လွဲချော်မှု ဖြစ် နိုင်ပါတယ်။

စျာန်ရချိန်ထိအောင် သမာဓိကို အားသွန်ခွန်စိုက် အားထုတ်မှု မပြုပဲ ဝိပဿနာရှုကွက် မထင်ရှားသေးခင်မှာသာ သမာဓိဖြစ်တယ်ဆို ရုံမျှသာ သမထကို ခဏတဖြုတ် အားထုတ်ကာ ဝိပဿနာ ရှုကွက်ပေါ် လာတာနဲ့ တပြိုင်နက် ဝိပဿနာဘက် ကူးတက် အားထုတ်တဲ့နည်းကို သုဒ္ဓ ဝိပဿနာယာနိက ကျင့်စဉ်လို့ ဆိုကြပါတယ်။

ဝိပဿနာရှုကွက် မပေါ်သေးခင်မှာသာ သမာဓိဖြစ်တယ် ဆိုရုံမျှ သမထ လုပ်ငန်းကို ခဏတဖြုတ် အားထုတ်ကြပေမယ့် သမထနည်းအရ အားထုတ်မှု နည်းနည်း ပါးပါးကို စကားထဲ ထည့်မပြောတော့ပဲ ဝိပဿနာ သက်သက် အားထုတ်တဲ့နည်းလို့ ပြောကြတာဖြစ်ပါတယ်၊ သမထကို လုံးဝ အားမထုတ်တဲ့နည်းလို့ အယူမလွဲကြပါလေနဲ့။

ထမင်းများများ ဟင်းနည်းနည်းစားတဲ့ ညှော်သည်ကို ထမင်းချည်းပဲ စားနေတာကိုး၊ ဟင်းကိုလဲစားပါအုံးလို့ လောကမှာ ပြောကြပါတယ်။ ညှော်သည်က ဟင်းကို လုံးဝ မစားတာ မဟုတ်ပါဘူး၊ ဟင်းနည်းနည်းပါးပါးကိုသာ စားတာကြောင့် ထမင်းချည်းပဲစားနေတာကိုးလို့ ပြောကြတာမျိုးလို သမာဓိ(ခေါ်) သမထကို ဝိပဿနာရှုကွက် မပေါ်သေးခင်မှာသာ ခဏတဖြုတ် ပြုလုပ်တာကြောင့် ဝိပဿနာသက်သက် အားထုတ်တယ်လို့ ပြောကြတာ ဖြစ်ပါတယ်။

ရုပ်မြင်+နာမ် သိ ဖြစ်တာကိုပဲ ဝိပဿနာစစ်စစ်လို့ အသိအမှတ်လွဲချော်ကာ သမထမလုပ်ပါဘူးလို့ ပြောကြတာလဲ ဖြစ်နိုင်ပါတယ်။

အရှင် အာနန္ဒာမထေရ် ရဟန္တာဖြစ်အောင် ကျင့်စဉ်မှာ "ဝိရိယသမထံ ယောဇေမိ" ကိုကြည့်ယင် သမထနဲ့ သမာဓိတို့ဟာ အတူတူပဲလို့ သိနိုင်တာကြောင့် သမထ လုံးဝမလုပ် ဝိပဿနာသက်သက် တမျိုးထည်းကိုသာ အားထုတ်တဲ့ ကျင့်စဉ်နည်းဟာ ဗုဒ္ဓနည်းကျ ကျင့်စဉ်နည်း မဟုတ်ဘူးလို့ လွယ်လွယ် သိနိုင်ကြပါတယ်။

## နည်းမှန်ကောင်းနှစ်ရပ် ခွဲခြားမှတ်စရာ

**သမထ ပုဗ္ဗင်္ဂမ။ ဝိပဿနာနည်း** ။(၁) ခဏိက သမာဓိကို အားမကိုးဘူး၊ တန်ဖိုးမထားဘူး။

(၂) သမာဓိကို ဈာန်ရပြီးချိန်ထိအောင် အားထုတ်ပြီးမှသာဝိပဿနာဘက်ကူးတက်တယ်။

(၃) ဝိပဿနာဘက် ကူးတက်ပြီးယင် သမာဓိ ခိုင်မြဲတာကြောင့် သမထ လုပ်ငန်းဘက်ကို ဘယ်တော့မျှ ပြန်မလှည့်ဘူး။

**သုဒ္ဓဝိပဿနာနည်း**။ ။(၁) ခဏိက သမာဓိကို အားကိုးလွန်းတယ်၊ တန်ဖိုးထားတယ်။

(၂) သမာဓိကိုဈာန်ရပြီးချိန်ထိအောင် အားမထုတ်ပဲ ဝိပဿနာဘက် ကူးတက်တယ်။

(၃) ဝိပဿနာဘက် ကူး တက် ပြီး ပေမယ့် သမာဓိ မခိုင်မြဲသေးတာကြောင့် သမထ

တလှည့် ဝိပဿနာတလှည့် ပြုလုပ်နေရတယ်။ နာရီများစွာကြာ၊ နေ့ရက်များစွာ ကြာပြီးမှသာ ဝိပဿနာ သမာဓိ ခိုင်မြဲပါတယ်။

**ကောင်းကျိုး ကွဲခြားမှု။** ။သမထ ပုဗ္ဗင်္ဂမ ဝိပဿနာ နည်းမှာ (၁) ဝိပဿနာဘက် ကူးတက်ပြီးယင် အပ္ပနာ ဆိုက်ပြီ၊ သမာဓိ ခိုင်မြဲပြီ။

(၂) ဝိပဿနာဉာဏ် အတော်အတန် ရင့်သန်ယင် ဒိဗ္ဗစက္ခု အဘိညာဏ်ကို ကေန်တွဲဖက်ရပါတယ်၊ အဘိညာဏ်အတွက် သီးခြား အားထုတ်ဖို့ မလိုတော့ဘူး။ သုဒ္ဓ ဝိပဿနာ ယာနိက နည်းမှာ (၁) ဝိပဿနာဘက် ကူး တက် ပြီး ပေမယ့် အပ္ပနာ မဆိုက်သေးဘူး၊ သမာဓိမခိုင်မြဲသေးဘူး။

(၂) ဝိပဿနာဉာဏ် အလွန် ရင့် လှန်းတာတောင်မှ ဒိဗ္ဗစက္ခု အဘိညာဏ်ကို တွဲဖက်မရနိုင်ဘူး၊ အဘိညာဏ်အတွက် သီးခြား အားထုတ်ရသေးတယ်။

**နည်းမှန်ကောင်းတစုံ တူကြပုံ။** ။(၁) နိဗ္ဗာန်ရနိုင်တဲ့ နည်းမှန်ကောင်းတွေချည်း ဖြစ်ကြပါတယ်။

(၂) လုပ်ငန်း စတင်ချိန်မှာ သမာဓိ ထူထောင်မှုကို သမထ နည်းနဲ့ အားထုတ်ရတာချည်း ဖြစ်ကြပါတယ်။ (ဝီရိယသမထံ ယောဇေတိ ကို ကြည့်)။

## သေချာတိပ မသိကြလို့

ငါတို့ကျင့်နည်းဟာ သုဒ္ဓ ဝိပဿနာ ယာနိက ကျင့်စဉ် ဖြစ်တာကြောင့် သမထကို လုံးဝမလုပ်၊ နည်းနည်းကလေးမျှ မလုပ်ဘူးလို့ ပြောကြသူတွေဟာ သမထနဲ့ ဝိပဿနာကို သေချာတိပ ခွဲခြားမသိကြတာကြောင့် ပြောကြတာ ဖြစ်ပါတယ်။

စတုဓာတုဝဝတ္ထာန် (ခေါ်) ဓာတ်ခွဲ ကမ္မဋ္ဌာန်းဟာ လုပ်ငန်းစတင်ချိန်မှာ သမထလုပ်ငန်း စစ်စစ် ဖြစ်ပါတယ်လို့ သင်္ဂြိုဟ်ကမ္မဋ္ဌာန်းပိုင်း အစနားမျှကို သင်ဘူးသူတိုင်း လွယ်လွယ် မှန်မှန် ကောက်သိနိုင်တဲ့ အခြင်းအရာ ဖြစ်ပါတယ်။

## ဘုမ်ကျယ်နည်း + ဘုမ်ကျဉ်းနည်း

ဝိပဿနာကျင့်စဉ် နည်းမှန်ကောင်းတွေဟာ ဘုမ်ကျယ်နည်း+ ဘုမ်ကျဉ်းနည်းလို့ နှစ်မျိုးစီး ကွဲပြားကြပြန်တယ်။

ဘူမိဆိုတဲ့ ပါဠိကို ''ဘုမ်''လို့ မြန်မာစကား ပြုထားပါတယ်။ ဝိပဿနာစိတ်ရဲ့ အာရုံကို ဝိပဿနာ ဘူမိလို့ ပါဠိလို ဆိုထားတာကြောင့် **ဝိပဿနာ ရှုစရာအာရုံကို** ''ဘုမ်''လို့ အတိုကောက် သိမှတ်ထားကြပါ။

**ရှုမှတ်စရာ များပြား ကျယ်ဝန်းတဲ့နည်းဟာ ဘုမ်ကျယ်နည်း ဖြစ်တယ်၊ ရှုမှတ်စရာ နည်းပါးတဲ့နည်းဟာ ဘုမ်ကျဉ်းနည်းဖြစ်ပါတယ်။**

## ဝိပဿနာ ဘုမ် ၆-ရပ်

ဝိပဿနာ ရှုမှတ်စရာ အာရုံ ''ဘုမ်''ဟာ ရုပ်+နာမ်လို့ နှစ်မျိုးကွဲတာကြောင့် (၁) ရုပ် ဘုမ်ကျယ်နည်း၊ (၂) နာမ် ဘုမ်ကျယ်နည်း၊ (၃) ရုပ်+နာမ် ဘုမ်ကျယ်နည်းလို့ ဘုမ်ကျယ်နည်း သုံးမျိုးဖြစ်ပါတယ်။

(၁) ရုပ် ဘုမ်ကျဉ်းနည်း၊ (၂) နာမ် ဘုမ်ကျဉ်းနည်း၊ (၃)ရုပ်+နာမ် ဘုမ်ကျဉ်းနည်းလို့ ဘုမ်ကျဉ်းနည်း သုံးမျိုးဖြစ်ပါတယ်။ အားလုံးပေါင်းယင် ဝိပဿနာနည်း ၆—မျိုး ရှိပါတယ်။ ဒါကြောင့် ''ရုပ်—နာမ်နှစ်ပ် ဝိပဿနာ ဘုမ် ၆—ရပ်''လို့ သိမှတ်ကြပါ။

**ရုပ် ဘုမ်ကျယ်နည်း။** ။ရုပ်ကို ပထဝီ + အာပေါ + တေဇော+ဝါယော+အာကာသ လို့ ခွဲတ် ၅—မျိုးခွဲပြီး ရှုမှတ်တဲ့နည်းမျိုးတွေ တစပဋ္ဌက အစရှိတဲ့ ၃၂—ကောဋ္ဌာသ ရှုနည်းမျိုးတွေဟာ ရှုမှတ်စရာ ရုပ်အာရုံ ဘုမ်တွေ မျှားပြား ကျယ်ဝန်းတာကြောင့် ရုပ်ဘုမ်ကျယ်နည်းတွေ ဖြစ်ကြပါတယ်။

**ရုပ် ဘုမ်ကျဉ်းနည်း။** ။ရုပ် **အနိစ္စ**လို့ ဝိပဿနာ ရှုတဲ့နည်းမျိုးဟာ ရှုမှတ်စရာ ရုပ်အာရုံ ဘုမ် နည်းပါတာကြောင့် ရုပ်ဘုမ်ကျဉ်းနည်း ဖြစ်ပါတယ်။

**နာမ် ဘုမ်ကျယ်နည်း။** ။ဝိပဿနာ ရှုစရာ နာမ်တရားဟာ လောကီစိတ် ၈၁—ရယ်၊ စေတသိက် ၅၂—ရယ်လို့ ၁၃၂ မျိုး ရှိပါတယ်။

သတိပဋ္ဌာန် ပါဠိတော် စိတ္တာနုပဿနာနည်းအတိုင်း သရာဂစိတ်၊ ဝိတ ရာဂစိတ် စသည် ခွဲပြီး စိတ်ကို ဝိပဿနာရှုယင် (က) **စိတ် နာမ် ဘုမ်ကျယ်နည်း** ဖြစ်ပါတယ်။

စေတသိက် ၅၂—ပါးထဲမှာ ဖဿနဲ့ ဝေဒနာကိုသာ ဝိပဿနာ ရှုရမယ်လို့ အဋ္ဌကထာ ကျမ်းပြုဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်ကမိန့်ဆိုထားပါတယ်။ ဝိပဿနာ ရှုကွက် ထင်ရှား လွယ်ကူတာကိုသာ ဆိုထားတဲ့ နိဒဿန နည်းပြစကားလို့ မှတ်ယူသင့်ပါတယ်။

ဖဿ စေတသိက်ကို ဖဿဖြစ်ကြောင်း ၆—ပါးနဲ့ တွဲစပ်ပြီး ဖဿာယတန ၆—ပါးနည်း အတိုင်း ခွဲခြားပြီး ဝိပဿနာရှုယင် (ခ) **ဖဿနာမ် ဘုမ်ကျယ်နည်း** ဖြစ်ပါတယ်။

ဝေဒနာ စေတသိက်ကို ဝေဒနာနုပဿနာနည်းအတိုင်း ရှုမှတ်ယင် (ဂ) **ဝေဒနာနာမ် ဘုမ်ကျယ်နည်း** ဖြစ်ပါတယ်။

**နာမ် ဘုမ်ကျဉ်းနည်း။** ။လောကီစိတ်နဲ့ စေတသိက်တွေကို တခုစီ မခွဲခြား/တခုစီ မခွဲခြားပဲ "နာမ် အနိစ္စ"လို့ ဝိပဿနာ ရှုမှတ်ယင် နာမ် ဘုမ်ကျဉ်းနည်း ဖြစ်ပါတယ်။

"ဝေဒနာ အနိစ္စ"လို့ ရှုမှတ်တဲ့ နည်းဟာလဲ နာမ် ဘုမ်ကျဉ်းနည်းပဲ ဖြစ်ပါတယ်။

**နာမ်ဘုမ်ကျယ်နည်း။** ။ရုပ် သက်သက် တသန့်စီ၊ နာမ် သက်သက် တသန့်စီ မခွဲခြားပဲ ခန္ဓာကိုယ်မှာ ပေါ်လာတာကို ရှုမှတ်တဲ့ နည်းမျိုး၊ ကြုံလာတာကို ရှုမှတ်တဲ့ နည်းမျိုးဖြစ်တဲ့ (မိဿက) ဝိပဿနာ နည်းတွေလဲ ရှိကြပါတယ်။

ခန္ဓာကိုယ်မှာ ပေါ်လာတာကို မှတ်ပါ။ စိတ်ထဲမှာ သိလာတာကို မှတ်ပါ။ မြင်တာမှန်သမျှကို မြင်တယ်လို့ မှတ်ပါ၊ ကြားတာမှန်သမျှကို ကြားတယ်လို့မှတ် စသည် ဝိပဿနာနည်းပြဆရာ သင်ပြပေးတာက "မှတ်"တလုံးထည်း တခွန်းထည်း ဖြစ်ပေမယ့် လုပ်ငန်းအရတော့ ဘုမ်ကျဉ်းနည်း မဟုတ်ဘူး၊ ဘုမ်ကျယ်နည်း စစ်စစ်ဖြစ်တယ်။

ဝိပဿနာကျင့်ခွင်ဝင်ပြီး ရှုမှတ်နေချိန်မှာ ပူတယ်လို့ မှတ်ရတယ်၊ အေးတယ်+ထိုတယ်+ကျင်တယ်+တင်းတယ်+နာတယ်+ကိုက်တယ်+ လှုပ်တယ်+စားချင်တယ် + ဆန့်တယ် + ထိတယ် + ကိုင်တယ်+ ယူတယ်+ကွေးတယ်+ဟတယ်+ ထည့်တယ် + ဝါးတယ် + ဝါးတယ်+ ဝါးတယ်+မျိုတယ်+သွားချင်တယ်+ကြွတယ်+ လှမ်းတယ်+ ချတယ်+ ထိတယ်+သိတယ် စသည် ရှုမှတ်ချက်တွေ ရှုမှတ်စရာ အာရုံ ဘုမ်တွေ များပြား ကျယ်ဝန်းတာကြောင့် ဘုမ်ကျယ်နည်း စစ်စစ်သာ ဖြစ်ပါတယ်။

**ရုပ်+နာမ် ဘုမ်ကျဉ်းနည်း။** ။"ရုပ် နာမ် အနိစ္စ"လို့ ရှုမှတ်တဲ့နည်းဟာ ရုပ်နာမ် ဘုမ်ကျဉ်းနည်း ဖြစ်ပါတယ်။

ခန္ဓာဒိနယမာရဗ္ဘ ကလာပဝသေန သင်္ခိပိတွာ အနိစ္စံ အစရှိတဲ့ သင်္ဂဟကျမ်း ပါဠိဟာ ဘုမ်ကျဉ်းနည်းကို ဖော်ပြတဲ့ လွယ်လွယ်ကူကူ သိစရာ ပါဠိ ဖြစ်ပါတယ်။

ဒီပါဠိမှာ ကလာပဝသေန ကို ကလာပ်၏ အစွမ်းဖြင့်လို့ အဓိပ္ပာယ် မှန်ဝါးဝါး ဘာသာပြန်ပြီးတော့ ကမ္မဇ ကလာပ်ရုပ်,စိတ္တဇ ကလာပ်ရုပ်, ဥတုဇကလာပ်ရုပ်,အာဟာရဇ ကလာပ်ရုပ်, အရေကလာပ်ရုပ်, အဖတ် ကလာပ်ရုပ်ဟု ဝိပဿနာ ရှုရမယ်လို့ အလွဲအမှား မလုပ်ကြပါနဲ့။ ခန္ဓာဒီနယံ လို့ ရှင်းရှင်းထင်ထင် ဆိုထားတာကို သတိပြုကြပါ။

## ကိုယ့်အကြိုက် ကိုယ်ကျင့်ပါ

မြတ်ဗုဒ္ဓဟောညွှန်ပြတော်မူခဲ့တဲ့ စနစ်ကျအောင် ကျင့်နိုင်ကြယင် ဘုမ်ကျဉ်း+ဘုမ်ကျယ် နည်းနှစ်သွယ်လုံးဟာ မဂ်ဖိုလ်ရ နိဗ္ဗာန်မြင်နိုင်တဲ့ နည်းမှန်ကောင်းကွေချည်း ဖြစ်ကြပါတယ်။ ဒါကြောင့် ကိုယ်ကြိုက်တဲ့ နည်းကို ကျင့်ကြပါ၊ ကိုယ်မကြိုက်ထာနဲ့ လွဲတယ် မှားတယ်လို့ မပြောသင့်ဘူး။

**ဒီခေတ်မှာ လူတွေဟာ သက်တမ်းတိုကြလို့ ဘုမ်ကျဉ်းနည်းကို ကျင့်ဖို့ သင့်တော်တယ်လို့** ကျေးဇူးတော်ရှင် ပထမ ညောင်လွန့် မဟာထေရ် အရှင်မြတ်ကြီးက မိန့်ကြားတော် မူခဲ့ပါတယ်။

## လိုရင်းချုပ်

မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် သစ္စာလေးပါးကို သိမြင်တော်မူပြီးမှ ဟောညွှန်တော်မူတဲ့ ဆင်းရဲ ငြိမ်းပျောက်ရေး လမ်းစဉ်မှန်ကောင်းကို ဖြောင့်ဖြောင့်မတ်မတ် လိုက်နိုင်ကြဖို့ ပြောခဲ့ပြီး ဖြစ်တဲ့ ကြိုတင်သိထား၊ ကြိုတင် ပြုလုပ်ထားရမည့် အချက်တွေကို လိုရင်းချုပ် ပြန်ပြောယင်—

(၁) သီလ(ခေါ်) ကိုယ်ကျင့်တရားကောင်းရှိကြဖို့၊ (၂) စိတ်အေးအေးဖြစ်ဖို့၊ (၃) ခံယူချက် ခိုင်မြဲဖို့၊ (၄) ယုံကြည်ချက်ပြည့်ဖြိုးဖို့၊ (၅) သမာဓိ အမြင်သန့်ဖို့၊ (၆) သမထနဲ့ ဝိပဿနာကို ကွဲကွဲပြားပြား သိထားဖို့၊ (၇) အယူမသည်းပဲ အလွဲကို စွန့်လွှယ်သူဖြစ်ဖို့၊ (၈) ဝိပဿနာနဲ့စပ် ဘုမ် ၆—ရပ်ကို သိထားဖို့ဆိုတဲ့ ရှစ်ချက်ကို ကြိုတင် သိထားပြုသင့်တာကို ကြိုတင်ပြုထားပြီးမှ ဝိပဿနာ ကျင့်ခွင်ဝင်ယင် ကောင်းကျိုးအမှန် မြန်မြန်ဖြစ်ကြပါမယ်။

## ဗုဒ္ဓနည်း စစ်စစ်

**ဗုဒ္ဓနည်းစစ်စစ် ဘုမ်ကျဉ်းနည်း ဖြစ်တဲ့ ညောင်လွန့် တောရ ဝိပဿနာ ကျင့်စဉ်နည်းကို** ပြောချိန် ရောက်လှာပြီ။ ယခု ပြောခဲ့တဲ့ စကား သုံးပုဒ်မှာ "**ဗုဒ္ဓနည်း စစ်စစ်**"ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်က ညောင်လွန့်တောရ ဝိပဿနာ ကျင့်စဉ်နည်းဟာ (က) မြတ်ဗုဒ္ဓ ဟော ညွှန်တော်မူချက်တွေနဲ့ မသက်ဆိုင်ပဲ ကိုယ်ပိုင်ဉာဏ်ဇွမ်းနဲ့ တီထွင် ထားတဲ့နည်း မဟုတ်ပါဘူး။ မြတ်ဗုဒ္ဓ ဟောညွှန်တော်မူထားတဲ့ နည်း မှန်ကောင်းတရပ်သာ ဖြစ်ပါတယ်။ (ခ) မြတ်ဗုဒ္ဓ ဟောညွှန်တော်မူခဲ့ တာကို မှီးရုံမျှသာ နည်းနည်းပါးပါး ယူပြီးတော့ ကြံကောင်းစည်ရာ ကိုယ်ပိုင် အတွေးအခေါ်တွေ ရောစွက် ချဲ့ထွင်ထားတဲ့ ကျင့်စဉ်နည်း မျိုးလဲ မဟုတ်ပါဘူး။ မြတ်ဗုဒ္ဓ ဟောညွှန်တော်မူခဲ့တဲ့ နည်းမှန်ကောင်း တော်ကို နည်းနည်းကလေးမျှ မသွေဖည်ပဲ မြတ်ဗုဒ္ဓ ဟောညွှန်တော်မူခဲ့ တဲ့ နည်းမှန်ကောင်းတော်ကို တဖြောင့်ထည်း လိုက်ပြီး ကျင့်တဲ့နည်းသာ ဖြစ်ပါတယ်လို့ ဆိုလိုပါတယ်။

ပထမ သံဂါယနာ တင်ချိန်မှာ အရှင်အာနန္ဒ လျှောက်ထားခဲ့တဲ့ "ဧဝံ မေသုတံ" ပါဠိစကားတော်ကို "ဗုဒ္ဓနည်း စစ်စစ်" လို့ မြန်မာ ဘာသာ ပြန်ထားတဲ့ စကားသာ ဖြစ်ပါတယ်။ အခြား ကမ္မဋ္ဌာန်း နည်းပြဆရာတွေ ကျင့်တဲ့နည်း၊ ဟောပြနေကြတဲ့ နည်းတွေကို စောင်း ချိတ် ပြောလိုက်တဲ့ စေတနာ မရှိပါဘူး။

ဘုမ်ကျဉ်းနည်းဖြစ်တယ်လို့ ပြောခဲ့တဲ့ ဒုတိယ စကားပုဒ်အတွက် ပရိသတ်သိပြီး ဖြစ်ထားကြောင့် အထူးပြောစရာ မလိုတော့ပါဘူး။

**ညောင်လွန့်တောရ ဝိပဿနာကျင့်စဉ်** ဆိုတဲ့ တတိယ စကားပုဒ်ရဲ့ အဓိပ္ပာယ်က သကရာဇ် ၁၂၈၈–ခုနှစ်မှာ တရားထူးကို ရတော်မူတဲ့ အရှင် မေဓာဝီ အမည်တော်တွင်တဲ့ ကျေးဇူးတော်ရှင် ညောင်လွန့် (ပထမ) ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် မြတ်ဗုဒ္ဓ ပိဋကတော် ထဲမှာ ရှာဖွေ တွေ့သိ ကျင့်တော်မူပြီးမှ ဟောပြတော်မူခဲ့တဲ့ ကျင့်စဉ် နည်းမှန် ဖြစ်ပါတယ်လို့ ဆိုလိုပါတယ်။

ဒီ ညောင်လွန့်တောရ ဝိပဿနာကျင့်စဉ် နည်းဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၆၀) ကျော်ကစပြီး ယနေ့အထိ ဆရာတပည့် အဆက်

ဆက် ကျင့်ခဲ့ကြစဉ်မှာ ကြုံတွေ့သမျှတွေနဲ့တကွ ယောဂီတွေကို ကျင့်စဉ်နည်း ပြကြချိန်မှာ ကြုံတွေ့သမျှတွေကို ဗုဒ္ဓပိဋကတော်တွေနဲ့ ညှိနှိုင်းကြပြီး မှန်းမံပြုပြင်ကြ၊ ဖြည့်စွက်ကြတာကြောင့် ကျေးဇူးတော်ရှင်သြောင်လွန့်(ပထမ) ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ကျင့်တော်မူချိန်+ဟောပြတော်မူချိန်ကထက် ယောဂီတွေအတွက် အင်မတန် ပိုမိုလွယ်ကူ ဖြောင့်တန်းလှတဲ့ နည်းမှန်ကောင်းတရပ် အဖြစ်ကို ရောက်နေပါပြီလို့ မှတ်သားကြယင် မမှားပါဘူး။

"သြောင်လွန့်တောရ ဝိပဿနာ ကျင့်စဉ်နည်းဟာ သမထကို ဥပစာရစျာန် ရပြီးချိန်ထိအောင် ရှေးဦး အားထုတ်ပြီး အဇ္ဈတ္တနိမိတ်ထင်ရှား+ခိုင်မြဲမှ ဝိပဿနာဘက် ကူးတက်တဲ့ ဘုမ်ကျဉ်း ဝိပဿနာနည်းဖြစ်ပါတယ်" ပါဠိဘာသာမှာ သမထ ပုဗ္ဗင်္ဂမ ဝိပဿနာ ယာနိကနည်းလို့ ဆိုပါတယ်။ သမထ ယာနိကနည်းလို့ မမှတ်ကြပါနဲ့၊ မပြောကြပါနဲ့။

× × ×

## ရှေးဦးပြုရမည့် လုပ်ငန်းများ

တရားကျင့်ခွင် ဝင်တဲ့အခါ ရှေးဦးပြုမည့် လုပ်ငန်း (ပုဗ္ဗကမ္မ) တွေကို ကေန် ပြုကြရပါမယ်။

**(၁) မြတ်ဘုရားကို ကန်တော့ကြပါ။** ။ဗုဒ္ဓ ရုပ်ပွားတော် ရှေ့မှာ ဖြစ်စေ၊ စေတီတော် အနီးမှာ ဖြစ်စေ၊ ဗုဒ္ဓရုပ်ပွားတော် စေတီတော် မရှိတဲ့ နေရာမှာ ဖြစ်စေ သန့်သန့်ရှင်းရှင်း ပြုပြင်ထားတဲ့ နေရာမှာ တရားကျင့်မည့် ယောဂီအားလုံးဟာ "သဗ္ဗညုမြတ်စွာဘုရားကို ရှိခိုးပါ၏" စသည် ဘုရားဂုဏ်တော် တခုခုကို လေးလေးစားစား အာရုံပြုကာ မြတ်စွာဘုရားကို ဦးသုံးကြိမ်ချ ကန်တော့ကြရမယ်။

တရားကျင့်ချိန် များများရဖို့ လိုအပ်တာမို့ ဘုရားရှိခိုးစာတွေ ရွတ်ဆိုမှုကို မပြုသင့်ဘူး။ တရားကျင့်ခွင်နဲ့ မသက်ဆိုင်ပဲ ဘုရားရှိခိုးချိန်မှာတော့ ဘုရားရှိခိုးစာတွေကို မိမိတို့ အလိုရှိသလောက် ရွတ်ဆိုပူဇော်ခွင့် ရှိကြပါတယ်။

(၂) **သရဏဂုံယူပြီး သီလ ဆောက်တည်ကြပါ။** ။ဗုဒ္ဓံသရဏံ ဂစ္ဆာမိ စသည် သရဏဂုံ ယူပြီး "တပည့်တော်သည် ဤအချိန်မှစ၍ ငါးပါးသော သီလတို့ကို ခံယူပါ၏၊ ဆောက်တည်ပါ၏" လို့ သုံးကြိမ် ဆောက်တည်ပါ။ ရှစ်ပါး သီလ ဆောက်တည်ချင်ယင် "တပည့်တော်သည် ဤအချိန်မှစ၍ ရှစ်ပါးသော သီလတို့ကို ခံယူပါ၏၊ ဆောက်တည်ပါ၏" လို့ သုံးကြိမ် ဆောက်တည်ပါ။

သီလ သိက္ခာပုဒ်တွေကို သိထားပြီးဖြစ်လို့ တရားကျင့်ချိန် များများရဖို့ သီလခံယူမှုကို ရှည်ရှည်မျှောမျှော ရွတ်ဆိုရန် မလိုအပ် ပါဘူး။

(၃) **အသက်နဲ့ခန္ဓာ လှူပါ။** ။တပည့်တော်ရဲ့ အသက်နဲ့ တကွ ခန္ဓာ ကိုယ်ကို မြတ်စွာဘုရား အား လှူဒါန်းပါ၏၊ ပူဇော်ပါ၏ လို့ သုံးကြိမ် နှုတ်မြွက်ကာ လေးလေး စားစား လှူဒါန်း ပူဇော်ရမယ်။

နောင်အခါမှာ အန္တရာယ်တခုခု ကြုံလာယင် ဘုရားရှင်အား လှူဒါန်းထားတဲ့ အသက်နဲ့ ခန္ဓာကိုယ်ဖြစ်တယ်၊ ငါ့အသက် ငါ့ခန္ဓာ မဟုတ်တော့ဘူးလို့ တွေးကာ ဝမ်းသာကြည်နူးပြီး ထိတ်လန့်ကြောက် ရွံ့မှု ကင်းပျောက်သွားတဲ့ အကျိုးကို ယခုဘဝမှာပဲ ရနိုင်ပါတယ်။

(၄) **အမျှဝေ မေတ္တာပို့ပါ။** ။ကျွန်ုပ်ပြုပြီး ရရှိပြီးတဲ့ ကုသိုလ်တွေ ကို ဘိုးဘွား မိဘ ဆရာသမား ဆွေမျိုးများနှင့် တရားကျင့်ရာ ဤနေရာမှာ ရှိကြကုန်သော ပုဂ္ဂိုလ် တွေနှင့်တကွ အားလုံးကုန်သော ဆင်းရဲ ချမ်းသာ သတ္တဝါတို့အား ပေးဝေပါ၏၊ ကျွန်ုပ် ပေးဝေအပ်သော ကုသိုလ်တွေကို ရရှိကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ၊ ကိုယ်စိတ် နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ ကြပါစေ။

(၅) **တောင်းပန်ပါ။** ။ဘုရားအစရှိတဲ့ အရိယာ ပုဂ္ဂိုလ်တွေကို ကဲ့ရဲ့ ရှုတ်ချမှု ပြုခဲ့တဲ့ အကုသိုလ် (အရိယူပဝါဒ) ကံဟာ အပြစ်ကြီးလေးလှပါတယ်။ တရားမှန် ကျင့်ကာ ပါရမီပြည့်

နေသူ ဖြစ်ပေမယ့် ဒီအ ကုသိုလ် အပြစ်ကြီးက တားဆီး ထားတာ ကြောင့် မတောင်းပန်သမျှ မဂ်ဖိုလ် နိဗ္ဗာန်ကို မရနိုင်ဘူး။ ဒါကြောင့် အရိယာ ပုဂ္ဂိုလ်တွေကို ပုထုဇဉ် သဘာဝ ပြစ်မှားမိခဲ့တဲ့ အပြစ်ရှိယင် ကင်းပျောက်အောင် တောင်းပန် ဝန်ချ ကန်တော့ကြရမယ်။

### တောင်းပန်စာတမ်း

ဘုရား အစရှိသော အရိယာအပေါင်း သူတော်ကောင်းတို့၊ အသင်တို့အပေါ်၌ ကျွန်ုပ်က ပြစ်မှားမိသော အပြစ်များ ရှိပါလျှင် ထိုအပြစ်တို့မှ ကင်းလွတ်စေရန် ဝန်ချပါ၏၊ တောင်းပန်ပါ၏၊ သည်းခံကြပါ၊ ကျေနပ်ကြပါ၊ ခွင့်လွှတ်ကြပါ။

ကျွန်ုပ် အပေါ်၌ အသင်တို့က ပြစ်မှားမိသော အပြစ်များ ရှိပါလျှင် သည်းခံပါ၏၊ ကျေနပ်ပါ၏၊ ခွင့်လွှတ်ပါ၏။ (သုံးခေါက် ရွတ်ဆို တောင်းပန်ပါ)

တောင်းပန်မှုကို အနည်းဆုံး တကြိမ်တော့ ကေန် ပြုရပါမယ်။

(၆) **တရားတောင်းပါ။** ။ဆရာထံ တပည့်ခံပြီး တရားတောင်းရမယ်။ အရှင်ဘုရား၊ တပည့်တော်သည် အရှင်ဘုရားကို ကမ္မဋ္ဌာန်းဆရာဟူ၍ အသိအမှတ်ပြုပါ၏၊ တပည့်တော်ကို တပည့်ဟူ၍ အသိအမှတ် ပြုတော်မူပါ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းမှန်တို့ကို ညွှန်ပြတော်မူပါ၊ ညွှန်ပြတဲ့အတိုင်း လိုက်နာ၍ အားထုတ်ပါမည်၊ တရားအားထုတ်နေသော နေ့ရက် အချိန်အတွင်းမှာ တပည့်တော်၏ ကောင်းကျိုး ချမ်းသာ တိုးတက်ဖြစ်ပွားစေရန် ရည်ရွယ်လျက် အရှင်ဘုရားအလိုရှိသလို ဆုံးမနိုင်ဖို့ တပည့်တော်၏ အသက်နဲ့ တကွ ခန္ဓာကိုယ်ကို အရှင်ဘုရားအား အပ်နှင်းပါ၏၊ လှူဒါန်းပါ၏။ (သုံးခေါက်ဆိုပါ)

**အပ်နှံခြင်းကြောင့် ဖြစ်ထွန်းနိုင်သည့် ကောင်းကျိုးများ** ကောင်းကျိုးတိုးတက် ဖြစ်ပွားစေရန် ဆုံးမဖို့ အပ်နှံထားယင် ယောဂီတွေ စည်းမျဉ်း ချိုးဖောက်တဲ့အခါ ဆရာက ဆုံးမနိုင်တယ်။ ဆုံးမမှုကြောင့်

ယောဂီတွေမှာ ကုသိုလ်ဖြစ်ပွားမှု၊ တရားကျင့်စဉ်မှန်မှု၊ ဝိပဿနာဉာဏ်ကို ရမှု နိဗ္ဗာန်ထိ ကောင်းကျိုးတွေ မရေ မတွက်နိုင်အောင် ဖြစ်ပွားနိုင်ကြပါတယ်။

ဇွဲမသန်တဲ့ယောဂီတွေ၊ နည်းနည်းပါးပါး နာကျင်တာကို ခံနိုင်ရည် မရှိပဲ ဣရိယာပုတ်ကို ခဏခဏပြင်တဲ့ ယောဂီတွေကို သိမ်သိမ်မွေ့မွေ့ ဆုံးမစကား ပြောရတဲ့အခါလဲ ရှိပါတယ်။

ကိုယ့်ခန္ဓာကိုယ်ကို ထင်ထင် ရှားရှား မြင်နေတဲ့ ယောဂီကို ဝိပဿနာဘက် ကူးတက်ခိုင်းတဲ့အခါ ရုပ်ပျက်စီးမှု မထင်ပေါ်သေးခင်မှာ ယောဂီက လှုပ်လှုပ်ရှားရှားလုပ်ယင် မြင်နေတဲ့ သမထ နိမိတ်ဟာ ပျောက်ကွယ်သွားတယ်၊ ဝိပဿနာ ဆက်တက်လို့ မရတော့ဘူး။ နောင် တချိန်မှာ ပြန်မြင်လာဖို့ မလွယ်ကူဘူး။ ဒီအချိန်ဟာ ဘာမျှ အရေးမကြီးလှဘူးလို့ ယောဂီက ထင်မှတ်ပေမယ့် ယောဂီ ဝိပဿနာဉာဏ်ရဖို့အတွက် ဒီအချိန်ဟာ သေရေးရှင်ရေး အချိန်ပဲလို့ ကမ္မဋ္ဌာန်း နည်းပြဆရာက သိမှတ်ထားတယ်။ ယောဂီတယောက် ဝိပဿနာဉာဏ် ပထမအဆင့် မရောက်ခင်မှာ ယောဂီ ဝိပဿနာဉာဏ် ရရေးအတွက် သေရေးရှင်ရေး တမျှ အရေးကြီးလှတဲ့အချိန်တွေကို ကမ္မဋ္ဌာန်းနည်းပြဆရာဟာ မကြာခဏ ကြုံတွေ့ရပါတယ်။ ဒီလို သေရေးရှင်ရေးတမျှ အရေးကြီးနေချိန်မျိုးမှာ စကားများတဲ့ယောဂီ၊ စကားကြောရှည်တဲ့ယောဂီ၊ လှုပ်လှုပ်ရှားရှားလုပ်တတ်တဲ့ ယောဂီကို သေရေးရှင်ရေးတမျှ အရေးကြီးတယ်လို့ သိနေတဲ့ ကမ္မဋ္ဌာန်းနည်းပြဆရာက ငေါက်ငေါက်ငမ်းငမ်း ခပ်ကြမ်းကြမ်း ပြောဆို ဆုံးမတတ်ပါတယ်။ ဒီလိုမပြောယင် ယောဂီရဲ့ လွဲချော်မှုကြောင့် ဝိပဿနာလုပ်ငန်း အံချော် ပျက်စီးတယ်၊ အင်မတန်ကြုံခဲလှတဲ့ အခွင့်ကောင်းကြီးတရပ် လက်လွတ်သွားတယ်။ ယောဂီအတွက် အင်မတန် ကြုံခဲလှတဲ့ အခွင့်ကောင်းကြီးတရပ် လက်မလွတ်ရအောင် နည်းပြဆရာက ခပ်ကြမ်းကြမ်း ငေါက်ငေါက်ငမ်းငမ်း ပြောဆိုဆုံးမလေ့ ရှိတယ်လို့ ဗဟုသုတ ရှိကြပါစေ။

နည်းပြဆရာက ငေါက်ငေါက်ငမ်းငမ်း ခပ်ကြမ်းကြမ်း ပြောဆိုဆုံးမတဲ့အခါ ယောဂီတွေက စိတ်ညှိုးငယ်မှု၊ စိတ်မချမ်းသာမှု၊ ကမ္မဋ္ဌာန်းဆရာ ဒေါသကြီးလှတယ်လို့ အလွဲတွေးထင်မှု စသည်တွေကို မပြုကြပဲ ဆရာ စေခိုင်းတဲ့အတိုင်း တရားကျင့်နိုင်ကြရမယ်။

အလိုရှိသလို ဆုံးမနိုင်ဖို့ အပ်နှံထားမှုမရှိယင် ခပ်ကြမ်းကြမ်း ပြောဆိုဆုံးမဖို့ ကြုံလာချိန်မှာ ဆရာက ဆုံးမဖို့ ခက်ခဲလာရော၊ ဆုံးမဖို့ ခက်ခဲယင် မဆုံးမပဲ ထားလိုက်ပါရော။ ဆုံးမမှု မခံရတဲ့ယောဂီ၊ ဆုံးမမှုကို မခံယူတဲ့ယောဂီတွေဟာ ကျင့်စဉ်မှန်ဖို့ မဖြစ်နိုင်တော့ဘူး။ ကျင့်စဉ်မမှန်ယင် တရားထူးကို မရကြတော့ဘူး။ ဒါကြောင့် နုနု၊ ကြမ်းကြမ်း သင့်တော်သလို ဆရာက ဆုံးမရမယ်၊ ဆရာဆုံးမနိုင်အောင် တပည့်က ကြိုတင် အပ်နှံထားရမယ်။

ငါဟာ တပည့်တွေကို အနုနဲ့အကြမ်း နည်းနှစ်မျိုးနဲ့ ဆုံးမနေပါတယ်လို့ မြင်းသင်ဆရာကြီး ကေသီကို မြတ်ဗုဒ္ဓကိုယ်တော်တိုင် မိန့်ကြားတော်မူခဲ့ပါတယ်။

**ရှေးဟောင်း ထုံးကောင်းတရပ်**။ ။တပည့်အတွက် ကောင်းကျိုး တိုးတက် ဖြစ်ပွားစေဖို့ ရည်ရွယ်ပြီး စိတ်ကောင်းထားကာ ဆုံးမနိုင်အောင် တပည့်က ဆရာထံ အပ်နှံထားတာ ဖြစ်ပါတယ်။ ကမ္မဋ္ဌာန်းနည်းပြဆရာက ယောဂီ တပည့်မတွေကို ခြေစမ်း လက်စမ်း ပရမ်းပတာ ပြုချင်ရာပြုနိုင်ဖို့ အပ်နှံထားတာ မဟုတ်ပါဘူး။ ဒါကြောင့် ပရမ်းပတာ မတော်တာပြုယင် ဆရာအင်္ဂါ ပျက်ယွင်းပြီး ဆရာအင်္ဂါ ပျက်ယွင်းနေသူဟာ ဆရာမဟုတ်တော့ဘူး၊ လူမျိုးတရဘတပါးထဲမှာ မပါတဲ့ လူယုတ်မာမျိုးသက်သက် ဖြစ်တယ်။ ဒီလို ယုတ်မာသူကို ယောဂီတွေက နားရင်းအုပ်ကာ ဆုံးမကြပေတော့။

မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိတော်မူစဉ်မှာ အရှင်ဗမ္မိက အမည်ရှိတဲ့ ကျောင်းဘုန်းကြီး ယုတ်မာကို ဇာတိဘူမိက ရွာသားတွေက ခပ်ကြမ်းကြမ်း နှင်ထုတ်ခဲ့ကြတယ်။ ဒီလို နှင်ထုတ်ကြတာကို မြတ်ဗုဒ္ဓ ကိုယ်တော်တိုင်က သာဓုခေါ်တော်မူခဲ့တဲ့ ရှေးဟောင်း ထုံးကောင်းတရပ်ဟာ သာသနာတော်မှာ ရှိခဲ့ဘူးပါတယ်။

ကျောင်းဒကာ စိတ္တသူကြွယ်ကို နှမ်းပျစ်သည်မရှဲသားလို့ သွယ်ဝိုက် လှည့်ပတ်ပြောခဲ့တဲ့ အရှင်သုဓမ္မ အမည်ရှိတဲ့ ကျောင်းဘုန်းကြီးကို ကျောင်းဒကာအား ဝန်ချတောင်းပန်ရမယ်လို့မြတ်ဗုဒ္ဓကိုယ်တော်တိုင်က အမိန့်ချမှတ်တော်မူခဲ့တဲ့ ရှေးဟောင်း ထုံးကောင်းတရပ်ဟာလဲ သာသနာတော်မှာ ထင်ရှား ရှိခဲ့ဘူးပါတယ်။

## ဆရာ့အနီးမှာ အားထုတ်ပါ

ကမ္မဋ္ဌာန်းနည်းပြဆရာထံမှ ကျင့်စဉ်နည်းယူပြီး ဆရာနဲ့ ဝေးကွာသင့်တော်ရာမှာ တရားအားထုတ်ယင် ဖြစ်နိုင်တယ်ဆိုပေမယ့် ဆရာနဲ့ ဝေးရာမှာ အားထုတ်တာထက် ဝိပဿနာဉာဏ် မရင့်သေးခင် ဆရာ့ အနီးမှာ အားထုတ်တာက အများကြီး ပိုကောင်းပါတယ်။

မြတ်ဗုဒ္ဓ အစရှိတဲ့ အဘိညာဏ်တန်ခိုး ရပြီးသား ရှေးသူတော်စင် ပုဂ္ဂိုလ်ကြီးများက အဝေးမှာ တရားကျင့်နေကြတဲ့ တပည့် ယောဂီတွေကို အဘိညာဏ်တန်ခိုးနဲ့ ကြည့်ကြကာ တပည့်ယောဂီတွေ ဆုတ်ယုတ်မှု ဖြစ်ကြတဲ့အခါ ချက်ချင်း ကြွရောက်ပြီး ပြုပြင်ပေးနိုင်စွမ်း ရှိကြပါ တယ်။ တိုးတက်မှုဖြစ်ချိန်မှာ ကူညီ တွန်းတင်ပေးနိုင်စွမ်း ရှိကြပါတယ်။

ဒီခေတ်မှာ ကမ္မဋ္ဌာန်း နည်းပြဆရာတွေဟာ အဘိညာဏ်တန်ခိုး ရှိကြသူတွေ မဟုတ်ကြလေတော့ အဝေးနေ ယောဂီတွေကို အကူအညီ ပေးနိုင်စွမ်း မရှိကြဘူး။ ဆရာရဲ့ စောင့်ရှောက်မှု၊ ပြုပြင်မှု၊ ကူညီမှုကို မရပဲ တပည့် ယောဂီတွေ တရားထူးရဖို့ဆိုတာ ဒီခေတ်မှာ အင်မတန် ခဲယဉ်းလှပါတယ်။

ဆရာ့အနားမှာ တရားအားထုတ်ယင် လမ်းလွဲပါက ချက်ချင်း ပြုပြင်ပေးနိုင်တယ်။ ဆုတ်ယုတ်မှု အခြေခံ ဖြစ်ပေါ်လာယင် ချက်ချင်း တားဆီးနိုင်တယ်။ တိုးတက်မှုအခြေခံ ဖြစ်ပေါ်လာယင် အချိန်မဖင့်ပဲ အမြန်တိုးတက်အောင် ကူညီနိုင်တယ်။ ဒါကြောင့် ဝိပဿနာဉာဏ် ခိုင်မြဲချိန်တိုင်အောင် ဆရာ့အနားမှာ အားထုတ်ခြင်းဟာ ဆရာ့အဝေး မှာ အားထုတ်တာထက် ယောဂီအတွက် ပိုမို ကောင်းကျိုး ဖြစ်ထွန်း နိုင်ပါတယ်။

**ညောင်လွန့် နည်းပြဆရာ**။ ။ဆရာ့အနားမှာ တရားအားထုတ်ကြတဲ့ ယောဂီတွေကို တရက်မှာ တကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်ရယ်လို့ တရား စစ်ချိန် သတ်မှတ်ထားပြီး စစ်ဆေး ပြုပြင်ပေးခြင်းထက် ယောဂီထံကို မကြာခဏသွားကာ တရားစစ်ပေး ပြုပြင်ပေးယင် ယောဂီအတွက် အင်မတန် ကောင်းကျိုးတိုးတက်ပါတယ်။ ဆရာရဲ့ ပင်ပန်းမှုကတော့ ကြီး မားလှပါတယ်။ **ယောဂီတွေအပေါ်မှာ ဘုရားလောင်းကြီးလောက်နီးနီး**

**မေတ္တာကရုဏာ ထားနိုင်ပါမှ ညောင်လွန့် ဝိပဿနာ နည်းပြဆရာ ဖြစ်နိုင်တယ်** ဆိုတာကို ညောင်လွန့်တောရ ဝိပဿနာကျင့်စဉ်နည်းကို အားထုတ်ဘူးကြတဲ့ ယောဂီတွေ သိကြပါတယ်။ ညောင်လွန့် ဝိပဿနာဌာနမှာ ဝိပဿနာဉာဏ်မရသေးတဲ့ ယောဂီဆယ်ဦး နည်းပြဆရာတဦးတည်း ဖြစ်ယင် နည်းပြဆရာရဲ့ ပင်ပန်းမှုဟာ သေလုနီးပါးပါပဲ။

ယောဂီတဦးကို ဝိပဿနာဉာဏ် ပထမဆင့်ရောက်အောင် တရားတက်စဉ် ညွှန်ပြပေးရတဲ့အခါ နာရီဝက်လဲ ကြာတယ်၊ တနာရီလဲ ကြာတယ်၊ နှစ်နာရီလဲ ကြာတယ်၊ သုံးနာရီလဲ ကြာတယ်၊ လေးနာရီလဲ ကြာတယ်၊ လေးနာရီ မိနစ်သုံးဆယ်သာသာထိလဲ ကြာတယ်။ ယောဂီရဲ့ သမာဓိနဲ့ ဉာဏ်အားအလိုက် အမြန် အနှေး ကွာခြားပါတယ်။ ဘယ်လောက်ပဲကြာကြာ ဝိပဿနာ ပထမဆင့်ရောက်အောင် နည်းပြဆရာဟာ ယောဂီရဲ့ ကမ္မဋ္ဌာန်းကျောင်း ခေါင်းရင်းမှာ မတ်တတ်ရပ်ပြီး တရစပ် ထိန်းနေရ ပါးစပ်က ပြောနေရတယ်။ ထမင်း တနပ်မစားပဲ နေရတဲ့အခါမျိုးလဲ ကြုံတတ်ပါတယ်။ ယောဂီသုံးဦး ဝိပဿနာ ပြိုင်တူတက်ယင် နည်းပြဆရာဟာ လမ်း လျှောက် သွက် ဖို့လဲ အထူးလိုအပ်ပါတယ်။

ကျေးဇူးတော်ရှင် ညောင်လွန့် (တတိယမြောက်) ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒတော်အတိုင်း ပရိယတ္တိသင်ပြမှုကို ဇောက်ချလုပ်ကာ ယောဂီတွေအတွက် တနှစ်မှာ (၁၅) ရက်မျှ အချိန်ပေးပြီး ဝိပဿနာနည်းပြလှာခဲ့တာ သုံးနှစ်အတွင်းမှာ ဝိပဿနာဉာဏ် ရပြီးသူပေါင်း (နှစ်ရာ) ကျော်ပါပြီ၊ လေးနာရီခွဲသာသာကြာတဲ့ ယောဂီ (၅)ဦး တွေ့ဘူးတယ်။

ဝိပဿနာဉာဏ် ပထမဆင့် ရပြီးယင်တော့ နည်းပြဆရာဟာ သက်တောင့်သက်သာပါပဲ၊ မလွဲမှားရအောင် ထိန်းပေးရုံ တိုးတက်အောင် ခဏတဖြုတ် ကူညီပေးရုံလောက်သာ ဆောင်ရွက်ရပါတော့တယ်။ ဝိပဿနာဉာဏ် ရင့်ပြီးယင် ဆရာနဲ့ ဝေးရာမှာ မိမိတို့နေအိမ်မှာ အားထုတ်လို့ ဖြစ်နိုင်ပါပြီ။

(၇) **စည်းချပါ**။ ။တရားကျင့်ရာ အဆောက်အအုံ၊ သို့မဟုတ် အိမ်ဝင်း ကျောင်းဝင်း စသည်ကို "ကျွန်ုပ် စည်းချတော့မယ်၊ စည်းတွင်းမှာ မနေချင်သူများ ယခု ဖယ်ရှားကြပါ" လို့ ကြိုတင် အသိပေးပြီးမှ မိမိ တရားကျင့်မယ့် အဆောက်အအုံ စသည်ရဲ့ ပတ်ဝန်းကျင် အရပ်ရှစ်မျက်နှာ စေ့အောင် စိတ်နဲ့ မှတ်သား အာရုံပြုကာ ဟေဟုပစ္စယော စတဲ့ ပဋ္ဌာန်း ပါဠိတော်ကို ဖြစ်စေ၊ ဗုဒ္ဓ သရဏံ ဂစ္ဆာမိ စတဲ့ သရဏဂုံ သုံးပါး (ကိုးပုဒ်)ကို ဖြစ်စေ ရွတ်ဆိုကာ စည်းချပါ။ စည်းချပြီးယင် "ကျွန်ုပ် ချထားတဲ့ စည်းတွင်းကို အနှောင့် အယှက် ပြုတတ်သူတွေ မလာရ၊ မဝင်ရ" လို့ စိတ်နဲ့ တားမြစ်ပါ။

ဝိပဿနာ နည်းပြဆရာ အဖြစ်နဲ့ ကြုံတွေ့ရသမျှ ပြောရယင် တရားကျင့်နေချိန်မှာ အဖျက်အဆီး မကောင်းဆိုးရွား သူတွေကို တွေ့ကြုံရသူတွေဟာ မှော်ဝင်ထားသူတွေ၊ လောကီ ဝိဇ္ဇာဂိုဏ်း ဝင်ထား သူတွေ၊ ဝိဇ္ဇာ ဆေးထိုး နတ် ဆေးထိုး အင်းသောက်ထား လက်ဖွဲ့ ဆောင်ထားသူတွေ၊ ဓာတ်ဝင် ဓာတ်စီး စိပ်ပုတီး ဆောင်သူတွေသာ ဖြစ်ကြပါတယ်။ ဒါတွေကို မလိုက်စားကြသူတွေဟာ ကြုံတွေ့မှု မရှိကြပါဘူး။

(၈) **ဣရိယာပုထ်**။ ။ဣရိယာပုထ် (ခေါ်) လူတွေရဲ့ နေထိုင်မှုဟာ လျှောင်း+ထိုင်+ရပ်+သွားလို့ လေးမျိုး ရှိပါ တယ်။ တရားကျင့်ခွင် ဝင်စအချိန်မှာ စိတ် တည်ငြိမ် လွယ်အောင် လျှောင်းနဲ့ ထိုင် ဣရိယာပုထ် နှစ်မျိုးကို ခွင့်ပြုပါတယ်။ ညောင်လွန့် ဝိပဿနာ ဌာနတွေမှာ ကမ္မဋ္ဌာန်းထိုင်တယ်၊ တရားထိုင်တယ်လို့ ပြောရိုး စကား မရှိပါဘူး။ "တရားကျင့်ခွင်ဝင်တယ်" လို့သာ ပြောရိုး စကား ရှိပါတယ်။

အိပ်ရာပေါ်မှာ ပက်လက်လှန်ကာ လက်ဆန့် ခြေဆန့် သက် တောင့်သက်သာနေပြီး တရားကျင့်ခွင့်လဲ ပေးပါတယ်။

ထိုင်တဲ့အခါမှာလဲ ပုံစံမရှိ၊ ပုံသေကားကျ မရှိဘူး။ ပုဆစ်တုပ် ထိုင်ချင်တဲ့ အမျိုးသားကို ပုဆစ်တုပ် ထိုင်နေခွင့် ပေးပါတယ်၊ တင်ပလ္လင် ခွေ ထိုင်ချင်တဲ့ အမျိုးသမီးကို တင်ပလ္လင်ခွေ ထိုင်ခွင့် ပေးပါတယ်၊ ယရံကို ကျောမှီကာ ခြေဆင်း ထိုင်ချင်ယင်လဲ ထိုင်ခွင့် ပေးပါတယ်၊

လက်ကိုလဲ ထားချင်သလို ထားခွင့် ပေးပါတယ်၊ တာရှည် ထိုင်နိုင်အောင် ယောဂီ ထိုင်ချင်တဲ့ပုံစံကို ယောဂီကိုယ်တိုင် ချမှတ် ထိုင်ခွင့် ပေးပါတယ်။

တရားကျင့်ချိန်မှာ တရားတော်ကို လေးစားပြီး ကျုံ့ကျုံ့ရုံ့ရုံ့ ရိုရိုသေသေ ထိုင်ရမယ်လို့ အလွဲအမှား မပြောကြ မမှတ်ကြပါနဲ့၊ သက္ကစ္စန္တိ သတိံ ဥပဋ္ဌပေတွာ တဲ့၊ သက္ကစ္စန္တိ ရိုရိုသေသေဆိုသည်မှာ သတိံ ဥပဋ္ဌပေတွာ စိတ်ထဲမှာ တရားစွဲမြဲနေရအောင် သတိ ကပ်ထားတာပါလို့ ကျမ်းဂန်တွေမှာ ဆိုထားပါတယ်။ သတိပဋ္ဌာနသုတ်မှာ ဥစ္စာရပဿာဝကမ္မေဝ ါ ကျင်ကြီး စွန့်ချိန်, ကျင်ငယ် စွန့်ချိန်မှာလဲ တရားမှတ်ပါလို့ မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် ဟောညွှန် ထားပါတယ်။

လိုရင်းချုပ်ကတော့ **ဣရိယာပုထ်ကို ခဏခဏမပြင်ပဲ မပြောင်းပဲ တရားကို သတိကပ် သိမှတ်နေဖို့ပါပဲ။**

**ဣရိယာပုထ်ပြင်မှု** ဆိုတာဟာ မှိတ်ထားတဲ့ မျက်စိကို ဖွင့်မှု၊ လက်ချောင်းလှုပ်မှု၊ ခြေချောင်းလှုပ်မှု၊ ဆန့်မှု၊ ကွေးမှု စတဲ့ အသေးအဖွဲ လှုပ်ရှားမှု ပြုလုပ်တာကို ဆိုလိုတယ်။

တရားမှတ်နေယင်း ဝါယောဓာတ် တွန်းလို့ ရွေ့သွားတဲ့ လက်ကို၊ ရွေ့သွားတဲ့ ခြေထောက်ကို နေရာမှန်အောင် ပြုလုပ်ယင်လဲ ဣရိယာပုထ် ပြင်တာပဲ။ ခါးညောင်းလို့ ဆန့်လိုက်၊ ပက်လက်လျောင်း နေရာက ခါးညောင်းလို့ ဘေးဘက် စောင်းလိုက်ယင် ဣရိယာပုထ် ပြင်တာပဲ။

**ဣရိယာပုထ်ပြောင်းမှု** ဆိုတာဟာ ထိုင်နေရာက လျောင်းလိုက်ယင်, လျောင်းနေရာက ထိုင်လိုက်ယင် ဣရိယာပုထ် ပြောင်းတယ်လို့ ဆိုလိုတယ်။

ဣရိယာပုထ် ပြင်ယင်လဲ သမာဓိ ပျက်တယ်၊ ဣရိယာပုထ် ပြောင်းယင်လဲ သမာဓိပျက်တယ်။ ပြင်ချင်စိတ် ပြောင်းချင်စိတ် ဖြစ်ပြီးမှ ပြင်တာ ပြောင်းတာကြောင့် သမာဓိပျက်တာ အမှန်ပဲ။ သမာဓိ ပျက်ယင် နိမိတ်မထင်ဘူး၊ နိမိတ်မထင်ယင် တရားထူး မရဘူး။ ဒါကြောင့် ညောင်း, ထုံ, ကျင်, လေး, ကိုက်ခဲ, နာလှာယင် ဆရာ့ ခွင့်ပြုချက် မရပဲ မပြင်ပါနဲ့၊ မပြောင်းပါနဲ့၊ ကြိတ်မှိတ် သည်းခံကာ တရားမှတ်နေရမယ်။

ညောင်လွန့် ဝိပဿနာ နည်းပြ ဆရာတွေက ယောဂီတွေ သေလုနီးအောင် ဘယ်တော့မျှ မခိုင်းကြပါဘူး၊ ပြင်သင့်တဲ့အချိန်မှာ ပြင်ခွင့်ပေးကြပါတယ်၊ ပြောင်းသင့်တဲ့ အချိန်မှာ ပြောင်းခွင့်ပေးကြပါတယ်၊ ဆရာ ခွင့်မပေးသေးယင် ယောဂီရဲ့ သဘောနဲ့ မပြင်ရဘူး၊ မပြောင်းရဘူး၊ ဒါ သံမဏိ စည်းမျဉ်းတရပ်ပဲ။

တရားကျင့်ခွင့် ဝင်စ အချိန်မှာ တာရှည်နေနိုင်မယ့် ဣရိယာပုထ်ကို ယောဂီရဲ့ စိတ်တိုင်းကျ ရွေးချယ်နေခွင့် ပေးထားပြီးပြီ။ ထိုကျင့် ကိုက်ခဲ လာမှ ယောဂီရဲ့ စိတ်တိုင်းကျ ပြင်မယ်၊ ပြောင်းမယ်ဆိုယင် ယောဂီဘက်က တရားမလွန်ဘူးလား? လွန်သလား စဉ်းစားကြပါ။

**(၉) မျက်စိမှိတ် အဝတ်စည်းပါ။** ။မျက်စိမှိတ်ကာ တရားမှတ်နေတဲ့ ယောဂီတွေဟာ သမာဓိ မြဲလို့ သမထ နိမိတ်အာရုံ ထင်လာ မြင်လာတဲ့အခါ မျက်စိဖွင့်ကြည့်လေ့ရှိကြတယ်။ မျက်စိ ဖွင့်ကြည့်ယင် သမာဓိပျက်စီးပြီး သမထနိမိတ်အာရုံပျက်သွား ပျောက်သွားရော။ ဝိပဿနာဘက် ကူးတက်လို့ မရတော့ဘူး။ ဒါကြောင့် တရားမှတ်ခါနီးယင် မျက်စိမှိတ်ကာ မျက်စိထဲမှာ အလင်းရောင် နည်းနည်းမျှ မရှိရအောင် မျက်စိကို အဝတ်ခပ်ထူထူနဲ့ ပိတ်စည်းထားရမယ်။ ဒါလဲ သံမဏိ စည်းမျဉ်းတရပ်ပဲ။

ဝိပဿနာဉာဏ်ရပြီး ရင့်သန်လာယင် အဝတ်စည်းဖြုတ်ရမယ်၊ မျက်စိကို မှိတ်ထားဖို့၊ မှေးထားဖို့ မလိုတော့ဘူး။ ပကတိအတိုင်း ဖွင့်ကြည့်ပြီး တရားမှတ်နိုင်အောင် လေ့ကျင့်ရမယ်။

ညောင်လွန့်တောရ ဝိပဿနာကျင့်စဉ်နည်းဟာ တရားကျင့်ခါစ အချိန်မှာ မျက်စိမှိတ်ထား၊ အဝတ်နဲ့ ပိတ်စည်းထားပေမယ့် အကြာဆုံး ၅ ရက်အတွင်းမှာ ဝိပဿနာဉာဏ် ရင့်သန်လာပြီး ခရီးသွားနေယင်း မီးရထားထဲမှာ ဘတ်စကားထဲမှာ **နေရာမရွေး + အချိန်မရွေး+ဣရိယာပုထ်မရွေးပဲ** မျက်စိကို ပကတိအတိုင်း ဖွင့်ထားကာ

**အာရုံမရွေး** ဖြစ်+ပျက်မြင်အောင် ဝိပဿနာ ရှုလို့ရတဲ့နည်း ဖြစ်ပါတယ်။

သီလ(ခေါ်)ကိုယ်ကျင့်တရားကောင်းမှန်ရှိရေးကအစမျက်ဝါမှိတ်အဝတ်စည်းတဲ့အထိ ကြိုတင်သိမှတ်စရာတွေ၊ ကြိုတင်ပြုလုပ်စရာတွေကို လိုရင်းချုပ် ပြောပြီးပါပြီ။

**ရှေးဦး လုပ်ငန်းများ ပြီးပြီ။**

# ၁၃၄၁-ခုနှစ်၊ ဝါခေါင်လကွယ်၊ နံနက်ဂ း၁၀ နာရီ

သီလ(ခေါ်)ကိုယ်ကျင့်တရားကောင်း ရှိရေးကအစ မျက်စိမှိတ်အဝတ်စည်းတဲ့အထိ ကြိုတင်သိမှတ်စရာတွေ၊ ကြိုတင် ပြုလုပ်စရာတွေကို လိုရင်းချုပ် ပြောပြီးပါပြီ။ ညောင်လွန့်တောရ ဝိပဿနာ ကျင့်စဉ်ကို ပြောပြချိန် ရောက်ပါပြီ။

## အာနာပါန ကျင့်စဉ်မှန်

"ညောင်လွန့်တောရဝိပဿနာကျင့်စဉ်ဟာအာနာပါနကမ္မဋ္ဌာန်းကို အခြေခံထားပြီး ဈာန်ရချိန်ထိအောင် ထူထောင်ထားတဲ့ သမာဓိကို ရှေ့ဆောင်ကာ ဝိပဿနာတက်ကူးတက်တဲ့ ဘုမ်ကျဉ်းနည်းဖြစ်ပါတယ်"

အာနာပါန ကမ္မဋ္ဌာန်းဆိုတာ မဟာသတိပဋ္ဌာန သုတ်တော် အာနာပါနပဗ္ဗမှာ မြတ်ဗုဒ္ဓ ဟောညွှန်တော်မူထားတဲ့ သတော ဝ အဿသတိ၊ သတော ဝ ပဿသတိ "**သတိမြဲလျက်သာ ထွက်လေကိုထုတ်၊ ဝင်လေကို သွင်း**"နည်းမှန်အတိုင်း ထွက်လေ ဝင်လေကို သိမှတ်တဲ့ ကမ္မဋ္ဌာန်း ဖြစ်ပါတယ်။

## ကျင့်နည်းမှန် နှစ်မျိုး

အာနာပါန ကမ္မဋ္ဌာန်းဟာ(၁)သုဒ္ဓဝိပဿနာယာနိက (ခေါ်) သမထ ရှေ့မဆောင်ပဲ ဝိပဿနာ အားထုတ်ချင်သူတွေ ကျင့်နိုင်တဲ့ နည်းမှန်ကောင်းလဲ ဖြစ်ပါတယ်။(၂)သမထ ပုဗ္ဗင်္ဂမ ဝိပဿနာယာနိက (ခေါ်) သမထ ရှေ့ဆောင်ကာ ဝိပဿနာ အားထုတ်ချင်သူတွေ ကျင့်နိုင်တဲ့ နည်းမှန်ကောင်းလဲ ဖြစ်ပါတယ်။ ဗုဒ္ဓနည်းကျကျ စည်းစနစ် မှန်ဖို့သာ လိုရင်းချုပ် ဖြစ်ပါတယ်။

သတောဝ အဿသတိ၊ သတောဝ ပဿသတိလို့ မြတ်ဗုဒ္ဓ ဟော ညွှန်တော် မူချက် ပါဠိနဲ့ ညီအောင်၊ ယောဂီတွေလဲ သိလွယ်အောင် မြန်မာဘာသာ လက်ာတပုဒ် စီထားပါတယ်။

**နှာခေါင်းဝနား၊ စိတ်စိုက်ထား၊ မှတ်သား ထွက်+ဝင် လေ။**

သတိပဋ္ဌာနသုတ်တော် မြတ်ဗုဒ္ဓ ဟောညွှန်တော်မူချက်မှာ ထွက် လေဝင်လေကို သိမှတ်ရမည့်နေရာ မပါလှဘူး။ သိလွယ်တာကြောင့် နေရာကို မညွှန်ပြဘူးလို့ မှတ်ယူသင့်ပါတယ်။

အသိဉာဏ်မဖွံ့ဖြိုးသေးသူတွေ နေရာမှန်ကို မသိကြလို့ လွဲချော် ကြတာကော အကျယ်ဟောညွှန်ပြတော်မူတဲ့ ဝိဘင်္ဂပါဠိတော် (နှာ- ၂၆၁)မှာ နာသိကဂ္ဂေဝါ၊ မုခနိမိတ္တေဝါလို့ သင့်လျော်တဲ့ နေရာ နှစ်မျိုးကို မြတ်ဗုဒ္ဓကိုယ်တော်တိုင် သတ်မှတ်ပေးပါတယ်။

နာသိကဂ္ဂေဝါ နှာခေါင်းဘူရှည်သူတွေဟာ နှာသီးဖျား(ခေါ်) နှာခေါင်း ဘူထိပ်ဖျားမှာ ထွက်လေဝင်လေကို သိမှတ်ကြပါတဲ့။ ။ မုခနိမိတ္တေဝါ နှာခေါင်းဘူ တိုသူတွေဟာ နှာခေါင်းဝအောက်နား အထက်နှုတ်ခမ်းသားမှာ ထွက်လေ ဝင်လေကို သိမှတ်ကြပါတဲ့။

အိန္ဒိယ နိုင်ငံသားတွေ၊ ဥရောပနိုင်ငံသားတွေလို နှာခေါင်းဘူရှည်သူ တွေမဟုတ်ကြတဲ့ ဗမာနိုင်ငံသားတွေကို နှာသီးဖျားမှာ မှတ်၊ နှာသီးဖျား မှာမှတ်လို့ အလွဲနေရာ သတ်ပေးကြတာကြောင့် မြတ်ဗုဒ္ဓရဲ့ ဟောညွှန် တော်မူချက်နဲ့လဲ မညီဘူး၊ ယောဂီတွေအတွက်လဲ လုပ်ငန်း အံချော်ပြီး အခက်ကြုံနေကြပါတယ်။

**နှာခေါင်းဝနား။** ။နှာခေါင်းဝ နှစ်ပေါက်ရဲ့ အောက်ဘက်နား အထက် နှုတ်ခမ်းသားကို "နှာခေါင်းဝနား" လို့ လင်္ကာမှာ ဆိုထားပါတယ်။ နှာခေါင်းဝရဲ့ဘေးနှစ်ဘက် နှာခေါင်း သားမှာလို့ အလွဲမလုပ်ကြပါနဲ့။

ဒကာတယောက်ဟာ နှာခေါင်းဝရဲ့ ဘေးနှစ်ဘက် နှာခေါင်း သားမှာ လေတိုးထိတာကို မသိရတာကြောင့် နှားနှာမှုတ်တာလို ဟူး ဟူး ဟူး ဟူး မြည်အောင် တအားကုန် ရှူရှိုက်ပေမယ့် နေရာလွဲ နေတာကြောင့် ဘာမျှမရဘူး။ ဒါကြောင့် အသေးစိတ် ပြောနေရပါ

တယ်။ နှာခေါင်းဝနားဆိုတဲ့ လက်ာစာပိုဒ်အရ နှာခေါင်းပေါက်အဝရဲ့ အောက်ဘက်ဘည့်တည့် အနီးအနား နှာစေးတဲ့အခါ နှာရည်ယိုစီးကျတဲ့ အထက်နှုတ်ခမ်းသားမှာ မှတ်ရမယ်လို့ နေရာဌာနကို သေသေချာချာ မှတ်ထားကြပါ။

## စိတ်စိုက်ထား

"သတောဝ သတိမြဲလျက်သာ"လို့ မြတ်ဗုဒ္ဓရဲ့ ညွှန်ပြတော်မူချက်ကို ယောဂီတွေ သိလွယ်အောင် အရပ်သုံးစကားနဲ့ "စိတ်စိုက်ထား" လို့ လင်္ကာစီပါတယ်။

**စိတ်စိုက်ထားပုံက** နှာခေါင်းဝရဲ့ အောက်ဘက်နား အထက်နှုတ်ခမ်းသားကို မှိတ်ထားတဲ့၊ အဝတ်နဲ့လဲ စည်းထားတဲ့ မျက်စိနဲ့ကြည့်ယင် နှာခေါင်းဝနားမှာ စိတ်အာရုံ တည်နေပါလိမ့်မယ်။ မျက်စိနဲ့မြင်တာ မမြင်တာ လိုရင်းမဟုတ်ပါဘူး။ ကြည့်နေဖို့သာ လိုရင်းဖြစ်ပါတယ်။

ဝမ်းဗိုက်မှာ စိတ်စိုက်ထားပါဆိုယင် မှိတ်ထား အဝတ်နဲ့ပိတ်စည်းထားတဲ့ မျက်စိနဲ့ ဝမ်းဗိုက်ကိုကြည့်နေယင် ဝမ်းဗိုက်မှာ စိတ်အာရုံ တည်နေပါလိမ့်မယ်။ ခေါင်းမှာ စိတ်စိုက်—ဒူးမှာ စိတ်စိုက်—ခြေသလုံးမှာ စိတ်စိုက်–ခြေဖျားမှာ စိတ်စိုက်–ခြေဘဝါးမှာ စိတ်စိုက် စသည်တွေမှာလဲ ဒီအတူပဲလို့ သိကြပါ။

## ဘဝင်္ဂပညာ

ယသာ ဘဝင်္ဂပညာ နတ္ထိ၊ သောပိ အဘဗ္ဗော လို့ အဘိဓမ္မာ ပုဂ္ဂလပညတ်မှာ မြတ်ဗုဒ္ဓ ဟောညွှန်တော်မူချက် ထင်ရှားရှိပါတယ်။

တိဟိတ်ပဋိသန္ဓေဉာဏ်+ပြည့်စုံတဲ့ ပါရမီ+တရားကျင့်မှု လို့လ+နည်းမှန် ညွှန်ပြကတ်တဲ့ ဆရာ+သီလ သမာဓိစတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ရန် အကြောင်းတွေ ပြည့်စုံနေပေမယ့် ဘဝင်ပညာမရှိသူဟာ ဒီဘဝမှာ မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်သူ ဖြစ်ပါတယ်တဲ့။

မြတ်ဗုဒ္ဓရဲ့ ဒီဟောညွှန်တော်မူချက်အရဘဝင်ပညာနဲ့ပတ်သက်ပြီး အဌကထာ ကျမ်းပြုပညာရှင်ကြီး အရှင်မဟာ ဗုဒ္ဓဃောသ မဟာထေရ်မြတ်က ဖော်ပြထားတဲ့ အယူအဆကို ဦးပဉ္စင်းက ဘဝင်မကျ

သေးဘူး။ ဦးပဉ္ဇင်းသဘောမပေါက် ဘဝင် မကျသေးဘူးလို့သာ ပြောတာနော်၊ အရှင်မဟာဗုဒ္ဓဃောသ မဟာထေရ်မြတ်ကြီးရဲ့ စကား မှားတယ်လို့ ပြောလိုရင်း မဟုတ်ပါဘူး။

မြန်မာနိုင်ငံမှာ ပရိယတ် ပဋိပတ် စွယ်စုံတတ်သူလို့ ကျော်ကြား တဲ့ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနဲ့ ဘဝင် ပညာ အကြောင်း ဆွေးနွေးခဲ့ပါတယ်။ ဘဝင်ပညာဆိုတာ ဝိပဿနာ ပညာပါပဲလို့ ထိုဆရာတော်ကြီးတွေရဲ့ မိန့်ကြားချက်ကိုလဲ မဝင် မကျခဲ့ပါဘူး။

မြန်မာနိုင်ငံမှာ ယခုအခါ ထင်ရှားကျော်ကြားနေတဲ့ ထူးကြီး (အရှင် ဝဏ္ဏိတသာရ) ဆရာတော်နဲ့ ဆွေးနွေးတော့ ထူးကြီးဆရာတော်က ''သူကိုယ်တိုင်လဲ ယခု ဘဝင် ပညာ နတ္ထိ၊ သောပိ အ ဘဗ္ဗော ဆိုတဲ့ ဒီ မြတ်ဗုဒ္ဓရဲ့ ဟောတော်မူချက် အဓိပ္ပာယ်ကို စဉ်းစားခဲ့ဘူးပါသတဲ့။ အရှင်မဟာ ဗုဒ္ဓဃောသ မဟာထေရ် မြတ်ကြီးရဲ့ မိန့်ဆိုချက်ကိုလဲ သဘော မပေါက်ခဲ့ သဘော မရှင်းခဲ့ပါဘူးတဲ့။ **ဆရာသမားတွေရဲ့ နည်းလမ်း ညွှန်ပြ ဟောပြောချက်ကို သဘောရှင်း သိနားလည်ခြင်းဟာ ဘဝင်ပညာပဲ** လို့ ယူဆပါတယ်'' လို့ မိန့်ကြားပါတယ်။

ယောဂီတွေကို တရားပြတဲ့ အခါ ကြုံတွေ့ လာရတာတွေနဲ့ ညှိလိုက်တော့ ထူးကြီး ဆရာတော်ရဲ့ စကားကို ဦးပဉ္ဇင်း ဘဝင်ကျပါ တော့တယ်။ ဝိပဿနာလုပ်ငန်းအတွက် ပရိယတ္တိ ဆည်းပူးပုံကို ပြတဲ့ ဥဂ္ဂဟ ပရိပုစ္ဆာ သဝန ဓာရဏ ပစ္စဝေက္ခဏာ ဆိုတဲ့ စကားရပ်တွေနဲ့ ညီညွတ်တယ်၊ ယောဂီတွေကို တရားပြတဲ့အခါ ကြုံတွေ့နေရတဲ့ လက် တွေ့နဲ့လဲ ကိုက်ညီတယ်။ ဒါကြောင့် ထူးကြီးဆရာတော်ရဲ့ ဘဝင်ပညာ ယူဆချက်ကို ဘဝင်ကျပါတော့တယ်။

သူပြောတာ ငါ ဘဝင်မကျသေးဘူး အစရှိတဲ့ စကားလုံး သုံးစွဲနေမှုဟာ လူတွေမှာ အင်မတန် တွင်ကျယ် ထင်ရှားနေတာကြောင့် ယောဂီတွေ ဘဝင်ပညာ ပြည့်စုံဖို့ သဘောရှင်းအောင် အကျယ်တဝင့် ပြောနေရပါတယ်။

## မှတ်သား ထွက် ဝင်လေ

အဿာသတိ ထွက်လေကို ထုတ်၊ ပဿာသတိ ဝင်လေကို သွင်း ဆိုတဲ့ မြတ်ဗုဒ္ဓ ဟောညွှန်တော်မူချက်နဲ့ ညီအောင် ယောဂီတွေ သိလွယ်အောင် "မှတ်သား ထွက် ဝင် လေ" လို့ လင်္ကာစီပါတယ်။

**ဝင်လေကို အရင်မှတ်**။ ။အမေ့ဝမ်းထဲ ပဋိသန္ဓေ တည်နေချိန်မှာ အမေရဲ့ ဝင်လေ ထွက်လေ ရှူရှိုက်မှုဟာ ကလေးရဲ့ ချက်ကြိုးနဲ့ ဆက်သွယ်ပြီး ကလေးမှာ ဝင်လေ ရှေးဦးဖြစ်တယ်။ ဒါကြောင့် ဝင်လေကို စတင် မှတ်ရမယ်လို့ ဝိနည်း ပိဋက ကျွမ်းကျင်ကြတဲ့ ပညာရှင်ကြီးတွေက မိန့်ကြားခဲ့ကြပါတယ်။

**ထွက်လေကို အရင်မှတ်**။ ။ဝမ်းဗိုက် ချက်တိုင်မှာ ဝင်လေ ထွက်လေကို သိအောင်မှတ်ယင် လေဝင် လေထွက် မထင်ရှားဘူး၊ သိဖို့မလွယ် လုပ်ငန်းခက်လှတယ်။ နှာခေါင်းဝနားမှာ စိတ်စိုက်ပြီး ဝင်လေ ထွက်လေကို မှတ်ယင် လေဝင် လေထွက် ထင်ရှားတာကြောင့် သိလွယ်တယ်၊ လုပ်ငန်းခက်လှတယ်။

အမိဝမ်းထဲ ပဋိသန္ဓေနေတဲ့ ကလေးမှာ ဝင်လေ ထွက်လေ မရှိဘူးလို့ အဘိဓမ္မာ သံခါရပာဠိက်မှာ မြတ်ဗုဒ္ဓ ဟောညွှန်တော်မူချက် ထင်ရှားရှိပါတယ်။

အမေ့ဝမ်းက ကျွတ်ထွက်လှာတဲ့ ကလေးရဲ့ ချက်ကြိုးကို ဖြတ်ချင်ယင် ကလေးရဲ့ ဝမ်းဗိုက်ထဲ ချက်ကြိုးကတဆင့် လေဝင်ပြီးချိန်မှာ ချက်ကြိုးကို သက်နဲ့ညှစ်ပိတ်လိုက်ယင် လေဟာ ကလေးရဲ့ နှာခေါင်း ပေါက်က ရှေးဦး ထွက်တယ်။ ဝင်လေက နောက်မှ ဝင်တယ်။ ဒီအချိန်ကျမှ ချက်ကြိုးကို ဖြတ်ရတတ်။ ချက်ကြိုးဖြတ်ထာ စနစ်မကျယင် ကလေးသေတယ်။ လူတွေရဲ့ နှာခေါင်းပေါက်မှာ ထွက်လေ ရှေးဦးဖြစ်တာကြောင့် ထွက်လေကို စတင်မှတ်ရမယ်လို့ သုတ္တန်ပိဋက ကျွမ်းကျင်ကြတဲ့ ပညာရှင်တွေက မိန့်ကြားခဲ့ကြပါတယ်။

**တိတ္ထိယတို့၏နည်း**။ ။မြတ်ဗုဒ္ဓ မပေါ်ထွန်းခင် နှစ်ပေါင်းများစွာက စပြီး ယနေ့ထိ အိန္ဒိယနိုင်ငံမှာ အာနာပါန သမထ လုပ်ငန်းဟာ ထွန်းကျယ်နေပါတယ်။ လူတိုင်းဟာ အမေဝမ်းက

ကျွတ်ထွက်ခါစမှာ နှာခေါင်း နှစ်ပေါက်လုံးက ဝင်လေ ထွက်လေ ပြိုင်တူ ဖြစ်ထာ မဟုတ်ပါဘူး။ တချို့လူဟာ ယာဘက် နှာခေါင်း ပေါက်က ရှေးဦးလေထွက်ပြီး ဝဲဘက် နှာခေါင်းပေါက်က ရှေးဦးလေ ဝင်ပါတယ်။ တချို့လူဟာ ဝဲဘက် နှာခေါင်းပေါက်က ရှေးဦးလေ ထွက်ပြီး ယာဘက် နှာခေါင်းပေါက်က ရှေးဦးလေ ဝင်ပါတယ်။ ရှေးဦးလေဝင်တဲ့ နှာခေါင်းပေါက်ကို ကိုယ်တိုင် လေ့လာယင်လဲ သိနိုင်တယ်၊ ကျွမ်းကျင်တဲ့ ဆရာဝန်နဲ့ စမ်းသပ်ကြည့်ယင်လဲ သိနိုင်ပါတယ်။ ရှေးဦး စတင် လေဝင်တဲ့ နှာခေါင်းပေါက်ကို တိတိပပသိပြီးမှ ရှေးဦး စတင် လေထွက်တဲ့ နှာခေါင်းပေါက်ကို လက်မနဲ့ ပိတ်ထားပြီး ရှေးဦး စတင် လေဝင်တဲ့ နှာခေါင်းပေါက် တဘက်ထည်းနဲ့ ဝင်လေကို ချက်တိုင်ရောက်အောင် ရှူသွင်းရမယ်။ ရှူသွင်းပြီးယင် ဝင်လေပေါက် ကို ပိတ်၊ ထွက်လေပေါက်ကိုဖွင့်ပြီး လေထုတ်ပစ်ရမယ်လို့ ဗုဒ္ဓဘာသာဝင် မဟုတ်ကြတဲ့ တိတ္ထိယပညာရှင်တွေက ပြောကြပါတယ်။ ယနေ့ထိ အိန္ဒိယနိုင်ငံမှာ ဒီအတိုင်း ကျင့်နေကြပါသေးတယ်။ လုပ်ငန်းရင့်ကျက် လှာတော့ လက်နဲ့ ပိတ်စရာ မလိုတော့ပဲ ရှူသွင်းချင်တဲ့ နှာခေါင်း တပေါက်ထည်းက ရှူသွင်းပြီး အခြား နှာခေါင်း တပေါက်က လေ ထုတ်တယ်။

ဒီ အကြောင်းအရာတွေကို ပရိသတ်တွေ ဗဟုသုတ ဖြစ်ပွားရုံ လောက်သာ ရည်ရွယ်ပြီး ပြောပြပါတယ်။ **ထွက်လေကို စတင် မှတ်ချင် ယင်လဲ မှတ်ပါ၊ ဝင်လေကို စတင် မှတ်ချင်ယင်လဲ မှတ်ပါ**။ နှာခေါင်းဝ နား စိတ် စိုက်ထားပြီး ထွက်လေ ဝင်လေကို သတိကပ် ပြီးမှတ်ဖာ သမာဓိမြဲဖို့သာ လိုရင်းချုပ် ဖြစ်ပါတယ်။

## အာနာပါန ဝိပဿနာ

အာနာပါန ကျင့်နည်းမှန် နှစ်မျိုးကို ပြောခဲ့ပြီးတာ သုဒ္ဓ ဝိပဿနာယာနိက (ခေါ်) သမထ ရှေ့မဆောင်ပဲ ဝိပဿနာ ကျင့်ချင် သူတွေ ကျင့်နိုင်တဲ့ နည်းမှန်ကောင်းလဲ ဖြစ်ပါတယ်လို့ ပြောခဲ့ပါတယ်။ သမထ ရှေ့မဆောင်ပဲ၊ သမထစျာန်ရအောင် မလုပ်ပဲ ဝိပဿနာ အားး ထုတ်ချင်သူတိုင်းဟာ မှတ်သား ထွက် ဝင်လေ ဆိုတဲ့ လက်ာပိုဒ်နဲ့ ညီအောင် ထွက်လေ ဝင်လေကို ရှူရှိုက် သိမှတ်နေယင်းနဲ့ ပရမတ်

ဓာတ်ကိုသိအောင် နှလုံးသွင်းကြရမယ်။ ပရမတ် ဓာတ်ကို မသိသေးပဲ ဝိပဿနာဘက်ကို ခုန်ကျော် ကူးတက်သွားယင် လုပ်ငန်း လွဲချော်နေတာကြောင့် ဘာတရားထူးကိုမျှ ရမှာမဟုတ်ပါဘူး၊ ရခွင့်လဲ မရှိပါဘူး။ ဘာတရားထူးမျှ မရပဲ နေ့ရက်ကြာလှာတော့ စိတ်ပျက်နောက်ဆုတ်ကြပါရော။ တချို့က တရားရတယ် ထင်မှားနေကြတယ်။ ကိုယ့်အလွဲကို ကိုယ်မသိဘူး၊ လွဲနေပါတယ်လို့ အကြောင်း+အကျိုးပြည့်စုံအောင် ပြောပြတာတောင်မှ နားမဝင်ဘူး။ သူ့အလွဲကိုပဲ မှန်တယ်လို့ သူ စွဲနေတယ်၊ ဒီလို အလွဲ စွဲနေသူတွေကို ဒုပ္ပဋိနိဿဂ္ဂိ အယူသည်းသူတွေလို့ မြတ်ဗုဒ္ဓက မိန့်ဆိုတော်မူခဲ့ပါတယ်။ ဒါကြောင့် ဝိပဿနာ အားထုတ်သူတိုင်းဟာ (က) ပရမတ်ဓာတ်ဖြစ်တဲ့ ရုပ်ကို-သို့မဟုတ် နာမ်ကို ပိုင်ပိုင်နိုင်နိုင်သိအောင် ကျေညက်အောင် ဦးစွာပြုလုပ်ရမယ်၊ (ခ) ဖြစ်+ပျက်ကို မြင် သိပြီး နောက်မှ ဝိပဿနာ ရှုရမယ်လို့ လုပ်ငန်းစဉ်မှန်ကို ခွဲခြား မှတ်သားထားကြပါ။ ဒါဟာ အင်မတန် အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။

**အာနာပါန ဝိပဿနာလုပ်ငန်းမှာ** (၁) နှာခေါင်းဝ အသားစိုင်ကို တွန်းတိုး ပွတ်တိုက်နေတဲ့ ဝင်လေ ထွက်လေ (ခေါ်) ဝါယောဓာတ်ကို သိမှတ်ယင်လဲ ရှေးဦး ဝိပဿနာ နည်းနဲ့ ညီပါတယ်။ (၂) နှာခေါင်းဝ အသားစိုင်ကို ဝင်လေ ထွက်လေတွေရဲ့ ပွတ်တိုက် ထိခိုက်မှု (ဖောဋ္ဌဗ္ဗရုပ်ဓာတ်)ကို သိမှတ်နေယင်လဲ ရှေးဦး ဝိပဿနာ နည်းနဲ့ ညီပါတယ်။ (၃) ဝင်လေ ထွက်လေတွေရဲ့ ပွတ်တိုက် ထိခိုက်မှုကြောင့် နှာခေါင်းဝ အသားစိုင်ရဲ့ ပူ+အေး+ထုံ+ယူ အစရှိတဲ့ ရုပ်ဓာတ်ကို သိမှတ်ယင်လဲ ရှေးဦး ဝိပဿနာနည်းနဲ့ ညီပါတယ်။ (၄) ဝင်လေ ထွက်လေကို သိမှတ်နေတဲ့စိတ် (နာမ်တရား) ကို သိမှတ်ယင်လဲ ရှေးဦး ဝိပဿနာနည်းနဲ့ ညီပါတယ်။

ပိုင်ပိုင်နိုင်နိုင် ဖြစ်အောင် ကျေညက်အောင် သိမှု မသိမှုကတော့ ယောဂီတွေရဲ့ သမာဓိနဲ့ ပညာ ဣန္ဒြေရဲ့ စွမ်းအားမှာ တည်ပါတယ်။ စွမ်းအားထက်ယင် ပိုင်ပိုင်နိုင်နိုင်သိအောင်၊ ကျေညက်အောင် ရှုမှတ်နိုင်ပါတယ်။

**အာနာပါန သမထ။** ။အာနာပါန ကမ္မဋ္ဌာန်းနည်းနဲ့ ရောနှောအောင် အားထုတ်ကြတဲ့ သမထယာနိကနည်းမျိုးတွေ၊ သမထ ပုဗ္ဗင်္ဂမ ဝိပဿနာ ယာနိက (ခေါ်) သမထကို ရှေ့ဆောင်ကာ ဝိပဿနာ ကူးတက် အားထုတ်တဲ့ ညောင်လွန့် ဝိပဿနာကျင့်စဉ် နည်းမျိုးလို ထိုနည်းတွေမှာ ဝင်လေ ထွက်လေ ဒီနှစ်ခုထွေနဲ့ ပတ်သက်ပြီး ရုပ်ခေတ် နာမ်ခေတ် ပရမတ်ကို ရှေးဦးစွာ အားထုတ်ဖို့ မလိုအပ်ပါဘူး။ ဝင်လေ ထွက်လေ ဒီနှစ်ထွေရဲ့ ဖြစ်+ပျက်ကို သိအောင် အားထုတ်ဖို့ အချိန်စောလွန်းနေပါသေးတယ်။

ဝိပဿနာလုပ်ငန်း မရောက်သေး၊ သမထနည်းအရ သမထလုပ်ငန်းနဲ့ သမာဓိကို ထူထောင်ရုံမျှ ဖြစ်နေသေးတာကြောင့် ဝင်လေရဲ့ ဝင်မှုအခြင်းအရာ+ထွက်လေရဲ့ ထွက်မှုအခြင်းအရာ(အာကာရပညတ်)ကိုသာ သိနေအောင် သတိကပ်ထား စိတ်စိုက်ထားဖို့သာ လိုရင်းဖြစ်ပါတယ်။

သမထနဲ့ ဝိပဿနာ ဒီနှစ်ဖြာကို တိတိပပ ခွဲခြားသိထားဖို့ရယ် ဝိပဿနာ မဟုတ်သေး၊ ဝိပဿနာရဲ့ အခြေခံ ရုပ်နာမ်သိမှုမျှဖြစ်တဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်+ပစ္စယပရိဂ္ဂဟဉာဏ်အဆင့်နဲ့ ဝိပဿနာစစ်စစ်ဖြစ်တဲ့ သမ္မသနဉာဏ်အဆင့်တွေကို တိတိပပ ခွဲခြား သိထားဖို့ အထူးလိုအပ်ပါတယ်။ တိတိပပ ခွဲခြားမသိယင် သမ္မာဒိဋ္ဌိ (ခေါ်) အမြင်မှန်မဖြစ်ပဲ မိစ္ဆာဒိဋ္ဌိ (ခေါ်) အမြင်မှား ဖြစ်တတ်ပါတယ်။ အထူး သတိထားပါ။

## အလွဲအမှား ကျင့်စဉ်များ

အာနာပါန လုပ်ငန်းအရ အားထုတ်ပုံလွဲမှားနေသူတွေကို တပုံတပင်ကြီး တွေ့နေရ ကြားနေရပါတယ်။

(၁) ဝင်လေ ဗုဒ္ဓေါ ထွက်လေ အရဟံလို့ ရှုမှတ်နည်း။

(၂) ဝင်လေ ဗုဒ္ဓေါ ထွက်လေ နုဿတိလို့ ရှုမှတ်နည်း။

(၃) ဝင်လေ အနိစ္စ ထွက်လေ အနိစ္စလို့ ရှုမှတ်နည်း။

(၄) ဝင်လေ ရုပ်+ထွက်လေ နာမ်လို့ အမှားသလွဲ ခွဲခြားကာ ရုပ်+နာမ်၊ ရုပ်+နာမ် လို့ ရှုမှတ်နေတဲ့နည်း။

(၅) လေဝင်ယင် လေဖြစ်တယ်၊ လေထွက်ယင် လေပျက်တယ်လို့ ခွဲခြားကာ ဖြစ်+ပျက်၊ ဖြစ်+ပျက်လို့ သိမှတ်ပြီး ရှုရှိုက်နေတဲ့နည်း။

ဒီကျင့်စဉ်နည်းတွေဟာ သမထနည်းနဲ့လဲ မညီ၊ ရှေးဦး ဝိပဿနာနည်းနဲ့လဲ မညီကြတာကြောင့် အလွဲအမှား စစ်စစ်တွေသာ ဖြစ်ကြတဲ့ ဒီနည်းလွဲတွေကို ရှောင်ဖယ်ပစ်ကြပါ။

## ရှုရှိုက်နည်းမှန် လေးမျိုး

အာနာပါန လုပ်ငန်းစဉ်မှာ သတောဝ အဿသတိ၊ သတောဝ ပဿသတိလို့ ထွက်လေ ဝင်လေ သိမှတ်နည်းကို အရင်းခံ အခြေခံကျကျ ဟောညွှန်တော်မူပြီးတဲ့နောက် ထွက်လေ ဝင်လေ ရှုရှိုက်နည်းလေးမျိုးကို မြတ်ဗုဒ္ဓကိုယ်တော်တိုင်က သတိပဋ္ဌာန သုတ်မှာ ဟောညွှန်တော်မူခဲ့ပါတယ်။

ဘုရားဟော သုတ်တော်လာ ပါဠိတွေ ရှိသလောက် ရွတ်ဆိုကာ ဟောပြောယင် တရားဟောသူအတွက် ထယ်ဝါ ခန့်ညားတယ်လို့ ချီးမွမ်းခံရတဲ့ပြင် တရားနာသူတွေ သဝနာနုတ္တရိယ မင်္ဂလာ ဖြစ်ပွားကြကာ ကုသိုလ်ရကြပေမယ့် ပါဠိမတတ်ကြတော့ နားရှုပ်ပြီး လိုရင်းအဓိပ္ပာယ်ကို လွယ်လွယ် မမှတ်နိုင်ပဲ ဖြစ်တတ်ကြတာမို့ ပါဠိတွေကို ဝါကျရှည်ရှည် မရွတ်ဆိုပဲ တိုတိုနည်းနည်းမျှသာ ရွတ်ဆို ဟောကြားပါမယ်။

ထွက်လေ ဝင်လေကို ရှုရှိုက်နည်း လေးမျိုးက (၁) ဒီဃံဝါ ရှည်ရှည်ရှုရှိုက်ပါတဲ့။ (၂) ရဿံဝါ တိုတိုရှုရှိုက်ပါတဲ့။ (၃) သဗ္ဗကာယ ပဋိသံဝေဒီ စ လယ် ဆုံး သုံးမျိုးလုံးကို သိနေအောင်မှတ်ကာ ရှုရှိုက်ပါတဲ့။ (၄) ပဿမ္ဘယံ ကာယသင်္ခါရံ သိမ်သိမ်မွေ့မွေ့ ရှုရှိုက်ပါတဲ့။

ဒီလေးမျိုးမှာ (၁) ဒီဃံဝါ ရှည်ရှည်ရှုရှိုက်ပါ ဆိုတာနဲ့ ညီအောင် မမောသေးခင်မှာ ရှည်ရှည်ရှုရှိုက်ရမယ်။

(၂) ရဿံဝါ တိုတိုရှုရှိုက်ပါဆိုတာနဲ့ ညီအောင် မောလှာယင် တိုတိုရှုရှိုက်ရမယ်။ မောလှာပြီ ဆိုပြီး အသက်ရှုတာကို

ရပ်မထားရဘူး၊ အသက်ရှူတာကို ရပ်ထားယင်လဲ မေ့လဲတတ်တယ်။ သေတတ်တယ်။

တိုတိုရှူနေယင်း အမောကျေသွားယင် ရှည်ရှည် ပြန်ရှူရမယ်၊ ရှည်ရှည်ရှူလို့ မောလာပြန်ယင် တိုတိုပြန်ရှူရမယ်။ အမောကျေသွားယင် ရှည်ရှည်ရှူပါ။ မမောသေးဘူး+မောလာပြီဆိုတဲ့ အချိန်အခါကို ထောက်ချင့်ကာ ရှည်ရှည်တလှည့် တိုတိုတလှည့် ရှူနေရမယ်။ အသက်ရှူတာကို ရပ်မထားရဘူး။

(၃) ရှည်ရှည်တိုတို အလှည့်ကျ ရှူရှိုက်နေယင်းနဲ့ သဗ္ဗကာယပဋိသံဝေဒီ အရ ထွက်လေရဲ့စ လယ် ဆုံး သုံးမျိုး၊ ဝင်လေရဲ့ စ လယ် ဆုံး သုံးမျိုးလုံးကို သိအောင် စိတ်စိုက်ကာ သတိကပ်မှတ်နေရမယ်။

(၄) ရှည်ရှည် တိုတို ရှူရှိုက်နေတဲ့အခါမှာ ပဿမ္ဘယံကာယသင်္ခါရံနဲ့ ညီအောင် သိမ်သိမ်မွေ့မွေ့ ရှူရှိုက်ရမယ်။

ချွင်းချက်။ ။မကြာခဏ စိတ် လွတ်ထွက်သွားနေယင် စိတ်တည်ငြိမ်ရုံ သမာဓိမြဲရုံလောက် အတော်အသင့် ပြင်းပြင်း ဆယ်ချက်လောက် ရှူရှိုက်ခွင့် ရှိပါတယ်။

စိတ်တည်ငြိမ်ယင် ပြင်းပြင်း ရှူရှိုက်တာကို ပြန်လျှော့ချပြီး သိမ်သိမ်မွေ့မွေ့ ရှူရှိုက်ရမယ်။

**သိမ်သိမ်မွေ့မွေ့** ဆိုတာ ပရိသတ်တွေ ယခု တရားနာခိုက်မှာ ရှူရှိုက်နေကြတဲ့အတိုင်း ပုံမှန် ညင်းညင်းသာသာ ရှူရှိုက်ထာကို ဆိုလိုပါတယ်။ ဒူး ဝဲ ဂူး ဂဲ ရှူး ရှဲ မြည်နေအောင် မရှူကြပါနဲ့။

## နည်းမှန်နှစ်တန်

ဒီနည်း လေးမျိုးကို တမျိုးစီ တမျိုးစီ သီးသန့်ပြီး တဆင့်စီ တဆင့်စီ သတ်မှတ်ကာ တမျိုးပြီးမှ တမျိုး တဆင့်ပြီးမှ တဆင့် ရှုမှတ်ယင်လဲ နည်းမှန်ပါတယ်။ ယထာက္ကမနည်း ဖြစ်ပါတယ်။ ။သင့်သလို ကြုံသလို ရောပေါင်း ရှုမှတ်ယင်လဲ နည်းမှန်ပါတယ်။ ယထာလာဘ နည်း ဖြစ်ပါတယ်။

## ယထာလာဘ နည်း နှစ်သွယ်

သင့်သလို ကြုံသလို ရောပေါင်း ရှုမှတ်တဲ့ ယထာလာဘနည်းအရ (၁) (၃) (၄) သုံးမျိုးတို့ကို ရောပေါင်းပြီး ရှုမှတ်ယင် ယထာလာဘ နည်းမှန်တယ်။ လက်တွေ့လုပ်လို့လဲ ရပါတယ်။ ဒါကြောင့် ဒီသုံးမျိုးကို ရောပေါင်းပြီး ရှည်ရှည်ညွှင်းညွှင်း ရှုရှိုက်ယင်းနဲ့ ထွက်လေ ဝင်လေ တွေရဲ့ စ လယ် ဆုံး သုံးမျိုးလုံးကို သိနေအောင် ရှုမှတ်ရမယ်။ ဒါ ယထာလာဘ တနည်း ဖြစ်တယ်။

(၂) (၃) (၄) သုံးမျိုးကို ရောပေါင်း ရှုမှတ်ယင် ယထာ လာဘနည်း မှန်တယ်။ လက်တွေ့လုပ်လို့လဲ ရပါတယ်။ ဒါကြောင့် တိုတိုညွှင်းညွှင်း ရှုရှိုက်ယင်းနဲ့ ထွက်လေ ဝင်လေတွေရဲ့ စ လယ် ဆုံး သုံးမျိုးလုံးကို သိနေအောင် ရှုရှိုက်ရမယ်။ ဒါလဲ ယထာလာဘနည်း ဖြစ်ပါတယ်။

## လိုရင်းချုပ်

သတိပဋ္ဌာန သုတ်တော်လာ မြတ်ဗုဒ္ဓရဲ့ ဟောညွှန်တော်မူချက်ကို ပရိသတ်တွေ နားလည် သဘောရှင်းမှု ဘဝင်ပညာ ပြည့်စုံကြပါစေလို့ စေတနာထားပြီး မကျဉ်းမကျယ် ပြောလိုက်ထာ ပရိသတ်တွေစိတ်မှာ ရှုပ်ထွေးကုန်ပြီလား။ အကျဉ်းချုပ် မှတ်ဖို့ကတော့ ရှည်ရှည် တိုတို ညွှင်းညွှင်း ခဏခဏ စိတ်လွှတ်ယင် အတော်အသင့် ပြင်းပြင်း ရှုရှိုက် နိုင်ပါတယ်။ **လိုရင်းချုပ်** ကတော့ ထွက်လေရဲ့ စ လယ် ဆုံး ကို အမြဲ သိနေအောင်၊ ဝင်လေရဲ့ စ လယ် ဆုံး ကို အမြဲ သိနေအောင် မှတ်နေ ရမယ်။

သဗ္ဗကာယပဋိသံဝေဒီ ထွက်လေ ဝင်လေတွေရဲ့ စ လယ် ဆုံး ကို အမြဲသိနေအောင် ရှုမှတ်နေရမယ်ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ ဟောညွှန်တော် မူချက်နဲ့ညီအောင် ရှတ်ဆို ကျက်မှတ် လွယ်အောင် လင်္ကာစီထား ပါတယ်။

**စ လယ် အဆုံး၊ အကုန်လုံး၊ မှတ်ထုံး သိ သိ သိ။**

**စ လယ် အဆုံး။** ။အိန္ဒိယနိုင်ငံမှာ မြတ်ဗုဒ္ဓ မပေါ်ထွန်းခင် နှစ် သန်းပေါင်း များစွာကထည်းက အာနာပါန
အားယုတ်နည်း ထွန်းကား ခဲ့ဟာဟာ ယနေ့အထိပဲ။ ဝိပဿနာနဲ့

နည်းနည်းကလေးမျှ မဆက်စပ်ဘူး၊ ဈာန်အဘိညာဏ်ရဖို့ သက်သက်မျှသာ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင် မဟုတ်ကြတဲ့ ဒီ ရှေးဆောင် ပညာရှင်တွေက ဝင်လေရဲ့ အစဟာ နှာသီးဖျား၊ အလယ်ဟာ ရင်ခေါင်း၊ အဆုံးဟာ ချက်တိုင်တဲ့။

ထွက်လေရဲ့ အစဟာ ချက်တိုင်၊ အလယ်ဟာ ရင်ခေါင်း၊ အဆုံးဟာ နှာသီးဖျားတဲ့၊ သတ်မှတ် ပြောဆိုခဲ့ကြတယ်။

ဗုဒ္ဓဘာသာဝင် မဟုတ်ကြတဲ့ ဒီ ရှေးပညာရှင်တွေရဲ့ နှာသီးဖျား ရင်ခေါင်း ချက်တိုင် ဆိုတဲ့ အယူအဆကို ဗုဒ္ဓဘာသာဝင် ဖြစ်ကြသူ အချို့တို့က လိုက်နာ ပြောဆို နည်းပေးကြတယ်။

ဗုဒ္ဓဘာသာဝင် မဟုတ်ကြတဲ့ ဒီ ရှေးပညာရှင်တွေရဲ့ ဝါဒကို မြတ်ဗုဒ္ဓ ကိုယ်တော်တိုင်က "အယံသတိ ဥပဋ္ဌိတာ ဟောတိ သူပဋ္ဌိတာ နာသိကဂ္ဂေဝါ မုခနိမိတ္တေဝါ၊ တေနဝုစ္စတိ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ" လို့ (ဝိဘင်္ဂ၊ နှာ–၂၆၁)ပယ်တော်မူခဲ့ပါတယ်။

မြတ်ဗုဒ္ဓရဲ့ ဒီ ဟောညွှန်တော်မူချက်ကို အထူးလေးစား လိုက်နာကျင့်ကြဖို့ ရည်ရွယ်ပြီး တရားဗိုလ်ချုပ် အရှင်သာရိပုတ် မဟာထေရ်မြတ်က "နှာခေါင်း ရင်ခေါင်း ချက်တိုင်ဆိုတဲ့ ရှေးဟောင်း ဗြာဟ္မဏ ဝါဒဟာ သမာဓိဿပရိပန္ထော ကေဂ္ဂတာ(ခေါ်) သမာဓိရဲ့ ဆန့်ကျင်ဘက်၊ သမာဓိရဲ့ ဘေးရန်၊ သမာဓိရမှုအတွက် အနှောင့်အယှက်၊ လမ်းလွှဲ" လို့ ပဋိသမ္ဘိဒါမဂ်မှာ ပယ်ထားခဲ့ပါတယ်။

**လက်တွေ့ လုပ်ကြည့်ယင်။** ။သမထ နိမိတ် မပေါ်သေးခင်မှာ ရင်ခေါင်းကို စိတ်အာရုံ ပြုမှသာ လေဟာ ရင်ခေါင်း ရောက် မရောက် သိနိုင်တယ်။ ချက်တိုင်ကို စိတ်အာရုံ ရောက်မှသာ လေဟာ ချက်တိုင် ရောက် မရောက် သိနိုင်တယ်။ ဒါကြောင့် နှာသီးဖျား၊ ရင်ခေါင်း၊ ချက်တိုင် ဆိုတဲ့ ဝါဒဟာ တံခါးမှူးနည်းတူစွာ ရှုမှတ်ပါ ဆိုတဲ့ စကားနဲ့လဲ မညီဘူး။ နှာသီးဖျား၊ ရင်ခေါင်း၊ ချက်တိုင်လို့ နေရာသုံးခု ပြောင်းရွှေ့မှတ်နေရတာကြောင့် ကေဂ္ဂတာ သမာဓိဖြစ်ဖို့ မလွယ်ဘူးလို့လဲ သိနိုင်ပါတယ်၊

မြတ်ဗုဒ္ဓ ကိုယ်တော်တိုင်ကလဲ ပယ်ထား၊ လက်တွေ့ လုပ်ငန်းမှာလဲ အံမဝင်တာကြောင့် နှာသီးဖျား၊ ရင်ခေါင်း၊ ချက်တိုင် ဆိုတဲ့ ရှေးဟောင်း ဖြုဟ္မဏဝါဒကို ပစ်ပယ်ကြပါစို့။

**မှတ်ထုံး နေရာမှန်။** ။ထွက်လေ ဝင်လေတွေရဲ့ စ လယ် ဆုံး ကို သိမှတ်ဖို့ နေရာမှန်ကို မြတ်ဗုဒ္ဓ ကိုယ်တော်တိုင်က နာသိကဂ္ဂေဝါ နှာခေါင်း ဘူ ရှည်သူတွေဟာ နှာသီးဖျား (ခေါ်) နှာခေါင်းဘူ ထိပ်ဖျားမှာ သိမှတ်ပါ။ မုခနိမိတ္တေဝါ နှာခေါင်းဘူ မရှည်သူတွေဟာ နှာခေါင်းဝ အောက်နား အထက် နှုတ်ခမ်းသားမှာ သိမှတ်ပါ လို့ ဟောညွှန်တော်မူထားတဲ့ပြင် လက်တွေ့ လုပ်ငန်းမှာ တံခါးမှူး နည်းတူစွာ ရှုမှတ်ပါဆိုတာနဲ့လဲ အံဝင်ခွင်ကျ လွယ်လွယ်ကူကူ ဖြစ်တယ်၊ တနေရာထည်းမှာ သိမှတ်နေရတာကြောင့် ဧကဂ္ဂတာ သမာဓိ ဖြစ်လွယ်တယ်။ ဒါကြောင့် မြတ်ဗုဒ္ဓရဲ့ ဝါဒတော်အတိုင်း နှာခေါင်းဘူ မရှည်ကြတဲ့ မြန်မာနိုင်ငံသားတွေ နှာခေါင်းဝရဲ့ အောက်နား အထက် နှုတ်ခမ်းသားမှာ ထွက်လေ ဝင်လေ တွေရဲ့ စ လယ် ဆုံး ကို သိမှတ်ကြပါစို့။

## မှတ်ပုံဝနစ် နှစ်မျိုးဖြစ်

အာနာပါန လုပ်ငန်းဟာ ဝိပဿနာနည်း၊ သမထနည်း လို့ နှစ်ခြာ ကွဲနေတာကြောင့် ထွက်လေ ဝင်လေ နှစ်ထွေရဲ့ အစ အလယ် အဆုံးကို သိအောင် မှတ်ရမည့် ထုံးစံမှ ပုံစံစနစ်ဟာလဲ နှစ်မျိုး ဖြစ်ပါတယ်။

**ထိ သိ တန်ဖိုးပြည့်။** ။သမထ ရှေ့မဆောင်ပဲ ဝိပဿနာ အားထုတ်တဲ့ အာနာပါန ကျင့်စဉ်နည်းမှာ ထွက်လေ ဝင်လေတွေက အသားစိုင်ကို ထိတာကို သိမှသာ လိုရင်း ပေါက်ပြီး ဝိပဿနာအဆင့်ကို ရောက်နိုင်တာကြောင့် ထိ သိ ဆောင်ပုဒ်ကို အသုံးပြုရတယ်၊ တန်ဖိုးထားရတယ်။ ထိ သိ ဟာ တန်ဖိုးအပြည့်ရှိတယ်။

**ထိ သိ ကို တန်ဖိုးမထား။** ။ညောင်လွန့်တောရ ဝိပဿနာ ကျင့်စဉ် နည်းမျိုးလို သမထ ရှေ့ဆောင်ကာ ဝိပဿနာ အားထုတ်တဲ့ နည်းတွေမှာ သမထလုပ်ငန်းပိုင်း၊ ဝိပဿနာ

လုပ်ငန်းပိုင်းလို့ လုပ်ငန်း နှစ်ပိုင်း ခွဲရပါတယ်။ ဝိပဿနာရဲ့ ရှေ့ဆောင် သမထလုပ်ငန်းပိုင်းမှာ သမထနိမိတ် မြန်မြန်ပေါ်လာဖို့ အထူးလိုအပ်ထာကြောင့် ထိသိ မဖြစ်သေးယင်လဲ ထိသိ မလုပ်ပဲ လုပ်ငန်းတွင်ပါတယ်၊ ထိသိ ဖြစ်ယင်လဲ လုပ်ငန်းတွင်ပါတယ်။

ထိသိ မဖြစ်သေးလို့ ထိသိ ဖြစ်အောင် ဂရုစိုက် အာရုံစိုက်နေယင် ထွက်လေ ဝင်လေတွေရဲ့ စ လယ် ဆုံး ကို သိအောင် ရှုမှတ်မှု လုပ်ငန်းမတွင်ပဲ သမထ နိမိတ် လွယ်လွယ်မြန်မြန် မပေါ်နိုင်တာက အကြောင်းတရပ်၊ ထိတာကို မသိဘူးဘုရား၊ ဘယ်လို လုပ်ရမလဲလို့ ယောဂီတွေ မေးလျှောက်ကြကာ မကြာခဏ စိတ်ပျက်ထာကို မြင်ရတာကလဲ အကြောင်းတရပ်၊ ဝိပဿနာလုပ်ငန်း မဟုတ်သေးတာကလဲ အကြောင်းတရပ် စတဲ့ များလှတဲ့ အကြောင်းတွေကြောင့် ညောင်လွန့် ဝိပဿနာဌာနမှာ ထိသိ ဆောင်ပုဒ်ကို အသုံးမပြုဘူး၊ တန်ဖိုး မထားဘူး။

ထိသိ မဖြစ်သေးပေမယ့် ထိသိ မလုပ်ပဲ လေမှုတ်ထုတ်ယင် လေထွက်တယ်လို့ သိနိုင်တယ်၊ လေရှူသွင်းယင် လေဝင်တယ်လို့ သိနိုင်တယ်။ ဒါလောက်မျှ မသိသူဟာ တရားထူးရဖို့ မဖြစ်နိုင်လောက်အောင် အသိဉာဏ် ထုံထိုင်း ဖျင်းချာသူပဲ။

ဒီဝိပဿနာ ဌာနမှာ ထိသိ ဆောင်ပုဒ်ကို မသိတဲ့ ယောဂီတွေနဲ့ ထိသိ ဆောင်ပုဒ်ကို သိပေမယ့် ဂရုမစိုက် အာရုံမစိုက်ကြတဲ့ ယောဂီတွေ များစွာဟာ လေမှုတ်ထုတ်ယင် လေထွက်တယ်၊ လေရှူသွင်းယင် လေဝင်တယ်လို့ သိတဲ့နည်းနဲ့ပဲ လုပ်ငန်းတွင်ကာ သမထနိမိတ် မြန်မြန်မြင်ကြပြီး ဝိပဿနာဉာဏ်ကို ရသွားကြတာပါပဲ။

## ပဓာန လုပ်ငန်း

နှာခေါင်းဝ အောက်နား အထက်နှုတ်ခမ်းသားလို့ ပြောခဲ့တဲ့ တနေရာထည်းမှာ စိတ် စိုက်ထားတာကို ပါဠိ ကျမ်းဂန်တွေမှာ "ဌပနာ" လို့ ဆိုတယ်။ ဝင်လေ ထွက်လေ ဒီနှစ်ထွေရဲ့ စ သယ် ဆုံး ကို သိမှတ်နေတာကို "အနုဗန္ဓနာ" လို့ ဆိုတယ်။

ဒီနည်းမျိုးကို စွဲစွဲမြဲမြဲ လုပ်နေတာဟာ အာနာပါန သမထ လုပ်ငန်းမှာ ပဓာန လုပ်ငန်း ဖြစ်ပါတယ်။ ဒီနည်းမျိုးကို စွဲစွဲမြဲမြဲ လုပ်နေယင် ဖုသနာ(ခေါ်) ထိ သိ မှု ထင်ရှား ဖြစ်လာနိုင်ပါတယ်။ ထိ သိ မဖြစ်ပေမယ့် သမထ နိမိတ်များလဲ ထင်ရှား ပေါ်လာပါတယ်။ သမထ နိမိတ် ပေါ်လာတာဟာ ကောင်းကျိုး စတင် ဖြစ်ထွန်းမှု စစ်စစ်ပါပဲ။

## လိုရင်းချုပ်

အာနာပါန သမထလုပ်ငန်းပိုင်းမှာ အရေးကြီးတဲ့လိုရင်းချုပ်က

(၁) လေရှူသွင်းယင် "ဝင် သိ သိ သိ သိ"လို့ ငါးချက် မှတ်ပါ။
လေမှုတ်ထုတ်ယင် "ထွက် သိ သိ သိ သိ"လို့ ငါးချက်မှတ်ပါ။

(၂) တစက္ကန့်မှာ သိ တချက်ရအောင် မနှေးမမြန် မှတ်ပါ။

(၃) နောက်ဆုံးမှတ်တဲ့ သိနဲ့ လေဝင်မှု ဆုံးချိန်၊ လေထွက်မှုဆုံးချိန် ကိုက်ညီပါစေ။

နောက်ဆုံးမှတ်တဲ့ သိ နဲ့ လေဝင်မှု ဆုံးချိန် လေထွက်မှု ဆုံးချိန် ကိုက်ညီယင် သိမှတ်မှု အံဝင်ခွင်ကျ ဖြစ်တယ်လို့ သိပါ။

သံတုံးကို ကျောက်ပေါ်တင်ကာ အပ်ဖြစ်အောင် သွေးတဲ့ ယောကျ်ားကဲ့သို့ ကြိုးစားရမယ်လို့ ကျေးဇူးတော်ရှင် ညောင်လွန့် (ပထမ) ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူခဲ့ပါတယ်။ ကြိုးစား ကြပေတော့။

## အထူး တားမြစ်ချက်

အထူး တားမြစ်ချက် နှစ်ရပ်ကိုလဲ မှတ်သား လိုက်နာကြပါ။

(၁) ဝင် သိ သိ သိ သိ၊ ထွက် သိ သိ သိ သိ ကို ပါးစပ်နဲ့ မရွတ်ဆိုပဲ စိတ်နဲ့သာ သိမှတ်ရမယ်။

(၂) ရှူးရှဲ—ဥူးဝဲ၊ ဂူးဂဲ မြည်သံကို ဘေးနားက လူတွေ နား မထောင်ပဲနဲ့ ကြားရလောက်အောင် အသက် မရှူပါနဲ့။ ပုံမှန် ညှင်းညှင်းသာသာ ရှူပါ။

## ရှင်းလင်းချက်

လေရှူသွင်းယင် ဝင် သိ သိ သိ သိ လို့ ငါးချက်မှတ်ပါ၊ လေမှုတ်ထုတ်ယင် ထွက် သိ သိ သိ သိ လို့ ငါးချက်မှတ်ပါလို့ ပြောခဲ့တဲ့ မှတ်ထုံး မှတ်နည်းကို သဘောရှင်းသွားအောင် လင်းပြပါမယ်။

ဝင်လေကို "ဝင်" လို့ အတိုကောက် မှတ်ပါတယ်။ လေဆက်ဝင်နေသမျှ သိ သိ သိ သိ လို့ မှတ်ပါတယ်။ ထွက်လေကို "ထွက်" လို့ အတိုကောက် မှတ်ပါတယ်။ လေ ဆက်ထွက်နေသမျှ သိ သိ သိ သိ လို့ မှတ်ပါတယ်။

ဝင်လေ ထွက်လေတွေရဲ့ အစ အလယ် အဆုံး ကို သိမှတ် နေချိန်မှာ သိမှတ်စိတ်ဟာ စူးစိုက်ကာ သိမှတ်နေရမယ့် နေရာ နှာခေါင်းဝ အောက်နား အထက် နှုတ်ခမ်းသားမှာ မတည်မြဲပဲ ဝင်လေ နောက်က ကပ်လိုက်သွားပြီး နှာခေါင်းပေါက်ထဲ ဝင်ပါသွားလိုက် ထွက်လေ နောက်က ကပ်ပြီး အပြင်ဘက် လိုက်ပါသွားလိုက် ဖြစ်နေပါတယ်။ ဒီလို ဖြစ်နေတာကို တားဆီးဖို့ သိ သိ သိ သိ လို့ မှတ်ရပါတယ်။

ဒီလို မှတ်ပါမှ မှတ်နိုင်ပါမှ သိမှတ်စိတ်နဲ့ သိမှတ်မှုဟာ နှာခေါင်းဝ အောက်နား အထက် နှုတ်ခမ်းသား တနေရာထည်းမှာ တည်မြဲနေပါတယ်။

သိမှတ်စိတ်နဲ့ သိမှတ်မှုတို့ တနေရာထည်းမှာ တည်မြဲနေတာကို သမာဓိ ဖြစ်တယ်လို့ ဆိုကြပါတယ်။ အဆက်မပြတ် တည်မြဲနေတာကို ဧကဂ္ဂတာ ဖြစ်တယ်၊ အပ္ပနာ သမာဓိ ဖြစ်တယ်လို့ ဆိုကြပါတယ်။

**စိတ်ဟာ အလုပ်မရှိယင် အိမ်မကပ်သူ နေရာမမြဲသူနဲ့ တူပါတယ်။**

ဒါကြောင့် နှာခေါင်းဝ အောက်နား အထက် နှုတ်ခမ်းသားမှာလို့ နေရာလဲ ပေးထားရပါတယ်။ ဝင် သိ သိ သိ သိ ငါးချက် မှတ်ပါ၊ ထွက် သိ သိ သိ သိ ငါးချက် မှတ်ပါလို့ အလုပ်လဲ ပေးထားရပါတယ်။

ဒီလို နေရာရော အလုပ်ရော ပေးထားပါလျက်နဲ့ စိတ်ဟာ အိမ်ရောက်သွားလိုက်၊ ကျောင်းရောက်သွားလိုက်၊ မီးရထားစီးလိုက်၊ မော်တော်ကားစီးလိုက်၊ ရန်ကုန် ရောက်လိုက်၊ သိ သိ သိ သိ လို့

လုပ်ရမယ့် အလုပ်ကို မလုပ်ပဲ တွေဝေနေလိုက်၊ အိပ်ငိုက်နေလိုက်နဲ့ မတည်ငြိမ်ဘူး။

တည်ငြိမ်နေဖို့ နေရာမပေးထား၊ တည်မြဲနေဖို့ အလုပ်လဲ မပေးထားယင် စိတ်ကို ဖမ်းလို့ မရနိုင်တော့ဘူး။ သွားချင်ရာ သွား ရောက်ချင်ရာ ရောက် လုပ်ချင်တာလုပ် ဘာမျှမလုပ်ပဲ ငိုင်ချင်လဲ ငိုင် ငိုက်ချင်လဲ ငိုက် ခေါင်းငိုက်ဆိုက် ကျအောင် ခန္ဓာကိုယ် တကိုယ်လုံး တုန်းကန်းလဲသွားအောင် စိတ်က ဖန်တီး လိုက်တာပါပဲ။

ဒါကြောင့် စိတ်တည်ငြိမ်အောင် စိတ်တည်မြဲအောင် နေရာရော အလုပ်ရော ပေးထားရပါတယ်။ ပေးထားတဲ့နေရာမှာ ပေးထားတဲ့ အလုပ်ကို အံဝင်ခွင်ကျဖြစ်အောင် အမြဲမပြတ် တရစပ် လုပ်နေအောင် စိတ်ကို ထိန်းထားဖို့က ကာယကံရှင်ဖြစ်တဲ့ ယောဂီရဲ့တာဝန်ပဲ၊ သံတိုး ကို အပ်ဖြစ်အောင် ကျောက်ပေါ်တင်သွေးတဲ့ ယောကျ်ားကဲ့သို့ ကြိုးစားကြပေတော့။

## လေရှည်လျှင်

အချို့ယောဂီတွေရဲ့ ပင်ကိုယ် ဝင်လေ ထွက်လေဟာ ငါးချက် မှတ်ချိန်ထက် ပိုပြီး ရှည်ယင် ဝင်လေထွက်လေဆုံးတဲ့ထိအောင် သိမှတ် ချက်တွေကို ငါးချက်ထက်ပိုပြီး မှတ်ရပါမယ်။ သိ (၆) ချက် သိ (၇) ချက် သိ (ဆယ်) ချက်စသည် လေရှည်သလောက် မှတ်ရပါမယ်။

နောက်ဆုံးပိတ် သိမှတ်ချက်နဲ့ ဝင်လေ ထွက်လေရဲ့ အဆုံးနဲ့ တပြိုင်ထည်း အံဝင်ခွင်ကျဖြစ်အောင် ဂရုစိုက်ရမယ်။

## လေမရှည်လျှင်

ဝင် သိ သိ သိ သိ၊ ထွက် သိ သိ သိ သိလို့ မနှေးမမြန် ငါးချက်စီ သိမှတ်ချိန်ရလောက်အောင် ဝင်လေ ထွက်လေ လေမရှည်ယင်၊ သို့မဟုတ် ယောဂီက ငါးချက်စီ မမှတ်နိုင်ယင် ဝင် သိ သိ သိ၊ ထွက် သိ သိ သိလို့ လေးချက်စီ မှတ်ရပါမယ်။ လေးချက်အောက် မလျှော့ပါစေနဲ့။ ငါးချက်စီ၊ သို့မဟုတ် လေးချက်စီ မှတ်ထားဟာ ပုံမှန် မှတ်တာပဲ။ ငါးချက်စီမှတ်နိုင်ယင် သမထနိမိတ် ထင်လွယ်တာကြောင့် ပိုကောင်း ပါတယ်။

သိမှတ်ခါစမှာ ငါးချက်မှတ်သူဟာ ငါးချက် ပြည့်အောင် သတိပြု ဂရုစိုက်ရပါမယ်။ လေးချက်မှတ်သူဟာ လေးချက်ပြည့်အောင် သတိပြု ဂရုစိုက်ရပါမယ်။

မိမိရဲ့ သိမှတ်ချက်ဟာ ပြည့်ပြည့်စုံစုံ ပုံမှန်ကာ အံ့ဝင်ခွင်ကျ ဖြစ်နေပြီလို့ သိပြီးယင်တော့ အချက်ကို မရေတွက် ဂရုမစိုက်ပဲ အံ့ဝင် ခွင်ကျ မှတ်နေရပါမယ်။

**အထူးသတိ**။ ။လေးချက်မျှ ပုံမှန် မမှတ်နိုင်လို့ ဝင် သိ သိ၊ ထွက် သိ သိ လို့ သုံးချက်စီမှတ်တဲ့ ယောဂီတွေ ဝင် သိ၊ ထွက် သိ လို့ နှစ်ချက်စီ မှတ်တဲ့ ယောဂီတွေ ရှိခဲ့ဘူးပါတယ်။ အဲဒီ ယောဂီ တွေဟာ နေ့စဉ် (၄) ကြိမ်ခွဲပြီး (၁၄) နာရီအချိန်ပြည့် ဆယ်ရက်တိတိ အားထုတ်ကြပေမယ့် သမထနိမိတ်ကိုတောင်မှ မမြင်ကြဘူး၊ ဝိပဿနာ ရောက်ဖို့ ဝေးရောပဲ။

ပြောခဲ့ပြီးတဲ့ ဗုဒ္ဓနည်းကျ အာနာပါန သမထလုပ်ငန်းစဉ်နဲ့ ညီအောင် စီထားတဲ့ လင်္ကာနှစ်ပုဒ်ကို မှတ်သားမိအောင် ပြန်ဆိုလိုက် ကြပါ။

(၁) နှာ ခေါင်း ဝ နား၊ စိတ် စိုက် ထား၊ မှတ် သား ဝင်ထွက်လေ။

(၂) စ လယ် အဆုံး၊ အကုန်လုံး၊ မှတ်ထုံး သိ သိ သိ။

## ၁၃၄၁-ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ နံနက် ၈း၁၀ နာရီ

### နိမိတ် ပေါ်လာချိန်

ပြောခဲ့ပြီးအတိုင်း နည်းစနစ်မှန် အံဝင်ခွင်ကျအောင် ကြိုးပမ်းအားထုတ်ယင် သမထနိမိတ် ပေါ်လာပါတယ်။ ပေါ်လာတဲ့ သမထနိမိတ်ကို မိုက်ထား၊ အဝတ်နဲ့ ပိတ်စည်းထားတဲ့ မျက်စိနဲ့ မြင်လာပါတယ်။

ဝင် သိ သိ သိ သိ၊ ထွက် သိ သိ သိ သိလို့ စတင်မှတ်ချိန်ကို ငါးမိနစ် လွန်ယင် သမထနိမိတ်ကို မြင်သူရှိပါတယ်။ ဒါဟာ အမြန်ဆုံးနှုန်းပဲ။ ယောဂီတရာမှာ သုံးဦးလောက်ရှိပါတယ်။ သုံးရာခိုင်နှုန်းဆိုပါတော့။ ဆယ်မိနစ်လွန်ချိန်မှာ သမထနိမိတ်မြင်သူ ငါးရာခိုင်နှုန်း၊ ၁၅ မိနစ်လွန်ချိန်မှာ သမထနိမိတ် မြင်သူ ၃၀%၊ မိနစ်နှစ်ဆယ်လွန်ချိန်မှာ သမထနိမိတ် မြင်သူ ၅၀% သာသာ ရှိပါတယ်။ ၁၅% လောက်ကတော့ ပုံမမှန်ဘူး၊ မနက် ၆ နာရီခွဲမှာ တရားကျင့်ခွင်ဝင်တာ ရပ်နားချိန် (၁၀) နာရီနီးကပ်မှ သမထနိမိတ် မြင်သူလဲ ရှိတာပဲ။ တမနက်လုံး သုံးနာရီခွဲသာသာ ကြာအောင် အံဝင်ခွင်ကျ အားထုတ်ပေမယ့် သမထနိမိတ် မမြင်သူလဲ ရှိသေးတာပဲ၊ ဒီယောဂီတွေက ၂% လောက် ရှိတယ်။

### သမထနိမိတ်မျိုးစုံ

ယောဂီတွေ မြင်ကြရတဲ့ သမထနိမိတ်ဟာ ယောဂီအရေအတွက် များသလောက် မျိုးပေါင်းစုံပါပဲ။

မှိန်မှိန်အလင်းရောင်၊ ပိုးစုန်းကြူးအုပ်ကြီး ပျံဝဲနေသလို သေးသေးမွှားမွှား အလင်းရောင်၊ ထိန်လင်းတောက်ပနေတဲ့ ဝိုင်းဝိုင်း အဖြူရောင်၊ လုံးလုံး အဖြူရောင်၊ သေးသေးကြီးကြီး ရှည်ရှည် သုံးထောင့်ချွန်း၊ ကွက်တိ ကွက်ကျား အဖြူရောင်၊ ဘုရားရုပ်ပွား စေတီတော်ဘုန်းကြီး ရသေ့ လူသူတော် သီလရှင် နတ်ရုပ် အုတ်တံတိုင်း အုတ်တိုင်အုတ်ပုံ အုတ်တိုက်ပျက် လှေကားထစ် လှေကားလက်ရန်း အိမ်နံရံကျောင်းနံရံ သပိတ် သင်္ကန်း သစ်ငုတ်တို သစ်တိုင် သစ်ပင်အမျိုးမျိုး စမ်းချောင်း ရေကန် ပင်လယ်ရေပြင် ကျောက်ဂူ အုတ်ဂူ ဇမြပြင် မြက်ခင်းပြင် ကောင်းကင်ပြင် မိုးကုတ် စက်ဝိုင်း မော်တော်ကား မီးရထား လူသေ လူရှင် ဘိုးအို ဘွားအို မိန်းမပျို ကလေးငယ် ကိုယ့်နားရွက် ကိုယ့်နောက်စေ့ ကိုယ့်နဖူး ကိုယ့်မျက်လုံး ကိုယ့်နှာခေါင်း ကိုယ့်ပါး ကိုယ့်လက် ကိုယ့်ခြေ ကိုယ့်ဝမ်းဗိုက် အရိုးစုစသည် မရေမတွက်နိုင်အောင် မျိုးပေါင်းစုံပါပဲ။

## သမထနိမိတ် ထင်ရှားပုံ

သမထနိမိတ် တွေကို ဘယ်လောက် ထင်ထင်ရှားရှား မြင်ရသလဲ ဆိုယင် မျက်စိ ဖွင့်ကြည့်တဲ့အခါမှာ ပကတိအတိုင်း ထင်ထင်ရှားရှား မြင်ရသလို ထင်ထင်ရှားရှား မြင်ရပါတယ်။

မှိတ်ထားတဲ့ အလင်းရောင် ပျောက်နေအောင် အဝတ်နဲ့လဲ ပိတ်စည်းထားတဲ့ မျက်စိနဲ့ ထင်ထင်ရှားရှား မြင်နေရတာဟာ ထူးဆန်းပေမယ့် ကျမ်းဂန်လွတ် အလွဲအချော် မဟုတ်ပါဘူး။

စက္ခုနာ ပဿန္တဿေဝ မနောဒွါရဿ အာပါထမာဂတာ၊ တဒါ တမေဝါရမ္မဏံ ဥဂ္ဂဟနိမိတ္တံနာမ။ သာစဘာဝနာ သမာဓိယတိလို့ အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းစာ ကမ္မဋ္ဌာန်းပိုင်းမှာ မိန့်ဆိုထားပါတယ်။

စက္ခုနာ ဖွင့်ထားတဲ့ မျက်စိနဲ့၊ ပဿန္တဿ ကြည့်သူ၏၊ စက္ခုဒွါရဿ စက္ခုဒွါရအား၊ ဝါ စက္ခုဒွါရ (ခေါ်) မျက်စိထဲမှာ၊ အာပါထံ ထင်ထင်ရှားရှား မြင်နေရခြင်းသို့၊ အာဂတံ ဣဝ ရောက်လာသကဲ့သို့၊ မနောဒွါရဿ မနောဒွါရ (ခေါ်) စိတ်အား၊ ဝါ စိတ်ထဲမှာ၊ အာပါထံ ထင်ထင်ရှားရှား မြင်နေရခြင်းသို့၊ အာဂတံ ရောက်လာပါသည် (ဤကား သဒ္ဒါနက်)။

မနောဒွါရသ မနောဒွါရခေါ်တဲ့ သမာဓိစိတ်၏၊ ဝသေန စွမ်းဟုန်ကြောင့်၊ အာပါထံ မှိတ်ထား ပိတ်ထားတဲ့ မျက်စိနဲ့ မြင်ရအောင် ထင်ထင်ရှားရှား၊ အာဂတံ ရောက်လာပါသည် (ဤကား အဓိပ္ပာယ်နက်)။ တဒါ ထိုအချိန်၌၊ တဒေဝါရမ္မဏံ ပေါ်လာတဲ့ ထိုအာရုံ မြင်ရတဲ့ ထိုအာရုံသည်၊ ဥဂ္ဂဟနိမိတ္တံနာမ ဥဂ္ဂဟနိမိတ် အမည်ရှိပါသည်။

စ သမထအားထုတ်မှုကြောင့် ရလာတဲ့ ကောင်းကျိုး ကို ပြောပါဦးမည်။ သာ ဘာဝနာ ထို ပရိကမ္မဘာဝနာသည်၊ သာ ဘာဝနာ မြဲမြဲစွဲစွဲ ထပ်တလဲလဲ အားခဲကြိုးပမ်း ထိုသမထလုပ်ငန်းသည်၊ သမာဓိယတိ တည်မြဲနေပါသည်။

အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းဆရာကြီး အရှင်အနုရုဒ္ဓ မထေရ်မြတ်ရဲ့ မနောဒွါရသ အာပါထမာဂတံ မနောဒွါရမှာ ထင်ရှားပေါ် လာပါသည်ဆိုတဲ့ စကားထက် အများကြီး ပိုပြီး ပြတ်သား ရှင်းလင်းတဲ့ စကားကို အဋ္ဌကထာဆရာကြီး အရှင်ဗုဒ္ဓဒတ္တ မထေရ်မြတ်က အဘိဓမ္မာဝတာရကျမ်း အပိုင်း-၁၄၊ ဂါထာနံပါတ် ၂၃၄ (ဘာဝဂဝတီမူ)မှာ

ယထာ ဥမ္မီလိတေကာလေ၊ တထာ ပါတုဗ္ဘ ယာတိ စေ။
တံဥဂ္ဂဟနိမိတ္တံ၊ ဥပ္ပန္နန္တိ ပဝုစ္စတိ

လို့ မိန့်ဆိုထားပါတယ်။

ဥမ္မီလိတေကာလေ မျက်စိဖွင့်ကြည့်ချိန်မှာ၊ အာပါထံ မြင်ရတဲ့အာရုံဟာ ထင်ရှားခြင်းသို့၊ ယာတိယထာ ရောက်သကဲ့သို့၊ တထာ ထိုအတူ၊ နိမ္မီလိတေကာလေ မျက်စိကို မှိတ်ထား ပိတ်ထားချိန်မှာ၊ အာပါထံ မြင်ရတဲ့အာရုံဟာ ထင်ရှားခြင်းသို့၊ စေ ယာတိ သမာဓိ (ခေါ်) သမထ စွမ်းအားသန့်သော ကြောင့် ရောက်နေယင်၊ တဒါ ထိုအချိန်မှာ၊ တံဥဂ္ဂဟနိမိတ္တံ ဥဂ္ဂဟနိမိတ် ခေါ်တဲ့ ထိုအာရုံသည်၊ ဥပ္ပန္နန္တိ ဖြစ်ပါပြီဟူ၍၊ ပဝုစ္စတိ မြင်နေရတဲ့ ယောဂီက သေအောင်ပိုင်ပိုင် ပြောနိုင်ပါသည်။

ဗုဒ္ဓနည်းကျ ညောင်လွန့်တောရ ဝိပဿနာကျင့်စဉ်နည်းအရ အာနာပါန သမထလုပ်ငန်းကို ဝင် သိ သိ သိ သိ၊ ထွက် သိ သိ

သိ သိ လို့ အားထုတ်မှုကြောင့် ညောင်လွန့်တပည့် ယောဂီတွေ သမထ နိမိတ်ကို ထင်ထင်ရှားရှား မြင်နေကြရတာဟာ ကျမ်းဂန်လွတ် အလွဲ အချော်မဟုတ်ကြောင်း ကောင်းစွာ ထင်ရှားပါပြီ။

## နိမိတ်အဆင့်ဆင့်

မြင်နေရတဲ့ သမထနိမိတ်ဟာ အနုနဲ့ အရင့်လို့ နှစ်မျိုးနှစ်ဆင့် ကွဲတယ်။ နုချိန်မှာ တမိနစ် လောက်တောင် မတည်မြဲဘူး၊ မြင်လိုက် ပျောက်လိုက် မြင်လိုက် ပျောက်လိုက် ဖြစ်နေတယ်။ နီးလိုက်+ ဝေးလိုက်၊ ကြီးလိုက်+ငယ်လိုက်၊ ထက် အောက် ဝဲ ယာ နေ ရာ ပြောင်းရွှေ့ကာ မတည်ငြိမ်ပဲ ဖြစ်နေတယ်။ ဒါဟာ ဥဂ္ဂဟနိမိတ် အဆင့်၊ ပရိကမ္မဘာဝနာအဆင့်၊ ခဏိက သမာဓိအဆင့် ဖြစ်တယ်။ ဝိပဿနာဘက် တူးတက်လို့ မရနိုင်သေးဘူး။

## သမာဓိအဆင့် မြှင့်တင်နည်း

ခဏိကသမာဓိကို အဆင့်မြှင့်တက်အောင် သမထနိမိတ် ရင့်လာ အောင် လုပ်နည်းက ဝင်လေထွက်လေကို မှတ်နေမြဲအတိုင်း ဝင် သိ သိ သိ သိ၊ ထွက် သိ သိ သိ သိ လို့ ဆက်လက် မှတ်နေရမယ်။ ဒီလို ရှုမှတ်နေတာကို ပရိကမ္မဘာဝနာလို့ ကျမ်းဂန်တွေမှာ ဆိုထား ပါတယ်။ ဒါကြောင့် ဘာပဲဖြစ်ဖြစ် ဘာကိုပဲမြင်မြင် နှာခေါင်းဝ အောက်နား အထက် နှုတ်ခမ်း သားမှာ မိုတ်ထားတဲ့ မျက်စိနဲ့ ကြည့်မြဲ ကြည့်နေပြီး ဝင် သိ သိ သိ သိ၊ ထွက် သိ သိ သိ သိ လို့ စူးစိုက် ကာ ရှုမှတ်မြဲ ရှုမှတ်နေရမယ်ဆိုတဲ့ ပရိကမ္မဘာဝနာ အလုပ်ကို တရစပ်အောင် ဆက်လက် လုပ်နေရမယ်လို့ စွဲစွဲမြဲမြဲ နှလုံးသွင်းကာ စွဲစွဲမြဲမြဲ လုပ်နေပါ။ ဒီအချိန်မှာ သမထနိမိတ်ဟာ နုနုကလေးမျှ အတိမ်းအစောင်း မခံတာကြောင့် ဒီအချိန်ဟာ သေရေးရှင်ရေး တမျှ အရေးကြီးလှန်းတဲ့ အချိန်ပဲလို့ သဘောပိုက်ကာ မိုတ် ထားတဲ့ မျက်စိနဲ့ ကြည့်တာလဲ နေရာမှန်ပါစေ၊ စိတ်နဲ့ စူးစိုက် ရှုမှတ် ထာလဲ ချက်မှန်ပါစေလို့ အထူး သတိပေးလိုက်ပါတယ်။

## အထူးတားမြစ်ချက် သုံးရပ်

(၁) သမထနိမိတ်ကိုမြင်ယင် လွန်လွန်ကဲကဲ စိတ်အားမတင်းလိုက်ပါနဲ့၊ ပုံမှန်သာ ရှုမှတ်နေပါ။

သမထနိမိတ်ကို မြင်ရတော့ "အဲ ဟန်ကျလှာပြီ" လို့ တွေးထင်မှု ဖြစ်ပြီးမှ စိတ်အားတင်းမှု လွန်ကဲလှာတာ ဖြစ်တယ်။ အဲ ဟန်ကျလှာပြီလို့ တွေးထင်မှု ဖြစ်နေချိန်မှာ ဝင်လေ ထွက်လေကို ရှုမှတ်နေတဲ့ သမာဓိဟာ အခြေယိုင်သွားပြီ၊ စိတ်အားတင်းချက် လွန်ကဲမှုက ထပ်ဆင့်လိုက်တော့ စိတ်ဟာ ပုံမမှန်ပဲ လှုပ်ရှားမှု အားသန်လှာကာ သမာဓိပျက်တော့တာပဲ။ သမာဓိပျက်ယင် သမာဓိ အားသန်မှုကြောင့် ဖြစ်ပေါ်လှာတဲ့ သမထနိမိတ်လဲ ပျောက်ပျက်ပါရော။ အကြောင်းပျက်ယင် အကျိုးပျက်ထာ ဓမ္မတာပဲ။

အချို့ယောဂီတွေမှာ မြင်နေရတဲ့ သမထနိမိတ် ပျောက်မှာ စိုးရိမ်မှု (သောက)ကြောင့် စိတ်အားတင်းမှု လွန်ကဲလှတာလဲ ဖြစ်တတ်ပါတယ်။ စိုးရိမ်စိတ်ဖြစ်ယင် သမာဓိ အခြေပျက်ထာပဲ။ စိတ်အားတင်းချက် လွန်ကဲမှုက ထပ်ဆင့်လိုက်တော့ သမာဓိဟာ ဆည် (ဆယ်)မရအောင် ပျက်ပါရော။ သမထနိမိတ်လဲ ပျောက်ကရော။ မပျောက်ယင်လဲ မှေးမှိန်သွားတယ်။ ဒါကြောင့် သမထနိမိတ်ကို မြင်ယင် လွန်လွန်ကဲကဲ စိတ်အားမတင်းလိုက်ပါနဲ့၊ ပုံမှန်သာ ဆက်လက် ရှုမှတ်နေပါ။

(၂) ပေါ်လှာတဲ့ သမထနိမိတ်ကို စူးစိုက် မကြည့်ပါနဲ့။ နှာခေါင်းဝ အောက်နား အထက်နှုတ်ခမ်းသားကိုပဲ ကြည့်မြဲ ကြည့်နေပါ။

ပေါ်လှာတဲ့ သမထ နိမိတ်ကို စူးစိုက်ကြည့်ယင် ဝင်လေထွက်လေကို ရှုမှတ်နေတဲ့ စိတ်ဟာ နေရာပြောင်း အာရုံပြောင်းတာမို့ သမာဓိ ပျက်သွားတယ်။ သမာဓိပျက်ယင် နိမိတ်ပျောက်သွားရော။ မပျောက်ယင်လဲ မှေးမှိန်သွားရော။ သမာဓိအဆင့်မတက်ဘူး၊ နိမိတ်မရင့်နိုင်ဘူး။

(၃) သမထ နိမိတ်ကို မမြင်သေးယင်၊ သို့မဟုတ် နိမိတ်ပျောက်သွားပြီး ပြန်မပေါ်လှာသေးယင် မြင်ချင် စိတ် မသန်ပါစေနဲ့။

နိမိတ်ကို မြင်ချင်စိတ် ထက်သန်တာဟာ ဆန္ဒစောမှု (ဧ၀ါ) ကာမစ္ဆန္ဒလောဘ ကြားဝင် တိုးလှာမှုပဲ။ ဆန္ဒစောမှု ကြားဝင် တိုးလှာယင် ဝင်လေ ထွက်လေကို သိမှတ်စိတ် လွတ်ကာ သမာဓိ အရှိန်ပျက်တယ်။ စိတ် ခဏခဏ လွတ်လေလေ သမာဓိ အရှိန်ပျက်လေလေဖြစ်ကာ နိမိတ် မပေါ်လှာလေလေပဲ။ တော်တော်ကြာတော့ လုံးခြာလိုက်ပြီး စိတ်မော လူမော ဖြစ်လှာရော၊ ရရှိထားတဲ့ သမာဓိ နုနုကလေးလဲ လုံးဝ ပျက်ကရော၊ ယောဂီလဲ စိတ်ဓာတ်ကျသွားရော၊ ဘာဝနာ လုပ်ငန်းကိုလဲ လုံးဝ ရပ်စဲထားလိုက်ရော။

## သံမဏိစည်းမျဉ်း

ယခုပြောခဲ့ပြီး စည်းမျဉ်းတွေဟာ နဲနဲမျှ တိမ်းယိမ်းလို့ မရတဲ့ သံမဏိ စည်းမျဉ်းတွေပဲလို့သာ စွဲစွဲမြဲမြဲမှတ်ပြီး စွဲစွဲမြဲမြဲ လိုက်နာကြပါ။ လိုရင်းချုပ် ပြန်ပြောပါမယ်။

သမာဓိအဆင့် မြှင့်တင်နည်းမှာ—

**လုပ်ရမည့်အလုပ်က** သမထ နိမိတ် မငြိမ်သက် ယင်၊ မှိန်သွားယင်၊ ပျောက်သွားယင် ဝင်လေ ထွက်လေကို ပုံမှန် ရှုမှတ်နေရမယ်။

**မလုပ်ရမည့်အချက်တွေက** (၁) လွန်လွန်ကဲကဲ စိတ်အားမထင်းပါနဲ့။
(၂) ပေါ်လှာတဲ့ နိမိတ်ကို ဇူးစိုက်မကြည့်ပါနဲ့။
(၃) မြင်ချင်စိတ် မထက်သန်ပါစေနဲ့။

## ဥပစာရဈာန် ရချိန်

ပြောခဲ့ပြီး သမာဓိ အဆင့်မြှင့်တင်နည်းအတိုင်း ဝင်လေ ထွက်လေကို စွဲစွဲမြဲမြဲ ပုံမှန် သိမှတ်နေယင်—

(၁) မှေးမှိန်နေတဲ့ သမထနိမိတ်ဟာ ထင်ထင်ရှားရှား ဖြစ်လှာပါမယ်။

(၂) ကြီး+သေး၊ နိမ်း+ဝေး၊ ထက်+အောက်၊ ငံ+မာ၊ နေရာပြောင်းရွေ့နေတဲ့ သမထနိမိတ်ဟာ တည်ငြိမ်လှာပါမယ်။

(၃) ပေါ်လိုက်+ပျောက်လိုက် ဖြစ်နေတဲ့ သမထနိမိတ်ဟာ မပျောက်ပဲ ခိုင်မြဲလှာပါမယ်။

သမာဓိစွမ်းအားကြောင့် မှိတ်ထား ပိတ်ထားတဲ့ မျက်စိနဲ့ မြင်နေရတဲ့ သမထနိမိတ်ဟာ မမှိန် ထင်ရှား+မလှုပ် တည်ငြိမ်+မပျောက် ခိုင်မြဲ ဖြစ်နေယင် ပဋိဘာဂနိမိတ်အဆင့် ဉပစာရဘာဝနာ အဆင့် ဉပစာရသမာဓိအဆင့်ကို ရောက်ပါပြီ၊ ဉပစာရ ဈာန်ကို ရပြီလို့ သိပါ။

ဘာဝနာမယမာရမ္မဏံ စိတ္တေ သန္နိသိန္နံ သမပ္ပိတံ ဟောတိ။ တဒါ တံ ပဋိဘာဂနိမိတ္တံ သမုပ္ပန္နန္တိ ဝုစ္စတိ လို့ သင်္ဂြိုဟ်ကမ္မဋ္ဌာန်းပိုင်းမှာ မိန့်ဆိုထားပါတယ်။

ဘာဝနာမယ် ပရိကမ္မဘာဝနာကြောင့် ဖြစ်လှာသော၊ အာရမ္မဏံ သမထနိမိတ်အာရုံသည်၊ စိတ္တေ ယောဂီ၏ စိတ်၌၊ သန္နိသိန္နံ လှုပ်ရှားကင်းပ တည်ငြိမ်လှသည်၊ သမပ္ပိတံ မပျောက်ကွယ်ပဲ လွန်ခိုင်မြဲသည်၊ ဟောတိ ဖြစ်၏၊ တဒါ သမထနိမိတ်ဟာ လှုပ်ရှားကင်းပ တည်ငြိမ်လှ၍ မပျောက်ကွယ်ပဲ အလွန်ခိုင်မြဲတဲ့ ထိုအချိန်၌၊ တံ ပဋိ-ဘာဂနိမိတ္တံ ထို ပဋိဘာဂနိမိတ်သည်။ သမုပ္ပန္နန္တိ မသွေကောင်းစွာ ဖြစ်လှာပါပြီဟူ၍၊ ဝုစ္စတိ သမထနိမိတ်ကို မြင်နေတဲ့ ယောဂီက ပြောနိုင်ပါသည်။

## နိဗ္ဗာန်သို့ လမ်းခွဲ

ဉပစာရ ဈာန်ကို ရရှိနေတာဟာ နိဗ္ဗာန်သွားဖို့ ပထမဆုံး လမ်းခွဲမှာ ရောက်နေတာပါပဲ၊ ဒီဘာဝမှာ နိဗ္ဗာန် ရချင်သူတွေဟာ ဝိပဿနာဘက် ကူးတက် ကျင့်သွားနိုင်ကြပါတယ်။

သေလွန်ယင် ဗြဟ္မာ ဖြစ်ချင်သူတွေဟာ အထက် အပ္ပနာဈာန် (ခေါ်) သမာပတ် ရှစ်ပါးရအောင် အဆင့်ဆင့် ကျင့်သွား နိုင်ကြပါတယ်။ မြေလျှိုး မိုးပျံစတဲ့ တန်ခိုးအတန်တန် ရချင်သူတွေဟာ အဘိညာဏ် ၆ ပါးရအောင် အဆင့်ဆင့် ကျင့်သွားနိုင်ကြပါတယ်။ သမာပတ် ရှစ်ပါးနဲ့ အဘိညာဏ် ၆ ပါးတို့ဟာလဲ နိဗ္ဗာန်လမ်းခွဲ (၁၄)ခု ဖြစ်ပါတယ်။ ပရိသတ်တွေ ကိုယ်ကြိုက်တဲ့လမ်းက ကိုယ်သွားနိုင်ကြပါတယ်။

ဘုရားဆုပန်ပြီးသူအစ ဘာဆုမျှမပန်ရသေးသူအဆုံး အားလုံးတို့အတွက် နိဗ္ဗာန်သွားဖို့ ပထမဆုံး လမ်းခွဲဖြစ်တဲ့ ဥပစာရဈာန်ကို ရနေခိုက်မှာ ဝိပဿနာဘက် ကူးတက်တာဟာ ဒီမြတ်ဗုဒ္ဓသာသနာတော်နဲ့ ဒီခေတ်မှာ အကောင်းဆုံး ဖြစ်ပါတယ်။

## စိတ်ကူးမြင်မဟုတ်

သမာဓိအားကောင်းတာကြောင့် ကိုယ့်ခန္ဓာကိုယ် အစိတ်အပိုင်းကို မမှိန် ထင်ရှား၊ မလှုပ် တည်ငြိမ်၊ မပျောက် ခိုင်မြဲအောင် တွေ့မြင်နေကာ ဥပစာရဈာန်ကို ရနေခိုက်မှာ ဝိပဿနာဘက် ကူးတက်ခိုင်းတဲ့အခါ "ဒါဟာ စိတ်ကူးမြင် သက်သက်ပါ" လို့ အတွေးခေါ်သူ တချို့က ဆင်ခြေကန်တာကို မကြာခဏ ကြုံခဲ့ပါတယ်။

မျက်စိဖွင့်ကြည့်တဲ့အခါ ထင်ထင်ရှားရှားမြင်ရသလို စိတ်ကူးမြင်ဟာ မိတ်ထား အဝတ်နဲ့ပိတ်စည်းထားတဲ့ မျက်စိနဲ့ ထင်ထင်ရှားရှားမြင်သလား?၊ စိတ်ကူးမြင်ဟာ ကိုယ့်မျက်နှာရဲ့ အသားအရောင် အဆင်းနဲ့ ဝက်ခြံဖုကလေးတွေကိုပါ ထင်ထင်ရှားရှားမြင်သလား?၊ စိတ်ကူးမြင်ဟာ အဝတ်ရဲ့ အရောင်အသွေး အဆင်အကွက်တွေကိုပါ မြင်သလား?၊ စိတ်ကူးမြင်ဟာ မျက်စိကျိန်းလောက်အောင် တောက်ပ ဖွ ဝင်းနေတဲ့ အလင်းရောင်တွေကို မြင်သလား? စသည် စဉ်းစားယင် စိတ်ကူးမြင် မဟုတ်ဘူး ဆိုတာ လွယ်လွယ်ပဲ သိနိုင်ပါတယ်။

စိတ်ကူးမြင်တာထင်ပါတယ်လို့ အတွေးခေါ်ကာ ပြောဆိုသူတွေဟာ အရေအတွက် မများပါဘူး၊ ထူးခြားချက်တခုက အရေအတွက် မများလှတဲ့ အတွေးခေါ်သူတွေထဲမှာ အစိုးရ အထက်တန်းကျောင်းတွေက အထက်တန်းပြ ဆရာမတွေဟာ ၉၆% ကျော်နေတယ်။ အခြား ဝိပဿနာကျင့်နည်းတွေကို နေ့ရက်များစွာ ကျင့်ခဲ့ဖူးသူတွေက ၃% လောက်ပါပဲ။

ဒီအတွေးခေါ်သူတွေဟာလဲ ဆောင်လုံ့တော့ရ ဝိပဿနာကျင့်စဉ်နည်းကို ဆက်သက် အားထုတ်ကြလို့ ဝိပဿနာဉာဏ်ကို မျက်မြင်ကိုယ်တွေ့ ရရှိကြပြီးတော့ ကျေနပ်ဝမ်းသာ ဖြစ်ကြပါတယ်။

## ပညတ်ရုပ် မရှိ

တဦးရဲ့ မှားကွက်ကို သင်ခန်းစာယူတတ်သူမှာ အသိပညာ တိုးပါတယ်၊ ဗဟုသုတကောင်း ပြည့်စုံနိုင်ပါတယ်။

ပညတ်-ပရမတ် မခွဲတတ်တာကြောင့် နိဗ္ဗာန်လမ်းကောင်းမှန် ဝိပဿနာညာဏ်လာဘ်ကောင်းကြီးနဲ့ လွဲချော်ပြီး အခွင့်ကောင်းကြီး တရပ် လက်လွှတ်သွားရှာတဲ့ ဒကာတဦးနဲ့ တွေ့ခဲ့ရပုံကို သင်ခန်းစာ ယူကြဖို့ ပြောပြပါမယ်။

နှစ်ပေါင်း ခြောက်ဆယ်ကျော်အောင် အလွန်ရင်းနှီးတဲ့ ဒကာ တဦး အသက် ၇၉ နှစ် ရှိပြီ၊ မိုးညှင်း (ပထမ) ဆရာတော်ဘုရား ကြီး ဝိပဿနာတရား စတင်ဟောချိန်မှာ ဂတိဝိသုဒ္ဓိအသင်းဝင် ရှေ့ ဆောင် ဒကာတဦးဖြစ်တဲ့ပြင် အဘိဓမ္မာသင်တန်းတွေတက်၊ ဝိပဿနာ စာအုပ်တွေ မျိုးစုံအောင် ဖတ်နေသူလဲ ဖြစ်ပါတယ်။

အချိန်ပိုင်း ယောဂီအဖြစ်နဲ့ တရားကျင့်ခွင့်လာဝင်တယ်။ သူ့ နှဖူးပြင်ကို သူပြန်မြင်တာဟာ ဥပစာရသမာဓိ အခြေရောက်နေတာမို့ ဝိပဿနာဘက် ကူးတက်ခိုင်းတော့ "ဒါ ဓမ္မာရုံပညတ်ရုပ်ပဲ၊ ဝိပဿနာ ရှုလို့ ရပါ့မလား" လို့ အဲဒီဒကာကြီးက မေးခွန်းထုတ်တယ်။

ဒီအချိန်မှာ နည်းပြဆရာ ညွှန်ပြတာကိုမလုပ်ပဲ အတွေးခေါင် ပြီး ဒူကြောင်ကြောင်လုပ်နေယင်၊ သို့မဟုတ် စကားကြောရှည်နေ ယင် မြင်နေတဲ့ သမထနိမိတ် ပျောက်ပြီး ဝိပဿနာဘက် ကူး တက်လို့ မရတော့ဘူး။ ယောဂီဒကာကြီး သဘောလင်းသွားအောင် ရှင်းပြောလိုက်ရပါသေးတယ်။

ဒကာကြီး အဘိဓမ္မာသင်တန်းတက်ခဲ့တဲ့ သင်္ဂြိုဟ်ကျမ်းမှာ ဓမ္မာရုံ ၆ မျိုးပြ ပါဠိက "ပသာဒသုခုမ ရူပစိတ္တ စေတသိက နိဗ္ဗာန ပညတ္တိဝသေန" ပသာဒရုပ်တွေနဲ့ သုခုမရုပ်တွေကို ဓမ္မာရုံရုပ်လို့ ဆိုထားတယ်။ အဆင်း + အသံ+အနံ့ + အရသာ+ထိစရာရုပ်တွေကို ဓမ္မာရုံလို့ မဆိုပါဘူး။

ပကတိ မျက်စိနဲ့ မြင်ရတဲ့ ရုပ်ဟာလဲ ရူပါရုံရုပ် စစ်စစ်ပဲ၊ သမာဓိမျက်စိနဲ့ မြင်ရတဲ့ ရုပ်ဟာလဲ ရူပါရုံရုပ် စစ်စစ်ပါပဲ။ ပကတိ မျက်စိနဲ့ မြင်ရတာမဟုတ်တဲ့ ရုပ်တွေဟာ ဓမ္မာရုံရုပ်တွေပဲလို့ အလွဲ မလုပ်လိုက်ပါနဲ့။

သင်္ဂြိုဟ် ပဋ္ဌိဘာဂနိမိတ်ပြ ပါဠိမှာ "ဝဏ္ဏမြမ္မဝိမုစ္စိတံ ပညတ္တံ သခ်ါတံ" ပရမတ်မှ လွတ်နေတဲ့ **ပညတ်အာရုံ** လို့ ဆိုတဲ့စကားကို ပရိယတ် အဟုတ်မတတ်သူတွေက **ပညတ်ရုပ်လို့** အလွဲ တီထွင်လိုက်ကြတာပါ။

ပြောခဲ့တဲ့ သင်္ဂြိုဟ်ပါဠိဟာ ကသိုဏ်း အားထုတ်ပုံကို ပြတဲ့ ပါဠိဖြစ်တယ်လို့ သတိမပြုမိကြတဲ့ ကမ္မဋ္ဌာန်းဆရာ တချို့က ကိုယ်တွေ့ ဉာဏ်မြင်၊ ဝိပဿနာ ဉာဏ်အမြင်လို့ တွင်တွင် ပြောကြ စိတ်စွဲနေကြတာကြောင့် သမာဓိအမြင်ဖြစ်တဲ့ ရုပါရုံ ထင်ထင် ရှားရှားကို ကြည့်ပြီး ဝိပဿနာဘက် ကူးဟက်နည်းကို မသိကြ မတတ်ကြပြန်တော့ "ဒါတွေဟာ ပညတ်တွေပဲ၊ ဒါတွေကို လိုက်နေ ယင် သံသရာမဆုံးဘူး၊ ပစ်ပယ် လိုက်ကြ" လို့ ဟာကယ် ရတနာ တုံးကြီးနဲ့တူတဲ့ သမထနိမိတ် ရုပါရုံတွေကို အမှိုက်ထုတ်ပစ်သလို ရှုပ်ပစ် ခိုင်းကြတာပါ။

ကမ္မဋ္ဌာန်းဆရာရဲ့ လွဲချက် နာလှတဲ့ ပြစ်မှုကြီးကြောင့် တပည့်တွေ နိဗ္ဗာန်လမ်းကြောင်းမှန် လာဘ်ကောင်း၊ ဝိပဿနာဉာဏ်နဲ့ တွေ့တော့မလေး လွဲပြီး အချိန်ကုန် လူပန်း ဖြစ်နေကြရ၊ ဖြစ်ဖော်ခဲ့ ကြရတာမို့ မောင်လမ္မိုင်သားပီပီ မောင်လမ္မိုင်သား စကားနဲ့ပြောရယင် "အာ ပါး ပါး ပါး ပါး နာမှ နာပေါ့" ဒကာကြီးလို့ ပြောမိ ပါတော့တယ်။

ဥပစာရ သမာဓိကို ရပြီးယင် ဝိပဿနာဘက် ကူးတက်နိုင်တယ် ဆိုထားတဲ့ စာကိုသာ သိကြပြီး လက်တွေ့ ကျင့်နည်းကို မတတ်ကြတဲ့ ကမ္မဋ္ဌာန်း နည်းပြဆရာတွေရဲ့ အတွေးခေါင် အံချော် နေမှုပဲလို့သာ သိမှတ်ကြပါ။

## ဝိပဿနာလမ်း

ဝိပဿနာလမ်းဟာ **ကူးလမ်းနဲ့ တက်လမ်း**လို့ နှစ်မျိုးရှိပါတယ်

သမထက ဝိပဿနာဘက်ကူးတဲ့ လမ်းကို ကူးလမ်း၊ ဝိပဿနာ ဉာဏ်ကို ရပြီးနောက် ရဟန္တာဖြစ်တဲ့အထိ ဆက်လက် ကျင့်သွားရမည့် လမ်းကို တက်လမ်းလို့ ဆိုပါတယ်။

သမထ ရှေ့မဆောင်တဲ့ ဝိပဿနာနည်းမှာ ကူးလမ်းမလိုဘူး၊ တက်လမ်းသာ လိုအပ်ပါတယ်။ သမထ ရှေ့ဆောင်တဲ့ ဝိပဿနာ နည်းမှာ ကူးလမ်းနဲ့ တက်လမ်း နှစ်မျိုးလုံး လိုအပ်ပါတယ်။

ဝိပဿနာ တက်လမ်းကို မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် သတိပဋ္ဌာန သုတ်တော်မှာ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ အဇ္ဈတ္တ ဗဟိဒ္ဓါ ဝါ လို့ ဟောညွှန် တော်မူထားပါတယ်။

(၁) အဇ္ဈတ္တံ ဝါ မိမိခန္ဓာကို ဝိပဿနာရှုပါ။ (၂) ဗဟိဒ္ဓါ ဝါ ပြင်ပ ခန္ဓာကို ဝိပဿနာရှုပါ။ (၃) အဇ္ဈတ္တဗဟိဒ္ဓါ ဝါ မိမိ+ပြင်ပ နှစ်ဝ ခန္ဓာကို ဝိပဿနာရှုပါတဲ့။

## "ဝါ" တွေက စဉ်းစားရ

ပါဠိစာပေမှာ "ဝါ"ကို တွေ့ယင် ပေါ့ပေါ့တန်တန် မလုပ်ရဘူး၊ စဉ်းစားခန်း ဝင်ပြီး ဆုံးဖြတ်ချက်မှန်အောင် ချမှတ်ရပါမယ်။

ဝိပဿနာ တက်လမ်းကို မြတ်ဗုဒ္ဓ ညွှန်ပြတော်မူချက်မှာ 'ဝါ' ဟာ ပုစ္ဆာ ဥပမာ သံသယ ဝိကပ္ပ အဝဓာရဏ သမုစ္စယ အနိယမ စသည် များစွာ 'ဝါ' တွေထဲက ဘယ် 'ဝါ' လဲလို့ စဉ်းစား ဆုံးဖြတ် ချက် မှန်မှသာ တက်လမ်းမှန်မယ်၊ မဂ်ဖိုလ်ရ နိဗ္ဗာန်မြင်ပါမယ်။

သမုစ္စယ 'ဝါ' ဟာ ပေါင်းစုသဘောကို ဖော်ပြတာကြောင့် တက်လမ်း သုံးမျိုးလုံး ပြည့်စုံမှသာ နိဗ္ဗာန်ရမယ်လို့ အဓိပ္ပာယ် ထွက် စေပါတယ်။

အနိယမ 'ဝါ' ဟာ ပေါင်းစု မဟုတ်တဲ့သဘောကို ဖော်ပြတာ ကြောင့် တက်နည်း တမျိုးမျိုးနဲ့လဲ နိဗ္ဗာန်ရနိုင်တယ်လို့ အဓိပ္ပာယ် ထွက်စေပါတယ်။

သုတ္တန် ပိဋကတော်လာ ဇာတ်ကြောင်းတွေဟာ ဒီအခက်အခဲ မျိုးကို ဖြေရှင်းရာမှာ အကူအထောက် အလွန်ကျေးဇူးပြုကြတာကြောင့် သုတ္တန်ဇာတ်ကြောင်းတွေကို ပြန်ကြည့်ယင် တက်လမ်း သုံးမျိုးလုံး မပြည့်စုံပဲ သင့်တော်တဲ့ တမျိုးမျိုးထဲနဲ့လဲ နိဗ္ဗာန်ရသူတွေ ထင်ရှားရှိခဲ့

တာမို့ သင့်တော်တဲ့ တက်လမ်းတမျိုးမျိုးကို ကျင့်နိုင်ခွင့် ရှိတယ်လို့ ဆိုးဖြတ်ရပါတယ်။

**ဝိပဿနာကူးလမ်း**။ ။ပြောခဲ့ပြီး ဝိပဿနာတက်လမ်းကို ဝိပဿနာကူးလမ်းအဖြစ်နဲ့လဲ ဉာဏ်ထွင်ကာ အသုံးပြုနိုင်ပါကယ်။ မြတ်ဗုဒ္ဓရဲ့ ညွှန်ချက်မှာ—

(က) **ပြောရိုးစဉ်** (ဒေသနက္ကမ) အရ အဇ္ဈတ္တံ ဝါက ရှေးဦး၊ ဗဟိဒ္ဓါဝါက နောက်ဆက် ဖြစ်နေပါတယ်။

(ခ) **ဖြစ်ရိုးစဉ်** (ပဝတ္တိက္ကမ) အရ လက်တွေ့ ကြုံနေရတာမှာတော့ ပုံသေကားကျမဟုတ်ပဲ အဇ္ဈတ္တကို ရှေးဦးမြင်သူ ၅% ခန့်ပဲ ရှိတယ်။ ဗဟိဒ္ဓကို ရှေးဦးမြင်သူ ၉၅% ကျော်နေပါတယ်။

(ဂ) **ကျင့်ရိုးစဉ်** (ပဋိပတ္တိက္ကမ) အရ အဇ္ဈတ္တကို ရှေးဦး ဝိပဿနာရှုပြီးမှ ဗဟိဒ္ဓကို နောက်ဆက် ဝိပဿနာရှုယင် အင်မတန် လွယ်ကူသက်သာ ပါတယ်။ ဗဟိဒ္ဓကို ရှေးဦး ဝိပဿနာ ရှုယင် အင်မတန် ပင်ပန်း ခက်ခဲလွန်းတယ်၊ လို့လ+ဉာဏ်+ဇွဲ အလယ်အလတ်မျှ ရှိသူတွေ ကျင့်လို့ မဖြစ်နိုင်ဘူး။

**ညောင်လွန့်ထေရ်ရှင် ကျင့်စတွင်**။ ။ဗဟိဒ္ဓနိမိတ် ရှေးဦးစွာ ပေါ်တာကြောင့် ဗဟိဒ္ဓကို ဝိပဿနာရှုပြီးမှ အဇ္ဈတ္တကို နောက်ဆက် ဝိပဿနာ ရှုကာ ရဟန္တာ ဖြစ်တော်မူခဲ့တဲ့ ကျေးဇူးတော်ရှင် ညောင်လွန့် (ပထမ) ဆရာတော် အရှင်မေဓာဝီမဟာထေရ်မြတ်ကြီးရဲ့ ကိုယ်တွေ့အရ "သံတိုးကို အပ်ဖြစ်အောင် ကျောက်ပေါ် တင်သွေးတဲ့ ယောကျ်ားကဲ့သို့ ကြိုးစားရမယ် တပည့်တို့" လို့ မိန့်ကြားတော် မူခဲ့တဲ့ စကားဟာ ဗဟိဒ္ဓကို ရှေးဦး ဝိပဿနာရှုဟာ အင်မတန် ပင်ပန်း ခက်ခဲလွန်းကြောင်း ထင်ရှားတဲ့ သာဓကတာရပ် ဖြစ်ပါတယ်။ ဒါကြောင့် သင့်တော်တဲ့လမ်းက ဝိပဿနာတက် ကူးနိုင်တယ်လို့လဲ ဆရာတော် ဘုရားကြီးက နည်းညွှန်တော် မူခဲ့ပါတယ်။

**တပည့်ထေရ်ရှင်**။ ။ဆရာတော် ဘုရားကြီး မရှိပြီးနောက် ဇွဲသန်
**ကျင့်ရာတွင်** လှတဲ့ တပည့် မထေရ်ကြီးတပါး ဗဟိဒ္ဓလမ်းက ဝိပဿနာဘက်ကူးတာ (၉) လလွန်မှ ဖြစ်+ပျက်မြင်ကာ ဝိပဿနာဉာဏ်ကို ရပါတယ်။ အဇ္ဈတ္တဘက် ရောက်အောင် ပြန်ကူးတာ သုံးလကြာမှ အဇ္ဈတ္တရုပ်ရဲ့ ဖြစ်+ပျက်ကို မြင်ပါတယ်။

**တပည့်ကြီး+ငယ်၊ ကျင့်နည်းလွယ်** ။(၁) အဇ္ဈတ္တံဝါ ကို ရှေးဦး၊ ဗဟိဒ္ဓါဝါ ကို နောက်ဆက်ထားကာ မြတ်ဗုဒ္ဓရဲ့ ဟောညွှန်တော် မူချက်။

(၂) အဇ္ဈတ္တနဲ့ ဗဟိဒ္ဓ သင့်တော်ရာ လမ်းက ကူးနိုင်တယ်လို့ ညောင်လွန့် (ပထမ) မဟာထေရ်မြတ်ရဲ့ မိန့်ကြားချက်။

(၃) ဇွဲသန်လှတဲ့ ညောင်လွန့် (ပထမ) ဆရာတော်ကြီး အစရှိတဲ့ မထေရ်မြတ်တွေရဲ့ ကိုယ်တွေ့အရ ဗဟိဒ္ဓ လမ်းက ကူးတာ ပင်ပန်း ခက်ခဲလွန်းတယ်လို့ ထင်းရှား သိပြီးတဲ့ အချက်။

(၄) လူတွေရဲ့ သက်တမ်းတို+လုံ့လ+ ဉာဏ်+ ဇွဲ မထက်သန်ကြတဲ့ အချက် အစရှိတဲ့ အကြောင်းကြောင်းတွေကြောင့် ညောင်လွန့် နည်းပြ ဆရာတော်တွေဟာ **အဇ္ဈတ္တကို ရှေးဦးဝိပဿနာရှုပြီး သမာဓိနဲ့ ပညာ အားကောင်းမောင်းသန် ဖြစ်ပြီးမှသာ ဗဟိဒ္ဓကို နောက်ဆက် ရှုကြပါတယ်**။

မြတ်ဗုဒ္ဓရဲ့ တတိယ ဟောညွှန်တော်မူချက် အဇ္ဈတ္တံ ဗဟိဒ္ဓါဝါနဲ့ ညီအောင်လဲ အဇ္ဈတ္တ **တလှည့်၊ ဗဟိဒ္ဓ တလှည့် ရှုကြပါသေးတယ်၊**

**လမ်း ထွင်သူနဲ့ လမ်းပြင်သူမှာ လမ်းပြင်သူ သာစမြဲ ဓမ္မတာ အတိုင်း** အဇ္ဈတ္တ လမ်းတမျိုးထည်းကိုသာ အသုံး ပြုကြတာကြောင့် နာရီပိုင်းအတွင်းမှာ ဝိပဿနာဉာဏ် ပထမဆင့် ရောက်တဲ့ပြင် ဗဟိဒ္ဓ လမ်းက ကူးတာထက် အောင်မြင်သူ အရေအတွက်ကလဲ မနှိုင်းယှဉ်နိုင်လောက်အောင် များပါတယ်။

**အဇ္ဈတ္တမြင်အောင်။ ဉာဏ်ထွင်ဆောင်** ။ယောဂီ တွေမှာ ဗဟိဒ္ဓ နိမိတ်ရုပ် ထင်ရှားလှာယင် အမှိုက်စုတ်သဖွယ် ပစ်ပယ်မှု မပြုစေပဲ အဇ္ဈတ္တ မြင်အောင် လွယ်လွယ် ကူးဆက်နည်းကိုလဲ ဗုဒ္ဓပိဋက တော်နဲ့ ညီအောင် ကြံဆောင်အောင်မြင် တွင်တွင်ကြီး အသုံးပြုနေကြပါပြီ။ ကူးဆက်နည်းကို နောင်တချိန်မှာ ပြောပါမယ်။

## ဝိပဿနာဘက် ကူးနည်းမှန်

အဇ္ဈတ္တလမ်းက ဝိပဿနာဘက် ကူးနည်းကို သိမှတ်လွယ်အောင် သရုပ်ဖော် လက်ာ စီထားပါတယ်။

ကိုယ့်ရုပ်ခန္ဓာ၊ မြင်မြဲလှာ၊ ရှုပါ အနိစ္စ။

အာနာပါန သမထ လုပ်ငန်းအရ ဝင်လေ ထွက်လေကို ဝင် သိ သိ သိ သိ၊ ထွက် သိ သိ သိ သိ လို့ မှတ်နေတဲ့ သမာဓိစွမ်းအား ထက်သန်လှာယင် မျက်စိကိုမှိတ်ထား အဝတ်နဲ့ ပိတ်ဖည်းထားပေမယ့် ကိုယ့်ခန္ဓာကိုယ်ကို ထင်ထင်ရှားရှား မြင်လှာပါတယ်။

မြင်နေရတဲ့ ကိုယ့်ခန္ဓာဟာ အပြင်ဘက် တနေရာရာမှာ မဟုတ်ပဲ မူလ ပကတိ တည်ရှိတဲ့နေရာမှာ ရှိမြဲအတိုင်း မြင်နေရတာ ဖြစ်ရပါမယ်။

ကိုယ့်ခန္ဓာ ရုပ် (လက်+ခြေ+နှာခေါင်း စသည်) တွေဟာ ပင်ကိုယ် မူလ ရှိမြဲနေရာမှာ မဟုတ်ပဲ အပြင်ဘက် တနေရာရာမှာ ရောက်ရှိနေတာကို မြင်နေယင် ဒီလိုမြင်နေရတဲ့ ကိုယ့်ခန္ဓာရုပ် (လက်+ခြေ+နှာခေါင်း စသည်) တွေရဲ့ ပင်ကိုယ် မူလ ရှိမြဲနေရာကို မှိတ်ထားတဲ့ မျက်စိနဲ့ မြန်မြန် စိုက်ကြည့်လိုက်ယင် ကိုယ့် ခန္ဓာရုပ် (လက်+ခြေ+နှာခေါင်း စသည်) တွေကို ပင်ကိုယ် မူလ နေရာမှာ မြင်ရပါတယ်။

ပင်ကိုယ် ခြေထောက်ရဲ့ ဘေးနားမှာ အပို ခြေထောက် တချောင်းကိုလဲ အရိပ်ပမာ မြင်နေရတတ်ပါတယ်။ ဒီအခါမှာ ပင်ကိုယ် ခြေထောက်ကို မြန်မြန်စိုက်ကြည့်လိုက်ယင် မိမိရဲ့ ပင်ကိုယ် ခြေထောက်ကိုသာ မြင်နေရပြီး အရိပ် နိမိတ် ခြေထောက်ဟာ ပျောက်ကွယ်သွားပါမယ်။

ကိုယ့် မျက်နှာချင်းဆိုင် နေရာမှာ ရှိနေပြီး ကိုယ့်ကို ပြန်ကြည့် နေတဲ့ မျက်လုံးကိုလဲ မြင်ရတတ်တယ်။ ယောဂီဟာ ကိုယ့် ပင်ကိုယ် မျက်လုံး ရှိမြဲနေရာကို စိတ်အာရုံ တန်းကာ ကြည့်လိုက်ယင် ကိုယ့် မျက်လုံးကို ပုံမှန်အတိုင်း မြင်နေရပါတယ်။ ကိုယ်တွေ့ မကြုံသူတွေက ယုံတမ်းစကား ပြောတယ်တင်ကြပေမယ့် ဒါဟာ တကယ့် သမာဓိ အမြင် စစ်စစ်ပါပဲ။

**အမြင်မတူကြ။** ။ကိုယ့်ရုပ်ခန္ဓာ တကိုယ်လုံးကို မြင်တဲ့ ယောဂီဟာ တဦးနှစ်ဦးပါပဲ။ ကိုယ့် နဖူး+နှာခေါင်း+ပါး+ နားရွက်+လက်+ခြေ+ဝမ်းဗိုက်+ရင်ဘတ် အစရှိတဲ့ အစိတ်အပိုင်း တခုခုကို ပကတိ အသားအတိုင်း မြင်ကြတဲ့ ယောဂီတွေက များပါ တယ်။ တချို့ဟာ ကိုယ့်ခန္ဓာ အရိုးကိုသာ မြင်ကြပါတယ်။

## ကိုယ့်ရုပ်ခန္ဓာ၊ မြင်မြဲလျှာ

မြင်ခါစမှာ စူးစိုက်ကြည့်ယင် မြင်ရတဲ့ ကိုယ့် ရုပ်ခန္ဓာဟာ မှိန်သွား ပျောက်သွားပါမယ်။ ဒါကြောင့် စူးစိုက် မကြည့်သေးပဲ ဝင်လေ ထွက်လေကိုသာ ပုံမှန် မှတ်သိနေယင် မြင်နေရတဲ့ ကိုယ့် ရုပ် ခန္ဓာ (အသား၊ သို့မဟုတ် အရိုး)ဟာ အမှိန် ထင်ရှား၊ မရွေ့ တည်ငြိမ်၊ မပျောက် ခိုင်မြဲ နေပါလိမ့်မယ်။ ဒီလို ကိုယ့်ရုပ်ခန္ဓာ မြင်မြဲလျှာယင် ဥပစာရ သမာဓိ၊ ဥပစာရဈာန်ကို ရနေပြီလို့ သိပါ။

## ရူပ ါ အနိစ္စ

ကိုယ့် ရုပ်ခန္ဓာ မြင်မြဲလျှာတာ တမိနစ်သာသာ လွန်တဲ့အခါ ထင်ရှား မြင်နေရတဲ့ ကိုယ့်ခန္ဓာ ရုပ် (အသား၊ သို့မဟုတ် အရိုး)ရဲ့ အစိတ်အပိုင်း တလက်မခန့်၊ သို့မဟုတ် လက်မဝက်ခန့်၊ သို့မဟုတ် တလက်မရဲ့ လေးပုံ တပုံ (တမတ်)ခန့်ကို စူးစိုက်ကြည့်ပြီး "မြင်နေရ တာဟာ ရုပ်ပဲ၊ ပြောင်းလဲတဲ့ သဘောရှိတယ်၊ မြင်နေရတာဟာ ရုပ်ပဲ၊ ပြောင်းလဲတဲ့ သဘောရှိတယ်" လို့ နှလုံးသွင်းပြီးမှ "ရုပ် အနိစ္စ၊ ရုပ် အနိစ္စ" လို့ တရစပ် မပြတ်အောင် စိတ်နဲ့သာ ဝိပဿနာရှုရမယ်။

**ကြည့်+ရှု လုပ်ငန်း**။ ။ကိုယ့် ခန္ဓာရုပ် (အသား၊ သို့မဟုတ် အရိုး)ရဲ့ တလက်မလောက်၊ သို့မဟုတ် လက်မဝက်လောက်၊ သို့မဟုတ် တလက်မရဲ့ လေးပုံတပုံ (တမတ်)လောက်ကိုသာ မှတ်ထားတဲ့ မျက်စိနဲ့ မြင်နေအောင် **စူးစိုက်ကြည့်မှု+ရုပ် အနိစ္စ၊** ရုပ် အနိစ္စလို့ စိတ်နဲ့သာ **ဝိပဿနာ ရှုနေမှု ဆိုတဲ့ 'ကြည့်+ရှု' လုပ်ငန်းနှစ်ခုကို တပြိုင်ထည်း လုပ်နေရမယ်**။

''ကြည့်+ရှု'' လုပ်ငန်းနှစ်ခုကို တပြိုင်ထည်း အဆက်မပြတ်လုပ်နေတာဟာ ဝိပဿနာဘက် ကူးနေတာပဲလို့ သိမှတ်ကြပါ။

## တားမြစ်ချက် လေးရပ်

(၁) ဝင်လေ ထွက်လေကို သိမှတ်မှု မပြုရ။

(၂) အသက်မရှူပဲ အောင့် မထားရ။

(၃) ရုပ် အနိစ္စကို ပါးစပ်နဲ့ မရွတ်ဆိုရ။

(၄) လက်+ခြေ+ဦးခေါင်း စသည်တွေကို မလှုပ်, မပြင်, မပြောင်း, မရွှေ့ရ။

ဒီ တားမြစ်ချက် လေးရပ်ကို အထူး ကြိုးစား လိုက်နာပါ။ မလိုက်နာယင် နိဗ္ဗာန်လမ်းမှန် ဝိပဿနာဉာဏ် လောက်ကောင်းကြီး လက်လွတ်သွားမယ်။

## အနိစ္စဖြစ်ပုံ

'ကြည့်+ရှု' လုပ်ငန်းနှစ်ခုကို တပြိုင်ထည်း အဆက် မပြတ် တရစပ် လုပ်နေယင် ကြည့်မြင်နေရတဲ့ ကိုယ့်ခန္ဓာရုပ် (အသား၊ သို့မဟုတ် အရိုး)ဟာ တမျိုးတဖုံ ပြောင်းလဲ သွားပါလိမ့်မယ်။

တမျိုးတဖုံ မပြောင်းလဲသေးသော် ကြည့်+ရှု လုပ်ငန်းကို ပုံမှန်အောင် ဆက်လုပ်နေယင် တမျိုးတဖုံ ကေန် ပြောင်းလဲပါတယ်။ တမျိုးတဖုံ ပြောင်းလဲတာကို ပါဠိလို အနိစ္စလို့ ဆိုကြပါတယ်။

## အနိစ္စကို မြင်ရပုံ

ရုပ်ရဲ့ အနိစ္စစစ်စစ် ပြောင်းလဲမှု ဖြစ်နေတာကို စက္ခုန္ဒြာ ပဿန္တဏ—ဿောဝ (သင်္ဂဟပါဠိ)နဲ့ အညီ မျက်စိ ဖွင့်ကြည့်တဲ့အခါ မြင်ရသလို စုံမှိတ်ထား၊ အဝတ်နဲ့ ပိတ်စည်းထားတဲ့ မျက်စိနဲ့ တကယ် ထင်ထင် ရှင်းရှင်း မြင်ရပါတယ်။

ရုပ် အနိစ္စစစ်စစ် ပြောင်းလဲမှု ဖြစ်ပုံကို တွေးဆ သိနေရုံမျှ ခဏိက သမာဓိကြောင့် ခဏတဖြုတ် မြင်လိုက် သိလိုက်ရုံမျှ ယောဂီတွေ အချို့ အနိစ္စ ထင်နေကြတာကို ပြည့်စုံတယ်လို့ ဩောင်လွန်းတောရ ဝိပဿနာ နည်းပြ ဆရာတော်တွေက မယူမှတ်ကြဘူး၊ ရုပ်ပျက်စီးမှု (အနိစ္စ)ကို မျက်စိနဲ့ ထင်ထင်ရှင်းရှင်း မြင်ရမှသာ ကျေနပ်ကြပါတယ်။

ဒီလို မြင်နေရတာဟာ သမာဓိပညာမျက်စိရဲ့ စွမ်းဟုန်ကြောင့် ဖြစ်တယ်။ ရုပ် ပြောင်းလဲ ပျက်စီးသွားတာဟာ အနိစ္စလို့ ရှုမှတ်တဲ့ ဝိပဿနာ ပညာ စွမ်းဟုန်ကြောင့် သဘာဝမှန် ပေါ်လာတာဖြစ်တယ်။ ဒါကြောင့်—

မြင်—သမာဓိ၊ ရှု—ဝိပဿနာ၊ ဒီနှစ်ဖြာ၊ ခွဲကာ သိမှတ်ပါ
လို့ သင်္ကာ မဲ့၊ ပြောပြခဲ့ပြီးပြီ။

## သေးသေး ငယ်ငယ်

မြင်နေရတဲ့ ကိုယ့်ခန္ဓာရုပ် (အသား၊ အရိုး) ဟာ နှာခေါင်းတခုလုံး လက်တဆက်လုံး နားရွက်တခုလုံး ဝမ်းဗိုက်တခုလုံး စသည် ကျယ်ကျယ်ပြန့်ပြန့် မဟုတ်ပဲ နှာခေါင်းဖျားမျှ လက်ချောင်း ဖျားမျှ နားရွက်ဖျားမျှ ဝမ်းဗိုက် လက်သန်းဖျားလောက်မျှ စသည် သေးသေး ငယ်ငယ် အစွန်းအစမျှကို မြင်နေရယင်လဲ ပြောခဲ့ပြီး နည်းအတိုင်း ကြည့်+ရှုလုပ်ငန်းကို လုပ်ကာ ဝိပဿနာဘက် ကူးလို့ ရနိုင်ပါတယ်။

## အနိစ္စဟူသည်

အနိစ္စော အဒ္ဓုဝေါ ဝိပရိဏာမဓမ္မော အညထာဘာဝေါ လို့ အနိစ္စကို အဓိပ္ပာယ် ရှင်းပြတဲ့ မြတ်ဗုဒ္ဓရဲ့ ဟောညွှန်တော်မူချက်

ပါဠိတွေထဲက အဒ္ဓုဝေါကို ကြည့်ပြီး "မမြဲတာ အနိစ္စ" ဝိပရိဏာမ ဓမ္မောကို ကြည့်ပြီး "ဖောက်ပြန်တာ အနိစ္စ"၊ အညထာဘာဝေါ ကို ကြည့်ပြီး "တမျိုးတဖုံဖြစ်တာ အနိစ္စ" လို့ ပညာရှင်တွေက ပြောခဲ့ကြ ပြောနေကြပါတယ်။

အနုပဒသုတ်မှာ အရှင်သာရိပုတ် အနိစ္စရှုပုံကို ပြတဲ့ ဣမေဓမ္မာ အ ဟုတွာ သမ္ဘောန္တိ ကို ကြည့်ပြီး "ဖြစ်—အနိစ္စ"၊ ဟုတွာ ပဋိဝေန္တိ ကို ကြည့်ပြီး "ပျက်-အနိစ္စ" လို့ ပညာရှင်တွေက ပြောခဲ့ကြ ပြောနေ ကြတယ်။

ဟုတွာ ပဋိဝေန္တိ (နဲ့) ဥဒယဗ္ဗယာနုပဿနာ တို့ကို ကြည့်ပြီး "ဖြစ်—ပျက် အနိစ္စ" လို့ ပြောခဲ့ကြ ပြောနေကြတယ်။

အနိစ္စ ပုံစံပေါ်အောင် ဖော်ထုတ်ကြတဲ့ စကား တွေဟာ စကားလုံးသာ ကွဲပြားတယ်၊ အဓိပ္ပာယ်တော့ အတူတူပါပဲ။ မိမိ ကိုယ်တိုင် အဓိပ္ပာယ် ရှင်းနေတဲ့ စကားလုံးနဲ့သာ ပြောဆိုကြ ဝိပဿနာ ရှုကြယင် အကောင်းဆုံးပဲ။

**ရုပ်အနိစ္စများ။** ။မျက်စိနဲ့ မြင်နေရတဲ့ ရုပ်တွေရဲ့ အနိစ္စဖြစ်ပုံဟာ

(၁) အရောင် ပြောင်းမှု (ဝဏ္ဏ အနိစ္စ)
အဖြူမှ အနီ အမည်း စသည် ပြောင်းလဲခြင်း။

(၂) ပုံစံပြောင်းမှု (သဏ္ဌာန အနိစ္စ)
လေးထောင့်မှ အဝိုင်း၊ အဝိုင်းမှ သုံးထောင့် စသည် ပြောင်းခြင်း။

(၃) ကြီး+ငယ် ပြောင်းမှု (ပမာဏ အနိစ္စ)

(၄) နည်း+များ တို+ရှည် ပြောင်းမှု (ပရိမာဏအနိစ္စ)

(၅) ခြင်းရာ ပြောင်းမှု (အာကာရ အနိစ္စ)
ပိန်+ချိုင့်၊ ပု+ဖောင်း၊ ဖြစ်+ပျက်၊ မြင့်+ပျောက်၊ ဝင်+ထွက်၊ အေး+ပူ၊ ငြိမ်+လှုပ် စသည် ပြောင်းလဲခြင်း။

(၆) နေရာ ပြောင်းမှု (ဒေသ အနိစ္စ)
နီး+ဝေး၊ ရှေ့+နောက်၊ ထက်+အောက် စသည် ပြောင်းခြင်း။

ဤဤထိုထို အနိစ္စမျိုးကွဲတွေ အားလုံးကို စကား တခွန်းထည်းနဲ့ ခြုံငုံမိအောင် ဝိပရိဏာမ ဓမ္မာ အညထာဘာ ဝေါလို မြတ်ဗုဒ္ဓ ဟောညွှန်တော်မူချက်နဲ့ အညီ "**ပြောင်းလဲတာ အနိစ္စ**" လို့ ပြော ပါတယ်။

## ဝိပဿနာဘက် ဆက်တက်နည်း

တကိုယ်လုံး ကုန်၊ ထက် အောက် စုန်၊ ရှုတုန် အနိစ္စ။

ဝိပဿနာဘက် ကူးနည်းမှာ ပြောခဲ့တဲ့ ကြည့်+ရှု လုပ်ငန်းကို ပုံမှန်အောင် မပြတ် တရစပ် အားထုတ်တာကြောင့် သမာဓိနဲ့ ပညာ အားသန်လာယင် ကြည့်မြင်နေရတဲ့ ကိုယ့်ခန္ဓာ (အသား၊ အရိုး) ဟာ ပျက်ပျောက်ကာ ကွက်လပ် (ဟာလာ ဟင်းလင်း) ဖြစ်သွားပါမယ်။ သို့မဟုတ် တွင်း ချိုင့် ဖြစ်သွားပါမယ်။

**တကိုယ်လုံးကုန်။** ။ကွက်လပ်ရဲ့ ပတ်လည်ကို၊ သို့မဟုတ် တွင်းချိုင့်ရဲ့ နှုတ်ခမ်း ပတ်လည်ကို ကြည့်ပါ။ မပျက် မကုန် သေးပဲ ကျန်ရှိနေသေးတဲ့ ကိုယ့်ခန္ဓာ (အသား၊ သို့မဟုတ် အရိုး) ကို မြင်ရပါမယ်။

မြင်ရတဲ့ ကျန် ကိုယ့်ခန္ဓာရုပ် (အသား၊ အရိုး) ကို စူးစိုက် ကြည့်ကာ ကြည့်+ရှု တရစပ် လုပ်ယင် ကိုယ်ကြည့်မြင်နေတဲ့ ကိုယ့် ခန္ဓာရုပ် (အသား၊ အရိုး) ဟာ ပျက်ပျောက်ပြီး ကွက်လပ်ဟာ၊ သို့မဟုတ် တွင်းချိုင့်ဟာ ကျယ်ကျယ်လာပါလိမ့်မယ်။

ဒီနည်းအတိုင်း မပျက်မကုန် သေးပဲ ကျန်နေသေးတဲ့ ကိုယ့် ခန္ဓာ (အသား၊ အရိုး) ကို ကြည့်+ရှု တရစပ် လုပ်သွားယင် တစ သစနဲ့ တကိုယ်လုံးကုန်အောင် ပျက်သွားတာကို ယောဂီကိုယ်တိုင် မှိတ်ထားတဲ့ အဝတ်နဲ့ ပိတ်စည်းထားတဲ့ မျက်စိနဲ့ ထင်ထင်ရှင်းရှင်း မြင်ရပါမယ်။ ခါမ်းမဆုံးသေးဘူး။

**အနှောင့်မည်းပျက်၊** ။သမာဓိအား ကောင်းတာကြောင့် ကိုယ့်ခန္ဓာ ရုပ်ကို တွေ့မြင်နေရပေမယ့် ဝိပဿနာပညာ အားသေးတာကြောင့် ကြည့်မြင်နေရတဲ့ ကိုယ့်ခန္ဓာ ရုပ် အစိတ်အပိုင်း

(အသား၊ အရိုး)ဟာ ကွက်လပ် (ဟာလာ ဟင်းလင်း) ဖြစ်အောင်၊ တွင်းချိုင့် ဖြစ်အောင် မပျက်ပဲ ဖြူ၊ ညို၊ စိမ်း၊ နီ၊ ဝါ၊ အရောင် ပြောင်းရုံသာ ဖြစ်လေ့ ရှိတတ်ပါတယ်။

အရောင် ပြောင်းတာ အနိစ္စဟုတ်မှန်ပေမယ့် ကြည့်မြင်နေရတဲ့ ကိုယ့်ခန္ဓာ ရုပ်အစိတ်အပိုင်းဟာ အရိုး+အသား+အကြော လို့ မသိနိုင်အောင် မည်းနက်သည်အထိ မျက်စိ မလွှဲသေးပဲ ကြည့်+ရှု လုပ်ငန်းကို တရစပ် လုပ်နေရမယ်။

ကြည့်မြင်နေရတဲ့ ကိုယ့်ခန္ဓာ ရုပ် အစိတ်အပိုင်းဟာ မည်းနက်လာယင် အမည်းဝိုင်းရဲ့ ဘေးပတ်လည်ကို မျက်စိ စိုက်ကာ ကြည့်+ရှု မပြတ် လုပ်ရမယ်။

ကြည့်+ရှု မပြတ် တရစပ်အောင် လုပ်နေယင် တစ်ပြီး တစ် တပိုင်းပြီး တပိုင်း မည်းနက် ပျက်စီးကာ ကိုယ်လုံး ကုန်အောင် မည်းချိတ်ရောင် လွှမ်းသွားပါလိမ့်မယ်။

## ကြည့်+ရှုလုပ်ခိုက် ဂရုစိုက်ဖို့

ကြည့်+ရှု လုပ်ငန်း လုပ်နေချိန်မှာ အရေးကြီးတဲ့ အချက်တွေ ကို အထူး လိုက်နာရမယ်။

(၁) ကိုယ့်ခန္ဓာရုပ်ကို မှိန်မှိန်မှုန်မှုန် မြင်နေယင် ပါးယဉ်ရာ ဘက် မကူးတက်ပါနဲ့။

ကူးတက်ယင် အကျိုးထူးရဖို့ လုံးဝ မဖြစ်နိုင်ပါ။

(၂) မပျက်သေးဘူး+မြန်တယ်+နှေးတယ် စသည် တွေးကြံမှုကို မပြုရ။

ရုပ် အနိစ္စလို့သာ တွင်တွင် မပြတ် ရှုမှတ်နေရမယ်။

မြန်တယ်+နှေးတယ် စသည် မဆိုင်တာကို တွေးကြံမိတာနဲ့ တပြိုင်နက် ဝိပဿနာ ဘေးရန် အလစ်ရှောင် ပေါ်ပေါက် ခဲ့တာ ကာ ကိုယ့်ခန္ဓာရုပ်ကို မမြင်တော့ပဲ လုပ်ငန်းအားလုံး နောက်ကြောင်း ပြန်ရမယ်။

(၃) ကွက်ကျော် မကြည့်ပါနဲ့။
အမြင် ရှုပ်ထွေးပြီး လုပ်ငန်းပျက်မယ်။

(၄) ပျက်ကုန် ပြီးတဲ့ နေရာကို ပြန်မကြည့်ရ။
ရုပ်သစ်+ရုပ်ဟောင်း ရောပေါင်း ထွေးရှုပ် အလုပ်ပျက် လိမ့်မယ်။

(၅) စူးစိုက် ကြည့်မြင်နေတဲ့ ကိုယ့်ခန္ဓာ ရုပ် အစိတ်အပိုင်းဟာ အသား+အရိုး+အကြော အပ်ချည်မျှင်မျှ မကျန်စေရ။ အပ်ချည်မျှင်မျှ ကျန်နေက လုပ်ငန်းဆုံးယင် ဘာမျှမရ ဖြစ်လိမ့်မယ်။

(၆) ကျန်သေးတဲ့ ကိုယ့်ခန္ဓာရုပ်ကို မျက်ခြည်မပြတ်စေရ။ မျက်ခြည်ပြတ်ယင် ဘာမျှမမြင်တော့ပဲ လုပ်ငန်း ပျက်လိမ့် မယ်။ ဒါကြောင့် နှေးနှေး ပျက်ယင် ကျန် ခန္ဓာကို နှေးနှေး လိုက်ကြည့်၊ မြန်မြန်ပျက်ယင် မြန်မြန်လိုက်ကြည့်၊ မပျက်သေးပဲ ထစ်ခံနေယင် စူးစိုက် ကြည့်ကာ အနိစ္စ ရှုနေပါ။ ကေန် ပျက်သွား ပါလိမ့်မယ်။

ရုပ်ဟာ သံသရာတလျှောက် ဒုက္ခရောက်အောင် လုပ် နေတဲ့ ခွေးရူးပဲ။ ရုပ် ခွေးရူးသေအောင် အနိစ္စတုတ်နဲ့ ရိုက်သတ်ရမယ်။ ခွေးရူးကို မျက်ခြည်ပြတ်ယင် တဘက်က လှည့်လာပြီး ကိုက်လိမ့်မယ် တပည့်တို့လို့ ကျေးဇူးရှင် ညောင်လွန့် (ပထမ) ဆရာတော် ဘုရားကြီးက မိန့်ကြား တော် မူမြဲ ဖြစ်ပါတယ်။

## ထက်အောက်စုန် ရှုတုန်အနိစ္စ

တကိုယ်လုံး ပျက်စီးကုန်တာဟာ အထက် ဦးခေါင်း နောက်ဆုံး ကုန်ယင် ငယ်ထိပ်ရှိမြဲ နေရာကို ပြန်ကြည့်ပါ။ ပြန်ဖြစ်နေတဲ့ ငယ်ထိပ် ကို ထင်ရှား မြင်ရပါမယ်။ ဖြစ်+ပျက် ဆိုတဲ့အတိုင်း ပြန်ဖြစ်လို့သာ မြင်ရတာလို့ သိပါ။

ငယ်ထိပ်ကို ထင်ရှားမြင်ယင် ငယ်ထိပ်မှ ခြေဖျားကုန်ဆုံး အောင် အစဉ်အတိုင်း အက်အောက် စုန်ကာ ကြည့်ရှု လုပ်ပါ။

ခြေဖျားမှာ နောက်ဆုံးကုန်ယင် ခြေဖဝါး နှစ်ဘက်ကို ပြန်ကြည့်ပါ။ ထင်ရှား မြင်နေရတဲ့ ခြေဖဝါးနှစ်ဘက်ရဲ့ ဘယ်ယာဗဟို ကျယ်ပြားဝိုင်းခန့်မှ စပြီး ငယ်ထိပ် ကုန်ဆုံးအောင် ကြည့်ရှု မပြတ် လုပ်ပါ။

ထက်အောက်စုန်၊ သို့မဟုတ် အောက်ထက်စုန် ကုန်ဆုံးပြီးယင် ရင်ဘတ်ကို မြန်မြန်သွက်သွက် ကြည့်ပါ၊ အကြည့်နှေးယင် သမာဓိ အရှိန်ပျက်လို့ ရင်ဘတ်ကို မမြင် ဖြစ်တတ်တယ်။

ရင်ဘတ်ကို မြင်ပြီးယင် ရင်ချိုင့်ထိပ်မှ လည်ပင်း ဘက်သို့ တည့်တည့် လက်သုံးသစ်အကွာ ရင်ဘတ်အလယ်ခေါင်ကို ပိတ်ထားတဲ့ မျက်စိနဲ့ စူးစိုက် ကြည့်+ရှု လုပ်နေပါ။

ထက်+အောက် သုံးလက်မခန့်ရှည်တဲ့ အလုံးကို မြင်ရပါမယ်။ မမြင်သေးသမျှ မျက်စိမလွှဲပဲ ကြည့်+ရှု မပြတ် တရင်း လုပ်နေပါ။ ကြာနေ မြင်ရပါလိမ့်မယ်။

## နှလုံးဖြူဖွေး၊ မဖြစ်သေး၊ ရှုရေး အနှိုင်း

သမာဓိ အားသန်ယင် ရင်တွင်း နှလုံးသား ဖြူဖွေးပါယ၊ သမာဓိ မထက်ယင် အ ကုသိုလ် အရောင်ဟပ်နေလို့ နှလုံးသား မဖြူပဲ နီ၊ ဝါ၊ ညို၊ မည်း ဖြစ်နေမယ်။ 'ကြည့်+ရှု' မပြတ် ထက်လုပ်နေပါ။

## နှလုံးသား ဖွေးကြည်လှာယင် ဝိပဿနာဉာဏ် ပထမဆင့် ခိုင်မြဲပါပြီ။

## နှလုံးဖွေးကြည်၊ မြင်ရသည်၊ ခိုင်တည် ဝိပဿဉာဏ်။

ရင်တွင်းမှာ တည်ရှိနေပေမယ့် သမာဓိ မျက်စိအားသန်လာ ကြောင့် ယောဂီ ကိုယ်တိုင် မြင်နေရတဲ့ လုံးလုံးရှည်ရှည် ရုပ်ဝတ္ထုဟာ ဟဒယဝတ္ထု (ခေါ်) နှလုံးသား ဖြစ်ပါတယ်။

ယောဂီ ကြည့်ဟန် ပုံစံမမှန်ယင် နှလုံးသားကို မြင်ရ ပုံ မမှန်ဘူး၊ လေးလက်မခန့် ကြီး၊ မီးခြစ်ဆံလောက် လေး၊ လက်သည်းခွံ လောက် ငယ်၊ တထွာသာသာ ရှည်၊ ဇယ်—ညာ ကန့်လန့်နေ လည်း ပုံစံ လွဲနေတတ်ပါတယ်။

ဦးခေါင်းကို မမော့၊ မငုံ့၊ မစောင်းပဲ မတ်မတ်တည့်တည့် (ပုံမှန်) ထားပြီး ကြည့်ယင် နှလုံးသားကို ပုံစံမှန်အောင် မြင်ရပါတယ်။ နှလုံးသား ဖြူဖွေးလှာယင် အနည်းဆုံး ငါးမိနစ်သာသာ ကြာအောင် နှလုံးသားကို 'ကြည့်+ရှု' ဆက်လုပ်ပါ။

## ကြည့်တိုင်း မြင်၊ ရှုတိုင်း ပျက်

နှလုံးသားကို 'ကြည့်+ရှု' ဆက်လုပ်တာကြောင့် နှလုံးသားဟာ ဝါဂွမ်းလောက် ဖွေးဖြူ ကြည်လင်ယင် သမာဓိ ပညာနဲ့ ဝိပဿနာ ပညာ နှစ်ဖြာလုံး စွမ်းဟုန် ပြည့်စုံပြီ။

ကိုယ့်ခန္ဓာမှာ ကြည့်ချင်ရာကို မှိတ်ထား အဝတ်နဲ့ပိတ်စည်း ထားတဲ့ မျက်စိနဲ့ကြည့်ယင် ရှင်းရှင်းထင်ထင် မြင်ရပါတယ်။ ကိုယ့် နားရွက်ကို ကြည့်ယင်လဲ မြင်ပါတယ်။ ကိုယ့်နောက်စေ့ကို ကြည့် ယင်လဲ မြင်ပါတယ်။ ကိုယ့်ကျောကုန်းကို ကြည့်ယင်လဲ မြင်ပါတယ်။ ဒီလို ကြည့်တိုင်းမြင်တာဟာ သမာဓိ ပညာစွမ်းဟုန် ထက်သန် ပြည့်စုံ လို့ပဲ။

မြင်မြင်သမျှကို အနိစ္စ ရှုယင် ပျက်ပျောက် နှုန်းဟာ ယခင်က ထက် မြန်လှာ သွက်လှာပါတယ်။ ဒါ ဝိပဿနာ ပညာ စွမ်းဟုန် ထက်လှာလို့ပဲ။ တက်လွန်းယင် ငယ်ထိပ်ကို အနိစ္စ သုံးချက် ရှုရုံနဲ့ ခြေမျက်စိ ရောက်အောင် ပျက်သွားတာကို ယောဂီကိုယ်တိုင် မြင်ရ ပါတယ်။

## 'မ' လေးလုံး ကပ်နိုင်ပြီ

နှလုံးသား ဖွေးကြည်လှာယင် ယောဂီဟာ 'မ' လေးလုံး ကပ်နိုင်သူ ဖြစ်ပါပြီ။

(၁) ငင်ငေ တွက်လေကို သိမှတ်တဲ့ သမထ လုပ်ငန်းကို လုံးဝ မလုပ်ရတော့ဘူး။ **အလုပ် မရွေးရပြီ။**

(၂) ဣရိယာပုထ် ထိန်းချုပ်မှုကို မလုပ်ရတော့ဘူး။ နေချင်သလို နေခွင့်ရပါပြီ။ **ဣရိယာပုထ် မရွေးရပြီ။**

(၃) တရားကျင့်ချိန် ရွေးချယ်မှုကို မလုပ်ရတော့ဘူး။ ကြည့်တိုင်း မြင်သူ ဖြစ်ပါပြီ။ **အချိန် မရွေးရပြီ**။

(၄) တရားကျင့်ဖို့ နေရာကို မရွေးချယ် ရတော့ဘူး။ **နေရာ မရွေးရပြီ။**

မျက်စိကို အဝတ်မစည်းရတော့ပြီ၊ မဖြစ်သေးပါ။

တရားဟောဖို့ သတ်မှတ်ထားချိန် လွန်သွားပြန်ပြီ။ ရပ်နားကြပါစို့။

## ၁၃၄၁-ခုနှစ်၊ တော်သလင်းလပြည့်၊ နံနက် ၈း၁၀ နာရီ

### ပြီးသည့်အလုပ် စာရင်းချုပ်

ဒုတိယ အစည်းအဝေး စသည်တွေမှာ လွန်ခဲ့တဲ့ အစည်းအဝေး မှတ်တမ်း ဖတ်ပြတာမျိုးလို ကုန်သည်လုပ်ငန်း၊ အစိုးရလုပ်ငန်း စသည် တွေမှာ လချုပ် စာရင်း လုပ်ဟာမျိုးလို ဟောပြောခဲ့ပြီးတာတွေကို စာရင်းချုပ် လုပ်ကြဦးစို့။

(၁) အာနာပါန သမာဓိ ရရှိအောင်၊ ခိုင်မြဲအောင် လုပ်နည်းကို—
နှာခေါင်းဝနား၊ စိတ် စိုက်ထား၊ မှတ်သား ဝင်—ထွက် လေ လို့ ပြောခဲ့ပြီ။

(၂) အဇ္ဈတ္တဥဒယဗ္ဗယာနုပဿနာ (ခေါ်) ကိုယ့် ခန္ဓာ ရုပ်ကို 'ကြည့်+ရှု' လုပ်ကာ ဝိပဿနာ ရှုနည်းကို—
ကိုယ့် ရုပ်ခန္ဓာ၊ မြင်မြဲလှာ၊ ရုပါ အနိစ္စ။
တကိုယ်လုံးကုန်၊ ထက်အောက်စုန်၊ ရုပ်တုန် အနိစ္စ လို့ ပြောခဲ့ပြီ။

(၃) ဝိပဿနာ သမာဓိကို အပ္ပနာ (ခေါ်) ခိုင်မြဲမှု ဖြစ်အောင် လုပ်နည်းကို—
နှလုံးမှုမှေး၊ မဖြင်သေး၊ ရှုရေး အနိစ္စ လို့ ပြောခဲ့ပြီ။

(၄) ဝိပဿနာ သမာဓိရဲ့ ခိုင်မြဲမှု (အပ္ပနာ) ဆိုက်ရောက်ပုံ အခြင်းအရာကို—
နှလုံးမှေးကြည်၊ မြင်ရသည်၊ ခိုင်တည် ဝိပဿဉာဏ် လို့ ပြောခဲ့ပြီ။

## ဝိပဿနာ အားသန်လာဖို့

ဝိပဿနာ လုပ်ငန်းမှာ သမာဓိနဲ့ ပညာ အားသန်လာအောင် လုပ်နည်းကို ပြောမယ်။

ထက် အောက် လှည့်ကာ၊ ကိုယ့်ခန္ဓာ၊ ရုံခါ 'ကြည့်+ရှု' လုပ်။
နှလုံးသားကို၊ ချည်တိုင်လို၊ ထားသို 'ကြည့်+ရှု' လုပ်။

ကိုယ့် ခန္ဓာရုပ်ကို ငယ်ထိပ်မှ စ၊ ခြေဖျားဆုံးအောင်၊ ခြေဖဝါး နှစ်ဘက်အလယ်မှ စ၊ ငယ်ထိပ်ဆုံးအောင်၊ နောက်တကြိမ် ငယ်ထိပ်မှ စ၊ ခြေဖျား ဆုံးအောင်၊ ခြေဖဝါးနှစ်ဘက် အလယ်မှစ၊ ငယ်ထိပ် ဆုံးအောင် ထက်၊ အောက် စုန်ဆန် လှည့်ကာ 'ကြည့်+ရှု' လုပ်ပြီးတော့ နှလုံးသားကို 'ကြည့်+ရှု' လုပ်နေရမယ်။

ကိုယ့် နှလုံးသားကို ကိုယ့် နွားဆိုးနဲ့တူတဲ့ စိတ်ရဲ့ ချည်တိုင်ပဲလို့ စွဲမှတ်ထားကာ (၁) **အခြားလုပ်ငန်းတခုခု ပြီးတိုင်း ပြီးတိုင်း နှလုံးသားကို 'ကြည့်+ရှု'ကောန် လုပ်ရမယ်။** (၂) **အခြားလုပ်ငန်းကို မလုပ်ချိန်မှာ နှလုံးသားကို 'ကြည့်+ရှု' လုပ်နေရမယ်။**

## လုပ်—နား—စ

ဝိပဿနာလုပ်ငန်းကို ဆက် '**လုပ်နေချိန်**'မှာ ဝိပဿနာ အားသန်လာဖို့ ခေါင်းစဉ်တပ်ကာ ပြောခဲ့ပြီးအတိုင်း မကြာမကြာ 'ထက်—အောက်လှည့်'၊ 'နှလုံးသားကို ကြည့်+ရှု' များများလုပ်ရမယ်။

လုပ်ငန်း '**ရပ်နား**' ချင်ယင် ငယ်ထိပ်မှ စ၊ ခြေဖျားဆုံးအောင် 'ကြည့်+ရှု' လုပ်ပြီးတော့ နှလုံးသားကို ကြည့်မြင်ပြီးမှသာ ရပ်နားရမယ်။ နှလုံးသားကို မမြင်ခင် လုပ်ငန်းရပ်နားယင် အားလုံးပျက်စီးပြီး နောက် အချိန်မှာ နှလုံးသားကို မမြင်ရတော့ဘူး။

လုပ်ငန်း '**ပြန်စ**' ယင် (၁) ဘုရားဦးတင်၊ (၂) အသက်နဲ့ ခန္ဓာလှူ၊ (၃) သီလကို ဆောက်တည်၊ (၄) အမျှဝေ+မေတ္တာပို့၊ (၅) စည်းချ၊ (၆) မျက်စိကို အဝတ်ပိတ်စည်း (ညဥ့်မှောင်နေယင် မစည်းပါနဲ့)၊ (၇) ငယ်ထိပ်မှ စ ထက် အောက် သုံးခေါက်တိတိ လှည့်ပြီးမှ နှလုံးသားကို 'ကြည့်+ရှု' လုပ်နေရမယ်။

## ဟဒယဝတ္ထုရုပ် ဘုရားဟော ဟုတ်သလား

"နှလုံးသား (ခေါ်) ဟဒယ ဝတ္ထုရုပ်ဟာ ဘုရားဟောပိဋက တော်မှာ မရှိပါ"လို့ ရေးကြ ပြောကြသူတွေ ဒီခေတ်မှာ ပေါ်လာ ကြပါတယ်။

"သိစိတ်နဲ့ ဉာဏ်ဟာ နှလုံးသား (ခေါ်) ဟဒယ ဝတ္ထုမှာ တည်ရှိတယ်လို့ ဘုရားမဟောဘူး၊ သိစိတ်နဲ့ ဉာဏ်ဟာ ဦးနှောက်နဲ့သာ တိုက်ရိုက် သက်ဆိုင်တယ်" လို့ ထိုသူတို့ ဆိုချင်ပုံ ပေါက်တယ်။ ဦးနှောက် ခြောက်တယ်ဆိုတဲ့ လူပျက်တွေရဲ့ စကားကို ထိုသူတို့ ထောက်ခံချက် ပေးချင်ဟန် ပေါ်နေတယ်။

**ဆရာစား မချန်ပါ။** ။တရားနာသူတွေ အထွေထွေ နုနုရင့်ရင့်တွေ အားလုံး နိဗ္ဗာန်မြင်ကြဖို့၊ နည်းအဖုံဖုံ မျိုးပေါင်းစုံအောင် တရက်မှာ နှစ်နာရီလောက်သာ ရပ်နားချိန်ထားကာ ဆရာစားမချန်ပဲ မြတ်ဗုဒ္ဓက ဟောညွှန်တော်မူခဲ့ပါတယ်။

**ဟောချိန်မရနိုင်။** ။တရက်မှာ တရားဟောချိန် ဒီလောက်တောင် များများထားကာ ရက်စဉ်မပြတ် ဟောညွှန်တော်မူတာတောင်မှ လောကရဲ့ သဘာဝတွေဟာ ကျယ်ဝန်း များပြားလွန်းတာကြောင့် သဗ္ဗညုတဉာဏ်တော်နဲ့ သိတော်မူတာတွေ ကုန်စင်အောင် ဟောညွှန်ပြနေဖို့ မြတ်ဗုဒ္ဓမှာ အချိန်မရနိုင်လို့ သာဝသေသ ဒေသနာ(ခေါ်) တကျ သေချာလှတဲ့ နမူနာပြ တရားတော်မျှကိုသာ ဟောညွှန်တော်မူခဲ့ရပါတယ်။

**အမှန်နှစ်ပါးနဲ့။ ဝန်ထမ်းများ** ။မြတ်ဗုဒ္ဓ ကိုယ်တော်တိုင် သဗ္ဗညုတဉာဏ်တော်နဲ့ သိတော်မူပြီးမှ ဟောညွှန် ပြတော်မူခဲ့တာကြောင့် ပိဋကတော်ဟာ စံနမူနာပြ အမှန်၊ တပည့်တော့ ကျင့်လို့ ရကြတာက ဓမ္မသဘာဝအမှန် ဒီနှစ်တန် ညီအောင် ညှိကာ ကျင့်ဖို့ ဆင့်ပွားညွှန်ပြဖို့ တာဝန်ဟာ ပရိယတ်ကျွမ်းကျင် ပဋိပတ်စခန်းဝင်သူ ပညာရှင်တွေ ထမ်းဖို့သာ ဖြစ်ပါတယ်။

ကိုယ့်ဝန်ထုပ် မဟုတ်ထာကို မထမ်းရဘူး၊ လက်တဲ့ မစမ်းရဘူး။ မလုပ်သင့်တာကို လုပ်သူ၊ လုပ်ပိုင်ခွင့်ထက် ပိုလုပ်သူဟာ အပြစ်ရှိသူ ဖြစ်တယ်။ လုပ်သင့်တာကို မလုပ်သူဟာလဲ အပြစ်ရှိသူ ဖြစ်ပါတယ်။

## ဟေိပဿိကော

ပစ္စုပ္ပန်ကမ်၊ ကျင့်နည်းမှန်၊ မြန်မြန် ဖြစ်+ပျက် မြင်။

ဗုဒ္ဓဟောကြား၊ ဤနည်းကား၊ ထူးခြား ဘုမ်ကျဉ်းပင်။

မြတ်ဗုဒ္ဓ တရားတော်နဲ့ သက်ဆိုင်တဲ့ ဒီ တာဝန်ဟာ မြင့်မားကျယ်ဝန်း လေးလံလွန်းတယ်လို့ ညည်းတွားနေကြဖို့၊ ကြောက်လန့်နေကြဖို့ တကယ် မလိုပါဘူး။

မြတ်ဗုဒ္ဓရဲ့ ဟောညွှန်တော်မူချက်ဟာ ကောန် မှန်တာကြောင့် ကျင့်ပုံ ကျင့်ဟန် စနစ်မှန်ကို ပိဋကနဲ့ ညှိကာ စွက်ပြီး ဇွဲအားသန်သန် ဟိတ်ဟန်မလုပ် တကယ်အားထုတ်ယင် အောင်မြင်နိုင်ပါတယ်။

မြတ်ဗုဒ္ဓ ညွှန်ပြတော်မူချက်တွေဟာ နည်းမှန် စနစ်မှန် ကျင့်သူတွေ ကိုယ်တိုင် သိမြင်နိုင်တဲ့ သန္ဒိဋ္ဌိက ဂုဏ်တော်နဲ့လဲ တကယ် ပြည့်စုံကြပါတယ်။

**လာစမ်းပါ၊ ကျင့်ကြည့်စမ်းပါ** လို့ အချိန်မရွေးပဲ ဝံ့ဝံ့ရဲရဲ တကယ် ဖိတ်ခေါ်မူ မြဲနေတဲ့ ဟေိပဿိက ဂုဏ်တော် စသည်တွေနဲ့လဲ တကယ် ပြည့်စုံကြပါတယ်။

ယခု ဘဝမှာ ဝိပဿနာဉာဏ်ကိုရရန် အတိတ်ဘဝက ပါရမီကမ် ရှိ မရှိ တွေးမျှော်ကြည့်နေဖို့ မလိုပါ။ ပါရမီနဲ့ ပတ်သက်ပြီး အတွေးခေါင်ကာ တရားမကျင့်ပဲ ယောင်ချာချာ လုပ်မနေကြပါနဲ့လို့ ထကြိမ် ထပ်ကာ ပြောလိုက်ပါတယ်။

ယခု ဘဝ မဂ်ဖိုလ် ရဖို့သာ ယခင် ဘဝမှာ အားထုတ်မှုနဲ့အတိတ် ပါရမီကမ်နဲ့ ဒီဘဝ လက်တွေ့ကျင့်နေမှု ပစ္စုပ္ပန်ကမ် ဒီ နှစ်တန် ပြည့်စုံရန် လိုအပ်ပါတယ်။ လက်တွေ့မကျင့်ပဲ ပါရမီ ပြည့်လျှံနေရုံ သက်သက်နဲ့ နိဗ္ဗာန်ကို မမြင်နိုင်ပါဘူး။

မြတ်ဗုဒ္ဓ ဟောညွှန်တော်မူခဲ့တဲ့ ကျင့်နည်းမှန်ကို ဗုဒ္ဓနည်းကျကျ စနစ်မှန်နဲ့ တွဲဖက်ကာ ညောင်လွန့်တောရ ဝိပဿနာ နည်းပြဆရာ တွေရဲ့ ညွှန်ပြချက်အတိုင်း ကျင့်မှုဖြစ်တဲ့ ပစ္စုပ္ပန်ကမ် ကောင်းမွန် ထက်သန်ကြတဲ့ ယောဂီတွေဟာ ဥဒယဗ္ဗယ ဉာဏ်ကို မနေးမြန်မြန် နာရီ ပိုင်း အတွင်းမှာ ရနေကြပါပြီ။

နှလုံးသား(ခေါ်) ဟဒယဝတ္ထုကို အမှီပြုကာ စိတ်နဲ့ အသိ ဉာဏ် ဖြစ်နေတာ အမှန်လို့ 'ကိုယ်တွေ့မျက်မြင်' ဖြစ်နေကြပါပြီ။ ကိုယ် တွေ့ဉာဏ်မြင် သက်သက်မျှ မဟုတ်ကြပါဘူး။ မသေမချာ မရေမရာလို့ မထင်ကြပါနဲ့။

## အကန်းယုံ မဟုတ်

(၁) လောကီနမ်တရား (စိတ်+စေတသိက်)တွေဟာ နတ်ပြဟ္မာ တွေရဲ့ မျက်စိနဲ့တောင်မှ မမြင်ရတဲ့ (အနိဒဿန) တရားတွေ ဖြစ် ကြတယ်။

(၂) အကုသိုလ်စိတ် စေတသိက်တွေဟာ မည်းညစ်တဲ့ (ကဏှ ဓမ္မ) တရားတွေ ဖြစ်ကြတယ်။

(၃) ကုသိုလ်စိတ် စေတသိက်တွေဟာ ဖြူစင်တဲ့တရား (သုက္ကဓမ္မ) တွေ ဖြစ်ကြတယ် ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ စကားတော် သုံးရပ်ကို ဆက်စပ် ချဉ်းစားတဲ့အခါ မျက်စိနဲ့ မမြင်ရတဲ့ စိတ် စေတသိက် (နာမ် တရား) တွေဟာ မည်းကြတယ်၊ ညစ်ကြတယ်၊ ဖြူကြတယ်၊ စင်ကြည်ကြတယ် ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ စကားတော်ကို ယုံကြည်လက်ခံဖို့ ခိုင်လုံတဲ့ မျက်မြင် သက်သေ အထောက်အထား လိုနေပါတယ်။ ခိုင်လုံတဲ့ မျက်မြင် သက်သေ အထောက်အထားမရှိပဲ ယုံကြည်ယင် အကန်းယုံ စစ်စစ်ပဲ ဖြစ်မယ်။

ဗုဒ္ဓနည်းကျ ညောင်လွန့်တောရ ဝိပဿနာကျင့်စဉ်ကို အားထုတ် လို့ ဥဒယဗ္ဗယဉာဏ်ကို ရပြီး နှလုံးသား (ခေါ်) ဟဒယဝတ္ထုကို ခေတ်မှန်မရိုက် ရင်မခွဲပဲ သမာဓိမျက်စိနဲ့ ကိုယ်တိုင်မြင်နေရတဲ့ ယောဂီ ဟာ အကုသိုလ်စိတ်ကြောင့် နှလုံးသား မည်းညစ်တာကို မြင်ရပြီး ကုသိုလ်စိတ်ကြောင့် နှလုံးသား ဖြူဖွေးလှတာကို မြင်ရလို့ ခိုင်လုံတဲ့

မျက်မြင် သက်သေခံ ပြည့်စုံတာမို့ စိတ်ညစ်တယ်၊ စိတ်ဖြူတယ် ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ စကားတော်ကို တကယ်ယုံကြည်နိုင်တယ်၊ ဆင့်ပွား ပြောရဲပါတယ်။ (ဝေသာရဇ္ဇပတ္တော) ဘုရားဟောထားတာကြောင့် ယုံပါတယ်ဆိုတဲ့ အကန်းယုံ မဟုတ်တော့ဘူး။ ကိုယ်တိုင်မျက်မြင် သက်သေခံ ရှိလို့ ယုံကြည်သူဖြစ်ပြီ (အ ပရပစ္စယော) ဒါဟာ မြတ်ဗုဒ္ဓရဲ့ တရားတော်တွေဟာ သန္ဒိဋ္ဌိက ဂုဏ်တော် ဧဟိပဿိက ဂုဏ်တော်တွေနဲ့ တကယ်ပြည့်စုံတဲ့ တရား စစ်မှန်ခြင်း အကြောင်းဂုဏ်နဲ့ မြတ်ဗုဒ္ဓ ဟောညွှန်တော်မူခဲ့တဲ့ နည်းမှန် စနစ်မှန်အတိုင်း ကျင့်လို့ ရလှာတဲ့ ဥဒယဗ္ဗယ ဝိပဿနာဉာဏ်နဲ့ သမာဓိ မျက်မှန် အဖိုးတန် တစ်ခုတို့ရဲ့ ကောင်းမွန်စစ်မှန်တဲ့ အကျိုးဂုဏ် ဒိန္နစ်မျိုးစုံ သိညွှတ်တာကြောင့် ဖြစ်ပါတယ်။

ဒါကြောင့်—

ပစ္စုပ္ပန်ကမ်၊ ကျင့်နည်းမှန်၊ မြန်မြန် ဖြစ်+မျက် မြင်။
ဗုဒ္ဓဟောကြား၊ ဤနည်းကား၊ ထူးခြား 'ဘုမ်ကျဦး' ပင်။

## ညောင်လွန့် ကျေးဇူး

ညောင်လွန့်ထေရ်မည်၊ အရှင် မေဓာဝီ၊ ကြံစည်ဖော်ထုတ်တင်။

ပြောခဲ့ပြီးဖြစ်တဲ့ ဗုဒ္ဓနည်းကျ ဝိပဿနာ ကျင့်စဉ်နည်းဟာ မြတ်ဗုဒ္ဓရဲ့ ပိဋကတော်တွင်းမှာ မဖော်မထုတ် နစ်မြုပ်နေကြတဲ့ ကျင့်နည်း မှန်ကောင်း များစွာထဲက ဗုဒ္ဓ တပည့်သား ပညာရှင်များရဲ့ တာဝန်အရ ရမည်းသင်းခရိုင် တပ်ကုန်းမြို့နယ် ပျော်ရွှာအနီး ဟော ဓမ္မဒီပိကာ မည်တဲ့ ညောင်လွန့်တောရ ကျောင်းကြီးကို **ရဟန္တာ အရှင်မြတ်များ ဖြစ်ထွန်းရာ ဌာနလို့ သာသနာ့ မှတ်တမ်းကောင်းဝင်အောင် ကျင့်ဆောင်တော်မူခဲ့တဲ့ ကျေးဇူးတော်ရှင် ညောင်လွန့်** (ပထမ) **မဟာထေရ် အရှင် မေဓာဝီ ဆရာတော်ဘုရားကြီး** က ပိဋကတော်တွေကို ပို့ချတော်မူနေယင်း ကြံစည်ကာ ကိုယ်တိုင်ကျင့်ပြီးမှ စည်ပင်ဖွံ့ဖြိုး အများကောင်းကျိုးတိုးအောင် ဖော်ထုတ်တင်ခဲ့တဲ့ ဗုဒ္ဓနည်းကျကျ **ဘုမ်ကျဦး ဝိပဿနာ ကျင့်စဉ်နည်း** ဖြစ်ပါတယ်။

## ဝေဒနာခွာနည်းတမျိုး

ပြောခဲ့ပြီးတဲ့အတိုင်း ဥဒယဗ္ဗယဉာဏ်ကို ရပြီး နှလုံးသားမြင်တဲ့ ယောဂီဟာ ခေါင်းကိုက်ယင် ကိုက်နေတဲ့နေရာကို ကြည့်+ရှု လုပ်ရမယ်၊ လည်ပင်းရောက်ယင် နှလုံးသားကို ကြည့်+ရှု လုပ်၊ ခေါင်းကိုက်ပျောက်တယ်၊ တကြိမ်နဲ့ ရှင်းရှင်းမပျောက်သေးယင် ဆေး ခွက်ဆင့်သောက်သလို နှစ်ကြိမ် သုံးကြိမ် စသည် လုပ်ယင် ကေန် ပျောက်ပါတယ်။

လက်နာယင် လက်ကို ကြည့်+ရှု လုပ်၊ နှလုံးသား ရှု။ ဒူးနာယင် ဒူးအထက်နားက စ ကြည့်+ရှု လုပ်၊ နှလုံးသား ရှုပါ။ မိမိကိုယ်မှာ ဖြစ်ပေါ်တဲ့ ရောဂါတွေကို ဒီနည်းအတိုင်း ဝိပဿနာရှုကာ ခွာပစ်နိုင်စွမ်း အပြည့်ရှိပါတယ်။

**ဗုဒ္ဓနည်းကျကျ။** ။မြတ်ဗုဒ္ဓကိုယ်တော်တိုင် မကြာခဏ ဖလသမာပတ်ဝင်စားကာ ရုပ်ခန္ဓာ ဆေးကုတော် မူတာကို စံနမူနာယူပြီး ဝေဒနာခွာနည်း ရောဂါကုနည်းကို ဝိပဿနာ ဆေးတော်ကြီးကို ညောင်လွန့်တောရ ဝိပဿနာကျင့်စဉ်နည်းအံ့ရ ဖော်နည်းပြုလိုက်ပါတယ်။ အခြားသူရဲ့ ရောဂါကို ကုဖို့တော့ မဖြစ်နိုင်ဘူး။ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ တရားတော်မြတ် ဂုဏ်တော်ကိုကြည့်။

## ပြောခဲ့တာဟာ အခြေခံသာ

ပြောခဲ့ပြီး ဝိပဿနာ ကူးနည်း+တက်နည်း+အားသန်အောင် လုပ်နည်းတွေဟာ ဆရာနဲ့ ဝေးသူတွေ ဥဒယဗ္ဗယ ဝိပဿနာဉာဏ်ကို ရနိုင်ရုံမျှ အခြေခံလောက်သာ ဖြစ်ကြပါတယ်။

ယောဂီတွေရဲ့ သမာဓိပညာနဲ့ ဝိပဿနာ ပညာဟာ တဦးနဲ့ တဦး အင်အားစွမ်းဟုန် အကုန်တူကြတာ မဟုတ်တာကြောင့် ခန္ဓာရုပ် ပျက်ပုံမတူ၊ အာရုံကြုံပုံ ကွဲ၊ ဘေးရန်တွေပုံလဲ ခြားနားကြပါတယ်။ ဒါကြောင့် နည်းပြ ကျွမ်းကျင်တဲ့ ဆရာ့အနီးမှာ အားထုတ်ယင် အလွဲအချော်မရှိ၊ တိကျဖြောင့်စင်း ဘေးရန်လဲကင်း၊ လုပ်ငန်းရှင်းကာ လွယ်ကူဘာမို့ အကောင်းဆုံးစစ်စစ် ဖြစ်ပါတယ်။

## ဝိပဿနာ ဘေးရန်များ

(၁) အားကြီးလွန်းတဲ့ သောကနဲ့ ဒေါသတွေဟာ ဘေးရန်ကြီးတွေပဲ။

နှလုံးသားရှိမြဲ နေရာကို စိတ်မှတ်မမြဲပဲ နှလုံးသားရှိမြဲမဟုတ်တဲ့နေရာကို ကြည့်မိလို့ နှလုံးသား မမြင်တာကြောင့် သောကကြီးထွား စိတ်ချောက်ချားပြီး ဝိပဿနာဉာဏ် ပျက်စီးကာငိုပွဲဆင်ရတဲ့ ယောဂီတွေ တော်တော်များများ ရှိခဲ့ဘူးတယ်။ ရင်ဘတ်ချိုင့်ထိပ်စွန်းရဲ့ အထက်ဘက် လက်သုံးသစ်ကွာမှာ ကြည့်ရမယ်လို့ မြဲမြဲစွဲစွဲ မှတ်ထားပါ။

ဒေါသ အားကြီးလွန်းယင်လဲ နှလုံးသား မည်းနက်ဝိပဿနာဉာဏ် ပျက်စီးပါတယ်။

(၂) နေ့တိုင်း စုပေါင်း တနာရီမျှ အားထုတ်ယင်လဲ ဘေးရန်ပဲ။ စုပေါင်း တနာရီဆိုတာ နံနက်မှာ ၁၅ မိနစ်၊ နေ့ခင်း အားလပ်ချိန်ရခိုက် တကြိမ်မှာ ငါးမိနစ်၊ နောက်တကြိမ် သုံးမိနစ်၊ နောက်တကြိမ် တစ်မိနစ် စသည် ညဉ့်ပိုင်းမှာ အချိန်ရသလောက် အားထုတ်ပြီး စုစုပေါင်း တနာရီလို့ ဆိုလိုပါတယ်။ တဆက်ထည်း တနာရီ မဟုတ်ပါဘူး။ တမင်္ဂတပိုလ်မရသေးသမျှ နေ့စဉ် စုပေါင်း တနာရီရအောင် အနည်းဆုံး အားထုတ်ရမယ်။

(၃) ဝင် သိ သိ သိ သိ၊ ထွက် သိ သိ သိ သိ လို့ သိမှတ်မှု အာနာပါနသမထလုပ်ငန်းဟာလဲ ဝိပဿနာရဲ့ ဘေးရန်ပါပဲ။

အထက်လှေကားထစ်ကို တက်ရောက်ပြီးမှ အောက် လှေကားထစ်ကို ပြန်ဆင်းသလို အထက် ဝိပဿနာ အဆင့် ရောက်ပြီးမှ အောက်ဆင့် သမထ ပြန်လုပ်တာကြောင့် ဝိပဿနာ ပျက်စီးသွားတာ ဖြစ်ပါတယ်။ ဝိပဿနာ ဉာဏ်ကို ရပြီးမှ အာနာပါနသမထကို ရှစ်ချက်လောက် ယောင်မှား လုပ်မိလို့ ဝိပဿနာဉာဏ် ပျက်စီးသူတွေ မနဲလှတော့ဘူး။

(၄) ကိုယ်ခန္ဓာရုပ်ကို ထက်အောက် လှည့်ရှုစသည်ကို လုပ်နေချိန်မှာ ကျင်ကြီး ကျင်ငယ် စတဲ့ အကြောင်းရှိလို့ လုပ်ငန်းရပ်ချင်ယင် နှလုံးသားကို ကြည့်ဖြစ်အောင် ကြည့်ရမယ်။

နှလုံးသားကို ထင်ရှား မမြင်ပဲ လုပ်ငန်းရပ်ယင် ဘေးရန်ဖြစ်တတ်ပါတယ်။

(၅) ဩဘာသ (ခေါ်) အလင်းရောင်ဟာ ဝိပဿနာဉာဏ်ရဲ့ ဘေးရန်ကြီးပဲ။

အလင်းရောင်ဟာ သမထလုပ်ငန်းမှာ ညောင်လွန့် ဝိပဿနာ ကျင့်စဉ် နည်းအရ ဝိပဿနာကူးဆက်ဖို့ တန်ဖိုး မဖြတ်နိုင်တဲ့ စိန်တုံးကြီးပမာ ဖြစ်ပေမယ့် ဝိပဿနာဘက် ကူးဆက်ပြီးယင်တော့ ကြီးလှန်းတဲ့ ရန်သူပဲ။

နှလုံးသားကို ကြည့်+ရှု လုပ်နေတုန်းမှာ နှလုံးသားက ပေါ်ထွက်လာတဲ့ ထိန်ထိန်ဝင်းဝင်း အလင်းရောင်ကြီးကို မမြင်ချင်လို့ မျက်စိကို ခေါင်းအုံးနဲ့ ပိတ်ထားပေမယ့် အလင်းရောင်ကို မြင်နေရတဲ့ ယောဂီ ရှိခဲ့ဘူးတယ်။ မဂ်ဖိုလ်ရ နိဗ္ဗာန်မြင်ပြီလို့ ထင်စရာပေါ့။ အမှန်မှာ ဝိပဿနာဘေးရန် အလင်းရောင် နှောင့်ယှက်နေတာပါ။

(၆) ဝိပဿနာ ဉာဏ်ကို ရပြီးမှ ပေါ်လာတဲ့ ဗဟိဒ္ဓ နိမိတ်ရုပ်တွေဟာလဲ ဘေးရန်ကြီးပဲ။

ဝိပဿနာ ဉာဏ်ကို မရသေးချိန်မှာ ဗဟိဒ္ဓ နိမိတ် ရုပ်တွေဟာ ညောင်လွန့် ဝိပဿနာ ကျင့်စဉ်နည်းအရ ဝိပဿနာဘက် ကူးဆက်ဖို့ တန်ဖိုး မဖြတ်နိုင်အောင် ကောင်းကျိုးကြီး ပေးကြပေမယ့် ဝိပဿနာဉာဏ်ကို ရပြီးချိန်မှာ ပေါ်လာ ကြယင် အနှောင့်အယှက် ဘေးရန်စစ်စစ် ဖြစ်ကြပါတယ်။

ဒီ ဗဟိဒ္ဓ နိမိတ် ရုပ်တွေဟာ ဝိပဿနာ ဉာဏ် နုချိန်မှာ မကြာခဏ ပေါ်လာလေ့ ရှိကြပါတယ်။ ဝိပဿနာဉာဏ် ရင့်ပြီးချိန်မှာ ဘခါတရံသာ ပေါ်လာကြတယ်။

(က) မိုးထိ ပြာသာဒ်ချွန် လှလှကြီးကို မြင်နေရလို့ သတိလွတ်ပြီး တင်ပလ္လင်ခွေ ထိုင်ကာ ကိုယ်အထက်ပိုင်းကို နောက်ဘက်လှန်၊ လက်နှစ်ဘက်ကို ကျားကန် ပမာထောက် မျက်နှာကို အစွမ်းကုန် မော့လှန်ပြီး ပြာသာဒ်ထိပ်ဖျားကို တမော့တလျော့ မော့ကြည့်နေတဲ့ ယောဂီ။

(ခ) ထိန်ထိန်ကြည် လရောင်လွှမ်းထားတဲ့ ပန်းပေါင်းစုံ ဥယျာဉ်ထဲက အေးမြကြည်လင် ရေတသွင်သွင် စီးဆင်းနေတဲ့ စမ်းချောင်းငယ် ဘေးနားမှာ အေးချမ်းစွာ ထိုင်နေရလို့ ဝိပဿနာလုပ်ငန်းကို ပစ်ကာ ပျော်ရွှင်နေတဲ့ ယောဂီ။

(ဂ) ချောင်းငယ်ကို ကူးသွားစရာ ဝါးတလုံးထည်းရှိတဲ့ တံတားအို ပေါ်မှာ လက်ကိုင်တန်း မရှိပဲ တယောက်ထည်း လျှောက်နေရလို့ ရင်တလှပ်လှပ် ဖြစ်နေတဲ့ ယောဂီ။

(ဃ) မဝင်ရ စာတမ်းကို အပြင်ဘက်မှာ ကပ်ထားပြီး အတွင်းမှာ ရွှေရောင် တဝင်းဝင်း ထိန်ထိန် လင်းနေတဲ့ အဆောက်အအုံ ကျယ်ကြီးထဲ ရောက်နေပြီး နှလုံးသားကို မမြင်ရတာကြောင့် အင်မတန် စိတ်ညစ် ပင်ပန်း ကိုယ်နွမ်းအောင် ဆင်းရဲကြီးနေတဲ့ ယောဂီ။

(င) အလင်းရောင်ဟာ ရန်သူပဲ၊ လိုက်မကြည့်ပါနဲ့လို့ နည်းပြဆရာက ပြောထားပါလျက်နဲ့ ဘာဖြစ်မလဲ သိရအောင် လိုက်ကြည့်ချင်လွန်းလို့ ဝမ်းဗိုက်ပေါ်မှာ ကန့်လန့်ဖြတ်မြင်နေရတဲ့ လက်သန်းခန့်အလင်းရောင်တန်းကို ဝမ်းသာအားရ လိုက်ကြည့်မိလို့ လုံးပတ် သုံးပေကျော် မြွေကြီး ကိုယ့်ဝမ်းဗိုက်ပေါ်မှာ ကန့်လန့်ဖြတ်ကာ သွားနေတာကို ဆယ်မိနစ်ခန့် ကြာအောင် မြင်တွေ့နေပြီးမှ 'ရုပ် အနိစ္စ၊ ရုပ် အနိစ္စ' လို့ ဝိပဿနာရှုတာကြောင့် မြွေကြီး နှစ်ပိုင်းဖြတ်ကာ ပျောက်ကွယ်သွားတာကို မြင်ရလို့ ချွေးပျံနေတဲ့ ယောဂီ။

(စ) ညောင်ပင် ကိုင်းခြောက် ပေါ်မှာ တင်ပလ္လင် ခွေထိုင်နေတဲ့ ရသေ့ကိုမြင်ရတဲ့ ယောဂီ စသည် စသည် ဗဟိဒ္ဓ နိမိတ်ပြန်ပေါ်သူတွေကို တွေ့ကြုံရပါတယ်။

ဘာကိုပဲမြင်မြင်၊ မြင်တာကို စိုက်ကြည့်ကာ အနိစ္စလို့ မပြတ် ဝိပဿနာ ရှုယင်၊ သို့မဟုတ် ငယ်ထိပ်မှာစ၊ ခြေဖျား ကုန်ဆုံး အောင် ကြည့်+ရှု လုပ်ယင် ဗဟိဒ္ဓ နိမိတ်တွေ လွယ်လွယ်ပဲ ပျောက်ကုန် ပါတယ်။ ကြောက်လို့သာ အန္တရာယ်ဖြစ်တာ၊ မကြောက်ယင် အန္တရာယ် မဖြစ်ဘူး။ **ကြောက်ယင် ရှုံးမယ်၊ မကြောက်ယင် နိုင်မယ်လို့သာ** နှလုံးသွင်းကြပါ ယောဂီတို့။

## ဗဟိဒ္ဓ ဘက် ကူးဆက်နည်း

ကိုယ့်ခန္ဓာရုပ်မှာ ထက်အောက်လှည့် နှလုံးသား ရှု လုပ်ငန်း နှစ်ခုကို အနည်းဆုံး တရက်လုပ်ပြီးမှ ဗဟိဒ္ဓဘက် ကူးဆက်သင့်တယ်။

## ဗဟိဒ္ဓဘက်၊ ကူးတက်လျက်၊ ဆက်လက် ကြည့်+ရှု လုပ်။

ကိုယ့်ခန္ဓာရုပ်ကို ကြည့်+ရှု လုပ်တာကြောင့် ကိုယ့်ခန္ဓာ ရုပ် ဟာ ယခင်ကထက် မြန်မြန်သွက်သွက် ပျက်ပျောက်ယင် အနီးရှိ ခေါင်းအုံးကို မှိတ်ထား အဝတ်ပိတ်စည်းထားတဲ့ မျက်စိနဲ့ ကြည့်ပါ။ ထင်ထင်ရှားရှား မြင်ယင် ခေါင်းအုံး လက်တဝါးခန့်ကို စူးစိုက် ကြည့်ကာ ကြည့်+ရှု လုပ်ပါ။ ခေါင်းအုံး အားလုံး ပျက်ဆုံးကုန်ယင် နှလုံးသားကို ကြည့်+ရှု လုပ်ပါ။ **နှလုံးသားကို စိတ်ရဲ့ချည်တိုင်အဖြစ် ထားဖို့ မမေ့ပါနဲ့။**

ဗဟိဒ္ဓ ရုပ်ကို ကြည့်+ရှု လုပ်ပြီး နှလုံးသားကို ပြန်ကြည့်တဲ့အခါ မှာ နှလုံးသား အရောင်ဟာ (၁) ပုံမှန်၊ (၂) မေးမှိန်၊ (၃)ပိုဖြူဖွေး လို့ တမျိုးမျိုး ဖြစ်လေ့ ရှိတယ်။

မှိန်တာဟာ သမာဓိအင်အား လျော့ပါးလို့ပဲ။ နှလုံးသားကို ကြည့်+ရှု ဆက်လုပ် ရမယ်။ နှလုံးသား ဖြူဖွေးလာယင် သမာဓိအား ပြည့်ပြီလို့ သိမှတ်ပါ။

ပိုဖြူဖွေးလာတာဟာ သမာဓိစွမ်းအား ထက်သန်လာလို့ပဲ။ ခေါင်းအုံးကို ကြည့်+ရှုပြန်လုပ်ပါ။ ပျက်ဆုံးကုန်ယင် နှလုံးသား ပြန်ရှု။ ခေါင်းအုံး ပျက်နှုန်း မြန်မြန်သွက်သွက် ဖြစ်လာအောင် အကြိမ်ကြိမ် လေ့ကျင့်ရမယ်။

**ဆက်လက်ကြည့်ရှုလုပ်။** ။ခေါင်းအုံးရဲ့ မြန်မြန်သွက်သွက် ပျက်မှု၊ နှလုံးသားဖြူမှ နှစ်ခုပြည့်စုံယင် အနီး ခြင်ထောင်ကို ‘ရှု’၊ နှလုံးသား ‘ရှု’။ မိမိထိုင်ထားတဲ့ ဖျာကို ‘ရှု’၊ နှလုံးသား ရှုပြီးလို့ နှလုံးသား မမှိန်ယင် အနီး ဗဟိဒ္ဓ ရုပ်နှစ်ခုကို တဆက်ထည်း ရှု၊ နှလုံးသား ရှု၊ အနီး ဗဟိဒ္ဓရုပ် သုံးခု တဆက်ထည်း ရှု၊ နှလုံးသား ရှု စသည် အနီး ဗဟိဒ္ဓရုပ် အရေအတွက် တိုးပွားရှုပါ။

အနီး ဗဟိဒ္ဓရုပ်တွေမှာ အောင်မြင် သွက်လက်ယင် မနီးမဝေး ဗဟိဒ္ဓရုပ်ကို ယခင်နည်းအတိုင်း ရှုပါ။

မနီးမဝေး ဗဟိဒ္ဓ ရုပ်တွေမှာ အောင်မြင် သွက်လက်ယင် အဝေး ဗဟိဒ္ဓရုပ်ကို ယခင်နည်းအတိုင်း ရှုပါ။

ဗဟိဒ္ဓ လူကိုမြင်ယင် နှလုံးသားကို ကြည့်ပြီးနှ ငယ်ဆံပ်ကာ ခြေဖျားဆုံးအောင် ကြည့်+ရှု လုပ်ပါ။

**သမာဓိစွမ်းဟုန်။** ။ဗဟိဒ္ဓရုပ်ကို ကြည့်ချိန်မှာ—

(၁) ချက်ချင်းပင် ထင်ထင်ရှားရှား မြင်ယင် သမာဓိ စွမ်းဟုန်ပြည့်။

(၂) မှိန်မှိန်မှုန်မှုန် မြင်ယင် သမာဓိစွမ်းဟုန် ပြည့်လုနီးတယ်။ ဆက်လက် ကြည့်နေယင် ထင်ရှားမြင်လာပါတယ်။

(၃) အဖြူရောင်ခံနေယင် စွမ်းဟုန် ငါးပုံ လေးပုံ မျှ ရှိ။ ဆက်လက် ကြည့်နေယင် မြင်လာပါတယ်။

(၄) တံလျှပ်လို ရိပ်ရိပ်မြင်နေယင် စွမ်းဟုန် ငါးပုံ သုံးပုံသာရှိ (ဆက်မကြည့်ပါနဲ့)။

(၅) မည်းနက်ရောင် ခံနေယင် မျှော်လင့်ချက် ဝေးလှန်းသည်။

**ဉာဏ်စွမ်းဟုန်။** ။အနိစ္စ ရှုမှုကြောင့် ပျက်နှုန်းနှေးယင် ဉာဏ်စွမ်းဟုန် မထက်မြက်။ အနိစ္စရှုမှုကြောင့် ပျက်နှုန်း မြန်ယင် ဉာဏ်စွမ်းဟုန် ထက်တယ်။

**စွမ်းဟုန် ထက်အောင် ပြုနည်း**။ ။ကိုယ့် ခန္ဓာ ရုပ်ကို ထက်+အောက် လှည့် ရှု၊ နှလုံးသား ရှု၊ လုပ်ငန်းနှစ်ခုကို ထပ်တလဲလဲ ပြုလုပ်မှု (ဝိပဿနာ ဘာဝနာ) နဲ့ သာသမာဓိနဲ့ ဉာဏ် နှစ်တန်စွမ်းဟုန် ထက်မြက်အောင် လုပ်ရမယ်။ အခြားနည်း မရှိချေ။

**အထူးမှတ်ရန်**။ (၁) ဗဟိဒ္ဓရုပ်ကို ကြည့်ခါစမှာ အနိစ္စ မရှုပါနဲ့၊ ထင်ရှား နှံ့စပ်အောင် ကြည့်ပြီး စိတ်ကျေနပ်မှ အနိစ္စ ရှုပါ။

(၂) ကိုယ့်နှလုံးသားကို ကြည့်ယင် အနိစ္စ ရှုကာ ကြည့်ပါ။

**အဝတ်စည်းဖြုတ်ချိန်**

(က) အဇ္ဈတ္တ ရုပ် ထက်+အောက် လှည့် ရှု၊ (ခ) ဗဟိဒ္ဓ စိတ်ရှိ (လူ စသည်) ရှု၊ (ဂ) ဗဟိဒ္ဓ (စိတ်မဲ့) ခေါင်းအုံး စသည် ရှု၊ ဒီ သုံးမျိုး စုံစေ့ယင် ပျက်နှုန်း မြန်မြန်သွက်သွက် မဖြစ်သေးပေမယ့် မျက်စိမှာ ပိတ်စည်းထားတဲ့ အဝတ်ကို ညဥ့်အမှောင်ထဲမှာ ဖြုတ်ထား နိုင်ပါတယ်။

**'မ' တလုံးတိုးပြီ**။ ။အဇ္ဈတ္တအာရုံ၊ ဗဟိဒ္ဓ အာရုံ ရွေးချယ်မှု မပြုရတော့ဘူး။

**အာရုံမရွေးရပြီ**။

**'မ' တလုံးတိုးပြန်ပြီ**။ ။ဗဟိဒ္ဓ အသေးရုပ်များကို မြင်နိုင်စွမ်း ရှိလာယင် အနီး + အဝေး ရွေးချယ်မှု မပြုရတော့ဘူး။

**နီး+ဝေး မရွေးရပြီ**။

ပြောခဲ့ပြီး (က) (ခ) (ဂ) သုံးမျိုး စုံစေ့ကာ ပျက်နှုန်းမြန်မြန်သွက်သွက် ဖြစ်လာယင် အဝတ်စည်းကို နေ့အချိန်မှာလဲ ဖြုတ်ထား နိုင်ပါတယ်။

'မ' တလုံး တိုးပြန်ပြီ။ ။အဝတ်စည်းမှု မပြုရတော့ဘူး။

အဝတ် မစည်း ရပြီ။

## ဖြစ်+ပျက် ရှုဉာဏ် စွမ်းဟုန်သန်အောင်

ဝိပဿနာဉာဏ် စစ်စစ်ဖြစ်တဲ့ သမ္မသနဉာဏ်(ခေါ်) ဖြစ်+ပျက်ရှုဉာဏ်စွမ်းဟုန် ထက်သန်အောင် ပြုလုပ်နည်းက အဝတ်စည်းဖြုတ်ပြီးယင် ဦးခေါင်းကို ပုံမှန် တည့်မတ်အောင် ထား၊ မျက်စိကို အနည်းငယ် ဖွင့်ထားပြီး (၁) ထက်+အောက် ရှု၊ နှလုံးသား ရှုမှုကို အလေ့အကျင့် လုပ်ရမယ်။ ထင်ရှား သွက်လက် အောင်မြင်ယင် (၂) နံရံပေါ်က ဝင်လှာပြီး ကြမ်းခင်း စသည်မှာ ကျရောက် ထင်ရှားနေတဲ့ တလက်မခန့် နေရောင်ကွက်ယ်ကို "ကြည့်+ရှု" လုပ်ပြီး နှလုံးသား ရှုမှုကို အလေ့ အကျင့် လုပ်ရမယ်။ သွက် လက် အောင် မြင် ယင် (၃) မျက်စိဖွင့်ကာ လဝန်းကို "ကြည့်+ရှု" လုပ်ပါ။ ပျက်ပျောက် ကုန်ဆုံးသွားယင် နှလုံးသားကို "ကြည့်+ရှု" လုပ်။ တမိနစ်အတွင်းမှာ လဝန်း ပျက်ပျောက် ကုန်ဆုံးယင် (၄) နံနက် နေနုချိန်၊ သို့မဟုတ် ညနေခင်း နေနုချိန်မှာ နေဝန်းကို "ကြည့်+ရှု" လုပ်၊ ကုန်ဆုံးသွားယင် နှလုံးသားကို "ကြည့်+ရှု" လုပ်ရမယ်။ တမိနစ်အတွင်းမှာ နေဝန်း ပျက်ပျောက် ကုန်ဆုံးယင် ဖြစ်+ပျက် ရှု ဉာဏ်စွမ်းဟုန် သန်လှာပြီလို့ သိမှတ်ပါ။

တစ်မိနစ်အတွင်း ပျက်ပျောက် ကုန်ဆုံးအောင် လဝန်းကို မမှိန်လွန်း မလင်းလွန်းတဲ့ မီးရောင်ကို (ငါး)ကြိမ်ကြည့်မှု၊ နေဝန်းကို (တစ်)ကြိမ်ကြည့်မှုဟာ နှလုံးသားကို (တစ်)နာရီ ကြည့်+ရှု လုပ်မှုနဲ့ ညီမျှအောင် ဖြစ်+ပျက် ရှု ဉာဏ်စွမ်းဟုန် ထက်သန် စေနိုင့်ကျက်ပါတယ်။

## နေ လ ကြည့်တာ ဗုဒ္ဓနည်း မှန်ပါ

လဝန်း နေဝန်းတွေကို "ကြည့်+ရှု" လုပ်လာတာ အသစ်အဆန်းထွင်တဲ့ နည်း မဟုတ်ပါဘူး။ ဗဟိဒ္ဓါပါ ကိုယ်ခန္ဓာမှ ပြင်ပရုပ် တွေကိုလဲ ဝိပဿနာ ရှုပါလို့ သတိပဋ္ဌာန် သုတ်တော်မှာ မြတ်ဗုဒ္ဓ

ဟောညွှန်တော်မူချက်နဲ့အညီ ပြုလုပ်တဲ့ နည်းဟောင်း နည်းကောင်း နည်းမှန်သာ ဖြစ်ပါတယ်။

## ရုပ် ပျက်စီးတာ "မျက်မြင်" ဖြစ်နိုင်တယ်

(၁) မျက်စိနဲ့ မြင်နိုင်တဲ့ (စက္ခုဝိညေယျ) ရုပ်တွေ ရှိတယ်လို့ မြတ်ဗုဒ္ဓ ဟောညွှန်တော်မူခဲ့တယ်။ (၂) အကန်း မဟုတ်သူတွေဟာ ရုပ်ကို မျက်စိနဲ့ မြင်နေကြတာ သဘာဝမှန် ဖြစ်နေပါတယ်။ (၃) ဗုဒ္ဓ နည်းကျ ညောင်လွန့်တော၏ ဝိပဿနာ ကျင့်စဉ် နည်းက စက္ခုနာ ပသာဒ္ဓဃေဝ နဲ့ ညီစွာ ရုပ် တရား ပျက်နေတာကို "မျက်မြင်" ဖြစ် အောင် အားထုတ်တဲ့နည်း ဖြစ်တယ်။ ဒီအကြောင်း သုံးချက်ကြောင့် အဇ္ဈတ္တရုပ်၊ ဗဟိဒ္ဓ ရုပ်တွေ ပျက်စီးနေတာကို တကယ် မျက်မြင် ဖြစ်တယ်လို့ သိမှတ်ကြပါ။

ဘင်ဉာဏ်(ခေါ်) အပျက်မြင်ဉာဏ် စွမ်းအား မသန်လွန်းယင် ပကတိ မျက်စိနဲ့ မြင်နိုင်တဲ့ (စက္ခု ဝိညေယျ) ရုပ်တွေ မြတ်ဗုဒ္ဓ ဟောညွှန်ချက်အတိုင်း တရစပ် ပျက်စီးနေတာကို သန္တတိ ပစ္စုပ္ပန်ကျကျ တကယ် မျက်မြင် ဖြစ်ပါတယ်။ အပျက်မြင်ဉာဏ် စွမ်းအားသန်လွန်း ယင် ခဏ ပစ္စုပ္ပန်ကျကျ တကယ်မျက်မြင် ဖြစ်ပါတယ်။

ဉာဏ်အမြင် ဉာဏ်အမြင်လို့ ပြောနေကြတဲ့ စိတ်သိ သက်သက်မျှ ဖြစ်တဲ့ နည်းအရ အားထုတ်ကြတဲ့ ယောဂီတွေက ရုပ် ပျက်စီးနေတာ ဟာ တကယ် မျက်မြင် မဖြစ်နိုင်ဘူးလို့ အယူမလွဲကြပါနဲ့၊ အယူ မသည်းကြပါနဲ့။

ဖြစ်+ပျက် ရှုဉာဏ် စွမ်းဟုန် သန်အောင် လေ့ကျင့် နည်းကို ယက်ကြပါစို့။

ပြောခဲ့ပြီး နံပါတ် (၄)အရ လေ့ကျင့်တာကြောင့် (တစ်)မိနစ် အတွင်း နေဝန်း ပျက်ပျောက် ကုန်ဆုံးယင် (၅) အဝါရောင် ဖျော့ဖျော့ နှစ်လက်မခန့်ရှိတဲ့ စက္ကူပါးပါးကို မျက်စိ ဖွင့်ထားကာ "ကြည့်+ရှု" လုပ်မှု အဖြူရောင်အဝတ်စ၊ ကျောင်းနံရံ၊ အသုံးအဆောင် ပစ္စည်း စသည်တို့ကို မျက်စိဖွင့်ကြည့်ကာ အနိစ္စ ရှုမှုကို လေ့ကျင့်ရမယ်။ (၆) လမ်းလျှောက်ယင်း လမ်းဘေးရှိ သစ်ပင် စသည်တို့ကို ကြည့်+ရှု

လုပ်ကာ လေ့ကျင့်ရမယ်။ (၇) မီးရထား၊ မော်တော်ကား၊ လေယာဉ်၊ ရေယာဉ်တွေနဲ့ ခရီးသွားယင်း မျက်စိကို ပကတိအတိုင်း ပုံမှန် ဖွင့်ထားကာ မြင်သမျှ အရာဝတ္ထုတွေကို "ကြည့်+ရှု" လုပ်နိုင်စွမ်း ရှိလာအောင် လေ့ကျင့်ရမယ်။ အောင်မြင်ယင် 'မ' တလုံး တိုးရပြန်ပြီ။ မျက်စိကို မမှိတ်ရတော့ဘူး။

**မှိတ်+ဖွင့် မရွေး ရပြီ။**

ယခင် 'မ ၇-လုံး၊ ယခု (၁)လုံး 'မ' ရှစ်လုံး ရတဲ့ ယောဂီ ဖြစ်ပါပြီ။

## စူဠ သောတာပန်

ရုပ် နာမ် မြင်ယင် စူဠ သောတာပန် ဖြစ်ပြီဆိုတဲ့ စကားဟာ အလွဲအမှား စစ်စစ်သာ ဖြစ်ပါတယ်။ ပြောခဲ့ပြီးအတိုင်း ဖြစ်+ပျက် မြင်ကာ ဥဒယဗ္ဗယဉာဏ် ရရှိနေသူသာ စူဠ သောတာပန် ဖြစ်ပါတယ်။

စူဠ သောတာပန် ဖြစ်ပြီးယင် သံသရာမှာ အပါယ်တံခါး ပိတ်ပြီဆိုတဲ့ စကားဟာလဲ အလွဲအမှား စစ်စစ်သာ ဖြစ်ပါတယ်။

နေ့စဉ် နေ့တိုင်း စုပေါင်း တစ်နာရီ (တဆက်တည်း ဖြစ်ရန် မရှိ မဟုတ်) ကိုယ့်ခန္ဓာရုပ်ရဲ့ ဖြစ်+ပျက် ကို မြင်နေအောင် ရှုမှု၊ နှလုံးသား "ကြည့်+ရှု" မှု အလေ့အကျင့် ရင့်သန် စွဲမြဲနေသူဟာ သေခါနီးမှာ ကိုယ့်နှလုံးသားကို ကြည့်ကာ အနိစ္စ ရှုယင်း သေလွန်ယင် သုဂတိဘဝ ရောက်ဖို့ သေချာတယ်။ ဒီလို သေချိန်အထိ စူဠ သောတာပန်ဖြစ်နေ သူကို ရည်ရွယ်ပြီး ထိုထို ပိဋက ကျမ်းဂန်တွေမှာ "စူဠ သောတာပန် ဟာ ဒုတိယ ဘဝမှာ အပါယ်မကျဘူး" လို့ ဆိုထား ပါတယ်။ တတိယ ဘဝ စတဲ့ တသံသရာလုံးအတွက် အာမခံချက် မရှိပါဘူး။ ရရှိတဲ့ ဖြစ်+ပျက် မြင်မှု (ဥဒယဗ္ဗယဉာဏ်) ပျက်စီးသွားယင် စူဠ သောတာပန် မဟုတ်တော့ဘူး။ သာမန် ပုထုဇဉ်ပဲ ဖြစ်ပါတယ်။

အောက်တစ်ဆင့် တာမင်ဂဘိုလ် မရသေးသမျှ (က) စူဠ သော တာပန်ဟာ လျှောကျ ပျက်စီးနိုင်သေးတယ်၊ (ခ) သေခါနီး ဖြစ်+ ပျက် ရှုနိုင်မှ ဒုတိယ ဘဝ အပါယ်မကျဖို့ တာကာယ် စိတ်ချရတယ်၊

(ဂ) သံသရာမှာ အပါယ်တံခါး ပိတ်အောင် ပထမ ဦးစားပေး ဆောင်ရွက်သင့်တယ် အစရှိတဲ့ အကြောင်းကြောင်းတွေကြောင့် စကြာမင်းလောင်း ကိုယ်ဝန်ကို စောင့်ရှောက်သလို ဥဒယဗ္ဗယ (ခေါ်) ဖြစ်+ပျက် မြင် ဉာဏ်ကို မပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရမယ်လို့ ကျမ်းဂန်တွေမှာ ဆိုထားပါတယ်။

ဒါကြောင့် ရရှိထားတဲ့ ဖြစ်+ပျက် မြင်ဉာဏ် မပျက်စီးပဲ သေချိန်အထိ စူဠ သောတာပန် ဖြစ်နေအောင် တရက်မှာ စုပေါင်း တစ်နာရီမျှ အားထုတ်မှုကို နေ့စဉ် ပြုကြရပါမယ်။

## မြတ်ဗုဒ္ဓ ကျေးဇူးတော်

ကောင်းကျိုးကြီးမားလှတဲ့ ပြောခဲ့ပြီး ကျင့်စဉ် နည်းမှန်တော်ကို မြတ်ဗုဒ္ဓ ဟောညွှန်တော်မူခဲ့တာကြောင့် မြတ်ဗုဒ္ဓရဲ့ ကျေးဇူးဟုန် ဂုဏ်တော်အနန္တကို ရှေးဦးစွာ အာရုံပြုကာ ပူဇော်ကြပါ။ မြတ်ဗုဒ္ဓ ဟောညွှန်တော် မူခဲ့တဲ့ တရားမှန်ကောင်းတော်ကြီးကို မပျောက်ပျက်အောင် ကျင့်တော်မူကြ, ဟောပြတော်မူခဲ့တဲ့ကြ သံဃာတော်များ သံဂါယနာ တင်တော်မူခဲ့ကြတဲ့ သံဃာတော်များနဲ့ တကွ ဒီနည်းမှန်ကောင်းကို မြန်မာနိုင်ငံမှာ စတင် ဖော်ထုတ်တော်မူခဲ့တဲ့ ညောင်လွန့် (ပထမ) ဆရာတော် ဘုရားကြီးရဲ့ ကျေးဇူးဂုဏ်တော်တွေကို အာရုံပြုကာ ပူဇော်ကြပါ။

ကျေးဇူးတော်ရှင် ညောင်လွန့်တောရ (ပထမ) ဆရာတော် ဘုရားကြီး လက်ထက်က စပြီး ယနေ့ထိ (၆၅) နှစ်တိုင်တိုင် တပည့်အဆက်ဆက်တွေဟာ မဟာဓမ္မဒီပိကာ ညောင်လွန့် တောရကျောင်းကြီးမှာ ဆက်လက် ညွှန်ပြနေကြတဲ့ပြင် ထိုထို မြို့နယ်တွေမှာလဲ ဆင့်ပွား ညွှန်ပြနေကြပါပြီ။

ညောင်လွန့် တပည့် စဉ်ဆက်ဟာ "ပရိယတ္တိ ဗျတ္တိဗလ ရှိသူဟူသမျှ ပရိယတ် လုပ်ငန်းကို မန္ဒမ်းယုတ်စေရ" ဆိုတဲ့ သာသနာတော်ကြီးပွား တိုးတက် စည်ပင်ကြောင်း ဩဝါဒကောင်းကို အထူးလေးစားကြကာ ပရိယတ်လုပ်ငန်းကို အားသွန်ခွန်စိုက်ကြပြီး သာသနာပြန့်ပွားကြောင်းမျှသာ ဖြစ်တဲ့ ပဋိပတ် လုပ်ငန်းကို ခွတ်လတ်ချိန်မှသာ ကျင့်နည်း ပြကြပါတယ်။

ယောဂီတွေကို အနီးကပ် စောင့်ရှောက် ထိန်းသိမ်း ပြုပြင် ညွှန်ပြမှုကို အချိန်ပြည့် ဆောင်ရွက်တဲ့ ရွေးပေါင်းစနစ်နဲ့ တရားပြနေကြတာကြောင့် နည်းပြဆရာ တဦး တချိန် တရားပြယင် ဝိပဿနာဉာဏ် မရသေးတဲ့ ယောဂီ ဆယ်ဦးထက် မပိုနိုင်ပေမယ့် နာရီပိုင်း အတွင်းမှာ ဥဒယဗ္ဗယဉာဏ်ကို "ကိုယ်တွေ့ မျက်မြင်" ရကြတဲ့ ယောဂီတွေ များလှပါပြီ။ ဒီအခြင်းအရာကို လက်ာ စီထားပါတယ်။

**တပည့်တွေကာ၊ ဆက်ညွှန်ပြ၊ သာသနာ့ ကောင်းကျိုးထွင်။**

× × ×

## ဝိပဿနာကူးဆက် တပိုင်းစီပျက်သော်

ပြောခဲ့တဲ့ သမထ လုပ်ငန်းမှ ဝိပဿနာဘက် ကူးဆက်နည်းဟာ ကိုယ့်ခန္ဓာရုပ် အစဉ်အတိုင်း ပျက်သွားတာနဲ့သာ သက်ဆိုင်ပါတယ်။ လွယ်ကူပါတယ်။

ကိုယ့်ခန္ဓာ ရုပ်တပိုင်းစီ ပျက်ယင် ဝိပဿနာ ဆက်တက်နည်းကို ပြောပါမယ်။

ဝမ်းဗိုက်ကို ကြည့်+ရှု လုပ်သာကြောင့် ဝမ်းဗိုက် ပျက်စီးပြီး ခန္ဓာကိုယ် နှစ်ပိုင်း ဖြစ်သွားယင် အထက်ပိုင်းဘက် လိုက်ကာ ကြည့်+ရှု လုပ်ရမလား?၊ အောက်ပိုင်းဘက် လိုက်ကာ ကြည့်+ရှု လုပ်ရမလား? ထို့ ယောင်ချာချာ ဖြစ်နေတာကြောင့် သမာဓိ ပျက်ပြီး သမထ နိမိတ် ပျောက်ကွယ်ကာ ကောင်းကျိုး မရ ဖြစ်တတ်ပါတယ်။

အထက် ပိုင်း ကို 'ကြည့်+ရှု' လုပ်လိုက်၊ အောက်ပိုင်းကို 'ကြည့်+ရှု' လုပ်လိုက်၊ ခဏကြာယင် အထက်ပိုင်းကို 'ကြည့်+ရှု' လုပ်လိုက်နဲ့ အထက်ပိုင်း+အောက်ပိုင်း နှစ်ပိုင်းလုံးကို "လွန်းပြန် ထိုး" နေတာကြောင့် သမာဓိအရှိန် ပျက်ပြား သမထနိမိတ် ပျောက်ကွယ်သွားတဲ့ယောဂီလဲ ရှိခဲ့ဘူးပါတယ်။

**လုပ်နည်းမှန်ကာ။** ။ဆက်လက် ပျက်ပျောက်နေတဲ့ တဘက်သက်ကိုသာ ကုန်ဆုံး သွားအောင် 'ကြည့်+ရှု' လုပ်ကာ လိုက်ကြည့်ရမယ်။

(၁) ဝမ်းဗိုက်ကစ အထက် ငယ်ထိပ်ထိ ရှေးဦးစွာ ကုန်ဆုံးယင် ကျန် အောက်ပိုင်း ခါးကို မြန်မြန် သွက်သွက် ကြည့်ပြီး ခြေဖျား ကုန်ဆုံးအောင် 'ကြည့်+ရှု' လုပ်ပြီးယင် "တကိုယ်လုံး ကုန်" ပြီ လို့ သိပါ။ ထက်+အောက်စုန် ရှုပုံနဲ့ နှလုံးသားရှုပုံတွေကို အောက် စာမျက်နှာမှာ ပြန်ကြည့်ပါ။

(၂) ခါးလယ်က စ အောက်ခြေဖျားထိ ရှေးဦး ပျက်ဆုံးယင် ကျန် တဲ့ ခါးအထက်ပိုင်းကို သွက်သွက်မြန်မြန် ပြန်ကြည့်ပြီး ငယ်ထိပ် ကုန်ဆုံးအောင် 'ကြည့်+ရှု' လုပ်၊ ထက်+အောက်စုန် ရှု၊ နှလုံး သား ရှု တွေကို စနစ်ကျကျ လုပ်ရမယ်။

ခန္ဓာကိုယ် တခြမ်းကုန် တခြမ်းကျန်၊ ခန္ဓာကိုယ် လေးပိုင်းကွဲ ပျက်၊ ခြောက်ပိုင်းကွဲပျက်၊ ရှစ်ပိုင်း ကွဲပျက် စသည်တွေမှာလဲ ဒီအတူပဲ သိကြပါ။

ကျန်တဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းကို သွက်သွက်မြန်မြန် ကြည့်ဖို့ ဝမ်းဗိုက် ပျက်စီး ပေါက်ကွဲမှု စသည်ကို မြင်ယင် ကြောက်လန့် သတိ လွတ် မဖြစ်စေဖို့ ကောင်း လိုအပ်ပါတယ်။ ကျွမ်းကျင်တဲ့ဆရာ အနီးမှာ ရှိယင် ထိန်းသိမ်းနိုင်ပါတယ်။

## အညွှတ္တရုပ်ပေါ်နည်း

ရေတွက်မကုန်နိုင်တဲ့ ကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓရဲ့ သာသနာ တော်နဲ့ ဆက်စပ်တဲ့ ညောင်လွန့် ကျေးဇူးကို အများကောင်းကျိုး အတွက် ဆက်ပြောပါမယ်။

ပြောခဲ့ပြီးအတိုင်း ဝင်လေ+ထွက်လေကို သိမှတ်မှု သမထ ကြောင့် မိမိ ကိုယ်ခန္ဓာရဲ့ အစိတ်အပိုင်း အသား၊ သို့မဟုတ် အရိုးကို တိုက်ရိုက် မြင်လာဖို့ အားထုတ်ကြရတာဟာ အမြန်ဆုံးနည်းနဲ့ တွက် ယင် သုံးနာရီလောက် ကြာပါတယ်။ သုံးနာရီအတွင်းမှာ ထုံ+ပူ+နာ ကျဉ်+ညောင်း+ကိုက် ယင်လဲ မကြာခဏ မပြင်ရပဲ ဇွဲနဲ့ မာန်နဲ့ ခဲပြီး အားထုတ်ကြရပါတယ်။

ထုံ+ပူ+နာ+ညောင်း အစရှိတဲ့ ဆင်းရဲဝေဒနာ ပေါင်းစုံကို ပွဲရှိယာပုထ်ကို ခဏခဏ မပြင်ပဲ ဇွဲနဲ့ မာန်နဲ့ ခဲပြီး ဝင်လေ+ထွက်လေကို

စဲစဲမြဲမြဲ သိမှတ်နေတာကြောင့် သုံးနာရီလွန်ချိန်မှာ အဇ္ဈတ္တရုပ်သွင်ကို မြင်တဲ့ ယောဂီတွေဟာ ၄% ထက် မပိုပါဘူး။

ဒါကြောင့် ကျေးဇူးတော်ရှင် ညောင်လွန့် (ပထမ) ဆရာတော်ဘုရားကြီးက မြတ်ဗုဒ္ဓ ပိဋကတော်မှ ရှာဖွေ တွေ့သိ ကျင့်တော်မူခဲ့တဲ့ နည်းမှန်ကောင်းကို သက်သက်သာသာနဲ့ မြန်မြန်ရကြဖို့ နည်းလမ်းကောင်းကို ညောင်လွန့် ဝိပဿနာ နည်းပြဆရာတွေက မြတ်ဗုဒ္ဓ ပိဋကတော်မှာ ရှာဖွေကြ ကြံစည်ကြပါတယ်။

မြတ်ဗုဒ္ဓကိုယ်တော်တိုင် တရားပြတော်မူတာကြောင့် ဝိပဿနာ ဉာဏ်ကို သက်သက်သာသာ မြန်မြန်မြဲမြဲ ရရှိကြပြီး နိဗ္ဗာန်မြင်ကြတဲ့ ဇနပဒကလျာဏီ အလှမယ် ဘွဲ့ရသူ ရူပနန္ဒာမင်းသမီး၊ ခေမာမိဖုယား၊ အရှင်စူဠပန်၊ ရွှေပန်းတိမ်သား အစရှိသူတွေရဲ့ ဇာတ်ကြောင်းကို နမူနာ 'စံ' အဖြစ် ထားပြီး လက်တွေ့နဲ့ ပေါင်းစပ်ကြကာ ကျင့်နည်း ပြကြတာကြောင့် "မှန်တယ်+မြန်တယ်+မြဲတယ်+သက်သာတယ်" လို့ လေးချက်ညီ ကောင်းကျိုးပေးတဲ့ ဝိပဿနာ ကျင့်စဉ်ကို ဗုဒ္ဓနည်းကျ တွေ့သိ အောင်မြင် တွင်တွင်ကျယ်ကျယ် ကျင့်နေကြ ညွှန်ပြနေကြပါပြီ။ ဒီနည်းကို အဇ္ဈတ္တရုပ်ဖော်နည်းလို့ အမည်မှည့်ထားကြပါတယ်။

ကျေးဇူးတော်ရှင် ညောင်လွန့် (ပထမ) ဆရာတော်ဘုရားကြီးနှင့် တကွ နောက်အဆက်ဆက် ညောင်လွန့် ဝိပဿနာ နည်းပြဆရာတွေ ထိုထို ဗုဒ္ဓ ပိဋကတော်ထဲက ရှာဖွေ တူတ်ဖော်ကြကာ လက်တွေ့ အသုံးပြု အောင်မြင်နေတဲ့ အဇ္ဈတ္တရုပ်ဖော်နည်း လေးမျိုး။

(၁) အလင်းရောင်နဲ့ကပ်ပြီး ဖော်နည်း။

(၂) အလင်းရောင်မှ ကူးဆက် ဖော်နည်း။

(၃) ရုပ်ဝေဒနာမှ ကူးဆက် ဖော်နည်း။

(၄) ဗဟိဒ္ဓ ရုပ်မှ ကူးဆက် ဖော်နည်းတွေ ဖြစ်ကြပါတယ်။

## (၁) အလင်းရောင်နဲ့ ကပ်ပြီး ဖော်နည်း

ဝင်လေ+ထွက်လေကို သိမှတ်နေမှု သမာဓိကြောင့် ထင်ရှား ပေါ်လာ မြင်လာတဲ့ သမထနိမိတ် အလင်းရောင် အဝန်းငယ်ကို

နှာခေါင်းအနီး၊ နှုတ်ခမ်းအနီး၊ ပါးအနီး၊ နဖူးရှက်အနီး စသည် တနေရာရာမှာ တွေ့မြင်ရလေ့ ရှိပါတယ်။

အလင်းရောင် ဝန်းငယ်ဟာ နှာခေါင်း စသည်တွေနဲ့ ထိစပ်ကပ်နေယင် လက်နှိပ်ဓာတ်မီးရောင်ကို အားပြုကာ လမ်းပေါ်ရှိ ကျင်းချိုင့် ကျောက်ခဲ သစ်ငုတ် စသည် တွေကို ကြည့်သလို ဝင်လေ ထွက်လေကို သိမှတ်နေယင်းနဲ့ အလင်းရောင် ထိစပ် ကပ်နေတဲ့ ကိုယ့်ခန္ဓာ အစိတ်အပိုင်းကို အလင်းရောင်ကို အားပြုကာ ကြည့်နေယင် ကိုယ့်ခန္ဓာ အစိတ်အပိုင်းကို ထင်ရှား မြင်ရတတ်ပါတယ်။ ကိုယ့်ခန္ဓာ အစိတ်အပိုင်းကို ထင်ရှား မြင်နေယင် ပြောခဲ့ပြီး အတိုင်း 'ကြည့်+ရှု' လုပ်ကာ ဖြစ်+ပျက် မြင် ဉာဏ်ကို ရနိုင်ပါတယ်။

အလင်းရောင်ဝန်းဟာ ကိုယ့်အသားနဲ့ မထိစပ်ပဲ မီးခြစ်ဆံ တလုံးလောက်မျှ ဝေးကွာနေယင် စိတ်တည်ငြိမ်အောင် ကြိုးစားပြီး ဝင်လေ ထွက်လေကို သိမှတ်နေယင် အလင်းရောင်ဟာ တဖြည်းဖြည်း ရွေ့ရွေ့ပြီး အသားနဲ့ ထိစပ်ကာ ကိုယ့်အသားကို မြင်ရတတ်ပါတယ်။ စိတ်ဇွဲသန်သန်နဲ့ ကြိုးစားမှသာ အောင်မြင်ပါမယ်။

## (၂) အလင်းရောင်မှ ကူးဆက်ဖော်နည်း

နှာခေါင်း အစရှိတဲ့ ကိုယ့်ခန္ဓာအနီး မကပ်ပဲ မျက်စိနဲ့ တမိုက်ကွာ တစ်ထွာကွာ တစ်တောင်ကွာလောက်မှာ အငယ်ဆုံး လက်သန်းဖျား၊ အကြီးဆုံး ယပ်ဝန်းခန့်ရှိ အလင်းရောင်ကို မမှိန် ထင်ရှား၊ မလှုပ် တည်ငြိမ်၊ မပျောက် ခိုင်မြဲ မြင်နေယင် ဝင်လေ ထွက်လေကို ပုံမှန်ရှူရှိုက်ကာ အလင်းရောင်ကို မိနစ်ဝက်ခန့် စူးစိုက်ကြည့်ပြီး မိမိ ဝမ်းဗိုက်ကို **အလွန် သွက်သွက်မြန်မြန်** စူးစိုက်ကြည့်လိုက်ယင် ဝမ်းဗိုက်အသားကို ထင်ထင်ရှားရှား မြင်ရပါတယ်။

သတိပြုဖို့ တချက်က ကြည့်လျှင် ကြည့်ချင်း ဝမ်းဗိုက်သားကို မမြင်ယင် ဝမ်းဗိုက်သားကို ဆက်လက်မကြည့်ပဲ ဝင်လေ+ထွက်လေကို သွက်သွက်မြန်မြန် ပြန်မှတ်ကာ အလင်းရောင်ကို ပြန်ကြည့်ရမယ်။ (၁၀း)စက္ကန့်လောက် ကြာပြီးမှ အလင်းရောင်ကို ပြန်ကြည့်ယင် မမြင်တော့ပဲ ဖြစ်တတ်ပါတယ်။

ဝမ်းဗိုက်သားကို ထင်ထင်ရှားရှားမြင်ယင် ဝင်လေ ထွက်လေကို သိမှတ်မှု မပြုတော့ပဲ ဝမ်းဗိုက်သားကို 'ကြည့်+ရှု' လုပ်ရမယ်။ မြင်နေရတဲ့ ဝမ်းဗိုက်သားဟာ တစ်လက်မခန့်မျှ အကွက်ငယ်ယင် တကွက်လုံးကို 'ကြည့်+ရှု'လုပ်ပါ။ လက်တဝါးခန့် မြင်နေယင် အလယ်ဗဟို တစ်လက်မခန့်ကို 'ကြည့်+ရှု'လုပ်ကာ ဝိပဿနာဘက် ကူးတက်ရမယ်။

ဝမ်းဗိုက်အသားကို မှိန်မှိန်မြင်ယင် 'ကြည့်+ရှု' မလုပ်ပါနဲ့၊ လုပ်ငန်း အပြီးသတ်ချိန်အထိ မှိန်မှိန်မှုန်မှုန် မြင်နေရမယ်။ တသက် ပတ်လုံး ကြိုးစားပေမယ့် ထင်ရှားမြင်ဖို့ မျှော်လင့်ချက် အနည်းငယ်မျှ မရှိဘူး။ ဝင်လေ+ထွက်လေကို ပြန်မှတ်ပါ။

ပြောခဲ့ပြီး နည်းနှစ်မျိုးဟာ ယောဂီအတွက် ဝေဒနာ လုံးဝ မရှိပဲ သက်သာလှတဲ့နည်းတွေ ဖြစ်ကြပါတယ်။ နံပါတ် (၂) နည်းမှာ ယောဂီရဲ့ ပါးနပ် သွက်လက်မှု အထူး လိုအပ်တယ်။ ကျွမ်းကျင်တဲ့ နည်းပြဆရာရဲ့ အကူအညီ ရယင် သွက်လက်တဲ့ ယောဂီတွေ ရာနှုန်း ပြည့် အောင်မြင်နေပါတယ်။

### ကူးဆက်မရတဲ့ အလင်းရောင်များ

(၁) မှုန်မှုန်မှိန်မှိန်၊ (၂) မငြိမ် ရွေ့လျား၊ (၃) မျက်စိနားကပ်၊ (၄) ဝေးရပ်မှာမြင်၊ (၅) စ ဆုံး မထင်၊ ပြင်ကျယ်အရောင်၊ (၆) မြားမြောင်မြင်နေ၊ (၇) ရောင်စုံတွေပြား၊ လင်းရောင်များ ကား၊ ထူးခြားကောင်းကျိုး၊ မဖြစ်ရိုးတည်း။

× × ×

## (၃) ရုပ်ဝေဒနာမှ ကူးဆက် ဖော်နည်း

မှိတ်ထား အဝတ်နဲ့လဲပိတ်စည်းထားတဲ့ မျက်စိထဲမှာ သမထ နိမိတ် မပေါ်လှသေး၊ သို့မဟုတ် ပေါ်လှတဲ့ နိမိတ် မထင်ရှား သေးခင် ခန္ဓာကိုယ် အစိတ်အပိုင်း (လက်၊ ပေါင်၊ ခြေသလုံး စတဲ့) တနေရာရာမှာ လေး+ထုံ+ကျင်+ကိုက်+နာ+ယား စတဲ့ ကာယိက ဝေဒနာ(ခေါ်) ရုပ်ဝေဒနာတွေ ဖြစ်ပေါ်လေ့ ရှိကြတယ်။

**(က) သမာဓိကြောင့် ဖြစ်တဲ့ ဝေဒနာများ။** ။ကြမ်းပြင် စသည်နဲ့ မထိ အသားချင်း မထိတဲ့ ကိုယ်အစိတ်အပိုင်း (ခြေဖဝါး၊ ခြေမျက်စိ အပေါ်ဘက်၊ ဒူးဆစ်၊ ပေါင်သား၊ လက်ဖဝါး၊ လက်မောင်း၊ လည်ကုတ် အစရှိတဲ့ နေရာ)တွေမှာ ဖြစ်ပေါ်လာတဲ့ ရုပ်ဝေဒနာတွေဟာ သမာဓိကြောင့် ဖြစ်လာတဲ့ ရုပ်ဝေဒနာတွေ ဖြစ်ကြပါတယ်။ (ရုပ်ဝေဒနာကို သံယုတ် ၂၊ နာ-၅၇ မှာ ကြည့်။)

သမာဓိစွမ်းရည် နုသေးချိန်မှာသာ ဒီ ရုပ်ဝေဒနာတွေ ဖြစ်ကြတာကြောင့် သမာဓိကြောင့်ဖြစ်တဲ့ ရုပ်ဝေဒနာတွေလို့ ပြောပါတယ်။

ယောဂီဟာ ဣရိယာပုထ်ကို မပြင် မပြောင်းပဲ ဝေဒနာကို သည်းခံပြီး ဝင်လေ+ထွက်လေကိုသာ စိတ်မလွှတ်အောင် စူးစိုက်ကာ အံဝင်ခွင်ကျ သိမှတ်နေရမယ်။

ဝေဒနာဟာ ခံရခက်လှိုန်းနိုး ပြင်းထန်လာယင် ဝင်လေ ထွက်လေ သိမှတ်မှုကို မပြုတော့ပဲ ဝေဒနာ ပြင်းထန်နေတဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်းကို စိတ်ရော မျက်စိပါ သွက်သွက် မြန်မြန် စိုက်ကြည့် လိုက်ယင် အသား၊ အရိုးကို ထင်ရှား မြင်ရပါတယ်။ ဝေဒနာလဲ အနည်းငယ် လျော့သွားပါတယ်။

ထင်ရှား မြင်နေရတဲ့ အသား၊ အရိုးကို မျက်ခြည်မပြတ် ဆက်လက် ကြည့်နေပြီး မိနစ်ဝက်လောက် ကြာအောင် ထင်ရှား မြင်နေရသေးယင် "ကြည့်+ရှု"ဂုပ်ကာ ဝိပဿနာဘက် ကူးတက် သွားရပါမယ်။

အထူး သတိပြုရမည့် အချက်က—

(၁) ဝေဒနာ ပြင်းထန်မှု အံကိုက်ဖြစ်အောင် အထူး သတိပြုရပါ မယ်။ ဝေဒနာ အားပျော့ယင် အသား၊ အရိုးကို မှုန်မှုန်မှိန်မှိန် မြင်ရတယ်၊ (သို့မဟုတ်) မမြင်ရဘူး။ ဝေဒနာ ပြင်းထန် လွန်းယင် ဣရိယာပုထ် ပြင်ချင်စိတ် ထက်သန်ကာ အသား၊ အရိုးကို ဆက်လက် ကြည့်နိုင်အောင် သမာဓိမမြဲပဲ ဖြစ်တတ် တယ်။

(၂) ထင်ရှား မြင်နေရက်နဲ့ အသား၊ အရိုးကို 'ကြည့်+ရှု' လုပ်နေချိန်မှာ ပျက်ထာကို မမြင်သေးယင် ဣရိယာပုထ်ကို မပြင် မပြောင်းပဲ 'ကြည့်+ရှု' လုပ်ငန်းကို အထူး စူးစိုက် စိတ်စွဲမြဲကာ ပြုလုပ်ရမယ်။

(၃) 'ကြည့်+ရှု လုပ်နေတဲ့ အသား၊ အရိုးဟာ တစ်မိုက်၊ တစ်ထွာ ပျက်ပြီးချိန်မှာ ဝေဒနာ အလွန်ပြင်းထန်နေသေးယင် ကြည့်နေမြဲဖြစ်တဲ့ အသား၊ အရိုးကို မျက်ခြည်မပြတ် ကြည့်နေပြီး ဣရိယာပုထ်ကို အလွန် မြန်မြန် သွက်သွက် ပြင်နိုင်ခွင့် ရှိပါတယ်။

(၄) ရုပ်ဝေဒနာမှ ကူးဆက်ကာ အဇ္ဈတ္တရုပ် ဖော်တာဟာ အများဆုံး (ငါး) ကြိမ်မျှသာ ရနိုင်တယ်၊ ဖြစ်နိုင်တယ်။ ဒါကြောင့် "ကြည့်+ရှု" လုပ်နေယင်း ဝေဒနာကို သည်းမခံနိုင်လို့ လုပ်ငန်း ပျက်စီးမှု မဖြစ်ရအောင် ကြိုးစားပါ။ အပါယ်ဘေး ဒုက္ခ၊ သေဘေး ဒုက္ခတွေနဲ့ နှိုင်းစာယင် ယခု တွေ့နေရတဲ့ ဝေဒနာဒုက္ခဟာ သေးသေးဖွဲဖွဲပဲလို့ နှလုံးသွင်းပါ။

**နည်းပြဆရာ ကြုံတွေ့ရတာ။** ။ကျွမ်းကျင်တဲ့ နည်းပြဆရာရဲ့ အကူအညီကို ရယင် ဒီ ကူးဆက်နည်းဟာ ကိုးဆယ့်ရှစ်ရာခိုင်နှုန်း ကိုက်ညီ အောင်မြင်ပါတယ်။

× × ×

## (၄) ဗဟိဒ္ဓရုပ်မှ ကူးဆက် ဖော်နည်း

တစ်မိနစ်သာသာ ကြာအောင် မှိန် ထင်ရှား၊ မလှုပ် ညည်းငြိမ် မပျောက် ခိုင်မြဲကာ မြင်နေတဲ့ သမထ နိမိတ် ပေါင်းစုံတွေထဲက—

(က) စေတီတော်၊ သပိတ်၊ သင်္ကန်း၊ အုတ်နံရံ၊ သစ်နံရံ၊ ရေပြင်၊ မြေပြင်၊ မြက်ခင်းပြင်၊ လယ်ကွင်းပြင်၊ သစ်ပင်လုံး၊ တိုင်၊ ကျောက်တုံး၊ မှိုပွင့် အစရှိတဲ့ စိတ်မဲ့ အရာဝတ္ထု သမထ နိမိတ်တွေထဲ တခုခုကို မိမိရဲ့ ဝမ်းဗိုက်ကို သွက်သွက် မြန်မြန် ကြည့်ပြီး ကူးဆက်ကာ အဇ္ဈတ္တရုပ်ကို ဖော်ရပါတယ်။

(ခ) ဗုဒ္ဓရုပ်တုတော်၊ လူ ရုပ်သွင်၊ အရိုးစုတွေကို မြင်ယင် ထင်ရှားတဲ့ သမထ နိမိတ်ရဲ့ ကိုယ်အစိတ်အပိုင်းမှ မိမိရဲ့ ကိုယ်အစိတ် အပိုင်းကို ကူးဆက်ကြည့်ကာ အဇ္ဈတ္တ ရုပ်ကို ဖော်ရပါတယ်။

သမထနိမိတ် ရုပ်တုရဲ့ ထင်ရှားတဲ့ ယာဘက်ပါးမှ မိမိရဲ့ ညာ ဘက်ပါးကို၊ ရုပ်တုရဲ့ ဝဲဘက်ပါးမှ မိမိရဲ့ ဝဲဘက်ပါးကို၊ ရုပ်တုရဲ့ ယာဘက် လက်မောင်းမှ မိမိရဲ့ ယာဘက် လက်မောင်းကို၊ ရုပ်တုရဲ့ နှာခေါင်းမှ မိမိရဲ့ နှာခေါင်းကို၊ ရုပ်တုရဲ့ ဝမ်းဗိုက်မှ မိမိရဲ့ ဝမ်းဗိုက်ကို၊ ရုပ်တုရဲ့ ရင်ဘတ်ရိုးမှ မိမိရဲ့ ရင်ဘတ်ရိုးကို စသည် ပုံစံတူအောင် ကူးဆက်ကြည့်ကာ အဇ္ဈတ္တရုပ်ကို ဖော်ရပါတယ်။

(ဂ) ရုပ်တုရဲ့ မျက်နှာ တခုလုံးကို မြင်နေယင် ရုပ်တုရဲ့ နှာခေါင်း၊ သို့မဟုတ် ပါးတဘက်ကိုသာ စူးစိုက်ကြည့်ကာ (၁၅) စက္ကန့်သာသာ ကြာယင် ကိုယ့်နှာခေါင်းကို သို့မဟုတ် ကိုယ့်ပါး တဘက်ကို သွက်သွက် မြန်မြန် ကူးဆက်ကြည့်ကာ အဇ္ဈတ္တရုပ်ကို ဖော်ရ ပါတယ်။ အဇ္ဈတ္တရုပ်ကို ထင်ရှား မြင်ပြီးယင် 'ကြည့်+ရှု' လုပ်မှု၊ တကိုယ်လုံး ကုန်ယင် ထက်အောက်စုန် လုပ်မှု၊ နှလုံးသား ရှုမှုတွေကို ပြောခဲ့ပြီးအတိုင်း ပြုလုပ်ရပါမယ်။

**နည်းပြဆရာ ကိုယ်တွေ့မှာ။** ။ကျွမ်းကျင်တဲ့ နည်းပြဆရာရဲ့ အကူအညီ ကို ရယင် ရာနှုန်းပြည့် အောင်မြင် ပါတယ်။

## ထူးပါလျက်နဲ့ မဆန်း

အဇ္ဈတ္တရုပ် ဖော်နည်းဟာ ထူးပါလျက်နဲ့ မဆန်းပါဘူး ဆိုတဲ့ အခြင်းအရာကို ပရိသတ် သဘောရှင်းအောင် အနည်းငယ်ပြောပါမယ်။

(၁) **မိတ်ဆွေအလင်းရောင်။** ။"ဝိပဿနာယ ဩဘာသော၊ ဩဘာ သောတိ ပဝုစ္စတိ" ဝိပဿနာ စိတ် ကြောင့် ဖြစ်လာတဲ့ အလင်းရောင်ဟာ ရန်သူအလင်းရောင်ပဲလို့ ပိဋကကျမ်းဂန်တွေမှာ ဆိုထားတဲ့ စကားကို မပစ်ပယ်ပါဘူး။ သမထ

လုပ်ငန်းမှာ သမာဓိကြောင့် ဖြစ်လာတဲ့ အလင်းရောင်ကို တန်ဖိုးပြည့် ကောင်းကျိုး ဖြစ်ထွန်းအောင် ဥဒယဗ္ဗယ ဝိပဿနာဉာဏ်ကို တကယ်ရ အောင် အလင်းရောင် မိတ်ဆွေအဖြစ်နဲ့ အသုံးပြုကာ အားထုတ်ပါ တယ်။ ဒါကြောင့် ပိဋကကျမ်းဂန်တွေနဲ့ ညီစွာ အလင်းရောင်ကို (၁) ရန်သူနဲ့ (၂)မိတ်ဆွေလို့ နှစ်မျိုး ခွဲခြား သတ်မှတ်ထားပါတယ်။

## ရုပ်ဝေဒနာ

စေတသိက (ခေါ်) ခံစားမှု ဖြစ်တဲ့ နာမ်ဝေဒနာကို မလိုက်ပဲ မရှုပဲ ကာယိက (ခေါ်) ခံစားဖွယ် ဖြစ်တဲ့ ရုပ်ဝေဒနာကိုလဲ အစ အဆုံး မလိုက်ပဲ ဒီရုပ် ဝေဒနာကို အကြောင်းရင်းပြုကာ တန်ဖိုး ပြည့်ပြည့် ကောင်းကျိုး ဖြစ်ထွန်းအောင် ဥဒယဗ္ဗယ ဝိပဿနာဉာဏ် အစစ်ကို ယောဂီတွေ ကိုယ်တိုင် မျက်မြင် "မှန်+မြန်+မြဲစွာ" ရနိုင် ကြဖို့ အသုံးပြုပါတယ်။ ဒါကြောင့် ပိဋက ကျမ်းဂန်တွေနဲ့ ညီစွာ ဝေဒနာကို (၁) နာမ်နဲ့ (၂) ရုပ်လို့ နှစ်မျိုး ခွဲခြား သတ်မှတ် ထားပြီး ဝေဒနာ မလိုက်ပဲ ဝေဒနာ ရှုနည်း တမျိုးကို အသုံးပြု ပါတယ်။

## ကောင်းကျိုးငါးတန်

မြတ်ဗုဒ္ဓနည်းကျ ညောင်လွန့်တောရ ဝိပဿနာနည်းကို အား ထုတ်တာကြောင့် ဝိပဿနာဉာဏ် ပထမဆင့် အောင်မြင်ပြီးသူတိုင်းဟာ ထူးခြားတဲ့ အကျိုးငါးမျိုးကို မလွဲမသွေ ရကြပါတယ်။

(၁) ဥဒယဗ္ဗယ ဝိပဿနာဉာဏ်ကို ရပြီလို့ ယောဂီကိုယ်တိုင် တိတိပပ သိတယ်၊ ရရှိပုံကိုလဲ ခဏာပစ္စုပ္ပန် ကျကျ ပြောနိုင်စွမ်း ရှိတယ်၊ ရသလိုလို စိတ်မှန်းနဲ့ ပြောဆိုမှု မရှိ။

ဥဒယဗ္ဗယ ဝိပဿနာဉာဏ်ကို ရရှိတာဟာ (၂) မှန်တယ်၊ (၃) မြန်တယ်၊ (၄) မြဲတယ်၊ (၅) သက်သာတယ်ဆိုတဲ့ ကောင်းကျိုး တွေကိုလဲ ရရှိကြပါတယ်။

## ဝိပဿနာ ဘယဆေးဆိုင်ကြီး

အရဟန္တ (ပါဠိ) က ဖြစ်လာတဲ့ "အရဟန်း" ပါဠိသက် စကားမှာ 'အ'ကို ဖြုတ်ပယ်ပြီး "ရဟန်း" လို့ ပါဠိပျက် မြန်မာ စကားလို 'အဘယ ဆေးဆိုင်' မှာ 'အ' ကို ဖြုတ်ပယ်ပြီး 'ဘယဆေး ဆိုင်'လို့ မြန်မာစကား ဖြစ်နေပါတယ်။

သစ်ရွက်၊ သစ်ခုံ၊ သစ်သား၊ သစ်ပွင့်၊ သစ်သီး၊ သစ်ဥ၊ သစ်မြစ် စသည်တွေဟာ အသုံးချပညာ မရှိသူတွေအဖို့ အမှိုက်သဖွယ် တန်ဖိုးမရှိ ဖြစ်နေကြပေမယ့် အသုံးချ ပညာ ရှိသူတွေ အဖို့တော့ စပါးစိုက်၊ ဟင်းသီးပင်၊ ဟင်းရွက်ပင်စိုက်၊ သစ်ပင်စိုက် စသည်တွေမှာ မြေဩဇာကောင်း ဖြစ်နိုင်ကြပါတယ်။ ဆေးပညာ ကျွမ်းကျင်သူအဖို့ အသက်ကယ်ဆေးအဖြစ် တန်ဖိုးကြီးလှတယ်။ ဘယဆေးဆိုင် တည်ပြီး စီးပွားဖြစ်ထွန်းကာ နေအိမ်၊ ရွှေ၊ ငွေ စတဲ့ လောကီ ရတနာတွေကို ရရှိ သုံးစွဲနေကြသူတွေ အမြောက်အမြားရှိတယ်။

ဒီ အတူပါပဲ။ ဝိပဿနာ ကျင့်စဉ် နည်းတွေမှာ ဝင်လေ ထွက် လေကို မှတ်မှု၊ ကိုယ်မှာ ပေါ်တာကို မှတ်မှု၊ မြင်တာကို မှတ်မှု၊ သိတာကို မှတ်မှု၊ လုပ်ငန်းတခုခုမှာ စိတ် တည်ငြိမ် လာတဲ့ သမထ သမာဓိကြောင့် (က) မိမိကိုယ်မှာ ဖြစ်ပေါ်လာတဲ့ ရုပ် ဝေဒနာတွေ (ခ) မြင်လာတဲ့ အလင်းရောင် ရေ၊ မြေ၊ ဘုရား၊ လူ အစရှိတဲ့ ဗဟိဒ္ဓ ရုပ်တွေကို အသုံးမချတတ်သူတွေက တန်ဖိုးမရှိ၊ အသုံးမဝင်၊ ရန်သူ စာရင်းတွင် သွင်းကြကာ ပစ်ပယ်ကြပေမယ့် ညောင်လွန့်တောရ ဝိပဿနာ ကျင့်စဉ် နည်းမှာတော့ ဝိပဿနာဉာဏ်ကို မျက်မြင်ရဖို့ အင်မတန် တန်ဖိုးကြီးတဲ့ ရတနာတွေ၊ အမတ နိဗ္ဗာန် (ခေါ်) မသေ ဆေးတော်ကြီးရဲ့ အကယ့် ဆေးဘက်ဝင် ရတနာတွေသာ ဖြစ်ကြပါ တယ်။ ဒါကြောင့် ညောင်လွန့်တောရ ဝိပဿနာ ကျင့်စဉ် နည်းဟာ ဗုဒ္ဓနည်းကျ ဘယဆေးဆိုင်ကြီးနဲ့ တူပါတယ်လို့ မှတ်ယူကြပါ။

မြတ်ဗုဒ္ဓ ပိဋကတော်မှာ အမတ နိဗ္ဗာန် (ခေါ်) မသေဆေး နည်းပေါင်း အလွန်များစွာ ရှိပါတယ်။ ဝိပဿနာနည်းပြဆရာတွေရဲ့ အသုံးပြုတတ်တဲ့ ပညာနဲ့ ကျွမ်းကျင်မှု ရှိကြဖို့သာ လိုပါတော့တယ်။

ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ (သုတ်သီလက္ခန် ကေဝဋ္ဋသုတ်)မှာ သဗ္ဗတောပဘံကို အဋ္ဌကထာ ဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ မဟာထေရ်မြတ်က သဗ္ဗတောပပံလို့ ပုဒ်ဖြတ်ကာ လမ်းဆုံ ရေဆိပ်လို့ အမည်ပေးထားတာကို နမူနာယူပြီး ဝိပဿနာ ဘာယ ဆေးဆိုင်ကြီးလို့ အမည်ပေးပါတယ်။

သတ်မှတ်ထားချိန် လွန်သွားပြန်ပြီ၊ ကျင့်စဉ်မှန်ကို လွယ်ကူ ချမ်းသာစွာ ကျင့်ခွင့်ရကြကာ အသင်္ခတ နိဗ္ဗာန်ကို မြန်မြန် မှန်မှန် မြင်ကြပါစေ။

## ၁၃၄၁-ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၈) ရက်၊
## နံနက် ၈း၁၀ နာရီ

### ဒုတိယ အဆင့် တက်နည်း

**ရုပ် နာမ် အနိစ္စ**

ရုပ် အနိစ္စလို့ ရှုတဲ့ ဝိပဿနာဉာဏ် ရင်သန့်လာယင် နှလုံးသားရဲ့ အလယ်မှာ နှမ်းလုံးခန့်လောက်၊ မီးခြစ်ဆံ ယမ်းလုံးခန့်လောက် ရှိတဲ့ အကြည်ဓာတ်ကို မြင်ရပါတယ်။

ရုပ် အနိစ္စလို့ ဝိပဿနာ ရှုနေခိုက်မှာ အကြည်ဓာတ်ဟာ ဝင်းလက်လာပြီးတော့ ဝိပဿနာ ရှုပြီးချိန်မှာ အကြည်ဓာတ်ရဲ့ ဝင်းလက်ရောင် ပျောက်ပျက်သွားတာကို ယောဂီကိုယ်တိုင် မြင်ရပါမယ်။

ရုပ် အနိစ္စလို့ ဝိပဿနာ ရှုစိတ် ဖြစ်ထာကြောင့် အကြည်ဓာတ်ရဲ့ ဝင်းလက်ရောင်ဟာ ဖြစ်လာပါတယ်။ ဝိပဿနာရှုစိတ် ပျက်စီးကာ မရှိတော့တာကြောင့် အကြည်ဓာတ်ရဲ့ ဝင်းလက်ရောင်ဟာလဲ ပျက်သွားတယ်၊ မရှိတော့ဘူးလို့ အနိစ္စ သဘာဝမှန်ကို ကြောင်း+ကျိုး ဆက်ကာ နှလုံးသွင်းပါ။

**နာမ်တရားရဲ့ သဘာဝမှန်**

စိတ်နဲ့ စေတသိက် (ခေါ်) နာမ်တရားတွေကို ဘယ်သူမျှ မျက်စိနဲ့ မမြင်နိုင်ကြဘူး။ အစွမ်းထက်မြက်ဆုံး ဉာဏ်တော် ဖြစ်တဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရတော်မူကြတဲ့ ဘုရားရှင်တွေသော်မှ

နာမ်တရားကို မျက်စိနဲ့ မမြင်ကြပါဘူး။ ဒါကြောင့် မျက်စိနဲ့ မမြင်နိုင်တဲ့ မမြင်ရတဲ့ စိတ်နဲ့ စေတသိက် (ခေါ်) နာမ်တရားတွေရဲ့ ဖြစ်+ပျက် ကို ဘယ်သူမျှ မျက်မြင်မတွေ့နိုင်ကြပဲ မှန်းဆကာသာ သိကြရပါတယ်။

လေကို မျက်စိနဲ့ မမြင်နိုင်ပေမယ့် သစ်ရွက် လှုပ်နေတာကို မျက်မြင်ဒိဋ္ဌ တွေ့နေရတာကြောင့် လေတိုက်နေတယ်လို့ မှန်းဆသိကြရသလို အနိစ္စလို့ ဝိပဿနာ ရှုစိတ် ဖြစ်ထာကြောင့် အကြည်ဓာတ်ဟာ ဝင်းလက် လာတယ်။ ဝိပဿနာ ရှုစိတ် ချုပ်ပျောက်ပျက်စီးတာကြောင့် အကြည်ဓာတ်ရဲ့ ဝင်းလက်ရောင်ဟာလဲ ပျက်စီးကာ မရှိတော့ဘူးလို့ မျက်မြင်ဖြစ်တဲ့ ရုပ်တရား အကြည်ဓာတ်ရဲ့ ဖြစ်+ပျက်ကို ထောက်ဆပြီး နာမ်တရားရဲ့ ဖြစ်+ပျက်ကို မှန်းဆ သိရပါတယ်။

**အကန်းယုံသူ မဟုတ်ပြီ။**

စိတ်နဲ့ စေတသိက်(ခေါ်) နာမ်တရားတွေဟာလဲ ဖြစ်+ပျက် နှစ်တန် ကေန်ရှိကြတဲ့ တရားတွေပဲလို့ မြတ်ဘုရား ဟောထားတာကြောင့်သာ 'ဟုတ်မှန်ပါတယ်' လို့ လက်ခံ ယုံကြည်လိုက်ရှာတဲ့ အကန်းယုံသူ မဟုတ်တော့ဘူး။

ခိုင်လုံတဲ့ အထောက်အထားကို ကိုယ်တိုင် မြင်တွေ့ သိရှိပြီးမှ နာမ်တရားတွေဟာလဲ ဖြစ်+ပျက် နှစ်တန် ကေန်ရှိကြတယ်လို့ ပညာ ပြည့်စုံ ယုံကြသူ ယောဂီဖြစ်ပြီ။

အပရပ္ပစ္စဝယော သဝတ္ထုသာသနေ (မမွေကြာ ပါဠိတော်)။

**သဘောပိုင်ဖို့ ထပ်ဆင့် ရှင်းကြစို့**

(က) နှလုံးသားရဲ့အလယ်မှာ အကြည်ဓာတ်ဟာ ကိလေသာ ညစ်တွေ ဝေးကွာနေတာမို့ ကြည်လင် တောက်ပလှတဲ့ ဝိပဿနာ စိတ်ရဲ့ ရောင်ပြန်ဟပ်မှုကြောင့် ဖြစ်ပေါ်လာရတဲ့ ရုပ်အကြည်ဓာတ် ဖြစ်ပါတယ်။

(ခ) ရုပ် အနိစ္စလို့ ဝိပဿနာ ရှုနေချိန်မှာ အကြည်ခတ် ဝင်းလက် လာတာကြောင့် ဝင်းလက်ရောင်နဲ့အတူ ဝိပဿနာ စိတ် စေတသိက် (ခေါ) နာမ်တရားတွေလဲ ဖြစ်ကြတယ်။

(ဂ) ရုပ်အနိစ္စလို့ ဝိပဿနာ ရှုစိတ် ပြီးဆုံး ပျက်စီးချိန်မှာ ဝင်းလက်ရောင် ပျက်ပျောက်သွားတာကြောင့် ဝင်းလက်ရောင်နဲ့အတူ ဝိပဿနာ စိတ်နဲ့ စေတသိက် (ခေါ)နာမ်တရားတွေလဲ ပျက်စီးကြသာ ပဲလို့ စုံမြဲ သိမှတ်ပြီး နှလုံးသားရဲ့ အလယ်မှာ မြင်နေရတဲ့ အကြည် ခတ်ကို ကြည့်ကာ 'ရုပ်+နာမ် အနိစ္စ၊ ရုပ်+နာမ် အနိစ္စ' လို့ ဝိပဿနာ ရှုကြရပါတယ်။

**ပဌမဆင့် ရှုပုံ။** ။နှလုံးသား မဟုတ်တဲ့ ရုပ်တွေကို ကြည့်ကာ ''ရုပ် အနိစ္စ'' လို့ ရှုပါ။ အတိုပြောယင် ''ရုပ် ရှု''။

**ဒုတိယဆင့် ရှုပုံ။** ။နှလုံးသားရဲ့ အလယ် အကြည်ခတ်ကို ကြည့်ကာ ''ရုပ်+နာမ် အနိစ္စ''လို့ ရှုပါ။ အတိုပြောယင် ''ရုပ် နာမ် ရှု''။

ရုပ်နာမ် အနိစ္စလို့ ရှုဘိုင်း ရှုတိုင်း နှလုံးသားရဲ့ အလယ် အကြည်ခတ်ဟာ လက်ချည် ပျက်ချည် ပုံမှန် ဖြစ်နေယင် ဒုတိယ အဆင့် ဝိပဿနာဉာဏ် ရင့်ပြီလို့ သိပါ။

ရုပ် နာမ် အနိစ္စလို့ ရှုဘာ အံဝင်ဂွင်ကျ ဖြစ်ကာ ဒုတိယဆင့် ဝိပဿနာဉာဏ် ထက်သန်လာယင် အကြည်ခတ်ဟာ ပိုမို တောက်ပ လာတယ်။ တချို့ ယောဂီမှာ အကြည်ခတ်ဟာ ကျယ်ပြန့်လာ ပါတယ်။

## မမ္မအာဝိဇ္ဇာန် ပြုရန်

ညနေ့ဦး တရားကျင့်နှင် ဝင်စအချိန်မှာ သီလဆောက်တည်မှု အနည်းရှိတဲ့ ရှေးဦး လုပ်ငန်း (ပုဗ္ဗကမ္မ)တွေကို ပြုပြီးယင် ''လောကုတ္တရာ မင်္ဂလိုလ်တရားတွေး တရားစစ်ကို ရလိုပါ၏၊ ရပါစေသား'' လို့ ဝမ္မ အာဝိဇ္ဇာန်ပြုပြီးမှ ရုပ်နာမ် အနိစ္စလို့ ဝိပဿနာရှုပါ။

ဓမ္မအဓိဋ္ဌာန် ပြုတာဟာ ဒီဘဝမှာ မဂ်ဖိုလ်ရဖို့ အားကြီးလှတဲ့ အထောက်အကူ ကောင်းဖြစ်ပါတယ်။ ဆုကြီးပန် "စစ်စစ်ဖြစ်သူ" လေးမျိုးတို့ဟာ ဒီ ဓမ္မအဓိဋ္ဌာန်ကို မပြုသင့်ကြဘူး။

## စိတ်အားတင်းလွန်မှု

မကြာခဏ ကြည့်နေ မြင်နေမြဲဖြစ်တဲ့ အရာဝတ္ထုကို စိတ် အလွန်စူးစိုက်မှု မပြုကြပဲ သာမန်မျှသာ ကြည့်သလို နှလုံးသားရဲ့ အလယ်အကြည်ဓာတ်ကို စိတ်အားစိုက်လွန်းမှု မပြုပဲ သာမန်မျှသာ "ကြည့်+ရှု" လုပ်ရမယ်။

စိတ်အလွန် စူးစိုက်ယင် အချိန်ကြာလှာတော့ စိတ်အားတင်းလွန်းတာကြောင့် ရင်အောင့် ရင်နာ ဖြစ်လာတယ်။

စိတ်အား တင်းလွန်းတာကြောင့် ရင်အောင့် ရင်နာ ဖြစ်လာတာလဲ ရှိပါတယ်။ နိဗ္ဗာန်နဲ့ နီးလာတာကြောင့် ပါရမီအရှိန်အဟုန် တက်လာလို့ ရင်အောင့် ရင်နာ ဖြစ်လာတာလဲ ရှိပါတယ်။ ဒီနှစ်မျိုးကို ခွဲခြားနိုင်အောင် သာမန်မျှသာ "ကြည့်+ရှု" လုပ် ရမယ်။ ပါရမီအရှိန် တက်လာချိန်ကို မတွေ့မကြုံဘူးသေးယင် ပါရမီရဲ့ သဘောမှန်ကို တကယ်မသိသေးဘူး။

## ပါရမီအရှိန် တက်လာချိန်

အလွန်အကျွံ စိတ်စူးစိုက်မှု၊ စိတ်အား တင်းလွန်းမှု မပြုပဲ သက်တောင့်သက်သာ သာမန်မျှသာ "ကြည့်+ရှု" တရစပ် လုပ်နေယင် ပါရမီအရှိန် တက်လာချိန်ကို ကြုံတွေ့ ခံစားရမယ်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘတွေဟာ နာမည်သာ ကွဲပြားကြတယ်၊ တရားကတော့ လောကီ ရုပ်နာမ်တွေ ချည်းသာ ဖြစ်ကြတာကြောင့် မကွဲမပြား အတူတူပဲလို့ မြတ်ဗုဒ္ဓက ဟောညွှန်တော်မူထားပါတယ်။

ရှုထောင့်သာ ကွဲပြားတယ်၊ တရားကတော့ အတူတူပါပဲလို့ မကြာခဏ ပြောခဲ့ပါတယ်။ ဒါကြောင့် အနိစ္စလို့ ဝိပဿနာ ရှုနေပါ

လျက်နဲ့ ပါရမီ အရှိန် တက်လှာချိန်မှာ ယောဂီတွေရဲ့ ကြုံတွေ့ ခံစား ရချက်တွေဟာ မတူပဲ ကွဲပြားကြပါတယ်။

(၁) ဒုက္ခနဲ့ကူးဖို့ ပါရမီအရှိန် တက်လှာသူဟာ ရင်အောင့် ရင်ပူ အစရှိတဲ့ ဆင်းရဲတွေကို ပြင်းပြင်းထန်ထန် တွေ့ကြုံ ခံစားရပြီး ကူးပါတယ်။

သံတုံးကို ကျောက်ပေါ်တင်ကာ အပ်ဖြစ်အောင် သွေးတဲ့ ယောကျ်ား ကဲ့သို့ ကြိုးစား ရမယ်လို့ ကျေးဇူး တော်ရှင် ညောင်လွန့် (ပဌမ) ဆရာတော်ဘုရားကြီးက မိန့်ကြားတော် မူခဲ့ပါတယ်။

(၂) အနိစ္စနဲ့ ကူးဖို့ ပါရမီအရှိန် တက်လှာသူဟာ ရင်အောင့် ရင်ပူ အစရှိတဲ့ ဆင်းရဲတွေကို အတော်အသင့်မျှ တွေ့ကြုံခံစားရပြီး ကူး ပါတယ်။

(၃) အနတ္တနဲ့ကူးဖို့ ပါရမီအရှိန် တက်လှာသူဟာ ပြောပလောက် အောင် ဆင်းရဲဝေဒနာကို မတွေ့ကြုံ မခံစားရပဲ ကူးပါတယ်။

အချို့ ယောဂီတွေဟာ နွေရာသီ ပူပြင်းချိန်မှာ ရင်တွင်း၊ ခြေ၊ လက် အေးနေတာကြောင့် အနွေးထည် အဝတ်ပါးပါးကို ဝတ်ရ တတ်ပါတယ်။ ဆောင်းရာသီ အေးနေချိန်မှာ ရင်တွင်း၊ ခြေ၊ လက် တွေ ပူနွေးနေတတ်ပါတယ်။ နေထိုင်ခက်ခဲ ဆင်းရဲလောက်အောင် အေးမှု ပူမှုတော့ မဖြစ်ကြပါဘူး။

စိတ်အား မတင်းလွန်းပဲ ရှပ်နာမ် အနိစ္စရှုတာကြောင့် ဆင်းရဲ ကြုံလှာယင် 'ဝိပဿနာ ရှုယင်း သေသွားယင်လဲ မြတ်ထာပဲ' လို့ အမှားအလွဲကို နှလုံးမသွင်းပါနဲ့၊ သေတတ်တဲ့အလုပ်လဲ မဟုတ်ဘူး၊ သေသူလဲ တဦးမျှ မရှိသေးဘူး၊ မသေနိုင်ဘူး၊ ငါ့ပါရမီအရ ကြုံတွေ့ လှာတာပဲလို့ ရဲရဲမြဲမြဲ နှလုံးသွင်းကာ အံခဲပြီး အနိစ္စလို့သာ ရှုမြဲ ရှုပါ၊ စိတ်မလျှော့ပါနဲ့၊ ကြံရိယာပုထ်ကို မပြောင်းပါနဲ့၊ မပြင်ပါနဲ့။

ပါရမီ ပါရမီလို့ အတောမသတ်အောင် ပြောလှာ ခဲ့ပြီး နိဗ္ဗာန်နဲ့ နီးကပ်တာကြောင့် ပါရမီ အရှိန် တက်လှာချိန် ရောက်မှ ခွဲပျော့ စိတ်လျှော့ယင် ပါရမီကို မယုံကြည်သူ၊ ပစ်ပယ်သူ ဖြစ်တယ်။

## ဝိပဿနာဉာဏ် ဆုံးချိန်

ကြုံလှာသမျှ ခံစားရချက်တွေကို ဂရုမစိုက်ပဲ နှလုံးသား အကြည်ခေတ်ကိုသာ ရှုပ်နာမ် အနိစ္စလို့ "ကြည့်+ရှု" တရစပ် နေယင် ဝိပဿနာဉာဏ် ဆုံးပြီး ဆင်းရဲ မရှိတော့ပဲ အိပ်ပျော်နေသလို ဖြစ်နေ ပါမယ်။ အမှန်စစ်တော့ အိပ်ပျော်နေတာ မဟုတ်ပါဘူး။

ယောဂီဟာ ခေါ်မရ လှုပ်မသိ ဖြစ်နေတာကြောင့် မြတ်ဗုဒ္ဓ ညွှန်ပြတော် မူခဲ့တဲ့ တကယ်ငြိမ်းချမ်းမှု တရားသဘောမှန်ကို နက်နက် နဲနဲ မသိသူများနဲ့ မတွေ့ဘူး မမြင်ဘူးသူများက မေ့မြောနေ တယ်လို့ အထင်မှားကြပါတယ်။ မေ့မြောနေတာလဲ မဟုတ်ပါဘူး။ ဆင်းရဲမရှိပဲ ငြိမ်းချမ်းနေတာသာ ဖြစ်ပါတယ်။

## အထူး သိမှတ်ထားကြဖို့

ဒီအချိန်မှာ ခေါ်မရ လှုပ်မသိ ဖြစ်နေတဲ့ ယောဂီကို ဇွတ် အတင်းခေါ်မှု လှုပ်မှု စသည်ကို မပြုလုပ်ကြပါနဲ့၊ စိတ်ပူပန်မှုလဲ မရှိ ကြပါနဲ့၊ သဘာဝမှန်အတိုင်း အချိန်ကျယင် သိစိတ် ပြန်ဝင်လှာပါ လိမ့်မယ်။

ဇွတ်အတင်း ခေါ်ကြ လှုပ်ကြတာကြောင့် တကယ့် ငြိမ်းချမ်းမှု မဟာ လာဘ်ကောင်းကြီးနဲ့ သိသိ လွဲချော်ကာ ဘဝ များစွာမှာ အကောင်းဆုံး အကြီးဆုံး ဖြစ်တဲ့ ရှုံးမှု နစ်နာမှုကို တွေ့ကြုံကြသူတွေ ရှိခဲ့ဘူးပါတယ်။ ဇွတ်အတင်း ခေါ်သူ လှုပ်သူဟာ "မာရ်နတ် မိစ္ဆာ တကယ့် အဖျက်သမား စစ်စစ်" ဖြစ်ပါတယ်။

ဗဟုသုတမပြည့်၊ ပညာမရှိ၊ သဘာဝမှန်ကို မသိ၊ စိတ်ပူပန်တာ ကြောင့် ဇွတ်အတင်း ခေါ်မိ လှုပ်မိသူဟာ အဖျက်စေတနာ မပါပေမယ့် အဇာတသတ် မင်းသားကို နိဗ္ဗာန်လာဘ်ကောင်းကြီးနဲ့ လွဲချော်အောင် ပြုလုပ်ခဲ့တဲ့ ဒေဝဒတ်မိုက်နဲ့ တန်းတူသူ စစ်စစ် ဖြစ်ပါတယ်။

ဒါကြောင့် ညောင်လွန့်တောရ ဝိပဿနာ ကျင့်စဉ်ရဲ့ ဒုတိယ အဆင့် ရောက်နေတဲ့ ယောဂီဟာ ကိုယ့်အိမ်မှာ တရား ကျင့်ခါနီးယင် "ငါ တရားကျင့်နေတုန်းမှာ ခေါ်မရ လှုပ်မသိ ဖြစ်နေယင် ဇွတ်အတင်း

မခေါ်ကြနဲ့၊ ဆရာဝန်ခေါ်ပြီး ဆေးမထိုးကြနဲ့၊ စိတ်မပူကြနဲ့၊ အချိန်ကျယင် ငါ သတိရလာမယ်၊ တရားသဘောမှန်ကို နင်တို့ မသိကြဘူး'' လို့ အထူး ပြောကြားထားပါ။

## ဗဟုသုတ ရကြရုံမျှ

ယောဂီ တဦးဟာ ခေါ်မရ လှုပ်မသိ ဖြစ်နေချိန်မှာ ပုံမှန် မျက်တောင် ခတ်နေပါတယ်။ ဒီလို အချိန်မျိုးမှာ မျက်တောင်ခတ် နေတဲ့ ယောဂီကို ဒီ တဦးပဲ တွေ့ရဘူးတယ်။

ရင်းနှီးတဲ့ ဆရာဝန်တဦးနဲ့ စကားစပ်မိချိန်မှာ ''တိုကတော့ ဘာ အန္တရာယ်မျှ မဖြစ်ဘူးလို့ သိနေပါတယ်။ ဆေးပညာအရ စမ်းသပ် ချင်သေးတယ်၊ ကူညီစမ်းပါလို့ ပြောထားပြီး (၆) လ ပြည့်လုနီး ချိန်မှာ တွေ့ကြုံရပုံက ညောင်လွန့်နည်းပြ အခြား ဝိပဿနာ ဌာနမှာ ဝိပဿနာ ဉာဏ် ပထမဆင့်ကို ရခဲ့ပြီးတဲ့ ယောဂီတဦးဟာ ဒီ ဌာန ရောက်ပြီး နှစ်ရက်မြောက်မှာ ဒုတိယဆင့် ရောက်တယ်။ ၅-ရက်မြောက် နံနက် ကိုးနာရီသာသာ အချိန်မှာ 'ရင်တွေ သိပ်ပူနေတယ် ဘုရား' လို့ ပြောတယ်။ 'ယောဂီရဲ့ ပါရမီအတိုင်း ကြုံလာတာပဲ၊ နည်းပြဆရာ တွေမှာ ယောဂီတွေရဲ့ ပါရမီကို ပြောင်းလဲ ပေးနိုင်စွမ်း မရှိကြဘူး။ ကိုယ့် ပါရမီကို ကိုယ်ခံယူပြီး ကြိုးစား ရှုပေတော့၊ ဆင်းရဲငြိမ်း ပြတ်မှု နီးကပ်နေပြီ ယောဂီ'လို့ နည်းပြတွေက ပြောကြတယ်။

အတွေ့အကြုံ ပြည့်စုံတဲ့ ယောဂီထိန်းက 'ခေါ်မရတော့ဘူး'လို့ ၉--နာရီ မိနစ်နှစ်ဆယ်မှာ သတင်းပို့တယ်။ ရင်တွေ သိပ်ပူနေတယ်လို့ ပြောချိန် (ကိုးနာရီသာသာ)တုန်းက ပုဆစ်တုပ်ထိုင်နေတဲ့ ယောဂီဟာ ဒီအချိန်မှာ မှောက်လျက်ဖြစ်နေပြီး ခေါင်းအုံးနဲ့ တခြားစီ ဖြစ်နေပါ တယ်။ နည်းပြဆရာရဲ့ စိတ်ထဲမှာ စိုးရိမ်ပူပန်မှု မဖြစ်ပါဘူး။

ဆေးပညာအရ စမ်းသပ်ချင်လို့ ဆရာဝန်ကို ခေါ်ပြတော့ ဆရာဝန်က ယောဂီရဲ့ မျက်ခွံကို ဖွင့်ထားပြီး မျက်လုံးကို လက်နှိပ် မီးရောင်နဲ့ ထိုးကြည့်၊ သွေးခုန်နှုန်း စမ်းသပ်၊ နားကြပ်နဲ့ စမ်းသပ်ပြီး 'အိပ်ပျော်နေတာလဲ မဟုတ်ဘူး၊ မျက်လုံးကို လက်နှိပ်မီးရောင်နဲ့ ထိုးကြည့်တော့ မျက်လုံးလှုပ်နေတယ်၊ မေ့မြောနေတာလဲ မဟုတ်ဘူး၊

နှလုံးလဲ ပုံမှန်၊ သွေးလဲ ပုံမှန်ပဲ၊ ထူးတော့ ထူးဆန်းတယ်’လို့ ဆရာဝန်က ပြောတယ်။

နေ့ မွန်းလွဲ ၄–နာရီ ၃၅ မိနစ်မှာ သိစိတ် ပြန်ဝင်လာပြီး ထထိုင်ပါတယ်။ ပင်ပန်းနွမ်းနယ်မှု၊ အားအင်ဆုတ်ယုတ်မှု၊ ဆာလောင်မွတ်သိပ်မှု မရှိဘူး။

‘စောစောတုန်းက အိပ်ပျော်နေသလား ယောဂီ’လို့ မေးတော့ ‘အိပ်မပျော်ပါဘူး’ လို့ ဖြေတယ်။ ‘ဘာမှ မသိဘူးလား’လို့ မေးတော့ ‘အေးချမ်းနေတာပဲ သိတယ်’လို့ ဖြေတယ်။

အခြား ယောဂီတဦးဟာ ဒီဌာနမှာ တရားကျင့်ခွင် စတင်ဝင်တဲ့နေ့မှာပဲ ဝေဒနာက ကူးဆက်ကာ ဝိပဿနာဉာဏ် ပထမဆင့်ကို ရပါတယ်။ သုံးရက်မြောက်နေ့မှာ ဒုတိယဆင့်ကို၊ လေးရက်မြောက်နေ့မှာ တတိယဆင့်ကို ရပါတယ်။ ငါးရက်မြောက်နေ့ (ပြောခဲ့ပြီး ယောဂီ ဝိပဿနာဉာဏ်ဆုံးတဲ့နေ့) မွန်းလွဲ တစ်နာရီမှာ လုပ်ငန်း ပြန်စတယ်။ တစ်နာရီ မိနစ် လေးဆယ်မှာ ‘ရင်နဲနဲပူတယ်’လို့ ပြောတယ်။ ‘ပါရမီ အရှိန် တက်လာပြီ၊ ဆင်းရဲငြိမ်းဖို့ နီးလာပြီ၊ သံသရာ အဆက်ဆက်က တွဲဖက်ပါလာတဲ့ ဆင်းရဲပဲ၊ ငြိမ်းပြတ်ခါနီးချိန်မှာ ဒီလောက်တော့ အစွမ်းပြအုံးမှာပေါ့၊ ကြိုးစားပြီး အနိစ္စရှုပါ၊ ဆင်းရဲ ငြိမ်းပြတ်သွားပါလိမ့်မယ်’လို့ နည်းပြဆရာက ပြောတယ်။ နှစ်နာရီ ငါးမိနစ်မှာ ‘ခေါ်မရတော့ဘူး’လို့ ယောဂီထိန်းက သတင်းပို့တယ်၊ ဒီ ယောဂီကတော့ ပုဆစ်တုပ် ထိုင်နေတဲ့ပုံစံ မပျက်ဘူး၊ သုံးနာရီ ဆယ်မိနစ်မှာ သိစိတ် ပြန်ဝင်ပါတယ်၊ ‘အေးချမ်းနေတာတခုပဲ သိနေတယ်’လို့ ပြောတယ်။ ဒီ ယောဂီတွေကို အလယ်ဆုံးနဲ့ အနီးဆုံးဖြစ်တဲ့ ဓမ္မအဝိဇ္ဇာနဲ့ ဝင်နည်းနဲ့ အမျိုးမျိုးစမ်းသပ်ထာ အချွတ်အချော် မရှိကြပါဘူး”။

## အရိယာ ဂေဇက် မထုတ်ခဲ့ပါ

ယခု သက်တော်ထင်ရှား ရှိတော်မူနေတဲ့ ညောင်လွန့်တောရ (တတိယမြောက်) ဆရာတော်ဘုရားကြီးက “ကိုယ် တရားရ[illegible]ကို **ကိုယ်သိယင် လိုလောက်ပြီ၊ ဥက္ကောဒ္ဒေယျ ဖြစ်အောင် မလုပ်ကြနဲ့**”လို့ ကျပ်တည်းစွာ တားမြစ်တော်မူတာကြောင့် တချိန်ထည်းမှာ ဘုရား

ကျင့်ဖော် ယောဂီတချို့သာ သိကြပြီး အများသိ မဖြစ်ခဲ့သေးတဲ့ ဒီ အကြောင်းအရာတွေကို တရားနာသူတွေ ဗဟုသုတဖြစ်ကြရုံမျှ ပြောပြပါတယ်။ စွဲစွဲမြဲမြဲ ရှင်းရှင်း မှတ်ထားကြဖို့က ဘယ်သူ့ကိုမျှ ညောင်လွန့်တောရ ဝိပဿနာ နည်းပြဆရာတွေက အရိယာဂေဇက် မထုတ်ခဲ့ပါဘူး။

## ညောင်လွန့်ထေရ်မြတ် အမိန့်တော်မှတ်သည်

ဒီ ရွှေပရိယတ္တိ စာသင်တိုက်မှာ ညောင်လွန့်တောရ ဝိပဿနာ တရားပြ စခန်းဖွင့်တဲ့ ပထမနှစ်မှာ ''ပရိယတ်ကို ဇောက်ချ လုပ်မြဲ လုပ်ပါ၊ ခွတ်လတ်ချိန်မှာ တရားပြပါ၊ နယ်လှည့် ဓမ္မကထိက မလုပ်ပါနဲ့၊ ပရိယတ် ပဋိပတ် လုပ်ငန်းကောင်းနှစ်ရပ်လုံး ဆုတ်ယုတ်တယ်'' လို့ ညောင်လွန့်ဆရာတော် အရှင်မြတ် အမိန့်ချမှတ်တော်မူတာကြောင့် ညောင်လွန့်တောရ ဝိပဿနာ ကျင့်စဉ်နည်းကို မဟောပြောပဲ ကျင့်ချင်သူတွေကို ကျင့်နည်း ပြနေခဲ့ပါတယ်။

''တရား ဟောချင်ယင် ဟောပါ၊ ပရိယတ် လုပ်ငန်းတော့ မဆုတ်ယုတ်ပါစေနဲ့'' လို့ ဒုတိယနှစ်မှာ ခွင့်ပြုတာကြောင့် ညောင်လွန့်တောရ ဝိပဿနာ ကျင့်စဉ်နည်းကို **''ဘုမ်ကျဉ်း ဝိပဿနာ''** အဖြစ်နဲ့ အများသိအောင် ဟောပြနေပါတယ်။

## ဆရာ့စကား လွန်လေးစားကြ

ဝိပဿနာ နည်းပြဆရာရဲ့ စကားကို အလွန်လေးစား လိုက်နာနိုင်သူတွေသာ ဝိပဿနာဉာဏ်ကို ရနိုင်ကြတယ်၊ ဝိပဿနာဉာဏ် ဆုံးနိုင်ပါတယ်။

ရွှေ–ပရိယတ္တိ စာသင်တိုက်မှာ ညောင်လွန့်တောရ ဝိပဿနာ တရားပြစခန်း စတင် ဖွင့်တဲ့နှစ်မှာ ဝိပဿနာဉာဏ် ဆုံးသွားတဲ့ ယောဂီက ပြောဖူးတယ်။ ''ဝိပဿနာဉာဏ် ဆုံးလုနီးချိန်မှာ ရင်ပူလွန်းလို့ ကျောင်းဝင်းကြီးထဲ လှည့်ပတ် ပြေးနေချင်စိတ် ပေါက်နေတယ်၊ ဘုန်းကြီးတွေကို ကြောက်လို့သာ ကမ္မဋ္ဌာန်း ကျောင်းထဲမှာ ကြိတ်မှိတ်ပြီး တရား မှတ်နေတာပါဘုရား၊ ဆင်းရဲတကြိမ် ပြတ်သွားပြီးမှ ဝမ်းသာလွန်း၊ ကျေးဇူးတင်လွန်းပါသတဲ့''။

တခါတရံ ယောဂီ အားတက်လာအောင် တရားသဘောမှန်ကို ပြောရတယ်၊ တခါတရံမှာ ကြိုးစားအောင် ဝေါက်ငမ်း ပြောရတယ်၊ တခါတရံမှာ စကားတံ ရှည်ရှည် ပြောရတယ်၊ တခါတရံမှာ တိုတို ပြတ်ပြတ် ခပ်ဆတ်ဆတ် ပြောရတယ်၊ တခါတရံမှာ ယောဂီ စိတ်ရွှင်လာအောင် ရယ်ရယ်မောမော ပြောရတယ် စသည် ယောဂီတဦးထည်းကိုပဲ ပုံစံ အမျိုးမျိုးနဲ့ ပြောဆိုရတာကြောင့် နည်းပြ ဆရာဟာ မသက်သာလှပါဘူး။ ဝိပဿနာဉာဏ် ဆုံးလုနီးမှ ယောဂီရဲ့ သမာဓိနဲ့ ပညာ ပြန်လန် ကျတာကြောင့် နည်းပြဆရာ အသဲယားတာလဲ မကြာခဏ ဖြစ်ခဲ့ဘူးတာပဲ။ ယခုလို ဟောပြော နေရတာထက် ယောဂီကို ကျင့်နည်း ပြောတာ စောင့်ရှောက်ရတာဟာ အဆ ငါးဆယ်မက ပိုမို ပင်ပန်းပါတယ်။ ဒါကြောင့် ယောဂီဟာ နည်းပြဆရာရဲ့ စကားကို အလွန် လေးစား လိုက်နာသင့်တယ်။ နည်းပြဆရာရဲ့စကားကို အလွန်လေးစား လိုက်နာကာ နည်းပြဆရာ ညွှန်ပြတဲ့အတိုင်း ကျင့်မှုပြုနိုင်မှသာ ဝိပဿနာဉာဏ် ဆုံးပြီး ဆင်းရဲငြိမ်းပြတ် အကောင်းဆုံး လာဘ်ကြီးကို ရပါမယ်။

× × ×

## တတိယဆင့် ကျင့်နည်း

### အသံ အနိစ္စ

ဒုတိယဆင့် ထိအောင် တက်ပြီး "ရုပ် နာမ် အနိစ္စ" လို့ "ကြည့်+ရှု" လုပ်နေပါလျက် ဝိပဿနာဉာဏ် မဆုံးသေးယင် အာရုံ စိုက်ကာ နားထောင်မှု မပြုရပဲ သဘာဝအလျောက် မိမိရင်ဘတ်ထဲက မြည်သံကို ကြားရပါတယ်။ ယောဂီ တဦးနဲ့တဦး ကြားရတဲ့အသံချင်း မတူကြဘူး။ တချို့က "တိ+တိ+တိ+"၊ တချို့က "ဖတ်+ဖတ်+ ဖတ်+"၊ တချို့က "ထုတ်+ထုတ်+ထုတ်"၊ တချို့က "ဒိတ်+ဒိတ်+ ဒိတ်"၊ တချို့က "ထိန်း+ထိန်း+ထိန်း" လို့ ကြားတယ်။

အသံကြားယင် တတိယဆင့် ကျင့်နည်းကို ကျင့်ဖို့လိုတယ်။ တတိယဆင့် ရောက်အောင်ဟဲ့လို့ ယောဂီက အားခဲပြီး ကျင့်လာတာ မဟုတ်ပဲ သဘာဝမှန်အလျောက် အသံကို ကြားလာရတာကြောင့် တတိယဆင့် တက်နည်းလို့ မပြောသင့်ဘူး။ ရောက်နေတဲ့ တတိယ

အဆင့်နဲ့ သင့်တော်အောင် ကျင့်နည်းဖြစ်တာကြောင့် တတိယဆင့် ကျင့်နည်းလို့သာ သိမှတ် ကြပါ။

အသံကိုကြားယင် မကြောက်ပါနဲ့၊ အန္တရာယ် နဲနဲမျှ မရှိဘူး၊ နှလုံးရောဂါ ဖြစ်လာတယ်၊ နှလုံးရောဂါ ပြန်ထလာတယ်လို့ မထင်မှတ်ပါနဲ့၊ နှလုံးတုန်သံ ရင်ခုန်သံ မဟုတ်ဘူး။ အသက်ရှင်နေသူတိုင်းရဲ့ နှလုံးသားက ကျဆင်းမြဲ ဖြစ်တဲ့ နှလုံးသွေး ပုံမှန် ကျဆင်းနေတဲ့ အသံပဲ၊ သမာဓိအား သန်လာတာကြောင့် ယခုမှ ကြားရတာ ဖြစ်ပါတယ်။

"ခပ်ကျယ်ကျယ်နဲ့ မှန်မှန်" ကြားနေရတဲ့ အသံကို သာမန်မျှ အာရုံပြုကာ "အနိစ္စ" လို့ ဝိပဿနာ ရှုရမယ်။ အသံတချက်၊ အနိစ္စ ရှုတချက်လို့ ချက်ညီအောင် "ကြား+ရှု" လုပ်ရမယ်။

ဒုတိယအဆင့်မှာ နှလုံးသားအလယ် အကြည်ခတ်ကို "ကြည့်+ရှု"၊ တတိယဆင့်မှာ နှလုံးသွေး ကျဆင်းသံကို "ကြား+ရှု" လို့ မှတ်ထားကြပါ။

ကြား+ရှု လုပ်မှု ချက်ညီ ပုံမှန်နေယင် ဝိပဿနာဉာဏ် ဆုံးနိုင်ပါတယ်။

## အသံပျောက်ယင်

"ကြား+ရှု" ပုံမှန်အောင် တရစပ် လုပ်နေပါလျက် ဝိပဿနာဉာဏ် မဆုံးသေးပဲ အသံပျောက်သွားယင်၊ သို့မဟုတ် အလွန်စူးစိုက်နားထောင်မှ ကြားရလောက်အောင် အသံ ပျော့ကျသွားယင် ဒုတိယဆင့် နည်းအတိုင်း နှလုံး အကြည်ခတ်ကို "ကြည့်+ရှု" လုပ်ပါ။ နှလုံးသွေး ကျဆင်းသံကို စူးစိုက် နားမထောင်ပဲ ပုံမှန် ကြားလာပြန်ယင် အသံကို "ကြား+ရှု" လုပ်ပါ။

"ကြည့်+ရှု" နဲ့ "ကြား+ရှု" လုပ်ငန်းနှစ်ခုကို ကြုံကြိုက်လာတဲ့အတိုင်း တရစပ်အောင် လုပ်နေကာ ဝိပဿနာဉာဏ် (လေးကြိမ်) ဆုံးအောင် အားတုတ်ဖို့က ယောဂီရဲ့ အရေးအကြီးဆုံး တာဝန်ပဲ ဖြစ်ပါတယ်။

## ကျင့်နည်းအစဉ် သုံးရပ်

ဝိပဿနာဉာဏ်ကို ရပြီးသူတိုင်း နေ့စဉ်ပြုရမယ့် ကျင့်နည်းစဉ်ကို ပြန်ပြောမယ်။

လုပ်ငန်းကို ပြန်စချိန်တိုင်းမှာ (၁) (က) ငယ်ထိပ်ကစပြီး ခြေဖျားကုန်ဆုံးအောင် "ကြည့်+ရှု" လုပ်ရမယ်၊ "အဆင်း" လို့ မှတ်ထားပါ။ (ခ) ခြေဖျား ကုန်ဆုံးယင် ခြေဖဝါး နှစ်ဘက်ကို ပြန်ကြည့်ပါ။ ထင်ရှား မြင်ပြီးချိန်မှာ ခြေဖဝါး နှစ်ဘက် အလယ် တစ်လက်မခန့်က စပြီး ငယ်ထိပ်ကုန်ဆုံးအောင် "ကြည့်+ရှု" လုပ်ရမယ်၊ "အတက်" လို့ မှတ်ထားပါ။ (ဂ) အဆင်း သုံးခေါက်၊ အတက် သုံးခေါက် ပြည့်ပြီးယင် ဒုတိယဆင့် မရောက်သေးသူဟာ နှလုံးသားကို "ကြည့်+ရှု" လုပ်နေရမယ်။ ဒါဟာ ပထမဆင့် ပြည့်စုံအောင် ကျင့်နည်းပဲ။

(၂) ဒုတိယဆင့်၊ တတိယဆင့် ရောက်နေသူဟာ အဆင်းသုံးခေါက်၊ အတက် သုံးခေါက် ပြည့်စုံပြီးမှ နှလုံးသားကို "ရုပ် နာမ် အနိစ္စ"လို့ "ကြည့်+ရှု" လုပ်ရမယ်။ဒါဟာ ဒုတိယဆင့် ပြည့်စုံအောင် ကျင့်နည်းပဲ။

(၃) တတိယဆင့် ရောက်နေသူဟာ ရုပ်နာမ် အနိစ္စလို့ ကြည့်+ရှု လုပ်နေယင်း အသံကို ပုံမှန်ကြားရမှ "ကြား+ရှု" လုပ်ရမယ်။ ဒါဟာ တတိယဆင့် ကျင့်နည်းပဲ။

ဒုတိယဆင့် ရောက်နေသူဟာ လုပ်ငန်းပြန်စချိန်တိုင်းမှာ ပထမဆင့် အဆင်းနဲ့ အတက် သုံးခေါက်စီ မစုံလင်သေးပဲ ဒုတိယဆင့်ကို ခုန်ကျော် မလုပ်ပါနဲ့။

တတိယဆင့် ရောက်နေသူဟာ ပထမဆင့်နဲ့ ဒုတိယဆင့် မစုံလင်သေးပဲ တတိယဆင့်ကို ခုန်ကျော် မလုပ်ပါနဲ့။

နေ့စဉ် အဆင့်စုံအောင် လေ့ကျင့်ရမယ်ဆိုတာ သံမဏိစည်းမျဉ်း တရပ်ပဲလို့ မှတ်ကြပါ။

နှလုံးသားကို ကြည့်တိုင်း မြင်နေတာပဲ၊ အဆင်းအတက် သုံးခေါက်စီ "ကြည့်+ရှု" လုပ်ဖို့ မလိုဘူး၊ အသံကို အာရုံပြုတိုင်း ကြား

နေတာပဲ၊ အဆင်းအတက် ကြည့်+ရှု လုပ်ဖို့၊ နှလုံးသားကို ကြည့်+ရှု လုပ်ဖို့ မလိုပါဘူး လို့ အထင်ကြီးကာ ဘဝင်မမြင့်ကြပါနဲ့။

အဆင်း အတက် ကြည့်+ရှု မလုပ်တာ နေ့ရက် ကြာလှာတော့ ရင်တွင်းမှာ ရှိနေမြဲ နှလုံးသားဟာ ရင်ဘတ် ရှေ့တည့်တည့် အပြင်ဘက် တတောင်ကွာမှာ ရောက်နေတာကို မြင်သူတွေ၊ နေ့ရက်ကြာလှာမှ အသံပျောက်သွားလို့ နှလုံးသားကို ကြည့်မမြင်၊ ငယ်ထိပ် ပြန်ကြည့်တော့ မထင်ရှား၊ ထင်ရှားမြင်လို့ ကြည့်+ရှု လုပ်တော့ သွက်သွက် မြန်မြန် မဖြစ်၊ သွက်သွက် မြန်မြန် ဖြစ်အောင် ကြိုးစားဖို့ကလဲ အချိန်မျှားမျှား မရ၊ အခက်ကြုံလှတဲ့ သူတွေ ရှိခဲ့ဘူးပါတယ်။

ယောဂီဟာ နည်းပြဆရာလောက် အတွေ့အကြုံ မပြည့်စုံဘူးလို့ ယုံကြည်ယင် ခမ္မအဓိဋ္ဌာန် ဝင်ချိန် မဟုတ်ယင် ကျင့်စဉ်ကို ခုန်ကျော် မလုပ်ပါနဲ့။

## နိဗ္ဗာန်တံခါးဝ ရောက်ပြီ

ပါရမီ ပါရမီလို့ တစီစီ တစာစာ ပြောလှာခဲ့တဲ့ ကိုယ့် ပါရမီရဲ့ အရှိန်အဟုန် ထက်သန်စွာ တက်လှာချိန်မှာ ကြုံတွေ့ရသမျှ ဆင်းရဲတွေကို ဂရုမစိုက်၊ ဣရိယာပုထ်ကို မလှုပ် မပြောင်းပဲ ဇွဲကောင်း မောင်းတင်ကာ အနိစ္စ အနိစ္စ လို့သာ တွင်တွင် ရှု နေယင်း ခေါသံ ကြားလဲ တုံ့မရ၊ ပြောမနိုင်၊ လက် ခြေ စသည်တွေ တင်းတောင့်ခိုင်နေလို့ လှုပ်မရ၊ ရှေ့မရ ဖြစ်လှာယင် မကြောက်ပါနဲ့၊ ဘာ အန္တရာယ်မျှ မဖြစ်ပါဘူး၊ ဆင်းရဲ ငြိမ်းချုပ် ပြတ်စဲဖို့ အချိန် နီးကပ်နေပြီလို့သာ ယုံကြည် စိတ်ချပြီး အနိစ္စ အနိစ္စလို့ စွဲစွဲမြဲမြဲ ရှုပါ။

အချို့ ယောဂီတွေဟာ ကျင့်လမ်း လွဲမှာ ကြောက်ကြလို့ နည်းပြဆရာကို စောင့်တ နေကြတာကြောင့် ဝိပဿနာ အရှိန်ပျက်ပြီး ဆင်းရဲ ငြိမ်းချုပ်မှု လာဘ်ကောင်းကြီးနဲ့ သီသီ လွဲချော်ကာ အင်မတန် နစ်နာ ဆုံးရှုံးကြပါတယ်။

ဒီအချိန်မှာ နိဗ္ဗာန်တံခါးဝ ရောက်နေပြီမို့ ကျင့်လမ်း မလွဲတော့ဘူး၊ နည်းပြဆရာရဲ့ အကူအညီ မလိုတော့ဘူး၊ ဝိပဿနာ အရှိန် မပျက်အောင် အနိစ္စ အနိစ္စ လို့ ပုံမှန် ဆက်လက် ရှု နေဖို့သာ တကယ် လိုအပ်ပါတယ်။

## မှန် မှား စမ်းသပ်နည်း

အနိစ္စ အနိစ္စ လို့ တွင်တွင် ရှုနေယင်း အိပ်ပျော်သလို ဖြစ်ပြီးတော့ သိစိတ်ပြန်ဝင်ကာ သတိရလှာယင် ဝိပဿနာဉာဏ် ဆိုးတာ မှန် မမှန် တိတိပပ သိရအောင် ဓမ္မအဓိဋ္ဌာန် ဝင်နည်းနဲ့ စမ်းသပ်ကြည့်ပါက သဘာဝမှန်ကို ထင်ရှား သိနိုင်ပါတယ်။ မကျေနပ်သေးယင် ကိလေသပဟာန်နဲ့ စမ်းသပ်နိုင်ပါသေးတယ်။

## အဓိဋ္ဌာန်ဝင် စာတမ်း

(က) ကျွန်ုပ် ရရှိထားသော လောကုတ္တရာ မဂ် ဖိုလ်တရားစစ်ဖြင့် နိဗ္ဗာန်ကိုသာ အာရုံပြုကာ ဆယ်မိနစ်တိတိ (မိမိ သတ်မှတ်ချင်သလောက် အချိန်ကို ထည့်ပါ။) နေရပါစေသား။ (ခ) နိဗ္ဗာန်ကို အာရုံပြုကာ နေချိန်အတွင်းမှာ နည်းပြဆရာခေါ်ယင် (မိမိ သတ်မှတ်လိုသူရဲ့ နာမည်ကို ထည့်နိုင်သည်။) သိရပါစေသား၊ အခြားသူ ခေါ်ယင် မသိရပါစေသား။ (ဂ) နိဗ္ဗာန်ကို အာရုံပြုကာ နေချိန်အတွင်းမှာ ကျွန်ုပ်၏ အသက်ခန္ဓာ နေအိမ် စသော အသုံးအဆောင် ပစ္စည်းများကို မြေ၊ ရေ၊ မီး၊ လေ၊ လူ၊ တိရစ္ဆာန် စသည်တို့ မဖျက်ဆီးနိုင်ပါစေသတည်း။ (ဃ) နိဗ္ဗာန်ကိုသာ အာရုံပြုကာ နေချိန်အတွင်းမှာ ကျွန်ုပ်ရဲ့ သွေး၊ သား၊ အရိုး စသည်တွေဟာ ပကတိအတိုင်း ကြည်လင် သန့်ရှင်းနေကြပါစေသတည်းလို့ အဓိဋ္ဌာန်ပြုပြီးမှ ဒုတိယဆင့် ကျင့်နည်းနဲ့ ဝိပဿနာဉာဏ် ဆိုးသူဟာ နှလုံးအကြည်ဓာတ်ကို "ကြည့်+ရှု" လုပ်နေပါ။ တတိယဆင့် ကျင့်နည်းနဲ့ ဝိပဿနာဉာဏ် ဆိုးသူဟာ အသံကို "ကြား+ရှု" လုပ်နေပါ။ မြတ်ဗုဒ္ဓ ဟောညွှန်တော်မူထားတဲ့ အကာလိကော တရားဂုဏ်တော် အမှန် ဧကန် ထင်ရှားပါလိမ့်မယ်။

အောင်မြင်ယင် ဟုတ်မှန်ပြီ၊ မအောင်မြင်ယင် မဟုတ်သေးလို့ သိပါ။ "တရားထူးဆိုတာ မျက်မှောက်ရရှိသော ပုဂ္ဂိုလ်များမှာ မိုးကြိုး ပစ်သည်ထက် ထင်ရှားပါတယ်" လို့ ကျေးဇူးတော်ရှင် ညောင်လွန့်တောရ (ပဌမ) ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူခဲ့ပါတယ် (ညောင်လွန့်တောရ တရားအားထုတ်စဉ် နှာ-၂၃၁)။

မြတ်ဗုဒ္ဓ ဟောညွှန်တော်မူထားတဲ့ သန္ဒိဋ္ဌိကော တရားဂုဏ်တော်ကို ဘယ်သူမျှ ပယ်ဖျက်နိုင်စွမ်း မရှိကြပါဘူး။

အောင်မြင်ယင် ဓမ္မအဓိဋ္ဌာန်ဝင်တာကို အလေ့အကျင့်ပြုပါ။ ကောင်းကျိုးကို ယောဂီကိုယ်တိုင် သိရပါမယ်။ မြတ်ဗုဒ္ဓ ဟောညွှန်တော် မူထားတဲ့ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ တရားဂုဏ်တော် ထင်ရှား ရှိနေတယ်။ ဒီ ဂုဏ်တော်ထူးကို ပယ်ဖျက်နိုင်သူ တဦးတလေမျှ မရှိဘူး။

## ဓမ္မအဓိဋ္ဌာန်ဝင်မှု အလေ့အကျင့်ပြု

(၁) တစ်မိနစ်အတွင်းမှာ အဓိဋ္ဌာန်မြောက်မှု၊ (၂) ကြိုတင် သတ်မှတ်ထားတဲ့ အဓိဋ္ဌာန်ဝင်ချိန် (မိနစ်+နာရီ) ကိုက်ညီမှု၊ (၃) မည် သူခေါ်ယင် သိပါစေလို့ သတ်မှတ်ချက်အတိုင်း ကိုက်ညီမှုလို့ သုံးချက်ညီ ပြည့်စုံအောင် အဓိဋ္ဌာန်ဝင်တာကို ထပ်တလဲလဲ လေ့ကျင့်ပါ။

ညဥ့်တိုင်း အိပ်ခါနီးယင် "ယခု အချိန်မှ စ၍ နံနက် ၅–နာရီထိ (စသည် မိမိအလိုရှိတဲ့အချိန်) နိဗ္ဗာန်ကိုသာ အာရုံပြုကာ နေရပါစေ သား၊ ဘယ်သူခေါ်ယင် သိပါစေသား"လို့ အချိန်နဲ့ လူအမည် နှစ်ခု သုံးခုကို အထူး သတ်မှတ်ထားပြီး ဓမ္မအဓိဋ္ဌာန်ဝင်ပါ။ အိပ်+နိုး ချမ်းသာ ကျန်းမာရေးကောင်းခြင်း၊ မကောင်းအိပ်မက် မမက်ခြင်း စတဲ့ ကောင်းကျိုး အသူးများကို ကိုယ်တိုင် ကြုံတွေ့ရပါမယ်။

ဓမ္မအဓိဋ္ဌာန် ဝင်နိုင်စွမ်းရှိသူ ဖြစ်ပါလျက် ညဥ့်အိပ်ခါနီးမှာ ဓမ္မအဓိဋ္ဌာန် မပြုသူဟာ သိန်းဆုပေါက်ပြီး လက်မှတ်ပျောက်နေသူနဲ့ အတူတူပဲ ဖြစ်ပါတယ်။

## အထက် မဂ်+ဖိုလ် ရရှိလိုသော်

ဓမ္မအဓိဋ္ဌာန်ဝင်တာ သုံးချက်ညီ ပြည့်စုံပြီးနောက် အထက် မဂ် ဖိုလ်ကို ရချင်ယင် "မရသေးတဲ့ လောကုတ္တရာ မဂ်+ဖိုလ် တရားထူး တရားစစ်ကို ရလိုပါ၏၊ ရပါစေသား" လို့ ဓမ္မအဓိဋ္ဌာန်ပြုပြီး ကိုယ် ရောက်နေတဲ့ "ကြည့်+ရှု"၊ သို့မဟုတ် "ကြား+ရှု" ဝိပဿနာ အဆင့်မှာ ပြောခဲ့ပြီးအတိုင်း "ရှု"ပါ။ လောကုတ္တရာ အထက်ဆင့်ကို ကေန် ရနိုင်ပါတယ်။

## အထူး သတိပြုပါ

(၁) ဓမ္မအဓိဋ္ဌာန်ပြုတာနဲ့ ဓမ္မအဓိဋ္ဌာန်ဝင်တာ၊ ဓမ္မအဓိဋ္ဌာန် ပြုပုံ စာတမ်းနဲ့ ဓမ္မအဓိဋ္ဌာန်ဝင်ပုံ စာတမ်းတွေကို ခွဲခြားကာ တိတိပပ

သိမှတ် ပြုလုပ်တတ်ကြဖို့ အရေးကြီးလှန်းပါတယ်။ အထူး သတိပြု ကြပါ။

(၂) ဝိပဿနာဉာဏ် ဆုံးဖူးသူဟာ "မရသေးတဲ့ လောကုတ္တရာ မဂ်ဖိုလ် တရားထူး တရားစစ်ကို ရလိုပါ၏၊ ရပါစေသား" လို့ ဓမ္မအဓိဋ္ဌာန်မပြုပဲ ဝိပဿနာ ရှုနေယင် အထက် မဂ်ဖိုလ် တရားကို မရပါဘူး။

တချို့ယောဂီမှာ အဟောင်းဉာဏ်ပင် တဖန်ဝင်ပြီး အဟောင်းလား အသစ်လား ?၊ အောက်ဉာဏ်လား ? အထက်ဉာဏ်လား? မကွဲပြားပဲ နည်းပြဆရာ မကျွမ်းကျင်ယင် ချာချာလည်ကာ မရှင်းမရှင်း ဖြစ်မှာ သေချာတယ်။ အထူး သတိပြုပါ။

## မအောင်မြင် သေးယင်

မအောင်မြင်သေးတဲ့ ယောဂီဟာ—

(က) ကျင့်နည်း မှားနေတာမို့ တရားထူး မရတာလားလို့ မတွေး မကြံပါနဲ့။
မိစ္ဆာဉာဏ်ဝင်ကာ ယုံကြည်ချက် (သဒ္ဓါ) ပျက်ယွင်းနေယင် တရားထူး မရနိုင်ဘူး။

(ခ) ငါ့သမာဓိ မြဲနေပါလျက်နဲ့ ဘာကြောင့် တရားထူး မရတာလဲလို့ မတွေး မကြံပါနဲ့။
မာနနဲ့ ကုက္ကုစ္စ အကုသိုလ် ဖြစ်ပွားကာ ပညိန္ဒြေ ပျက်ပြား နေယင် တရားထူး မရနိုင်ဘူး။

(ဂ) ဒီဘဝ တရားထူးရမှာ မဟုတ်ပါဘူးလို့ ဇွဲမလျှော့ပါနဲ့။
ဇွဲပျော့ကာ ဝီရိယလျော့နဲ့ယင် သတိလွတ်တာကြောင့် တရား ထူး မရနိုင်ဘူး။

(ဃ) စိတ်ထက်သန်လွန်းကာ စားချိန်မှာ မစားပဲ၊ အိပ်ချိန်မှာ မအိပ်ပဲ ဝိပဿနာ မရှုပါနဲ့။
ဇွဲသန်လွန်ကာ ဆန္ဒစောလွန်းယင် ဥဒ္ဓစ္စဖြစ်ပွား၊ သမာဓိ ပျက်ပြားတာကြောင့် တရားထူး မရနိုင်ဘူး။

## ၁၃၄၁–ခုနှစ်၊ တော်သလင်းလကွယ်၊ ညနက် ၈း၁၀ နာရီ

ဝါတွင်း သီတင်းနေ့ ညနက်တိုင်း ၈–နာရီတိတိမှာ သီလ ယူကြ၊ ၈း၁၀ နာရီက စ ၉–နာရီထိ တရားဟောချိန်လို့ သတ်မှတ် ထားပြီး တရားဟောလှာတာ တခါတရံ ၅ မိနစ်၊ ၁၀ မိနစ် အချိန် ပိုသွားပါတယ်။ ဒီ စနစ်အတိုင်း တရားဟောလှာခဲ့တာ ဆယ်နှစ်တာ လွန်ခဲ့ပြီမို့ သုတ်တော်ပေါင်းများစွာ ဟောခဲ့ပြီးပြီ။

ဒီနှစ် ဝါတွင်းမှာ သုတ်တော် တခုခုကို မူတည် မဟောပဲ **ညောင်လွန့် တောရ ဝိပဿနာ ကျင့်စဉ်နည်း** ဖြစ်တဲ့ "ဘုမ်ကျဉ်း ဝိပဿနာ" နည်းကောင်းမှန်ကို ဟောပြောခဲ့တာ တော်သလင်း လပြည့်ကျော် ၈ ရက်နေ့မှာ လုပ်ငန်းစဉ် ကျင့်စဉ်ဟောမှု ပြီးပြတ်ခဲ့ ပါတယ်။ ဟောပြောရေကတော့ မပြီးသေးပါဘူး။ နိဗ္ဗာန်ခြင်းရာ ကျန်ပါသေးတယ်။

မြတ်ဗုဒ္ဓနဲ့ တကွ သတ္တဝါတွေ အားလုံး သဘော တူညီခဲ့တဲ့ အချက် အမြင်ချင်း အယူချင်း ကွဲလွဲချက်တွေကို နဲနဲပါးပါး ပြော ပြမယ်။

ပရ ချင်သုံး မလိုချင်ဘုံးက ဆင်းရဲမှုပဲ ဆိုတဲ့ အချက်မှာ သဘောတူညီကြပါတယ်။ ဒါပေမယ့် သတ္တဝါတွေက "ဆင်းရဲ ငြိမ်း ချုပ်ယင် ချမ်းသာချည်း သပ်သပ် ကျန်ရှိနေမယ်" လို့ ယူဆကြ တယ်။ ဒါကြောင့် ချမ်းသာကို ခံစားချင်ကြတယ်။ ချမ်းသာကို ခံစားချင်ကြတာကြောင့် တချို့သူတွေက နိဗ္ဗာန်ဆိုတာ ချမ်းသာ အပြည့်ရှိနေတဲ့ ဘုမ်တခုပဲ၊ နိဗ္ဗာန်မှာ အင်မတန် လှပတဲ့ ဗိမာန်ကြီး

တွေ၊ မြို့ကြီးတွေ၊ ဥယျာဉ်တွေ၊ ယာဉ် အမျိုးမျိုးတွေ ရှိကြတယ်၊ သို့မဟုတ် ရှိကြမယ်လို့ ထင်မှတ်ကြတယ်။

မြတ်ဗုဒ္ဓက ဆင်းရဲငြိမ်းချုပ်ယင် ချမ်းသာချည်း သပ်သပ် ကျန် ရှိနေမယ်ဆိုတာ သဘာဝမှန် မဟုတ်နိုင်ဘူးလို့ သိမြင်တော်မူတယ်။ ဒါကြောင့် ခံစားချင်မှုဟူသမျှ ဆင်းရဲ စစ်စစ်ပဲလို့ မိန့်တော်မူပါတယ်။ (ယဒပိ ဝေဒယိတံ၊ တံ ဒုက္ခသ္မိံ တိ ဝဒါမိ)။

ဥဒါန်းပါဠိတော်၊ ဗာဟိယသုတ်တော်မှာ မြတ်ဗုဒ္ဓ ဟောညွှန် တော်မူထားတဲ့ နိဗ္ဗာန်ရဲ့ အခြင်းအရာမှန်ကို တရားနာသူတွေ သိရ အောင် တဆင့် ပြောပြပါမယ်။

နိဗ္ဗာန် ခြင်းရာမှန်ကို ကြားသိကြပြီးယင် နိဗ္ဗာန်ကို လိုချင်သေး တယ်၊ မလိုချင်တော့ဘူး လို့ ဆုံးဖြတ်ဖို့က တရားနာသူတွေရဲ့ စိတ် ဓာတ်အတိုင်းပဲ ဖြစ်ပါစေတော့။

## အသင်္ခတဓာတ် နိဗ္ဗာန်မြတ်

ယတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။
န တတ္ထ သုက္ကာ ဇောတန္တိ၊ အာဒိစ္စော န ပ္ပကာသတိ။
န တတ္ထ စန္ဒိမာ ဘာတိ၊ တမော တတ္ထ န ဝိဇ္ဇတိ။
ယဒါ စ အတ္တနာ ဝေဒိ၊ မုနိ မောနေန ဗြာဟ္မဏော။
အထ ရူပါ အရူပါ စ၊ သုခ ဒုက္ခာ ပမုစ္စတိ။ ။

ယတ္ထ အကြင်အရပ်၌၊ အာပေါ စ ယိုစီး ဖွဲ့စည်း လုံးစည်း ပူးကပ် စုပေါင်းဓာတ်နှင့် ရေဓာတ်တထွေ ခေါ်ကြပေသည့် အရည် ဓာတ်သည်လည်းကောင်း၊

ပထဝီစ ကျယ်ပြန့် မာကျော နူးညံ့သောနှင့် လေးတဲ့သဘောဟု ပြောကြထွေထွေ မြေဓာတ်သည် လည်းကောင်း၊

တေဇော စ လောင်ကျွမ်း စူးရှ ပူ+ အေးမြနှင့် ရင့်ကျက် သွေးမြေ့ အခိုးအငွေ့ ဓာတ်သည်လည်းကောင်း၊

ဝါယော စ တွန်း ကန် လှုပ်ရှား၊ ရွေ့လျား မှမှ၊ တွန်းဆွဲ ကွဟု ပြောကြထွေထွေ လေဓာတ်သည်လည်းကောင်း၊

န ဂါဓတိ မရှိမှန်ပေ မတည်ချေ။

တတ္ထ ပ+အာ+တေ+ဝါ လေးဖြာဘုတ်ခါတ် ဆိတ်သုဉ်းလတ်သည့် ထိုအရပ်၌ ဆိုထုံးပြုသို့ မျိုးမင်္ဂလာ များစွာပေးထ သူရိယမည်တွင် နေဘုရင်သည်၊ န ပွကာသတိ အရောင်ကွယ်ပျောက် မထွန်းတောက်ချေ၊ တတ္ထ ပ+အာ (ပ) ၌၊ စန္ဒိမာ ဖြူဖြူ ဖွေးဖွေး အေးမြရောင်ခြည် ပေးနိုင်သည်ကြောင့် သီတဂူခေါ် သော်တာစန္ဒ သသက်နှင့် သောမမည်တွင် လဘုရင်သည်၊ န ဘာတိ အရောင်ကွယ်ပျောက် မထွန်းတောက်ပေ၊ တတ္ထ ပ+အာ (ပေ) ၌၊ တမော ကြယ်ရောင် နေငရောင် လရောင်မရှိ ပကတိမှောင်မည်း လောကန္တရ ငရဲပမာ အူအသည်း တုန်စရာ ဗိန်းပိတ်ကာခဲလို့ မည်းနေတဲ့ အမှောင်သည်၊ န ဝိဇ္ဇတိ တိတိပပ သိရှိကြကြံ အရိယစစ် မြတ်ရှင်ချစ်တို့က ဆိုကြပါသည် မရှိရေးချ မရှိတဲ့၊ စ ပြောစရာတွေ ကျန်နေပါသေး ရှိပါသေး၍ ပြောရေးရှိက ပြောအပ်လှလို့ ပြောရဦးမည်၊ ယဒါ ဟူသွေ့ ငါးဖြာ ထက်သန်လှာ၍ ဝိပဿနာ ဉာဏ်ရင့် အဆင်သင့်ရာ အချိန်အခါ၌၊ မုနိ ကိုယ့်အစွမ်းသာ အားကိုးရာစစ် ဖြစ်သည်ဧကန် အဟုတ်အမှန်ဟု နိဗ္ဗာန်လမ်းစ မြင်သိကြသည့် မုနိမည်တွင် ရဟန်း+လူ+ရှင်သည်၊ မောနေန မြတ်စွာဗုဒ္ဓ ညွှန်ပြဒေသနာ ညီအောင်သာလျှင် တွင်တွင်ကြိုးစား ကိုယ်တိုင်ပွားသည့် မများ လမ်းဖြောင့် ဝိပဿနာတရားကြောင့် အဝိဇ္ဇာမှောင်ပျောက် လင်းရောင်တောက်ကာ ပြောင်မြောက်စိတ်မှာ တွဲယှဉ်ဖြစ်လှာ မဂ်ပညာဖြင့်၊ ဗြာဟ္မဏော အ ကုသိုလ်ညစ် ပယ်ဖြုတ်ပစ်၍ အရိယစစ်စစ် ဧကန်ဖြစ်လျက်၊ အတ္တနာ ပြောသံကြားနဲ့ မဆိုင် အတွေးအကြံများနဲ့ မဆိုင် ကိုယ်တိုင်သာလျှင်၊ ဝါ လောကီတရား အစားစားတွင် ထိပ်တင်ထွဋ်ချော ဝိပဿနာကို ထို+၍ ကွဲပြား ဖော်နည်းကား နောက် ကောက်ကောက် မလိုက် မကြိုက်ဖယ်ကာ မြတ်စွာဗုဒ္ဓ ညွှန်ပြဒေသနာ ညီအောင်သာလျှင် တွင်တွင် ကြိုးကုတ် အားထုတ်သူ ကိုယ်တိုင်ပင်၊ အ ဝေဒိ ထင်ထင် လင်းလင်း ရှင်းရှင်းတိပ မိမိရရ သိရှိလှပါလေပြီ၊ အ ဝေဒိ ပြောသံကြားလို့သိ စာအုပ်ဖတ်လို့သိ ဝိပဿနာလုပ်ငန်း လုပ်စမ်းကြည့်လို့ စိတ်ချမ်းမြည့်သမို့ ဘပင်သဲမှာ အမြင်ကဲလှာ ဆင်ခြင်နဲ့ကာ အထင်လွဲရှာ အဓိမာနသိ တွေးဆရော်ရမ်း မျှော်ကာမှန်းလို့ ယုတ္တန်း မှုတ္တန်းသိ အားရှိသည့် ပလေချာသိ ကချေလာသိ ရွတ်တွတ်တွတ် မှတ်တွတ်တွတ်

အသိတွေမပါ သန္ဒိဋ္ဌိက ဂုဏ်တော်မြောက်စွာ တိတိပပ မိမိရရ မြင်သိ
လှပါလေပြီ။ အထ ထိုသို့မှန်စွာ ကိုယ်တိုင်သာလျှင် ထင်ထင်လင်း
လင်း ရှင်းရှင်းသေချာ သိမြင်ပြီးရာ ထိုအခါ၌၊ ရူပါစ ကျိုးဖြစ်
ကြောင်းဖြစ် မျိုးစုံဖြစ်သည့် ဆိုးညစ် လွန်းလှ ရုပ်တရားမှ လည်း
ကောင်း၊ အရူပါစ ကံနှင့်ဝိပါက် ဝဋ္ဋနှစ်ချက်တွင် ကြားဝင်ကာမွေ့
စ+ဆုံး မထင်စေ လည်နေအောင်နှောက် နှောက်တီးနှောက်တောက်
ကြောက်စရာဗလပွေ မှောင်ကိလေဆိုး နာမ်တရားမျိုးနှင့် ကျိုးဖြစ်
ကြောင်းဖြစ် မျိုးစုံဖြစ်သည့် ဆိုးညစ်လွန်ပို ကုသိုလ် အကုသိုလ်
ထိုထို နာမ်တရားမှလည်းကောင်း၊ သုခ ဒုက္ခာစ သင်္ခါရနှင့် ဝိပရိနာမ
ဒုက္ခစစ်စစ် ဧကန်ဖြစ်လျက် သက်သက်လှည့်စား သုခတရားနှင့် ပယ်
ဖြုတ်ရခက် ရက်စက်ဆိုးရွား ဒုက္ခ တရားမှလည်းကောင်း၊ ပမုစ္စတိ
ကိုယ့်အစွမ်းသာ အားကိုးရာစစ် ဖြစ်သည်ဧကန် အဟုတ်အမှန်ဟု
နိဗ္ဗာန်လမ်းစ မြင်သိကြသည့် ပဏ္ဍိတခေါ် ထိုလူမော်တို့ ဉာဏ်စွမ်းမို့
သဖြင့် တွက်ချင့် ချက်သိ အကွက်မိ၍ မဂ်ထိဖိုလ်ပေါက် နိဗ္ဗာန်ရောက်
ကာ ကောင်းစွာ မသွေ လွတ်မြောက်ပါလေသည် လေလေ့ လွတ်
မြောက်ပါတော့သည်။

တရားနာပရိသတ် သိမှတ်ထားဖို့က နိဗ္ဗာန်ဟာ ရုပ်ရယ်၊ နာမ်
ရယ်၊ ဆင်းရဲရယ်၊ ချမ်းသာရယ် ဒီလေးသွယ်က လွတ်နေပါသတဲ့။

ချမ်းသာစွာ တရားကျင့်ခွင့်ရပြီး အသခ်တ နိဗ္ဗာန်ကို မှန်မှန်
မြန်မြန် ရကြပါစေလို့ ဆုတောင်းကြပါ။

# နောက်ဆက်တွဲ

## ယောဂီထူးတဦး

ဒီဌာနမှာ ''အချိန်ပြည့် ယောဂီ'' မဟုတ်ပဲ နေ့အချိန်၊ သို့မဟုတ် ညဥ့်ဦးယာမ်အချိန် အားလပ်ခွင့် ရခိုက်မှာ လာရောက် တရားကျင့်ကြတဲ့ ''အချိန်ပိုင်း ယောဂီ''တွေကိုလဲ ခွင့်ပြုပါတယ်။

ယောဂီ တဦးဟာ ၁၃၄၂–ခုနှစ်၊ နှောင်းတန်ခူး လဆန်း ၁၀–ရက်၊ (သင်္ကြန် ပထမအကြွတ်နေ့) နံနက် ၉း၅၅ နာရီမှာ သမ္မသနညာဏ် စတင်ကာ ''ကြည့်+ရှု'' လုပ်ပါတယ်။ ၁၀း၅ နာရီမှာ 'တကိုယ်လုံးကုန် ယက်အောက်စုန်'ပြီးလို့ နှလုံးသားကို မြင်တယ်။ ၁၁း၁၀ နာရီမှာ နှလုံးသား ပြုဖွေးကာ ဝိပဿနာညာဏ် ပထမဆင့် ပြီးစီးတယ်။ အဇ္ဈတ္တ=ယက်အောက် လှည့်ရှု၊ ဗဟိဒ္ဓ=စိတ်ရှိ စိတ်မဲ့ နှစ်ခုစီ ရှုခိုင်းပြီး ၁၁း၂၀ နာရီမှာ ရပ်နားတယ်။ မွန်းလွဲ တစ်နာရီမှာ လုပ်ငန်းပြန်ဝင်၊ မွန်းလွဲ သုံးနာရီမှာ ဒုတိယဆင့်ကို ရောက်တယ်။ လေး နာရီမှာ အိမ်ပြန်ခွင့် ပြုလိုက်တယ်။

နောက်တနေ့ဖြစ်တဲ့ နှောင်းတန်ခူးလဆန်း ၁၁–ရက်၊ (သင်္ကြန် ဒုတိယ အကြွတ်နေ့) နံနက် ၉း၁၀ နာရီမှာ ဝိပဿနာညာဏ် တတိယ ဆင့်ကို ရပါတယ်။ ၁၀ နာရီမှာ အိမ်ပြန်ခွင့်ပြုလိုက်တယ်။ မွန်းလွဲ တစ်နာရီမှာ လုပ်ငန်းခွင် ပြန်ဝင်ပြီး သုံးနာရီမှာ ယောဂီထံကို နည်းပြ ဆရာ ရောက်တော့ ''နှစ်နာရီ သာသာ အချိန်မှာ အသံတွေလဲ မကြားရ၊ အနိစ္စလို့ မှတ်နေစိတ်လဲ မရှိ၊ အိပ်ပျော်နေတာလဲ မဟုတ်ပဲ အေးငြိမ်းနေတာဟာ စိတ်အထင် ၁၅–မိနစ်လောက် ကြာတယ်၊ သတိ

ပြန်ရလှာတော့ ရင်ထဲမှာ ရှင်းနေတာပဲ၊ ဒီလို ချမ်းသာတာ အရင်က မတွေ့ဖူးသေးဘူးဘုရား၊ ဘာဖြစ်တယ် မသိပါဘူး'' လို့ ယောဂီက ပြောတယ်။ ဒီ ယောဂီဟာ ထိုင်နေတဲ့ ဣရိယာပုထ် နဲနဲကလေးမျှ မပျက်ဘူး။

အလွန်လွယ်ကူပြီး ဓမ္မအမှန်နဲ့ အနီးစပ်ဆုံးလဲဖြစ်တဲ့ ဓမ္မအဓိဋ္ဌာန် ဝင်နည်းအတိုင်း အမျိုးမျိုး စမ်းသပ်တာ အားလုံး ညီညွတ်တယ်။ အဓိဋ္ဌာန်ဝင်နေချိန်မှာ ယောဂီရဲ့ မျက်နှာဟာ ခါတိုင်းထက် ပိုပြီး ကြည်လင်နေတယ်။

ဒီ ယောဂီဟာ မဟာစည်ရိပ်သာမှာ နှစ်စဥ်ပဲ ရက်နှစ်ဆယ်၊ ရက်သုံးဆယ် ကြာအောင် တရားကျင့်ကာ ကိုယ့်နေအိမ်မှာ နေ့စဥ် တစ်နာရီသာသာ တရားမှတ်နေတာ လေးနှစ်ကျော် ငါးနှစ်ထဲ ရောက်ပါပြီလို့ ယောဂီက ပြောတယ်။

## မဟာစည်ကျေးဇူး မထိမ်မြှုးနဲ့

ဒီ ဌာနမှာ ဒီ သကြင်္ကန်တွင်းမှာ အချိန်ပြည့်ယောဂီ ၁၅–ဦး ရှိတယ်။ ဝိပဿနာဉာဏ် ဆုံးလုနီးတဲ့ ယောဂီ လေးဦးရှိတယ်၊ ၅–ရက် ရှိပြီ၊ မဆုံးကြသေးဘူး။

ယောဂီဟာ အချိန်ပြည့်မဟုတ်ပဲ အချိန်ပိုင်းလောက်သာ နှစ်ရက် အားထုတ်ရုံမျှနဲ့ ဝိပဿနာဉာဏ် ဆုံးတယ်ဆိုတာဟာ မဟာစည် ရိပ်သာမှာ အားထုတ်ခဲ့မှု၊ နေ့စဥ် အိမ်မှာ အားထုတ်မှုတွေက အင်မတန် အားကောင်း မောင်းသန် အထောက်အကူပြုတာကြောင့် သမာဓိ အရှိန်အဟုန် ထက်သန်နေလို့ပဲ။ မဟာစည် ရိပ်သာမှာ အားထုတ်ခဲ့တာတွေဟာ အလကားပဲလို့ အမှတ်မလွဲပါနဲ့၊ အလကား မဟုတ်ဘူး၊ မဟာစည်ကျေးဇူး ကြီးပါတယ်လို့ အမှန်အတိုင်း မှတ်ပါ ယောဂီလို့ ပြောလိုက်ပါတယ်။

## သေမှာ မကြောက်ဘူး

အချိန်ပြည့် ယောဂီတဦးဟာ ဒီနှစ် သကြင်္ကန်အကြို နေ့ မရောက်ခင် တရက်မှာ တရားကျင့်ခွင် စတင်ဝင်ပြီး နှစ်ဆယ့်ရှစ်မိနစ် လွန်ချိန်မှာ

ဝေဒနာက ကူးဆက်ပြီး ဝိပဿနာဉာဏ် စတင် ရတယ်။ တစ်နာရီနဲ့ မိနစ်နှစ်ဆယ်ကြာပြီးမှ ဝိပဿနာဉာဏ် ပဌမဆင့် ပြီးစီးတယ်။ သုံးရက်မြောက်မှာ ဒုတိဆင့် ရောက်တယ်။

ဒုတိယအဆင့် ရောက်ပြီးချိန်က စပြီး တရက်မှာ ၄ ကြိမ် ၁၄ နာရီလုံးလုံး တင်ပလ္လင်ခွေ ထိုင်တယ်။ "ဣရိယာပုထ်ကို ပြင်ပေးပါ ယောဂီ၊ ဝိပဿနာဉာဏ် ရပြီးယင် ဣရိယာပုထ်ကို ထိန်းချုပ်ဖို့ မလိုတော့ဘူး၊ ဣရိယာပုထ်ကို ပြောင်းနိုင်တယ်လို့ ပြောထားတယ်၊ သက်တောင့် သက်သာ လျောင်းပြီး တရား မှတ်ခွင့်လဲ ပေးထားပါတယ်၊ တခါတလေ ခေါင်းအုံးနဲ့ ကျကျနန လျောင်းပြီး တရားမှတ်ပါအုံး၊ ထိုင်နိုင်မှ တရားထူးရမယ်လို့ မထင်ပါနဲ့၊ ပြောတော့ "တပည့်တော် ထိုင်နိုင်ပါတယ်၊ ဩောင်းတာ နာတာ ဘာမျှ မဖြစ်ဘူး" လို့ ပြောပြီး နေ့စဉ် ၁၄ နာရီလုံးလုံး ထိုင်တာပဲ။

"ယောဂီ ဘာဖြစ်ဖြစ် ဘာမြင်မြင် မကြောက်ပါနဲ့၊ ဒါဟာ သေတတ်တဲ့အလုပ် မဟုတ်ဘူး၊ ဆင်းရဲ ငြိမ်းပြတ်ဖို့ အလုပ်သာ ဖြစ်တယ်လို့ စိတ်ချယုံကြည်ပြီး အနိစ္စလို့သာ စွဲမှတ်နေပါ" လို့ နည်းပြဆရာက ပြောတော့ "တပည့်တော် သေမှာ မကြောက်ပါဘူး၊ တစ္ဆေလဲ မကြောက်ဘူး"လို့ ခပ်ဆတ်ဆတ် ခပ်ပြတ်ပြတ် ပြောတယ်။

၅ ရက်မြောက်နေ့ (ပြောခဲ့ပြီး ယောဂီ ဝိပဿနာဉာဏ် ဆုံးတဲ့ သင်္ကြန် ဒုတိယအကြတ်နေ့) မွန်းလွဲ နှစ်နာရီလောက်မှာ နည်းပြဆရာ အနားရောက်တော့ "တပည့်တော် ကိုယ်အောက်ပိုင်း မရှိတော့ဘူး၊ အရှင်ဘုရားကို တွေ့ချင်နေတာ ကြာလှပြီ" လို့ ပြောတယ်၊ "ယောဂီ ယောဂီ မကြောက်ပါနဲ့၊ ကျန်နေတဲ့အပိုင်းကို ဆက်ကြည့်၊ အနိစ္စလို့သာ ဆက်ရှု၊ ဆင်းရဲငြိမ်းပြတ်ချိန် နီးကပ်နေပြီ၊ ဆက်ရှု ဆက်ရှု"လို့ တိုက်တွန်းကာမှ "အောင်မလေး ဆရာတော်ဘုရားရယ်၊ အလာနှောင်းလှတယ်နော"လို့ ကျယ်ကျယ်လောင်လောင်ပြောပြီး ခြေပစ် လက်ပစ် ရှေ့ထိုးနောက်ငင်လုပ်ကာ ဟီး ဟီး ဟီး လို့ ငိုတော့တာပဲ။ "ဟာ မငိုပါနဲ့ ယောဂီ၊ ဒါ ငိုစရာမဟုတ်ဘူး၊ သောက အားကြီးလွန်းယင် ဝိပဿနာဉာဏ် ပျောက်သွားမယ်လို့ ပြောထားတယ်မဟုတ်လား၊ ယောဂီ ဒီလို ငိုနေယင် ရထားတဲ့ ဝိပဿနာဉာဏ် ပျောက်သွားမယ်၊ ပျောက်သွား

ပြီးယင် နောက်ထပ် ပြန်ရဖို့ တကယ်မလွယ်ဘူး၊ သေမှာ မကြောက်ပါနဲ့ လို့၊ သေတတ်တဲ့အလုပ် မဟုတ်ဘူးလို့ ပြောထားတယ်မဟုတ်လား၊ သေတတ်တဲ့ အလုပ် ဖြစ်နေယင် ယောဂီသေတာ ကြာလှပြီပေါ့၊ သေတတ်တဲ့အလုပ် မဟုတ်လို့သာ ယောဂီ မသေတာပါ၊ မကြောက်ပါနဲ့” လို့ နည်းပြဆရာက ပြောတော့ “တပည့်တော် သေရမှာ နဲနဲမှ မကြောက်ဘူး၊ ဘာမြင်မြင် အနိစ္စရှုပါလို့ အရှင်ဘုရား ပြောထားတဲ့အတိုင်း နှလုံးအကြည်ခတ်ကို အနိစ္စ ရှုနေယင်းနဲ့ တပည့်တော် ကိုယ်အောက်ပိုင်း မရှိတော့ ဘာဖြစ်မှန်းမသိလို့ အရှင်ဘုရားကို မျှော်နေတာ ကြာလှပြီ၊ သေမှာ မကြောက်ပါဘူး၊ အနိစ္စရှုနေယင်း တပည့်တော်ကိုယ်ဟာ နဲနဲ ပျောက်ပျောက်ပြီး တိုတို တိုတိုလာတယ်၊ တပည့်တော် မျှော်တုန်းက အရှင်ဘုရား မကြွလာ၊ အခုမှ ကြွလာလို့ ဝမ်းနည်းပြီး ငိုတာပါ” လို့ ပြန်ပြောတယ်။ “ဘာဖြစ်ဖြစ် ဘာမြင်မြင် အနိစ္စရှုပါ၊ မကြောက်ပါနဲ့လို့ ဒီက ပြောထားပါတယ်၊ ဘာမြင်မြင် အနိစ္စရှုပါဆိုတာ အမှတ်မြဲပြီး ဘာဖြစ်ဖြစ် အနိစ္စ ရှုပါဆိုတာတော့ သတိမမြဲပဲကိုး၊ တံခါးဝ ရောက်ပြီးမှ တခေါက်ပြန်ခဲ့ရသပေါ့၊ ဆင်းရဲပြက်ဖို့ နီးကပ်နေပြီ၊ ကဲ ဆက်ကြိုးစား လိုက်ပါအုံး” လို့ ပြောရတယ်။ ဒီယောဂီ ဒကာဟာ အသက် (၅၂) နှစ်ရှိပြီ၊ “သေမှာ မကြောက်ပါနဲ့ ယောဂီ” လို့ ပြောတိုင်းမှာ “သေမှာ နဲနဲမှ မကြောက်ပါဘူး” လို့ ခပ်ဆတ်ဆတ် ခပ်ပြတ်ပြတ် အမြဲပဲ ပြန်ပြောတယ်၊ ဒီယောဂီဟာ တကယ့်အချက် ရောက်နေချိန်မှာ ဆရာကို တောင့်တနေတာကြောင့် လာဘ်ကောင်းကြီးရဖို့ နီးစပ်နေပြီးမှ ဆုံးရှုံးသွားရတာပဲ။

## အရမ်းကောင်းတာပဲ

အချိန်ပြည့် ယောဂီတဦးဟာ ဒီနှစ် သင်္ကြန်အကြိုနေ့မှာ တရားကျင့်ခွင် စတင်ဝင်ပြီး ၃၅ မိနစ်မှာ ခြေထောက်ကျင်တဲ့ ဝေဒနာက ကူးဆက်ပြီး ဝိပဿနာဉာဏ် ရတယ်၊ ၄၅ မိနစ်သာသာ လွန်ပြီးမှ ဝိပဿနာဉာဏ် ပထမဆင့် ပြီးစီးတယ်။

ဒုတိယနေ့ မနက်ပိုင်းမှာ ဒုတိယဆင့်၊ မွန်းလွဲပိုင်းမှာ တတိယဆင့်ကို ရတယ်။ ၅-ရက်မြောက် (နှစ်ဆန်းတရက်) နေ့ မွန်းလွဲပိုင်းမှာ

"ခေါင်းတွေ အရမ်းလေးတယ်၊ ပါးစပ်လဲ ဖွင့်မရချင်ဘူး၊ လေဖြတ် မလား မသိ" လို့ ပြောတယ်၊ "ဒါ လေဖြတ်ဖို့ ဖြစ်တာမဟုတ်ဘူး၊ ပါရမီအရှိန် တက်လှာတာ၊ မထိုင်ချင်ယင် ခေါင်းအုံးနဲ့ ကျကျနန လှဲအိပ်ပြီး အသံကို အနိစ္စ လို့ ဆက်မှတ်နေပါ" လို့ နည်းပြဆရာက ပြောတော့ "လေဖြတ်နိုင်တယ်၊ မဝလွန်းစေနဲ့လို့ ဆရာဝန်က ပြော ထားတယ်၊ တရား မမှတ်ချင်တော့ဘူး၊ နားချင်လာပြီ၊ စိတ်တွေလဲ မတည်တော့ဘူး၊ နားလိုက်ယင် ကောင်းမယ်" လို့ ပြောတယ်။

"စကား မများနဲ့၊ ကဲ အိပ်ရာပေါ်မှာ ပက်လက်လှန်အိပ်ပြီး အသံ အနိစ္စ လို့သာ ဆက်မှတ်၊ ယောဂီထက် ဆရာက အတွေ့အကြုံ များတယ်၊ ဘာဖြစ်တယ်လို့ ယောဂီ မသိဘူး၊ ဆရာက အများကြီး သိတယ်၊ ဒါ သေတတ်တဲ့အလုပ် မဟုတ်ဘူး၊ ယောဂီ တရားမှတ်နေယင်း သေသွားယင် နိုင်ငံတော်အစိုးရက တို့ကို ဒီအတိုင်း ကြည့်နေမလား၊ လူသတ်မှုနဲ့ ကြိုးမိန့်ပေးမှာပေါ့၊ ပါရမီအရှိန် တက်လာမှန်း မသိ ဘာမှန်းမသိပဲနဲ့၊ ဒီအချိန်မှာ စကားများများ မပြောရဘူး၊ ကဲ အိပ် ရာပေါ်မှာ ပက်လက်လှန်အိပ်၊ တရားမှတ်မြဲအတိုင်း ဆက်မှတ်၊ ဘာဖြစ် ဖြစ် မကြောက်နဲ့၊ လက်လှုပ်၊ ခြေလှုပ် မလုပ်နဲ့၊ နောက်တော့မှ ယောဂီ အာင်မကန် ဝမ်းသာမှာပါ" လို့ ပြောရတယ်။ ယောဂီလဲ ပြောတဲ့အတိုင်း လျောင်းပြီး တရားဆက်မှတ်တယ်။

မိနစ် နှစ်ဆယ် လွန်ပြီးတဲ့နောက် တခေါက် ထပ်ရောက်သွား တော့ ခေါ်လို့မရတော့ဘူး။ ဒီယောဂီဟာ နောက်ထပ် နှစ်နာရီ သာသာ ကြာပြီးမှ သိစိတ် ပြန်ဝင်လာတယ်။

"ဘာဖြစ်သွားသလဲ ယောဂီ" လို့ မေးတော့ "အောင်မလေး၊ နေရတာ အရမ်းကောင်းတာပဲ၊ ဒီလို ကောင်းတာ အရင်က တခါမှ မတွေ့ဖူးဘူး၊ ဒီဘက်မှာ မနေချင် တော့ဘူး၊ ဟိုဘက်မှာပဲ နေချင် တယ်" လို့ ဖြေတယ်။

"ဟိုဘက်တို့ ဒီဘက်တို့ဆိုတာ ဘာကို ပြောတာလဲ ယောဂီ" လို့ မေးတော့ "မပြောတတ်တော့ဘူး ဘုရား၊ သိသလောက်တော့ ဟိုဘက် မှာ နေရတာ သိပ် အေးချမ်းတယ်၊ အရမ်းကောင်းတာပဲ၊ ဒီဘက် ပြန်ရောက်တော့ တမျိုးကြီးပဲ၊ မနေချင်တော့ဘူး" လို့ ပြောတယ်။

"ကိုယ်နေချင်းတိုင်း နေလို့ မရဘူး ယောဂီ၊ ကိုယ်နေချင်တိုင်း နေလို့ရယင် အနုတ္တမဟုတ်တော့ဘူး၊ အတ္တ ဖြစ်နေမှာပေါ့။ ကိုင်း ဟိုဘက်ပြန်ရောက်အောင် နည်းလမ်းပေးလိုက်မယ်၊ လက်အုပ်ချီ၊ အာရုံပြု၊ လိုက်ဆို" လို့ ပြောပြီး ဓမ္မအဓိဋ္ဌာန် ဝင်နည်းနဲ့ အမျိုးမျိုး အကြိမ်ကြိမ် စမ်းသပ်ကြည့်တာ ချွတ်ယွင်းချက် မရှိဘူး။

"ဓမ္မအဓိဋ္ဌာန်ဝင်လို့ ရပြီလို့သာ မှတ်ထားပါ၊ ညဥ့် အိပ်ခါနီးယင် ဓမ္မအဓိဋ္ဌာန် ဝင်ပြီး အိပ်ပါ၊ အေးအေးချမ်းချမ်း အိပ်ရမယ်" လို့သာ ပြောလိုက်ပါတယ်။

ကျေးဇူးတော်ရှင် ညောင်လွန့် တောရ ဆရာတော်ဘုရားကြီးနှင့် တပည့် ယောဂီ မထေရ်ကြီးများ၏ ကိုယ်တွေ့ လုပ်ငန်းဖြစ်သော "ညောင်လွန့် တောရ တရားအားထုတ်စဉ်" စာအုပ်နှင့် ကျင့်စဉ်နည်းမှန်က တဆင့်ဆက်နွယ်လာတဲ့ ဤ "ညောင်လွန့် တောရ ဝိပဿနာကျင့်စဉ် (ခေါ်) ဘုမ်ကျဉ်း ဝိပဿနာနည်း" စာအုပ်ကို ဖတ်ရှုပြီး တရားကျင့်မည့် ယောဂီတွေဟာ ကျင့်စဉ်နည်းကို ပြည့်ပြည့်စုံစုံ လေ့လာသိ မှတ်ကြပြီးမှ ဒီစာအုပ်မှာ လိုရင်းချုပ်မျှ ဖော်ပြထားတဲ့ ယောဂီတွေရဲ့ အကြောင်းအရာ (ဇာတ်ထုပ်) တွေကို သင်ခန်းစာ ယူကြကာ ဝိပဿနာဉာဏ် ၄ ကြိမ် ဆုံးတဲ့အထိ ကျင့်ကြပါ။ ။